http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

ပဋ္ဌာန်သမ္ပဏ္ဍိတ် တရားတော်ကြီး

ဒုတိယတွဲ

သာသနာ-၂၅၃၉ ကောဇာ-၁၃၅၆ ခရစ်-၁၉၉၅

(ဆဋ္ဌမအကြိမ်)

[ဗိုလ်ကုတ်ဝန်] ။ ကျောက်ကမ္ဘာ ဦးကျော်ဆောင် ။ ။ ကျေးဇယ်ပုံနှိပ်တိုက် ၅၂ ယာဉ်းခံ့ခန်းလမ်း

http://www.dhammadownload.com

ဆောင်ပုဒ်လင်္ကာများ

အမှန် မသွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး၊ ရည်မျှော်ကိုးလျက်၊ သုံးမျိုးမှုကံ၊ ပြုစီမံ၍ ဝိညာဏ် တွယ်စပ်၊ နာမ် ရုပ် ကပ်လျက်၊ ခြောက်ရပ် အာယတန၊ ဖဿခြောက်ဖြာ၊ ဝေဒနာ ကြောင့်၊ တဏှာ ၆-တန်၊ ဥပါဒါန်နှင့်၊ ဖြစ်ရန် အကြောင်း၊ ကံဆင့်လောင်း၍၊ ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ၊ အိုကာသေရေး၊ ပူအဆွေးနှင့်၊ ဝိုကြွေး ကိုယ်နွမ်း၊ စိတ်မချမ်းမြ၊ ပူပန်ရသည်။ ။ လုံးဝ ဆင်းရဲစုသာတည်း။

မူလနှစ်ဖြာ၊ ဒွေးသစ္စာမှ၊ အလွာလေးထပ်၊ ဝင့်သုံးရပ်နှင့်၊ အစပ်သုံးဖြာ၊ အဂ်ါဆယ့်နှစ်ဝ၊ ကာလသုံးသွယ်၊ နှစ်ဆယ်ခြင်းရာ၊ ဤရှစ်ဖြာဝယ်၊ အဂ်ါငါးတန်၊ ပစ္စပ္ပန်တရား၊ အကျိုးများကို၊ ထင်ရှားမိမိ၊ ရှုသိသူမှာ၊ ဝေဒနာကြောင့်၊ တဏှာဝင့်မြစ်၊ မဖြစ်လာဘဲ၊ စက်ပြတ်စဲသည်။ ။ ဆင်းရဲချုပ်ငြိမ်းလေသတည်း။

ဦးပဉ္စင်တို့ [ကြီးမားကောင်းမွန်ကျေးဇူး] ကြီးပါပေ ဗုဒ္ဓဘာသာပရိယတ္တိဆရာတော် ဒွါဒသမဟာ ဂုဏ်ယှဉ်ကျေးဇူးပြုပါ

http://www.dhammadownload.com

ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ဘုရားကြီး
သြဝါဒဆောင်ပုဒ်များ

- ပေါ်တိုင်းမပြတ်၊ ရှုမှတ်နေလျှင်၊
  ရုပ် နာမ် နှစ်မျိုး၊ ကြောင်းကျိုးသိမြင်၊
  မမြဲဆင်းရဲ၊ ဥာဏ်ထဲပေါ်လွင်၊
  အနတ္တ သိရ နိဗ္ဗာန်ဝင်။

- ကိစ္စမများ၊ စကားနည်းစေ၊
  အိပ်နေမှုနည်း၊ ကိုယ်တည်းပျော်လေ၊
  ဆုံးမလွယ်ကြောင်း၊ မိတ်ကောင်းရှိစေ၊
  တရားရေး အားပေးဂုဏ်ခြောက်ထွေ။

- ဒါန, သီလ, ဘာဝနာ
  ကိုယ်ပိုင်ဥစ္စာပါ
  တစ်နေ့, တစ်ရက်, ကိုယ့်အတွက်
  မပျက်ကြိုးစားပါ။

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

ပဋိဋ္ဌသမ္ပယုတ် တရားတော်ကြီး

ဒုတိယတွဲ

သာသနာ-၂၅၃၉ ကောဇာ-၁၃၅၆ ခရစ်-၁၉၉၅

(ဆဋ္ဌမအကြိမ်)

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး (ဒုတိယတွဲ)
ပုံနှိပ်မှတ်တမ်း

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ်-၃၂/၉၅ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် -၂၇/၉၅ (၁၀)
(ဆင္ဘမအကြိမ်)
အုပ်ရေ - ၂၀၀၀
၁၉၉၅-ခုနှစ်၊ နိုဝင်ဘာလ
အဖုံးရိုက် - အကျိုးဆောင်ပုံနှိပ်တိုက်
စာစီ/ဒီဇိုင်း - ရွှေစင်ရော်ကွန်ပျူတာ
အမှတ် ၈၂၇၊ မဟာဗန္ဓုလလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
စာအုပ်တန်ဖိုး - ၈၀ ကျပ်
ထုတ်ဝေသူ - ဦးလှကြိုင် (မြ-၀၂၄၈)
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ
အမှတ်-၁၆၊ သာသနာ့ရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ပုံနှိပ်သူ - ဦးသန်းအောင် (မြ-၀၂၀၇၁)
အကျိုးဆောင် ပုံနှိပ်တိုက်
အမှတ်-၉-ကြားတောရလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

http://www.dhammadownload.com

အဂ္ဂမဟာပဏ္ဍိတ၊ ဆဒ္ဒသဂီတိပ္ပဋ္ဌက၊ နိုင်ငံတော်ဩဝါဒစရိယ

ကဏ္ဍာ သာသနာ ၁၂

ကျေးဇူးတော်ရှင် - မဟာစည်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
ဆဋ္ဌမပိုင်း		၁၇-မှ-၇၇
(ဆဋ္ဌမပိုင်း)တရားအနုသန္ဓေ	...	၁၇
အဝိဇ္ဇာကြောင့်သခ်ါရဖြစ်ပုံ	...	၁၈
သခ်ါရကြောင့်ဝိညာဏ်ဖြစ်ပုံ	...	၁၉
ကုသိုလ်ကံအကုသိုလ်ကံ၏အကျိုးတွေ	...	၂၀
ဝိညာဏ်ကြောင့်နာမ်ရုပ်ဖြစ်သည်	...	၂၁
အာယတနကြောင့်ဖဿဖြစ်သည်	...	၂၆
ခေတ်ပေါ်ဝတ္ထုအာရုံတွေကိုတွေ့နေတာမျိုးပါပဲ	...	၂၇
အာရုံကိုတွေ့တော့ ခံစားမှုဖြစ်သည်	...	၂၈
ဝေဒနာပစ္စယာ တဏှာ	...	၃၃
နတ်တွေဟာ ပြိတ္တာနဲ့တူတယ်	...	၃၄
တဏှာ ၆-ပါး	...	၃၆
သဟောအာရုံကို တောင့်တပုံ	...	၃၇
တဏှာ ၆-ပါးမှ ၁၀၈-ပါး	...	၃၈
ဝေဒနာကြောင့် တဏှာဖြစ်ပုံ	...	၃၉
တဏှာဖြစ်လျှင် သံသရာစက်လည်သွားသည်	...	၄၃
တဏှာမဖြစ်လျှင် သံသရာစက်ပြတ်သည်	...	၄၄
အောက်မဂ်များဖြင့်လဲဇြိမ်းတနဲ့သမ္ဘဇြိမ်းတယ်	...	၄၈

http://www.dhammadownload.com

အကြောင်းအရာ		စာမျက်နှာ
ဝိပဿနာဖြင့်လဲ တဒင်္ဂတော့ငြိမ်းပါတယ်	...	၄၈
ငြိမ်းဖူးတဲ့သာဓက မဟာတိဿမထေရ်ဝတ္ထု	...	၅၀
ကြက်တူရွေးတောင် ထင်နိုင်ပါသေးတယ်	...	၅၂
ကြက်တူရွေးဝတ္ထု	...	၅၃
မဟာတိဿမထေရ်ဝတ္ထုအဆက်	...	၅၅
ရှုတိုင်းရှုတိုင်းကိလေသာ,ကံ,ဝိပါက်ငြိမ်းတယ်	...	၅၇
ပစ္စုပ္ပန်အကျိုးကိုမှီပြီး အကြောင်းတရား ဖြစ်ပေါ်လာပုံ	...	၅၇
ချုပ်စပ်သော့ချက်က ဖြတ်တဲ့နည်း	...	၆၁
ဥဒေါင်းမင်းဝတ္ထု	...	၆၇
စောင်းသံကြောင့် သေရတဲ့အမျိုးသမီး	...	၆၈
ကြားရမှုမမြဲတာကတော့အလွန်ထင်ရှားပါတယ်	...	၆၉
စားသီမှုက အရေးကြီးတယ်	...	၆၉
ထိတာနဲ့သိတာကတော့ အများဆုံးမှတ်ရတာပဲ	...	၇၁
ရှုပုံရှုနည်းကိုပြရခြင်းအကြောင်း	...	၇၃
ဝေဒနာကြောင့် တဏှာ ၃-ပါးဖြစ်ပေါ်ပုံ	...	၇၄
သတ္တမပိုင်း		**၇၉-မှ-၁၄၇**
တဏှာပစ္စယာဥပါဒါနံ	...	၇၉
ဥပါဒါန် ၄-ပါး	...	၈၀
(၁)ကာမုပါဒါန်	...	၈၀
ရူပါရုံ ကာမဂုဏ်	...	၈၁

http://www.dhammadownload.com

အကြောင်းအရာ		စာမျက်နှာ
သဒ္ဒါရုံ ကာမဂုဏ်	...	၈၃
ဂန္ဓာရုံ ကာမဂုဏ်	...	၈၄
ရသာရုံ ကာမဂုဏ်	...	၈၅
ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ်	...	၈၆
အခြေခံ ကာမဂုဏ်	...	၈၇
တဏှာမှ ကာမုပါဒါန်ဖြစ်လာပုံ	...	၈၈
(၂) ဒိဋ္ဌုပါဒါန်	...	၉၀
ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိဖြစ်ပုံ	...	၉၁
မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိ	...	၉၈
ဒသဝတ္ထုက သမ္မာဒိဋ္ဌိဖြစ်ပုံ	...	၉၉
ဒါနဏ် တမလွန်အကျိုးလဲထင်ရှားသည်	...	၁၀၁
ကောင်းမှုမကောင်းမှုဏ် အကျိုး	...	၁၀၂
မိဘကျေးဇူး	...	၁၀၄
တစ်ပါးသော လောကကိုတွေ့မြင်နိုင်တဲ့နည်း	...	၁၀၅
မုချ ကိန်းသေဆင်ခြင်ပုံ	...	၁၀၇
ပါရမီဆိုတာ ပညာသင်ရတာမျိုးပဲ	...	၁၀၉
ဘုရားအလောင်းလို စွန့်ရဲ့ပါ့မလား	...	၁၁၁
ဒိဋ္ဌုပါဒါန်၌ အတိုချုပ်မှတ်ရန်	...	၁၁၃
(၃) သီလဗ္ဗတုပါဒါန်	...	၁၁၅
နှားလိုကျင့်ခြင်း	...	၁၁၅
ခွေးလိုကျင့်ခြင်း	...	၁၁၆
သတ္တဝါတို့ဏ် အလိုအကြိုက်ကသိပ်ဆန်းကြယ်တာပဲ	...	၁၁၆
ကောရခတ္တိယ်ဝတ္ထု	...	၁၁၈
ယုတ်ညံ့သူကယုတ်ညံ့တဲ့အကျင့်နည်းလမ်းကိုကြိုက်သည့်		၁၁၉

http://www.dhammadownload.com

အကြောင်းအရာ		စာမျက်နှာ
အနာဂတ်ဟောမိန့်ခွန်းတော်	...	၁၂၁
သီလဗွတခေါ်တဲ့အလေ့အကျင့်အမျိုးမျိုး	...	၁၂၈
သီလဗွတုပါဒါန်၌ အတိုချုပ်မှတ်ရန်	...	၁၃၀
သောတာပန်မှာ သီလဗွတုပါဒါန်ကင်းပုံ	...	၁၃၁
ပုထုဇဉ်မှာ ဆရာများသည်	...	၁၃၃
လမ်းဆုံးထင်လျှင်စျာန်လဲသီလဗွတမည်တာပဲ	...	၁၃၄
ဥဒကရသေ့၏ စွဲလမ်းပုံ	...	၁၃၅
(၄) အတ္တဝါဒုပါဒါန်	...	၁၃၇
အတ္တစွဲ အမျိုးမျိုး	...	၁၃၈
သာမိ အတ္တစွဲ	...	၁၄၁
နိဝါသီ အတ္တစွဲ	...	၁၄၂
ကာရက အတ္တစွဲ	...	၁၄၃
ဝေဒက အတ္တစွဲ	...	၁၄၃
ခန္ဓာငါးပါးမဟုတ်ဟု ငြင်းပေမယ့်	...	၁၄၃
အတ္တဝါဒုပါဒါန်၌ အတိုချုပ်မှတ်ရန်	...	၁၄၄
တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ	...	၁၄၅
အဌမဝိုင်း		**၁၄၈–မ–၂၁၈**
ဥပါဒါနပစ္စယာ ဘဝေါ	...	၁၄၈
(၁) ကမ္မဘဝ	...	၁၄၈
(၂) ဥပပတ္တိဘဝ ၉–ပါး	...	၁၅၀
မေဏ္ဍကသူဌေးကြီးဝတ္ထု	...	၁၅၂
ဆုတောင်းပြည့်ပုံ	...	၁၅၆
ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်ပုံ	...	၁၅၈

http://www.dhammadownload.com

အကြောင်းအရာ		စာမျက်နှာ
ပုပ္ပရတ္တဇာတ်	...	၁၅၉
ကမ္မဘာဝဖြစ်ပုံအဆက်	...	၁၆၁
ကောင်းမှုကလဲ အမှားအမှန် ၂-မျိုးရှိတယ်	...	၁၆၂
ကောင်းမှုကံမှားတွေ	...	၁၆၂
မှန်ကန်သောတရားကြားရလျှင် ကောင်းမှု ဖြစ်တယ်	...	၁၆၆
ကောင်းမှုမှန်စိစစ်ချက်	...	၁၆၇
ကုသိုလ်ကမ္မဘာဝဖြစ်ပုံ	...	၁၆၈
ကမ္မဘာဝကြောင့် ဇာတိပေါ်ပုံ	...	၁၆၉
ကံ ၄-ပါး	...	၁၇၁
အဇာတသတ်မင်းဝတ္ထု	...	၁၇၂
ကြွင်းသော ကံကြီး ၃-ပါး	...	၁၈၅
အာစိဏ္ဏကံခေါ် ဗဟုလကံ	...	၁၈၆
အာသန္နကံ	...	၁၈၇
သုတရှင်တို့စဉ်းစားဖွယ်	...	၁၈၉
ကဋ္ဌတ္ထာကံ	...	၁၉၀
ဇာတိပေါ်လာပုံ	...	၁၉၀
ဇာတိကြောင့် ဇရာမရဏာ စသည်ပေါ်လာပုံ	...	၁၉၃
လူ့ဘဝမှာဖြစ်မိရင်အိုနာသေကိုရှောင်လို့မရ	...	၁၉၄
အို,နာ,သေဘေး ရှောင်ပြေးလို့ မလွတ်	...	၁၉၅
စိုးရိမ်ပူဆွေးခြင်း	...	၁၉၈
ငိုကြွေးရခြင်း	...	၂၀၁
ကိုယ်ဆင်းရဲအမျိုးမျိုး	...	၂၀၁
စိတ်ဆင်းရဲအမျိုးမျိုး	...	၂၀၂

http://www.dhammadownload.com

အကြောင်းအရာ		စာမျက်နှာ
ဆူး ၂-ချောင်း စူးတာနဲ့တူတယ်	...	၂၀၃
စိတ်ဆင်းရဲ၏အကြောင်းများ	...	၂၀၄
စိတ်နှလုံးပြင်းစွာပူပန်ခြင်း	...	၂၀၅
အားလုံးဆင်းရဲချည်းပဲ	...	၂၀၅
နတ်ဘဝ၌ ဇာတိ ဇရာ မရဏ စသည်ဖြစ်ပုံ	...	၂၀၈
သုဗြဟ္မာနတ်သားဝတ္ထု	...	၂၁၀
ကာမုပါဒါန်ကြောင့် ရူပ,အရူပ,ကမ္မဘဝ စသည်ဖြစ်ပုံ	...	၂၁၃
အားကြီးတဲ့တဏှာဟူသမျှကို ကာမုပါဒါန် ခေါ်သည်	...	၂၁၅
ဇရာမရဏကတော့ဘယ်မှာပဲဖြစ်ဖြစ်ရှိနေတာပဲ	...	၂၁၇
နဝမဝိုင်း		**၂၁၉-မှ-၂၆၆**
ဒိဋ္ဌိပါဒါန်ကြောင့် ဘဝဖြစ်ပုံ	...	၂၁၉
နန္ဒကပေတဝတ္ထု	...	၂၂၀
သဿတဒိဋ္ဌိပါဒါန်ကြောင့် ကမ္မဘဝဖြစ်ပုံ	...	၂၂၄
ဒိဋ္ဌမင်္ဂလာအစွဲစသည်ကြောင့်လဲကမ္မဘဝဖြစ်သည်	...	၂၂၅
စိတ္တသမ္ဘူတဇာတ်အကျဉ်း	...	၂၂၅
ကောကမုဆိုးဝတ္ထု	...	၂၃၀
ဒိဋ္ဌမင်္ဂလာအစွဲစသည်ကြောင့်ကသိုလ်ကံလဲ ဖြစ်နိုင်ပါတယ်	...	၂၃၂
ကောသလမင်း၏ ယဇ်အစီအရင်	...	၂၃၃
ဒု-သ-နု-သော ၏ အဓိပ္ပာယ်	...	၂၃၆

http://www.dhammadownload.com

အကြောင်းအရာ		စာမျက်နှာ
ဘာသာအယူအစွဲကြောင့်လဲကမ္မဘာဝဖြစ်နိုင်တယ်	...	၂၃၉
ဝါဒစွဲကြောင့်လဲ ကမ္မဘာဝ ဖြစ်နိုင်တယ်	...	၂၃၉
သီလမဟုတ်ပါဒါန်ကြောင့် ဘဝဖြစ်ပုံ	...	၂၄၀
အတ္တဝါဒုပါဒါန်ကြောင့် ဘဝဖြစ်ပုံ	...	၂၄၄
ကောသလအမေးနှင့် မလ္လိကာအဖြေ	...	၂၄၅
ကိုယ့်ကိုယ်ဟာ အချစ်ဆုံး	...	၂၄၇
လောကဝေါဟာရ အတ္တကို ရည်ရွယ်ပါတယ်	...	၂၄၉
အမိသော်မှ သားတော်ခဲ	...	၂၅၀
အတ္တစွဲကြောင့် ကံဖြစ်ပုံ	...	၂၅၁
အရိယာမှာ ကာမုပါဒါန်သာရှိတယ်	...	၂၅၃
ဥဂ္ဂါသူကြွယ်ဝတ္ထု	...	၂၅၄
ဝိပဿနာကုသိုလ်ကံကဘယ်ဥပါဒါန်ကြောင့် ဖြစ်သလဲ	...	၂၆၀
ဝိပဿနာကံကြောင့်ဘဝသစ်ဖြစ်ပါသေးသလား	...	၂၆၁
ဝိပဿနာက ဘဝမှ လွတ်မြောက်စေပုံ	...	၂၆၂
ဝိပဿနာမရှိနိုင်လျှင် သံသရာစက်လည်သည်	...	၂၆၄
ဒသမပိုင်း		**၂၆၇-မှ-၃၂၃**
အဂ်ါ ၁၂-ပါး	...	၂၆၇
မူလ ၂-ပါးနဲ့ ဘဝစက် ၂-ပါး	...	၂၆၈
ကာလ ၃-ပါး	...	၂၆၉
အတိတ်အကြောင်း ၈ါးပါး	...	၂၆၉
သခ်ါရနှင့် ကမ္မဘဝခွဲပုံ	...	၂၇၀

http://www.dhammadownload.com

အကြောင်းအရာ		စာမျက်နှာ
အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးဖြစ်ပုံ	...	၂၇၂
ပစ္စုပ္ပန်အကျိုးငါးပါး	...	၂၇၃
ခေါင်းစဉ် အမည်လောက် ရထားတဲ့သူက		
အထင်သေးတတ်တယ်	...	၂၇၆
အကျဉ်းချုပ် သုတမယဉာဏ်	...	၂၇၆
ပစ္စုပ္ပန်အကြောင်းငါးပါး ဖြစ်ပေါ်လာပုံ	...	၂၈၁
ပစ္စုပ္ပန်အကြောင်းကို ပယ်ပုံ	...	၂၈၄
ရဟန္တာ၏အမြင်	...	၂၈၇
သေရတာလဲ အလိုမရှိ၊ နေရတာလဲအလိုမရှိ	...	၂၈၈
ပုဂ္ဂိုလ်သေပျက်တာမဟုတ်၊ ဆင်းရဲဒြိမ်းတာ	...	၂၉၁
ပရိနိဗ္ဗာန်ကို သဘောမပေါက်လျှင်		
ဥစ္ဆေဒဒိဋ္ဌိဖြစ်တတ်သည်	...	၂၉၃
ယမကရဟန်းဝတ္ထု	...	၂၉၃
ဆင်းရဲဒြိမ်းပုံအကျဉ်းချုပ်	...	၂၉၇
ဝဇိရာထေရီဝတ္ထု	...	၂၉၈
ပရမတ္ထအားဖြင့် နာမ်ရုပ်		
အကြောင်းအကျိုးမျှသာရှိသည်	...	၃၀၀
အလွှာ ၄-ခု	...	၃၀၃
အခြင်းအရာ သရုပ် ၂၀-ရှိတယ်	...	၃၀၃
ဝဋ် ၃-ပါး လည်နေပုံ	...	၃၀၄
သံသရာဝဋ်ဆင်းရဲပြတ်ပုံ	...	၃၀၆
ကမ္မဝဋ်, ဝိပါကဝဋ်မျှဖြင့် ဉာဏ်ဖြစ်ပုံ	...	၃၀၇
နည်းလေးပါး	...	၃၀၉
ကေတွနည်း	...	၃၀၉

http://www.dhammadownload.com

မာတိကာ	၁၁

အကြောင်းအရာ		စာမျက်နှာ
သာတိရဟန်းဝတ္ထု	...	၃၁၁
နာနတ္တနည်း	...	၃၁၅
အဗျာပါရ နည်း	...	၃၁၉
ဇဝံခမ္ဘတာနည်း	...	၃၂၀
ပါရမီဉာဏ်အားလျော်စွာ သိဖို့ကလိုရင်းပဲ	...	၃၂၁
ဘာဝနာမယဉာဏ်က အရေးအကြီးဆုံး	...	၃၂၂

ကောဒသမဝိုင်း		၃၂၅-မှ-၃၉၆

တရားအနုသန္ဓေ	...	၃၂၅
ဝင့်သုံးပါး လည်နေပုံ	...	၃၂၈
အပါယ်ဘုံမှာ လည်ဖို့ကများသည်	...	၃၃၀
အကြောင်းကိလေသဝင့်ကို ဖြတ်ရမယ်	...	၃၃၁
ကိလေသဝင့်ကို ဖြတ်ပုံ	...	၃၃၁
အရဟံဂုဏ်တော်ဖွင့်	...	၃၃၃
(၁) အရဟံဂုဏ်တော်	...	၃၃၄
ပိလိန္ဒဝစ္ဆမထေရ်ဝတ္ထု	...	၃၃၄
မြတ်စွာဘုရားမှာတော့ ဝါသနာလဲကင်းတယ်	...	၃၃၆
(၂) အရဟံဂုဏ်တော်	...	၃၃၉
တစ်ထောင့်ငါးရာကိလေသာ	...	၃၄၁
(၄) အရဟံဂုဏ်တော်	...	၃၄၂
(၅) အရဟံဂုဏ်တော်	...	၃၄၄
(၃) အရဟံဂုဏ်တော်	...	၃၄၆
ထောက်အကန့်တို့ကို ပယ်ဖျက်ပုံ	...	၃၄၈

http://www.dhammadownload.com

အကြောင်းအရာ		စာမျက်နှာ
ဗကဗြဟ္မာဝတ္ထု	...	၃၄၉
အရှုပဘဝနှင့်စပ်၍ အဝိဇ္ဇာ စသည်ဖြစ်ပုံ	...	၃၅၇
ထောက်အကန့်တို့ကို ပယ်ဖျက်ပုံနိဂုံးချုပ်	...	၃၅၉
သမ္မာသမ္မုဒ္ဓဂုဏ်တော်	...	၃၆၁
အင်္ဂါ၁၂-ပါးကို သစ္စာ၄-ပါးဖြင့်ပိုင်းခြားသိပုံ	...	၃၆၅
အရဟံဂုဏ်တော်ဖွင့်မျှား	...	၃၆၉
ဘဝဂ်တိုင်အောင် ကျော်စောပုံ	...	၃၇၁
သမ္မာသမ္မုဒ္ဓဂုဏ်တော်ဖွင့်	...	၃၇၆
သစ္စာ ၄-ပါးအကျဉ်းချုပ်	...	၃၇၆
ဗုဒ္ဓဂုဏ်တော်	...	၃၇၉
ဥယျခံငါးပါး	...	၃၈၁
ဗုဒ္ဓဂုဏ်တော်ဖွင့်	...	၃၈၃
အရဟံဂုဏ်တော်ဖြင့် နိဂုံးချုပ်ခြင်းအကြောင်း	...	၃၈၄
မြန်မာပြန်ဆောင်ပုဒ်	...	၃၈၅
ခေါင်းစဉ် မူလဆောင်ပုဒ်ကြီး	...	၃၈၆
အတိတ်အကြောင်းကြောင့်ပစ္စုပ္ပန်အကျိုးပေါ်ပုံ	...	၃၈၆
ပစ္စုပ္ပန်အကျိုးငါးပါး ပေါ်လာပုံ	...	၃၈၆
ပစ္စုပ္ပန်အကျိုးနှင့်စပ်၍ အကြောင်းအသစ်ပေါ်လာပုံ	...	၃၈၇
အနာဂတ်အကျိုးများပေါ်လာပုံ	...	၃၈၇
နိဂုံးချုပ် အာသီသ ဆုတောင်းပတ္ထနာ	...	၃၈၇
အမှတ် ၁-ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းပုံ	...	၃၈၉
အမှတ် ၂-ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းပုံ	...	၃၉၁
ရှုသိသူမှာ တဏှာမှစ၍ ချုပ်ပုံ ရှင်းပြချက်	...	၃၉၂
အသေးစိတ် ရှင်းပြချက်	...	၃၉၅

http://www.dhammadownload.com

"မဟာစည်ဆရာတော်ဘုရားကြီးဘဝဖြစ်စဉ်အကျဉ်း"

ဆဋ္ဌသံဂီတိပုဋ္ဌက အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်လောင်းလျှာ သားရတနာကို ရွှေဘိုခရိုင်၊ ဆိပ်ခွန်ရွာ၌ အဘ ဦးကံတော်–အမိ ဒေါ်ရွှေအုပ် တို့မှ သက္ကရာဇ် ၁၂၆၆–ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော် (၃)ရက် သောကြာနေ့(၂၉–၇–၁၉၀၄)တွင် ဖွားမြင်သည်။ ငယ်နာမည်မှာ မောင်သွင် ဖြစ်သည်။

အသက် (၁၂)နှစ်အရွယ်တွင် ရှင်သာမဏေဝတ်၍၊ သက်တော် (၂၀)တွင် ရဟန်းပြုသည်။ ပရိယတ္တိစာပေ၊ နေ့ဝါညဝါကျမ်းစာအရပ်ရပ်ကို သင်ယူတော်မူခဲ့ပြီး၊ ၁၃၀၃–ခုနှစ်တွင် "သာသနာ့ဓဇသီရိပဝရဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခံယူရရှိတော်မူသည်။

ငယ်ဆရာများနှင့်တကွ၊ မန္တ လေးမြို့အနောက်ပြင်၊ ခင်မကန် တိုက်၌ ကျောက်စောသော ဆရာတော်များထံ ပရိယတ္တိကျမ်းဂန်များ သင်ယူဆည်း ပူးတော်မူခြင်း၊ သထုံမင်းကွန်း ဓေတဝန်ဆရာတော် ဘုရားကြီးထံပဋိပတ်ကို နည်းခံ ကျင့်ကြံအားထုတ်ခြင်းတို့ဖြင့် ပရိယတ်၊ ပဋိပတ်စွယ်စုံထူးချွန်သည့် ပဂ္ဂိုလ်မြတ်ဖြစ်တော်မူခဲ့လေသည်။

ဆရာတော်သည် သီကွာတော်(၂၅) ဝါရအထိ ဆိပ်ခွန်ရွာ မဟာစည် ကျောင်းနှင့် မော်လမြိုင်တောင်ဝိုင်းကလေးတိုက်ကျောင်းတို့တွင် အခါ အားလျော်စွာ သီတင်းသုံး၍ ပရိယတ္တိ ပဋိပတ္တိ သင်ကြားပို့ချ နည်းနာညွှန်ပြ တော်မူခဲ့သည်။

http://www.dhammadownload.com

၁၃၁၁–ခုနှစ်၊တန်ဆောင်မုန်းလပြည့်ကျော်(၆)ရက်နေ့(၁၀–၁၁–၄၉) တွင် ရန်ကုန်မြို့၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ ပင့်ဆောင်ကိုးကွယ်မှုဖြင့် ရန်ကုန်မြို့၊ သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူကာ၊ ၁၃၁၁–ခုနှစ်၊ နတ်တော်လပြည့်နေ့ (၄–၁၂–၄၉)မှ စ၍ ယောဂီများအား ဝိပဿနာတရား ဟောကြားပြသတော်မူခဲ့သည်။ ရိပ်သာ၏အမည်သည်လည်း မဟာစည် သာသနာ့ရိပ်သာဟု တွင်ခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ၁၃၁၉–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခံယူ ရရှိတော်မူသည်။ ဆဋ္ဌသင်္ဂါယနာ တင်ပွဲတွင် ဆဋ္ဌသီဂီတိပုစ္ဆကတာဝန်ကို ဆောင်ရွက်တော်မူသည်။ ၎င်းပြင် ဆဋ္ဌသင်္ဂါယနာ သြဝါဒစရိယ စသည့် သာသနာ့တာဝန်အရပ်ရပ်ကိုလည်း စွမ်းစွမ်းတမန် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့လေသည်။ ထိုစဉ်က ဆဋ္ဌ သီဂီတိဝိသဇ္ဇကကား၊ တိပိဋကဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသပင် တည်း။

၁၃၀၅–ခုနှစ်တွင် မဟာစည်ဆရာတော် စိရင်ရေးသားတော်မူသော ဝိပဿနာရှုနည်း ကျမ်းကြီးနှစ်တွဲမှာ ကျော်စောထင်ရှားလှပေသည်။

ဆက်လက်ပြုစုသောကျမ်းများနှင့် ဟောတရားများမှ စာအုပ်အဖြစ်သို့ ရောက်ရှိလာသော ကျမ်းစာအုပ်ပေါင်းမှာ (၇၀)ကျော် ရှိပေသည်။

ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိစဉ်မြန်မာနိုင်ငံ အတွင်း မဟာစည်သြဝါဒခံ ရိပ်သာခွဲပေါင်း (၃၀၀)ကျော် တည်ရှိခဲ့ပြီး ကမ္ဘာ အရပ်ရပ်တွင်လည်း သာသနာပြုရိပ်သာခွဲများကို တည်ထောင်ပေးတော်မူ ခဲ့သည်။ ဆရာတော်ဘုရားကြီး ပြသတော်မူသော ဝိပဿနာတရားပွားများ ကျင့်ကြံအားထုတ်ပြီးသူ ရဟန်း၊ ရှင်၊ လူ၊ ယောဂီ ဦးရေ (၇၀၀၀၀၀) ကျော် ရှိခဲ့လေသည်။

http://www.dhammadownload.com

ဆရာတော်ဘုရားကြီးသည် အိန္ဒိယ၊ သီရိလင်္ကာ၊ နီပေါ၊ စင်္ကာပူ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီယား၊ လာအို၊ အင်ဒိုနီးရှား၊ ဂျပန်စသောအရှေ့တိုင်း နိုင်ငံများနှင့် ဥရောပ၊ အင်္ဂလန်၊ အမေရိက၊ စသော အနောက်နိုင်ငံများ၊ အပါအဝင်၊ ကမ္ဘာအရပ်ရပ်မှ ပင့်ဖိတ်လျှောက်ထားချက်များအရ ကြွရောက်တော်မူပြီးလျှင် ထေရဝါဒ ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားရေးကို ဆောင်ရွက်တော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် သက်တော် (၇၈) သီကျွာတော် (၅၈)ဝါ ရရှိရာ၊ ၁၃၄၄-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၀) ရက်နေ့ (၁၄-၈-၁၉၈၂) စနေနေ့တွင် မဟာစည်သာသနာ့ရိပ်သာ စံကျောင်းတော်၌ ဘဝဏာတ်သိမ်း ချုပ်ငြိမ်းတော်မူခဲ့ပါသည်။

http://www.dhammadownload.com

ပဋ္ဌိစ္စသမุပ္ပါဒ် တရားတော်ကြီး

ဒုတိယတွဲ

၁၃၂၄-ခု၊ ဝါဆိုလကွယ်နေ့ ဟောသည်။

ဆဋ္ဌမပိုင်း

[ဤ ဆဋ္ဌမပိုင်းသည် ဒုတိယတွဲ၏ အစပိုင်းဖြစ်သောကြောင့် ဤအပိုင်း၌ နောက်ကြောင်းပြန်၍ ဟောထားသော အနုသန္ဓေ စကားရပ်တို့ကိုလည်း မချုံးဘဲ မူလက ဟောခဲ့ရင်းအတိုင်းပင် ဖော်ပြအံ့၊ အလိုမရှိလျှင် ယင်း အနုသန္ဓေကို ကျော်၍ ဖတ်ပါ။]

(ဆဋ္ဌမပိုင်း) တရားအနုသန္ဓေ

ပဋ္ဌိစ္စသมุပ္ပါဒ် တရားတော်ကြီးကို လွန်ခဲ့တဲ့ ၅-သီတင်းက ဟောခဲ့တာဟာ "ဖဿပစ္စယာ ဝေဒနာ-ဖဿကြောင့် ဝေဒနာ ဖြစ်သည်"ဆိုတဲ့ အပိုဒ်ထိအောင် ပြီးခဲ့ပြီ၊ ယနေ့ ဟောဖို့ရာ ကတော့ "ဝေဒနာပစ္စယာ တဏှာ-ဝေဒနာကြောင့် တဏှာ ဖြစ်သည်" ဆိုတဲ့ အပိုဒ်ကို ဟောဖို့ပါပဲ။ ဆောင်ပုဒ် လက်ဆောရ ဆိုရင်လဲ-

http://www.dhammadownload.com

အမှန်မသွား, အမှားမြင်ကာ, အဝိဇ္ဇာကြောင့်, ချမ်းသာလိမ့်နိုး, ရည်မျှော်ကိုးလျက်, သုံးမျိုးမှုက်, ပြုစီမံ၍, ဝိညာဏ်တွယ်စပ်, နာမ်ရုပ်ကပ်လျက်, ခြောက်ရပ် အာယတန, ဖဿခြောက်ဖြာ, ဝေဒနာကြောင့်-ဆိုတဲ့ အပိုဒ်အထိ ဟောခဲ့ပြီးပါပြီ။

အဝိဇ္ဇာကြောင့် သစ်ရဖြစ်ပုံ

အဲဒီမှာ နောက်ကြောင်းကလေး နည်းနည်းပြန်ပြော လိုက်ကြဦးစို့၊ သစ္စာလေးပါးတရားတွေကို အမှန်အတိုင်းမသိလို့ ပြောင်းပြန်အထင်မှားပြီးသိတာက အဝိဇ္ဇာတဲ့၊ ဘယ်လိုအထင် မှားသလဲဆိုရင် မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိ သိတိုင်း ကြံသိတိုင်း ထင်ရှား တွေ့နေရတာတွေက ဒုက္ခသစ္စာ-ဆင်းရဲ အမှန်တွေချည်းပဲ။ ခဏမစဲ ဖြစ်ပျက်နေလို့ ဘာမျှ အားမကိုးလောက်တဲ့ တရားတွေချည်းပဲ။ ဒါပေမယ့် ခဏမစဲ ပြစ်ပျက်နေတာကို မသိရတဲ့အတွက် အဲဒါတွေကို အမြဲတည် နေတယ်၊ ချမ်းသာ ကောင်းစားတယ်လို့ ထင်နေကြတယ်။ ဒါကြောင့် အဲဒီချမ်းသာတွေကို ရချင်လို့ တစ်နေ့ ထက် တစ်နေ့ ချမ်းသာလိမ့်နိုးနိုး၊ တစ်ဘဝထက် တစ်ဘဝ ချမ်းသာလိမ့် နိုးနိုးနဲ့ ရည်ရွယ်မျှော်ကိုးပြီး စိတ်ကူးစဉ်းစား ကြံစည်နေကြတယ်။ နေ့ရှိသမျှ အချိန်ရှိသမျှ စိတ်ကူး ကြံစည် နေကြတာဟာ ကောင်းစား ချမ်းသာဖို့ချည်းပဲ။ မကောင်းဖို့ ဆင်းရဲဒုက္ခ ရောက်ဖို့ ဆိုတာကိုတော့ ဘယ်သူမျှ မစဉ်းစား မရည်ရွယ်ဘူး၊ ကောင်းဖို့ချည်း စိတ်ကူးစဉ်းစားနေကြတယ်။ အဲဒါဟာ စိတ်ကူး သက်သက်ဆိုရင် စိတ္တသစ်ါရခေါ်တဲ့ မနောက်ပဲ။ ကြံစည်တဲ့ အတိုင်း နှုတ်ကပြောဆိုရင် ဝစီသစ်ါရခေါ်တဲ့ ဝစီက်ပဲ၊ ကိုယ် လက်လှုပ်ရှားပြီး ပြုလုပ်အားထုတ်ရင် ကာယသစ်ါရခေါ်တဲ့ ကာယက်ပဲ။ ဒါကြောင့် "အမှန်မသွား၊

http://www.dhammadownload.com

အမှား မြင်ကာ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး၊ ရည်မျှော်ကိုးလျက်၊ သုံးမျိုးမှက်၊ ပြုစီမံ၍" လို့ ဆိုထားပါတယ်။

တစ်နည်းအားဖြင့် ဒီကံသုံးပါးကို ကုသိုလ်ကံဆိုရင် ပုညာဘိသင်္ခါရခေါ်တယ်၊ အကုသိုလ်ကံဆိုရင် အပုညာဘိသင်္ခါရ ခေါ်တယ်၊ အရှုပကုသိုလ်ကတော့ အာနေဉ္ဇာဘိသင်္ခါရ ခေါ် တယ်၊ ဒီသုံးမျိုးထဲမှာ အာနေဉ္ဇာဘိသင်္ခါရဆိုတာလဲ ကုသိုလ်ပါပဲ။ ဒါကြောင့် အကျဉ်းချုပ် အားဖြင့်ဆိုရင် ကြံစည်သမျှ ပြုလုပ်သမျှ ပြောဆိုသမျှ အမှုတွေဟာ ကုသိုလ်ကံနဲ့ အကုသိုလ် ကံတွေချည်းပါပဲ။

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ

အဲဒီ သင်္ခါရသုံးမျိုးဆိုတဲ့ ကုသိုလ်ကံ အကုသိုလ်ကံ ဖြစ်တော့ ဒီကံကြောင့် ဘဝသစ်ဝိညာဏ်ဖြစ်ရတယ်၊ ဖြစ်ပုံကတော့ သေခါနီး ကာလမှာ မိမိကိုယ်တိုင် ပြုထားတဲ့ အမှုကလေးရင်လဲ ပေါ်လာတယ်၊ အဲဒီအမှု ပြုလုပ်တုန်းက တွေ့ခဲ့ရတဲ့ အခြေအနေ တွေရင်လဲ ပေါ်လာတယ်၊ အဲဒီကံကြောင့် ဖြစ်ရမည့် ဘဝက အခြေအနေ တွေရင်လဲ ပေါ်လာတယ်၊ အဲဒီ သုံးမျိုးထဲက တစ်မျိုးမျိုး ထင်ပေါ် နေတုန်းမှာ ဘဝဟောင်းက စိတ်အစဉ် ပြတ်စဲသွားတယ်။ အဲဒီလို ဘဝဟောင်းက စိတ်အစဉ် ပြတ်ပြီး သေလိုက်တာနဲ့တစ်ပြိုင်နက် သေခါနီးက ထင်ပေါ်ခဲ့တဲ့ အာရုံကို စွဲပြီး ဘဝသစ်မှာ စိတ်အသစ် ဖြစ်ပေါ်လာတယ်၊ အဲဒီ စိတ် အသစ်က ဆက်ပြီး အဲဒီတစ်ဘဝလုံး စိတ်အစဉ်မပြတ် ဖြစ်သွားပြန်တယ်၊ အဲဒါဟာ သင်္ခါရ ပစ္စယာ ဝိညာဏ်–သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံပါပဲ။ အဲဒီ ဝိညာဏ်ဟာ အာရုံအကြောင်းအထူးမရှိရင် သေခါနီးက စွဲခဲ့တဲ့ အာရုံကိုပဲ အာရုံ ပြုပြီး ထပ်ကာ ထပ်ကာ မပြတ်ဖြစ်နေတယ်၊ အဲဒါကို "ဘဝင်–ဘဝင်စိတ်" လို့ခေါ်တယ်။ ဘဝင်ဆိုတာ ဘဝ၏ အစိတ်အပိုင်းလို့

http://www.dhammadownload.com

ဆိုလိုပါတယ်။ အဲဒီ ဘဝင်စိတ်အရှိန်အဟုန် မကုန်သေးလို့ ထပ်ကာ ထပ်ကာ ဖြစ်နေသမျှ ကာလပတ်လုံး အဲဒီဘဝမှာ အသက်ရှင်နေတယ်လို့ ဆိုရတယ်။

အာရုံထူးတွေ ထင်ပေါ်လာတဲ့အခါမှာတော့ အဲဒီ ဘဝင် စိတ်က နိုးလာသလိုပဲ မြင်သိတဲ့စိတ်, ကြားသိတဲ့စိတ် စသည်တွေဖြစ်ပေါ်လာတယ်။ အဲဒီလိုဖြစ်ပုံကို "စက္ခုဒ္ဌ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏ်" စသည်ဖြင့် ဟောထားပါတယ်။ စက္ခုဒ္ဌ ပဋိစ္စ ရူပေ စ၊ မျက်စိနဲ့ အဆင်းကို စွဲမှီ၍။ စက္ခုဝိညာ ဏ်၊ မြင်သိမှု စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ ဖြစ်ပေါ်၏။ မျက်စိ ထဲမှာ အဆင်းရှုပါရုံ ထင်ပေါ်လာတဲ့အခါ မြင်သိမှုကလေး ဖြစ်သွားတယ်။ အဲဒါဟာ စက္ခုဝိညာဏ်ခေါ်တဲ့ စိတ်ပါပဲ၊ သူလဲ သခ်ါရကြောင့်ဖြစ်တဲ့ စိတ်ဝိညာဏ်အရထဲမှာ ပါဝင်ပါတယ်။ သခ်ါရကြောင့် စိတ်ဝိညာဏ် ဖြစ်တယ်ဆိုတာဟာ ပဋိသန္ဓေက စပြီး စုတိတိုင်အောင် တစ်ဘဝလုံးက စိတ်ဝိညာဏ်တွေ အကုန်လုံးကို ဆိုလိုပါတယ်။ ဒါကြောင့် မြင်သိတဲ့ စက္ခုဝိညာဏ် စိတ်ဟာ အဲဒီတစ်ဘဝလုံးက စိတ်တွေထဲမှာ တစ်စိတ်တစ်ပိုင်း အဖြစ်နဲ့ ပါဝင်နေပါတယ်။

ကုသိုလ်ကံ, အကုသိုလ်ကံ၏ အကျိုးတွေ

ဒီမြင်တဲ့စိတ်ဟာ ကောင်းတာကို မြင်တာလဲ ရှိတယ်၊ မကောင်းတာကို မြင်တာလဲရှိတယ်။ ကောင်းတာကို မြင်တာက ကုသလဝိပါက် စက္ခုဝိညာဏ်တဲ့၊ ရှေးဘဝ ရှေးကာလကပြုခဲ့တဲ့ ကုသိုလ်ကြောင့်ဖြစ်တဲ့ မြင်သိစိတ်လို့ ဆိုလိုပါတယ်။ ရှေးက ပြုထားတဲ့ ကုသိုလ်ကံများတဲ့ သူတွေမှာ လှလှပပ တင့်တင့် တယ်တယ် ရှုချင်စဖွယ် အကောင်းတွေကို မြင်တွေ့နေရတာပဲများပါတယ်။ အပေါင်းအဖော်တွေ အိမ်သူ အိမ်သားတွေ အဝတ်အထည်တွေ နေရာထိုင်ခင်းတွေ စသည်ဖြင့်

http://www.dhammadownload.com

အကောင်းတွေကိုချည်း မြင်ရတာများတယ်။ အဲဒါဟာ ကုသိုလ်သစ်ါရကြောင့် ဖြစ်ပေါ်တဲ့ ကောင်းကျိုးဝိပါက်စိတ်ပဲ မကောင်းတာတွေကို မြင်ရတာကတော့ အကုသလဝိပါက် စက္ခုဝိညာဏ်တဲ့၊ ရှေးဘဝ ရှေးကာလကပြုခဲ့တဲ့ အကုသိုလ်ကြောင့် ဖြစ်တဲ့ မြင်သိစိတ်လို့ ဆိုလိုပါတယ်၊ ရှေးကပြုထားတဲ့ အကုသိုလ်ကံ များတဲ့ သူတွေမှာ ရွံ့စရာ မုန်းစရာ ကြောက်စရာကောင်းတဲ့ အမြင်ဆိုး တွေကို မြင်တွေ့နေရတာပဲ များနေတတ်တယ်၊ အပေါင်း အဖော်တွေ အိမ်သူအိမ်သားတွေကလဲ အရုပ်ဆိုးတွေ, အဝတ်အထည် နေရာထိုင်ခင်းတွေကလဲ အဟောင်းအည့ဲ အစုပ် အနုပ်တွေ, ဘေး ပတ်ဝန်းကျင်ကလဲ ကြောက်စရာလန့်စရာတွေ ဒီလို အမြင်ဆိုးတွေ ကိုချည်း မြင်ရတာများနေတတ်တယ်၊ အဲဒါဟာ အကုသိုလ် သစ်ါရ ကြောင့် ဖြစ်ပေါ်တဲ့ မကောင်းကျိုး ဝိပါက် စိတ်ပဲ၊ အဲဒီ အကောင်းအဆိုး မြင်ရတာတွေဟာ ကုသိုလ်ကံ အကုသိုလ်ကံဆိုတဲ့ သစ်ါရကြောင့် ဖြစ်တဲ့ စိတ်ဝိညာဏ်ချည်းပါပဲ။

ထို့အတူ "သောတဋ္ဌ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတ-ဝိညာဏံ" ဆိုတဲ့ ဒေသနာတော်နှင့်အညီ နားနှင့်အသံကို စွဲမှီပြီး ကြားသိမှု သောတဝိညာဏ်စိတ် ဖြစ်ပေါ်တယ်၊ အဲဒါလဲ "သစ်ါရ-ပစ္စယာ ဝိညာဏံ" ဆိုတဲ့ ဒေသနာတော်နှင့်အညီ သစ်ါရကြောင့် ဖြစ်တဲ့ စိတ်ဝိညာဏ်ပဲ၊ ကုသိုလ်ကံ သစ်ါရကြောင့် ကောင်းတဲ့အသံ ချိုချိုသာသာ ပြောတဲ့ စကားလေးတွေကို ကြားရတယ်၊ အကုသိုလ်ကံ သစ်ါရကြောင့် ဆိုးတဲ့အသံ ဆဲဆို ခြင်း ခြိမ်းခြောက်ခြင်း မာန်မဲခြင်း အစရှိတဲ့ အသံဆိုးတွေ မကြားကောင်း မနာသာတွေကို ကြားရတယ်၊ ကံကောင်းတဲ့ သူမှာ ချိုချိုသာသာနဲ့ ပြောမည့် သူတွေကို တွေ့ရတယ်။ ကံမကောင်း အကြောင်းမသင့်တဲ့ သူတွေမှာတော့ ဆဲဆိုငေါက်ငမ်း မယ့်သူတွေ ကြိမ်းမောင်းမယ့်သူတွေကိုသာ တွေ့နေရတတ်တယ်၊

http://www.dhammadownload.com

အဲဒါက လူ့လောကမှာ တွေ့ရပုံပဲ။ တိရစ္ဆာန်လောက, ပြိတ္တာ လောကမှာတော့ ကြောက်စရာ လန့်စရာ အသံတွေ, မကောင်းတဲ့ အသံတွေကို ကြားနေရတာကပဲ များပါတယ်၊ ငရဲ လောကမှာတော့ ကောင်းတဲ့အသံဆိုရင် မကြားရသလောက်ပဲ ရှိနေပါတယ်၊ ဒါကြောင့် အဲဒီငရဲဘုံတွေကို **ဆဖဿာယတနိက ဒုက္ခဌာန** တွေလို့ မြတ်စွာ ဘုရားက ဟောတော်မူခဲ့ပါတယ်။ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း ကြံ့သိတိုင်း ဒွါရ ၆-ပါးက ဖဿ ၆-ပါးဖြစ်တိုင်း ဒုက္ခဝေဒနာ ဆင်းရဲတဲ့ ခံစားမှုဖြစ်ဖို့ရာ အဆိုးတွေကိုချည်း တွေ့ရတဲ့ ဌာနတွေလို့ ဆိုလိုပါတယ်။ အချုပ်အားဖြင့် ပြောရရင် ကောင်းတာကို ကြားရတာက ကုသိုလ်၏ အကျိုးဝိပါက်စိတ်၊ မကောင်းတာကို ကြားရတာက အကုသိုလ်၏ အကျိုးဝိပါက်စိတ်၊ ဒါကြောင့် ကြားသိ ရတာ ဟူသမျှဟာ ကုသိုလ်က် အကုသိုလ်က် သခ်ါရကြောင့် ဖြစ်တဲ့ စိတ်ဝိညာဏ်ချည်းပါပဲ။

ထို့အတူ နံသိမှုဖြစ်ရာမှာလဲ ကောင်းတဲ့အနံ့ကို နံရရင် ကုသိုလ်၏ အကျိုးဝိပါက်စိတ်၊ မကောင်းတဲ့ အနံ့ကို နံရရင် အကုသိုလ်၏ အကျိုးဝိပါက်စိတ်၊ ဒါကြောင့် နံသိရတာ ဟူသမျှလဲ ကုသိုလ်က် အကုသိုလ်က် သခ်ါရကြောင့်ဖြစ်တဲ့ စိတ်ဝိညာဏ် ချည်းပါပဲ။

ထို့အတူ စားသိရာမှာလဲ ကောင်းတာကို စားရရင် ကုသိုလ် ၏ အကျိုးဝိပါက်စိတ်, မကောင်းတာကို စားရရင် အကုသိုလ်၏ အကျိုးဝိပါက်စိတ်ပဲ။ တချို့မှာ ရှေးက်က ညဉ့်တော့ ရောဂါ ဝေဒနာက နှိပ်စက်လို့ အမြဲတမ်းလိုပဲ မကျန်းမမာ ဖြစ်နေတယ်၊ ကောင်းတဲ့ အရသာတွေကို မစားရဖူး။ စားလဲ မစားဝံ့ဘူး။ အစာ အာဟာရအညံ့တွေကိုသာ စားနေရတယ်။ အရသာ ဆိုးတဲ့ ဆေးတွေ ကိုသာ စားနေရတယ်။ အဲဒါဟာ အကုသိုလ်၏ အကျိုးဖြစ်တဲ့ ဇိဝှာ

http://www.dhammadownload.com

ဝိညာဏ် စိတ်တွေ များစွာဖြစ်နေတာပါပဲ၊ ဒါကြောင့် စားသိရတာ ဟူသမျှလဲ ကုသိုလ်က် အကုသိုလ်က် သခ်ါရကြောင့် ဖြစ်တဲ့ စိတ် ဝိညာဏ်ချည်းပါပဲ။

ထို့အတူ ကိုယ်ကတွေ့ထိရာမှာလဲ နူးညံ့ ချောညက်တဲ့ အတွေ့, အလောတော်တဲ့ အနွေးအအေးအတွေ့, နေကောင်းထိုင်သာ ကျန်းမာတဲ့ ကိုယ်တွင်းအတွေ့ အစရှိတဲ့ အတွေ့ကောင်း များနဲ့ တွေ့ထိရတာက ကုသိုလ်၏ အကျိုးဝိပါက်စိတ်ပဲ၊ ရှေးက် ကောင်းတဲ့သူမှာ ကိုယ်အလို ရှိတဲ့ အတွေ့ အာရုံတွေနဲ့ အလို ရှိတိုင်း တွေ့ပြီး ခံစားနေရတယ်။ ကြမ်းတမ်းတဲ့ ဆူးငြောင့် ခလုတ် စသော အတွေ့, အလွန်ပူ အလွန် အေးတဲ့ ဥတုကြမ်း အတွေ့, ရောဂါဆိုး အတွေ့ အစရှိတဲ့ အတွေ့ ဆိုးများနဲ့ တွေ့ထိ ရတာက အကုသိုလ်၏ အကျိုးဝိပါက်စိတ်ပဲ၊ ကံ မကောင်း အကြောင်းမသင့်တဲ့သူတွေမှာ ဒီလို အတွေ့ဆိုးတွေနဲ့ တွေ့ပြီး ဒုက္ခရောက်နေကြရတယ်။ တချို့မှာ ရောဂါဆိုး အတွေတွေနဲ့ တွေ့ထိပြီး အမြဲလိုလိုပဲ အတိဒုက္ခ ရောက်နေကြရတယ်၊ အဲဒါဟာ သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက်ခဲ့ဖူးတဲ့ အကုသိုလ်ရဲ့ အကျိုး ပဲလို့ ယူရပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက–

ဗဟုဟေသေ ဝတ္တနိကာ ဇသော မာဏဝ ပဋိပဒါ ယဒိဒံ
သတ္တာနံ ဝိဟေဌကဇာတိကော ဟောတိ–

လို့ ဟောတော်မူပါတယ်။ (မ ၃ – ၂၄၅)

မာဏဝ၊ သုဘလုလင်၊ ယဒိဒံ ယော အယံ၊ အကြင်သူသည်။ သတ္တာနံ၊ သတ္တဝါတို့ကို။ ဝိဟေဌကဇာတိကော၊ ညှဉ်းဆဲတတ်သော အလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုသူ၏။ ဇသော ပဋိပဒါ၊ ဤညှဉ်းဆဲသောအကျင့်သည်။ ဗဟုဟေသေ ဝတ္တနိကာ၊ အနာများခြင်းကို ဖြစ်စေတတ်သော အကျင့်ပေတည်းတဲ့။

http://www.dhammadownload.com

သူတစ်ပါးကို နှိပ်စက် ညှဉ်းဆဲတာဟာ အနာများခြင်း, မကျန်းမာခြင်း၏ အကြောင်းဖြစ်တယ်တဲ့၊ အဲဒီက ပြောင်းပြန်ပြန်ပြီး သူတစ်ပါးကို ကိုယ်ချင်းစာတရားနဲ့ သနားငဲ့ညှာပြီး မညှဉ်းဆဲတဲ့ အကျင့်ဟာ အနာရောဂါကင်းခြင်း, ကျန်းမာခြင်း၏ အကြောင်းဖြစ်တယ် ဆိုတဲ့ အကြောင်းလဲ မြတ်စွာဘုရားက ဟောတော်မူခဲ့ပါသေးတယ်။ အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ်ကလေး စီထားတယ်။

ညှဉ်းဆဲသူကား၊ အနာများ၊ သနား ကျန်းမာသည် တဲ့။
အဲဒါကို ဆိုကြရမယ်။
ညှဉ်းဆဲသူကား၊ အနာများ၊ သနား ကျန်းမာသည်။ (ဆို)

အဲဒါကတော့ အနာကင်းရှင်း ကျန်းမာချင်ကြလို့ရှိရင် ညှဉ်းဆဲမှုမှ ရှောင်ကြဉ်ကြဖို့ သြဝါဒပေးတဲ့ စကားပါပဲ။ ယခု ဒီနေရာမှာ မှတ်သားဖို့လိုရင်တော့ ကိုယ်တွင်းက အတွေ့ နဲ့ပဲဖြစ်ဖြစ်, ကိုယ်ပက အတွေ့နဲ့ပဲဖြစ်ဖြစ်, ကောင်းတဲ့ အတွေ့နဲ့ပဲဖြစ်ဖြစ်, ဆိုးတဲ့ အတွေ့နဲ့ပဲဖြစ်ဖြစ်, ထိသိမှု ဟူသမျှဟာ ကုသိုလ်က် အကုသိုလ်က် သခ်ါရ ကြောင့်ဖြစ်တဲ့ စိတ်ဝိညာဏ် ချည်းပဲလို့ မှတ်သားထားဖို့ပါပဲ။

စိတ်ကူးစဉ်းစားကြံသိမှု ဖြစ်ရာမှာတော့ မနောဒွါရခေါ်တဲ့ ဘဝင်စိတ်ရယ်, နလုံးသွင်းဆင်ခြင်တဲ့ အဝဇ္ဇန်းစိတ်ရယ်, မှီရာဝတ္ထုရုပ်ရယ်, ထင်ပေါ်လာတဲ့ အာရုံရယ် ဒါတွေကို စွဲမှီပြီး ကြံသိမှုဆိုတဲ့ မနောဝိညာဏ်ဖြစ်တယ်၊ အဲဒါဟာ ဇော (၇) ကြိမ်နဲ့ တဒါရုံ(၂)ကြိမ် ဆိုတဲ့ စိတ်တွေပါပဲ။ အဲဒီစိတ်တွေ ထဲမှာ တဒါရုံဆိုတာကတော့ ကုသိုလ်က် အကုသိုလ်က် သခ်ါရ ကြောင့်ဖြစ်တဲ့ ဝိပါက်ဝိညာဏ် အစစ်ပါပဲ၊ ကောင်းတဲ့အာရုံကို ကြံမိတဲ့အခါ ကုသိုလ်၏ အကျိုးဝိပါက်ဝိညာဏ် ဖြစ်တယ်၊ မကောင်းတဲ့ အာရုံကို ကြံမိတဲ့အခါမှာ အကုသိုလ်၏ အကျိုး ဝိပါက်ဝိညာဏ် ဖြစ်တယ်။ ဒါကြောင့် တဒါရုံ စိတ်တွေဟာ "သခ်ါရပစ္စယာ

http://www.dhammadownload.com

ဝိညာဏ်"ဆိုတဲ့ ဒေသနာတော်နှင့်အညီ သခ်ါရကြောင့်ဖြစ်တဲ့ ဝိညာဏ် အစစ်ပါပဲ။ ဟောဆိုတဲ့ စိတ်ကတော့ မုချအားဖြင့် သခ်ါရ၏ အကျိုး မဟုတ်ပေဘူး။ ဒါပေမယ့် သခ်ါရ၏ အကျိုးဖြစ်တဲ့ ဘဝင်မှ ထပြီး ဖြစ်ပေါ်လာတဲ့အတွက် အဘိဓမ္မာနည်းအရအားဖြင့် အဲဒီ ဟောစိတ်ကိုလဲ သခ်ါရကြောင့် ဖြစ်တဲ့ ဝိညာဏ်လို့ ဆိုလိုရပါတယ်။

အဲ–ယခုပြောခဲ့တာတွေဟာ သခ်ါရကြောင့် (မြင်သိမှုအစ ရှိတဲ့) ဝိညာဏ် ၆–ပါး ဖြစ်ပုံတွေပါပဲ။ အဲဒါကို အယင် သိတင်းတွေကလဲ ပြောခဲ့ပါပြီ။ ယခု ထပ်ပြီး ပြောရတာကတော့ ဒီကနေ့ဟောမည့် တရားအသစ်နဲ့ ဆက်စပ်မိအောင်လို့ ပါပဲ။ အဲဒီ ဝိညာဏ် ၆–ပါးဖြစ်ပုံကို ဆောင်ပုဒ်လက်ီာထဲမှာ "သုံးမျိုး မှက် ပြုစီမံ၍ ဝိညာဏ်တွယ်စပ်"လို့ ဆိုထားပါတယ်။ ပြုမိတဲ့ ကံသုံးမျိုးကြောင့် ဘဝသစ်မှာ ဝိညာဏ် ၆–ပါး ဆက်စပ်ပြီး ဖြစ်သွားတယ်လို့ ဆိုလိုတာပါပဲ။

ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်သည်

အဲဒီလို ဝိညာဏ် ၆–ပါး ဆက်စပ်ပြီးဖြစ်တော့ အဲဒီ စိတ် ဝိညာဏ် ဖြစ်တိုင်း ဖြစ်တိုင်း တွဲဖက်စေတသိက် နာမ်တရားနဲ့ ရုပ်တရားတွေလဲ တစ်ပါတည်း ပူးတွဲပြီး ဖြစ်ကြတယ်။ အဲဒါကို ဆောင်ပုဒ်ထဲမှာ "ဝိညာဏ်တွယ်စပ် နာမ်ရုပ်ကပ်လျက်"လို့ ဆိုထားပါတယ်။ အဲဒါဟာ"ဝိညာဏပစ္စယာ နာမရူပံ–ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ပေါ်တယ်"ဆိုတာကို ဖော်ပြတာပါပဲ။ စိတ်ဝိညာဏ်ဖြစ်ရင် နာမ်ရုပ်တွင် မကသေးဘူး၊ သဠာယတန ခေါ်တဲ့ အာယတန ၆–ပါးလဲ ထိုက်သည်အားလျော်စွာ ပါဝင်ပြီး ဖြစ်သေးတယ်၊ ဖဿ ၆–ပါးလဲ ပါဝင်ပြီး ဖြစ်သေးတယ်။ ဒါကြောင့် "ဝိညာဏ်တွယ်စပ်၊ နာမ်ရုပ်ကပ်လျက် ၆–ရပ် အာယတန၊

http://www.dhammadownload.com

ဖဿ ၆-ဖြာ"လို့လဲ ဆောင်ပုဒ်မှာ ဆက်ပြီး ပြဆိုထားပါတယ်။ အဲဒါဟာ "နာမရူပ ပစ္စယာ သဠာယတနံ- နာမ်ရုပ်ကြောင့် အာယတန ၆-ပါး ဖြစ်ပေါ်သည်။ သဠာ ယတနပစ္စယာ ဖဿော- အာယတန ၆-ပါးကြောင့် ဖဿ ဖြစ်ပေါ်သည်" ဆိုတဲ့ ဒေသနာအရ ဖော်ပြထားတာတွေပါပဲ။

အာယတနကြောင့် ဖဿဖြစ်သည်

စက္ခုဠာ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ-စသည်ဖြင့် စက္ခုဝိညာဏ်စသော ဝိညာဏ် ၆-ပါး ဖြစ်ပုံကစပြီး ပြတဲ့ ဒေသနာမှာတော့ ဝိညာဏ်ဖြစ်ပြီး ဖဿဖြစ်ပုံကို "တိဏ္ဏံ သင်္ဂတိ ဖဿော" လို့ ပြထားပါတယ်၊ တိဏ္ဏံ၊ ဒွါရ, အာရုံ, ဝိညာဏ် ဟူသော ၃-ပါး သော တရားတို့၏ သင်္ဂတိ၊ ဆုံမိခြင်းသည်။ ဖဿော၊ အာရုံကိုတွေ့မှု ဖဿပေတည်း။ ဝါ၊ တရားသုံးပါး ဆုံမိခြင်းကြောင့် ဖဿ ဖြစ်ပေါ်သည်-တဲ့။

မြင်ဆဲခဏာ၌ မျက်စိရယ်, အဆင်းရယ်, မြင်သိမှုရယ်-ဒီတရားသုံးပါး ဆုံမိတယ်၊ အဲဒီအခါမှာ မြင်ရတဲ့ အဆင်းအာရုံကို မြင်သိစိတ်ထဲမှာ ထင်ရှားတွေ့သွားတယ်၊ အဲဒါဟာ ဖဿပဲ။ ကြားဆဲခဏာ၌ နားရယ်, အသံရယ်, ကြားသိမှုရယ် ဒီတရား သုံးပါး ဆုံမိတယ်၊ အဲဒီအခါမှာ ကြားရတဲ့ အသံအာရုံကို ထင်ရှား တွေ့သွားတယ်၊ ဒါလဲ ဖဿပဲ။ နံဆဲခဏာ၌ နှာခေါင်း ရယ်, အနံ့ရယ်, နံသိမှုရယ် ဒီတရားသုံးပါး ဆုံမိတယ်၊ အဲဒီအခါမှာ နံရတဲ့ အနံ့အာရုံကို ထင်ရှားတွေ့သွားတယ်၊ ဒါလဲ ဖဿပဲ။ စားဆဲခဏာ၌ လျှာရယ်, အရသာရယ်, အရသာ သိမှုရယ်- ဒီတရားသုံးပါး ဆုံမိတယ်၊ အဲဒီအခါမှာ အရသာ အာရုံကို ထင်ရှား တွေ့သွားတယ်၊ ဒါလဲဖဿပဲ။

http://www.dhammadownload.com

ထိသိဆဲခဏ၌ ကာယ ပသာဒခေါ်တဲ့ ကိုယ်အကြည်ရှပ်ရယ်, အတွေ့ရယ်, ထိသိမှုရယ်, ဒီတရားသုံးပါ: ဆုံမိတယ်၊ အဲဒီအခါမှာ ထိသိရတဲ့ အတွေ့အာရုံကို ထင်ရှားတွေ့သွားတယ်၊ ဒါလဲ ဖဿပဲ။ ဒီ ကိုယ်တွေ့ ဖဿ ကတော့ အလွန်ထင်ရှားပါတယ်။ ကောင်းတဲ့ အတွေ့ကလေးတွေကို တွေ့ရတဲ့အခါ ကိုယ်ထဲမှာ အလွန်နေလို့ ကောင်းပြီး ကိုယ်ရော စိတ်ပါ အလွန် ရွှင်လန်း တက်ကြွ နေတယ်။ ကောင်းလိုက်တာ ကောင်းလိုက်တာနဲ့လဲ ချီးကျူးနေတတ်တယ်၊ မကောင်းတဲ့ အတွေ့ဆိုးတွေကို တွေ့ရတဲ့အခါမှာတော့ ကိုယ်ထဲမှာ မခံမရပ်နိုင်အောင် မနေသာ မထိုင်သာပြီး ကိုယ်ရော စိတ်ပါ အလွန် ညှိုးနွမ်းနေတယ်၊ နာလိုက်တာ ပူလိုက်တာ ဆင်းရဲလိုက်တာ စသည်ဖြင့် ညည်းညူလဲ ညည်းညူနေတတ်တယ်။

စိတ်ကူးစဉ်းစား ကြံသိဆဲခဏမှာတော့ နှလုံးရယ်, ကြံမိတဲ့ သဘောအာရုံရယ်, ကြံသိမှုရယ်– ဒီတရားသုံးပါ: ဆုံမိတယ်၊ အဲဒီအခါမှာ ကြံမိတဲ့အာရုံကို စိတ်ကူးထဲမှာ ထင်ရှားတွေ့သွားတယ်။ ဒါလဲ ဖဿပဲ။ ဒီဖဿကလဲ အလွန် ထင်ရှားပါတယ်။ စိတ်ကူးကြံစည်တဲ့ အာရုံက တကယ်ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ, ဟုတ်သည်ဖြစ်စေ, မဟုတ်သည်ဖြစ်စေ စိတ်ကူးလိုက်တဲ့ အတိုင်း အာရုံကတော့ ထင်ရှားပေါ်နေတာပဲ၊ အဲဒီ အာရုံကို စိတ်ကူးထဲမှာ ထင်ရှားတွေ့နေတာပဲ။

ခေတ်ပေါ် ဝတ္ထုအာရုံတွေကို တွေ့နေတာမျိုးပါပဲ

တစ်နေ့က ခေတ်ပေါ် ဒဏ္ဍာရီဝတ္ထုဖတ်တဲ့ အကြောင်းကို ပြောခဲ့ပါတယ်၊ အဲဒီ ခေတ်ပေါ် ဝတ္ထုစာအုပ်ကို ဖတ်တဲ့သူမှာ သူ့စာအုပ်ထဲက ပြထားတဲ့အတိုင်း အကုန်လုံး ထင်ရှားတွေ့နေတယ်၊ ရွာနေပုံ မြို့နေပုံ လမ်းနေပုံ မြစ်ချောင်းနေပုံ တောတောင်

http://www.dhammadownload.com

နေပုံ အိမ်တိုက် အဆောက်အအုံနေပုံ လူကြီးမိဘတွေ ပြောဆို လုပ်ကိုင်နေပုံ လူငယ်လူရွယ်တွေရဲ့ အခြေအနေနဲ့ ဆက်သွယ်ပြုမူနေပုံ စသည်တွေကို စာဖတ်နေရင်း ထင်ရားတွေ့နေတယ်၊ တွေ့တာမှ ရိုးတိုးရိပ်တိပ် မဟုတ်ဘူး၊ မဟုတ်မှန်း သိလျက်သားနဲ့ ဖျောက်လို့ မရအောင် အထင်အရှားကို တွေ့ရတာ၊ ဒါကြောင့် ပျော်စရာ အခန်းကို ဖတ်တဲ့အခါ ပျော်နေတယ်၊ ရယ်စရာအခန်းကို ဖတ်တဲ့အခါ ပြုံးရယ်ရတယ်၊ စိတ်ဆိုးစရာအခန်းကိုဖတ်တဲ့အခါ စိတ်ဆိုးရတယ်၊ ဝမ်းနည်းစရာ အခန်းကို ဖတ်တဲ့အခါ ဝမ်းနည်းရတယ်၊ သနားစရာ အခန်းကို ဖတ်တဲ့အခါ သနားရတယ်၊ အမှန်စင်စစ်ကတော့ အဲဒီ ခေတ်ပေါ် ဝတ္ထုထဲက အကြောင်းအရာတွေဟာ ဘာမျှ မဟုတ်ဘူး။ စာရေးဆရာက စိတ်ကူးသက်သက်နဲ့ ရေးထားတာတွေပဲ။ ဒါပေမယ့် စာဖတ်သူမှာ အဟုတ်တကယ်ရှိသလိုပဲ တွေ့နေရပါ တယ်၊ အဲဒါဟာ စိတ်ကူးကြံတွေ့မှု ဖသထင်ရှားပုံပါပဲ။ ယခု ပြောခဲ့တာဟာ အာရုံ ၆–ပါးကို တွေ့တဲ့ ဖသ ၆–ပါး ပြစ်ပုံပဲ။ အဲဒါ တော်တော်စုံသွားပါပြီ။

အာရုံကိုတွေ့တော့ ခံစားမှုဖြစ်သည်

အဲဒီလို အာရုံကိုတွေ့တော့ အဲဒီအာရုံ ခံစားတဲ့ဝေဒနာ ဖြစ်ပေါ်လာတယ်၊ ခလုတ်တိုက်ရင် ဆူးစူးရင် နာတဲ့ သဘော မျိုးပါပဲ။ အဲဒါကို "ဖဿပစ္စယာ ဝေဒနာ–အာရုံကို ထင်ရှား တွေ့မှုကြောင့် ခံစားမှု ဝေဒနာ ဖြစ်သည်လို့" ဟောထားပါတယ်။

ဆောင်ပုဒ်မှာ "ဖဿ ၆–ဖြာ ဝေဒနာကြောင့်"လို့ အတို ချုပ်လောက်ပဲ ပြထားတယ်။ ဆိုလိုတာကတော့ အာရုံ ၆–ပါး ကို တွေ့တဲ့ ဖဿ ၆–ပါးကြောင့် ခံစားမှုဝေဒနာ ၆–မျိုး ဖြစ် ပေါ်တယ်လို့ ဆိုလိုပါတယ်။ ဝေဒနာ ၆–မျိုးဖြစ်တယ်ဆိုတာလဲ အကျဉ်းပဲရှိသေးတယ်၊ အပြည့်အစုံဆိုရင်တော့ အာရုံတစ်မျိုး တစ်မျိုးမှာ

http://www.dhammadownload.com

အကောင်း, အဆိုး, အလတ်စားအားဖြင့် ခံစားမှု ဝေဒနာက ၃-မျိုး ၃-မျိုး ဖြစ်ပါတယ်။ အာရုံ ၆-မျိုးမှာဆိုတော့ ၆-ခု ၃-လီ ၁၈-မျိုးပေါ့။

ကောင်းတဲ့အဆင်းအာရုံကို မြင်တွေ့ရတဲ့အခါမှာ ကောင်းတဲ့ခံစားမှုဖြစ်တယ်၊ ကြည့်လို့မြင်လို့ ကောင်းတဲ့ သဘောပါပဲ။ အဲဒါကို ပါဠိလို သုခဝေဒနာခေါ်တယ်၊ မကောင်းတဲ့အဆင်း အာရုံကို မြင်တွေ့ရတဲ့အခါမှာ မကောင်းတဲ့ ခံစားမှု ဖြစ်တယ်။ ကြည့်လို့ မြင်လို့ မကောင်းတဲ့သဘောပါပဲ၊ အဲဒါကို ပါဠိလို ဒုက္ခဝေဒနာ ခေါ်တယ်။ မကောင်း မဆိုး ရိုးရိုးမြင်နေကျ အဆင်းအာရုံကို မြင်တွေ့ရတဲ့ အခါမှာတော့ မကောင်းမဆိုး အလယ်အလတ် ခံစားမှု ဖြစ်တယ်။ အဲဒါကို ပါဠိလို ဥပေက္ခာ ဝေဒနာခေါ်တယ်။ အဲဒါဟာ မြင်တွေ့မှုကြောင့် ခံစားမှုဝေဒနာ ၃-မျိုး ဖြစ်ပုံပါပဲ၊ အယင်နေ့များကလဲ ပြောခဲ့ပါပြီ။

ထို့အတူ အသံကောင်းကိုကြားတွေ့ရတဲ့အခါ သုခဝေဒနာ ဖြစ်တယ်၊ အသံဆိုးကို ကြားတွေ့ရတဲ့အခါ ဒုက္ခဝေဒနာ ဖြစ်တယ်၊ မကောင်းမဆိုး ရိုးရိုးအသံကို ကြားတွေ့ရတဲ့အခါ ဥပေက္ခာ ဝေဒနာ ဖြစ်တယ်၊ ဒါက ကြားတွေ့မှုကြောင့် ဝေဒနာ ၃-မျိုး ဖြစ်ပုံပဲ။

အနံ့ကောင်းကို နံတွေ့ရတဲ့အခါ သုခဝေဒနာ ဖြစ်တယ်၊ အနံ့ဆိုးကို နံတွေ့ရတဲ့အခါ ဒုက္ခဝေဒနာ ဖြစ်တယ်၊ ရိုးရိုးအနံ့ကို နံတွေ့ရတဲ့အခါ ဥပေက္ခာဝေဒနာ ဖြစ်တယ်၊ ဒါက နံတွေ့မှုကြောင့် ဝေဒနာ ၃-မျိုး ဖြစ်ပုံပဲ။

အဘိဓမ္မာ နည်းအရအားဖြင့် မြင်ခိုက် ကြားခိုက် နံခိုက် စားသိခိုက်မှာ ဥပေက္ခာဝေဒနာသာ ဖြစ်တယ်လို့ ဆိုရတယ်၊ ဒါပေမယ့် ကုသိုလ်အကျိုး ဥပေက္ခာက သုခသဘောရှိတယ်၊ အကုသိုလ်၏ အကျိုးဥပေက္ခာက ဒုက္ခသဘောရှိတယ်၊ အဲဒါဟာ အနံ့ကောင်း

http://www.dhammadownload.com

ကလေးများကို နမ်းရှူရတဲ့အခါ ခံသာပုံ ကောင်းပုံ၊ အနံ့ဆိုးကို နမ်းရှူရတဲ့အခါ မခံသာပုံ အခံရခက်ပုံနဲ့ ထောက်ဆ ကြည့်ရင် အင်မတန် ထင်ရှားပါတယ်၊ အဆိပ်နံ့ကို နမ်းရှူ မိရင် သေသည်အထိ ဒုက္ခရောက်သွားနိုင်ပါတယ်၊ ဒါကြောင့် သုတ္တန်နည်းအရအားဖြင့် မြင်ခိုက် ကြားခိုက် နံခိုက် စားသိ ခိုက်မှာလဲ သုခဝေဒနာ ဒုက္ခ ဝေဒနာ ဖြစ်ပုံကို မှတ်သားရပါတယ်။

နောက်ပြီးတော့ စားသိခိုက်မှာ အရသာကောင်းကို စားတွေ့ ရတဲ့အခါ သုခဝေဒနာ ဖြစ်တယ်၊ စားလို့ သိပ်အရသာ ရှိတယ်၊ သိပ်မြိန်ယှက်တယ်လို့တောင် ပြောတတ်ကြပါသေးတယ်၊ ဆေးခါးကြီး အစရှိတဲ့ အရသာဆိုးကို စားတွေ့ရတဲ့ အခါ ဒုက္ခဝေဒနာ ဖြစ်တယ်၊ တစ်ခါက မျက်စိနဲ့ ပတ်သက်တဲ့ ဒီဗွစက္ခုခေါ်တဲ့ ဆေးကို သောက်ဖူး တယ်၊ အလွန်ခါးတဲ့ ဆေးပါပဲ၊ နည်းနည်းလောက် သောက်ပီး ကတည်းက ဆက်ပြီး မသောက်နိုင်တော့ဘူး၊ အတင်းပေပြီး မျိုချဖို့ ကြိုးစားပေမယ်လို့ အော့ချင် အန်ချင် ဖြစ်လာတာနဲ့ ရပ်ထားလိုက်ရ တယ်။ အဲဒီဆေးက လျှာပေါ်မှာစွဲပြီး ခါးနေတယ်။ ကွမ်းတစ်ရာ လောက် စားပြီးလို့လဲ အခါးက မပျောက်သေးဘူး၊ တော်တော်ကို ခါးတဲ့ဆေးပါပဲ။ အဲဒီအခါမှာ အခံခက်တဲ့ ဒုက္ခဝေဒနာတွေ ဖြစ်တာ အလွန်ထင်ရှားပါတယ်၊ အဆိပ်ပါတဲ့ အရသာ စားမိရင်တော့ သေသည်အထိ ဒုက္ခဖြစ်သွားနိုင်ပါတယ်၊ မကောင်းမဆိုး ရိုးရိုး အရသာကို စားတွေ့ရတဲ့အခါမှာတော့ ရိုးရိုးခံစားမှု ဥပေက္ခာဝေဒနာ ဖြစ်တယ်၊ ဒါက စားတွေ့မှုကြောင့် ဝေဒနာ ၃-မျိုး ဖြစ်ပုံပါပဲ။

ထိတွေ့ရာမှာတော့ အတွေ့ကောင်းကို တွေ့ရတဲ့အခါမှာ သုခ ဝေဒနာဖြစ်တယ်၊ အတွေ့ဆိုးကို တွေ့ရတဲ့အခါမှာ ဒုက္ခ ဝေဒနာ ဖြစ်တယ်၊ ဒါကတော့ ကိုယ်တွေ့အားဖြင့် အလွန်ထင် ရှားပါတယ်၊ ကိုယ်ထဲမှာ အေးနေတဲ့အခါ ပူနွေးတဲ့ စောင်နဲ့ ခြုံထွေးပြီး နေရရင်

http://www.dhammadownload.com

အင်မတန်နေသာပြီး ကောင်းသွားတယ်၊ ပူအိုက်နေတဲ့အခါ လေအေး ရေအေးကလေးများနဲ့ တွေ့လိုက် ရရင် နေသာပြီး ကောင်းသွားတယ်၊ ကျောညောင်းနေတဲ့အခါ နူးညံ့တဲ့ အိပ်ရာပေါ်မှာ လဲအိပ်လိုက်ရရင် နေသာပြီး ကောင်း သွားတယ်၊ ဒီနည်းဖြင့် အတွေ့ကောင်းတွေနဲ့ တွေ့ရတဲ့အခါ ကိုယ်ထဲမှာ နေကောင်းတဲ့ သဘောတွေဖြစ်တာ အလွန်ထင်ရှား ပါတယ်၊ ခလုတ်တိုက်တဲ့အခါ ဆူးစူးတဲ့အခါ မကောင်းတဲ့ အတွေ့နဲ့တွေ့ပြီး အင်မတန်နာကျင် အခံခက်တယ်၊ မီးလောင်တဲ့ အခါ ပူလောင်ပြီး အခံခက်တယ်၊ အဖျားတက်တဲ့အခါ အနာ ပေါက်တဲ့အခါ၊ ခေါင်းကိုက်ခြင်း, သွားနာခြင်း, ယားယံခြင်း စသည်ဖြစ်တဲ့အခါ မကောင်းတဲ့ အတွေ့တွေနဲ့တွေ့ပြီး အင်မတန် အခံခက်တယ်၊ ဒီနည်းဖြင့် အတွေ့ဆိုးတွေနဲ့ တွေ့ရတဲ့အခါ ကိုယ်ထဲမှာ မခံသာတဲ့ အခံခက်တဲ့ သဘောတွေ ဖြစ်တာ အလွန်ပဲ ထင်ရှားပါတယ်၊ နည်းနည်းတွေ့ရင် နည်းနည်းအခံရ ခက်တယ်၊ များများကြီးတွေ့ရင် များများကြီး အခံရခက်တယ်၊ ဆူးစူးတာနဲ့ နှိုင်းယှဉ်ပြီး ကြည့်ပါ၊ နည်းနည်းစူးရင် နည်းနည်း နာတယ်၊ များများစူးရင် များများ နာတယ်။

ဒီကိုယ်အတွေ့မှာတော့ အဘိဓမ္မာနည်းအရဆိုရင် သုခနဲ့ဒုက္ခ သာ ရှိပါတယ်၊ ဥပေက္ခာရယ်လို့ မရှိပါဘူး၊ ဒါပေမယ့် အဝတ် အထည် နေရာထိုင်ခင်း အစရှိတဲ့ သာမန်အတွေ့များနဲ့ တွေ့ရတဲ့ အခါမှာ မခံသာတဲ့ ဒုက္ခသဘောလဲ မထင်ရှားဘူး၊ ခံသာတဲ့ ကောင်းတဲ့ သုခသဘောလဲ မထင်ရှားဘူး၊ မဆိုး မကောင်း အလယ်အလတ် ဥပေက္ခာသဘောသာထင်ရှားနေတယ်၊ အဲဒါကို အဘိဓမ္မာနည်းအရတော့ သိမ်မွေ့တဲ့ သုခလို့ ဆိုရမှာပဲ၊ သုတ္တန်နည်းအရ အားဖြင့်တော့ ဥပေက္ခာဝေဒနာလို့ပဲ ဆိုရပါ

http://www.dhammadownload.com

တယ်၊ ယခု ပြောခဲ့တာဟာ ထိတွေ့မှုကြောင့် ဝေဒနာ ၃-မျိုး ဖြစ်ပုံပဲ။

ကြံ့သိခိုက်မှာတော့ ရှေးက ကောင်းစားချမ်းသာခဲ့တာတွေ, ယခု ကောင်းစားချမ်းသာနေတာတွေ, နောင် ကောင်းစားချမ်း သာဖို့ရာတွေ ဆိုတဲ့ အဲဒီအာရုံကောင်းတွေကို စိတ်ကူးထဲထင်ရှား တွေ့ရတဲ့အခါ ရွှင်လန်းဝမ်းသာတဲ့ သဘောတွေ ဖြစ်တယ်၊ သောမနဿလို့ ခေါ်တဲ့ သုခဝေဒနာတွေပါပဲ၊ ရှေးက ဆင်းရဲ ခဲ့တာတွေ၊ ယခု ဆင်းရဲနေတာတွေ၊ နောင် ဆင်းရဲဖို့ရာတွေဆိုတဲ့ အာရုံဆိုးတွေကို စိတ်ကူးထဲ ထင်ရှားတွေ့ရတဲ့အခါ စိတ်နှလုံး မသာခြင်း, ဝမ်းနည်းခြင်းဖြစ်တယ်၊ ဒေါမနဿလို့ ခေါ်တဲ့ ဒုက္ခဝေဒနာတွေပါပဲ. သာမန်ရိုးရိုး အာရုံတွေကို စိတ်ကူးထဲ တွေ့နေတဲ့အခါမှာတော့ ဝမ်းလဲမသာဘူး၊ နှလုံးမသာလဲ မရှိဘူး၊ အလယ်အလတ် ဥပေက္ခာ ဝေဒနာပဲဖြစ်တယ်၊ ဒါကြောင့် အဲဒီလိုအခါမှာ ခံစားမှုဝေဒနာက မထင်ရှားဘဲရှိနေတတ်တယ်၊ ယခု ပြောခဲ့တာဟာ စိတ်ကူးထဲမှာ ကြုံတွေ့မှုကြောင့် ဝေဒနာ သုံးပါးဖြစ်ပုံပဲ၊ အဲဒီတော့ ဖဿ ၆-ပါးကြောင့် အကျဉ်းအားဖြင့် ဝေဒနာ ၆-ပါး၊ အကျယ်အားဖြင့် ဝေဒနာ ၁၈-ပါး ဖြစ်ပေါ်ပုံ စုံသွားပြီ။

အတိုချုပ် ပြောရရင်တော့ အမြင်ကောင်း အကြားကောင်း အစရှိတဲ့ အကောင်းတွေကိုတွေ့ရင် ကိုယ်ထဲစိတ်ထဲမှာ ကောင်းတဲ့ သဘော သုခဝေဒနာဖြစ်ပေါ်လာတယ်၊ အမြင်ဆိုး, အကြားဆိုး အစရှိတဲ့ အဆိုးတွေကိုတွေ့ရင် ကိုယ်ထဲ စိတ်ထဲမှာ မခံ သာတဲ့ သဘော ဒုက္ခဝေဒနာဖြစ်ပေါ်လာတယ်၊ မကောင်း မဆိုး ရိုးရိုးအာရုံကို

http://www.dhammadownload.com

တွေ့ရင် မကောင်းမဆိုး ရိုးရိုးခံစားတဲ့ သဘော ဥပေက္ခာ ဝေဒနာ ဖြစ်ပေါ်လာတယ်၊ ဒါပါပဲ။ အဲဒါကို ဆိုကြဦးစို့-

ကောင်းတာကိုတွေ့လျှင် သုခဝေဒနာ ဖြစ်ပေါ်သည်။

မကောင်းတာကိုတွေ့လျှင် ဒုက္ခဝေဒနာ ဖြစ်ပေါ်သည်။

မကောင်းမဆိုး ရိုးရိုးအာရုံကိုတွေ့လျှင် ဥပေက္ခာ ဝေဒနာ ဖြစ်ပေါ်သည်။

တရားအနုသန္ဓေ ဆက်စပ်မိအောင် နောက်ကြောင်း ပြန်ပြောနေရတာနဲ့ အချိန်က အတော်ကုန်သွားပြီ။ ယခု ဒီကစပြီး တရားအသစ်ကို ဟောရမယ်။ ဝေဒနာပစ္စယာ တဏှာ-ဝေဒနာကြောင့် တဏှာဖြစ်ပေါ်သည်-ဆိုတာကစပြီး ဟောရမယ်။

ဝေဒနာပစ္စယာ တဏှာ

ခုတင်က ပြောခဲ့တဲ့အတိုင်း အာရုံအကောင်း အဆိုးတွေကို တွေ့ပြီး ခံစားရတဲ့အတွက် ဆာလောင်တပ်မက်မှု တဏှာဖြစ်လာတယ်၊ တဏှာဆိုတာ အာရုံကို ဆာလောင်တဲ့ သဘောပဲ။ ဒါကြောင့် သူ့ကို ဝစနတ္ထပြုလျှင် "တဿတိ ပရိတဿတီတိ တဏှာ" လို့ပြုရတယ်။ တဿတိ၊ ဆာလောင်တတ်၏ ။ ပရိတဿတိ၊ ထက်ဝန်းကျင် အခါခပ်သိမ်း အရာရာမှာ ဆာလောင်တတ်၏ ။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ တဏှာ၊ တဏှာ မည်ပါတယ်တဲ့။ ဘာတွေကို ဆာသလဲဆိုတော့ အာရုံတွေကို ဆာလောင်တောင့်တနေတာပါပဲ။ မရသေးတာကို ရချင်တယ်၊ ရပြီးတာမျိုးကိုလဲ တိုးပြီး ရချင်တယ်၊ မခံစားရသေးတာကို ခံစားချင်တယ်၊

http://www.dhammadownload.com

ခံစားဖူးတာကိုလဲ တိုးပြီးခံစားချင်တယ်၊ သူက ထမင်းဆာနေတာနဲ့ အင်မတန်တူပါတယ်။ ထမင်းဆာတာကမှ ဝမ်းဗိုက်ပြည့်အောင် စားပြီးတဲ့အခါ ခေတ္တခဏတော့ အဆာပြေနေသေးတယ်။ ဒီတဏှာကတော့ ဘယ်လောက်များများ ခံစားရပေမယ့် ဝ–တယ်၊ အဆာပြေတယ်လို့ မရှိဘူး၊ အခါခပ်သိမ်း အမြဲတမ်း ဆာနေတာပဲ။ ဒါကြောင့် "ပရိသတတိ၊ ထက်ဝန်းကျင် အခါခပ်သိမ်း ဆာလောင်တတ်တယ်"လို့ သူ့ကို ဆိုထားပါ တယ်။ ကာမဂုဏ် အာရုံတွေနဲ့ ဘယ်လို ကျွေးကျွေး သူက ဝ–တယ် အဆာပြေတယ်လို့ မရှိဘူး။

နတ်တွေဟာ ပြိတ္တာနဲ့တူတယ်

ဒါကြောင့် နတ်သားတစ်ယောက်က ဒီလိုပြောပါတယ်၊ နတ်တွေဟာ ကာမဂုဏ် အာရုံတွေကို အလိုရှိတိုင်း ခံစားနေရပေမယ့် ဝ–တယ်လို့ မရှိဘူး။ ဆာနေတာပဲ၊ ဒါကြောင့် နတ်တွေဟာ ပြိတ္တာတွေနဲ့ တူပါတယ်တဲ့၊ ပြိုတ္တာဆိုတာ ပြိတ္တာဘုံရောက်ကတည်းက တစ်ခါမျှ မစားရ မသောက်ရဘူး၊ အလွန်ဆာမှာပေါ့၊ အဲဒါနဲ့ တူတယ်တဲ့။

အဲဒါဟာ တော်တော်သဘာဝကျတဲ့စကားပဲ။ တာဝတိံသာ နတ်တွေမှာ လူတို့၏ နှစ်နဲ့ နှစ်ပေါင်း သုံးကုဋေနှင့်ခြောက် သန်း အသက်ရှည်တယ်။ အဲဒီလောက် ရှည်လျားတဲ့ ကာလ ပတ်လုံး ကာမဂုဏ် အာရုံတွေကို မပြတ်မစဲ ခံစားနေကြတယ်၊ ဒါပေမယ့် သူတို့မှာ ဝ–တယ် အဆာပြေတယ်လို့ မရှိဘူး၊ ယာမာဘုံက အဲဒါထက် ၄–ဆ အသက်ရှည်တယ်၊ တုသိတာဘုံ က ယာမာထက် ၄–ဆ အသက်ရှည်တယ်၊ နိမ္မာနရတိဘုံက တုသိတာထက် ၄–ဆ အသက်ရှည်တယ်၊ ပရနိမ္မိတဝသဝတ္တီ ဘုံက နိမ္မာနရတိဘုံထက် ၄–ဆ အသက်ရှည်တယ်၊ လူတို့၏ နှစ်နဲ့ဆိုရင် နှစ်ပေါင်း

http://www.dhammadownload.com

ကိုးရာနှစ်ဆယ့်တစ်ကုဋေနှင့် ခြောက်သန်း (၉,၂၁၆,၀၀၀,၀၀၀) အသက်ရှည်တယ်။ အဲဒီဘုံက နတ်တွေ ဟာ အဲဒီလောက် ရှည်လျားတဲ့ ကာလပတ်လုံး ကာမဂုဏ် အာရုံတွေကို မပြတ်ခံစားနေကြရတယ်၊ သူတို့မှာ ဒီပြင်အလုပ်လဲ မရှိဘူး၊ ဒီအာရုံခံစားတဲ့ အလုပ်ပဲ ရှိတယ်၊ ဒီလို နှစ်ပေါင်း ကုဋေကိုးရာကျော်အောင် ခံစားနေရပေမယ့် သူတို့မှာ ဝ-တယ် အဆာပြေတယ်လို့တော့ မရှိဘူး။ ဒါကြောင့် နတ်တွေဟာ အမြဲတမ်း အာရုံဆာနေလို့ ပြိတ္တာတွေနဲ့တူတယ် ဆိုတဲ့စကားဟာ အလွန် သဘာဝကျတဲ့ စကားပါ။ ဒီလို အဆာ မပြေတာကလဲ တခြားကြောင့် မဟုတ်ဘူး။ ဒီတဏှာက အဆာ မပြေလို့ပါပဲ။

နတ်တွေဆိုတာက မမြင်ရလို့ ထားလိုက်ပါဦးတော့ လူတွေ ကိုပဲ ချင့်ချိန်ကြည့်ပါဦး၊ ပစ္စည်းမဲ့ ဆင်းရဲသားတွေမှာလဲ သူ စွမ်းနိုင်သမျှ ရှာကြံပြီး ကာမဂုဏ်အာရုံတွေကို ကျွေးနေရတယ်၊ ဒါပေမယ့် ဝ-တယ်လို့တော့ မရှိဘူး၊ အဲဒါက ဆင်းရဲသားမို့ မပြည့်စုံရှာလို့ပဲလို့ ဆိုစရာရှိပါသေးတယ်၊ ကဲ-ချမ်းသာ ကြွယ်ဝတဲ့ သူတွေ၊ ရာထူးဌာနန္တရကြီးတဲ့သူတွေ၊ အထက်တန်း ပုဂ္ဂိုလ်တွေကို ကြည့်ပါဦး၊ သူတို့မှာလဲ အာရုံအဆာပြေတယ် ဝ-တယ်လို့ မရှိကြပါဘူး၊ အဲဒါဟာ တဏှာဆိုတဲ့ တရားက ဆာလောင်တတ်တဲ့ သဘောမို့ မဝနိုင်တာ အဆာမပြေနိုင်တာ ပါပဲ၊ ဒီတဏှာက သူ့ကို အစာကျွေးလေလေ ပိုပိုပြီး ဆာ လောင် လေလေပဲ၊ ဆင်းရဲတဲ့ သူတွေထက် ချမ်းသာတဲ့ သူ တွေမှာ သာပြီး ဆိုးနေတတ်တယ်၊ ဆင်းရဲတဲ့ နိုင်ငံမှာထက် ချမ်းသာတဲ့နိုင်ငံတွေမှာ သာပြီး ဆိုးသေးတယ်၊ ပြည့်စုံလေလေ သာသာပြီး လိုချင်တောင့်တမှု များလေလေပဲ၊ အဲဒါဟာ တဏှာက အဆာမပြေတဲ့ သဘောပါပဲ။ ဒါကြောင့် ဒီတဏှာ ကို ဆာလောင်တတ်တဲ့ သဘောလို့ ဆိုတာပါပဲ။

http://www.dhammadownload.com

တဏှာ ၆-ပါး

ဒီတဏှာက အဆင်းရှုပါရုံကိုလဲ ဆာတယ်၊ လှပတင့်တယ်တဲ့ ရှုပါရုံ, ကိုယ်ကြည့်ချင်တဲ့ မိန်းမ-ယောကျ်ား အာရုံတွေကို ကြည့်လို့ မြင်လို့ အားမရနိုင်ဘူး၊ ထပ်ကာထပ်ကာ တိုးတိုးပြီး ကြည့်ချင် မြင်ချင်နေတာပဲ။ ထို့အတူ အသံအာရုံကိုလဲ ဆာတယ်၊ အသံကောင်းကလေးတွေ, ကိုယ်နားထောင်ချင်တဲ့ အသံကလေး တွေကို နားထောင်လို့ ကြားနာလို့ အားမရနိုင်ဘူး၊ ထပ်ကာထပ်ကာ ကြားချင် နေကြတာပဲ၊ တချို့ လူတွေက သွားရင်း လာရင်းတောင် အိတ်ထောင့်ထဲ ရေဒီယိုကိုထည့်ပြီး နားထောင်ကြသေးတယ်၊ ထို့အတူ အနံ့ကောင်း အာရုံကိုလဲ ဆာတယ်၊ အရသာကောင်း အာရုံကိုလဲ ဆာတယ် အရသာ ကောင်းဆိုရင် စားပြီးရင်းစားချင်ရင်းနဲ့ ၀-တယ်လို့ကို မရှိဘူး၊ စားချင်နေတာပဲ၊ ဒီနေရာမှာတော့ သေရည် အရက် ကြိုက်တတ် တဲ့ သူတွေရဲ့ တဏှာက စံပြပါပဲ၊ ထို့အတူ အတွေ့အထိ အာရုံကိုလဲ ဆာတယ်၊ ဒါကတော့ ကာမဘုံသားတွေ အတွက် အဆိုးဆုံးလို့ ဆိုရမှာပဲ၊ ထို့အတူ သဘောအာရုံကိုလဲ ဆာ တယ်၊ သဘောအာရုံဆိုတာ မျက်စိနဲ့လဲ မမြင်ဘူး၊ နားနဲ့လဲ မကြား နိုင်ဘူး၊ နှာခေါင်းနဲ့လဲ မနံနိုင်ဘူး၊ လျှာနဲ့လဲ မသိနိုင်ဘူး၊ ကိုယ်နဲ့လဲ မတွေ့ထိနိုင်ဘူး၊ စိတ်ကူးသက်သက်နဲ့သာ သိနိုင်တဲ့အာရုံပဲ ဖြစ်တယ်၊ ကျမ်းဂန်အရ ပြောရရင် ပသာဒရုပ်ခေါ်တဲ့ အကြည့်၅-ပါးလဲသဘော အာရုံပဲ၊ အာပေါဓာတ် အစရှိတဲ့ သုခုမရုပ်တွေလဲ သဘောအာရုံပဲ။ စိတ် စေတသိက်တွေလဲ သဘော အာရုံပဲ။ မိန်းမ ယောကျ်ား မျက်နှာ အစရှိတဲ့ ပုံသဏ္ဌာန် ပညတ်, ချိုးမွမ်းဖွယ် ဂုဏ်ပညတ်, အမည်ပညတ် ဒီလိုပညတ်တွေလဲ သဘောအာရုံပဲ။ ဒီလို သဘော အာရုံတွေကိုလဲ တဏှာက ဆာလောင် တောင့်တနေတတ်တယ်။

http://www.dhammadownload.com

သဘောအာရုံကို တောင့်တပုံ

ဘယ်လိုလဲဆိုရင် မျက်စိ ကြည်လင်ချင်တယ်၊ နား ကြည်လင်ချင်တယ်၊ ကိုယ် အသားအသွေး ကောင်းပြီး အတွေ့အထိ ကောင်းချင်တယ်၊ ဒါတွေဟာ ပသာဒရုပ်သဘော အာရုံကို ဆာလောင်တောင့်တ နေတာပါပဲ။ နောက်ပြီးတော့ လည်ချောင်း အာခေါင် စသည်မှာ မချောက်စေချင်ဘူး၊ စိုနေစေချင်တယ်၊ ကိုယ်မှာ အသားအသွေးတွေ စိုနေစေချင်တယ်၊ ဒီပုံ ဒီနည်းဖြင့် ကိုယ်ထဲမှာ အစိုဓာတ်တွေကို အလိုရှိနေတာဟာ အာပေါ ဆိုတဲ့ သုခုမရုပ် (သိမ်မွေ့တဲ့ရုပ်) ကို ဆာလောင်နေတာပါပဲ။ ကိုယ့်သန္တာန်က မိန်းမဖြစ်ကြောင်း ရုပ်နဲ့ သူများ သန္တာန်က ယောကျ်ားဖြစ်ကြောင်း ရုပ်ဆိုတာတွေကို အမ သတ္တဝါတွေက သာယာနှစ်သက်နေကြတယ်၊ ကိုယ့်သန္တာန်က ယောကျ်ား ဖြစ်ကြောင်း ရုပ်နဲ့ သူများသန္တာန်က မိန်းမဖြစ်ကြောင်း ရုပ်ဆိုတာတွေကို အဖို သတ္တဝါတွေက သာယာနှစ်သက်နေကြတယ်။ အဲဒါဟာ ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်ဆိုတဲ့ သုခုမရုပ်ကို ဆာလောင် တောင့်တနေတာပဲ၊ အသက်ရှည်ချင်တယ်၊ ဇီဝိတ ခေါ်တဲ့ သုခုမရုပ်ကို ဆာလောင် တောင့်တတာပဲ၊ ကိုယ်ကာယ ပေါ့ပါးလျင်မြန်စွာနဲ့ သွားလာလှုပ်ရှား နိုင်တာကို နှစ်သက် သာယာတယ်၊ ကာယလဟုတာ အစရှိတဲ့ သုခုမ ရုပ်ကို ဆာလောင်တောင့်တတာပဲ၊ အမြဲတမ်း စိတ်ကြည်လင် ရွှင်ပျနေချင်တယ်၊ ကိုယ်ရောစိတ်ရော အမြဲတမ်းချမ်းသာချင်တယ်၊ အမှတ်သတိ ကောင်းချင်တယ်၊ ဉာဏ် ကောင်းချင်တယ်၊ ဒီလိုဟာတွေကတော့ စိတ်စေတသိက် သဘော အာရုံကို ဆာလောင်တောင့်တ နေတာတွေပဲ၊ အမသတ္တဝါတွေက မိမိတို့ရဲ့ ပုံသဏ္ဌာန် အခြေ အနေကိုလဲ နှစ်သက်သာယာနေတယ်၊ ယောကျ်ားတွေရဲ့ ပုံသဏ္ဌာန် အမူအရာတွေကိုလဲ နှစ်သက်သာယာ

http://www.dhammadownload.com

နေတယ်၊ အဖိုသတ္တဝါတွေကလဲ ထို့အတူပဲ နှစ်သက် သာယာ နေကြတယ်၊ အားလုံးကပင် အချိုးမွမ်းခံချင်ကြတယ်၊ ဂုဏ်သတင်း ကျော်ဇောချင်ကြတယ်၊ ဒါတွေဟာ ပညတ်သဘောအာရုံကိုဆာလောင် တောင့်တနေတာတွေပဲ။

တဏှာ ၆-ပါးမှ ၁၀၈-ပါး

ယခုပြောခဲ့တဲ့အတိုင်း အာရုံတစ်ပါးတစ်ပါးမှာ ဆာလောင် တောင့်တမှု တဏှာတစ်ပါးတစ်ပါးဆိုတော့ အာရုံ ၆-ပါးမှာ တဏှာ ၆-ပါး ဖြစ်တယ်၊ အဲဒီ ၆-ပါးဟာ ကာမဂုဏ်ကို သာယာတဲ့အနေသက်သက်နဲ့ ဖြစ်တာလဲရှိတယ်၊ အဲဒါကို ကာမ တဏှာခေါ်တယ်၊ အဲဒီအာရုံကို မပျက်စီးဘဲ အမြဲတမ်းတည်ရှိတဲ့ အနေနဲ့ သာယာတာလဲရှိတယ်၊ အဲဒါကို ဘဝတဏှာလို့ ခေါ်တယ်၊ သဿတဒိဋ္ဌိနဲ့ ယှဉ်တွဲပြီးဖြစ်တဲ့ တဏှာပါပဲ၊ အဲဒီအာရုံကို သေပြီးတဲ့နောက် လုံးလုံးပြတ်စဲသွားမည့်အနေနဲ့ သာယာတာလဲ ရှိတယ်၊ မသေခင် အခွင့်ရသမျှ ခံစားမယ်ဆိုတဲ့အနေနဲ့ ဖြစ်တဲ့ တဏှာပါပဲ၊ အဲဒါကို ဝိဘဝတဏှာလို့ ခေါ်တယ်၊ ဥစ္ဆေဒဒိဋ္ဌိနဲ့ ယှဉ်တွဲပြီး ဖြစ်တဲ့တဏှာပါပဲ၊ အဲဒီတော့ ကာမတဏှာက ၆-ပါး၊ ဘဝတဏှာက ၆-ပါး၊ ဝိဘဝတဏှာက ၆-ပါး ပေါင်းလိုက်ရင် တဏှာ ၁၈-ပါးရတယ်၊ အဲဒီ ၁၈-ပါးဟာလဲ ကိုယ်တွင်း သန္တာန်က အာရုံမှာ ဖြစ်တာလဲရှိတယ်၊ အပြင်ပ သူတစ်ပါး သန္တာန်က အာရုံမှာ ဖြစ်တာလဲရှိတယ်၊ ဒီတော့ ၁၈-ပါး ၂-လို ၃၆-ပါး ရတယ်၊ တစ်ဖန် အဲဒီ ၃၆-ပါးဟာလဲ အတိတ်အာရုံနဲ့ စပ်တာလဲရှိတယ်၊ အနာဂတ်အာရုံနဲ့စပ်တာလဲ ရှိတယ်။ ပစ္စုပ္ပန်အာရုံနဲ့

http://www.dhammadownload.com

စပ်တာလဲရှိတယ်၊ ဒီတော့ ၃၆-ပါးကို ကာလ ၃-ပါးနဲ့မြှောက်လိုက်ရင် တဏှာ ၁၀၈-ပါး ရတယ်၊ အဲဒီ ၁၀၈-ပါးကို ပြန်ပြီး ချုံးလိုက်မယ်ဆိုရင် အာရုံ ၆-ပါးကို ဆာလောင်တဲ့ တဏှာ ၆-ပါးမျှပဲဖြစ်ပါတယ်၊ အဲဒါကိုလဲ ချုံးလိုက်ရင် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဆိုတဲ့ တဏှာ ၃-ပါးမျှပဲ ဖြစ်ပါတယ်၊ အဲဒါကိုလဲချုံးလိုက်ရင် ဆာ လောင်တဲ့ နှစ်သက်သာယာတဲ့ သဘောအားဖြင့် တဏှာ တစ်ပါးတည်းပဲ ဖြစ်ပါတယ်။

ဝေဒနာကြောင့် တဏှာဖြစ်ပုံ

ဝေဒနာအကြောင်းလဲ ပြောခဲ့ပြီ၊ တဏှာ အကြောင်းလဲ ပြောခဲ့ပြီ၊ ယခု ဝေဒနာကြောင့် တဏှာ ဖြစ်ပေါ်လာပုံ ပြောရမယ်၊ မကောင်းတဲ့ အာရုံတွေနဲ့တွေ့ပြီး ဆင်းရဲဒုက္ခရောက်နေတဲ့ သူက ချမ်းသာကို တောင့်တတယ်၊ အပူနဲ့တွေ့ရင် အအေးကို တောင့်တတယ်၊ အလွန် အေးပြန်တော့လဲ အပူအနွေးကို တောင့်တတယ်၊ ကိုယ်ထဲမှာ နာကျင်မှု စသည်နဲ့တွေ့ရတော့ အဲဒီ နာကျင်မှု စသည်ပျောက်ပြီး ချမ်းချမ်းသာသာနဲ့ နေချင်တယ်၊ စားရမဲ့, သောက်ရမဲ့, ဝတ်ရမဲ့ ဖြစ်တော့ အဝတ်အစား ပြည့်စုံ ချင်တယ်၊ လမ်းဆိုးကို သွားနေရတော့ လမ်းကောင်းနဲ့ ချမ်းချမ်းသာသာ သွားချင်တယ်၊ ဒီပုံဒီနည်းဖြင့် ဒုက္ခဝေဒနာ ခံစားရတော့ သုခကို တောင့်တတယ်၊ အဲဒါဟာ ဒုက္ခကြောင့် သုခကို တောင့်တတဲ့တဏှာ ဖြစ်လာတာပဲ၊ ဒါကြောင့် အဋ္ဌကထာမှာ-

ဒုက္ခီ သုခံ ပတ္ထယတိ။ ဒုက္ခီ၊ ဆင်းရဲသောသူသည်။ သုခံ၊ ချမ်းသာကို။ ပတ္ထယတိ၊ တောင့်တတယ်လို့ ဆိုထားပါတယ်။

http://www.dhammadownload.com

အဲဒါဟာ အင်မတန် ထင်ရှားပါတယ်။ အမြင်ဆိုးကို တွေ့မြင်ရရင် အမြင်ကောင်းကို အလိုရှိတယ်၊ မကောင်းတာကို ကြားရ တွေ့ရရင် ကောင်းတာကို ကြားချင်တယ်၊ လူကြီးမိဘ ဆရာသမားတွေက အပြစ်ပြုပြီး ခပ်ကြမ်းကြမ်း ပြောဆိုဆုံးမရင်တောင်မှ ချိုချိုသာသာ ပြောပါတော့လို့ တောင့်တတတ်သေးတယ်။ မကောင်းတာကို နံရ, စားရရင် ကောင်းတာကို နံချင်, စားချင်တယ်၊ မကောင်းတာကို တွေ့ထိရရင် ကောင်းတာကို တွေ့ထိချင်တယ်၊ အောက်ထစ်ဆုံးအားဖြင့် မကောင်းတဲ့ အတွေ့အထိမှ လွတ်မြောက်ချင်တယ်၊ ဒါလဲ ချမ်းသာကို တောင့်တတာပါပဲ၊ ဆင်းရဲကင်းတာကို ချမ်းသာလို့ ခေါ်ရတယ် မဟုတ်လား၊ စိတ်မချမ်းသာစရာအာရုံတွေ စိတ်ထဲရောက်နေရင် အဲဒီ အာရုံ ဆိုးတွေမှ လွတ်မြောက် ချင်တယ်၊ ဒါလဲ ချမ်းသာ တာကို တောင့်တတာပဲ၊ စားရမဲ့ သောက်ရမဲ့ အတိဒုက္ခရောက်နေတဲ့ သူက မှန်မှန် စားသောက်နေထိုင်ရရုံ အတော်အသင့် ချမ်းသာ လောက်ပဲ တောင့်တတတ်ပါတယ်။ ဒါပေမယ့် အတော်အတန် ပြည့်စုံလာတော့ အဲဒါထက်တိုးပြီး တောင့်တတတ်ပြန်တာပဲ။ ဒါက တဏှာရဲ့ ဆာလောင်မှုသဘောပဲ။ ဒါကြောင့် အဋ္ဌကထာမှာ–

သုခီ ဘိယျောပိ ဣစ္ဆတိ။ သုခီ၊ ချမ်းသာနှင့် ပြည့်စုံသော သူသည်။ ဘိယျောပိ၊ တိုး၍ ချမ်းသာခြင်းကိုလည်း။ ဣစ္ဆတိ၊ အလိုရှိပြန်တယ်လို့ ဆိုထားပါတယ်၊ ရလေလိုလေ အိုတစ္ဆေ ဆိုတာလိုပဲ၊ နည်းနည်းလောက် ချမ်းသာလာရင် များများ ချမ်းသာချင်လာတယ်၊ တစ်ကြိမ် တစ်ခါလောက် အရသာ ကောင်းကို ခံစားရလို့ရှိရင် အဲဒါမျိုးကို ထပ်ကာ ထပ်ကာလဲ ခံစားချင်တယ်၊

http://www.dhammadownload.com

အဲဒါထက် ကောင်းတာကိုလဲ ခံစားချင်တယ်၊ တစ်ခုလောက် ရလာရင် ၂-ခု, ၃-ခု လိုချင်လာတယ်၊ ၂-ခု ၃-ခု ရလာပြန်တော့ ၄-ခု, ၅-ခု စသည်ဖြင့် လိုချင်ပြန်တယ်၊ အဲဒီလောက် ရလာပြန်တော့လဲ တစ်ဆယ်, တစ်ရာ စသည်ဖြင့် လိုချင်လာပြန်တယ်၊ တော်ပါပြီမလိုချင်ဖူးလို့ ရပ်တန့်ခြင်း မရှိဖူး၊ ရတိုင်း ရတိုင်း လိုချင်နေတာပဲ၊ အဲဒါဟာ ဝေဒနာ ကြောင့် တဏှာတွေ ပွားပွားလာတာပါတဲ့။ ကဲ...ဆိုကြပါဦး။

ဆင်းရဲနဲ့တွေ့တော့ ချမ်းသာကို တောင့်တသည်။
ချမ်းသာပြန်တော့ တိုး၍တိုး၍ ချမ်းသာချင်သည်။

ဒီလိုဆိုရင် အလယ်အလတ် ခံစားမှု ဥပေက္ခာနဲ့တွေ့တဲ့အခါ တဏှာက ဘယ်လိုဖြစ်သလဲဆိုတော့- "ဥပေက္ခာ ပန သန္တ ဣဒါ သုခမိစ္ဆေ ဝ ဘာသိတာ လို့ အဋ္ဌကထာက ဆိုထားပါတယ်။

ဥပေက္ခာ ပန၊ အလယ်အလတ်ခံစားမှု ဥပက္ခာဝေဒနာကို မှကား။ သန္တ ဣဒါ၊ ငြိမ်သက်သိမ်မွေ့သည်၏ အဖြစ်ကြောင့်။ သုခမိစ္ဆေ ဝ၊ ချမ်းသာဟူ၍သာလျှင်။ ဘာသိတာ၊ ဆိုအပ်ပါ တယ်တဲ့။ မကောင်းမဆိုး ရိုးရိုးအဆင်းကို မြင်ရတဲ့အခါ, ရိုးရိုး အသံကို ကြားရတဲ့အခါ, ရိုးရိုးအနံ့ကို နံ့ရတဲ့အခါ, ရိုးရိုး အရသာကို စားရတဲ့အခါ, ရိုးရိုးအတွေ့နဲ့ တွေ့ထိရတဲ့အခါမှာ မခံသာတဲ့သဘော ဆင်းရဲတဲ့ သဘောလဲ မထင်ရှားဖူး၊ ခံသာတဲ့ သဘော ကောင်းတဲ့ သဘောလဲ မထင်ရှားဖူး၊ မဆိုးမကောင်း အလယ်အလတ် ဖြစ်နေတယ်၊ အဲဒါဟာ ဥပေက္ခာပဲ၊ သူက သိမ်မွေ့တယ်၊ ဒါကြောင့် သုခချမ်းသာတဲ့ သဘော၊ နေသာတဲ့ သဘောရှိတယ်တဲ့၊ နေသာတဲ့အတွက် သုခ-ချမ်းသာထဲမှာ ထည့်သွင်းပြီ ယူရပါတယ်၊ ချမ်းသာထဲ ထည့်သွင်း ယူလိုက်တော့ "ချမ်းသာပြန်တော့ တိုး၍တိုး၍ ချမ်းသာချင်တယ်"လို့

http://www.dhammadownload.com

ဆိုတဲ့ အတိုင်း အဲဒီလို မဆိုးမကောင်း အလယ်အလတ် ဖြစ်နေရုံမျှနဲ့ အားမရနိုင်ဘဲ အထင်အရှား ချမ်းသာချင် လာတာပေါ့၊ အဲဒါကို ခေါင်းအုံးပေါ်မှာ ခေါင်းတင်ပြီး အိပ်နေရာက အားမရလို့ လက်ပေါ် ခေါင်းအုံးပြီး အိပ်တာနဲ့လဲ နှိုင်းဆပြီး သဘော ပေါက်နိုင်ပါတယ်။ ကဲ ဆိုကြဦးစို့-

ဥပေက္ခာက သိမ်မွေ့လို့ သုခသဘော ရှိသည်။

ဥပေက္ခာကိုလဲ အားမရလို့ သုခကို အလိုရှိသည်။

မကောင်းမဆိုး ရိုးရိုးအဝတ်အထည် အိပ်ရာနေရာ စသည်ကို မြင်နေရတဲ့အခါမှာ မမြင်ချင် မကြည့်ချင်အောင် မခံသာတဲ့ သဘောလဲ မရှိဘူး၊ ဝမ်းသာ အားရလဲ မရှိလှဖူး၊ မြင်လို့ မကောင်းတကောင်း အလယ်အလတ်မျှပဲဖြစ်နေတယ်၊ အဲဒါဟာ ဥပေက္ခာ သဘောပဲ၊ သူကသိမ်မွေ့ပါတယ်၊ သုခနဲ့ နီးစပ် ပါတယ်၊ အဲဒီလိုအခါမှာ အဲဒါတွေထက်ကောင်းတဲ့ အဝတ်အထည် နေရာထိုင်ခင်း စသည် တွေကို လိုချင်တောင့်တ တတ် တယ်၊ အဝတ်ဆိုရင် ဝတ်နေကျ ရိုးရိုးထက် အသွေးအရောင် ကောင်းတဲ့ လှပတင့်တယ်တဲ့ အဝတ်ကို လိုချင်တယ်၊ နေရာ ထိုင်ခင်းဆိုရင်လဲ ထို့အတူပဲ၊ သာပြီးလှပ တင့်တယ်တဲ့ ဟာတွေ ကို လိုချင်တယ်၊ ဒါကြောင့် ပစ္စည်းအင်အားရှိတဲ့ လူတွေဟာ အဝတ်သစ် နေရာထိုင်ခင်းအသစ် စသည်ကို လဲလှယ်ပြီး သုံးစွဲ နေကြတာပဲ၊ အပေါင်းအသင်း အတူနေ ပုဂ္ဂိုလ်တောင်မှ ရိုးသွားရင် ပြောင်းလဲချင်တတ်ကြတယ်။

နောက်ပြီးတော့ ကြားနေကျ ရိုးရိုးအသံကို ကြားရတဲ့ အခါ, နံနေကျရိုးရိုးအနံ့ကို နံရတဲ့အခါ, စားနေကျ ရိုးရိုးအစာကို စားရတဲ့ အခါ, တွေ့ထိနေကျ ရိုးရိုးအတွေ့ကို တွေ့ထိ ရတဲ့အခါမျှားမှာလဲ မကောင်းမဆိုး အလယ်အလတ်ခံစားမှု ဥပေက္ခာဖြစ်တယ်၊ အဲဒါလဲ

http://www.dhammadownload.com

သိမ်မွေ့လို့ သုခသဘောရှိပါတယ်၊ ဒါပေမယ့် အဲဒါလောက်နဲ့ အားမရလို့ အဲဒါထက် ကောင်းတဲ့ အသံ, အနံ့, အရသာ, အတွေ့တွေကို လိုချင်တယ်၊ ဒါဟာ အလယ်အလတ်ခံစားမှု ဥပေက္ခာ ဝေဒနာကြောင့် ချမ်းသာကို တောင့်တတဲ့ တဏှာဖြစ်တာပဲ၊ နောက်ပြီး တော့ ရှေ့ရေး, နောက်ရေး မျှော်တွေးကြည့်တဲ့အခါ ယခုလောလော ဆယ် အခြေအနေကို စဉ်းစားကြည့်တဲ့အခါမျှားမှာ မတိုး မဆုတ် မထူးခြားတဲ့ အခြေအနေကို တွေ့ရရင် ဝမ်းသာ ရွှင်ပျ ခြင်းလည်းမရှိ၊ နှလုံးမသာ ညှိုးနွမ်းခြင်းလည်းမရှိ အလယ် အလတ်သဘောမျှသာ ဖြစ်လျက်ရှိနေတယ်၊ အဲဒါလဲ ဥပေက္ခာပဲ၊ သိမ်မွေ့ပါတယ်၊ သိမ်မွေ့တဲ့အတွက် အဲဒီလို ခံစားမှုမရှိဘူး လို့တောင် ထင်ရတတ်ပါတယ်၊ ဒါကြောင့် သုခသဘောရှိပါတယ်၊ ဒါပေမယ့် အဲဒါကို အားမရနိုင်တဲ့အတွက် ဝမ်းမြောက် ဝမ်းသာဖြစ်ဖို့ရာကို မျှော်လင့်တောင့်တနေတတ်တယ်၊ အဲဒါဟာ ဥပေက္ခာကို အားမရလို့ သုခကို တောင့်တနေတတ်တဲ့ တဏှာဖြစ်လာတာပါပဲ။

အတိုချုပ်ပြောရမယ်ဆိုရင်တော့ အာရုံကောင်းနဲ့ တွေ့လို့ ကောင်းတာကို ခံစားရရင် အဲဒီကောင်းတဲ့ ခံစားမှုကိုလဲ နှစ်သက်သာယာတယ်၊ အဲဒါထက် သာပြီး ကောင်းတာကိုလဲ လိုချင်တောင့်တတယ်၊ အာရုံဆိုးနဲ့တွေ့လို့ ဆင်းရဲရင်တော့ အဲဒီဆင်းရဲမှလွတ်ပြီး ချမ်းသာချင်တယ်၊ မကောင်းမဆိုး ရိုးရိုး ဖြစ်နေတဲ့အခါကျတော့ အဲဒါကို အားမရလို့ ချမ်းသာတာ, ကောင်းတာကို လိုချင်တောင့်တတယ်၊ ဒါတွေဟာ ဝေဒနာ ကြောင့် တဏှာဖြစ်နေတာပါပဲ။

တဏှာဖြစ်လျှင် သံသရာစက်လည်သွားသည်

ယခု ပြောခဲ့တဲ့အတိုင်း မြင်သိမှု, ကြားသိမှု အစရှိသော ဝိညာဏ် ၆-ပါးဖြစ်တိုင်း, ဖြစ်တိုင်း နာမ်ရုပ်နဲ့လဲ တစ်ပါတည်း

http://www.dhammadownload.com

ပူးတွဲပြီးဖြစ်တယ်၊ အာရုံကိုတွေ့တဲ့ ဖဿလဲ ပါဝင်ပြီးဖြစ်တယ်၊ ခံစားမှု ဝေဒနာတစ်မျိုးမျိုးကလဲ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်း ပါဝင်ပြီးဖြစ်တယ်၊ အဲဒီလို ခံစားမှု ဝေဒနာ ဖြစ်တိုင်း ဖြစ်တိုင်း ကိလေသာ မကင်းသေးတဲ့ သာမန်ပုဂ္ဂိုလ်တွေမှာ သာယာတောင့်တတဲ့ တဏှာ ဖြစ်တယ်၊ တဏှာဖြစ်မှတော့ စွဲလမ်းတဲ့ ဥပါဒါန်လဲဖြစ်တော့တာပဲ၊ စွဲလမ်းမိတဲ့အတိုင်း ကမ္မဘဝခေါ်တဲ့ ကုသိုလ်က် တစ်ခုခုကိုလဲ ပြုမိတော့တာပဲ၊ အဲဒီက်က အကြောင်းညီညွတ်တဲ့ အခါမှာ ဘဝအသစ်ကို ဖြစ်စေတယ်၊ အဲဒီ ဖြစ်ရာဘဝမှာ အိုရတယ်၊ နာရတယ်၊ သေရတယ်၊ စိုးရိမ်ပူဆွေးရတယ်၊ ငိုကြွေးရတယ်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ အမျိုးမျိုး ဖြစ်ရတယ်၊ ဒါဟာ ခံစားမှု ဝေဒနာမှ ဆက်ပြီး တဏှာမဖြစ်ရအောင် အားထုတ်ဖို့ လိုပါတယ်။

တဏှာမဖြစ်လျှင် သံသရာစက်ပြတ်သည်

မြင်သိမှု, ကြားသိမှု အစရှိတဲ့ စိတ်ဝိညာဏ် တစ်ခုခုဖြစ်လျှင် နာမ်ရုပ်, အာယတန, ဖဿ, ဝေဒနာ ဆိုတဲ့ တရား ၄-မျိုးလဲ တစ်ပါတည်း အတူတကွ ဖြစ်ကြတော့တာပဲ၊ အဲဒါတွေကို မဖြစ်အောင် ဘယ်သူမျှမတတ်နိုင်ဘူး၊ ဘုရား ရဟန္တာ ပုဂ္ဂိုလ် တွေမှာလဲ ကောင်းတာကို မြင်ရ, ကြားရ, သိရရင် သုခဝေဒနာ ဖြစ်တာပဲ၊ မကောင်းတာကို မြင်ရ, ကြားရ, သိရရင် ဒုက္ခသဘော ရှိတဲ့ အကုသလဝိပါက် ဥပေက္ခာနှင့် ဒုက္ခဝေဒနာ ဖြစ်တာပဲ၊ ဒါကြောင့် ဘုရား၊ ရဟန္တာများမှာလဲ ဆူးစူးရင် နေပူ မီးပူနဲ့ ထိရင် ရောဂါဖြစ်ရင် အခံခက်တဲ့ ဒုက္ခဝေဒနာကတော့ ဖြစ် တာပဲ၊ ဒါပေမယ့် စိတ်ဆင်းရဲကတော့ မဖြစ်ဘူး၊ ချမ်းသာကို ခံစားနေရပေမယ့်

http://www.dhammadownload.com

နှစ်သက် သာယာမှုလဲ မဖြစ်ဘူး၊ ဒီလို နှစ်သက်သာယာတဲ့ တဏှာ မဖြစ်တဲ့အတွက် စွဲလမ်းမှုဥပါဒါန်လဲ မဖြစ်ဘူး၊ ပြုလုပ်အားထုတ်မှုကဲလဲ မဖြစ်ဘူး၊ အဲဒီလို ကံမဖြစ်တဲ့အတွက် ဘဝဆင်းရဲတွေလဲ မဖြစ်တော့ဘူး၊ ဘဝသစ် ရုပ်နာမ်ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းသွားတယ်၊ ဒါက ကိလေသာ လုံးဝ ကင်းငြိမ်းပြီးတဲ့ ဘုရား ရဟန္တာမှာ ဆင်းရဲငြိမ်းပုံပဲ။

ဒါကြောင့်...

> တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓောဟောတိ-

လို့ ဟောထားပါတယ်။

တဿာယေဝ တဏှာယ၊ အကောင်းအဆိုးကို ခံစားမှု ကြောင့် ဖြစ်တတ်သော ထိုတဏှာ၏ပင်လျှင်။ အသေသဝိရာဂ နိရောဓာ၊ အရိယာမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့်။ ဝါ၊ အကြွင်းမဲ့ ပျက်ပြယ်ခြင်းချုပ်ခြင်းကြောင့်။ ဥပါဒါနနိရောဓော၊ စွဲလမ်းမှု ဥပါဒါန်၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အရဟတ္တမဂ် မရောက်သေးတဲ့သူတွေမှာ အာရုံအကောင်း အဆိုးကို ခံစားရတဲ့အတွက် အကောင်းတွေကို နှစ်သက်လိုချင်တဲ့ တဏှာ ဖြစ်တတ်တယ်၊ ဒါဟာ ကိလေသာမကင်းသေးတဲ့ သာမန်ပုဂ္ဂိုလ်တို့ သဏ္ဌာန်မှာ ဖြစ်ရိုးဖြစ်စဉ်ပဲ၊ ဝိပဿနာ ဘာဝနာကို အားထုတ်လို့ ဝိပဿနာဉာဏ်စဉ် အရိယာမဂ်ဉာဏ်စဉ်အတိုင်း တက်ပြီး အရဟတ္တ

http://www.dhammadownload.com

မဂ်ကိုရောက်တဲ့ ပုဂ္ဂိုလ်မှာတော့ အဲဒီ အရဟတ္တမဂ်ဉာဏ်၏ အစွမ်းကြောင့် နှစ်သက်သာယာမှု, ဆာလောင်တောင့်တမှု တဏှာတွေ အကုန် ကင်းသွားတယ်။ ဘယ်လို ကောင်းတဲ့အာရုံကိုတွေ့ပြီး ခံစားရပေမယ့် နှစ်သက် သာယာမှု မဖြစ်တော့ဘူး၊ အဲဒါဟာ ပကတိလူတွေအနေနဲ့ဆိုရင်တော့ ယုံစရာတောင်မရှိဘူး၊ အင်မတန် ထူးပါတယ်၊ ဘယ်လို အမြင်ကောင်းတွေကို မြင်ရပေမယ့် နှစ်သက် သာယာမှု မဖြစ်ဘူး၊ ဘယ်လိုအသံကောင်းတွေကို ကြားရပေမယ့် နှစ်သက်သာယာမှု မဖြစ်ဘူး၊ ဘယ်လို အနံ့ကောင်း, အရသာ ကောင်း, အတွေ့ကောင်းတွေကို ခံစားရပေမယ့် နှစ်သက်သာယာမှု မဖြစ်ဘူး၊ ဘယ်လို ကြီးပွားချမ်းသာရေးတွေ ကောင်းစားရေးတွေကို တွေ့ပေမယ့် စိတ်မဝင်စားဘူး၊ မနှစ်သက် မသာယာဘူး၊ နှစ်သက် သာယာမှု လုံးဝမရှိတဲ့အတွက် စွဲလမ်းမှုလဲ မရှိတော့ဘူး၊ အဲဒါကို ဥပါဒါန်ချုပ်တယ်လို့ ဆိုပါတယ်၊ စွဲလမ်းမှုလုံးဝကင်းသွားတယ်၊ လုံးဝမရှိတော့ဘူး, မဖြစ်တော့ ဘူးလို့ ဆိုလိုပါတယ်၊ တဏှာကင်းလျှင် ဥပါဒါန်သာ ကင်းတာ မဟုတ်သေးဘူး၊ ပြုလုပ်အားထုတ်မှုကဲလဲ ကင်းသွားတယ်၊ ဘဝ အသစ်ဖြစ်မှုလဲ ကင်းသွားတယ်၊ အိုရခြင်း, သေရခြင်း အစရှိသော သံသရာဆင်းရဲဟူသမျှတွေလဲ တစ်ပါတည်း အကုန် ကင်းသွားတယ်။ ဒါကြောင့်...

ဥပါဒါနနိရောဓာ၊ စွဲလမ်းမှုဥပါဒါန်၏ ချုပ်ခြင်းကြောင့်။ ဘဝနိရောဓာ၊ ဘဝ အသစ်ဖြစ်ကြောင်း ပြုလုပ်အားထုတ်မှု ကဲ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘဝနိရောဓာ၊ ဘဝ အသစ် ဖြစ်ကြောင်း ကဲ၏ ချုပ်ခြင်းကြောင့်။ ဇာတိနိရောဓာ၊ ဘဝအသစ်ဖြစ်မှု ဇာတိ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဇာတိနိရောဓာ၊ ဇာတိ၏

http://www.dhammadownload.com

ချုပ်ခြင်းကြောင့်။ ဇရာမရဏာ၊ အိုရခြင်း, သေရခြင်းသည်။ နိရုဒ္ဓေန၊ ချုပ်လေတော့၏။ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ၊ စိုးရိမ်ပူဆွေးရခြင်း, ငိုကြွေး ရခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပြင်းစွာ ပူလောင်ခြင်းတို့သည်လည်း။ နိရုဒ္ဓေန၊ ချုပ်ငြိမ်းလေကုန်တော့၏။ ဧवं၊ ဤ ဆိုခဲ့သော အခြင်းအရာဖြင့်။ ဧတဿ ကေवလဿ ဒုက္ခက္ခန္ဓဿ၊ ဤ ဆင်းရဲအစုမျှ သက်သက်၏။ နိရောဓော၊ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်တယ်–လို့ ဟောထားပါတယ်။

အဲဒါဟာ အလွန်ရှင်းနေပါတယ်၊ အရဟတ္တမဂ်၏ အစွမ်းကြောင့် တဏှာဖြစ်နိုင်ခွင့်မရှိတော့ဘဲ လုံးဝ ချုပ်ငြိမ်းသွား လျှင် တဏှာမှုဆက်ပြီး ဖြစ်မည့်အကြောင်းအကျိုး တရားတွေ အကုန်လုံး မဖြစ်ပေါ်နိုင်တော့ဘဲ ချုပ်ငြိမ်းသွားတယ်၊ လုံးဝ ကင်းသွားတယ်။ အဲဒီလို ချုပ်ငြိမ်း ကင်းပြတ်သွားတာတွေ ဟာ မပြတ်ဖြစ်ပျက်နေတဲ့ ဆင်းရဲ သက်သက်မျှဘဲ၊ အိုခြင်း, နာခြင်း, သေခြင်း စသည့် သဘောရှိတဲ့ ဆင်းရဲတွေချည်းမို့ ချမ်းသာဆိုရင် ဘာတစ်ခုမျှ မပါဘူး၊ ဒါကြောင့် ချမ်းသာတွေ ပျောက်သွားတာလဲ မဟုတ်ဘူး၊ အသက်ရှင်နေတဲ့ သတ္တဝါ အကောင်လိုက် ပျောက်သွားတာလဲ မဟုတ်ဘူး၊ အမှန်စင်စစ် ကတော့ အိုတတ်, နာတတ်, သေတတ်တဲ့ စိုးရိမ်ပူဆွေးခြင်း စသည်ကို ဖြစ်စေတတ်တဲ့ ခဏမစဲ ဖြစ်ပျက်နေတဲ့ အကြောင်း အကျိုး အစဉ်အဆက် ရုပ်နာမ်ဆင်းရဲ အစုအဝေးမျှ ချုပ်ငြိမ်း ပြတ်စဲသွားခြင်းသာ ဖြစ်တယ်၊ မီးပုံကြီး ငြိမ်းသွားတာလို ဆင်းရဲအစု ဆင်းရဲအပုံကြီး ငြိမ်းသွားခြင်းသာ ဖြစ်တယ်လို့ ဆိုလိုပါတယ်။

http://www.dhammadownload.com

အောက်မဂ်များဖြင့်လဲ ငြိမ်းတန်သမျှ ငြိမ်းတယ်

အရဟတ္တမဂ်ဖြင့် တဏှာအကြွင်းမဲ့ ချုပ်ငြိမ်းသလို အနာဂါမိမဂ်ဖြင့်လဲ ကာမတဏှာ ချုပ်ငြိမ်းတယ်၊ ဒါကြောင့် ကာမတဏှာနဲ့ပတ်သက်တဲ့ ဥပါဒါန်က် ကာမဘဝဌ္ဌေဖြစ်ရခြင်း အိုရသေရခြင်း စသည်တွေ အကုန်ငြိမ်းသွားတယ်၊ သောတာပတ္တိမဂ်ဖြင့်လဲ အပါယ်ကျစေနိုင်တဲ့ တဏှာ, ခုနစ်ဘဝထက်ပိုပြီး ဖြစ်စေနိုင်တဲ့ တဏှာတွေ အကုန်ငြိမ်းတယ်၊ ဒါကြောင့် သောတာပန်မှာ အပါယ်ဘဝနဲ့ဆိုင်တဲ့ ဆင်းရဲတွေ အကုန်ငြိမ်းသွားတယ်၊ ဒါတွေလဲ "တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓာ ဥပါဒါနနိရောဓော" အစရှိတဲ့ ဒေသနာထဲမှာ သြမကနည်း အားဖြင့် အတွင်းဝင်ပါတယ်၊ အလွန် အကဲကိုယူတာ မဟုတ်ဘဲ ယူသင့်ယူထိုက်သမျှ လျှော့ယူတာကို သြမကနည်းလို့ ခေါ်ပါတယ်။

ဝိပဿနာဖြင့်လဲ တဒင်္ဂတော့ ငြိမ်းပါတယ်

ဒီ သြမကနည်းအရအားဖြင့်ဆိုလျှင် ဝိပဿနာဉာဏ်ဖြင့်လဲ တဒင်္ဂတော့ ငြိမ်းတယ်လို့မှတ်ရမယ်၊ ဘယ်လိုလဲဆိုရင် မျက်စိ နှာ အစရှိတဲ့ ဒွါရ ၆-ပါးမှာ အာရုံ အကောင်းအဆိုး တစ်မျိုးမျိုး ပေါ်လာတဲ့အခါ ခံစားမှု အကောင်းအဆိုး ဝေဒနာ တစ်မျိုးမျိုး ဖြစ်တယ်၊ အဲဒီအခါမှာ ဝိပဿနာဉာဏ်ဖြင့် အမှန်အတိုင်း မသိရင် တဏှာဖြစ်ပေါ်လာတယ်၊ တဏှာ ဖြစ်ပေါ်လာတော့ ဥပါဒါန်ကမ္မဘဝ ဇာတိ ဇရာ မရဏ စသည် တွေလဲ ထိုက်သည့်အားလျော်စွာ ဖြစ်ပေါ်လာကြတော့တာပဲ၊ ဝိပဿနာဉာဏ် ကင်းမဲ့တဲ့ သူတွေမှာ ဒီပုံ ဒီနည်းဖြင့် သံသရာ ဝဋ်ဆင်းရဲတွေ မပြတ်ဆက်စပ်ပြီး ဖြစ်နေတယ်။

http://www.dhammadownload.com

မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း မပြတ် ရှိနေတဲ့သူမှာ ဝိပဿနာဉာဏ်ရင့်တဲ့အခါ တရိပ်ရိပ်နဲ့ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတဲ့ သဘောတွေကိုသာ တွေ့ရတယ်၊ မမြဲတဲ့သဘော, ဆင်းရဲတဲ့သဘော, အတ္တကောင်မဟုတ်တဲ့သဘောတွေကိုသာတွေ့ရတယ်၊ အဲဒီလိုအခါမှာ အကောင်းအဆိုး ဝေဒနာ တစ်မျိုးမျိုး ထင်ရှား ပေါ်လာရင်လဲ တစ်ခဏချင်း ပျက်သွားတာကိုသာ တွေ့ရတယ်၊ ဒီတော့ အဲဒီ ထင်ပေါ်လာတဲ့ ဝေဒနာကိုလဲ မနှစ်သက် မသာယာဘူး၊ တစ်ခြား ဝေဒနာကိုလဲ မတောင့် တဘူး၊ တရိပ်ရိပ်နဲ့ ခဏမစဲ ဖြစ်ပျက်နေတဲ့ သဘောတွေနဲ့ စပ်ပြီး နှစ်သက်သာယာမှု ဆာလောင်တောင့်တမှု တဏှာဟာ ဖြစ်နိုင်ခွင့်မရှိဘဲ လုံးဝကင်းနေ တယ်၊ အဲဒါဟာ "တဿာယေဝ တဏှာယ၊ ခံစားမှုဝေဒနာကြောင့် ဖြစ်တတ်သော ထိုတဏှာ၏ ပင်လျှင်၊ အသေသဝိရာဂ နိရောဓာ၊ အကြွင်းမဲ့ ပျက်ပြယ်ခြင်း, ချုပ်ခြင်းကြောင့်"လို့ ဆိုတဲ့ ဒေသနာ တော်ထဲမှာ သြမကနည်းအရအားဖြင့်ပါဝင်နေပါတယ်၊ ဒီနေရာမှာထူးတာကတော့ အရိယမဂ်ဖြင့်ငြိမ်းတာက မဂ်ဖိုလ်ရတဲ့ ပုဂ္ဂိုလ်၏ သန္တာန်မှာ အစဉ်ထာဝရငြိမ်းတယ်၊ အာရုံတိုင်းမှာလဲ ငြိမ်းတယ်၊ ဝိပဿနာ ဖြင့် ငြိမ်းတယ်ဆိုတာကတော့ ရှိမိတဲ့ တစ်အာရုံ တစ်အာရုံ မှာသာ ငြိမ်းတယ်၊ မရှိမိတဲ့ အာရုံတွေမှာတော့ မငြိမ်းဘူး၊ အစဉ်ထာဝရ ငြိမ်းတာလဲ မဟုတ်ဖူး၊ ရှာနေဆဲမှာသာ ငြိမ်းတယ်၊ ဒါကြောင့် ဒီ ဝိပဿနာဖြင့် ငြိမ်းတာကို 'တဒင်္ဂနိဗ္ဗုတိ=တဒင်္ဂ အားဖြင့် ငြိမ်းတယ်'လို့သာ ဆိုရတယ်။ ရှိမိတဲ့ ဝိပဿနာကုသိုလ် တစ်စိတ်၏ အစွမ်းဖြင့် ရှိမိတဲ့ အာရုံနဲ့ဆိုင်တဲ့ ကိလေသာတစ်စိတ် ငြိမ်းတယ်လို့ ဆိုလိုပါတယ်။

အဲဒီလို ရှိမိတဲ့ အာရုံနဲ့စပ်ပြီး နှစ်သက်သာယာမှု, လိုချင် တောင့်တမှု တဏှာမဖြစ်ဘဲ ငြိမ်းသွားရင် အဲဒီ တဏှာကဆက်ပြီး

http://www.dhammadownload.com

ဖြစ်မည့် ဥပါဒါန် ကံနှင့် ဘဝသစ်ဖြစ်ခြင်း, အိုခြင်း, နာခြင်း, သေခြင်း, စိုးရိမ်းပူဆွေးခြင်း အစရှိသော အကျိုးဆက် ဆင်းရဲတွေလဲ ဖြစ်ခွင့် မရှိတော့ဘဲ အကုန်လုံး ချုပ်ငြိမ်းသွားတယ်။ ဒီလို ရှုမိတဲ့ အာရုံတိုင်းမှာ ငြိမ်းငြိမ်း သွားတာကို "တဒင်္ဂ နိရောဓ-တစ်စိတ် တစ်ပိုင်းအားဖြင့် ချုပ်ခြင်း၊ တဒင်္ဂနိဗ္ဗုတိ- တစ်စိတ် တစ်ပိုင်းအားဖြင့် ငြိမ်းခြင်း"လို့ ခေါ်တယ်။ အဲဒါ ဟာ ဝေဒနာကနေပြီး တဏှာမဖြစ်ဘဲ သံသရာစက် ပြတ်သွား အောင် ရှုပုံပါပဲ၊ မြင်တိုင်း မြင်တိုင်း မှတ်ရင် မြင်တိုင်း မြင်တိုင်း မြင်ရုံမျှတွင်ဘဲ ရပ်တန့်သွားတယ်၊ အဲဒီ မြင်တာနဲ့ စပ်ပြီး တဏှာ မဖြစ်ရတော့ဘူး၊ တဏှာမဖြစ်တော့ ဥပါဒါန်ကံဘဝသစ် စသည်လဲ မဖြစ်တော့ဘူး၊ အကုန်လုံး ငြိမ်းသွားတယ်၊ ထို့အတူ ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံ့သိတိုင်း မှတ်ရင်လဲ ကြားရုံမျှ စသည်တွင်ပဲ ရပ်တန့်သွားတယ်၊ အဲဒီကြားမှု စသည်နှင့်စပ်ပြီး တဏှာမဖြစ်တော့ဘူး၊ တဏှာ မဖြစ်တော့ ဥပါဒါန် ကံ ဘဝသစ်စသည်လဲ မဖြစ်ရတော့ဘူး၊ အကုန်လုံး ငြိမ်းသွားတယ်။ အဲဒီလို ငြိမ်းပုံကို သမထ, ဝိပဿနာ, နှစ်မျိုးလုံးဖြင့် ငြိမ်းဖူးတဲ့ သာဓကနှင့် နှိုင်းဆပြီး သိနိုင်ပါတယ်။

ငြိမ်းဖူးတဲ့သာဓက မဟာတိဿမထေရ် ဝတ္ထု

သီဟိုဠ်ကျွန်း မဟိန္ဒလေ့ခေါ်တဲ့ မဟိန္ဒတောင် တောကျောင်းမှာ သီတင်းသုံးနေတဲ့ မဟာတိဿ မထေရ်ဟာ တစ်နေ့သော အခါ နံနက်စောစော ကျောင်းကထွက်ပြီး အနုရာဓမြို့ဆီကို ဆွမ်းခံရန် ကြွလာခဲ့ပါတယ်၊ အဲဒီအချိန်မှာ အနုရာဓမြို့က အမျိုးသမီး တစ်ယောက်လဲ သူ့ခင်ပွန်းနဲ့ ရန်ဖြစ် စိတ်ဆိုးပြီး အိမ်က ထွက်လာခဲ့ပါတယ်၊ ဒီလို ထွက်လာရင်း မဟာတိဿ မထေရ်နဲ့ ခရီးရင်ဆိုင်တွေ့တယ်၊ တွေ့တဲ့အခါ ဒီအမျိုးသမီးက တပ်မက်တဲ့ ရာဂစိတ်နဲ့

http://www.dhammadownload.com

ဖောက်ပြန်ပြီး ကျယ်လောင်တဲ့ အသံထွက်သွားအောင် ပြင်းစွာ ရယ်မိပါသတဲ့။ ဒီတော့ မဟာတိဿမထေရ်က လှမ်းကြည့်လိုက်တဲ့ အခါ အဲဒီအမျိုးသမီးရဲ့ သွားတွေကိုတွေ့ရတယ်၊ မူလကလဲ အရိုးစု ကမ္မဋ္ဌာန်းကို နှလုံးသွင်း အားထုတ် နေတဲ့အတွက် အဲဒီလို သွားကို မြင်လိုက်တာနဲ့ ဒီအမျိုးသမီးရဲ့ တစ်ကိုယ်လုံးပင် အရိုးစုအနေနဲ့ ကမ္မဋ္ဌာန်းအာရုံ ထင်ပေါ်လာ ပါတယ်၊ အဲဒီ ထင်ပေါ်လာတဲ့အရိုးစု အာရုံနိမိတ်ကိုပဲ အာရုံ ပြုပြီး စျာန်ကိုလဲ ရသွားတယ်၊ အဲဒီစျာန်စိတ်နဲ့ အရိုးစုအာရုံကို ဝိပဿနာ ရှုပြီးတော့ အရဟတ္တမဂ်ဖိုလ်ရောက်ပြီး ရဟန္တာလဲ ဖြစ်သွားတော်မူပါတယ်။

အဲဒီလို ရဟန္တာဖြစ်ပြီးတဲ့နောက် မဟာတိဿ မထေရ်လဲ ဆွမ်းခံရန် ခရီးဆက်ပြီး ကြွသွားတော်မူပါတယ်၊ အဲဒီလိုကြွနေ ရင်း အဲဒီအမျိုးသမီး လိုက်ရှာတဲ့ သူ့ခင်ပွန်း အမျိုးသားကိုလဲ တွေ့ရပြန်တယ်၊ တွေ့တဲ့အခါမှာ အဲဒီအမျိုးသား ဒကာက "ဒီလမ်းမှာ မိန်းမတစ်ယောက် သွားတာကို တွေ့ခဲ့ပါသလား အရှင်ဘုရား"လို့ မေးပါတယ်။ ဒီတော့ မဟာတိဿမထေရ်က ဒီလို ဖြေကြားလိုက်ပါ တယ်–

နာဘိဇာနာမိ ဣတ္ထိ ဝါ၊ ပုရိသော ဝါ ဣတော ဂတော။
အပိ စ အဋ္ဌိသင်္ခါတော ဂစ္ဆတေသ မဟာပထေ။

ဣတော ဂတော၊ ဤအရပ် ဤလမ်းမှ သွားလေသောသူ သည်။ ဣတ္ထိဝါ၊ မိန်းမဖြစ်သည်ဟူ၍လည်းကောင်း။ ပုရိသောဝါ– ယောကျ်ားဖြစ်သည် ဟူ၍လည်းကောင်း။ နာဘိဇာနာမိ၊ ငါ မသိပါ။ အပိစ၊ စင်စစ်သော်ကား။ ဇသအဋ္ဌိသင်္ခါတော၊ အရိုးစုဖြစ်သော ဤအကောင်သည်။ မဟာပထေ၊ လမ်းမကြီး၌ ဂစ္ဆတေ၊ သွားလေ၏ တဲ့။

http://www.dhammadownload.com

အဲဒါ မဟာတိသမထေရ်ရဲ့ ပြောပုံပဲ၊ သူမြင်တုန်းက သွားရိုးကိုသာ မြင်တယ်၊ အဲဒါကို အရိုးစုလို နှလုံးသွင်းလိုက်တော့ အဲဒီမိန်းမ၏ တစ်ကိုယ်လုံးဟာ အရိုးစုလို့သာ သူ့မှာထင်ပေါ်ခဲ့တယ်၊ မိန်းမ အနေအားဖြင့် မထင်ခဲ့ဘူး၊ ဒါကြောင့် မိန်းမ အနေနဲ့ အာရုံပြုပြီး ကိလေသာစိတ်တွေ သူ့မှာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး နောက်ပြီးတော့ အဲဒီလို အရိုးစုထင်တဲ့ ဈာန်စိတ်ဖြစ်ရာက ဝိပဿနာ ရှုလိုက်ပြီးတော့ အဲဒီလို မဟာတိသမထေရ်ဟာ ကိလေသာ လုံးဝကင်းငြိမ်းတဲ့ ရဟန္တာအဖြစ်သို့လဲ ရောက်သွားတော်မူပါတယ်။

ကြက်တူရွေးတောင် ထင်နိုင်ပါသေးတယ်

ဒီ မဟာတိသမထေရ်ရဲ့ ဝတ္ထုထဲမှာ သွားကို မြင်ရုံနဲ့ အရိုးစု ထင်တယ်ဆိုရာမှာ ကမ္မဋ္ဌာန်းလက်မဲ့ ပုဂ္ဂိုလ်အတွက် ယုံမှားတွေးတောစရာ ရှိပါတယ်၊ ဒါပေမယ့် ဘာဝနာဆိုတာ ကိုယ်တိုင် အားထုတ်ကြည့်မှ သူ့သဘော သတ္တိကို သေသေချာချာ သိနိုင်ပါတယ်၊ အလေ့ အကျင့်မရှိဘဲနဲ့ အနည်းငယ်လောက် ဆင်ခြင်ကြည့်ရုံနဲ့တော့ ဒီလို အာရုံနိမိတ် မထင်နိုင်ပါဘူး၊ အမြဲမပြတ် ကြာရှည်စွာ နှလုံးသွင်းနေမှ ထင်နိုင်ပါတယ်၊ အာရုံထင်တယ်ဆိုတာ သညာရဲ့ အစွမ်းပဲ၊ ထပ်ကာထပ်ကာ နှလုံးသွင်းနေ တော့ သညာဟာ အားကောင်းပြီး နိုင်မြဲလာတယ်၊ အရိုးစု အရိုးစုလို့ နှလုံးသွင်းနေရင် ကိုယ့်ကိုယ်ကြီးကိုလဲ အရိုးစု အနေ နဲ့ ထင်တယ်၊ သူများကိုယ်တွေကိုလဲ အရိုးစုအနေနဲ့ ထင်တယ်၊ လူမပြောနဲ့ ကြက်တူရွေးတောင် ထင်နိုင်ပါသေးတယ်။

http://www.dhammadownload.com

ကြက်တူရွေးဝတ္ထု

ဘုရားလက်ထက်တုန်းက ကုရုတိုင်း ကမ္မာသဓမ္မ အရပ်မှာ သတိပဋ္ဌာန်တရား အားထုတ်သူ များပြားပုံကို အဋ္ဌကထာက ကြက်တူရွေး ဝတ္ထုနဲ့ပြထားတယ်၊ ကခြေသည် တစ်ဦးဟာ ဘိက္ခုနီမ ကျောင်းတစ်ခုမှာ ဝင်ရောက်တည်းခိုပြီး ထွက်သွား တဲ့အခါကျတော့ စကားပီနားလည်တဲ့ ကြက်တူရွေးလိမ္မာ တစ် ကောင် ကျန်နေရစ်သတဲ့ အဲဒီ ကြက်တူရွေးကို သာမဏေရီ မကလေးတွေက မွေးမြူပြုစု ထားတယ်၊ ဗုဒ္ဓရက္ခိတလို့လဲ အမည်ပေးထားတယ်၊ တစ်နေ့သော အခါမှာ ကျောင်းအုပ်ထေရီမကြီးက "ဟေ့ ဗုဒ္ဓရက္ခိတ... ဘာတရားကို နလုံးသွင်းသလဲ"လို့ မေးတယ် ကြက်တူရွေးက "ဘာတရားကိုမှ နလုံးမသွင်းပါဘူးအရှင်မ"လို့ ပြောတယ်၊ "ရှင်ရဟန်း သူတော်ကောင်း တွေ နေရာမှာ နေတဲ့သူဟာ ဘာတရားကိုမှ နလုံးမသွင်းဘဲ နေလို့ တော့ မသင့်လျော်ဘူး ကမ္မဋ္ဌာန်းတစ်ခုခုကိုတော့ နလုံးသွင်း ရတယ်၊ သင်ကတော့ မျှားမျှား နလုံသွင်းနိုင်မှာ မဟုတ်ဘူး။ အဋ္ဌ, အဋ္ဌ=အရိုးစု, အရိုးစု"လို့ အဲဒါပဲနလုံးသွင်းနေပေတော့လို့ ထေရီမကြီးက ကမ္မဋ္ဌာန်း ပေးထားတယ်၊ ကြက်တူရွေးကလဲ အရိုးစု, အရိုးစု"လို့ မပြတ် နလုံးသွင်းနေသတဲ့"

တစ်နေ့သော နံနက်ခင်းအခါ တံခါးတိုင်ပေါ်မှာ နေပူဆာ လှုံနေတုန်း အဲဒီ ဗုဒ္ဓရက္ခိတကြက်တူရွေးကို သိမ်းငှက်က သုတ် သွားတယ်၊ ဒီတော့ သာမဏေမကလေးတွေက "ဗုဒ္ဓရက္ခိတကို သိမ်းငှက်သုတ်သွားတယ်–ဟေးဟေး" စသည်ဖြင့် ကျယ်လောင် စွာ ဟစ်အော်ပြီး ခဲနဲ့ တုတ်နဲ့ လိုက်ချောက်ကြတယ်၊ ဒါနဲ့ သိမ်း ငှက်က လန့်ပြီး လွှတ်ချထားခဲ့တယ်၊ သာမဏေရီမကလေးတွေက ဗုဒ္ဓရက္ခိတကို ကောက်ယူလာပြီး ထေရီမကြီးရှေ့မှာ ချထားတယ်၊

http://www.dhammadownload.com

ဟေ့ ဗုဒ္ဓရက္ခိတ သင့်ကို သိမ်းက သုတ်သွားတဲ့အခါ ဘယ်လို နှလုံးသွင်းသလဲလို့ ထေရိမကြီးက မေးတယ်။ ဒီတော့ ကြက်တူရွေးက "တခြားကိုတော့ နှလုံးမသွင်းမိပါဘူး၊ အရိုးစု တစ်စုက အရိုးစုတစ်ခုကို သုတ်ချီသွားတယ်၊ ဘယ်လိုနေရာကျရင် ဒီအရိုးစုကို ဖရိုဖရဲ ကြဲပစ်လိုက်မလဲ မသိဘူးလို့ ဒါကိုပဲ နှလုံး သွင်းမိပါတယ်" လို့ ပြောသတဲ့။ အေးကွယ်... သာဓု–သာဓု၊ သင့်မှာ ဒီလို နှလုံးသွင်းတာဟာ နောင်အခါ ဘဝမှ လွတ်မြောက်ရေးအတွက် အကြောင်း အထောက်အပံ့ ဖြစ်ပါလိမ့်မယ်လို့ ထေရိမကြီးက အားပေးစကား ပြောကြားသတဲ့။

စိတ်ဆိုတာ ထပ်ကာ ထပ်ကာ နှလုံးသွင်းနေရင် ကြာတော့ စွဲမြဲသွားတာပဲ၊ ကြက်တူရွေးတောင် အရိုးစုထင်အောင် နှလုံးသွင်းနိုင်သေးရင် လူပုဂ္ဂိုလ်က ဘာကြောင့် နှလုံးမသွင်းနိုင်ပဲ ရှိရမှာလဲ၊ အဲဒီကြက်တူရွေးဟာ သူ့ကိုယ်ကိုလဲ အရိုးစုမျှပဲလို့ နှလုံးသွင်းနေတယ်။ သူများကိုယ်ကိုလဲ အရိုးစုမျှပဲလို့ နှလုံးသွင်းနေတယ်။ ဒါကြောင့် သိမ်းက သုတ်သွားတဲ့ အခါမှာ ကြောက်ခြင်း, လန့်ခြင်းမရှိဘူး၊ စိုးရိမ်ပူပန်ခြင်းမရှိဘူး၊ တော်တော် သက်သာခွင့်ရနေတယ်၊ အဲဒီလိုသာ ကမ္မဋ္ဌာန်းနှလုံးသွင်း မှုမရှိရင်တော့ သိမ်းသုတ်သွားစဉ်က ကြက်တူရွေးမှာ ကြောက်လန့်ခြင်း စိုးရိမ်ပူပန်ခြင်းတွေဟာ အများကြီး ဖြစ်ရရှာလိမ့်မယ်၊ သိမ်း အပေါ်မှာလဲ အများကြီး ဒေါသဖြစ်လိမ့်မယ်၊ ငါ့ကို တစ်နေရာကျရင် သတ်စားလိမ့်မယ် လို့လဲ ကြံတွေးမိလိမ့်မယ်၊ ယခုတော့ သူ့မှာ ကိုယ်လဲ အရိုးစုပဲ၊ သူလဲအရိုးစုပဲ၊ အရိုးစုတစ်ခုက အရိုးစုတစ်ခုကို ချီဆောင်သွားတာပဲလို့ ဒီလို နှလုံးသွင်း နေတဲ့အတွက် အဲဒီလို ကြောက်လန့်တာတွေ စိတ်ဆိုးတဲ့ အမျက် ဒေါသတွေ ငါ့ကို သတ်စားလိမ့်မယ်လို့ ကြံတွေးတာတွေ ဘာမျှ မဖြစ်ရတော့ဘူး၊ သူ့ဟာ တော်တော်နေရာကျတာပဲ။

http://www.dhammadownload.com

အဲဒီလို ဖြစ်ပုံမျိုးကိုပဲ ရည်ရွယ်ပြီးတော့ "သောက ပရိဒေဝါနံ သမတိက္ကမာယ=စိုးရိမ်ပူဆွေးမှု, ငိုကြွေးမှုတို့ကို ကျော်လွန်ရန် အတွက်လဲဖြစ်ပါတယ်။ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ=ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ချုပ်ငြိမ်းရန် အတွက်လဲ ဖြစ်ပါတယ်"စသည်ဖြင့် သတိပဋ္ဌာန် ဘာဝနာအလုပ်ကို ချီးမွမ်းထားပေတာပဲ။

ယခုပြောခဲ့တဲ့အတိုင်း ကြက်တူရွေးတောင် နှလုံးသွင်းလို့ အရိုးစု ထင်နေသေးရင် လူဆိုတော့ ပြောစရာတောင် မလိုတော့ ပါဘူး၊ ဒါပေမယ့် တရားထဲစိတ်မဝင်စားလို့ တရားနှလုံးသွင်းမှုက မရှိတဲ့ အတွက် ကြက်တူရွေးလောက်တောင် နေရာမကျတဲ့ လူတွေကလဲ အများကြီးရှိပေလိမ့်မယ်။ အဲဒီတော့ ကမ္မဋ္ဌာန်း တရား အားထုတ်မှုနဲ့ စပ်ပြီး ကြက်တူရွေးထက် သာအောင် အားထုတ်မယ်လို့ ဒီလို့တော့ နှလုံးသွင်းထားဖို့လိုပါတယ်။

မဟာတိဿမထေရ် ဝတ္ထုအဆက်

ခုတင်က ပြောခဲ့တဲ့ အရှင်မဟာတိဿမထေရ်ကတော့ မူလ ကတည်းက အရိုးစု ကမ္မဋ္ဌာန်းကို လေ့လာပွားများနေတဲ့အတွက် ရယ်တဲ့မိန်းမရဲ့သွားကို မြင်လိုက်တာနဲ့ အဲဒီ မိန်းမရဲ့ တစ်ကိုယ် လုံးပင် အရိုးစုကြီးအနေနဲ့ ထင်သွားပါတယ်၊ အဲဒီလို ထင်ပြီး ဈာန်ကိုလဲ ရသွားပါတယ်၊ အဲဒီဈာန်ကို အခြေခံပြီး ဝိပဿနာ ရှုလိုက်တဲ့အတွက် ထိုနေရာမှာပဲ ရဟန္တာဖြစ်တော်မူသွားပါတယ်။

အကယ်၍သာ မဟာတိဿမထေရ်ဟာ ရယ်တဲ့မိန်းမကို မြင်စဉ်က အရိုးစုအနေနဲ့ မရှုဘဲ မိန်းမတစ်ယောက် အနေနဲ့ ကြည့်မိ နှလုံး သွင်းမိလို့ရှိရင် အဲဒီအချိန်မှာလဲ ကာမရာဂ ကိလေသာ တွေ ဖြစ်နိုင်တယ်၊ ရာဂဖြစ်ရုံတွင်တောင်မကဘူး၊ အဲဒီမိန်းမက တပ်မက်တဲ့ရာဂနဲ့ ဖောက်ပြန် နေတဲ့အတွက် တောစခန်းမှာ ဆိတ်ကွယ်

http://www.dhammadownload.com

ရာကလဲ နေရတော့ ရဟန်းသီလတောင် ပျက်စီးသွား စရာအကြောင်း ရှိနေပါသေးတယ်၊ အဲဒီအချိန်က ရာဂမဖြစ် ခဲ့တောင် ပြုံးရယ်နေပုံကို နှလုံးသွင်း မှတ်စွဲထားမိရင် နောင်တစ်ချိန်မှာ ရာဂကိလေသာတွေ ဖြစ်လာနိုင်ပါတယ်၊ ယခုအရှင်မဟာတိဿမထေရ်မှာတော့ ပြုံးရယ် နေပုံ နှလုံးသွင်းမည့်အစား အရိုးစုလို့လဲ နှလုံးသွင်းမိတယ်၊ အဲဒီက နောက် ဝိပဿနာဉာဏ်နဲ့လဲ ဆက်ပြီးရှုသွားတယ်။ ဒါကြောင့် အဲဒီ မဟာတိဿမထေရ်မှာ အဲဒီမိန်းမကိုမြင်မှုနဲ့စပ်ပြီး ဘာကိလေသာမျှ မဖြစ်ရတော့ဘူး၊ ကိလေသာမှ ဆက်ပြီးဖြစ်မည့် ဥပါဒါန်တို့ ကံတို့ ဘဝသစ်ဆင်းရဲတို့ဖြစ်ဖို့ဆိုတာကတော့ ဝေးရော့ပဲ။ အဲဒါဟာ မြင်သိမှု ဝိညာဏ်နှင့်တကွ နာမ်ရုပ် အာယတန ဖဿဝေဒနာ ဆိုတဲ့ အကျိုး တရားတွေ ဖြစ်ပေါ်လာရာမှာ ဝေဒနာ အကျိုးတရားမှ ဆက်ပြီး တဏှာ မဖြစ်ရတော့ဘဲ သံသရာစက် ပြတ်သွားပုံ သာဓကပါပဲ။ အဲဒီမှာ ဝိပဿနာ ရှုမိတဲ့အတွက် မြင်ရတဲ့ အာရုံနဲ့စပ်ပြီး တဏှာမဖြစ်တော့ဘဲ ချုပ်ငြိမ်းသွားတာက "တဒင်္ဂ နိရောဓ=တစ်စိတ် တစ်ပိုင်းအားဖြင့် ချုပ်တာ၊ တဒင်္ဂနိဗ္ဗုတိ= တစ်စိတ်တစ်ပိုင်းအားဖြင့် ငြိမ်းတာ"လို့ မှတ်ရမယ်။ အရဟတ္တမဂ်ဖြင့် ငြိမ်းတာကတော့ "သမုစ္ဆေဒ = အမြစ်ပြတ် အကြွင်းမဲ့ ချုပ်တာ ငြိမ်းတာ"လို့ မှတ် ရမယ်။

ဒါကြောင့် "တဿာယေဝ တဏှာယ၊ ခံစားမှုဝေဒနာကို အကြောင်းပြု၍ဖြစ်နိုင်သော ထိုတဏှာပင်လျှင်။ အသေသ ဝိရာဂ နိရောဓာ၊ အကြွင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ခြင်းကြောင့်။ ဥပါဒါန နိရောဓာ၊ စွဲလမ်းမှုဥပါဒါန်၏ ချုပ်ခြင်း, မဖြစ်ပေါ် ခြင်းသည်။ ဟောတိ၊ ဖြစ်၏။" စသည်ဖြင့် တဏှာကဆက်ပြီး ဖြစ်မည့် အကျိုး အဆက်ဆက်တွေ မဖြစ်ပေါ်လာတော့ဘဲ ချုပ်ငြိမ်းသွားကြကြောင်းကို ဟောထားပါတယ်။

http://www.dhammadownload.com

ရှုတိုင်း ရှုတိုင်း ကိလေသာ, ကံ, ဝိပါက် ငြိမ်းတယ်

ဒါကြောင့် မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, သိတိုင်း အနိစ္စ, ဒုက္ခ, အနတ္တ သဘောကို မြင်အောင် ရှုနိုင်ရင် ရှုတိုင်း ရှုတိုင်း တဏှာ ဥပါဒါန် ကံတို့နှင့်တကွ ဘဝသစ် ဝိပါက်ခန္ဓာ တွေ တဒင်္ဂအားဖြင့် ငြိမ်းငြိမ်းသွားကြတယ်၊ ဝိပဿနာရှုတယ် ဆိုတာ ဒီ ကိလေသာ, ကံနဲ့ ဝိပါက်ခန္ဓာဆိုတဲ့ ဝဋ်ဆင်းရဲတွေ ငြိမ်းအောင် ရှုရတာပဲ၊ သေးသေးသိမ်သိမ် အလုပ်မဟုတ်ဘူး၊ အင်မတန် ကြီးကျယ်တဲ့ အလုပ်ပဲ၊ ဒါကြောင့် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက် လိုသူတိုင်း ဒီ ဝိပဿနာအလုပ်ကိုလုပ်သင့်တယ်၊ ဝိပဿနာ မရှု နိုင်ရင်တော့ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိ တိုင်း တွေ့ထိတိုင်း ကြံ့သိတိုင်း အကောင်းအဆိုး ခံစားမှုဝေဒနာ ဖြစ်ပြီးရင် တပ်မက် သာယာမှု တောင့်တမှု တဏှာ ဆိုတာက ဖြစ်တော့တာပဲ တဏှာဖြစ် ပြီးရင် ဥပါဒါန်နဲ့ ကံလဲ ဖြစ်တော့တာပဲ၊ ကံဖြစ်တော့ အဲဒီ ကံ၏အကျိုး ဘဝသစ်ခန္ဓာလဲ ဖြစ်တော့ တာပဲ၊ အဲဒါတွေ ဖြစ်ပုံကိုတော့ နောက်ရက်တွေ ကျမှ အကျယ်ပြောရမယ်။ ဒီကနေ့တော့ ပစ္စုပ္ပန်အကျိုး ငါးပါးက ဆက်ပြီး တဏှာဖြစ်ပုံလောက်ပဲ များများပြောရမယ်။

ပစ္စုပ္ပန်အကျိုးကိုမှီပြီးအကြောင်းတရား ဖြစ်ပေါ်လာပုံ

ယခုအဆင်းအာရုံ အကောင်းအဆိုးတွေကို မြင်တာဟာ စက္ခုဝိညာဏ်ပဲ၊ ဒီဝိညာဏ်ဟာ ရှေးဘဝကပြီးစီးခဲ့တဲ့ အဝိဇ္ဇာနဲ့ သင်္ခါရကြောင့် ဖြစ်ပေါ်လာတယ်၊ ယခု တစ်ဘဝလုံး မြင်တိုင်း မြင်တိုင်း ရှေးဘဝက အဝိဇ္ဇာ သင်္ခါရကြောင့် မြင်ရတာ ချည်းတဲ့၊

http://www.dhammadownload.com

မြင်တယ်ဆိုရင် သူနဲ့တွဲဖက် နာမ်ရုပ်လဲ ပါတယ်၊ သဠာယတနဆိုတဲ့ အာယတနလဲ ပါတယ်၊ အာရုံနဲ့ တွေ့တဲ့ ဖဿလဲ ပါတယ်၊ အကောင်းအဆိုးကို ခံစားတဲ့ ဝေဒနာလဲ ပါတယ်၊ ဒါကြောင့် မြင်တိုင်း မြင်တိုင်း ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ အကျိုးတရား ငါးပါးလုံး တစ်ပေါင်းတည်း ဖြစ်ကြတာပဲ၊ ဝေဒနာမှာတော့ အကြောင်း အကျိုး ဆက်စပ်ပြီး အသေးစိတ်အားဖြင့် တစ်ပါးချင်း ဟော ထားတယ်၊ အဲဒါက အသေးစိတ်အားဖြင့် ခွဲခြားပြီး မှတ်ရ အောင်လို့ ဟောထားတာပဲ၊ ဒါပေမယ့် အဲဒီလို တစ်ခုပြီးမှ တစ်ခု အသီးသီးဖြစ်နေတာတော့ မဟုတ်ဖူး။ သခ်ါရကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုရင် အဲဒီ ဝိညာဏ်နဲ့ဆိုင်တဲ့ နာမ်ရုပ်, အာယတန,ဖဿ,ဝေဒနာတွေလဲ တစ်ပေါင်းတည်း ဖြစ်ကြတော့တာ ပဲ။ အဲဒါတွေဟာ ရှေးက သခ်ါရကြောင့်ဖြစ်တဲ့ အကျိုးတရား တွေပဲ၊ ဝိပါကဝဋ် တရားတွေလို့လဲ ခေါ်ရတယ်၊ ဝဋ်ဆိုတာ အလှည့်ကျ အားဖြင့် လည်နေတဲ့ တရားပဲ၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဆိုတဲ့ ကိလေသာဝဋ်ကြောင့် ကံနဲ့ သခ်ါရဆိုတဲ့ ကမ္မဝဋ် ဖြစ်ပေါ်လာတယ်၊ အဲဒီ ကမ္မဝဋ်ကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ဝိပါကဝဋ် ဖြစ်ပေါ်လာ တယ်၊ အဲဒီ ဝိပါကဝဋ်ကိုမှီပြီး တစ်ဖန် အဝိဇ္ဇာ,တဏှာ,ဥပါဒါန်ဆိုတဲ့ ကိလေသဝဋ် ဖြစ်ပေါ်လာပြန် တယ်၊ ဒီလို တစ်လှည့်စီလည်ပြီးဖြစ်နေလို့ ကိလေသာရယ်, ကံရယ်, ဝိပါက်ရယ် ဒီသုံးပါးကို ဝဋ်သုံးပါးလို့ ခေါ်ရတယ်၊ အဲဒီ သုံးပါးထဲက ယခု ပြောနေတဲ့ ဝိညာဏ်, နာမ်ရုပ်, အာယတန, ဖဿ, ဝေဒနာ ဆိုတဲ့ တရားငါးပါးကိုတော့ ဝိပါကဝဋ်လို့ ခေါ်တယ်။

http://www.dhammadownload.com

မြင်ဆဲခဏမှာ ဖြစ်ပေါ်လာတဲ့ အဲဒီ ဝိပါကဝဋ် ငါးပါးကို မြင်တယ်လို့ပဲ အများအားဖြင့် ပြောလေ့ရှိကြပါတယ်၊ တစ်ခါ တစ်ရံလောက်တော့ "မျက်စိ ကြည်တယ်၊ မကြည်ဘူး၊ မြင်တွေ့ တယ်၊ မြင်လို့ကောင်းတယ်၊ မကောင်းဘူး" စသည်ဖြင့် ပြော တာလဲ ရှိပါသေးရဲ့၊ ဒါပေမယ့် အများအားဖြင့်တော့ မြင်တယ် လို့ပဲ ပြောလေ့ ရှိကြပါတယ်၊ ဒီတော့ မြင်တယ်ဆိုတာဟာ "ဝိညာဏ်, နာမ်ရုပ်, အာယတန, ဖဿ,ဝေဒနာ ဆိုတဲ့ အကျိုး ငါးပါးအပေါင်းပဲ၊" ထို့အတူ ကြားတယ် ဆိုတာလဲ အကျိုးတရား ငါးပါးအပေါင်းပဲ၊ နံတယ် ဆိုတာလဲ အကျိုးတရားငါးပါး အပေါင်းပဲ၊ စားတယ်ဆိုတာလဲ အကျိုးတရားငါးပါး အပေါင်းပဲ၊ ထိသိတယ် ဆိုတာလဲ "ဝိညာဏ်, နာမ်ရုပ်, အာယတန, ဖဿ, ဝေဒနာ" ဆိုတဲ့ အကျိုးတရားငါးပါး အပေါင်းပဲ၊ ကြံသိတယ်ဆိုတာ လဲ "ဝိညာဏ်, နာမ်ရုပ်, အာယတန, ဖဿ, ဝေဒနာ" ဆိုတဲ့ အကျိုး တရားငါးပါး အပေါင်းပဲ။

ဘယ်လိုလဲဆိုရင် မြင်ဆဲခဏမှာ မြင်သိတာက စက္ခုဝိညာဏ် ပဲ၊ အဲဒီ ဝိညာဏ်နဲ့တွဲပြီး မြင်ရတဲ့အာရုံကို နှလုံးသွင်းတဲ့ မန- သိကာရ၊ မြင်မှုကိစ္စပြီးအောင် စေ့ဆော်အားထုတ်တဲ့ စေတနာ အစရှိသော သဘောတရားတွေက နာမ်၊ မြင်မှု၏ မှီရာ မျက်စိ ကြည်လင်တာကရုပ်၊ ဒီနှစ်မျိုးက နာမ်နဲ့ရုပ်ပဲ၊ မျက်စိကြည့်တာက စက္ခာယတန၊ မြင်ရတဲ့အဆင်းက ရူပါယတန၊ မြင်သိတာက မနာယတန၊ နှလုံးသွင်းမှုစသည်က ဓမ္မာယတန၊ ဒီ အာယ တန ၄-ပါးလဲ ပါဝင်တယ်၊ မြင်ရတဲ့ အဆင်းကို တွေ့ရတာက ဖဿပဲ၊ မြင်လို့ ကောင်းတာ, မကောင်းတာက ဝေဒနာပဲ၊ ယခုပြောခဲ့တဲ့ "စက္ခုဝိညာဏ်, နာမ်နဲ့ရုပ်, အာယတန ၄-ပါး ဖဿ, ဝေဒနာ"ဆိုတဲ့

http://www.dhammadownload.com

အကျိုးတရားငါးပါးဟာ မြင်တိုင်း, မြင်တိုင်း ပါဝင်ပြီး ဖြစ်နေတယ်။

ထို့အတူ ကြားဆဲခဏမှာ ကြားသိတဲ့ သောတဝိညာဏ်နဲ့ နာမ်ရုပ် အစရှိတဲ့ အကျိုးတရားငါးပါးပဲ၊ နံဆဲခဏမှာလဲ နံသိ တဲ့ ဃာနဝိညာဏ် အစရှိတဲ့ အကျိုးတရားငါးပါးပဲ၊ စားသိဆဲ ခဏမှာလဲ အရသာသိတဲ့ ဇိဝှာဝိညာဏ် အစရှိတဲ့ အကျိုးတရား ငါးပါးပဲ၊ ထိသိဆဲခဏမှာလဲ ထိသိတဲ့ ကာယဝိညာဏ် အစရှိ တဲ့ အကျိုးတရား ငါးပါးပဲ၊ ကြံသိဆဲ ခဏမှာလဲ ကြံတိုင်း ကြံတိုင်း ကြံသိတဲ့ မနောဝိညာဏ် အစရှိတဲ့ အကျိုးတရားငါးပါးပဲ။

ဒီ မြင်သိမှု ကြားသိမှု အစရှိတဲ့ အကျိုးငါးပါး ငါးပါး အပေါင်းဆိုတဲ့ သဘောတရားတွေဟာ ခဏမစဲ တစ်မျိုးပြီး တစ်မျိုး ဆက်ကာဆက်ကာ ဖြစ်နေတယ်၊ အဲဒီလို ဆက်ကာ ဆက်ကာ မပြတ်ဖြစ်နေတဲ့ မြင်မှု ကြားမှု အစရှိတဲ့ အကျိုးတရား အပေါင်းတွေကိုပဲ လူလို့လဲ ခေါ်ရတယ်၊ နတ်လို့လဲ ခေါ်ရ တယ်၊ မိန်းမလို့လဲခေါ်ရတယ်၊ ယောကျ်ားလို့လဲ ခေါ်ရတယ်၊ ပုဂ္ဂိုလ်သတ္တဝါလို့လဲ ခေါ်ရတယ်၊ အဲဒါတွေဟာ လောက ဝေါဟာရအားဖြင့် ခေါ်ဝေါ်ရုံမျှပါပဲ။ အမှန်စင်စစ် ကတော့ ရှေးဘဝကပြီးခဲ့တဲ့ အဝိဇ္ဇာနဲ့ သင်္ခါရကြောင့် ယခုဘဝ ပဋိသန္ဓေကစပြီး အဆက်ဆက် မပြတ်ဖြစ်နေတဲ့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ အကျိုးဇာရား ငါးပါးအပေါင်းမျှသာ ဖြစ်ပါတယ်၊ အမြဲတမ်း တကြဲ့တည်း တစ်လုံးတစ်ခဲတည်း တည်နေတဲ့ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ တော့ မရှိပါဘူး၊ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်းမပြတ်လိုက် ပြီး ရှုနိုင်ရင် ယခုပြောခဲ့တဲ့အတိုင်း ခဏမစဲ အသစ်အသစ်ဖြစ်ပြီး ပျက်ပျက်သွားတဲ့ သဘောတရားမျှသာ ရှိတယ်၊ အမြဲတမ်း တကြဲ့တည်း

http://www.dhammadownload.com

တစ်လုံးတစ်ခဲတည်း တည်နေတဲ့ ပုဂ္ဂိုလ် သတ္တဝါ ရယ်လို့တော့ မရှိဘူးဆိုတာကို အမှန်အတိုင်း သိရတယ်၊ ဒီလို သိတဲ့အတွက် ခံစားမှုဝေဒနာမှ ဆက်ပြီးဖြစ်ပေါ်မည့် တပ်မက် သာယာမှု တောင့်တမှု တဏှာဆိုတာ မဖြစ်ရတော့ဘူး၊ အဲဒါကို တဏှာချုပ်တယ်လို့ ဆိုပါတယ်၊ တဏှာမဖြစ်ရတော့ တဏှာက ဆက်ပြီးဖြစ်မည့် စွဲလမ်းမှု ဥပါဒါန်လဲ မဖြစ်ရတော့ဘူး၊ ဘဝသစ် ဖြစ်ကြောင်း ကုသိုလ်က၊ အကုသိုလ်က ဆိုတဲ့ ကမ္မဘဝလဲ မဖြစ်ရ တော့ဘူး၊ ကံ မဖြစ်ရတော့ ဘဝအသစ် ဖြစ်ရခြင်း, အိုရခြင်း, သေရခြင်း အစရှိတဲ့ သံသရာဝဋ်ဆင်းရဲတွေလဲ ကင်းပြတ် သွားတယ်။

ဒါကြောင့် "တဿာယေဝ တဏှာယ၊ ခံစားမှု ဝေဒနာ ကြောင့် ဖြစ်တတ်သော ထိုတဏှာ၏ပင်လျှင်။ အသေသ ဝိရာဂ နိရောဓော၊ အကြွင်းမဲ့ ပျက်ပြယ်ခြင်း၊ ချုပ်ခြင်းကြောင့်။ ဥပါဒါန နိရောဓော၊ စွဲလမ်းမှု ဥပါဒါန်၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။" စသည်ဖြင့် ဟောထားပါတယ်။

ချုပ်စပ်သော့ချက်က ဖြတ်တဲ့နည်း

အဲဒါဟာ ပဋိစ္စသမုပ္ပါဒ်စက်ကြီး မပြတ်လည်နေရာမှ ရပ်စဲသွားအောင် "ဝေဒနာပစ္စယာ တဏှာ"ဆိုတဲ့ ချုပ်စပ် သော့ချက်ကနေပြီး ဖြုတ်လိုက်ဖြတ်လိုက်တဲ့ နည်းပါပဲ၊ ဒါကြောင့် သံသရာစက်ကြီး မလည်စေချင်ရင် မြင်တိုင်း မြင်တိုင်း ဝေဒနာ က ဆက်ပြီး တဏှာမဖြစ်အောင် ရှုရတယ်၊ ကြားတိုင်း ကြား တိုင်းလဲ ရှုရတယ်၊ နံတိုင်း စားတိုင်း တွေ့ထိတိုင်း စိတ်ကူး စဉ်းစား ကြံစည်တိုင်းလဲ ရှုရတယ်၊ အကျဉ်းချုပ်အားဖြင့်ဆိုရင် ဒီ ၆-ဌာနက မပြတ် ရှုမှတ်နေရုံပါပဲ၊ ဒီ ၆-ဌာနထဲမှာ တွေ့ထိ တယ်ဆိုတာက မဟာဘုတ် ရုပ်ကြမ်းတွေမို့ အထင်အရှားဆုံး ပါပဲ၊

http://www.dhammadownload.com

ဒါကြောင့် တရားအားထုတ်ခါစ ပုဂ္ဂိုလ်ဟာ အဲဒီ တွေ့ထိရာဌာနကစပြီး ရှုမှတ်ရတယ်။

အဲဒီလို ရှုမှတ်ဖို့ရာ မြတ်စွာဘုရားက "ဂစ္ဆန္တော ဝါဂစ္ဆာ မိတိ ပဇာနာတိ" စသည်ဖြင့် သတိပဋ္ဌာန်သုတ်မှာ ဟောထား ပါတယ်၊ သွားတယ်–သွားတယ်လို့ သိပါစေတဲ့၊ သိအောင် ဘယ့်နယ်လုပ်မလဲ၊ သွားတယ်–သွားတယ် စသည်ဖြင့် ရှု ရတယ်၊ မှတ်ရတယ်၊ နှလုံးသွင်းရတယ်၊ ရှုတယ် မှတ်တယ် ဆိုတာ သိအောင်လို့ နှလုံးသွင်းလိုက်တာကို ဆိုတာပါပဲ၊ ထို့ အတူ ရပ်လျှင်လဲ ရပ်တယ်လို့ ရှုရတယ်၊ ထိုင်လျှင်လဲ ထိုင်တယ်လို့ ရှုရတယ်၊ လဲလျောင်းအိပ်လျှင်လဲ လျောင်းတယ်, အိပ် တယ်လို့ ရှုရတယ်၊ လက်ခြေများကို ကွေးလျှင်, ဆန့်လျှင်လဲ ကွေးတယ်, ဆန့်တယ်လို့ ရှုရတယ်၊ ကိုယ်အမူအရာ တစ်စုံ တစ်ခုကို ပြုလုပ်တိုင်း အဲဒီကိုယ်အမူအရာကို ရှုရတယ်၊ အဲဒီကိုယ် အမူအရာတွေကိုရှုရင် ကိုယ်ထဲက တွေ့ထိတဲ့ သဘောကို သိတာ ပါပဲ၊ ကိုယ်အမူအရာ အထူး မထင်ရှားတဲ့အခါမှာတော့ ကိုယ် ထဲမှာ တစ်နေရာရာက ထိမှုကိုစူးစိုက်ပြီး ထိတယ်, ထိတယ်လို့ ဒီလို ရှုမှတ်နေရတယ်၊ အသက်ရှူတိုင်း, ရှိုက်တိုင်း ဝမ်းဗိုက်က ဖောင်းတက်လာလိုက်, ပိန်ကျသွားလိုက်နဲ့ လှုပ်ရှား နေတာလဲ ဝါယောဓာတ်ပဲ၊ ဒါကြောင့် အဲဒါကို ဖောင်းတယ်, ပိန်တယ်လို့ ရှုမှတ်နေရင် ဝမ်းဗိုက်ထဲက အတွေ့အထိကိုသိတာပဲ၊ ဒါကြောင့် ဘုန်းကြီးတို့က ဘာမျှ အထူးမှတ်စရာမရှိတဲ့အခါ အဲဒီ ဖောင်းတာ, ပိန်တာကိုပဲ ရှုမှတ်နေဖို့ ညွှန်ကြားနေပါတယ်၊ ဒါပေမယ့် အဲဒီ ဖောင်းတာ ပိန်တာ ၂–ခုထဲ မှတ်ဖို့တော့ မဟုတ်ပါဖူး၊ စိတ်ကူး ကြံစည်မှု ပေါ်လာရင် အဲဒါကိုလဲ မှတ်ရတယ်၊ အဲဒါက စိတ္တာနုပဿနာပဲ၊ ဒုက္ခ,သုခ,ဝေဒနာတစ်မျိုးမျိုး ပေါ်လာရင် အဲဒါကိုလဲ

http://www.dhammadownload.com

မှတ်ရတယ်၊ အဲဒါက ဝေဒနာနုပဿနာပဲ၊ ကွေးခြင်း, ဆန့်ခြင်း, ပြုပြင်လှုပ်ရှားခြင်း အစရှိတဲ့ ကိုယ်အမူအရာ အထူးပေါ်လာရင် အဲဒါကိုလဲ မှတ်ရတယ်၊ သွားတာ, ရပ်တာ, ထိုင်တာ, လျောင်းတာ တွေလဲ မှတ်ရတယ်၊ ဒါတွေကတော့ ဖောင်းတာ, ပိန်တာကို မှတ်တာနဲ့ အတူတူပါပဲ၊ ကာယာနုပဿနာချည်းပါပဲ။

နောက်ပြီးတော့ ကြည့်တာ, မြင်တာကိုလဲ မှတ်ရတယ်၊ နားထောင်တာ, ကြားတာကိုလဲ မှတ်ရတယ်၊ အနံ့နံတာကိုလဲ မှတ်ရတယ်၊ စားသောက်တာကိုလဲ မှတ်ရတယ်၊ ကျင်ကြီး ကျင်ငယ် စွန့်တာတောင် မှတ်ရသေးတာပဲ၊ ဒွါရ ၆-ပါးမှာ ထင်ပေါ်လာသမျှကို အကုန်လုံးပဲ မှတ်ရတယ်၊ ဘာမျှမကျန် ပါဘူး၊ ဒါကြောင့် သမာဓိဉာဏ် ရင့်ကျက်လာတဲ့အခါမှာ ဒွါရ ၆-ပါးက ပေါ်လာသမျှ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ သဘောတရားတွေဟာ ဖြစ်ပြီး ပျက်, ဖြစ်ပြီး ပျက်နဲ့ မမြဲတဲ့ တရားတွေချည်းပဲလို့လဲ ကိုယ်ပိုင်ဉာဏ် ဖြင့် ရှင်းရှင်းလင်းလင်း သိရတယ်၊ ဖြစ်ချည်,ပျက်ချည်နဲ့ ဆင်းရဲချည်းပဲလို့လဲ သိရတယ်၊ သူ့သဘောအတိုင်း သူ့ဟာ သူဖြစ်ပျက်နေတဲ့ အနတ္တသဘော တရားမျှပဲလို့လဲ သိရတယ်၊ ဒီလိုသိရတဲ့ အတွက် အဲဒီ မြင်မှု, ကြားမှု, တွေ့မှု, ကြံသိမှု, ခံစားမှုတွေနဲ့ စပ်ပြီး တောင့်တသာယာမှု တဏှာ မဖြစ်ရတော့ဘူး၊ တဏှာ မဖြစ်ရတော့ ဥပါဒါန်ကံနှင့် ဘဝသစ် ဆင်းရဲတွေလဲ မဖြစ်ရတော့ဘူး၊ ဒါဟာ ဝေဒနာကြောင့် တဏှာ ဖြစ်တတ် တယ်ဆိုတဲ့ သော့ချက်ကနေပြီး တဏှာ မဖြစ်အောင် ဖြတ်ပြီး ပဋိစ္စသမုပ္ပါဒ်သံသရာစက်ကြီးကို မလည်နိုင်အောင် ဖြတ်ပုံ ပါပဲ။

အဲဒီလို ဖြတ်ပုံကို သဘောပေါက် နားလည်ထားဖို့ အရေး ကြီးပါတယ်၊ နားမလည်ရင် သံသရာစက်ကြီးကို ရပ်ချင်ပေမယ့်

http://www.dhammadownload.com

ရပ်လို့ မဖြစ်ဘူး၊ ယခုခေတ်မှာ သိပ္ပံပညာနဲ့ တီထွင်ထားတဲ့ စက်ကြီးတွေဆိုတာ ရှိတယ်၊ အဲဒီစက်ကြီးတွေကို နားမလည်ရင် လည်အောင်လဲ မလုပ်နိုင်ဘူး၊ လည်နေတာကို ရပ်အောင်လဲ မလုပ်နိုင်ဘူး၊ တတ်သိနားလည်တဲ့ သူကတော့ လိုရင်းသော့ချက် ခလုတ်ကလေးကို တင်လိုက်၊ ချလိုက်တာနဲ့ လည်လဲလည်စေနိုင်တယ်၊ ရပ်လဲ ရပ်စေနိုင်တယ်၊ ဒီလိုပါပဲ ဒီ ပဋ္ဌိစ္စသမုပ္ပာဒ် သံသရာ စက်ကြီးမှာလဲ သူ့သော့ချက်က ဝေဒနာကြောင့် တဏှာ ဖြစ်တတ်တယ် ဆိုတဲ့ အချက်ပဲ၊ ဒီလိုဆိုရင် ဝေဒနာ ဖြစ်တိုင်း တဏှာ ဖြစ်သလားလို့ ဆိုတော့ သန္တာနာနုသယ, အာရမ္မဏာ နုသယဆိုတဲ့ အကြောင်းကလဲ ရှိပါမှ တဏှာ ဖြစ်နိုင်ပါတယ်၊ အဲဒီ အနုသယနှစ်မျိုး မရှိရင်တော့ မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်များမှာ အာရုံအမျိုးမျိုးတွေကို မြင်,ကြား,တွေ့ သိပြီး ခံစားမှုဝေဒနာ ဖြစ်ပေမယ့် တပ်မက်သာယာမှု တဏှာ ကတော့ မဖြစ်တော့ဘူး၊ အဲဒါဟာ အနုသယနှစ်မျိုးလုံး ကင်းနေလို့ မဖြစ်နိုင် တာပါပဲ၊ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ် များမှာ ဥပါဒါန်လဲ မရှိတော့ဘူး၊ ဂဏ်အသစ်လဲ မဖြစ်တော့ဘူး၊ ဂဏ်အဟောင်းကလဲ ဘဝသစ်ကို မဖြစ်နိုင်တော့ဘူး၊ ဒါကြောင့် ပရိနိဗ္ဗာန် စုတိစိတ်ချုပ်သွားပြီးတဲ့နောက် ဘဝသစ်ရုပ်နာမ်ခန္ဓာတွေလဲ မဖြစ်လာတော့ဘူး၊ တစ်ခါတည်း အပြီးတိုင် ငြိမ်းအေးသွားတယ်။

ကိလေသာ မကင်းသေးတဲ့ ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တွေမှာတော့ သန္တာနာနုသယ ဆိုတာက ရှိနေတယ်၊ သန္တာနာနုသယ ဆိုတာ အရိယမဂ်ဖြင့် မပယ်ရသေးလို့ ရုပ်နာမ်အစဉ်သန္တာန်မှာ အကြောင်းညီညွတ်တဲ့အခါ ဖြစ်နိုင်တဲ့ ကိလေသာကို ဆိုတာပါ ပဲ၊ အဲဒီ ကိလေသာက တစ်နေရာရာမှာ အောင်းပြီး တည်ရှိနေတာတော့ မဟုတ်ပါဘူး၊ အဖျားရောဂါ မပြတ်စဲသေးတဲ့သူမှာ အဖျားကျနေတဲ့ အခါပေမယ့် အကြောင်းညီညွတ်ရင် အဖျားက

http://www.dhammadownload.com

တက်လာဦးမှာမို့ ဖျားနေပါတယ်၊ အဖျားရောဂါ ရှိနေပါ တယ်လို့ ပြောရသလို၊ အကြောင်းညီညွတ်ရင် ဖြစ်ပေါ်လာဦးမှာမို့ အဲဒီ ကိလေသာမျိုးကို ကိန်းနေတယ် ရှိနေတယ်လို့ ဆိုရတာပါပဲ၊ အဲဒီလို သန္တာနာနုသယ ကိလေသာရှိနေတဲ့ ပုထုဇဉ်, သေက္ခပုဂ္ဂိုလ် တွေမှာ ဖြစ်ပေါ်လာတဲ့ ဝိညာဏ်, နာမ်ရုပ်, သင်္ဌာယတန, ဖဿ, ဝေဒနာဆိုတဲ့ အကျိုးဝိပါက်တရားတွေကို ဝိပဿနာဉာဏ်ဖြင့် အနိစ္စ,ဒုက္ခ,အနတ္တထင်အောင် မရှုနိုင်လို့ရှိရင် အဲဒီ မရှုမိတဲ့အာရုံကို အကြောင်းပြုပြီး နိစ္စ မြဲတယ်၊ သုခ ချမ်းသာတယ်၊ အတ္တ-ငါကောင်, သတ္တဝါကောင်ပဲလို့ ထင်မှတ် ပြီး လောဘ,ဒေါသ,မောဟ အစရှိတဲ့ ကိလေသာတွေ ဖြစ်နိုင်တယ်၊ အဲဒီလို မရှုမိတဲ့ အာရုံနဲ့စပ်ပြီး ဖြစ်နိုင်တဲ့ ကိလေသာတွေကို အာရမ္မဏာနုသယလို့ ခေါ်ပါတယ်၊ ဒီနေရာမှာ သန္တာနာနုသယနဲ့ အာရမ္မဏာနုသယ ဒီနှစ်မျိုးကို ရှင်းရှင်းလင်းလင်း မှတ်သားထားရအောင် ဆောင်ပုဒ်ကို လိုက်ဆိုကြ ရမယ်။

သတ္တဝါ တစ်ဦး၏ သန္တာန်၌ အရိယမဂ်ဖြင့် မပယ်ရသေး သောကြောင့် အကြောင်း ညီညွတ်တိုင်း ဖြစ်နိုင်သော ကိလေသာကို သန္တာနာနုသယဟု ခေါ်သည်။

ထင်ရှားသိရသော အာရုံဟူသမျှ၌ ဝိပဿနာဉာဏ်ဖြင့် အမှန် အတိုင်း မသိလျှင် အကြောင်းညီညွတ်တိုင်း ဖြစ်နိုင်သော ကိလေသာကို အာရမ္မဏာနုသယဟု ခေါ်သည်။

ယခု မြင်ဖူးတာတွေ၊ ကြားဖူးတာတွေ၊ တွေ့ဖူး, သိဖူးတာ တွေနဲ့ စပ်ပြီး လောဘ,ဒေါသ ဖြစ်နေကြတာတွေဟာ အဲဒီ အာရမ္မဏာနုသယရဲ့ အစွမ်းကြောင့်ပါပဲ၊ မြင်စဉ် ကြားစဉ် တွေ့စဉ် ကာလတုန်းက ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်ပြီး အနိစ္စ, ဒုက္ခ,အနတ္တ

http://www.dhammadownload.com

သဘောမျှဆိုတာကို အမှန်အတိုင်း မသိခဲ့ရဘူး၊ အမြဲတမ်းတည်ရှိနေတဲ့ ချမ်းသာကောင်းစားတဲ့ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ အနေနဲ့သာ အထင်အရှား သိခဲ့ရတယ်၊ သုံးဆောင်ဖွယ် အရာဝတ္ထု အနေနဲ့သာ အထင်အရှား သိခဲ့ရတယ်၊ ဒါကြောင့် အဲဒီလို သိမှတ်ထားတဲ့အာရုံဝတ္ထုတွေဟာ ပြန်လည်စဉ်းစားကြည့်တိုင်း အလျင်မြင်နေခဲ့စဉ် ကြားခဲ့စဉ် တွေ့သိခဲ့စဉ်က အတိုင်းပဲ စိတ်ကူးထဲပေါ်နေတယ်၊ ဓာတ်ပုံရိုက်ထားတဲ့ ရုပ်ပုံကလေးကို ပြန်ကြည့်ရသလိုပါပဲ၊ ချစ်စရာကောင်းတဲ့ အနေ, မုန်းစရာကောင်းတဲ့ အနေအားဖြင့် ထင်ရှားပေါ်နေ ပါတယ်၊ ဒါကြောင့် ချစ်စရာ ကောင်းတယ်ထင်ရင် ချစ်ခင် နှစ်သက်တဲ့ လောဘ ဖြစ်တယ်၊ မုန်းစရာကောင်းတယ်ထင်ရင် အမျက်ထွက်တဲ့ စိတ်ဆိုးတဲ့ ဒေါသဖြစ်တယ်၊ အမြဲတည်နေတဲ့ သာမန်အာရုံ ဝတ္ထုအနေအားဖြင့် ထင်ရင်တော့ အမြဲတည်နေတဲ့ ပုဂ္ဂိုလ် ဝတ္ထုအနေအားဖြင့် မှတ်ထင်တဲ့ မောဟဖြစ်တယ်။

ဒီအထဲမှာ လောဘဆိုတာကတော့ တဏှာပဲ၊ ဒါကြောင့် လောဘဖြစ်တာဟာ ကောင်းတဲ့ ခံစားမှုဆိုတဲ့ သုခဝေဒနာ ကြောင့် တဏှာဖြစ်တာပါပဲ၊ မကောင်းတဲ့အာရုံ ခံစားမှုဆိုတဲ့ ဒုက္ခဝေဒနာ ကြောင့် ဒေါသဖြစ်ပြန်ရင်လဲ ကောင်းတာကို လို ချင်တောင့်တတဲ့ တဏှာ ဖြစ်ပြန်တာပဲ၊ မောဟဖြစ်ရင်လဲ အဲဒီလို ဖြစ်နေရတာကို မမှန်းနိုင်ဘူး၊ မစွန့်နိုင်ဘူး၊ သာယာနေတာပဲ၊ နောက်ပြီးတော့ အဲဒါထက် ကောင်းတာကို မျှော်လင့် တောင့်တတဲ့ တဏှာလဲ ဖြစ်ပြန်တာပဲ၊ ဒါကြောင့် လောဘ, ဒေါသ, မောဟ ဖြစ်တိုင်း ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာဖြစ်ရင် ဥပါဒါန်နဲ့ ကံလဲ ဖြစ်ပြီး ဘဝသစ်ဆင်းရဲတွေဖြစ်တော့တာပဲ၊ ဒီပုံဒီနည်းဖြင့် သံသရာစက်ကြီး မပြတ်လည်နေတာဘဲ၊ အဲဒါဟာ မြင်စဉ် ကြားစဉ် တွေ့သိစဉ်က မရှုမှတ်နိုင်လို့ အာရမ္မဏာနုသယ ကိန်းပြီးတော့ "ဝေဒနာပစ္စယာ တဏှာ=

http://www.dhammadownload.com

ဝေဒနာကြောင့် တဏှာဖြစ်တယ်"ဆိုတဲ့ သော့ချက်ကဖွင့်ပြီး သံသရာစက် လည်နေပုံပါပဲ။

မြင်စဉ်ကတည်းက ရူမှတ်လို့ မြင်ကာမျှ, ဖြစ်ပျက်သွားကာမျှ အနေအားဖြင့် အမှန်အတိုင်း သိသွားရင်တော့ အဲဒီ မြင်မှု, ခံစားမှုနဲ့ စပ်ပြီး သာယာမှုနှစ်သက်မှု, လိုချင်မှု, တောင့်တမှုဆိုတဲ့ တဏှာဟာ မဖြစ်နိုင်တော့ဘူး၊ တဏှာမဖြစ်တော့ ဥပါဒါန် က် အစရှိတဲ့ ဝဋ်ဆင်းရဲတွေလဲ မဖြစ်နိုင်တော့၊ ဒီမှာအကုန်လုံး တစ်ခါတည်း ငြိမ်းသွားတယ်။

ထို့အတူ ကြားစဉ်ကတည်းက ရူမှတ်လို့ ကြားကာမျှ, ဖြစ်ပျက်သွားကာမျှ အနေအားဖြင့် အမှန်အတိုင်း သိသွားရင်လဲ ကြားမှု ခံစားမှုနဲ့စပ်ပြီး တဏှာမဖြစ်ရတော့ဘူး၊ မရှုမမှတ်နိုင်လို့ မသိနိုင်ရင်တော့ နားထောင်လို့ ကြားလို့ ကောင်းတဲ့ သဘောကလေးကို သဘောကျနေတတ်ကြတယ်၊ ကြားပြီးတဲ့ နောက်လဲ အဲဒါကလေးကို တအောင့်မေ့မေ့နဲ့ ဖြစ်နေတတ်တယ်၊ အဲဒီအသံနဲ့ စပ်ဆိုင်တဲ့သူကိုလဲ နှစ်သက်နေတတ်တယ်၊ ဒါတွေဟာ ဝေဒနာကြောင့်ဖြစ်တဲ့ တဏှာတွေပါပဲ၊ တဏှာဖြစ်ရင် စွဲလမ်းမှု အစရှိသော ဝဋ်ဆင်းရဲတွေလဲ ဖြစ်တော့တာပဲ၊ ဒီတဏှာက ယခုဘဝတွင်လဲ ဆင်းရဲဒုက္ခ ရောက်စေတတ်ပါတယ်။

ဥဒေါင်းမင်းဝတ္ထု

မောရဇာတ်မှာ ဘုရားအလောင်း ရှေဥဒေါင်းကြီးဟာ နံနက်နေထွက်ချိန် အိပ်တန်းက ဆင်းတဲ့အချိန် "ဥဒေတယဲ စက္ခုမာ ဇေရာဇာ"ဆိုတဲ့ ဂါထာကို ရွတ်ဆိုပြီး ဆင်းလေ့ ရှိတယ်၊ ညနေ အိပ်တန်းတက်တဲ့အခါလဲ "အပေတယဲ စက္ခုမာ ဇေရာဇာ"ဆိုတဲ့

http://www.dhammadownload.com

ဂါထာကို ရွတ်ဆိုပြီး တက်လေ့ရှိတယ်၊ ဒါကြောင့် နှစ်ပေါင်း ခုနစ်ရာပတ်လုံး မုဆိုးက ကျောက္ကွင်းပေါင်းများစွာနဲ့ ထောင်ဖမ်းသော်လဲ မမိဘူး၊ တစ်နေ့သောအခါမှာ မုဆိုးက ဒေါင်းမလေးတစ်ကောင်ကို ယူသွားပြီး နံနက်စောစောမှာ ကျောက္ကွင်းတွေ အသင့်ထောင်ထားပြီး တော့ ဒေါင်းမလေးကို မြည်တွန်စေတယ်၊ ဒေါင်းမရဲ့ အသံကို ကြားရတော့ ရွှေဥဒေါင်းကြီးဟာ အခါတိုင်းလို ပရိတ်ဂါထာကို ရွတ်ဖို့ရာ သတိမရတော့ဘဲ အိပ်တန်းက ကပျာကယာနဲ့ ဆင်းပြီး ဒေါင်းမကလေးဆီ ပျံသွားလိုက်လို့ မုဆိုးရဲ့ ကျောက္ကွင်းထဲမှာ မိသွားတယ်၊ အဲဒါဟာ အသံကြားရာက တဏှာ ဖြစ်ပြီး လက်ငင်း ဒုက္ခရောက်ရပုံပါပဲ။

စောင်းသံကြောင့် သေရတဲ့အမျိုးသမီး

ရှေးက ဗာရာဏသီပြည်မှာ ဂုတ္တိလဆိုတဲ့ စောင်းဆရာ တစ်ယောက်ရှိခဲ့တယ်၊ အဲဒီစောင်းဆရာက အမျိုးသမီး တစ်ဦးထံ ဌေတစ်ထောင်ပေးပြီး ဆက်သွယ်တယ်၊ အမျိုးသမီးက ပြက်ရယ်ပြုပြီး လွှတ်လိုက်တယ်၊ အဲဒါကို အခဲမကျေတာနဲ့ ညဥ့်ဦးယံအချိန်မှာ အဲဒီ အမျိုးသမီးရဲ့ အိမ်ရှေ့ မျက်နှာစာ အိမ်ကနေပြီး အလွန် သာယာတဲ့အသံနဲ့ သီဆိုပြီး စောင်းကို တီး လိုက်တယ်၊ အဲဒီ အမျိုး သမီးဟာ သီးချင်းနဲ့စောင်းသံကိုကြားရတော့ မအောင့်နိုင်တော့ဘူး။ စောင်းတီးရာအရပ်ကို သွားဖို့ ရည်ရွယ်ပြီး ပြတင်းပေါက်က မှား ဆင်းလိုက်တာ လိမ့်ကျပြီး သေရှာပါရောတဲ့၊ ဒါလဲ ကြားရာက တဏှာဖြစ်ပြီး လက်ငင်း ဒုက္ခရောက်ရပုံပါပဲ၊ (အံ ၆ ၁-၂၁) ထူးတာကတော့ ခုတင်က ဝတ္ထုက အမသံကြောင့် ဒုက္ခရောက်ရပုံကို ပြတယ်၊ ယခု နောက်ဝတ္ထုကတော့ အဖိုသံကြောင့် ဒုက္ခရောက်ပုံကို ပြတယ်၊ ဒါလောက်ပဲ ထူးပါတယ်။

http://www.dhammadownload.com

ကြားရမှုမမြဲတာကတော့ အလွန်ထင်ရှားပါတယ်

ကြားရတယ်ဆိုတာဟာ သေသေချာချာ စဉ်းစားကြည့်ရင် ဘာမျှမဟုတ်ဘူး၊ ကြားပြီးရင်း၊ ပျောက်သွားရင်း၊ ကြားပြီးရင်း ပျောက်သွားရင်းနဲ့ မမြဲတာ အလွန်ထင်ရှားပါတယ်၊ ယခုဟောနေတဲ့ တရားသံကို ကြားတိုင်း ကြားတိုင်းမှတ်ကြည့်ပါ၊ တစ်လုံးပြီး တစ်လုံး ကြားပြီးရင် ချက်ချင်း ပျောက်သွားတာချည်းပဲ၊ သာယာတဲ့ သီးချင်းသံ, စောင်းသံ, ဗုံသံ, စကားသံ ဆိုတာတွေလဲ ဒါလိုပါပဲ၊ ကြားပြီးရင် ချက်ချင်း ပျောက်ပျောက်သွားတာချည်းပဲ၊ လူတွေက ပိုင်းခြားပြီး မရှုနိုင် မမှတ်နိုင်ကြတဲ့အတွက် ရှေ့အသံနဲ့ နောက်အသံတွေ တပေါင်းတည်း ဆက်စပ်ပြီး သာယာဖွယ်ဖြစ်နေတာ၊ အဲဒါကို ကြားရုံမျှပေါ်လာပြီး ပျောက်ပျောက် သွားရုံမျှ အမှန်အတိုင်း ထင်အောင် "ကြားတယ် ကြားတယ်"လို့ ပိုင်းခြားပြီး ရှုမှတ်ဖို့လိုပါတယ်။ အဲဒီလို ရှုမှတ်နိုင်ရင် သမာဓိဉာဏ် အားကောင်းလာတဲ့အခါမှာ ချက်ချင်း ပျောက်ပျောက်သွားလို့ မမြဲဘူးဆိုတာ ထင်ရှားသိရပါတယ်၊ ဒီလိုသိတော့ အဲဒီ ကြားမှု ခံစားမှုနှင့်စပ်ပြီး တပ်မက်မှု တဏှာ မဖြစ်ရတော့ဘူး၊ တဏှာမဖြစ်ရတော့ ဥပါဒါန် ကံနဲ့ ဘဝသစ် ဆင်းရဲတွေလဲ မဖြစ်ရတော့ဘူး၊ အကုန်လုံး ငြိမ်းသွားတယ်။

နံမှုဆိုတာကတော့ တရားအားထုတ်နေတဲ့ ယောဂီမှာ တွေ့ရခဲပါတယ်တွေ့ရင် အဲဒါကိုလဲ တပ်မက်သာယာမှု တဏှာ ဖြစ်ခွင့်မရအောင် ရှုမှတ်ရတာပဲ။

စားသိမ္မက အရေးကြီးတယ်

စားသောက်ရာမှာတော့ ရှုမှတ်ပြီး သိဖို့ အရေးကြီးပါတယ်၊ မရှုမမှတ်နိုင်ရင်တော့ အရသာကောင်းကလေးတွေကို စားသောက်ရ

http://www.dhammadownload.com

တဲ့ အခါ နှစ်သက်သာယာတယ်၊ သဘောကျတယ်၊ စားသောက်ရဲ့ အရသာကိုလဲကြိုက်တယ်၊ အဲဒီအရသာ ခံစားရတာကိုလဲကြိုက်တယ်၊ နောင်လဲ ဒီလိုအရသာကောင်းတွေကို စားသောက် ခံစားချင်တယ်၊ နောက်နောက် ဘဝတွေမှာလဲ ဒီလိုပဲ စားသောက် ခံစားနေချင်တယ်၊ ဒီလို စားသောက် ခံစားနေချင်တဲ့ တဏှာဟာ သေးတဲ့ဟာ မဟုတ်ဘူး၊ ဒီတဏှာကြောင့် မကောင်းတာတွေကို စားရတဲ့ဘဝမျိုးလဲ ရောက်သွားတတ်တယ်၊ လူ့ဘဝ,နတ်ဘဝမှာ အရသာကောင်းတွေကို သာယာ တပ်မက်ပြီး စားနေရတဲ့သူတွေဟာ မကောင်းမှုက် ပြုမိလို့ အဲဒီ မကောင်းမှုက် အကျိုးပေးတဲ့အခါမှာ နွား, ကျွဲ, ဆင်, မြင်း အစရှိတဲ့ တိရစ္ဆာန်မျိုးတွေဖြစ်ပြီး မြက်သစ်ရွက်တွေလဲ စားနေရတတ်တယ်၊ ကြက်, ဝက်, ခွေး အစရှိတဲ့ တိရစ္ဆာန်မျိုးတွေ ဖြစ်ပြီး မစင်ကိုလဲ စားနေရတတ်တယ်လို့ မြတ်စွာဘုရားက ဗာလပဏ္ဍိတသုတ်မှာ ဟောထားပါတယ်။

မကောင်းတာကို စားရရင်လဲ ကောင်းတာကို တောင့်တတဲ့ တဏှာဖြစ်တတ်တယ်၊ ဒါကြောင့် စားသောက်ရာမှာ တဏှာ မဖြစ်အောင် စားသောက်ဖို့ ပြင်ဆင်တာကစပြီး မှတ်ရတယ်၊ ဘယ်လိုလဲ ဆိုရင် ထမင်းပွဲကိုကြည့်ရင် ကြည့်တယ် မြင်တယ်လို့ မှတ်ရတယ်၊ လက်ကြွရင် ကြွတယ်, ကြွတယ် လှမ်းတယ် လှမ်း တယ် စသည်ဖြင့် မှတ်ရတယ်၊ ထမင်းနဲ့ ထိရင် ထိတယ်၊ လျက်ရင် လျက်တယ်၊ ထမင်းလုတ် ပြင်ရင်ပြင်တယ်၊ ဆုပ်ပြီးကိုင်ရင် ကိုင်တယ်၊ မြှောက်ပြီး ယူလာတော့ ယူတယ် ယူတယ်လို့ မှတ်ရတယ်၊ ဖြည်းဖြည်းချင်းပဲ ပြုလုပ်ရတယ်၊ ပါးစပ်ကိုထိတာ, ပါးစပ်ဖွင့်တာ, ပါးစပ်ထဲခွဲ့ထည့်တာ, ပါးစပ်ပြန်ပိတ်တာ, လက်ပြန်ချတာ, ပန်းကန်ပြားနဲ့ထိတာ ဒါတွေကို အစဉ်အတိုင်း မှတ်ပြီးတော့ ဝါးတဲ့အခါမှာ ဝါးတိုင်း ဝါးတိုင်း ဝါးတယ် ဝါး တယ်လို့ မှတ်ရတယ်၊ ဝါးနေရင်း ချိုတဲ့ ချဉ်တဲ့

http://www.dhammadownload.com

အရသာကို သိရင် ချိုတယ် ချဉ်တယ် သိတယ်စသည်ဖြင့် မှတ်ရတယ်၊ စား သိတယ်ဆိုတာဒီအရသာသိတာကို ပြောတာပါပဲ၊ အဲဒီကနောက် မျိုချလိုက်တော့ မျိုတယ် မျိုတယ်လို့ မှတ်ရတယ်၊ လည်ချောင်း တစ်လျှောက်မှာ ထိသွားတာကိုလဲ မှတ်နိုင်ရင် ထိတယ်ထိတယ် လို့ မှတ်ရသေးတယ်၊ အဲဒါဟာ ထမင်းတစ်လုပ် စားရာမှာ မှတ်ပုံအကျဉ်းချုပ်ပါပဲ၊ အဲဒီအထဲမှာ ချိုတဲ့ ချဉ်တဲ့ အရသာ ကလေးများကို ကောင်းတယ်ထင်ရင် ကောင်းတယ်လို့ မှတ်လိုက် ရသေးတယ်၊ အဲဒါဟာ စားသိမှုနဲ့စပ်ပြီး ဖြစ်တဲ့ သုခဝေဒနာကို မှတ်သိတာပါပဲ၊ အဲဒီလို စူးစိုက်ပြီးမှတ်နေရင် စိတ်အမှုအရာ ကိုယ်အမှုအရာတွေဟာ တစ်ခုပြီး တစ်ခု ပျောက်ပျောက် သွားလို့ မမြဲဘူးဆိုတာကိုလဲ ကိုယ်ပိုင်ဉာဏ်ဖြင့် ထင်ရှားသိပြီး သဘော ပေါက်သွားပါလိမ့်မယ်၊ ချိုတာ ချဉ်တာ ကောင်းတာကလေး တွေလဲ တစ်ခဏချင်း ပျောက်ပျက်သွားလို့ မမြဲဘူးဆိုတာ ကိုလဲ ထင်ရှား သိရပါလိမ့်မယ်၊ ဒီလို သိတဲ့အတွက် တချို့ ယောဂီမှာ စားနေရင်း မစားချင်တဲ့ စိတ်တွေတောင် ဖြစ်တတ် ပါသေးတယ်၊ အဲဒါဟာ စားသိမှု ခံစားမှုနဲ့စပ်ပြီး တပ်မက် သာယာမှုတဏှာ ကင်းငြိမ်းသွားတာပါဘဲ၊ တဏှာ ကင်းတော့ အဲဒီ တဏှာက ဆက်ဖြစ်မည့် ဥပါဒါန် ကံနဲ့ ဘဝသစ် ဆင်းရဲ တွေလဲ အကုန်လုံး ငြိမ်းသွားကြတယ်။

ထိတာနဲ့ သိတာကတော့ အများဆုံး မှတ်ရတာပဲ

နောက်ပြီးတော့ ထိတယ်ဆိုတာ တစ်ကိုယ်လုံးမှာ အမြဲလိုဘဲ ရှိနေပါတယ်၊ တစ်ကိုယ်လုံးမှာ ဘယ်နေရာကပဲဖြစ်ဖြစ် စဉ်းစား ကြည့်လိုက်ရင် ထိသိမှု တစ်မျိုးမျိုးဟာ ရှိနေတာပဲ၊ နောက်ပြီး

http://www.dhammadownload.com

တော့ ကြံသိမ္ဘဆိုတာကလဲ အိပ်ပျော်နေတဲ့အခါ မဟုတ်ရင် အမြဲတမ်း ရှိနေတာပဲ၊ ဒါကြောင့် ဒီထိတာနဲ့ သိတာကိုတော့ မှတ်ရတာ အများဆုံးပါပဲ၊ ဒါကြောင့် ဘာမျှ ထူးထူးခြားခြား မှတ်သိစရာမရှိရင် ကိုယ်ထဲက ထိသိတာကိုပဲ ရှုမှတ်နေရတယ်၊ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် စသည်ဖြင့် မှတ်နေ ရတယ်၊ ဒီလိုမှတ်နေရင်း ကွေးမှု ဆန့်မှု လှုပ်ရှားပြုပြင်မှု အစ ရှိသော ကိုယ်အမူအရာ အထူးတွေ ပေါ်လာရင် အဲဒီ ထိမှု အထူးတွေကို လိုက်မှတ်ရတယ်၊ တွေ့ထိရာ ညောင်းမှု ပူမှု နာကျင်မှု မခံသာမှု ကောင်းမှု ဆိုတဲ့ ဝေဒနာ အထူးတွေ ပေါ်လာရင်း အဲဒါတွေကိုလဲ လိုက်မှတ်ရတယ် ဒါတွေဟာ အကုန်လုံး ထိသိပြီး ခံစားရတဲ့ ဝေဒနာတွေချည်းပါပဲ။

နောက်ပြီးတော့ စိတ်ကူးစဉ်းစား ကြံစည်မှု ဖြစ်ပေါ်လာရင် အဲဒါကို ရှုမှတ်ရတယ်၊ ကောင်းတဲ့ စိတ်ကူးလဲ မှတ်ရတယ်၊ မကောင်းတဲ့ စိတ်ကူးလဲ မှတ်ရတယ်၊ တရား အားမထုတ်ဘဲ အလွတ်နေတဲ့ ပုဂ္ဂိုလ်တွေ, အားထုတ်ခါစပုဂ္ဂိုလ်တွေမှာ အများ အားဖြင့် ကိုယ်လုပ်နေကျ ကိုင်နေကျ ကြံစည်နေကျ အမှုကိစ္စ တွေကို ကြံနေတာပဲ များတတ်ပါတယ်၊ တရားအားထုတ်လို့ သမာဓိဉာဏ် ရင့်ကျက်လာတဲ့အခါကျတော့ အဲဒီလို ကြံစည်မှု တွေဟာ မရှိသလောက်ဘဲ ကင်းငြိမ်းသွားပါတယ်၊ ဒါပေမယ့် တရားနဲ့စပ်တဲ့ စိတ်ကူး ကြံစည်တွေကတော့ အချို့ပုဂ္ဂိုလ်မှာ မကြာခဏ ဖြစ်ပေါ်နေတတ်တယ်၊ အဲဒါတွေလဲ ရှုမှတ်ရတယ်၊ အဲဒီလို ရှုမှတ်ပြီး "ချက်ချင်းပင် ပျောက်သွားလို့ မမြဲတဲ့တရား တွေပဲ"ဆိုတာ သိသိသွားရင် အဲဒီ ကြံစည်မှုထဲမှာပါနေတဲ့ ဝေဒနာကြောင့် ဖြစ်မည့် တဏှာဟာ ဖြစ်ခွင့်မရှိဘဲ ငြိမ်းသွား ပါတယ်၊ တဏှာငြိမ်းတော့ ဥပါဒါန် ကံနဲ့ ဘဝသစ် ဆင်းရဲတွေလဲ အကုန်ငြိမ်းသွားတယ်၊ ဒါဟာ ဝေဒနာကြောင့် တဏှာ ဖြစ်တတ်

http://www.dhammadownload.com

သည်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် အလယ်ပိုင်းမှ တဏှာမဖြစ်ဘဲ ငြိမ်းပြတ်သွားအောင် အားထုတ်ပုံ အားထုတ်နည်းပါပဲ။

ရှုပုံ ရှုနည်းကို ပြရခြင်းအကြောင်း

ဒီနေရာမှာ ပဋိစ္စသမုပ္ပါဒ် တရားတော်ဆိုပြီး ဝိပဿနာရှုပုံ ရှုနည်းတွေကို ဘာကြောင့် ပြောနေရသလဲလို့ တချို့ မေးကောင်း မေးချင်ကြပေလိမ့်မယ်၊ အဲဒါကို ရှင်းပြပါဦးမယ်၊ ပဋိစ္စသမုပ္ပာဒ်ဆိုတာ သူ့ဆိုင်ရာ ဆိုင်ရာ အကြောင်းကြောင့် သူ့ဆိုင်ရာ ဆိုင်ရာ အကျိုးတရား အဆက်ဆက် ဖြစ်ပေါ်လာပြီး သံသရာ ဝဋ်ဆင်းရဲတွေ မပြတ် ဖြစ်နေပုံကို ပြတဲ့ တရားပါပဲ။ ဒါပေမယ့် ဒီတရားကို ဟောတာက သံသရာဝဋ်ဆင်းရဲ မပြတ်ဖြစ် နေပုံကို သိရုံမျှအတွက်သာ ရည်ရွယ်ပြီး ဟောတာမဟုတ်ဘူး၊ အဲဒီ သံသရာဝဋ်ဆင်းရဲတွေ ပြတ်စဲသွားအောင် အားထုတ်ဖို့အတွက် ပဓာနပြုပြီး ဟောထားတာဖြစ်ပါတယ်၊ ဒါကြောင့် သက်ဆိုင်ရာမှာ သံသရာဝဋ်ဆင်းရဲ ပြတ်စဲသွားအောင် ကျင့်ပုံ ကျင့်နည်းကို ထည့်သွင်းပြရပါတယ်၊ ပုံစံ ထုတ်ပြရရင် "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်၊ သင်္ခါရကြောင့် ပဋိသန္ဓေဝိညာဏ်ဖြစ်သည်" လို့ ဆိုရာမှာ ဘဝသစ် ပဋိသန္ဓေဝိညာဏ် မဖြစ်စေလိုလျှင် အကြောင်းသင်္ခါရနဲ့ အဝိဇ္ဇာကင်းအောင် လေ့ကျင့်ရလိမ့်မယ်၊ အဲဒါ ဘယ်လိုကျင့်ရမည်လဲလို့ သိဖို့လိုလာပါတယ်၊ ဒါကြောင့် အဲဒီ "အဝိဇ္ဇာပစ္စယာသင်္ခါရာ"ဆိုတဲ့အပိုဒ်မှာ ဝိဇ္ဇာဉာဏ် ဖြစ်ပြီး အဝိဇ္ဇာကင်းအောင် ရှုမှတ်ပုံကို အတော်အသင့် ပြခဲ့ပါတယ်၊ နောက်ပြီးတော့ ယခု မြင်လိုက် ကြားလိုက် တွေ့ထိလိုက်နဲ့ ခံစားနေရတာဟာ အဲဒီ အဝိဇ္ဇာနဲ့ သင်္ခါရဆိုတဲ့ အတိတ်ဘဝက အကြောင်းကြောင့် ယခုခေတ်ဘဝလုံးမှာ မပြတ်ဖြစ်ပေါ်နေတဲ့ "ဝိညာဏ်,

http://www.dhammadownload.com

နာမ်ရုပ်, သင်္ခါယတန, ဖဿ, ဝေဒနာ" ဆိုတဲ့ အကျိုးတရား ငါးပါးဖြစ်ပါတယ်၊ ဒီအကျိုးတရား ငါးပါး လုံးပင် အဝိဇ္ဇာနှင့်တကွ တဏှာဖြစ်စရာ အခြေခံတရားတွေဖြစ်ပါ တယ်၊ အထူးအားဖြင့် ဆိုရင်တော့ ဒီအကျိုးတရား ငါးပါးထဲက ဝေဒနာဟာ တဏှာဖြစ်စရာ အခြေခံတရား ဖြစ်ပါတယ်၊ အဲဒီ ဝေဒနာကို အကြောင်းပြုပြီး တဏှာဖြစ်မိရင် ဥပါဒါန်နဲ့ကံဖြစ်ပြီး နောင်အနာဂတ် ဘဝသစ်ဆင်းရဲတွေ ဖြစ်ပေါ်သွားတော့ မှာ ဧကန်ပဲ၊ ဒါကြောင့် အနာဂတ် ဘဝဆင်းရဲ မဖြစ်စေချင် ရင် ဝေဒနာမှ တဏှာမဖြစ်အောင် ကျင့်ဖို့ လိုလာပြန်ပါတယ်၊ ဒါက ဒီမှာ အရေးအကြီးဆုံးလိုရင်းအချက် ဖြစ်ပါတယ်၊ ဒါ ကြောင့် ဝေဒနာမှ ဆက်ပြီး တဏှာမဖြစ်အောင် ကျင့်ကြံအား ထုတ်နည်းကို ကောင်းကောင်းသဘောပေါက်အောင်လို့ ဒီနေ ရာမှာ ဝိပဿနာ ရှုပုံရှုနည်းကို ထပ်ကာထပ်ကာ အကျယ်ပြနေ ခြင်းဖြစ်ပါတယ်။

ဝေဒနာကြောင့် တဏှာ ၃-ပါး ဖြစ်ပေါ်ပုံ

ဝေဒနာကြောင့် တဏှာ ၃-ပါးဖြစ်ပုံကိုအကျဉ်း သရုပ်လောက်တော့ ရှေ့နားက ပြောခဲ့ပါပြီ၊ ဒါဃမယ့် သဘော သဘာဝအားဖြင့်တော့ မပေါ်လွင်လှသေးဘူး၊ ဒါကြောင့် ယခု အဲဒါကို နည်းနည်းချဲ့ပြီး ပြောလိုက်ဦးမယ်၊ မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, သိတိုင်း ဖြစ်ပေါ်လာတဲ့ ခံစားမှုကို အနိစ္စ, ဒုက္ခ, အနတ္တ အနေအားဖြင့် ရှုမှတ်ပြီး မသိလျှင် အဲဒီ ခံစားမှု ဝေဒနာကို အကြောင်းပြုပြီး တဏှာ ၃-ပါးထဲက တစ်ပါးပါး ဖြစ်ပေါ်လာတယ်၊ တဏှာ ၃-ပါးဆိုတာ ကာမ တဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဆိုတဲ့ ဒီ ၃-ပါးပါပဲ။

http://www.dhammadownload.com

ကာမတဏှာ ဆိုတာ ကာမဂုဏ်အာရုံတွေကိုသာယာနှစ်သက်တဲ့သဘောပဲ၊ လှပတင့်တယ်တဲ့ အဆင်းအာရုံတွေ, သာယာတဲ့ အသံအာရုံတွေ, မွှေးကြိုင်တဲ့အနံ့ အာရုံတွေ, ချိုမြိန်တဲ့အရသာ အာရုံတွေ, နူးညံ့ချောညက်တဲ့ အတွေ့အာရုံတွေ, ဒီလို လိုချင်နှစ်သက်ဖွယ် အာရုံဝတ္ထုတွေကို ကာမဂုဏ်လို့ ခေါ်တယ်။ ဒီကာမဂုဏ်အာရုံဝတ္ထုတွေကို နှစ်သက်သာယာတာ, လိုချင်တောင့်စာတာက ကာမတဏှာပဲ၊ ကာမဘုံသားတွေမှာ ဒီကာမတဏှာက အများဆုံး ဖြစ်တတ်ပါတယ်။

ဘဝတဏှာ ဆိုတာကတော့ သဿတဒိဋ္ဌနှင့် တွဲပြီး ဖြစ်တဲ့ နှစ်သက်သာယာမှုတဲ့၊ မြင်ကြား တွေ့သိရတဲ့ သူတစ်ပါးတွေ ရော, မိမိရော အမြဲတည်နေတယ်၊ ရုပ်ကိုယ်ကြမ်းကြီးက သေပျက်သွားပေမယ့် အတွင်းသား အသက်ကောင် အတ္တကောင် ကတော့ ဒီဘဝမှ ဟိုဘဝသို့, အဲဒီဘဝမှလဲ တခြားဘဝသို့ ဤပုံ ဤနည်းဖြင့် ပြောင်းရွှေ့ပြီး တည်မြဲနေတယ်၊ ဘယ်တော့မှ ပျက်ခြင်းမရှိဘူးလို့ ဒီလို အယူအဆကို သဿတဒိဋ္ဌလို့ ခေါ် တယ်၊ ဒီသဿတအယူက ဗုဒ္ဓဘာသာဝင်တွေထဲမှာတော့ ခိုင်ခိုင်မြဲမြဲကြီး မရှိပါဘူး၊ မဂ်ဖိုလ်ကို အန္တရာယ်ပြုလောက်အောင် အစွဲ မသန်လှပါဘူး။ ဗုဒ္ဓသာသနာမှာ အပြင်ပ ဘာသာဝင် တွေထဲမှာတော့ ဒီသဿတအစွဲက သိပ်အစွဲသန်တယ်၊ ဒါကြောင့် သူတို့မှာ မဂ်ဖိုလ်ရအောင် ကျင့်ရေးအတွက် အန္တရာယ် ဖြစ်နေပါတယ်။ အဲဒီ သဿတ အယူရှိတဲ့ သူတွေမှာ အဲဒီ သဿတ အယူအတိုင်း ပျက်စီးခြင်း မရှိဘဲ တည်မြဲနေတာကို နှစ်သက်တာလဲ ဘဝတဏှာပဲ၊ အဲဒီလိုအယူရှိပြီး ထိုထိုအာရုံ ဝတ္ထုတွေကို နှစ်သက်တာလဲ ဘဝတဏှာပဲ။ သူက ဘယ်လိုဖြစ်တတ်သလဲ ဆိုရင် ယခု ကောင်းစား ချမ်းသာသလို နောင်လဲ ငါပဲ ကောင်းစား

http://www.dhammadownload.com

ချမ်းသာမယ်လို့ မျှော်လင့်ပြီးတော့လဲ ဖြစ်တတ်တယ်၊ ငါတစ်ယောက်တည်းက ခံစားနေရတဲ့ အနေနဲ့လဲ ဖြစ်တတ်တယ်၊ အမြဲတမ်းတည်ရှိနေတဲ့အနေနဲ့ သာယာ နှစ်သက်တဲ့ သဘောပါပဲ။

ဝိဘဝတဏှာ ဆိုတာကတော့ ဥစ္ဆေဒဒိဋ္ဌနှင့် တွဲပြီးဖြစ်တဲ့ နှစ်သက်သာယာမှု–တဲ့၊ မိမိရော, သူတစ်ပါးရော သေပြီးရင် ဘာမျှမရှိတော့ဘူး၊ နောင်ဘဝဆိုတာမရှိဘူး၊ မသေခင်သာ ရှိတယ်၊ မသေခင် ယခုဘဝအတွင်းမှာ ချမ်းသာကို ခံစားနိုင်တယ်လို့ ဒီလိုထင်မြင်တဲ့ အယူအဆကို ဥစ္ဆေဒဒိဋ္ဌ ခေါ်တယ်၊ ဒီ ဥစ္ဆေဒ အယူကတော့ ဗုဒ္ဓဘာသာဝင်တွေမှာ မရှိဘူး။ ဒီ အယူရှိလျှင်လဲ ဗုဒ္ဓဘာသာဝင်မဟုတ်ဘူး၊ အဲဒီအယူအတိုင်း သေပြီး အလိုလို ဘဝပြတ်သွားတာကို သာယာနှစ်သက်တာလဲ ဝိဘဝတဏှာပဲ။ သေပြီးတဲ့နောက် ဘာမျှ မရှိတော့ဘူး၊ မသေခင်အတွင်း ရသမျှကို ခံစားမယ်ဆိုတဲ့ အနေနဲ့ ထိုထိုအာရုံတွေ ကို သာယာနှစ်သက်တာလဲ ဝိဘဝတဏှာပဲ။

မြင်တိုင်း,ကြားတိုင်း,တွေ့သိတိုင်း ဖြစ်ပေါ်လာတဲ့ ဝေဒနာ ကို ရှုမှတ်ပြီး အနိစ္စ,ဒုက္ခ,အနတ္တ အနေနဲ့ အမှန်အတိုင်း မသိ လျှင် ဒီတဏှာသုံးပါးထဲက တစ်ပါးပါးဖြစ်တယ်၊ တဏှာဖြစ် ရင် ဥပါဒါန်နဲ့ ကံလဲဖြစ်ပြီး ဘဝသစ်ဆင်းရဲတွေဖြစ်သွားမယ်။ ဒါကြောင့် အဲဒီ ဘဝသစ်ဆင်းရဲတွေ မဖြစ်ရအောင် ဝေဒနာနှင့်တကွ မြင်မှု, ကြားမှုစသည်ကို အမှန်အတိုင်း သိသိသွားအောင် ရှုမှတ်ဖို့ လိုပါတယ်။ ဒီကနေ့တော့ "ဝေဒနာပစ္စယာ တဏှာ=ဝေဒနာကြောင့် တဏှာ ဖြစ်သည်"ဆိုတဲ့ ဒီအပိုဒ်တွင်ပဲ ရပ်ကြဦးစို့။ နောက်သီတင်းကျမှ တဏှာကြောင့် စွဲလမ်းမှု ဥပါဒါန် ဖြစ်ပုံကို ဟောရမယ်။ ကဲ ဆောင်ပုဒ်ကို လိုက်ဆိုကြ။

http://www.dhammadownload.com

အမှန်မသွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာ လိမ့်နိုး၊ ရည်မျှော်ကိုးလျက်၊ သုံးမျိုးမှုက်၊ ပြုစီမံ၍၊ ဝိညာဏ် တွယ်စပ်၊ နာမ်ရုပ်ကပ်လျက်၊ ခြောက်ရပ် အာယတန၊ ဖဿ ခြောက်ဖြာ၊ ဝေဒနာကြောင့်၊ တဏှာ ၆–တန်၊ ဥပါဒါန်နှင့်၊ ဖြစ်ရန်အကြောင်း၊ ကံ ဆင့်လောင်း၍၊ ဆိုးကောင်းဘဝ၊ ဖြစ်ရ ပြန်ရာ၊ အိုကာသေရေး၊ ပူအဆွေးနှင့်၊ ငိုကြွေးကိုယ်နွမ်း၊ စိတ် မချမ်းမြ၊ ပူပန်ရသည်။ ။ လုံးဝ ဆင်းရဲစုသာတည်း။

ဤ ပဋ္ဌိစ္စသမုပ္ပါဒ် တရားဒေသနာတော်ကို ရိုသေစွာ နာယူမှတ်သားကြရသော ဓမ္မသဝန ဥက္ကဋ္ဌကုသိုလ်ကံ စေတနာတို့၏ အစွမ်း အာနုဘော်တော်ကြောင့် ယခု တရားနာပရိသတ် အပေါင်း သူတော်ကောင်းတို့သည် ကိုယ်၏ချမ်းသာခြင်း စိတ် ၏ ချမ်းသာခြင်းတို့နှင့် အခါခပ်သိမ်း ပြည့်စုံကြ၍ အကြောင်း အကျိုးဆက်စပ်လျက် မပြတ်ဖြစ်နေသော ရုပ်နာမ်တရားတို့ကို အမှန် အတိုင်းသိအောင် ရှုမှတ်ပွားများ အားထုတ်နိုင်ကြပြီး အထူးအားဖြင့် ဝေဒနာမှဆက်၍ တဏှာဖြစ်တတ်ရာဝယ် ထိုသို့ တဏှာဆက်၍ ဖြစ်ခွင့် မရအောင် ဖြစ်ပေါ် လာတိုင်းသော ဝေဒနာတို့ကို ပိုင်ပိုင်နိုင်နိုင် မှတ်သိနိုင်ကြ၍ ဝိပဿနာဉာဏ် အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် နိဗ္ဗာန်ချမ်းသာ တရားမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု... သာဓု... သာဓု။

ပဋ္ဌိစ္စသမုပ္ပာဒ်တရားတော်ကြီး ဆဋ္ဌမပိုင်း ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်ကြီး

၁၃၂၄-ခု၊ ဝါခေါင်လဆန်း (၈)ရက်နေ့ ဟောသည်။

သဘ္ဗာမပိုင်း

တဏှာပစ္စယာ ဥပါဒါနံ

ဝါဆိုလကွယ်နေ့က "ဝေဒနာကြောင့် တဏှာဖြစ်သည်" ဆိုတဲ့ အပိုဒ်ကို ဟောခဲ့တယ်၊ အဲဒီမှာ တဏှာဖြစ်ပုံရော, တဏှာ ငြိမ်းပုံရော တော်တော် ကျယ်ကျယ်ပြန့်ပြန့် ဟောခဲ့တယ်။ ဒီကနေ့တော့ "တဏှာပစ္စယာ ဥပါဒါနံ = တဏှာကြောင့် ဥပါဒါန်ဖြစ်သည်" ဆိုတဲ့ အပိုဒ်ကို ဟောရမယ်။

ဥပါဒါနပုဒ်မှာ ဥပနှင့် အာဒါန တွဲစပ်ထားတယ်၊ ဥပ-က လွန်စွာ,ပြင်းစွာ,မြဲမြဲစွာလို့ အဓိပ္ပာယ် ရှိတယ်၊ အာဒါန က ယူတယ်,ဆုပ်ကိုင်တယ်လို့ အဓိပ္ပာယ်ရတယ်၊ နှစ်ပုဒ် ပေါင်း စပ်လိုက်တော့ လွန်စွာ ဆုပ်ကိုင်တယ်, ပြင်းစွာ ဆုပ်ကိုင်တယ်၊ မြဲမြဲစွာ ယူတယ်၊ မြဲမြဲစွာ ဆုပ်ကိုင်တယ်လို့ အနက်ရတယ်။

http://www.dhammadownload.com

စိတ်နဲ့ မြဲမြဲစွာ ဆုပ်ကိုင်တယ်ဆိုတာဟာ စွဲလမ်းတာ ပါပဲ၊ ဒါကြောင့် ဥပါဒါန်ဆိုတာ စွဲလမ်းတာပါပဲ၊ ဘာကို စွဲလမ်းသလဲဆိုရင် သာယာနှစ်သက် တပ်မက်တဲ့ဟာတွေကို စွဲလမ်းတာ ပါပဲ၊ သာယာနှစ်သက် တပ်မက်ရာက အားကြီးပြီး လွန်ကဲလာတဲ့အခါမှာ ဒီစွဲလမ်းမှု ဥပါဒါန်ဖြစ်တယ်၊ ဒါကြောင့် "တဏှာပစ္စယာ၊ သာယာနှစ်သက် တပ်မက်မှုတဏှာ ဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ စွဲလမ်းမှု ဥပါဒါန်သည်။ သမ္ဘဝတိ၊ ဖြစ်သည်"လို့ ဟောထားပါတယ်။

ဥပါဒါန် ၄-ပါး

ဒီ ဥပါဒါန်က (၁) ကာမုပါဒါန် (၂) ဒိဋ္ဌုပါဒါန်၊ (၃)သီလဗ္ဗတုပါဒါန် (၄)အတ္တဝါဒုပါဒါန်လို့ ဒီလို ၄-ပါး ရှိတယ်။

(၁) ကာမုပါဒါန်ဆိုတာ လိုချင်နှစ်သက်ဖွယ် ကာမဂုဏ် အာရုံဝတ္ထုတွေကိုပဲ နှစ်သက်တပ်မက်ပြီး နိုင်နိုင်မြဲမြဲ စွဲလမ်းတဲ့ သဘောပါပဲ။ (၂) ဒိဋ္ဌုပါဒါန်ဆိုတာ ကံ-ကံ၏ အကျိုးမရှိ စသည်ဖြင့် မြဲမြဲစွာ စွဲလမ်းတဲ့ အယူအစွဲပါပဲ။ (၃) သီလဗ္ဗတုပါဒါန်ဆိုတာ မဂ္ဂင် အကျင့်မပါပဲ တစ်စုံတစ်ခုသော အလေ့ အကျင့်မျှဖြင့် သံသရာ ဆင်းရဲတွေမှ လွတ်မြောက်တယ်လို့ မြဲမြဲစွာ စွဲလမ်းတဲ့ အယူအစွဲ ပါပဲ။ (၄) အတ္တဝါဒုပါဒါန် ဆိုတာ အတ္တကောင် အသက်ကောင် တကယ်ရှိတဲ့ အနေအားဖြင့် မြဲမြဲစွာ စွဲလမ်းတဲ့ အယူအစွဲပါပဲ၊ အဲဒီ ဥပါဒါန် ၄-ပါးကို တစ်ခုချင်း အကျယ်ရှင်းပြီး ပြောမယ်။

(၁) ကာမုပါဒါန်

ကာမုပါဒါန်ဆိုတာ ကာမနဲ့ ဥပါဒါန်-နှစ်ပုဒ် တွဲစပ်ထားတယ်၊ လိုချင်နှစ်သက်ဖွယ် ကာမဂုဏ် အာရုံတွေကို ကာမလို့ ခေါ်တယ်၊ လိုချင်နှစ်သက် တပ်မက်ပြီး စွဲလမ်းတာကို ဥပါဒါန်

http://www.dhammadownload.com

ခေါ်တယ်၊ လိုချင်နှစ်သက်ဖွယ် ကာမဂုဏ် အာရုံ ဝတ္ထုတွေကို လိုချင်နှစ်သက် တပ်မက်စွဲလမ်းတာက ကာမုပါဒါန်တဲ့၊ ကဲ အဲဒါကလေး ဆိုကြရမယ်။

> လိုချင်နှစ်သက်ဖွယ် ကာမဂုဏ် အာရုံဝတ္ထုတွေကို လိုချင်နှစ်သက် တပ်မက်စွဲလမ်းတာက ကာမုပါဒါန်။
> (ဆို ၃-ခေါက်)

ကာမဂုဏ် အာရုံတွေဆိုတာ ကာမရာဂ မကင်းသေးတဲ့ သူတွေက လိုချင်နေတဲ့ဟာတွေပါပဲ၊ ဒီလူကလဲလိုချင်တယ်၊ ဟိုလူကလဲ လိုချင်တယ်၊ ဒီနတ်ကလဲ လိုချင်တယ်၊ ဟိုနတ်ကလဲ လိုချင်တယ်၊ မိန်းမကလဲ လိုချင်တယ်၊ ယောကျ်ားကလဲ လိုချင်တယ်၊ ကာမရာဂ မကင်းသေးတဲ့ သူတိုင်းက လိုချင်နေကြတယ်၊ အဲဒါတွေက ဘာတွေလဲဆိုရင် တစ်နေ့ကပြောခဲ့တဲ့ အဆင်း, အသံ, အနံ့, အရသာ, အတွေ့ဆိုတဲ့ ဒီအာရုံငါးပါးပါပဲ။

ရူပါရုံ ကာမဂုဏ်

အဆင်းရူပါရုံဆိုတာ မျက်စိနဲ့ကြည့်လို့ မြင်လို့ ကောင်းတဲ့ လှပတင့်တယ်တယ်လို့ ထင်ရတဲ့ အဆင်းရူပါရုံ ပါပဲ၊ အာရုံကိုက တကယ် လှပတင့်တယ်တယ်တဲ့ ဣဋ္ဌာရုံအစစ်လဲရှိတယ်၊ အဲဒါကို သဘာဝ ဣဋ္ဌာရုံလို့ ခေါ်တယ်၊ အာရုံက မလှပေမယ့် ကြည့်တဲ့သူ့ရဲ့ မျက်စိနဲ့တည့်နေလို့ လှတယ်ထင်ရတဲ့ ဣဋ္ဌာရုံအတုလဲ ရှိတယ်၊ အဲဒါကို ပရိကပ္ပဣဋ္ဌာရုံလို့ ခေါ်တယ်၊ ကြည့်တဲ့သူက ကောင်းတဲ့အနေနဲ့ ကြံဆပြီးကြည့်လို့ လိုချင်စရာဖြစ်နေတဲ့ အာရုံလို့ ဆိုလိုပါတယ်၊ ဒီနေရာမှာတော့ အစစ်ရော အတုရော နှစ်မျိုးလုံးကို

http://www.dhammadownload.com

ရူပါ၊ ရုံကာမဂုဏ်လို့ ခေါ်ပါတယ်၊ ဒါကြောင့် ရူပါရုံကာမဂုဏ်ကို သံရုပ်ဖော်ပြီးဟောတဲ့အခါမှာ ဒီလိုဟော ထားပါတယ်။

စက္ခုဝိညေယျာ၊ မျက်စိဖြင့် မြင်ရကုန်သော။ ။ ဣဋ္ဌာ၊ အလို ရှိအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ။ မြတ်နိုးအပ်ကုန်သော။ ပိယရူပါ၊ ချစ်ဖွယ်သဘောရှိကုန်သော။ ကာမူပသံဟိတာ၊ လိုချင်နှစ်သက်ဖွယ် ဂုဏ်နှင့်စပ်ယှဉ်ကုန် ပြည့်စုံကုန်သော။ ရဇနိယာ၊ တပ်စွဲဖွယ် ကောင်းကုန်သော။ ရူပါ၊ အဆင်းအာရုံတို့လဲ ကာမဂုဏ် တစ်ပါး–လို့ ဒီလိုဟောထား ပါတယ်။

ဒီလို ချစ်ခင် နှစ်သက်ဖွယ် ရူပါရုံ ကာမဂုဏ်က ဘယ်မှာ တည်နေတာလဲဆိုရင် မိန်းမ ယောကျ်ားတို့ရဲ့ သန္တာန်မှာ အလွန် အကဲဆုံး တည်ရှိနေပါတယ်၊ အသုံးအဆောင် ဝတ္ထုပစ္စည်း တွေမှာလဲ တည်ရှိနေပါတယ်၊ အဖို သတ္တဝါတွေရဲ့ အကြိုက် အဆင်းရူပါရုံက် အမ သတ္တဝါတွေရဲ့ သန္တာန်မှာရှိတယ်၊ အမ သတ္တဝါတွေရဲ့ အဆင်း ရူပါရုံက အဖို သတ္တဝါတွေရဲ့ သန္တာန်မှာရှိတယ်၊ နှစ်ဦးလုံးရဲ့အကြိုက် အဆင်းရူပါရုံကတော့ အကျီလုံချည် ရွှေငွေကျောက်သံပတ္တမြား ကျွဲ နွား ဆင် မြင်း အစရှိတဲ့ အသုံးအဆောင် အထည်ဒြပ်တွေမှာ ရှိတယ်၊ ဒါကြောင့် တပ်မက်သာယာမှု စွဲလမ်းမှု ဖြစ်တဲ့အခါ ကျတော့ အဆင်း သက်သက်တွင် ကွက်ပြီး တပ်မက်စွဲလမ်းတာ မဟုတ်ဘူး၊ တည် ရာ ဖြစ်တဲ့ အထည်ဝတ္ထုကြီးပါ တပ်မက်စွဲလမ်းတယ်၊ မိန်းမ သန္တာန်က အဆင်းရူပါရုံကို တပ်မက်စွဲလမ်းတယ်ဆိုရင် မိန်းမရဲ့ တစ်ကိုယ်လုံးပါ တပ်မက်စွဲလမ်းတယ်၊ ယောကျ်ား သန္တာန်က အဆင်းရူပါရုံကို တပ်မက်စွဲလမ်းရင်လဲ နည်းတူပဲ တစ်ကိုယ်လုံးပါ တပ်မက်စွဲလမ်းတယ်၊ အသုံးအဆောင်တွေ တပ်မက်စွဲလမ်းရာ

http://www.dhammadownload.com

မှာလဲ ဒီနည်းအတိုင်းပဲ တပ်မက်စွဲလမ်းတယ်၊ အဆင်းရှုပါရဲ့ ကတော့ သူ့ရဲ့ တည်ရာဖြစ်တဲ့ အထည်ဒြဗ်နဲ့ ဆက်သွယ်ပေးတဲ့ သဘောရှိပါသည်၊ ဥပမာ–အသံကိုကြားရရင် အသံရှင်ဖြစ်တဲ့ ပုဂ္ဂိုလ်ဆီ စိတ်ရောက်သွားသလိုပါပဲ၊ တောလိုက်တဲ့ မုဆိုးများဟာ တောကောင် သတ္တဝါရဲ့ အသံကိုကြားရရင် သူတို့ အလိုရှိနေတဲ့ အကောင် ဒီနေရာမှာ ရှိတယ်လို့ သိရတယ်၊ အဲဒီလို သိရာမှာ အသံက ဒီမှာ ရှိတယ်လို့ ဖော်ပြသလို ဆက်သွယ်ပေးသလို ဖြစ်နေပါတယ်၊ အဲဒီလိုပါပဲ လိုချင်နှစ်သက်ဖွယ်အဆင်းကို မြင်ရရင် အဲဒီအဆင်းရဲ့တည်ရာ မိန်းမ ယောကျ်ား တစ်ကိုယ်လုံး အထည် ဒြဗ်ဝတ္ထု တစ်ခုလုံးကိုပါ တပ်မက် စွဲလမ်းတော့တာပဲ၊ အဲဒီမှာ အဆင်းရှုပါရဲ့က တပ်မက်စွဲလမ်းဖို့ရာ ဆက်သွယ်ပေးသလို ဖြစ်နေ ပါတယ်။

သဒ္ဒါရဲ့ ကာမဂုဏ်

အသံအာရုံကာမဂုဏ်ဆိုတာ နားထောင်လို့ ကြားလို့ ကောင်းတဲ့ နားဝင်ချိုတယ်လို့ ထင်ရတဲ့ မိန်းမ ယောကျ်ား တွေရဲ့ စကားသံ သီချင်းသံ တီးမှုတ်တဲ့ တူရိယာသံတွေပါပဲ၊ ဒီအသံမှာလဲ တကယ်သာယာတဲ့ ဣဋ္ဌာရုံအစစ်နဲ့ မသာယာ သော်လဲ တကယ်သာယာတယ်လို့ ထင်ရတဲ့ ဣဋ္ဌာရုံ အတုအားဖြင့် နှစ်မျိုး ရှိတာပဲ။ အဲဒီ အသံအာရုံ ကာမဂုဏ်ကိုလဲ မြတ်စွာ ဘုရားက–

သောတဝိညေယျာ၊ နားဖြင့် ကြားရကုန်သော။ ဣဋ္ဌာ၊ အလိုရှိအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ မြတ်နိုးအပ်ကုန်သော။ ပိယရူပါ၊ ချစ်ဖွယ်သဘောရှိကုန်သော။ ကာမူပသံဟိတာ၊ လိုချင်နှစ်သက်ဖွယ် ဂုဏ်နှင့် စပ်ယှဉ်ကုန် ပြည့်စုံကုန်သော။ ရဇနိယာ၊ တပ်စွဲဖွယ် ကောင်းကုန်သော။ သဒ္ဒါ၊ အသံအာရုံတို့လဲ ကာမဂုဏ် တစ်ပါး–လို့ ဒီလို ဟော ထားပါတယ်။

http://www.dhammadownload.com

ဒီ အသံအာရုံ ကာမဂုဏ်ကိုတပ်မက်စွဲလမ်းတဲ့အခါလဲ အသံသက်သက်တင်ကွက်ပြီး တပ်မက်စွဲလမ်းတာ မဟုတ်ဘူး၊ အသံရှင် မိန်းမယောကျ်ား တစ်ကိုယ်လုံးကိုပါ တပ်မက် စွဲလမ်း တယ်၊ သီဆိုတီးမှုတ်တဲ့သူကိုလဲ တပ်မက်စွဲလမ်းတယ်၊ အသံမြည် တဲ့ တူရိယာကိုလဲ တပ်မက်စွဲလမ်းတယ်၊ အဲဒီလို တပ်မက်စွဲလမ်း ဖို့ရာ အသံအာရုံက ဆက်သွယ်ပေးတယ်။

ဂန္ဓာရုံ ကာမဂုဏ်

အနံ့ အာရုံ ကာမဂုဏ်ဆိုတာ ရေမွှေးနံ့ ပန်းနံ့ နံ့သာနံ့ အစရှိတဲ့ နမ်းရှူလို့ ကောင်းတယ်ထင်ရတဲ့ အနံ့တွေ ပါပဲ၊ အထူးအားဖြင့် လူးလိမ်းထားလို့ဖြစ်စေ, သူ့ပင်ကိုရင်းအတိုင်း ဖြစ်စေ မိန်းမ ယောကျ်ားတို့၏ ကိုယ်မှထွက်လာတဲ့ အနံ့ပါပဲ၊ အဲဒီအနံ့ကို နှစ်သက်တပ်စွဲကြတယ်၊ ဒါကြောင့် သူတစ်ပါး နှစ်သက်တပ်စွဲအောင် မိမိတို့ကိုယ်ကို နံ့သာရေမွှေး စသည်ဖြင့် လူးလိမ်းပေးနေကြတာပဲ၊ ဒီအနံ့ကလဲ ဂ္ဂန္ဓာရုံ အစစ် အတု နှစ်မျိုးလုံးရှိတာပဲ၊ အဲဒီ အနံ့ အာရုံ ကာမဂုဏ်ကိုလဲ မြတ်စွာ ဘုရားက–

ယာနဝိညေယျာ၊ နာခေါင်းဖြင့် နံ့သိအပ်ကုန်သော။ ဂ္ဂန္ဓာ၊ အလိုရှိအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ မြတ်နိုးအပ်ကုန်သော။ ဝိယရူပါ၊ ချစ်ဖွယ်သဘောရှိကုန်သော။ ကာမူပသံဟိတာ၊ လိုချင်နှစ်သက်ဖွယ်ဂုဏ်နှင့် စပ်ယှဉ်ကုန် ပြည့်စုံကုန်သော။ ရဇနီယာ၊ တပ်စွဲဖွယ်ကောင်းကုန်သော။ ဂန္ဓာ၊ အနံ့ အာရုံတို့လဲ ကာမဂုဏ် တစ်ပါးလို့ ဒီလို ဟောထား ပါတယ်။

ဒီ အနံ့ အာရုံကာမဂုဏ်ကို တပ်မက်စွဲလမ်းတဲ့အခါလဲ အနံ့ သက်သက်တွင် ကွက်ပြီး တပ်မက်စွဲလမ်းတာ မဟုတ်သေးဘူး၊ အနံ့ ထွက်လာခဲ့ရာ မိန်းမ ယောကျ်ား တစ်ကိုယ်လုံးကိုပါ

http://www.dhammadownload.com

တပ်မက်စွဲလမ်းတယ်၊ အနုံ့၏တည်ရာ ပန်းနုံ့သာ စသည်ကိုလဲ တပ်မက်စွဲလမ်းတယ်။

ရသာရဲ့ ကာမဂုဏ်

အရသာအာရုံ ကာမဂုဏ် ဆိုတာ စားလို့, သောက်လို့ ကောင်းတဲ့ ထမင်း ဟင်း မုန့် အဖျော်ယမကာ စသည်မှာ ပါတဲ့ အရသာပါပဲ၊ ဒီ အရသာမှာလဲ လူ့ဘဝရဲ့ အစစ်အတု နှစ်မျိုးလုံး ရှိတာပဲ၊ အညစ်အကြေးကို စားနေကြတဲ့ ခွေး ဝက် အစ ရှိတဲ့ သတ္တဝါတွေမှာ အညစ်အကြေးလဲ အရသာကောင်း ဖြစ် နေတယ်၊ အဲဒါဟာ လူ့ဘဝရဲ့အတုပါပဲ၊ အချို့ကအလွန်ပူတာ အလွန်စပ်တာ အလွန်ခါးတာတွေကို ကြိုက်နေတယ်၊ သေရည် အရက်ကို ကြိုက်နေတယ်၊ ဒါတွေလဲ လူ့ဘဝရဲ့ အတုတွေ ပါပဲ၊ ဘာကြောင့်လဲ အလေ့အကျင့်မရှိတဲ့ သာမန်လူတွေဟာ ဒီလို ပြင်းထန်တဲ့ အရသာတွေကို မသုံးဆောင်နိုင်ဘူး၊ ဒါကြောင့် ပါပဲ၊ ဒီနေရာမှာတော့ စားရတာကိုသာ အရသာလို့ခေါ်တာ မဟုတ်သေးဘူး၊ တစ်စုံ တစ်ယောက်က ပြုပြင်ပေးတာ ပြုစုတာတွေလဲ သာယာဖွယ်ဖြစ်တဲ့ အတွက် ပရိဘောဂ ရသလို့ ခေါ်သေးတယ်၊ အဲဒါကလဲ လူတွေမှာ အရသာရှိနေသလို ဖြစ်နေပါတယ်၊ ဥပမာအားဖြင့် အိမ်ထောင်ရှင်တွေမှာ ကိုယ့်အိမ်သူက ပြုစုပေးတာကို ပိုပြီးကောင်းသလို ထင်နေတတ်တယ်၊ အိပ်ရာကလေး ပြင်ပေးတာ, စားသောက်ဖွယ်ကို ချက်ပြုတ် ပြုပြင်ပေးတာ, ဆေးလိပ် မီးညှိပေးတာ, ဒီလိုဟာတွေကို ပိုပြီး မြိန်ယှက်တတ်တယ်၊ အဲဒါဟာ ပရိဘောဂရသကို နှစ်သက်တာ ပါပဲ အဲဒီ အရသာ နှစ်မျိုးထဲက လိုရင်းပဓာနဖြစ်တဲ့ အရသာ အာရုံ ကာမဂုဏ်ကို မြတ်စွာဘုရားက–

http://www.dhammadownload.com

ဖိဝှာဝိညေယျာ၊ လျှာဖြင့် စားသိအပ်ကုန်သော။ ဣဋ္ဌာ၊ အလိုရှိအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ မြတ်နိုးအပ်ကုန်သော။ ပိယရူပါ၊ ချစ်ဖွယ် သဘော ရှိကုန်သော။ ကာမူပသံဟိတာ၊ လိုချင်နှစ်သက်ဖွယ်ဂုဏ်နှင့် စပ်ယှဉ်ကုန် ပြည့်စုံကုန်သော။ ရဇနီယာ၊ တပ်စွဲဖွယ်ကောင်းကုန်သော။ ရသာ၊ အရသာ အာရုံတို့လဲ ကာမဂုဏ်တစ်ပါးလို့ ဒီလို ဟောထားပါတယ်။

ဒီ အရသာအာရုံကို တပ်မက်စွဲလမ်းတဲ့အခါမှာလဲ အရသာ သက်သက်တွင် ကွက်ပြီး တပ်မက် စွဲလမ်းတာ မဟုတ်သေးဘူး၊ အရသာ၏တည်ရာ စားကောင်းသောက်ဖွယ်တွေ, စားသောက်ဖွယ်၏ အရင်းခံဖြစ်တဲ့ ဆန် စပါး ကြက် ဝက် စသည်တွေ, အရသာပေါ်အောင် ပြုပြင်ဆောင်ရွက်ပေးတဲ့သူတွေ ဒါတွေ ကိုပါ အကုန်လုံး တပ်မက်စွဲလမ်းတယ်၊ အဲဒီလို တပ်မက် စွဲလမ်းဖို့ရာ အရသာက ဆက်သွယ်ပေးတယ်။

ဟောဠဗွာရဲ့ ကာမဂုဏ်

အတွေ့အာရုံ ကာမဂုဏ်ဆိုတာ တွေ့ထိလို့ ကောင်းတယ် ထင်ရတဲ့ နူးညံ့ချောညက်တဲ့ အတွေ့အာရုံ စသည်တွေပါပဲ၊ နူးညံ့ချောညက်တဲ့ အိပ်ရာနေရာ အတွေ့, အကျီ လုံချည် အဝတ်အထည် အတွေ့, ချမ်းအေးနေတဲ့အခါ ပူနွေးတဲ့အတွေ့, ပူအိုက်နေတဲ့အခါ အေးတဲ့, အတွေ့-ဒီလိုဟာတွေပါပဲ၊ အထူး အားဖြင့် အဖို, အမ သတ္တဝါတွေမှာ အမ, အဖို သတ္တဝါတွေရဲ့ ကိုယ်အတွေ့တွေပါပဲ၊ ဒီအတွေ့အာရုံ ကာမဂုဏ်ကိုလဲ မြတ်စွာ ဘုရားက-

http://www.dhammadownload.com

ကာယဝိညေယျာ၊ ကိုယ်ဖြင့် ထိသိအပ်ကုန်သော။ ဣဋ္ဌာ၊ အလိုရှိအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ မြတ်နိုးအပ်ကုန်သော။ ပိယရူပါ၊ ချစ်ဖွယ်သဘောရှိကုန်သော။ ကာမူပသံဟိတာ၊ လိုချင်နှစ်သက်ဖွယ်ဂုဏ်နှင့် စပ်ယှဉ်ကုန် ပြည့်စုံကုန်သော။ ရဇနီယာ၊ တပ်စွဲဖွယ် ကောင်းကုန်သော။ ဖောဋ္ဌဗ္ဗာ၊ အတွေ့အာရုံတို့လဲ ကာမဂုဏ်တစ်ပါး–လို့ ဒီလို ဟောထားပါတယ်။

ဒီအတွေ့အာရုံကို တပ်မက် စွဲလမ်းတဲ့အခါမှာလဲ တွေ့ထိရ တာကလေးသက်သက်တွင် ကွက်ပြီး တပ်မက် စွဲလမ်းတာ မဟုတ်သေးဘူး၊ တွေ့ထိရတဲ့ လူတစ်ကိုယ်လုံးကိုပါ တပ်မက် စွဲလမ်းတယ်၊ နူးညံ့တဲ့အတွေ့ စသည်၏တည်ရာ အသုံးအဆောင် ဝတ္ထုတွေပါ အကုန်လုံးကို တပ်မက်စွဲလမ်းတယ်၊ အဲဒီလို တပ်မက် စွဲလမ်းဖို့ရာ အတွေ့အာရုံက ဆက်သွယ်ပေးတယ်။

အခြေခံ ကာမဂုဏ်

ကာမဂုဏ်ငါးပါး အကြောင်းကတော့ တော်တော် ပြည့်စုံ သွားပါပြီ၊ နောက်ပြီးတော့ ဒီကာမဂုဏ်ငါးပါး ရဖို့ရာ, သုံးဆောင်ဖို့ရာ အခြေခံဖြစ်တဲ့ ကာမဂုဏ်ဝတ္ထုတွေ ဆိုတာလဲ ရှိသေးတယ်၊ ဘာတွေလဲ ဆိုလျှင် ရွှေ, ငွေ, ကျောက်, သံ, ပတ္တမြား, ဆန်, စပါး, ကျွဲ, နွား, ဆင်, မြင်း, ကြက်, ဝက်, ဆိတ်, ဘဲ, ယာဉ်, ရထား, ကား, အိမ်, လယ်, ယာ, အခြွေ အရံ စသည်တွေပါပဲ။ ယခု လူတွေ နေ့စဉ်မပြတ် တလှပ်လှပ် တရွရွနဲ့ အားထုတ် လုပ်ကိုင်နေကြရတာ ဘာအတွက်လဲ ဒီကာမဂုဏ်ဝတ္ထုတွေ ရဖို့အတွက်ပဲ မဟုတ်လား၊ ဒီကာမဂုဏ် ဝတ္ထုတွေနဲ့ ပြည့်စုံမှ ကိုယ်အလိုရှိတဲ့ အာရုံငါးပါး ကာမဂုဏ် တရားတွေကို ခံစားနိုင်မယ်။ ထမင်းကောင်း စားရအောင်

http://www.dhammadownload.com

ထမင်းဖိုး ရှာရတယ်၊ အဝတ်ကောင်း ဝတ်ရအောင် အဝတ်ဖိုး ရှာရတယ်၊ အိပ်ရာကောင်းနဲ့ အိပ်ရအောင် နေရာထိုင်ခင်းဖိုး ရှာရတယ်၊ ပွဲကောင်း ကြည့်ရအောင် ပွဲခ ရုံဝင်ခကို ရှာရတယ်၊ ဒါတွေဟာ ကာမဂုဏ်ငါးပါးအတွက် ချည်းပါပဲ ဘာကြောင့် ရှာရသလဲ၊ ဒီအာရုံတွေကို လိုချင် တပ်စွဲနေလို့ ပါပဲ၊ ဒါကြောင့် ဒီအာရုံတွေကို "ကာမိယတီတိ=အလိုရှိဒေပ်, နှစ်သက်အပ်, တောင့်တအပ်သောကြောင့်။ ကာမော=ကာမဂုဏ်မည်တယ်" လို့ ဆိုပါတယ်၊ ကာမဂုဏ်ဆိုတာ လိုချင်စရာတွေပဲ မရသေးရင် ရချင်တယ်၊ ရပြီးဖြစ်ရင်လဲ အဲဒါကို မစွန့်လွှတ်ဘဲနဲ့ အမြဲ သိမ်းပိုက်ထားချင်တယ်။

တဏှာမှ ကာမုပါဒါန် ဖြစ်လာပုံ

အဲဒီလို နှစ်သက်လိုချင်ရာမှာ ပထမ နှစ်သက်သာယာရုံမျှ လိုချင်ရုံမျှဆိုရင်တော့ တဏှာတဲ့၊ ဆာလောင်ရုံမျှ ရှိသေးတဲ့ သဘောပါပဲ။ အဲဒီအာရုံကို လိုချင်နှစ်သက်ရာက တော်တော် ကြာတော့ စွဲစွဲလမ်းလမ်းကြီးဖြစ်လာတယ်၊ မရရင် မဖြစ်တော့ ဘူးဆိုတဲ့ အနေနဲ့ မြဲမြဲစွာ စွဲလမ်းလာတယ် မခွာနိုင် မခွဲနိုင် တော့ဘူး ဆိုတဲ့ အနေနဲ့ စွဲလမ်းလာတယ်၊ အဲဒီလို စွဲလမ်းတဲ့ အဆင့်ရောက်လာရင် ကာမုပါဒါန်ခေါ်တယ်၊ ဥပမာ–ဆေးလိပ် မသောက်တတ်တဲ့ လူဟာ ပထမစပြီး ဆေးလိပ်သောက်ခါစ မှာတော့ နှစ်သက်ရုံလောက်ပဲ ရှိသေးတယ်၊ မစွဲလမ်းသေးဘူး သောက်ဖန်များတော့ စွဲလာတယ်၊ မသောက်ရရင် မနေနိုင်တော့ ဘူးဆိုတဲ့အနေကို ရောက်လာတယ်၊ တစ်နည်း ဥပမာကတော့ ကွမ်းမကြိုက်သေးတဲ့ လူဟာ ကွမ်းကို စပြီး စားကြည့်တဲ့အခါ

http://www.dhammadownload.com

နှစ်သက် သဘောကျရုံလောက်ပဲ ရှိသေးတယ်၊ မစွဲသေးဘူး၊ စားဖန်များလာတဲ့အခါကျတော့ ကြိုက်လာတယ်၊ မစားရရင် မနေနိုင်လောက်အောင် စွဲလာတယ်၊ တစ်နည်း ဥပမာကတော့ လက်ဖက်မကြိုက်သေးတဲ့သူဟာ စပြီး စားခါစမှာ နှစ်သက်ရုံ သဘောကျရုံလောက်ပဲ ရှိသေးတယ်၊ မစွဲသေးဘူး၊ စားဖန်များ လာတဲ့အခါကျတော့ ကြိုက်လာတယ်၊ တချို့များ သူ့အချိန် ကျရင် မစားရဘဲ မနေနိုင်သလိုတောင် ဖြစ်နေတယ်၊ စွဲလမ်းတဲ့ သဘောပါပဲ။ ယခုပြောခဲ့တဲ့ ဥပမာတွေလိုပါပဲ၊ နှစ်သက်ဖွယ် ကာမဂုဏ်အာရုံကို တွေ့ခါစမှာတော့ လိုချင်နှစ်သက်ရုံ, သဘောကျရုံလောက်ပဲ ရှိပါတယ်၊ အဲဒီ အာရုံကို ထပ်ကာ ထပ်ကာ နလုံးသွင်း ဆင်ခြင်နေလို့ အတန် ကြာလာရင်တော့ လိုချင်မှု နှစ်သက်မှုတွေက အားကြီးလာ တတ်တယ်၊ အဲဒီအာရုံ ဝတ္ထုကို မရရင် နေမဖြစ်တော့သလိုပဲ အလွန်အကဲ ဖြစ်လာ တတ်တယ်၊ ရပြီဆိုရင်လဲမစွန့်နိုင်မခွာရက်အောင် တစွဲ တလမ်းကြီး ဖြစ်လာတတ်တယ်၊ အဲဒါဟာ တဏှာက ရင့်ကျက်ပြီး ဥပါဒါန် ခေါ်တဲ့ စွဲလမ်းမှုဖြစ်လာတာပါပဲ။ ဒါကြောင့် "တဏှာပစ္စယာ လိုချင်နှစ်သက်မှု တဏှာဟူသော အကြောင်းကြောင့်။ ဥပါဒါနံ စွဲလမ်းမှု ဥပါဒါန်သည်။ သမ္ဘဝတိ–ဖြစ်သည်" လို့ ဟောထားတာပဲ။

လိုချင်နှစ်သက်မှု တဏှာရှိမှ ဒီဥပါဒါန်က ဖြစ်တယ်၊ လိုချင် နှစ်သက်မှု တဏှာမရှိရင်တော့ ဒီ ဥပါဒါန်က မဖြစ်နိုင်ဘူး။ နိုင်ငံခြား လူမျိုးခြားတွေရဲ့ အတီးအမှုတ် တူရိယာတွေ, သီချင်း တွေရှိတယ်၊ အဲဒါတွေထဲမှာ အချို့ တူရိယာသံ, သီဆိုသံ တွေဟာ ဗမာလူမျိုးတွေရဲ့ နားနဲ့မကိုက်ဘူး၊ ဒါကြောင့် အဲဒီလို အသံတွေကို ဗမာလူမျိုးတွေက မကြိုက်ဘူး၊ မကြားချင်ဘူး၊ တဏှာမဖြစ်တဲ့ သဘောပါပဲ၊ ဒါကြောင့် အဲဒီအသံမျိုးတွေကို နားထောင်ချင်

http://www.dhammadownload.com

ပါဘိတော့တယ်–လို့ စွဲလမ်းမှု ဥပါဒါန် မဖြစ်ဘူး၊ နောက်ပြီးတော့ ဗမာလူမျိုးတွေက ခွေးသားကို စားလေ့မရှိဘူး၊ ဒါကြောင့် တရို့လူမျိုးတွေ ခွေးသားစားတာကို တွေ့ရသည်ဖြစ်စေ, ကြားရသည်ဖြစ်စေ ဗမာတွေမှာ ခွေးသားစားချင်တဲ့စိတ် မဖြစ်ဘူး၊ ရွံတဲ့စိတ်သာ ဖြစ်တယ်၊ တဏှာမဖြစ်တဲ့သဘော ပါပဲ၊ ဒါကြောင့် ခွေးသားစားချင်ပါဘိတော့တယ်–လို့ စွဲလမ်းမှုလဲ မဖြစ်ဘူး၊ ဒါလောက်ဆိုရင် တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်၊ ကာမုပါဒါန်ဖြစ်တယ်–ဆိုတာ သဘောပေါက် လောက်ပါပြီ။

(၂) ဒိဋ္ဌုပါဒါန်

ဒိဋ္ဌုပါဒါန်ဆိုတာ ဒိဋ္ဌိနဲ့ဥပါဒါန်နှစ်ပုဒ် တွဲစပ်ထားတာပဲ၊ ဒိဋ္ဌိ ဆိုတာက မှားသောအယူ+ဥပါဒါန်–ဆိုတာကစွဲလမ်းတာ= နှစ်ခုပေါင်းလိုက်တော့ အယူမှားကို စွဲလမ်းတာ၊ စွဲလမ်းတဲ့ အယူမှားလို့ ဆိုလိုပါတယ်၊ ဒီဒိဋ္ဌုပါဒါန်က ကျယ်ပြန့်ပါတယ်၊ နံပါတ် ၃–သီလဗ္ဗတုပါဒါန်နဲ့ နံပါတ် ၄–အတ္တဝါဒုပါဒါန် တို့မှ တစ်ပါး အယူမှားဟူသမျှကိုဒိဋ္ဌုပါဒါန်လို့ခေါ်ပါတယ်၊ မိစ္ဆာဒိဋ္ဌိ–အယူမှား ဆိုတာ အစွဲအလမ်းချည်းပါပဲ၊ ကမ္ဘာပေါ်မှာ ဘာသာ အယူဝါဒတွေ ဟူသမျှဟာ ကိုယ့်ဟာမှ မှန်တယ်လို့ချည်း စွဲလမ်းယူဆနေကြတာ ချည်းပဲ၊ ဒါကြောင့် အယူမှား ဆိုရင် ဥပါဒါန် မဟုတ်တာရယ်လို့ မရှိဘူး၊ စွဲလမ်းမှု ဥပါဒါန် အဆင့်ရောက်နေတာချည်းပါပဲ၊ အဲဒီ အယူမှား အမျိုးမျိုးထဲမှ ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိကို ဒီနေရာမှာ အကျယ်ဖွင့်ပြီး ဟောထားပါတယ်၊ ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိဆိုတာ စွဲလမ်းချက် ဆယ်ပါးရှိတဲ့ အယူမှားလို့ ဆိုလိုပါတယ်။

http://www.dhammadownload.com

ဒသဝတ္ထုကာ မိစ္ဆာဒိဋ္ဌိဖြစ်ပုံ

(၁) အဲဒီ ဆယ်ပါးထဲက အမှတ်(၁)က "နတ္ထိ ဒိန္နံ=ပေးလှူခြင်း အကျိုးမရှိဘူး"တဲ့၊ ပေးလှူတဲ့အတွက် ကောင်းကျိုး ပေးတတ်တဲ့ ကုသိုလ်လဲ မဖြစ်ဘူး၊ ကောင်းကျိုးလဲ မရဘူး၊ ပစ္စည်း ကုန်ရုံမျှပဲလို့ ဆိုလိုပါတယ်၊ ဒီအယူက ကုသိုလ်က် အကုသိုလ်ကမရှိ၊ အဲဒီက်ရဲ့ အကျိုးလဲမရှိ–လို့ ယူဆထားတာ၊ ပေးလှူခြင်းမှာ အကျိုးရှိတာကတော့ ထင်ရှားနေတာ ပါပဲ၊ အလှူခံပုဂ္ဂိုလ်မှာ ရသွားရုံနဲ့ပဲ ဝမ်းမြောက်ဝမ်းသာတဲ့ အကျိုးရှိသွားတာပဲ၊ အဲဒီ အလှူဝတ္ထုကိုသုံးဆောင်ရတဲ့ အတွက် ကိုယ်ချမ်းသာ စိတ်ချမ်းသာ ဖြစ်ခြင်း အကျိုးရှိ သွားတယ်၊ စားစရာမရှိလို့ သေလုသေခါနီး ဖြစ်နေတဲ့သူမှာဆိုရင် အသက်မသေဘဲ အသက်ရှည်ခြင်း အစရှိသော အကျိုးတွေကိုလဲ ရသွားတယ်၊ အဲဒါတွေကို ဆင်ခြင်ကြည့်လိုက်လျှင် ပေးလှူတဲ့သူမှာလဲ ဝမ်းမြောက်ခြင်းစသောအကျိုးတွေကိုရတယ်၊ နောက်ပြီးတော့ ပေးလှူတဲ့သူကို အများက ချစ်ခင်ကြည်ညိုကြတယ်။ အရပ်ထဲမှာ ကိစ္စကြီးငယ်ရှိလို့ အလှူဌေကောက်ခံတဲ့အခါ စေတနာ ထက်ထက်သန်သန်နဲ့ ပေးလှူတဲ့ ပုဂ္ဂိုလ်ကို ကြည်ညိုလေးစားကြတယ်၊ သူတော်ကောင်းတွေကလဲ ပေးလှူတဲ့သူကို အထူးသဖြင့် ချဉ်းကပ်ပြီး ချီးမြှောက်ကြတယ်၊ ပေးလှူတဲ့သူမှာ ချီးမွမ်းဖွယ် ဂုဏ်သတင်း ကျော်စောတယ်၊ ဘယ်ပရိသတ် အစည်းအဝေးတက်တက် ပေးလှူတဲ့ပုဂ္ဂိုလ်ဟာ မျက်နှာမငယ်ရဘူး၊ ဒါတွေဟာ မျက်မှောက်တွင်ပဲ အထင်အရှား တွေ့ရတဲ့ အကျိုးတွေပါပဲ၊ သေသည်၏ အခြားမဲ့မှာ နတ်ရွာ သုဂတိကို ရောက်ရတယ်၊ ဒါကတော့ သေပြီးမှရမည့်အကျိုးပဲ၊ မျက်မှောက်မတွေ့နိုင်ဘူး၊ မယုံချင်တဲ့သူကို ယုံအောင်ပြောဖို့ ခက်တယ်၊ ဒါပေမယ့် ဒီ တမလွန်အကျိုး ဆိုတာက အဘိညာဉ်နဲ့ပြည့်စုံတဲ့

http://www.dhammadownload.com

ဘုရား, ရဟန္တာ,အဘိညာဉ်ရ ပုဂ္ဂိုလ်တို့၏ အရာသာ ဖြစ် ပါတယ်၊ ကိုယ်တိုင် တွေ့ချင်လျှင် အဲဒီ အဘိညာဉ်တွေကို ရအောင်အားထုတ်ကြပြီးကြည့်ပါ၊ အဲဒီ အဘိညာဉ်တွေထဲမှာ ဒိဗ္ဗစက္ခု အဘိညာဉ်ဆိုတာ ရှိတယ်၊ အဲဒီ အဘိညာဉ်ကိုရရင်တော့ ပေးလှူတဲ့ပုဂ္ဂိုလ်တွေ နတ်ပြည်ရောက်ပြီး ချမ်းသာနေကြတာကို ထောင်သောင်းများစွာ တွေ့နိုင်ပါတယ်။ ပေးလှူခြင်းမရှိပဲ အကုသိုလ်များတဲ့သူတွေ ငရဲဘုံ, ပြိတ္တာဘုံ တွေ ရောက်ပြီး အတိဒုက္ခရောက်နေတာကိုလဲထောင်သောင်း များစွာ တွေ့မြင်နိုင် ပါတယ်၊ အဲဒီလို အဘိညာဉ်ကို မရသေးဘဲနဲ့,တောင်မှ တချို့ ယောဂီတွေဟာ သမာဓိအစွမ်းဖြင့် ကုသိုလ်ကံကြောင့် နတ်ပြည်ရောက်နေတဲ့သူတွေ, အကုသိုလ်ကံကြောင့်ငရဲဘုံ, ပြိတ္တာဘုံ, ရောက်နေတဲ့ သူတွေကို တွေ့မြင်နေကြပါသေးတယ်၊ အဲဒီလိုတွေ့တာတွေက တကယ်ဟုတ်ပါ့မလား စိတ်ကူးတွေများ မဖြစ်ပေဖူးလားလို့ မေးစရာရှိပါတယ်၊ တစ်ဦးသောပုဂ္ဂိုလ်က တွေ့မြင်ပြီး ပြောပြထားတဲ့အတိုင်း နောက်တစ်ဦးနှစ်ဦး စသည်က မကြားဖူးဘဲနဲ့ ထပ်တူထပ်မျှ တွေ့မြင်ပြီး ပြောတယ်ဆိုရင် အစစ်အမှန်ပဲလို့ ယုံကြည်ဆုံးဖြတ်ဖို့ရှိပါတယ်၊ ဒါကြောင့် "ပေးလှူခြင်းအကျိုးမရှိ"ဆိုတဲ့ ယူဆချက်ဟာ မှားယွင်းတဲ့ မိစ္ဆာအယူရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။

(၂) နောက် အမှတ်(၂)ကတော့ "နတ္ထိ ယိဋ္ဌं = အကြီး အကျယ် ပူဇော်ခြင်း အကျိုးမရှိ"တဲ့၊ အလှူပွဲကြီး အကြီးအကျယ်လုပ်ပြီး ပေးလှူပူဇော်တာလဲ အကျိုးမရှိဘူးလို့ ဆိုလိုပါတယ်။

(၃) အမှတ် (၃)ကတော့ "နတ္ထိ ဟုတं = ဧည့်ခံခြင်း အစ ရှိတဲ့ အသေးအဖွဲ ပေးလှူပူဇော်ခြင်း အကျိုးမရှိ"တဲ့၊ ဧည့်သည်ကို ဧည့်ခံကျွေးမွေးခြင်း, မဂ်လာကိစ္စ၌ ကျွေးမွေးပေးကမ်း ခြင်း, နှစ်သစ်ကူးပွဲ

http://www.dhammadownload.com

စသည်၌ လက်ဆောင် ပေးကမ်းခြင်း ဤသို့သော ပေးကမ်း ကျွေးမွေးခြင်းများဟာ ဘာမျှအကျိုး မရှိဘူးလို့ ဆိုလိုပါတယ်၊ ဒီ အမှတ် (၂–၃) ကတော့ အမှတ်(၁)နဲ့ သဘောအားဖြင့် အတူတူပါပဲ ဟိုဓေတ်တုန်းက အိန္ဒိယမှာ ပြုလေ့ရှိတဲ့ ကောင်းမှု အမျိုးကွဲကလေး များဖြစ်တဲ့အတွက် အဲဒီဓေတ်တုန်းက မိစ္ဆာ အယူရှိတဲ့သူက အသီးသီး ခွဲခြားပြီး ပယ်ပြစ်ပုံကို ဟောထားတာပါပဲ။

(၄) အမှတ် (၄) ကတော့ "နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလं ဝိပါကော=ကောင်းစွာပြုလုပ်တဲ့ ကောင်းမှုကံ, မကောင်းစွာပြုတဲ့ မကောင်းမှုကံ တို့၏ အကျိုးရင်း အကျိုးဖျား မရှိ"တဲ့၊ ဒါကတော့ ကောင်းမှု မကောင်းမှုအဖြစ်နဲ့ ယုံကြည် ပြီး ပြုလုပ်နေကြတဲ့ အမှ ဟူသမျှဟာ ဘာမျှ အကျိုးမရှိဘူး၊ ပင်ပန်းရုံမျှပဲလို့ ဆိုလိုပါတယ်၊ အမှတ်(၁)မှာ ပြခဲ့သလိုပဲ ကောင်းမှုကံ၏ ကောင်းကျိုးတွေ, မကောင်းမှု ကံ၏ မကောင်းကျိုးတွေကို မျက်မှောက်တွင်ပဲ အများကြီး တွေ့မြင်ရပါတယ်၊ တမလွန်မှာလဲ အဘိညာဉ်မျက်စိနဲ့ တွေ့မြင်ပါ တယ်၊ ဒါပေမယ့် ကာမဂုဏ်တွေမှာ တပ်မက်တဲ့ တဏှာအားကြီးတဲ့ ပုဂ္ဂိုလ်က ကာမဂုဏ် ခံစားမှုလောက်သာ အခွင့်အရေး ပေးချင်တယ်၊ ကာမဂုဏ် ခံစားရေးအတွက် အနှောက်အယှက် ဖြစ်စေနိုင်တဲ့ ကုသိုလ် အလုပ်ကိုလဲ အလိုမရှိဘူး၊ မကောင်းမှုမှ ကြဉ်ရှောင်ရတဲ့ အလုပ်ကိုလဲ အလိုမရှိဘူး၊ ဘာကြောင့်လဲဆိုရင် ကောင်းမှုကံ မကောင်းမှုကံ၏ ကောင်းကျိုး ဆိုးကျိုး ရှိတယ်လို့ ယူတဲ့ သူမှာ ကောင်းမှုကို လုပ်ရတဲ့အတွက် စီးပွားရေး အလုပ်အကိုင်တွေ လစ်ဟင်းသွားနိုင်တယ်၊ ပျက်သွားနိုင်တယ်၊ လျော့ပါး သွားနိုင်တယ်၊ စီးပွားရေးနဲ့ ပတ်သက်တဲ့ မကောင်းမှု အလုပ်တွေကို ရှောင်နေရတဲ့ အတွက်လဲ မကြီးပွားနိုင်ဖူးလို့ ဒီအယူဝါဒရှင်က ယူဆတယ်၊

http://www.dhammadownload.com

ဒါကြောင့် ကောင်းမှုက် မကောင်းမှုက် အကျိုးရှိတယ်ဆိုတဲ့ဘက်ကို သူက မစဉ်းစားတော့ဘူး အကျိုး မရှိဘူးဆိုတဲ့ ဘက်ကသာ အလေးပေးပြီး အကြောင်းယုတ္တိအမျိုးမျိုးနဲ့ သူက စဉ်းစားတယ်၊ ဒါဟာ အရင်းစစ်လိုက်တော့ ကာမ တဏှာ အားကြီးတဲ့အတွက် ဖြစ်ပေါ်လာတဲ့ စွဲလမ်းမှုဥပါဒါန် ပါပဲ၊ ဒါကြောင့် "တဏှာပစ္စယာ ဥပါဒါနံ"လို့ ဟောထား ပေတာပဲ။

(၅) နောက် အမှတ်(၅)ကတော့ "နတ္ထိ မာတာ = အမိ ရယ်လို့ အထူးအလေးပြုစရာမရှိဘူး"တဲ့၊ မွေးသမိခင်ကျေးဇူး ရှင် ဆိုပြီး ပညာရှိ သူတော်ကောင်းတွေက အမိကို ရိုသေလေးစားရမယ်၊ ကျေးဇူးတဲ့ပြန်ပြီး ပြုစုရမယ်၊ ကျွေးမွေးရမယ်လို့ ဟောပြော ညွှန်ကြားနေကြပါတယ်၊ အဲဒါကို မိစ္ဆာအယူရှင်က လက်မခံဘူး၊ ပယ်ချတယ်၊ မိဘတွေ သားသမီးရလာတာဟာ သူတို့ကိစ္စ ပြုလုပ်ရင်း မတော်တဆရလာတာပဲ၊ သူတို့ စောင့်ရှောက် မွေးမြူလာတာလဲ တာဝန်ဝတ္တရားအရ ဆောင်ရွက် လာတာပဲ၊ ဘာမျှ ကျေးဇူးတင်စရာ မရှိဖူးလို့ ဒီ မိစ္ဆာအယူရှင်က ယူဆထားတယ်၊ သူ့မှာ ကုသိုလ် အကုသိုလ် မရှိဘူးလို့ ယူထားတဲ့အတွက် အမိကို ပြုစုသော်လဲ ဘာမျှ အကျိုးမရှိဖူး၊ ပြစ်မှားသော်လဲ ဘာမျှ အပြစ်မရှိဘူးလို့လဲ ယူဆထားတယ်၊ ဒါကြောင့် အမိရယ်လို့ မရှိဘူးလို့ ဒီမိစ္ဆာအယူရှင်က ဆိုတာ၊ အမိရယ်လို့ အထူးရိုသေလေးစားစရာ မရှိဘူးလို့ ဆိုလို ပါတယ်။ အတော် ကြောက်စရာကောင်းတဲ့ အယူပဲ၊ သူ့အယူအတိုင်း ဆိုရင် သူ့သားသမီးတွေလဲ သူ့ကို ရိုသေလေးစားကြတော့မှာ မဟုတ်ဘူး၊ အဲဒီအကျိုးရဖို့ကတော့ သေချာနေပါတယ်။

(၆) အမှတ် (၆) ကတော့ "နိတ္ထိ ပိတာ=အဘ ရယ်လို့ အထူး အလေးပြုစရာ မရှိဘူး"တဲ့ ဒီအဆိုကတော့ အမှတ်(၅) နှင့် အတူတူပါပဲ။

http://www.dhammadownload.com

(၇) အမှတ် (၇) ကတော့ "နတ္ထိ အယံ လောကော = ဤ လောက ဆိုတာ မရှိဘူး"တဲ့၊ တစ်ပါးသော လောကမှ သေပြီး ဒီလူ့လောကမှာ ဖြစ်တယ်ဆိုတာ မရှိဘူးလို့ ဆိုလိုပါတယ်၊ ဒီ မိစ္ဆာအယူ ရှိတဲ့သူက မျက်မြင်မတွေ့ရတဲ့ နတ်ပြည်လောက ငရဲ လောက,ပြိတ္တာလောကဆိုတာတွေကို အယုံအကြည်မရှိဘူး၊ ဒါကြောင့် သူ့အလိုအားဖြင့် တစ်ပါးသော လောကဆိုတာ တိရစ္ဆာန်လောကပဲ ရှိတယ်၊ အဲဒီ တိရစ္ဆာန်လောကမှ သေပြီး ဒီလူ့ပြည်လောကမှာ ဖြစ်တာမရှိဘူးလို့ ဆိုလိုပါတယ်။

(၈) အမှတ်(၈) ကတော့ "နတ္ထိ ပရော လောကော= တစ်ပါး သော လောကဆိုတာ မရှိဘူး"တဲ့၊ လူ့လောကမှ သေပြီး နတ်ပြည်မှာ ဖြစ်တယ်၊ ငရဲမှာဖြစ်တယ်၊ ပြိတ္တာဖြစ်တယ်၊ ကျွဲ နွား စသော တိရစ္ဆာန် ဖြစ်တယ်ဆိုတာ မရှိဘူး၊ အသက်ရှင်ဆဲဘဝက သေပြီးရင် ဘာမျှမရှိတော့ဘူးလို့ ဆိုလိုပါတယ်။

(၉) အမှတ်(၉)ကတော့ "နတ္ထိ သြပပါတိကာ သတ္တာ= ဘဝ ဟောင်းက သေပြီးတဲ့နောက် ဘဝသစ်မှာ ကပ်ရောက်ပြီး ဖြစ်တာ မရှိဘူး၊ သေပြီးရင် ဘာမျှ မဖြစ်တော့ဘူး"တဲ့ ဒီ အနက်အရဆိုရင် ခုတင်က အမှတ်(၇-၈)နှင့် အတူတူပဲ ဖြစ်နေပါတယ်၊ တစ်နည်း အားဖြင့် သြပပါတိကာပုဒ်ကို ဥပပါတ် ပဋိသန္ဓေရှိတဲ့ သတ္တဝါ တွေလို့လဲ ပြန်သင့်ပါတယ်၊ ဒီအနက် အရအားဖြင့် ကိုယ်အင်္ဂါ အပြည့်အစုံ အထင်အရှား အနီးအပါးမှာ ကျလာသကဲ့သို့ဖြစ်တဲ့ သတ္တဝါဆိုတာ မရှိဘူးလို့ ယူရပါမည်၊ အဲဒီလို သတ္တဝါတွေက ဘယ်ဟာတွေလဲဆိုရင် ဗုဒ္ဓဝါဒ အရအားဖြင့် နတ်တွေ, ဗြဟ္မာတွေ, ငရဲသတ္တဝါတွေ, ပြိတ္တာတွေ, အသုရကာယ်သတ္တဝါတွေ, ကမ္မာဦးက သတ္တဝါတွေ ဒီသတ္တဝါတွေပါပဲ၊ ယခုပြောနေတဲ့ မိစ္ဆာဝါဒရှင်အလို အားဖြင့် အဲဒီ နတ်တို့, ဗြဟ္မာတို့, ငရဲသတ္တဝါတို့, ပြိတ္တာတို့ဆိုတာ

http://www.dhammadownload.com

တွေဟာ မျက်မြင်အားဖြင့် မတွေ့ရတဲ့အတွက် မရှိဘူးလို့ ဆိုလို ပါတယ်၊ အဲဒါကတော့ တော်တော်ကို ယုတ္တိမတန်တဲ့ ဝါဒ ပါပဲ၊ ဘာကြောင့်လဲဆိုရင် အရပ်ရပ် အနယ်နယ်မှာ နတ်ဆိုးတွေ, နတ် ကောင်းတွေဆိုတာ မကြာခဏ တွေ့နေကြရတာပဲ၊ ရက္ခစိုးတွေ ဆိုတာလဲ တွေ့ရတတ်တယ်၊ သူ့သစ်ပင်ကို ဖျက်ဆီး လို့ ချက်ချင်း ဒုက္ခရောက်သွားကြရတဲ့ လူတွေလဲ ရှိကြတယ်၊ ဥစ္စာဓောင့်တွေဆိုတာလဲ တစ်ခါတစ်ရံ တွေ့ရတတ်တယ်၊ နောက် ပြီးတော့ မှော်ဆရာတွေရဲ့ အစွမ်းလဲ တွေ့တန်သမျှ တွေ့နေကြရ တာပဲ၊ အဲဒီလို တွေ့နေကြရတဲ့ အတွက် နတ်, ဗြဟ္မာ စသည်တွေ မရှိဘူးဆိုတာကတော့ ယုတ္တိ မတန်ပါဘူး၊ တရားအားထုတ်တဲ့ သူတွေမှာတော့ သမာဓိ၏ အစွမ်းဖြင့် အဲဒီနတ်တွေ၊ ဗြဟ္မာတွေ, ငရဲသတ္တဝါတွေ, ပြိတ္တာတွေ ဆိုတာကို မျက်မှောက်ပဲ တွေ့မြင်ရပါတယ်။ ဒါကြောင့်လဲ ယုတ္တိမတန်ဘူးလို့ ဆိုပါတယ်။

(၁၀) အမှတ်(၁၀)ကတော့ "နတ္ထိလောကေ သမဏ= ဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဉ္စ လောကံပရဉ္စ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ"တဲ့၊ ဒီအချက်ကတော့ အလွန် အရေးကြီးတဲ့ အချက် ဖြစ်ပါတယ်။ ဒါကြောင့် အနက် ပြန်ပြီး ရှင်းပြောရမယ်။

ယေ သမဏဗြဟ္မဏာ၊ အကြင်ရဟန်း သူမြတ်တို့သည်၊ ဣမဉ္စ လောကံ၊ ဤမျက်မှောက် လောကကိုလည်းကောင်း။ ပရဉ္စ၊ အခြား တစ်ပါးသော မျက်ကွယ် လောကကိုလည်းကောင်း။ သယံ အဘိညာ၊ ကိုယ်တိုင်အထူးသိ၍။ သစ္ဆိကတွာ၊ မျက်မြင် တွေ့၍၊ ပဝေဒန္တိ၊ ဟောကြားကုန်၏။ သမ္မဂ္ဂတာ၊ ကောင်းမွန် ဖြောင့်မှန်စွာ သွားကုန် သော။ သမ္မာပဋိပန္နာ၊ ဖြောင့်မှန်စွာ ကျင့်ကုန်သော။ တေ သမဏ ဗြဟ္မဏာ၊ ထိုသို့သော ရဟန်း သူမြတ်တို့သည်။ လောကေ၊ လောကဌ်၊ နတ္ထိ၊ မရှိကြဘူးတဲ့။

http://www.dhammadownload.com

ဆိုလိုတာကတော့ လောကမှာ ဘာသာရေးတရားတွေကို တိထွင်ဟောကြားနေကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ မျက်မှောက် လူ့လောကအကြောင်းကိုရော, နတ်လောက, ငရဲလောက အစရှိတဲ့ မျက်ကွယ်လောကအကြောင်းကိုရော ကိုယ်ပိုင်ဉာဏ်ဖြင့် ထူးထူးခြားခြား တွေ့မြင်ပြီး ဟောနိုင်တဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိဘူး၊ အပြောနှင့်အလုပ် ဖြောင့်မှန်တဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိဘူး၊ မသိဘဲနဲ့ အရမ်းကြံတွေးပြီး ဟောနေကြတာချည်းပဲလို့ ဆိုလိုပါတယ်၊ ဒါကြောင့် ဘာသာတရားတွေဆိုတာ ကောင်းတာ မှန်တာရယ် လို့ မရှိဘူးလို့လဲ ဆိုလိုပါတယ်။ ရှေးကသာ မဟုတ်ဘူး၊ ယခု ကာလမှာလဲ ဘာသာရေးကို အလိုမရှိတဲ့သူတွေက ဒီလိုပဲ ဆိုနေကြပါတယ်။

ဒီအချက်ဖြင့် လောကမှာ ကျင့်ကြံအားထုတ်ပြီး လောကအကြောင်းကို အမှန်အတိုင်းသိမြင်တဲ့ ဘုရား ရဟန္တာ ဆိုတာ မရှိဘူးလို့ ပယ်ချလိုက်ပါတယ်၊ ဒီနေရာမှာ ပညာရှိအနေနဲ့ ဆင်ခြင်ဖို့ရာကတော့ ဒီလိုယူဆပြောဆိုတဲ့ပုဂ္ဂိုလ်လဲ သူများလိုပဲ ကိုယ်တိုင်က ဘာမျှ ထူးထူးခြားခြား သိတာမရှိဘဲနဲ့ ကြံတွေးပြီး ပြောဆိုတာပဲ ဆိုတာကိုတော့ သူ့စကားအရအားဖြင့် မှန်ကန်ပေတယ်လို့ ဆင်ခြင်ဆုံးဖြတ်ရပေလိမ့်မည်။ ဒီတော့ မသိတဲ့လူ ပြောတဲ့ စကားကို အတည်ပြုပြီး ယုံကြည်ယူဆ ထားဖို့ကတော့ မသင့်ပေဘူး၊ ကိုယ်ပိုင်ဉာဏ်နဲ့ နက်နက်နဲနဲ စဉ်းစားဆင်ခြင်ဖို့ လိုပါတယ်။

လောကမှာ ဘာသာတရားတွေဆိုတာ များစွာပဲ ရှိကြ ပါတယ်။ တချို့ဘာသာတရားတွေက ကိုယ်ပိုင် မမြင်မတွေ့ရဘဲ ကြံဆပြီး ဟောထားတယ်ဆိုတာ သူ့ဆိုင်ရာ ကျမ်းစာတွေထဲ မှာပဲ ဝန်ခံထားပြီး ဖြစ်နေပါတယ်။ နောက်ပြီးတော့ ကျင့်ကြံ အားထုတ်သူတွေကိုယ်တိုင်

http://www.dhammadownload.com

တွေ့နိုင်တဲ့သဘောလဲ မရှိဘူး၊ အဲဒီ လို ဘာသာတရားတွေကတော့ ပညာရှိတွေအနေနဲ့ ကျေနပ်ဖွယ် မရှိပေဘူး ဗုဒ္ဓတရားတော်ကတော့ "သယံ အဘိညာ ဒေသိ တာ=ကိုယ်တိုင်ထူးခြားသော ဉာဏ်ဖြင့် သိပြီးမှ ဟောတယ်" လို့လဲ ဝန်ခံထားပါတယ်၊ အဲဒီလိုဝန်ခံထားတဲ့ အတိုင်း ကျကျနန ကျင့်လျှင် ယခုလဲ ကိုယ်တိုင် တွေ့ရပါတယ်၊ သိပ္ပံနည်းအရ အားဖြင့်လဲ ဘုရားဟောတာတွေမှန်ကန်ကြောင်း ထောက်ခံချက် တွေ များစွာရှိပါတယ်၊ နောက်ပြီးတော့ တရားတော် ဟုတ် မဟုတ်ကို ကျကျနန ကျင့်ကြံလေ့လာကြည့်မှလဲ သိနိုင်ပါ တယ်၊ ဒါကြောင့် ဒီအမှတ် (၁၀)အရ အယူရှိနေသူဆိုလျှင် ဗုဒ္ဓ တရားတော်ကို ကျကျနန လေ့လာကျင့်သုံး ကြည့်သင့်ပါတယ်။

ဘုရားလက်ထက်တော်က ဒီအယူဝါဒကို ဟောပြောနေတဲ့ ပုဂ္ဂိုလ်ကတော့ "အဇိတ"ဆိုတဲ့လူ ဖြစ်ပါတယ်၊ သူက ဆံပင် ဖြင့် ရက်တဲ့အဝတ်ကို ဝတ်နေလို့ သူ့ကို "ကေသကမ္ဗလ"လို့ လဲခေါ်တယ်၊ သူက ဘုရားမပွင့်ခင် ကတည်းက ဒီဝါဒကို ဟောပြောနေခဲ့ပါတယ်၊ ဒါကြောင့် သူ ပထမဟောစဉ်တုန်းက ပယ်မြစ်တဲ့ ရဟန်းသူမြတ်တွေ ထဲမှာ ဗုဒ္ဓမြတ်စွာဘုရားနှင့် ဘုရား၏ တပည့်ရဟန္တာတွေ မပါသေးဘူး လို့ ဆိုရမှာပဲ၊ ဒါပေမယ့် သူ့ဟာက အကန့်အသတ်မရှိဘဲ ရဟန်း သူမြတ်တွေကို အကုန်လုံးပယ်ပစ်လိုက်တော့ ဘုရား ရဟန္တာတွေလဲ ပါသွားတယ်လို့ ဆိုရမှာပဲ၊ နောက်ပြီးတော့ ဗုဒ္ဓမြတ်စွာဘုရား ပွင့်လာတဲ့နောက် ကာလမှာလဲ သူက ဟောမြဲ့အတိုင်းပင် ဟောနေတာ ပါပဲ၊ ဒါကြောင့် ဘုရား ရဟန္တာတွေလဲ သူ့ပယ်မြစ်ချက်ထဲ ပါသွား တယ်လို့ ဆိုရပါတယ်။

မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိ

ကံနှင့် ကံ၏အကျိုးမရှိဘူးလို့ ယူလိုက်ရင် ခုတင်က ပြောခဲ့ တဲ့ ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိ ဖြစ်တော့တာပဲ၊ ဘာကြောင့်လဲ ဆိုလျှင်

http://www.dhammadownload.com

ပေးလှူခြင်း အကျိုးမရှိ၊ အကြီးအကျယ် ပေးလှူ ပူဇော်ခြင်း အကျိုးမရှိ၊ ဧည့်ခံကျွေးမွေးခြင်း အကျိုးမရှိ၊ ကောင်းမှုကံ မကောင်းမှုကံ၏ အကျိုးရင်းအကျိုးဗျားမရှိ–ဆိုတဲ့ ဒီ ၄–ချက်ဟာ ကံ, ကံ၏ အကျိုးမရှိဆိုတာထဲမှာ အတွင်းဝင်သွားပါတယ်၊ အမိမရှိ အဘ မရှိ ဆိုတဲ့ ဒီနှစ်ချက်လဲ ရိုသေမှု ပြစ်မှားမှု ကံ၏ အကျိုးအပြစ် မရှိတာကို ရည်ရွယ်သောကြောင့် အဲဒီ ၂–ချက်လဲ ပါဝင်သွားပါတယ်၊ ဤလောကမရှိ၊ တစ်ပါးသောလောက မရှိ ဥပပါတ်သတ္တဝါ မရှိဆိုတဲ့ ဒီ ၃–ချက်လဲ ဘဝသစ်ကို ဖြစ် စေနိုင်တဲ့ ကံမရှိဘူးလို့ ဆိုလိုတဲ့အတွက် အဲဒီ ၃–ချက်လဲ အတွင်းဝင်သွားပါတယ်၊ ဘုရား ရဟန္တာတွေ မရှိ–ဆိုတဲ့ နောက်ဆုံးအချက်မှာလဲ ဒါန အစရှိသော ပါရမီ ကုသိုလ်ကံရှိလျှင် အဲဒီ ပါရမီကံတွေကြောင့် ဘုရား ရဟန္တာဖြစ်မယ်၊ ဘုရား ရဟန္တာ မရှိဘူးဆိုလိုက်တော့ ဒါနအစရှိသော ပါရမီကံ မရှိဘူးလို့ ပယ်ရာရောက်ပါတယ်၊ ဒါကြောင့် အဲဒီ နောက်ဆုံး အချက်လဲ ကံ,ကံ၏ အကျိုးမရှိဆိုတဲ့ အယူထဲမှာ ပါဝင်သွားပါတယ်၊ ဒါ ကြောင့် ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိဟာ ကံ,ကံ၏အကျိုး မရှိဆိုတဲ့ မိစ္ဆာအယူနဲ့ အတူတူပဲလို့ မှတ်ရမယ်။

ထို့အတူပင် "ပေးလှူခြင်း အကျိုးရှိ၏"စသည်ဖြင့် ပြဆို ထားတဲ့ ဒသဝတ္ထုက သမ္မာဒိဋ္ဌိဟာလဲ ကံ, ကံ၏ အကျိုး ရှိတယ် ဆိုတဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိနဲ့ အတူတူပဲလို့ မှတ်ရမယ်၊ အဲဒါက အရေးကြီးတဲ့အချက် ဖြစ်တဲ့အတွက် နည်းနည်းချဲ့ ပြောရဦးမယ်။

ဒသဝတ္ထုက သမ္မာဒိဋ္ဌိဖြစ်ပုံ

(၁) ကံရှိတယ်၊ ကံ၏ အကျိုးလဲ ရှိတယ်လို့ အယူရှိတဲ့သူမှာ "အတ္ထိ ဒိန္နံ = ပေးလှူခြင်း အကျိုးရှိတယ်"လို့ ဆိုတဲ့ အယူမှန်လဲ

http://www.dhammadownload.com

ဖြစ်တော့တာပဲ။ ပေးလှူမှုအကျိုးရှိပုံကို ထုတ်ဖော် ပြောရ ဦးမယ်၊ လူတစ်ယောက်ကို အသုံးကျတဲ့ ပစ္စည်းတစ်ခုခု ပေးကြည့်ပါ၊ အဲဒီ ပစ္စည်းရသွားတဲ့လူကပေးတဲ့ လူကို အောက်ထစ်ဆုံး ခင်မင်ကြည်ညိုမှာ ကတော့ သေချာနေတာပဲ၊ ကိုက်တတ်တဲ့ ခွေးတောင် ထမင်းကျွေး လိုက်ရင် ယဉ်ပါးသွားသေးတာပဲ၊ အကျပ်အတည်းကျနေတဲ့သူကို ပေးကမ်း မ,စလိုက်ရင် သာပြီး ကျေးဇူးတင်လိမ့်မယ်၊ အဲဒီလူက တတ်နိုင်လို့ရှိရင် အကူအညီပေးမယ် ဘေးရန် အန္တရာယ်ရှိရင်လဲ ကာကွယ်စောင့်ရှောက်မယ်၊ ပေးကမ်းတဲ့သူရဲ့အပြစ်ကို တစ်စုံ တစ်ယောက်က ပြောနေရင် အဲဒီလို မပြောဖို့ရာ သူက တားမြစ်မယ်၊ ကောင်းတဲ့ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ပြောလိမ့်မယ်၊ ဒီလို စေတနာ သက်သက်နဲ့ ပေးလှူရာမှာ ကျေးဇူးတင်တာကိုတော့ အထူးပြောစရာ မလိုဘူး၊ အလုပ်ကိစ္စအတွက် အခကြေးငွေကို ပေးရာမှာတောင် လွယ်လွယ်ကူကူနဲ့ ပြည့်ပြည့်ဝဝပေးတယ်ဆိုရင် အဲဒီလို ပေးတဲ့သူကို ချစ်ခင် ကြည်ညိုကြသေးတာပဲ၊ နောက်ပြီးတော့ ပေးလှူခြင်း အကျိုး မရှိတဲ့ မိစ္ဆာအယူနဲ့စပ်ပြီး ခုတင်က ပြောခဲ့တဲ့အတိုင်းပင် ပေးလှူတဲ့သူမှာ ချီးမွမ်းဖွယ်ရာဂုဏ်နဲ့ ပြည့်စုံတယ်၊ အချီးမွမ်း ခံရတယ်၊ ကောင်းသတင်း ကျော်စောတယ်၊ သူတော်ကောင်းတွေရဲ့ ချဉ်းကပ်ခြင်း, ချီးမြှောက် ခြင်းကို အထူးသဖြင့် ခံယူရတယ်၊ ပေးလှူလေ့ရှိတဲ့ လူဟာ ဘယ် ပရိသတ် ဘယ်အစည်း အဝေးတက်တက် မျက်နှာမငယ်ရဘူး၊ မိမိ ကိုယ်တိုင်လဲ ပေးလှူ နိုင်တဲ့ဂုဏ်ကို အာရုံပြုပြီး ဝမ်းမြှောက်ရတယ်၊ ဒါတွေဟာမျက်မှောက်ဘဝတွင် ကိုယ်တိုင်တွေ့ မြင်နိုင်တဲ့ အကျိုးတွေ ပါပဲ၊ ဒီလို မျက်မှောက်အကျိုးတွေ အထင်အရှားရှိနေတာကိုလဲ ရည်ရွယ် ပြီးတော့ "အတ္တိ ဒိန္နံ–ပေးလှူခြင်း အကျိုးရှိတယ်ဆိုတဲ့ သမ္မာဒိဋ္ဌိ – အယူမှန် ဖြစ်ပေါ်လာပြန်ပါတယ်။

http://www.dhammadownload.com

ဒါနမ၏ တမလွန်အကျိုးလဲ ထင်ရှားသည်

နောက်ပြီးတော့ ပေးလှူမှု ဒါနကုသိုလ်နှင့် ပြည့်စုံတဲ့သူဟာ မျက်မှောက်က ရုပ်နာမ်ခန္ဓာ ပျက်စီးလို့ သေရတဲ့အခါမှာ ကုသိုလ် အာရုံနိမိတ်တွေထင်ပြီး မတွေ့မဝေဘဲ ရွှင်ရွှင်ပျပျ ကြည်ကြည် လင်လင်နဲ့ သေရတယ်။ သေပြီးတဲ့အခါလဲ ချမ်းသာ ပြည့်စုံတဲ့ လူ့ဘဝ, နတ်ဘဝ, သုဂတိဘဝကို ရောက်ပြီး လူ ချမ်းသာ, နတ် ချမ်းသာတွေကို ခံစားရမယ်၊ မဂ်ဖိုလ် နိဗ္ဗာန်ကို ရည်သန် တောင့်တပြီး ပြုတဲ့ ဒါနကုသိုလ်ဆိုရင် အဲဒီကုသိုလ် ကြောင့် နောင်ဘဝ တစ်ခုခု မှာ တရားနာခြင်း, ကျင့်ခြင်းဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကိုလဲ ရနိုင်တယ်၊ ဗုဒ္ဓမြတ်စွာ ဘုရားအလောင်းလျာတွေလဲ ဒီဒါနဆိုတဲ့ ပါရမီကုသိုလ်ကို အရင်းခံပြုပြီး ပါရမီတော်တွေကို ဖြည့်ကျင့်ခဲ့လို့ နောက်ဆုံးဘဝမှာ ဗုဒ္ဓဘုရား အဖြစ်သို့ ရောက်တော်မူကြရတယ်။ ပစ္စေကဗုဒ္ဓါအလောင်း, သာဝက အလောင်းတွေလဲ နည်းတူပဲ မိမိတို့နှင့် သက်ဆိုင်တဲ့ ဒါန အစရှိသော ပါရမီတွေကို ဖြည့်ကျင့်ခဲ့ကြလို့ နောက်ဆုံး ဘဝမှာ ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတွေ ဖြစ်ကြရတယ်။ ဒါတွေကတော့ နောင်တမလွန်ကျမှ တွေ့ရမည့် အကျိုးတွေပဲ၊ ယခု မျက်မှောက်မှာ တော့ မတွေ့နိုင်ဘူး၊ ဒါပေမယ့် ဒေသနာတရားတော်ကိုမှီပြီး အနု မာနအားဖြင့်တော့ တွေ့နိုင်ပါသေး တယ်၊ လူလူချင်း တူနေပါလျက်နဲ့ အကျိုးပေးပုံကွာနေတာကို တောက်ဆကြည့်ရင် ကောင်းစားချမ်းသာ အောင်, ဆင်းရဲအောင် စီမံဖန်တီးပေးနေတဲ့ ကုသိုလ်က်,အကုသိုလ်က် ရှိနေတယ်ဆိုတာ ယုံကြည်ဆုံးဖြတ်နိုင်ပါတယ်၊ တချို့ လူတွေဟာ စိုက်ပျိုးရေး လုပ်ငန်း အတူတူ လုပ်ကြတာပဲ၊ ကုန်သည်လုပ်ငန်း, လခစား လုပ်ငန်း စသည်ကို အတူတူ လုပ်ကြတာပဲ၊ ဒါပေမယ့် အကျိုး ပေးပုံက ခြားနားခြင်းရှိနေတယ်၊ တချို့က ဆင်းရဲမြ

http://www.dhammadownload.com

ဆင်းရဲ နေတယ်၊ တချို့က တစ်နှစ် တမျိုးဆိုသလိုပဲ တိုးတက်ကြီးပွား လာတယ်၊ ချမ်းသာကြွယ်ဝလာတယ်၊ ရာထူးဌာနန္တရ တိုးတက် လာတယ်၊ ဤပုံဤနည်းဖြင့် အကျိုးပေးပုံခြားနားနေတာကို တွေ့ကြ ရတယ်၊ အဲဒါကို တွေ့ရတဲ့အတွက် ဒါနကုသိုလ်နည်းတဲ့သူမှာ အလိုရှိတိုင်း မပြည့်စုံဘူး၊ ဘယ်လိုပင် ကြိုးစား အား ထုတ်ပေမယ့် ရည်ရွယ်တဲ့အတိုင်း မအောင်မြင်ဘူး၊ ဒါနကုသိုလ် များတဲ့သူမှာ အလိုရှိတိုင်း ပြည့်စုံတယ်၊ ပင်ပန်းကြီးစွာနဲ့ အားမထုတ်ရဘဲ သက်သက်သာသာ အလွယ်တကူနဲ့ ရည်ရွယ်ချက် အတိုင်းအောင်မြင် တယ် ဆိုတာကို ယုံကြည်ဆုံးဖြတ်နိုင်ပါတယ်၊ ဒီလိုတမလွန်အကျိုးတွေ ထင်ရှား ရှိနေတာကိုလဲ ရည်ရွယ်ပြီးတော့ "အတ္ထိ ဒိန္နံ = ပေးလှူ ခြင်း အကျိုးရှိတယ်" ဆိုတဲ့ သမ္မာဒိဋ္ဌိ–အယူမှန် ဖြစ်ပေါ်လာပါတယ်။

(၂) နောက်ပြီးတော့ "အတ္ထိ ယိट्ठं = အကြီးအကျယ် ပေးလှူ ပူဇော်ခြင်းအကျိုးရှိတယ်"ဆိုတဲ့ အယူမှန်လဲ ကမ္မသကတာ သမ္မာ ဒိဋ္ဌိ ရှိတဲ့သူမှာ ဖြစ်တော့တာပဲ။

(၃) "အတ္ထိ ဟုတं = ဧည့်ခံ ကျွေးမွေးခြင်း လက်ဆောင် ပေးခြင်း အစရှိတဲ့ အသေးအဖွဲ့ ပေးလှူပူဇော်ခြင်း အကျိုး ရှိတယ်"ဆိုတဲ့ အယူမှန်လဲ ဖြစ်တော့တာပဲ။

ကောင်းမှု မကောင်းမှု၏အကျိုး

(၄) အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံဝိပါကော= ကောင်းမှုကံ, မကောင်းမှုကံ တို့၏ အကျိုးရင်း အကျိုးများ ရှိတယ်ဆိုတဲ့ အယူမှန်လဲ ဖြစ်တော့တာပဲ။ ဒီနံ့ပါတ် (၄)အယူ မှန်ထဲမှာ သွင်းမယ်ဆိုရင် နံ့ပါတ် (၁–၂–၃)အယူမှန်တွေလဲ ဝင်နိုင်ပါတယ်၊ ဒါပေမယ့် ဟိုရှေးခေတ်တုန်းက ကောင်းမှုထူး အနေနဲ့ ထင်ရှားနေတဲ့

http://www.dhammadownload.com

ဒါန, ယိဋ္ဌ,ဟုတ တို့ကို သီးခြားထုတ်ပြီး ပြဆိုထားခြင်း ဖြစ်ပါတယ်၊ ကောင်းတဲ့အလုပ်ကို လုပ်ရင် ကောင်းကျိုးရတယ်၊ မကောင်းတဲ့အလုပ်ကို လုပ်ရင် မကောင်း ကျိုး ရတယ်ဆိုတာ လောကတွင်ဘဲ အလွန်ထင်ရှားနေပါတယ်၊ ငယ်ငယ်ရွယ်ရွယ်က စပြီးတော့ ဆရာမိဘတို့ရဲ့ စကားကို နာ: ထောင်ပြီး လိမ်လိမ်မာမာ နေလာတဲ့သူဟာ ငယ်ငယ်ကတည်: ကစပြီး လူကြီးလူကောင်းတွေရဲ့ အချီးမွမ်းခံရတယ်၊ အများ: ထဲမှ အကူအညီ အစောင့်အရှောက်ကိုလဲ ရတယ်၊ လူချစ်လူခင်များ:တယ်၊ ကြီး:လာတဲ့အခါကျတော့လဲ လူကြီးလူကောင်: တစ်ယောက်ဖြစ်ပြီး ကြီး:ပွား:ချမ်း:သာတယ်၊ ဒါတွေဟာ ကောင်:တဲ့အလုပ်ကို လုပ်တဲ့အတွက် ရလာတဲ့ ကောင်:ကျိုး:တွေပါပဲ၊ ထို့အတူ ဘဝတစ်ပါ: မှာလဲကောင်:မှုရှိတဲ့သူဟာ ကောင်:ကျိုး:တွေကို ရသွား:တယ်၊ အမိဝမ်:ထဲမှာ ပဋိသန္ဓေနေကတည်:က မိဘတွေက ရိုရိုသေသေ စောင့်ရှောက်တယ်၊ မွေး:လာတဲ့ အခါလဲ ကောင်:ကောင်: မွေး:မြူ:ပြုစုတယ်၊ အဲဒီလို ပြုစုဖို့ရာ ပစ္စည်း:ဥစ္စာကလဲ ပြည့်စုံနေတယ် ရောဂါကင်:ပြီ: ကျန်:မာတယ်။ အရုပ်အဆင်: လှပတင့်တယ်၊ ချစ်ခင်တဲ့သူများ:တယ် စသည်ဖြင့် ဒီလို ကောင်:ကျိုး:တွေကို ရတာလဲ အနုမာနအား:ဖြင့် မှန်:ဆ ကြည့်ရင် ထင်ရှား:ပါတယ်၊ မကောင်:မှုရှိတဲ့သူမှာ မျက်မှောက်ဘဝမှာရော တမလွန်ဘဝတွေမှာရော မကောင်:ကျိုး: ရသွား:ပုံကတော့ ကောင်:မှုရဲ့ ကောင်:ကျိုး:နဲ့ ပြောင်:ပြန် ပြန်ပြီ: ကြည့်ပေတော့၊ အဲဒီ မကောင်:ကျိုး:တွေက သာပြီ: ထင်ရှား:ပါသေ:တယ်၊ မကောင်:မှုကို ပြုလွယ်ကြတဲ့အတွက် သတ္တဝါတွေဟာ မကောင်:ကျိုး: ခံစား:နေရတာတွေက များ:နေတာပဲ၊ ဒါကြောင့် ကောင်:မှုက်, မကောင်:မှုက်တို့၏ အကျိုး:ရင်:, အကျိုး:ဖျား: ရှိတယ်ဆိုတဲ့ ဒီအယူမှန်ကတော့ ကမ္မသကထာ သမ္မာဒိဋ္ဌထဲမှာ တစ်ထပ်တည်:ကျပြီ: ပါဝင်နေပါတယ်။

http://www.dhammadownload.com

မိဘကျေးဇူး

(၅) နောက်ပြီးတော့ "အတ္ထိမာတာ=အမိဆိုတာရှိတယ်၊ အမိကို ရှိသေခြင်း, မရှိသေခြင်း၏ ကောင်းကျိုး, ဆိုးကျိုး ရှိတယ်" ဆိုတဲ့ အယူမှန်လဲ ကမ္မသကတာသမ္မာဒိဋ္ဌိ ရှိတဲ့သူမှာ ဖြစ်တော့တာပဲ။

(၆) အတ္ထိပိတာ=အဘဆိုတာရှိတယ်၊ အဘကိုရှိသေခြင်း, မရှိသေခြင်း၏ ကောင်းကျိုး,ဆိုးကျိုးရှိတယ် ဆိုတဲ့ အယူမှန်လဲ ဖြစ်တော့တာပဲ၊ အမိအဘ ကျေးဇူးဆိုတာ အလွန်များပါတယ်၊ ပဋိသန္ဓေ ကိုယ်ဝန်ရှိလာကတည်းက ယုယုယယနဲ့ စောင့်ရှောက်လာခဲ့ကြတယ်၊ ဝမ်းထဲက သူငယ်ကလေးဟာ ချမ်းသာစွာနဲ့ ကြီးပွားပြီး ချမ်းသာစွာနဲ့ပွားမြင်လာပါစေလို့ မနောက်ဖြင့်လဲမေတ္တာပွားခဲ့ကြတယ်၊ ကာယက်ဖြင့်လဲ မေတ္တာပွားပြီး မိခင် ဖြစ်တဲ့သူက အထူးသဖြင့် ဆင်ခြင်ပြီး စောင့်ရှောက်ခဲ့တယ်၊ အလွန်ပူတာ, အလွန်အေးတာတွေ အစပ်, အချဉ်, အပူတွေကို စားချင်ပေမယ့် မစားမသောက်ဘဲ ရှောင်ကြဉ် လာခဲ့တယ်၊ ကိုယ်လက်လှုပ်ရှားရာမှာလဲ ဝမ်းထဲက ကလေး မဆင်းရဲရအောင် အထူးသတိပြုပြီး စောင့်ရှောက်ခဲ့တယ်၊ ကျန်းမာရေးကိုလဲ ဂရုစိုက်တယ်၊ ရတနာသုံးပါးကိုးကွယ်ဆည်းကပ်နေတဲ့ ဗုဒ္ဓသာသနာဝင် မိခင်ဆိုလျှင် မိမိ၏ ဝမ်းထဲက သူငယ်လဲ သူတော်ကောင်း တရား အရှိန်အဝါ ရပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဥပုသ်သီတင်း သီလများကို အထူးဆောက်တည်ပြီး သူတော်ကောင်း တရား တွေ–ပွားများခဲ့တယ်၊ ဘုရား, တရား, သံဃာ၏ ဂုဏ်ကျေးဇူးတွေကို တတ်သိသမျှ နှလုံးသွင်းခဲ့တယ်၊ ဒီလို ပြုကျင့်ပုံတွေကို ရည်ရွယ်ပြီးတော့ ရက်ချုပ်မှတ်တမ်းမှာ "ရတနာသုံးပါး ဦးထိပ်ထား၍ မာတာမိခင်ဖွားသန့်စင်သည်" စသည်ဖြင့် ရေးမှတ်လေ့ ရှိကြပါတယ်။

http://www.dhammadownload.com

ဖွားမြင်ပြီးတဲ့နောက်လဲ မလုပ်မလုပ်ည့်နိုင်တဲ့ အရွယ်ကစပြီး နို့ရည်တိုက်ကျွေးခြင်း, အညစ်အကြေး သုတ်သင်ပေးခြင်း, ရေချိုးပေးခြင်း, အဝတ်အထည်ဖြင့် ခြုံရုံပေးခြင်း, မညောင်းရ မပူရအောင် ပြုပြင်ပေးခြင်း, ခြင်ယင်စသည်ကို ခြောက်ပေးခြင်း စသည်ဖြင့် ယုယုယယ စောင့်ရှောက်လာခဲ့တယ်၊ အချိန်တန်တဲ့အခါ ပညာသင်ပေးတယ်၊ အရင်းအနှီး ပစ္စည်းဥစ္စာ အမွေအနှစ်ကိုလဲ ပေးတယ်၊ ဒါတွေဟာ မိဘကျေးဇူးတွေပဲ၊ ကျေးဇူးရှိတဲ့သူကို ကျေးဇူးတုံ့ပြန်ရတယ် ဆိုတာဟာ လောက ဝတ္တရား အနေအားဖြင့် အလွန် ထင်ရှားနေပါတယ်၊ ဒါကြောင့် ကျေးဇူးရှင်မိဘများကို ရိုသေစွာပြုစုလုပ်ကျွေးရင် ကောင်းကျိုးကို ရတယ်၊ မရိုမသေ ပြစ်မှားရင် ဆိုးကျိုးကို ရတယ်ဆိုတာ ဟာလဲ သဘာဝကျပြီး ထင်ရှားနေပါတယ်၊ အယုတ်ဆုံးအားဖြင့် မိဘကို ရိုသေလျှင် သူ၏ သားသမီးတွေကလဲ သူ့ကို ရိုသေကြပါလိမ့်မယ်၊ မိဘကို မရိုမသေ ပြစ်မှားရင်တော့ အဓာတသတ်မျိုးတွေ လို သူ့သားသမီးတွေကလဲ သူကိုပစ်မှားကြမှာပဲ၊ ဒါကြောင့် ကံ,ကံ၏ အကျိုးရှိတယ်လို့ ယူတဲ့ သမ္မာဒိट्ठि အယူမှန်ထဲမှာ မိဘ ရှိတယ်၊ မိဘကိုရိုသေခြင်း, မရိုသေခြင်း၏ အကျိုးအပြစ်ရှိတယ် လို့ဆိုတဲ့ ဒီအယူမှန်လဲ ပါဝင်သွားတော့တာပါပဲ။

တစ်ပါးသောလောကကို တွေ့မြင်နိုင်တဲ့နည်း

(၇) နောက်ပြီးတော့ "အတ္ထိ အယံ လောကော– ဤ မျက်မှောက်လောက ရှိတယ်၊ (၈) အတ္ထိ ပရော လောကော တစ်ပါးသော မျက်ကွယ်လောကရှိတယ်၊ (၉)အတ္ထိ သြပပါ တိကာ သတ္တာ=ဘဝသစ်၌ ကပ်ရောက်၍ဖြစ်သော သတ္တဝါတွေ ရှိတယ်၊ ကိုယ်ထင်ရှားဖြစ်တဲ့ နတ်အစရှိသော ဥပပါတ် သတ္တဝါ တွေရှိတယ်" ဆိုတဲ့ ဒီအယူမှန် သုံးပါးလဲ ကမ္မဿကတာ သမ္မာဒိट्ठि ရှိတဲ့သူမှာ

http://www.dhammadownload.com

ဖြစ်တော့တာပဲ၊ ဘာကြောင့်လဲဆိုရင် ကံနဲ့ကံ၏အကျိုးရှိတယ်ဆိုတော့ နတ်လောက, တိရစ္ဆာန်လောက အစရှိတဲ့ တစ်ပါးသော လောကမှ သတ္တဝါတွေဟာ လူဖြစ်ဖို့ ကုသိုလ်က ရှိလျှင် အဲဒီလောကမှ သေပြီးတဲ့အခါ ဒီလူပြည် လောကမှာ ဖြစ်နိုင်တယ်၊ လူ့ပြည်လောကမှ သေပြီးလျှင်လဲ အဲဒီ တစ်ပါးသော လောကတွေမှာ ကံအားလျော်စွာ ဖြစ်နိုင်တယ်၊ ဒီလိုဖြစ်ပုံကို သက်သေအထောက်အထားနဲ့ ပြနိုင်ပါရဲ့ လားဆိုလျှင် ပြတန်သလောက်တော့ ပြနိုင်ပါတယ်၊ ပြတဲ့သူက ပြပေမယ့် ကြည့်တဲ့သူမှာ ဉာဏ်မျက်စိရှိဖို့လဲ လိုပါတယ်၊ ဥပမာ ဇာတ်ပွဲ ရုပ်ရှင်ပွဲတွေပြရာမှာ မျက်စိရှိတဲ့ သူတွေမှသာ မြင်နိုင်သလိုပါပဲ။ ဘယ်လို ဉာဏ်မျက်စိရှိမှာလဲ ဆိုရင် အဘိညာဉ် မျက်စိ, ဝိပဿနာ မျက်စိ အနုမာနဉာဏ် မျက်စိဆိုတဲ့ ဒီလိုမျက်စိရှိဖို့ လိုပါတယ်။

သမထစျာန်လမ်းက အားထုတ်လျှင် ရှေးဘဝတွေကို သိနိုင်တဲ့ ပုဗ္ဗေနိဝါသ အဘိညာဉ်တွေကိုလဲ ရနိုင်တယ်၊ အဆင်း ရှုပါရဲ့ ဟူသမျှနှင့်တကွ ဘဝဟောင်းမှ သေပြီး ဘဝသစ်မှာ ပြစ်ပုံတွေကို မြင်နိုင်တဲ့ ဒိဗ္ဗစက္ခု အဘိညာဉ်ကိုလဲ ရနိုင်တယ်၊ အဲဒီ အဘိညာဉ် မျက်စိတွေကိုရအောင် အားထုတ်ဖို့ လိုပါတယ်၊ အဲဒီ အဘိညာဉ် မျက်စိတွေရှိနေရင်တော့ ဘဝဟောင်းမှာ ဘဝသစ်၌ ဖြစ်နေတာတွေကို ကိုယ်တိုင် မျက်မှောက် တွေ့မြင်နိုင်ပါတယ်၊ နောက်ပြီးတော့ ဝိပဿနာလမ်းက အားထုတ်ရင်လဲ သမာဓိ အတော် အတန်ကောင်းတဲ့ အခါ အချို့ပုဂ္ဂိုလ်မှာ ဒီလို ဉာဏ်အမြင်မျိုးကို ရတတ်ပါတယ်။ အဲဒီလို မမြင်ရတောင်မှ ဘဝဟောင်းက သေပြီး ဘဝသစ်ဖြစ်ပုံကိုတော့ သဘောပေါက်နိုင်ပါတယ်။

အဲဒီလို အားမထုတ်နိုင်ရင်တော့ အနုမာနဉာဏ်နဲ့ ပြည့်စုံဖို့ လိုပါတယ်၊ ဘဝဟောင်းက အဖြစ်အပျက်တွေကို အောက်မေ့

http://www.dhammadownload.com

နိုင်တဲ့ သူတွေဟာ ဟိုအရပ် ဒီအရပ်မှာ အနည်းငယ်စီတော့ ရှိတတ်ပါတယ်၊ ဒီလိုလူကို ဗုဒ္ဓစာပေထဲမှာ ဇာတိသရဏာဏ် ရှိတဲ့သူလို့ ဆိုပါတယ်၊ ဘဝဟောင်းကို အောက်မေ့နိုင်တဲ့သူလို့ ဆိုလိုပါတယ်၊ မြန်မာတွေကတော့ အဲဒီလိုလူကို လူဝင်စားလို့ခေါ်ပါတယ်၊ အဲဒီလို ဘဝဟောင်းကို အမှတ်ရတဲ့သူတွေထဲမှာ တချို့ကရှေးဘဝက လူဖြစ်ခဲ့ပုံကို ပြောကြတယ်၊ တချို့က နတ်တို့ တဏ္ဍေတို့ ဖြစ်ခဲ့ပုံတွေကို ပြောကြတယ်၊ တချို့က နွားဖြစ်ခဲ့ပုံ, ခွေးဖြစ်ခဲ့ပုံ, ဝက်ဖြစ်ခဲ့ပုံ, မျောက်ဖြစ်ခဲ့ပုံ စသည်တွေကို ပြောကြတယ်၊ တချို့ကတော့ လူ, ဘဝမှ နတ်တို့ တဏ္ဍေတို့ ဖြစ်ပြီး လူပြန်ဖြစ်လာပုံကိုလဲ ပြောကြတယ်၊ အဲဒါတွေကို ထောက်ဆပြီးတော့ ဤလောကမှ တစ်ပါးသောလောကဌ် ဖြစ်တာလဲ ရှိပါတယ်၊ တစ်ပါးသောလောကမှ ဤလောကဌ် ဖြစ်တာလဲရှိတယ်၊ အပြည့်အစုံ ကိုယ်ထင်ရှား ဖြစ်တဲ့ ဥပပါတ်သတ္တဝါတွေလဲရှိတယ်ဆိုတာ အနုမာနဉာဏ်ဖြင့် မှန်းဆပြီး ယုံကြည်ဆုံးဖြတ်နိုင်ပါတယ်။ ဒီလို မှန်းဆနိုင်တဲ့ အနုမာနဉာဏ်တောင်မှ မရှိတဲ့သူကိုတော့ ဒီအချက်ကို သဘောကျအောင် ပြောပြဖို့ ခက်ပါတယ်။

မုချကိန်းသေ ဆင်ခြင်ပုံ

ဒီနေရာမှာ မလွဲနိုင်တဲ့ မုချကိန်းသေ ဆင်ခြင်ပုံဖြစ်လို့ "အပဏ္ဏကပဋိပဒါ"ခေါ်တဲ့ ပညာရှိတို့၏ စူးစမ်းဆင်ခြင်ပုံကို ပြောပြချင်သေးတယ်။ အဲဒါက ဘယ်လိုလဲဆိုလျှင်၊ လူတစ် ယောက်ကက်,ကံ၏အကျိုး မရှိဘူး၊ တမလွန်လောက မရှိ ဘူးလို့ ယူတယ်၊ တခြားလူတစ်ယောက်က ရှိတယ်လို့ ယူတယ်၊ ဒီလူ ၂-ယောက်ထဲက ပထမ လူဟာ ဒါနသီလ အစရှိသော ကောင်းမှုကိုလဲ မပြုပေဘူး၊

http://www.dhammadownload.com

သတ်မှု,ခိုးမှု,လုယက်မှု စသော မကောင်းမှုကိုလဲ မရှောင်ပေဘူး၊ အခွင့်သာလျှင် စိတ်အလိုအတိုင်း သူလုပ်ချင်တာကို လျှောက်လုပ်လိမ့်မယ်၊ ဒါကြောင့် သူ့မှာ မျက်မှောက်ဘဝတွင်လဲ ချီးမွမ်းဖွယ်ကြည်ညိုဂုဏ် မရှိဘူး၊ ကိုယ့်ဟာကိုယ် ဝမ်းမြောက်ဖွယ်ဂုဏ်လဲ မရှိဘူး၊ အကယ်၍ သူယူတဲ့အတိုင်း မဟုတ်ပါပဲ ကံ,ကံ၏အကျိုးကလဲ ရှိနေမယ်ဆိုရင်တော့ အဲဒီလူဟာ သေသည်နှင့်တစ်ပြိုင်နက် မီးဖိုကြီးထဲ ခုန်ချလိုက်ရသလို ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသุရကာယ်ဆိုတဲ့ အပါယ်ဘုံတွေကို ရောက်သွားမယ်၊ သူ့မှာ ကုသိုလ်အထောက်အပံ့က ဘာမျှမရှိတဲ့အတွက် ဘာမျှဆောက်တည်ရာ မရဘဲ အပါယ်သံသရာမှာ ဘဝပေါင်းများစွာ အတိဒုက္ခရောက်သွားရပေလိမ့်မယ်။

ကံ, ကံ၏အကျိုးလဲရှိတယ်၊ တမလွန်လောကလဲ ရှိတယ်လို့ ယူတဲ့ဒုတိယလူကတော့ ညှဉ်းဆဲသတ်ဖြတ်ခြင်း, လုယက်ခိုးယူခြင်းစသော မကောင်းမှုမှလဲ ရှောင်ကြဉ်လိမ့်မယ်၊ ဒါန သီလ အစရှိသော ကောင်းမှုတွေကိုလဲ စွမ်းနိုင်သမျှ ပြုလိမ့်မယ်၊ ဒါကြောင့် ကံ, ကံ၏အကျိုး မရှိစေကာမူ, တမလွန်လောက မရှိ စေကာမူ သူဟာ မျက်မှောက်ဘဝမှာတော့ သူတော်ကောင်း အဖြစ်ဖြင့် အချီးမွမ်းခံရမယ်၊ ကောင်းတဲ့ဂုဏ်သတင်းလဲ ကျော်စောမယ်၊ မိမိပြုခဲ့တဲ့ ကောင်းမှုတွေကို အာရုံပြုပြီးတော့လဲ ဝမ်းမြောက် ဝမ်းသာရမယ်၊ မသင့်မတော်တာကို မပြုတဲ့အတွက် လောကအပြစ် ရာဇဝတ်အပြစ်တွေမှလဲ လွတ်ကင်းနေပေလိမ့်မယ်၊ ဒါတွေကတော့ တမလွန်လောကမရှိတောင် မုချရနိုင်တဲ့ အကျိုးတွေပဲ။ အကယ်၍ သူယူတဲ့အတိုင်း ကံ, ကံ၏အကျိုးကလဲ ရှိမယ်၊ တမလွန်လောကကလဲ ရှိမယ်ဆိုရင်တော့ ယခု ပြောခဲ့တဲ့ မျက်မှောက်အကျိုးတွေကို ရတဲ့အပြင် တမလွန်မှာလဲ လူ, ချမ်းသာ နတ်ချမ်းသာတွေကို ဘဝပေါင်းများစွာမှာ ရရှိသွားပေ

http://www.dhammadownload.com

လိမ့်မယ်။ ဒါကြောင့် မျက်မှောက်မှာရော တမလွန်မှာရော နှစ်ဖက်လုံးမှာ မုရ အကျိုးရှိနိုင်သည့် အယူကိုသာ၊ ငါယူမယ် က,ဂ်၏ အကျိုးလဲရှိတယ်။ တမလွန်လောကလဲ ရှိတယ်ဆိုတဲ့ အယူကိုသာ ငါယူမယ်လို့ ဒီလို စူးစမ်း ဆင်ခြင်တာဟာ "အပဏ္ဏကပဋိပဒါ" ခေါ်တဲ့ မလွဲနိုင်တဲ့ မုရကိန်းသေ လမ်းစဉ် ဖြစ်တဲ့အကြောင်းကို မြတ်စွာဘုရားက မဇ္ဈိမနိကာယ် အပဏ္ဏက သုတ်မှာ ဟောထားပါတယ်။ ဒါကြောင့် က,ဂ်၏ အကျိုး, တမလွန်လောကတို့နှင့် စပ်ပြီး ကိုယ်တိုင်သိနိုင်တဲ့ အဘိညာဉ် ဉာဏ်ထူးကိုရအောင် အားမထုတ်နိုင်လျှင် အဲဒီ အပဏ္ဏကလမ်းစဉ်အတိုင်း ဆင်ခြင်ပြီး ယူဆတာဟာ အကောင်းဆုံးပါပဲ။

ပါရမီဆိုတာ ပညာသင်ရတာမျိုးပဲ

(၁၀) ပြီးတော့ နောက်ဆုံး အချက်က "အတ္ထိလောကေ သမဏာပြဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ"၊ ဤလောကတစ်ပါးသောလောက အကြောင်းကို ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိပြီး ဟောနိုင်တဲ့ ကောင်းသောအကျင့်ရှိတဲ့ ဖြောင့်မတ်မှန်ကန်တဲ့ ဘုရား,ရဟန္တာ,ရဟန်း သူမြတ်တွေ လောကမှာ ရှိတယ်ဆိုတဲ့ အယူလဲ က,ဂ်၏ အကျိုးရှိတယ်လို့ အယူရှိတဲ့သူ မှာ ဖြစ်တော့တာပဲ။ ဘာကြောင့်လဲဆိုရင် ဂ်နဲ့ ဒါန အစရှိသော ပါရမီဟာ သဘောအားဖြင့် အတူတူပါပဲ။ ဒီတော့ ဂ်၏ အကျိုးရှိရင် ပါရမီ၏ အကျိုးလဲ ရှိတော့တာပဲ၊ ဘုရား ရဟန္တာ ဖြစ်တယ်ဆိုတာ ဒါန အစရှိသော ပါရမီ၏ အကျိုး ဆက်ပဲ၊ ဒီတော့ ဘုရားဖြစ်ကြောင်း, ရဟန္တာဖြစ်ကြောင်း ပါရမီ တွေကိုဖြည့်ကျင့်နေလျှင် တစ်ချိန်ကျတော့ ဘုရားရဟန္တာ ဖြစ်မယ်ဆိုတာ သေချာနေတာပဲ၊ ပါရမီဆိုတာ လောကမှာ

http://www.dhammadownload.com

ပညာသင်ရတာမျိုးပါပဲ၊ ကလေးသူငယ်တွေဟာ လေးငါး ခြောက်နှစ် အရွယ်ကစပြီး စာရေးစာဖတ် ဂဏန်းသချာ်ာ စသည့် ပညာရပ်တွေကို သင်ယူလေ့လာရတယ်၊ အဲဒီလို သင်ယူလေ့လာတဲ့ သူငယ်တွေဟာ တစ်နေ့ တစ်ချိန်ကျတော့ လူကြီး ဖြစ်လာတယ်၊ အဲဒီအခါမှာ ဘီအေ ဘီအီးဒီ၊ အမ်အေ စသည်ဖြင့် ဘွဲ့ထူး ဂုဏ်ထူးတွေရပြီး သူ့ဆိုင်ရာမှာ တကယ် တတ်သိနားလည်တဲ့ ပညာရှိကြီးတွေ ဖြစ်လာတယ်၊ အဲဒါဟာ ငယ်ငယ်ကစပြီး တဖြည်းဖြည်းချင်း လေ့ကျက်လာလို့ဖြစ်တာပဲ၊ မလေ့ကျင့်ရတဲ့ သူတွေမှာတော့ အဲဒီလိုလူနဲ့ တရွယ်တည်းဖြစ်ပေမယ့် ဘာပညာမျှ မတတ်ဘူး၊ အဲဒီတော့ ပညာဟာ သင်ယူလေ့လာရင် တတ်တယ်၊ မသင်ရင် မတတ်ဘူးဆိုတာ အလွန်ထင်ရှားပါတယ်။ ပါရမီဆိုတာကလဲ အဲဒီလိုပါပဲ၊ မလေ့လာ မဆည်းပူးရင် ဘာမျှမဖြစ်ဘူး လေ့လာဆည်းပူးရင် ရင့်ကျက်ပြီး ဘုရား ဖြစ် သည် တိုင်အောင် ကျေးဇူးပြုပေးပါတယ်။ ယခု အချို့ လူကြီး မိဘတွေက သားသမီး မြေးကလေးတွေကို ရုပ်ရှင်ပွဲဇာတ်ပွဲတွေ ကို ခေါ်ခေါ်သွားတယ်၊ အဲဒီကလေးတွေဟာ ရုပ်ရှင်ပွဲ ဇာတ်ပွဲတွေကြည့်ရှုတဲ့အလေ့ အကျင့် ရသွားတယ်၊ အဲဒီလို ပွဲတွေကို ကြည့်ဖို့ရာ သူတို့မှာ စိတ်စောနေတယ်၊ ဒါလဲ မကောင်းတဲ့ဘက်က အလေ့အကျင့်တွေပဲ၊ အချို့ မိဘတွေကတော့ ကလေး ငယ်တွေကို ဘုရားတို့ ကျောင်းတို့ တရားပွဲတို့ တရားအားထုတ်ရာ ဌာနတို့ ဒီလိုနေရာတွေကို ခေါ်ခေါ်သွားတယ်၊ ကြာတော့ အဲဒီ ကလေးတွေဟာ ဘုရားသွားဖို့ ကျောင်းသွားဖို့ အလေ့အကျင့် ရသွားကြတယ်၊ ဘုရားကို သွားချင်တယ်၊ ကျောင်းကို သွားချင်တယ်၊ တရားနာ ချင်တယ်၊ တရား အားထုတ်ချင်တယ်၊ ဒီလို အလေ့အကျင့်တွေ ရသွားတယ်၊ ဒါတွေဟာ ကောင်းတဲ့ အလေ့အကျင့်တွေပဲ၊ ပါရမီတွေလို့လဲဆိုနိုင်ပါတယ်၊ တချို့ ကလေးသူငယ်တွေကတော့

http://www.dhammadownload.com

သူတို့အလိုလိုပဲ တရား အားထုတ် ချင်လွန်းလို့ မိဘတွေကို ငိုပြီး တောတောင် တောင်းပန်နေတယ်ဆိုတာပဲ၊ အဲဒါကတော့ ရှေးဘဝ ကတည်းက အလေ့ အကျင့် ပါရမီ ပါလာတယ်လို့ ဆိုရမှာပဲ။ ယခု တရားအားထုတ်ချင်တဲ့စိတ် ထက်ထက်သန်သန်ရှိတဲ့ သူတွေ, အပြည့် အစုံ တင်း တင်း ရင်းရင်း အားထုတ်နိုင်တဲ့ သူတွေဟာလဲ ရှေ့က လေ့ကျင့်ခဲ့တဲ့ အထုံပါရမီရှိနေလို့ပါပဲ၊ ဒီလို ရှေးပါရမီ ထက်သန်တဲ့ ပုဂ္ဂိုလ်က အားထုတ်တဲ့ အခါမှာလဲ ထက်သန်တယ်၊ သမာဓိ ဉာဏ် ဖြစ်ရာမှာလဲ ထူးခြားတယ်၊ ဒါကြောင့် ပါရမီကံဟာ အရေးကြီး ပါတယ်၊ ယခု လေ့ကျင့်ရင် နောင်တစ်ချိန်မှာ ရင့်ကျက်ပြီး ထူးခြား သွားနိုင်ပါတယ်။

ဘုရားအလောင်းလို စွန့်ရဲပုံ့မလား

ဗုဒ္ဓမြတ်စွာ ဘုရားအဖြစ်သို့ ရောက်ရတယ်ဆိုတာလဲ ဒီလို တဖြည်းဖြည်းချင်း လေ့ကျင့်ပြီး ရောက်ရတာပဲ။ ဒီတစ်ဘဝ တည်းနဲ့ အလွယ်တကူဖြစ်ရတာ မဟုတ်ဘူး၊ လေးသင်္ချာနဲ့ ကမ္ဘာတစ်သိန်း အတွင်းမှာ ဘဝပေါင်းများစွာက စွန့်ကြဲပေးကမ်း နိုင်ခဲ့တဲ့ ပစ္စည်းတွေကို စွန့်ကြဲ ပေးကမ်း လှူဒါန်းပြီး ဒါန ပါရမီကို ဖြည့်ကျင်ခဲ့ရတယ်၊ ပစ္စည်းနှင့်စပ်ပြီး ခင်မင်တွယ်တာမှု ကို ဖြတ်နိုင်အောင် လေ့ကျင့်တဲ့ သဘောပါပဲ၊ ထို့အတူ သီလ ပါရမီတွေကို ဖြည့်ကျင့်ခဲ့ရပါတယ်၊ ကိုယ်အမှု နှုတ်အမှုတွေကို ယဉ်ကျေးသိမ်မွေ့အောင် လေ့ကျင့်တဲ့ သဘောပါပဲ၊ သား မယား စသည်ကို စွန့်ပြီး တောထွက်တဲ့ နေကွမ္မပါရမီကို ဖြည့် ကျင့်ခဲ့ရတယ်၊ အဲဒါက နောင်ဆုံးဘဝမှာ ယသော်ဓရာ အစရှိတဲ့ မိဖုရားမှစပြီး ထီးနန်းစည်းစိမ်ကို စွန့်လွှတ် နိုင်သည့် တိုင်အောင် ရင့်ကျက်ဖို့ လေ့ကျင့်တဲ့ သဘောပါပဲ၊ အဲဒါ

http://www.dhammadownload.com

ဟာ သေသေချာချာ စဉ်းစားကြည့်ရင် လွယ်ကူတဲ့အလုပ် မဟုတ်ကြောင်း ထင်းရှားပါတယ်၊ ယခုလူတွေဟာ သံဝေဂရတယ်ဆိုပေမယ့် ချမ်းသာပြည့်စုံနေတဲ့ ကိုယ်ပိုင် အိုးအိမ် စည်းစိမ်ကို ယတိပြတ် စွန့်လွှတ်ပြီး ရဟန်းပြုဖို့ရာဟာ မလွယ်ကူကြပါဘူး၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားရဲ့ စည်းစိမ်မျိုး ဆိုရင်တော့ စွန့်ခွာဖို့ရာ စဉ်းစားလို့တောင်ရမယ် မဟုတ်ပါဖူး။

ဘုရားအလောင်းတော် သိဒ္ဓတ္ထ မင်းသားဟာ တောထွက်တဲ့ အခါ အသက်အရွယ်အားဖြင့် ၂၉-နှစ်ဆိုတော့ အငယ်ကလေး ရှိသေးတာပဲ၊ အမျိုးအားဖြင့်လဲ သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော် မာယာဒေဝီမိဖုရားကြီးတို့မှ မွေးဖွားလာတဲ့ မင်းသားဖြစ်တယ်၊ စည်းစိမ် ဥစ္စာ တွေဟာလဲ လိုလေသေးမရှိ ပြည့်စုံနေပါတယ်၊ ယသော်ဓရာ အမှူးရှိသော သက်တူ ရွယ်တူ မိဖုရား မောင်းမ အခြွေအရံတွေကလဲ များစွာ ရှိနေပါတယ်၊ ဒါတွေကို စွန့်ပြီး တောထွက်တယ်ဆိုတာဟာ ရှေးရှေးဘဝတွေက အလေ့အကျင့် မရှိပဲနဲ့ မဖြစ်နိုင်ပေဘူး၊ ဒါကြောင့် ဘဝပေါင်းများစွာက တောထွက်ပြီး နေကွမ္မပါရမီကို ဖြည့်ကျင့်တော် မူခဲ့ရတယ်၊ နောက်ပြီးတော့ ဘုရားအလောင်းတော်ဟာ ပညာပါရမီကိုလဲ ဘဝပေါင်းများစွာက လေ့ကျင့်လာခဲ့ရတယ်၊ ဒါကြောင့် နောက်ဆုံးဘဝမှာ သူတစ်ပါးထံမှ နည်းမခံဘဲနဲ့ ပဋိစ္စသမုပ္ပါဒ် တရားတွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်ပြီး မှန်ကန်စွာ သိတော်မူတယ်၊ ခန္ဓာငါးပါး တရားတွေ,အဖြစ်အပျက် အနိစ္စလက္ခဏာ စသည်တွေ အလုံးစုံကိုလဲ ကိုယ်ပိုင်ဉာဏ်ဖြင့် သိတော်မူတယ်၊ ဒါဟာ ရှေးရှေးဘဝက လေ့ကျင့်ခဲ့တဲ့ ပါရမီကုသိုလ်တွေရဲ့ အစွမ်းသတ္တိပဲ၊ ဒီပြင် ဝိရိယပါရမီ စသည်တွေကို ဖြည့်ကျင့်ရတာတွေလဲ ဒီနည်းချည်းပါပဲ၊ အဲဒီလို ပါရမီ ကုသိုလ်တွေကို

http://www.dhammadownload.com

ဘဝပေါင်းများစွာက လေ့ကျင့်ခဲ့လို့ နောက်ဆုံးဘဝမှာ ဤလောကကိုရော တစ်ပါးသော လောကကိုရော ကိုယ်ပိုင်ဉာဏ် ဖြင့် မျက်မှောက်သိပြီး ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူရပါတယ်၊ ပစ္စေကဗုဒ္ဓါနဲ့ ရဟန္တာတွေလဲ ဒီနည်းအတိုင်းပဲ မိမိတို့နဲ့ ဆိုင်တဲ့ ပါရမီတွေကို ဖြည့်ကျင့်လာခဲ့ရလို့ နောက်ဆုံး ဘဝ မှာ ပစ္စေကဗုဒ္ဓါ ဖြစ်ကြရတယ်၊ သာဝကရဟန္တာ ဖြစ်ကြရတယ်။

ဒါကြောင့် ကံ,ကံ၏အကျိုးရှိတယ်လို့ အယူမှန်တဲ့သူမှာ ပါရမီကုသိုလ်ကံကြောင့် ဤလောက တစ်ပါးသော လောက အကြောင်းကို သိနိုင်တဲ့ ဘုရားဆိုတာလဲ ဖြစ်နိုင်တယ်၊ ပစ္စေက ဗုဒ္ဓါ ရဟန္တာဆိုတာတွေလဲ ဖြစ်နိုင်တယ်လို့ ယုံကြည်ယူဆ ထားပါတယ်၊ ဒီလို ယုံကြည် ယူဆထားတဲ့အတွက် ဤလောက တစ်ပါးသော လောကအကြောင်းကို သိပြီး ဟောပြောနိုင်တဲ့ ဘုရား အစရှိသော ရဟန်း သူမြတ်တွေဟာ လောကမှာရှိတယ် ဆိုတဲ့ အယူမှန်လဲ သူ့သန္တာန်မှာ ဖြစ်တော့တာပါပဲ၊ဒါကြောင့် ဒသဝတ္ထုက သမ္မာဒိဋ္ဌိဟာ ကမ္မသကတာ သမ္မာဒိဋ္ဌိနဲ့ သဘောအားဖြင့် အတူတူပဲလို့ မှတ်ရမယ်။

ဒိဋ္ဌုပါဒါန်၌ အတိုချုပ်မှတ်ရန်

ဒီတော့ "ပေးလှူခြင်းအကျိုး မရှိ" စသည်ဖြင့်ဆိုတဲ့ ဒသ ဝတ္ထုက မိစ္ဆာဒိဋ္ဌိဟာ "ပေးလှူခြင်းအကျိုး ရှိတယ်"စသည်ဖြင့် ဆိုတဲ့ ဒသဝတ္ထုကသမ္မာဒိဋ္ဌိဒိနဲ့ ဆန့်ကျင်ဘက်ဖြစ်သလို ကံ,ကံ၏ အကျိုးရှိတယ် ဆိုတဲ့ ကမ္မသကတာသမ္မာဒိဋ္ဌိနဲ့လဲ ပြောင်းပြန် ဆန့်ကျင်ဘက် ဖြစ်ပါတယ်၊ ကံ,ကံ၏ အကျိုး မရှိဖူးလို့ဆိုတဲ့ မိစ္ဆာဒိဋ္ဌိနဲ့လဲ ထပ်တူ ဖြစ်ပါတယ်၊ ဒါကြောင့် ဒိဋ္ဌုပါဒါန် ဆိုတာ

http://www.dhammadownload.com

အတိုချုပ်အားဖြင့် က်,ကံ၏အကျိုးမရှိဘူးလို့ ယူတဲ့ မိစ္ဆာဒိဋ္ဌပါပဲ၊ ကဲ–ဆိုကြရမယ်။

ကံ,ကံ၏အကျိုး မရှိဟု ထင်တာ, ယူတာက ဒိဋ္ဌပါဒါန်

(၃–ခေါက်)

ဒီ ဒိဋ္ဌပါဒါန်ဟာ ဘုရားလက်ထက်ဆီတုန်းကဆိုရင် တယ်အဖြစ်မများသေးဘူး၊ လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာကျော်လောက်ဆီကတောင် သိပ်မများလှသေးဘူး၊ ဒါပေမယ့် ယခုနေအခါမှာတော့ ဟိုနိုင်ငံ ဒီနိုင်ငံက ရေးထုတ်လိုက်တဲ့ ဒီလိုဝါဒ စာအုပ်တွေကို ခေတ်မီပညာအနေနဲ့ ကြည့်ရှုလေ့လာကြလို့ တော် တော်ကို အဖြစ်များနေပါပြီ၊ ဒိဋ္ဌဟာ လောဘ ရာဂကြောင့် ဖြစ်ထယ်လို့ ကျမ်းဂန်တွေမှာ ပြဆိုထားတဲ့အတိုင်း လူတွေမှာ စားဝတ်နေရေးနဲ့ ပတ်သက်ပြီး လောဘတွေက ပွားများလာတဲ့ အတွက် နောက်ကြာလေကြာလေ ဒီ ဒိဋ္ဌပါဒါန်တွေဟာ လူတွေရဲ့ သန္တာန်မှာ တိုးပွားတိုးပွားသွားမည့် အခြေအနေရှိနေပါတယ်၊ ဒီတော့ ဒီဒိဋ္ဌပါဒါန် မိမိတို့သန္တာန်မှာ မရောက်လာအောင် အထူးကြိုးစားအားထုတ်သင့်လှပါပေတယ်။

နောက်ပြီးတော့ ဒီ ဒိဋ္ဌပါဒါန်က ကံ, ကံ၏အကျိုး မရှိ ဆိုတဲ့ မိစ္ဆာအယူမျှတွင် မဟုတ်သေးပါဘူး၊ ယခုဆက်ပြီးပြောမည့် သီလဗွတ္တပါဒါန်နဲ့ အတ္တဝါဒုပါဒါန် တို့မှ တစ်ပါး မိစ္ဆာဒိဋ္ဌ ဟူသမျှကိုလဲ ဒိဋ္ဌပါဒါန်လို့လဲဟောထားပါတယ်၊ ဒါကြောင့် သဿတဒိဋ္ဌ, ဥစ္ဆေဒဒိဋ္ဌ အစရှိသော မိစ္ဆာအယူဟူသမျှ ကိုလဲ ဒိဋ္ဌပါဒါန်လို့ပဲ မှတ်ရမယ်။ ကဲ ဆိုရမယ်။

သီလဗွတ္တပါဒါန်, အတ္တဝါဒုပါဒါန် တို့မှ တစ်ပါး
မိစ္ဆာဒိဋ္ဌဟူသမျှကို ဒိဋ္ဌပါဒါန်ဟုခေါ်သည်။

http://www.dhammadownload.com

(၃) သီလဗွတုပါဒါန်

ယခု သီလဗွတုပါဒါန်ကို ပြောရမယ်၊ ဆင်းရဲငြိမ်းကြောင်း နိဗ္ဗာန်ရောက်ကြောင်း မဟုတ်တဲ့ အကျင့်မှားတွေကို ဆင်းရဲငြိမ်းကြောင်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်အနေနဲ့ ယူဆစွဲလမ်းတာကို သီလဗွတုပါဒါန် ခေါ်တယ်၊ သီလဆိုတာ အလေ့ပဲ၊ ဝတဆိုတာ ကျင့်ဝတ်ပဲ၊ ဥပါဒါနဆိုတာ မြဲမြံစွာ စွဲလမ်းတာ ပဲ၊ နွားခွေး စသည်တို့၏ အလေ့အကျင့်ကို ကျင့်ခြင်းဖြင့် ဆင်းရဲမှလွတ်မြောက်တယ်၊ ဆင်းရဲငြိမ်းရာကို ရောက်တယ်လို့ ယူဆစွဲလမ်းတာဟာ သီလဗွတုပါဒါန် ပါပဲ၊ နွားလိုသွား, နွားလိုစား,နွားလိုအိပ် စသည်ဖြင့် နွားလိုအတုလိုက်ပြီး ပြုကျင့်တာကို ဂေါဝတ၊ နွားအကျင့် ခေါ်တယ်၊ ခွေးလိုသွား, ခွေးလို စား, ခွေးလိုအိပ် စသည်ဖြင့် ခွေးလို အတုလိုက်ပြီး ပြုကျင့်တာကို ကုက္ကုရဝတ၊ ခွေးအကျင့် ခေါ်တယ်။

နွားလိုကျင့်ခြင်း

အဲဒီနှစ်မျိုးထဲမှာ နွားလိုကျင့်ပုံကတော့ နွားမှာ အဝတ် မဝတ်သလို အဲဒီအကျင့်ကို ကျင့်တဲ့သူကလဲ အဝတ် မဝတ်ဘူး၊ နွာများ ချိုနဲ့ အမြီးရှိတာလို သူ့မှာလဲ ချိုနဲ့ အမြီးအတု တပ် တားရတယ်၊ နွားလို လေးဖက်ထောက်သွားရတယ်၊ လေးဘက် ထောက်လျက် စားရတယ်၊ လေးဘက်ထောက်လျက် ကျင်ကြီး, ကျင်ငယ် စွန့်ရတယ်၊ နွားလိုပဲ မြေပြင်မှာ တုံးလုံး လဲအိပ်ရ တယ် စသည်ဖြင့် နွားတို့၏ အပြုအမူတွေကို အတုလိုက်ပြီး ကျင့် ရတယ်၊ "ဒီလိုကျင့်တဲ့အတွက် မကောင်းမှုကံဟောင်းတွေ ကုန်သွားတယ်၊ မကောင်းမှုကံအသစ်လဲ မဖြစ်ဘူး၊ ဒါကြောင့် အဲဒီဘဝကသေလျှင် ဆင်းရဲမှ လွတ်မြောက်ပြီး အမြတ်မ်ား

http://www.dhammadownload.com

ချမ်းသာရာကို ရောက်သွားတယ်"လို့ အဲဒီမိစ္ဆာအယူ ရှိတဲ့သူတွေက ယုံကြည်စွဲလမ်းကြတယ်။

ခွေးလိုကျင့်ခြင်း

ခွေးလို ကျင့်ပုံကတော့ ခွေးမှာ အဝတ်မရှိတာလို သူလဲ အဝတ်မဝတ်ဘူး၊ ခွေးလို လေးဘက်ထောက်သွားရတယ်၊ လေးဘက်ထောက်ပြီး၊ ပါးစပ်နဲ့ ဟပ်စားရတယ်၊ လေးဘက်ထောက်လျက် ကျင်ကြီး,ကျင်ငယ် စွန့်ရတယ်၊ ခွေးကိုတွေ့လျင် ခွေးလို ပဲသွားဖြဲပြရတယ်၊ ခွေးလိုပဲ မြေပြင်နှင့် ပြာပုံမှာ ခွေပြီး အိပ် ရတယ် စသည်ဖြင့် ခွေးတို့၏ အပြုအမူတွေကို အတုလိုက်ပြီး ကျင့်ရတယ်၊ "ဒီလို ကျင့်တဲ့အတွက် မကောင်းမှု ကံဟောင်း တွေ ကုန်သွားတယ်၊ ကံအသစ်လဲ မဖြစ်ဘူး၊ ဒါကြောင့် အဲဒီ ဘဝက သေလျှင် ဆင်းရဲမှုလွတ်မြောက်ပြီး အမြဲတမ်း ချမ်းသာ ရာကို ရောက်သွားတယ်"လို့ အဲဒီ မိစ္ဆာအယူရှိတဲ့ သူတွေက ယုံကြည် စွဲလမ်းကြတယ်။

သတ္တဝါတို့၏ အလိုအကြိုက်က သိပ်ဆန်းကြယ်တာပဲ

ယခု ပြောနေတဲ့ အယူအဆမျိုးဟာ ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တွေ အနေနဲ့ဆိုရင် ရှိတယ်လို့တောင် ယုံကြည်စရာ မကောင်းဘူး၊ ဒါပေမယ့် သတ္တဝါတွေရဲ့ အလိုအကြိုက်က သိပ်ဆန်းကြယ်တာပဲ၊ ဟိုလူတစ်စုက တစ်မျိုး၊ ဒီလူ တစ်စုက တစ်မျိုး၊ ဟိုအရပ်က တစ်မျိုး၊ ဒီ အရပ်က တစ်မျိုး၊ ယူဆပုံ ကြိုက်ပုံချင်း မတူကြဘူး၊ ဒါကြောင့် မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက နွားလို ကျင့်တဲ့ပုဏ္ဏဆိုတဲ့ လူကတစ်ယောက်၊ ခွေးလိုကျင့်တဲ့ သေနိယဆိုတဲ့ လူက တစ်ယောက် ဒီလိုထူးထူး ဆန်းဆန်းကျင့်တဲ့ လူနှစ်ယောက် မြတ်စွာဘုရားထံ ရောက်လာ ကြတယ်၊ ရောက်လာကြပြီးတော့

http://www.dhammadownload.com

ပုဏ္ဏက သေနိယရဲ့ ခွေးလိုကျင့်တဲ့ အကျင့်၏အကျိုးကို မေးလျှောက်တယ်၊ သေနိယကလဲ ပုဏ္ဏရဲ့ နွားလိုကျင့်တဲ့ အကျင့်၏ အကျိုးကို မေးလျှောက်တယ်။

ဒီတော့ မြတ်စွာဘုရားက ၂-ကြိမ်တိုင်တိုင် မမေးဖို့တားမြစ်ပြီးတော့ ၃-ကြိမ်မြောက် ထပ်ပြီး မေးလျှောက်တဲ့အတွက် ဒီလိုဖြေကြားတော်မူပါတယ်၊ ခွေးတို့၏ အလေ့အကျင့်ကို အပြည့် အစုံ မမြတ်မစဲ ကျင့်တဲ့သူဟာ သေသည်၏ အခြားမဲ့မှာ ခွေး ဘဝ ရောက်တယ်၊ ခွေးဖြစ်သွားတယ်၊ နွားတို့၏အလေ့အကျင့် ကို အပြည့်အစုံ မပြတ်မစဲ ကျင့်တဲ့သူဟာ သေသည်၏ အခြား မဲ့မှာ နွားဘဝရောက်တယ်၊ နွားဖြစ်သွားတယ်၊ အကယ်၍ အဲဒီ ခွေးအကျင့်, နွားအကျင့်ဖြင့် နတ်ဖြစ်မယ်လို့ အယူရှိလျှင် အဲဒါဟာ မှားတဲ့မိစ္ဆာဒိဋ္ဌိပဲ၊ မိစ္ဆာ အယူရှိတဲ့သူဟာ သေလျှင် ငရဲနှင့် တိရစ္ဆာန် တစ်မျိုးမျိုးမှာ ဖြစ်တတ်တယ်လို့ မြတ်စွာ ဘုရားက ဖြေကြားတော်မူပါတယ်၊ အဲဒီလို ဖြေကြားပြီးတဲ့ နောက် မြတ်စွာဘုရားက-(၁) မည်းညစ်၍ မည်းညစ်သော အကျိုးကို ပေးတတ်သော အကုသိုလ်၊ (၂) ဖြူစင်၍ ဖြူ စင်သော အကျိုးကို ပေးတတ်သော ကုသိုလ်၊ (၃) အမည်း အဖြူ ရောသော အကုသိုလ်ကံ နှင့်ကုသိုလ်ကံ၊ (၄) ကုသိုလ်ကံ, အကုသိုလ်ကံ ဟူသမျှကို ကုန်စေတတ်သော အရိယ မဂ်ကံ ဆိုတဲ့ ကံ ၄-မျိုးကို ခွဲခြားပြီး ဟောတော်မူပါတယ်။

အဲဒီ တရားကို ကြားနာပြီး နွားကျင့် ရှိတဲ့ ပုဏ္ဏက သရဏဂုံ ဆောက်တည်ပါတယ်၊ ခွေးကျင့် ရှိတဲ့ သေနိယကတော့ သာသနာတော်မှာ ရဟန်းပြုပြီး တရားကျင့်သုံးသဖြင့် ရဟန္တာ ဖြစ်သွားပါတယ်။(ကုက္ကုရဝတိကသုတ် မ-၅၀)

http://www.dhammadownload.com

ကောရခတ္တိယဝတ္ထု

နောက်ပြီးတော့ မြတ်စွာဘုရား လက်ထက်တော် ကာလ တုန်းက ထူလုဆိုတဲ့ နယ်မှာ ဥတ္တရကာဆိုတဲ့ နိဂုံးရွာကြီး ရှိတယ်၊ အဲဒီ နိဂုံးရွာကြီးမှာ ခွေးလိုကျင့်နေတဲ့ ကောရခတ္တိယ ဆိုတဲ့ လူတစ်ယောက်ရှိတယ်၊ တစ်နေ့သောအခါမှာ မြတ်စွာ ဘုရားက အဲဒီ ကောရခတ္တိယနေတဲ့ နေရာ အနီးအပါးက ဖြတ်ပြီး ကြွသွား တော်မူတယ်၊ အဲဒီတုန်းက မြတ်စွာဘုရားက နောက်တော်က သုနက္ခတ္တ ဆိုတဲ့ လိစ္ဆဝိအမျိုးသား ရဟန်းကလဲ ပါလာတယ်၊ အဲဒီ သုနက္ခတ္တဆိုတဲ့ ရဟန်းက ခွေးလိုကျင့်နေတဲ့ ကောရခတ္တိယကို မြင်ရတော့ သူက ဒီလို ကြည်ညိုသွားသတဲ့။

အယ် သမဏော၊ ဤ ကောရခတ္တိယ ရဟန်းသည်။ သာဓု ရူပေါ ဝတ၊ ကောင်းသော သဘော ရှိပေစွတကား။ စတုက္ကုဏ္ဍီတော၊ လေးဘက်ထောက်လျက်၊ ဆမာနိကိဏ္ဏံ၊ မြေပေါ်၌ ပစ်ချထားသော။ တက္ခဏံ၊ အစာကို။ မုခေနေဝ၊ လက်ဖြင့်မကိုင်ဘဲ ခံတွင်းပါးစပ်ဖြင့် သာလျှင်။ ခါဒတိ၊ ခဲပေ၏။ မုခေနေဝ၊ ပါးစပ်ဖြင့်သာလျှင်၊ ဘုဥ္ဇတိ၊ စားပေ၏–လို့ နှလုံး သွင်းပြီး ကြည်ညိုသတဲ့။

သုနက္ခတ္တ ဆိုလိုတာကတော့ "ကောရခတ္တိယဟာ ကိလေသာ ကင်းငြိမ်းနေတဲ့ ရဟန္တာအစစ်ပေပဲ၊ ငါတို့မှာ ရဟန်း ဆိုပေမယ့် သင်္ကန်း သပိတ် ပရိက္ခရာတွေနဲ့ ပလိဗောဓ များနေသေးကာပဲ၊ ကောရခတ္တိယမှာ အလိုနည်းတဲ့ အပို့စ္ဆာဂုဏ်နဲ့ ပြည့် စုံတဲ့အတွက် အဝတ်ကိုလဲ မသုံးဆောင်ဘူး၊ သပိတ်စားခွက် ကိုလဲ မသုံးဆောင်ဘူး၊ မြေပေါ်မှာ ပုံချထားတဲ့ အစာကို ပါးစပ်နဲ့ ဟပ်ပြီး စားနိုင်ပေတယ်၊ ပလိဗောဓနည်းပြီး အလွန် ကောင်းတဲ့ အကျင့်ကို ကျင့်နေပေတာပဲ" လို့ ကြံစည်ပြီး ကြည်ညိုနေပါသတဲ့။

http://www.dhammadownload.com

ယုတ်ညံ့သူက ယုတ်ညံ့တဲ့ အကျင့်နည်းလမ်းကို ကြိုက်သည်

ခွေးလိုကျင့်နေတဲ့ ကောရခတ္တိယရဲ့အကျင့်ဟာ သီလဗွတပရာမာသ အကျင့်ပဲ၊ မဟုတ်မမှန်တဲ့အကျင့် မှားယွင်းတဲ့အကျင့်ပဲ၊ ခုတင်က ပြောခဲ့တဲ့ ကုက္ကုရဝတိကသုတ်မှာ မြတ်စွာဘုရားက ဖြေကြားတော်မူခဲ့တဲ့အတိုင်း အပြည့်အစုံကျင့်ရင် ခွေးဖြစ်ဖို့ အကျင့်ပဲ၊ အဲဒီ ခွေးလိုကျင့်တာနဲ့ နတ်ဖြစ်မယ် နိဗ္ဗာန်ရောက်မယ်လို့ ယူရင် မိစ္ဆာအယူဖြစ်တယ်၊ အဲဒီ မိစ္ဆာအယူရှိရင် ငရဲနှင့် တိရစ္ဆာန် တစ်မျိုးမျိုးဖြစ်ဖို့ပဲ၊ အဲဒီမှာ ငရဲနှင့် တိရစ္ဆာန်ဆိုတာက နိဒဿန နည်းပါ၊ ပြိတ္တာနှင့် အသူရကာယ်လဲ ဖြစ်နိုင်ပါတယ်၊ ဒါကြောင့် ဒီကောရခတ္တိယ သေတဲ့အခါ အသုရကာယ် ဖြစ်တယ်လို့ ဟောထားပါတယ်၊ အဲဒီတော့ ဒီခွေးလိုကျင့်နေရာမှာ ဘာမျှ ကြည်ညိုစရာ မရှိပါဘူး၊ အလို အဇ္ဇာသယ မြင့်မြတ်တဲ့သူဆိုရင် ရှဉ့်ရှာ စက်ဆုပ်ပြီး တံတွေး တောင် ထွေးမိကောင်း ထွေးမိလိမ့်ဦးမယ်၊ ဒါပေမယ့် သုနက္ခတ္တ မှာတော့ ဘဝပေါင်းများစွာက မှားယွင်းတဲ့ မိစ္ဆာအယူကို ကြိုက်လာခဲ့တယ်၊ ဒါကြောင့် အလိုအဇ္ဇာသယက ယုတ်ညံ့တဲ့ အတွက် မဂ္ဂင်ရှစ်ပါး အကျင့်ထက် ခွေးလိုကျင့်နေတာကို ပိုပြီး ကြိုက်နေတယ်။

သုနက္ခတ္တသာ မဟုတ်ဘူး၊ အလို အဇ္ဇာသယ ယုတ်ညံ့တဲ့သူတွေက သုနက္ခတ္တလိုပဲ မဟုတ်တာကိုမှ သဘောကျတတ် ကြည်ညိုတတ်တယ်။ မြတ်စွာဘုရား ဟောကြားထားတဲ့ ဒေသနာတော်နဲ့အညီ ဟောပြောနေတာ ကျင့်ကြံအားထုတ်နေတာကို မကြည်ညိုနိုင်ဘဲ တရားကျမ်းဂန်လွတ် စာလွတ်ပေလွတ် တွေးတော ဝေဖန်တာတွေ ဟောပြောတာတွေ စာလွတ် ပေလွတ် ကျင့်ကြံအားထုတ်တာတွေကိုမှ သဘောကျတဲ့ ကြည်ညိုတဲ့ သူ

http://www.dhammadownload.com

တွေဟာ ဟိုတုန်းကလဲ ရှိတာပဲ၊ ယခုလဲ ရှိနေတာပဲ၊ ဘဝများ စွာက မဟုတ်တဲ့ဘက်က လေ့ကျက်လာရင် ဒီလိုဖြစ်တတ်တာပဲ၊ ဒါကြောင့် မှားယွင်းတဲ့အလေ့အကျင့်မျိုးကို မလေ့ကျင့်မိအောင် အထူးသတိပြုဖို့ လိုပါတယ်။

သုနက္ခတ္တာက မဟုတ်တဲ့အကျင့်ကို ကြည်ညိုနေကျ ဖြစ်တဲ့ အတွက် ကောရခတ္တိယကို မြင်တဲ့အခါ သုနက္ခတ္တာ ဘယ်လိုများ ကြံစည်မိသလဲလို့ မြတ်စွာဘုရားက စေတောပရိယ အဘိညာဉ် နဲ့ ဆင်ခြင်တော်မူပါတယ်၊ အဲဒီလို ဆင်ခြင်ကြည့်လိုက်တဲ့အခါ ခုတင်က ပြောခဲ့တဲ့အတိုင်း ကောရခတ္တိယရဲ့အကျင့်ကို ကြည်ညိုနေပုံ၊ ကောရခတ္တိယကို ရဟန္တာလို ထင်နေပုံတွေကို အကုန်လုံး မြတ်စွာ ဘုရားက သိမြင်တော်မူပါတယ်။ အဲဒီတော့ မြတ်စွာဘုရားက သုနက္ခတ္တာကို-

> မောဃပုရိသ၊ မဂ်ဖိုလ်မမှီး အချည်းနှီး ပုဂ္ဂိုလ် ဖြစ်သော သုနက္ခတ္တာ။ တွံပိ၊ သင်လိုလူကတောင်မှ။ သကျ ပုတ္တိယော သမဏော၊ သာကီဝင်နွယ်ဖွား ဘုရားတပည့် ရဟန်း ဟူ၍။ ပဋိဇာနိဿတိ၊ ဝန်ခံနေပါပေရဲ့လို့ မိန်တော်မူပါတယ်။

ဆိုလိုတာကတော့ "သုနက္ခတ္တာ... သင်ဟာ ခွေးလိုကျင့်နေ တာကိုလဲ ကြည်ညိုနေတယ်၊ အဲဒီလိုကျင့်နေတဲ့ ကောရခတ္တိယ ကိုလဲ ရဟန္တာလို့ ထင်နေတယ် ဒါလောက်ယုတ်ညံ့တဲ့အကျင့်နဲ့ ဒါလောက် ယုတ်ညံ့တဲ့ပုဂ္ဂိုလ်ကို ကြည်ညိုနေတဲ့သင်ဟာ သာကီ ဝင်နွယ်ဖွား ဘုရားတပည့်တော်လို့ ဝန်မခံထိုက်တော့ဘူး၊ အဲဒီလို ဝန်မခံထိုက်ပါဘဲနဲ့ဝန်ခံနေတာဟာ အုံ့ပါရဲ့ဆိုတဲ့ အနေမျိုးနဲ့ မြတ်စွာ ဘုရားက သူ့အမှု ပေါ်လာအောင် ခပ်နှာနှာကလေး မိန့်တော်မူ လိုက်တာပါပဲ။

http://www.dhammadownload.com

ဒီတော့ သုနက္ခတ္တက "တပည့်တော်ကို မြတ်စွာဘုရားက ဘာကြောင့် နှိမ့်နှိမ့်ချချမိန့်တော်မူရပါသလဲ"လို့ မေးလျှောက်ပါတယ်။

မြတ်စွာဘုရားက "သုနက္ခတ္တ... သင်ဟာ ဘာမျှကြည်ညိုစရာ မရှိတဲ့ ခွေးလိုကျင့်နေတဲ့ ကောရခတ္တိယကို ကောင်းသော သဘော ရှိပါပေတယ်၊ ရဟန္တာပေပဲလို့ ထင်မှတ်နေတယ် မဟုတ်လား၊ ဒါကြောင့် ငါက သင့်ကို ဒီလို မိန့်တော်မူရတယ်" လို့ ဖြေကြားတော်မူပါတယ်။

ဒီတော့ သုနက္ခတ္တ–က "သူများရဟန္တာဖြစ်တာကို မြတ်စွာဘုရားက ဝန်တိုနေပါသေးလား"လို့ ဘုရားကို ဝန်တိုခြင်း မစ္ဆရိယရှိတဲ့ အနေနဲ့ စွပ်စွဲပြီးချေပပါတယ်။

မြတ်စွာဘုရားကတော့ မမှားသင့်တာ မမှားရအောင်လို့ ကရဏာတော်ဖြင့် သနားပြီး ဆုံးမတဲ့အနေနဲ့ ပြောကြားတာပါ ပဲ၊ ဒါပေမယ့် မသိနားမလည်တဲ့ ပုဂ္ဂိုလ်ကို ပြောရတာဟာ ခက်ပါတယ်၊ သူကြည်ညိုနေတဲ့ ပုဂ္ဂိုလ်ကို အမှန်အတိုင်း ထုတ် ဖော်ပြောရင် မကြိုက်တတ်ဘူး၊ ယခုကာလမှာလဲ မဟုတ်တာကို ကြည်ညိုနေရာမှာ အမှန်အတိုင်း ဝင်ပြောရင် မကြိုက်တတ်ဘူး၊ ဝန်တိုလို့ မနာလိုလို့, ပြောတယ်လို့ ထင်တတ် စွပ်စွဲတတ် တယ်။ ဒီလိုဟာမျိုးက အထူး သတိပြုရပါတယ်။

အနာဂတ်ဟာ မိန့်ခွန်းတော်

အဲဒီလို စွပ်စွဲပြီး ချေပတော့ မြတ်စွာဘုရားက ဒီလိုရှင်းပြီး ပြောကြားတော် မူပါတယ်၊ သုနက္ခတ္တ...ငါကသူတစ်ပါးရဲ့ ရဟန္တာအဖြစ်ကို ဝန်တိုလို့ ပြောတာမဟုတ်ဘူး၊ သင့်မှာ အယူမှားပြီး ကြာမြင့်စွာ ဆင်းရဲဒုက္ခ မရောက်ပါစေနဲ့လို့ ရည်ရွယ်ပြီး ငါကပြောတာ သင်ကြည်ညိုနေတဲ့ ကောရခတ္တိယဟာ ရဟန္တာလဲမဟုတ်ဘူး၊ ရဟန္တာ

http://www.dhammadownload.com

ဖြစ်ဖို့အကျင့်လဲ သူ့မှာ မရှိဘူး၊ သင်ကြည်ညိုနေတဲ့ ကောရခတ္တိယဟာ ဒီကနေ့က နောက်ခုနစ်ရက် လွန်မြောက်တဲ့ နေ့မှာ အစာမကြေပဲ စားပိုး နင့်ပြီး သေလိမ့်မယ်၊ သေပြီးတော့လဲ အသုရကာယ် မျိုးထဲမှာ အယုတ်အညံ့ဆုံးဖြစ်သော ကာလကဏ္ဍက ခေါ်တဲ့ အသုရာ ဖြစ်လိမ့်မယ်၊ သူ၏အလောင်းကိုလဲ ပြိတ်မြက်ရိုသော သချိုင်းမှာ စွန့်ပစ်ရလိမ့်မယ်၊ သုနက္ခတ္တ... သင် အလိုရှိရင် ကောရခတ္တိယရဲ့ အလောင်းထဲ သွားပြီးတော့ မေးပါလေ၊ ငါ့ရှင် ကောရ ခတ္တိယ... သင်၏ လားရာဂတိကို သိပါရဲ့လား၊ ယခု သင်ဘယ်မှာ ဖြစ်နေပါ သလဲလို့ မေးပါ၊ အဲဒီလိုမေးလျှင် ကောရခတ္တိယ သူသေကောင်က "သုနက္ခတ္တ... ငါ၏ လားရာဂတိကို သိ ပါတယ်၊ အသုရကာယ် မျိုးထဲ အယုတ်ညံ့ဆုံးဖြစ်တဲ့ ကာလ ကဏ္ဍကအသုရာ ဖြစ်နေပါတယ်" လို့ ပြောလိမ့်မယ်ဟု မြတ်စွာဘုရားက အနာဂတ်အကြောင်း ကျိုတင်ပြီး ဟောလိုက်ပါတယ်။

ဒီလို ဟောရတာလဲ တခြားကြောင့် မဟုတ်ဘူး၊ သုနက္ခတ္တက ဘုရားအပေါ်မှာ ယုံကြည်မှု သဒ္ဓါတရားပျက်နေလို့ သဒ္ဓါ တရား ပြန်ဖြစ်စေလိုသောကြောင့်ပါပဲ၊ သဒ္ဓါတရား ပျက်ခြင်း၏ အကြောင်း ကတော့ သူဟာ သမထလမ်းက တရား အားထုတ်လို့ ဈာန်နဲ့ ဒိဗ္ဗစက္ခုအဘိညာဉ်အထိ ရခဲ့ပါတယ်၊ အဲဒီ အဘိညာဉ်နဲ့ နတ်ပြည်လောကကို ကြည့်လိုက်တဲ့အခါ နတ်သား နတ်သမီးတွေကို သူမြင်ရတယ်၊ အလွန်လှပတင့်တယ်တဲ့ နတ် သား နတ်သမီးတွေကို မြင်ရတော့ အဲဒီ နတ်သား နတ်သမီး တွေရဲ့ ပြောဆိုသံကိုလဲ သူကကြားချင်လာတယ်။ ဒါနဲ့ အဲဒီ အသံကို ကြားနိုင်တဲ့ ဒိဗ္ဗသောတ အဘိညာဉ်ကို ရအောင် အားထုတ်တဲ့နည်းကို မြတ်စွာဘုရားထံမှာ မေးလျှောက်တယ်၊ သူ့မှာ ဒိဗ္ဗသောတအဘိညာဉ်ကို မရနိုင်အောင် တားမြစ်တဲ့ အကုသိုလ်က ရှိနေတာနဲ့ မြတ်စွာဘုရားက နည်းမပေးပဲ

http://www.dhammadownload.com

ထားပါတယ်၊ ဒီလို နည်းမပေးတာကလဲ တခြားကြောင့် မဟုတ်ပါဘူး၊ နည်းပေးလိုက်ပေမယ့် သူ့မှာ အဲဒီအဘိညာဉ်ကို ရမှာ မဟုတ်ဘူး၊ မရတော့ မဟုတ်မမှန်တဲ့ နည်းမှားကို ပေးလိုက်တယ်ဆိုပြီး သူက ဘုရားကိုစွပ်စွဲဦးမယ်၊ အဲဒါကြောင့် နည်းမပေးလိုက်တာ ပါပဲ၊ ဒါပေမယ့် သူ့အထင်ကတော့ "ဘုရား လဲ သာကီဝင်မင်းသားပဲ၊ ငါလဲ လိစ္ဆဝီမင်းသားပဲ၊ ဒီအချက် မှာလဲ ငါဟာ ဘုရားနဲ့ မင်းသားအဖြစ်ဖြင့်တန်းတူဖြစ်နေတယ်၊ နောက်ပြီးတော့ ဘုရားလဲ ဒီဗွစက္ခုအဘိညာဉ်ရပြီး အမြင်ပေါက်နေတယ်၊ ငါလဲ ဒီဗွစက္ခုအဘိညာဉ်ရပြီး အမြင်ပေါက်နေတယ်၊ ဒီအချက်မှာလဲ တန်းတူ ဖြစ်နေတယ်၊ ဒီဗွသောတ အဘိညာဉ်ကိုတော့ ဘုရားမှာသာရတယ်၊ ငါ့မှာ မရဘူး၊ ဒီ အချက်တစ်ခုပဲ မတူပဲ ဖြစ်နေတယ်၊ အကယ်၍ ဒီဗွသောတ အဘိညာဉ်ကိုတော့ ငါရသွားရင် ဘုရားနဲ့ငါဟာ တန်းတူ ဖြစ်လာမယ်၊ ဒါကြောင့် တန်းတူမဖြစ်စေချင်လို့ ဒီဗွသောတ အဘိ ညာဉ်ရအောင် အားထုတ်တဲ့နည်းကို ငါ့ မပေးတာဘဲ"လို့ သူက အထင်မှားပြီး ဘုရားအပေါ်မှာ ယုံကြည်မှု သဒ္ဓါတရား ပျက်နေပါတယ်၊ ဒါကြောင့် အဲဒီပျက်နေတဲ့ သဒ္ဓါတရားဟာ နောင်တစ်ချိန်မှာ ဖြစ်တန်သမျှဖြစ်ပြီး သဒ္ဓါနွေ့ရင့်ကျက်တန် သမျှ ရင့်ပါစေ ဆိုတဲ့ ရည်ရွယ်ချက်ရှိတော်မူသောကြောင့် ဒီလို အနာဂတ်အရေးကို တင်ကြိုပြီး ဟောလိုက်ခြင်းဖြစ်ပါတယ်။

အဲဒီလို ဟောလိုက်တော့ သုနက္ခတ္တက ကောရခတ္တိယထံ သွားပြီး အကြောင်းကြားပါတယ်၊ "ငါ့ရှင် ကောရခတ္တိယ... ရဟန်းဂေါတမက သင်ရဲ့ အနာဂတ်အရေးကို ဒီလို ဟောထား တယ်၊ ယနေ့မှ ခုနစ်ရက်မြောက်မှာ ကောရခတ္တိယဟာ စားပိုး နင့်ပြီး သေမယ်၊ သေပြီးတော့ ကာလကဏ္ဏိက အသုရာဖြစ်မယ်၊

http://www.dhammadownload.com

အလောင်းကိုလဲ ပြိတ်မြက်ရိုတဲ့ သရဲ့ကြီးမှာ စွန့်ပစ်ရမယ်လို့ ဟောထားပါတယ်၊ ဒါကြောင့် ငါ့ရှင် ကောရခတ္တိယ...ရဟန်းဂေါတမ၏ ဟောပြောချက် မမှန်ဘဲလွဲမှားသွားအောင် အထူးသတိပြုပြီး အတိုင်းအရှည်နဲ့စားသောက်ပါလေ"လို့ သတိပေးစကားလဲ ပြောပါတယ်။ သူ့အလိုကတော့ ဘုရားဟောလိုက်တဲ့စကား မှားစေချင်တာပါပဲ၊ မှားရင်လဲ ဘုရားကို စွပ်စွဲ ဖို့ ရည်ရွယ်ချက်နဲ့ သွားပြောတာပါပဲ၊ အဲဒါကို ထောက်ဆ ကြည့်ရင် သုနက္ခတ္တာဟာ ဘုရားအပေါ် သဒ္ဓါတရား လုံးဝ ပျက်စီးနေတယ်ဆိုတာ ထင်ရှားနေပါတယ်။

ဒါပေမယ့် ဘုရားစကားဆိုတာ လွဲမှားရိုး မရှိဘူး၊ မချွတ်ဇကန် မှန်နေတာချည်းပဲ၊ ဒါကြောင့် မြတ်စွာဘုရားဟောတဲ့ အတိုင်း အကုန်လုံးအမှန်ချည်းဖြစ်သွားပါတယ်။ ဖြစ်ပုံကတော့- ကောရခတ္တိယဟာ သုနက္ခတ္တာရဲ့စကားကို ကြားရတော့ ရဟန်းဂေါတမက ငါ့ကို ဒီလိုပြောရမလားလို့ မခံချင်တဲ့ စိတ်ကလဲ ရှိတာနဲ့ စားပိုနင့်ပြီး သေခြင်းမဖြစ်နိုင်အောင် အဲဒီနေ့ကစပြီး သူက အစာမစားဘဲ နေသတဲ့။

သုနက္ခတ္တာက သူ့ကိုယ်တော်ကို တယ်စိတ်မချတာနဲ့ နေ့စဉ် နေ့တိုင်း သွားပြီး သတိပေးနေတယ်၊ တစ်ရက်တော့ အောင်သွားပြီနော်၊ နောက် ၆-ရက်ပဲ လိုတော့တယ်၊ သတိပြုပါ၊ ၂-ရက်တော့ အောင်သွားပြီ၊ သုံးရက်, လေးရက်, ငါးရက်, ၆-ရက်တော့ အောင်သွားပြီ၊ တစ်ရက်ပဲလိုတော့တယ်၊ ကြပ်ကြပ် သတိပြုပါလို့ နေ့စဉ်သွားပြီး သတိပေးနေတယ်။ ဘုရားဟော တဲ့ စကားမှားစေချင်လွန်းလို့ ကြိုးစားနေတဲ့ သဘောပါပဲ၊ ယုတ်ညံ့တဲ့ အလိုရှိတာဟာ သိပ်ကြောက်စရာ ကောင်းတာပဲ။

http://www.dhammadownload.com

ဒီလို သုနက္ခတ္တာကလဲ နေ့စဉ်သတိပေးလို့ ကောရခတ္တိယကလဲ အထူးသတိပြု စောင့်ရှောက်နေပေမယ်လို့ ခုနစ်ရက်နေ့မြောက်ကျတော့ ကောရခတ္တိယရဲ့ ဆွမ်းဒကာက ငါ့အရှင် ကိုယ်တော်မြတ်ဟာ ဆွမ်းစားမကြွလာတာ ခုနစ်ရက်တောင် ရှိသွားပြီ၊ နေမကောင်းလို့ လေလား-လို့ စဉ်းစားပြီး ဝက်သားဟင်းနဲ့ ဆွမ်းသွားပို့ပါသတဲ့။ ကောရခတ္တိယကို ဆွမ်းကျွေးရတာက တော့ အင်မတန်လွယ်ပါတယ်၊ ခွေးကို အစာကျွေးသလိုပဲ မြေ ကြီးပေါ်မှာပုံပြီး ကျွေးလိုက်ရုံပါပဲ၊ အဲဒီလို ကျွေးလိုက်တော့ ထမင်းနဲ့ ဟင်းနဲ့ကို ရတဲ့အခါ ကောရခတ္တိယက သိပ်စားချင်လာ တယ်၊ စားချင်မယ်ဆိုလဲ စားချင်စရာပေပဲ၊ မစားရတာ ၆-ရက်တောင် ရှိသွားပြီ၊ ဒါကြောင့် သူက စဉ်းစားတယ်၊ မစားဘဲနေလဲ အဆာလွန်ပြီး သေသွားနိုင်တာပဲ၊ ရဟန်း ဂေါတမရဲ့စကားဟာ မှန်ချင်လဲ မှန်ပါစေတော့ အစာ စားပြီး ဝဝလင်လင်နဲ့ သေရတာက ဆာလောင်ပြီး သေရတာထက် တော့ ကောင်းသေးတာပဲလို့ ဆင်ခြင်ပြီးတော့ တံတောင် နှစ်ဖက် ဒူးနှစ်ဖက်နဲ့ လေးချောင်းထောက်ပြီး အဲဒီထမင်းဟင်း တွေကို ဝမ်းပြည့်သွားအောင် အများကြီး စားလိုက်ပါရောတဲ့။ အဲဒီလို စားလိုက်တဲ့အတွက် အစာမကြေ ဖြစ်ပြီး စားပိုနင့်တဲ့ ရောဂါနဲ့ ကောရခတ္တိယဟာ အဲဒီညမှာပဲ သေသွားရှာတယ်၊ သေပြီးတော့ အယုတ်အညံ့ဆုံးကာလကဋ္ဌိက အသုရာမျိုးမှာ ဖြစ်သွားရှာတယ်။

အဲဒီလို သေသွားတော့ သူ့ဆိုင်ရာ တိတ္ထိဂိုဏ်းသားတွေက ရက်ကို တွက်ကြည့်ကြတယ်၊ "ဘုရားဟောတဲ့အတိုင်း ခုနစ်ရက် မြောက်နေ့မှာ သေမယ်၊ စားပိုးနင့်ပြီး သေမယ်" ဆိုတာတွေ မှန်နေကြောင်း တွေ့ကြရတယ်။ ဒါဃေမယ့် နောက်ဆက်တွဲ ဟောပြောချက်တွေကိုတော့ လွဲအောင်လုပ်မယ်ဆိုတဲ့ ရည်ရွယ် ချက်နဲ့ ပြိတ်မြက်မရှိတဲ့ သရဏ်ရိုင်းမှာ စွန့်ပစ်ဖို့ရာ အလောင်းကို နွယ်နဲ့ချည်ပြီး

http://www.dhammadownload.com

ခွေးသေကောင်များလို ဆွဲဆောင်သွားကြပါ သတဲ့၊ အဋ္ဌကထာမှာ "အာကမုန္ဒာ၊ ကမုမာနာ = ဆွဲဆောင် ကြတယ်" လို့သာ ဆိုထားပါတယ်၊ ထမ်းဆောင် ကြတယ်လို့ တော့မဆိုဘူး။ ဒါကြောင့် ခွေးသေကောင်ကို ဆွဲသလို ဆွဲဆောင်သွားကြတယ်လို့ ပြောရပါတယ်၊ အဲဒီလို ဆွဲသွားရင်း သချိုင်းကုန်းတစ်ခုကို ရောက်သွားတယ်၊ အဲဒီမှာ စွန့်ပစ်မယ် လို့ ကြံစည်ကြပြီးတော့ ပြိတ်မြက် ရှိ-မရှိ စုံစမ်း ကြည့်ရှုတဲ့ အခါ ပြိတ်မြက် ရှိနေတာကို တွေ့ကြရတယ်၊ ဒါကြောင့် တခြား သချိုင်းကို ပို့ဖို့ရာ ဆွဲဆောင်ကြပြန်တယ်၊ အဲဒီ အခါ ချည်ထားတဲ့နွယ်က ပြတ်သွားပါရောတဲ့။ အဲဒီက နောက်မှာ အလောင်းကောင်ကို လှူပ်လို့ တောင်မရ တော့ဘူးတဲ့။ ဒါနဲ့ တိတ္ထိဂိုဏ်းသားတွေဟာ ခြေကုန် လက်ပန်းကျပြီး မောကုန်တဲ့ အတွက် အဲဒီပြိတ်မြက်ရှိတဲ့ သချိုင်းမှာ အလောင်းကောင်ကို စွန့်ပစ်ထားခဲ့ကြပါရောတဲ့။

ကောရခတ္တိယ၏ အလောင်းကို ပြိတ်မြက်ရှိတဲ့ သချိုင်းမှာပဲ စွန့်ပစ်ခဲ့ကြရသတဲ့ ဆိုတဲ့သတင်းကို ကြားရတဲ့အခါ သုနက္ခတ္တက ဒီလို စဉ်းစားပြန်တယ်၊ ရှေးပိုင်းက ဟောပြောချက်တွေတော့ မှန်ကုန်ပြီ၊ ဒါပေမယ့် သူသေကောင်က ထပြီး စကားပြောရိုး တော့ မရှိဘူး၊ ဒီအချက်ကတော့ ဧကန် မှားရမယ်လို့ စဉ်းစားပြီးတော့ အဲဒီ သချိုင်းကို သွားတယ်၊ ကောရခတ္တိယ၏ အလောင်းကို လက်နဲ့ပုတ်ပြီးတော့ "ငါ့ရှင် ကောရခတ္တိယ... သင်၏ လားရာဂတိကို သိပါရဲ့လား၊ ဘာဖြစ်နေသလဲ"လို့ မေးပါတယ်၊ ဒီတော့ အလောင်းကောင်ကြီးက ထလာပြီး တော့ "သုနက္ခတ္တ...ငါ၏ လားရာ ဂတိကို ငါ သိပါတယ်။ အယုတ်ညံ့ဆုံးဖြစ်တဲ့ ကာလကဏ္ဏိက အသုရာ ဖြစ်နေပါတယ်"လို့ ပြောပြီးပြန်လဲကျသွားသတဲ့၊ ကာလ ကဏ္ဏိက အသုရာဆိုတာ ပြိတ္တာလို အကောင်မျိုးပါပဲ၊ ကိုယ်ကောင်က

http://www.dhammadownload.com

၃-ဂါဝုတ်၊ မိုင်အားဖြင့် ၆-မိုင်လောက်ရှိသတဲ့၊ ပါးစပ်ပေါက်က ထိပ်တည့် တည့်မှာ အပ်နဖားပေါက်လောက်ရှိသတဲ့၊ အဲဒီထိပ်က ပါးစပ်နဲ့ အောက်ကိုစိုက်ပြီး စားဖိုသောက်ဖို့ အားထုတ်ရတယ်၊ ရေလဲ မသောက်ရ အစာလဲ ကောင်းကောင်း မစားရနဲ့ ပိန်ခြောက်နေ တယ်လို့ဆိုပါတယ်။

ဒီနေရာမှာ အသေကောင်ဆိုတာ ထပြီး စကားပြောရိုးမရှိဘူး၊ ကောရခတ္တိယ အလောင်းဟာ ဘာကြောင့် ထပြီး စကား ပြောသလဲလို့ စဉ်းစားစရာရှိပါတယ်၊ မြတ်စွာဘုရားကတန်ခိုးတော်ဖြင့် အသုရကာယ် ပြိတ္တာကို အဲဒီ အလောင်းကောင်ထဲမှာ ဝင်စေပြီး ပြောစေတယ်လို့ အဋ္ဌကထာမှာ ပြထားပါတယ်။ တချို့ မော်ဆရာတွေတောင် ဒီလို ဟာမျိုး ပြုလုပ်နိုင်သေးတာပဲ၊ မြတ်စွာဘုရား၏ တန်ခိုးတော်အရ ဆိုတော့ ဘာမျှ သံသယဖြစ်စရာ မရှိတော့ပါဘူး။

အဲဒီလို ကောရခတ္တိယအလောင်းက ပြောလိုက်တော့မှ သုနက္ခတ္တ ဟာ သူ့ဆင်ခြေတွေ အကုန်လုံးပျက်ကုန်တာနဲ့ စိတ်ပျက်ပြီး မြတ်စွာ ဘုရားထံ ပြန်လာသတဲ့၊ ဒီတော့ မြတ်စွာဘုရားက "ဘယ့်နယ်လဲ သုနက္ခတ္တ...ငါဟောတာတွေ မှန်ရဲ့ မဟုတ်လား"လို့ မေးတော်မူ ပါတယ်၊ အကုန်လုံး မှန်တဲ့အကြောင်း လျှောက်ထားပါတယ်၊ အဲဒါအကြောင်းပြုပြီး သုနက္ခတ္တမှာ သဒ္ဓါနဲ့ နည်းနည်းတော့ ရင့်ကျက်သွားမှာပါပဲ၊ ဒါပေမယ့် မြတ်စွာဘုရားကို သူက ကောင်း ကောင်းတော့ မကြည်ညိုဘူး၊ ဒါကြောင့် သုနက္ခတ္တဟာ နောက်တစ်ချိန် ကျတော့ သာသနာ တော်ကတောင် လူထွက်ပြီး ဘုရားအကြောင်း မကောင်း သတင်းတောင် လွှင့်နေသေးသတဲ့၊ အဲဒါဟာ အလိုအရှာ-သယက ယုတ်ညံ့လို့ယုတ်ညံ့တဲ့ပုဂ္ဂိုလ်၊ ယုတ်ညံ့တဲ့အယူကိုမှ ယုံကြည် သဘောကျနေလို့ပါပဲ။

http://www.dhammadownload.com

ဒီဝတ္ထုထဲမှာ ကောရခတ္တိယ ကျင့်နေတဲ့အကျင့်ဟာ သီ-လဗွတုပါဒါန်နဲ့ဆိုင်တဲ့ အကျင့်ပါပဲ၊ အတိုချုပ်အားဖြင့်တော့ "နွား, ခွေး စသည်တို့၏ အလေ့အကျင့်မျိုးဖြင့် ချမ်းသာ ကောင်းစား နိုင်သည်"ဟု ယုံကြည်စွဲလမ်းတာဟာ သီလဗွတုပါဒါန်ပါပဲ။ ကဲ ဆိုကြရမယ်။

နွား, ခွေး စသည်တို့၏ အလေ့ အကျင့်မျိုးဖြင့် ချမ်းသာ ကောင်းစား နိုင်သည်ဟု ယုံကြည်စွဲလမ်းတာက သီလဗွတု ပါဒါန်။

သီလဗွတခေါ်တဲ့ အလေ့အကျင့်အမျိုးမျိုး

နွား, ခွေး စသည်တို့၏ အလေ့အကျင့်လို့ဆိုရာမှာ စသည် အရ အလေ့ အကျင့်တွေက အများကြီးရှိနေသေးတယ်၊ မဟာ နိဒ္ဒေသပါဠိတော်မှာ ဟတ္ထိဝတိက-ဆင်အမူအရာ အတုလိုက်ပြီး ကျင့်တဲ့သူတဲ့၊ ဆင်ကို ကိုးကွယ်တဲ့ အကျင့်ရှိတဲ့သူလဲ ဖြစ်သင့်ပါ တယ်၊ အဿဝတိက-မြင်းအမူအရာ အတုလိုက်ပြီးကျင့်တဲ့သူတဲ့၊ မြင်းကို ကိုးကွယ်တဲ့ အကျင့်ရှိသူလဲ ဖြစ်နိုင်ပါတယ်၊ တချို့ အရပ်ဒေသက လူတွေဟာ ဆင်ရုပ် မြင်းရုပ်တွေကို ကိုးကွယ်နေ ကြတာ ရှိပါတယ်၊ ကာကဝတိက-ကျီးအမူအရာ အတုလိုက်ပြီး ကျင့်တဲ့သူတဲ့၊ ဒီနေရာမှာတော့ ကျီးကို ကိုးကွယ်တာက ပိုပြီး သဘာဝကျဖွယ် ရှိပါတယ်၊ ဝါသုဒေဝ ဝတိက-ဝါသုဒေဝမင်း ကို ကိုးကွယ်သူတဲ့၊ ဗလဒေဝ ဝတိက-ဗလဒေဝမင်းကို ကိုးကွယ် သူတဲ့၊ ဒီအကျင့် ၂-ခုကတော့ လူလူချင်းအတုလိုက်ပြီးကျင့်စရာ မလိုပါဘူး၊ မြန်မာပြည်မှာ မင်းကလေးတို့, ၃၇ မင်းတို့ ဘိုးတော်ကြီးတို့ ကိုးကွယ်တာမျိုးပဲ ဖြစ်သင့်ပါတယ်၊ ထူးတာ ကတော့ မြန်မာပြည်က နတ်အမျိုးမျိုး ကိုးကွယ်ကြတာကတော့ နောင်ဘဝအတွက် သံသရာမှ လွတ်မြောက်ရေးအတွက် ရည်ရွယ် ပြီး ကိုးကွယ်ကြတာ မဟုတ်ဘူး၊

http://www.dhammadownload.com

မျက်မှောက်တွင်ပဲ မ, စလိမ့်မယ်၊ စောင့်ရှောက်လိမ့်မယ်လို့ မျှော်လင့်ပြီး၊ ကိုးကွယ်ကြတာသာ ဖြစ်တယ်၊ ရာထူး ဌာနန္တရ ရှိတဲ့ အထက်လူကြီးတွေကို အားကိုးတဲ့သဘောမျိုးပါပဲ။ ဒါကြောင့် သီလဗဟုတ ပါဒါန်ဖြစ် တယ်လို့တော့ မဆိုရပါဘူး၊ ဒါပေမယ့် နတ်ကိုးကွယ်တဲ့ သူတွေက အင်မတန်အစွဲအလမ်းကြီးတယ်၊ အစွဲအလမ်းကြီးတဲ့အတွက် သားငါးတွေကို သတ်ပြီး ပူဇော်ပသတာတွေလဲ ရှိတယ်လို့ ကြားရတယ်၊ အဲဒါတွေကတော့ ဥပါဒါန်သဘော သက်ရောက်နေပါတယ်။

နောက်ပြီးတော့ အဂ္ဂိဝတိက–မီးကို ပူဇော် ကိုးကွယ်တဲ့ သူတဲ့၊ ဒီအကျင့်မှာလဲ မီးကို အတုလိုက်ကျင့်လို့တော့ မဖြစ် ဘူး၊ ဒါကြောင့် မီးကို ပူဇော်ကိုးကွယ်တဲ့အကျင့်ကိုသာ ယူ ရမယ်၊ နောက်ပြီးတော့ နာဂ ဝတ–နဂါးကို ကိုးကွယ်တဲ့ အကျင့်၊ သုပဏ္ဏ ဝတ–ဂဠုန်ကို ကိုးကွယ်တဲ့အကျင့်၊ ယက္ခ ဝတ–ဘီလူးကို ကိုးကွယ်တဲ့အကျင့်၊ ဂန္ဓဗ္ဗဝတ–ဂန္ဓဗ္ဗနတ် ကိုးကွယ် တဲ့အကျင့်၊ မဟာရာဇ ဝတ–စတုမဟာရာဇ် နတ်မင်းကြီးတွေ ကိုးကွယ်တဲ့အကျင့်၊ စန္ဒ ဝတ–လ ကိုးကွယ်တဲ့အကျင့်၊ သူရိယ ဝတ–နေ ကိုးကွယ်တဲ့အကျင့်၊ ဣန္ဒဝတ–သိကြားမင်း ကိုးကွယ်တဲ့ အကျင့်၊ ဗြဟ္မဝတ–ဗြဟ္မာမင်း ကိုးကွယ်တဲ့အကျင့်၊ ယခုကာလ ဖန်ဆင်းတဲ့ ထာဝရဘုရားသခင် ကိုးကွယ်တဲ့ အကျင့်မျိုးပါပဲ၊ ဒေဝ ဝတ–နတ် ကိုးကွယ်တဲ့ အကျင့်၊ နောင်ဘဝ ချမ်းသာ ကောင်းစားအောင်, သံသရာဆင်းရဲမှ လွတ်မြောက်အောင် ကယ်တင်နိုင်တယ်လို့ ယုံကြည်ပြီးကိုးကွယ်လျှင် ဒါလဲ သီလဗဟုတ ပါဒါန် ဖြစ်တာပဲ၊ ဒီသာ ဝတ အရှေ့, အနောက် စသော အရပ်မျက်နှာကို ကိုးကွယ်တဲ့ အကျင့်၊ ဒီနေရာမှာတော့ အဋ္ဌ ကထာက အရပ်မျက်နှာကို ရှိခိုးတဲ့အကျင့်လို့ အထင်အရှား ဖွင့်ပြထားပါတယ်၊ အဲဒီတော့ အတုလိုက်ပြီးကျင့်ဖို့ မဖြစ်သင့်ရာမှာ

http://www.dhammadownload.com

ပူဇော်ကိုးကွယ်တာကို ဝတ လို့ ယူရမယ်၊ အတုလိုက်ပြီးတော့ ကျင့်ဖို့ဖြစ်နိုင်ရာမှာတော့ အတုလိုက်ပြီးကျင့်တာရော, ပူဇော်ကိုးကွယ်တာရော နှစ်မျိုးလုံးကို ဝတ–လို့ ယူရမယ်၊ စောစောပိုင်းက ပြောခဲ့တဲ့ ဂေါ၀တ, ကုက္ကုရ၀တ–ဆိုတာတွေကိုလဲ ဒီနိဒ္ဒေသ ပါဠိတော်မှာ ပြထားပါသေးတယ်၊ အဲဒီမှာလဲ နွားကိုးကွယ်တဲ့ အကျင့်၊ ခွေးကိုးကွယ်တဲ့ အကျင့်တွေကိုလဲ ဝတ–လို့ ယူသင့်တာပါပဲ၊ ဘာကြောင့်လဲဆိုရင် အချို့ လူမျိုးတွေက နွားကိုးကွယ်နေကြတယ်၊ အချို့က ခွေး ကိုးကွယ်နေကြတယ်၊ ဒါကြောင့်ပါပဲ။

သီလဗွတုပါဒါန်၌ အတိုချုပ် မှတ်ရန်

အဲဒါကြောင့် သီလဗွတ–ဆိုတာ နွား, ခွေး စသည်တို့၏ အလေ့အကျင့်ရော၊ အဲဒီ နွား, ခွေး စသည်ကို ကိုးကွယ်တဲ့ အကျင့်ရော အဲဒါတွေကို ခေါ်တယ်လို့ မှတ်ရမယ်၊ အတိုချုပ် အားဖြင့် ဆိုရင်တော့ သစ္စာ ၄–ပါးကို မြင်အောင်ကျင့်ရတာလဲ မဟုတ်ပါပဲ, မဂ္ဂင် ရှစ်ပါးလဲ မပါပဲ ကျင့်ရတဲ့ အလေ့ အကျင့် ဟူသမျှကို သီလဗွတခေါ်တယ်၊ အဲဒီအကျင့်မျိုးကို သံသရာမှ လွတ်မြောက်ကြောင်း ဆင်းရဲမှ လွတ်မြောက်ကြောင်း အကျင့် ကောင်း အနေနဲ့ ယုံကြည် စွဲလမ်းတာကို သီလဗွတုပါဒါန် ခေါ်တယ်လို့ မှတ်ရမယ်၊ ကဲ...ဆိုကြရမယ်–

သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်တာ၊ မှတ်ပါသီလဗွတ။

ဗုဒ္ဓသာသနာတော်မှ အပြင်ဘက်မှာ ဆင်းရဲမှလွတ်မြောက်ကြောင်းအနေနဲ့ ယုံကြည်ယူဆပြီး ကျင့်နေကြတာ တွေဟာ အများအားဖြင့် သီလဗွတခေါ်တဲ့ အကျင့်ပဲ များပါတယ်၊ တချို့က ဂင်္ဂါမြစ်ရေချိုးရုံနဲ့ အပြစ်စင်ကြယ်တယ်လို့ ယူဆကြတယ်၊ တချို့ကလဲ

http://www.dhammadownload.com

ကောင်းကင်ဘုံက ထာဝရ ဘုရားသခင်ကို ယုံကြည် ကိုးကွယ်ဂုဏ်ပြု အပြစ်မှ စင်ကြယ်တယ်၊ သေတဲ့အခါ ကောင်းကင်ဘုံ ရောက်တယ်လို့ ယူဆကြတယ်၊ တချို့ကလဲ နွား, ဆိတ် စသည်ကိုသတ်ပြီး ပူဇော်ရုံနဲ့ အပြစ်ကင်းတယ်လို့ ယူဆကြတယ်၊ **အဲဒီလို** အကျင့်တွေထဲမှာ သစ္စာ ၄-ပါးကို မြင် အောင် ကျင့်ရတာ**လဲ** မပါဘူး၊ မဂ္ဂင်ရှစ်ပါးဆိုတဲ့ သီလ, သမာဓိ, ပညာကို ပွားစေရတာ**လဲ** မပါဘူး၊ ဒါကြောင့် **အဲဒီ**လိုအလေ့ အကျင့်မျိုးကို သံသရာမှ လွတ်မြောက်ကြောင်း, နတ်ပြည် နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကောင်း အနေနဲ့ ယူဆစွဲလမ်းရင် **အဲ**ဒါဟာ သီလဗွတုပါဒါန်ပဲ။

သောတာပန်မှာ သီလဗွတုပါဒါန်ကင်းပုံ

ဒွါရ ၆-ပါးက ဖြစ်တိုင်းသော ရုပ်နာမ် တရားတွေကို ရှုမှတ်လို့ အောက်ထစ်ဆုံးအားဖြင့် သောတာပန် အရိယာဖြစ်နေတဲ့ ပုဂ္ဂိုလ်မှာတော့ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာအကျင့် လမ်းမှန်ကို သိပြီး ဖြစ်နေတယ်၊ ဒါကြောင့် အရိယာပုဂ္ဂိုလ် များဟာ ဒီ သီလဗွတခေါ်တဲ့ အလေ့အကျင့်မျိုးကို အကျင့် ကောင်းအနေနဲ့ ယုံကြည်ခြင်း, ယူဆခြင်းမရှိတော့ဘူး၊ အဲဒါကို ရည်ပြီးတော့ ဘုန်းကြီးက ဥဒ္ဒေါ်စဉ် တရားထဲမှာ သောတာပန် က သီလဗွတပရာမာသ သံယောဇဉ်ကိုပယ်တဲ့အကြောင်း ဒီလို ဆောင်ပုဒ် စီထားပါတယ်။

သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေကျင့်ကာဖြင့်၊ ချမ်းသာမြဲမည်၊ မယုံကြည်၊ ကုန်ပြီ သီလဗွတာ တဲ့။

ဆိုလိုတာကတော့ သစ္စာ ၄-ပါးကို ရှုရခြင်း သိမြင်ရခြင်း လဲ မရှိပါဘဲ, မှတ်သိမှု-သမ္မာဒိट्ठि အစရှိသော မဂ္ဂင် ရှစ်ပါး တရားတွေကိုလဲ

http://www.dhammadownload.com

ပွားများစေခြင်း မရှိပါပဲ တစ်စုံတစ်ခုသော အလေ့အကျင့်ကို လေ့ကျင့်ရုံမျှဖြင့် ဆင်းရဲကင်းပြီး အမြဲတမ်း ချမ်းသာသွားမယ်၊ အမြဲတမ်းချမ်းသာရာ ရောက်သွားမယ်လို့ ဒီလို ယုံကြည်ယူဆတဲ့ အယူအစွဲဟာ သောတာပန်မှာ လုံးဝ ကင်းသွားပြီ, ကုန်သွားပြီလို့ ဆိုလိုပါတယ်၊ အဲဒါ ဘာကြောင့် လဲဆိုရင် အကျင့်လမ်းမှန်ကို သိပြီးဖြစ်နေလို့ပါပဲ၊ ဒွါရ ၆–ပါး က ဖြစ်ခိုက်ရုပ်နာမ်တရားတွေကို ရှုမှ အမှန်အတိုင်း သိမြင်တဲ့ သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါး တရားတွေဖြစ်တယ်၊ ခဏမစဲ ဖြစ်ပျက်နေလို့ ဆင်းရဲမျှဖြစ်တဲ့ ဒုက္ခသစ္စာ အစရှိတဲ့ သစ္စာ ၄–ပါးကို သိမြင်တယ်၊ ဒီလိုသိမြင်မှ ဆင်းရဲချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက် တွေ့နိုင်တယ် ဆိုတာကို သောတာပန် ပုဂ္ဂိုလ်က သူကိုယ်တိုင် တွေ့ပြီး, သိပြီး ဖြစ်နေပါတယ်၊ ဒီလိုလမ်းမှန်ကို သိပြီးဖြစ်နေတဲ့အတွက်ကြောင့် အဲဒီ အလေ့အကျင့်မျှ ဆိုတဲ့ လမ်းမှားတွေကို ယုံကြည်ခြင်း, လက်ခံခြင်း မရှိတာပါပဲ။

ဥပမာ–ဒီ သာသနာ့ရိပ်သာမှ ရွှေတိဂုံစေတီတော်ကို သွားဖူးမယ် ဆိုရင် ကုက္ကိုင်း လမ်းမကြီးအတိုင်း တောင်ဘက်ကို လျှောက်သွားရတယ်၊ ကန်တော်ကြီးစောင်းရောက်တော့ စေတီတော်ဆီ တည့်တည့်သွားတဲ့လမ်းကို လိုက်သွားရင် အရှေ့ မုခ်ဝ ကိုရောက်တယ်၊ အဲဒီက တက်သွားတော့ စေတီရင်ပြင်ပေါ် ရောက်တယ်၊ အဲဒီလို မှတ်မှတ်သားသားနဲ့ တစ်ခါတစ်ခေါက် ရောက်ဖူးတယ်ဆိုရင် စေတီတော်ကို သွားတဲ့လမ်းစဉ်ကို သိတော့တာပဲ၊ အဲဒီလို သိနေတဲ့လူဟာ ကုက္ကိုင်းလမ်းက မြောက်ဘက် လျှောက်သွားရတယ်လို့ တစ်စုံတစ်ယောက်ကပြောရင်လက်မခံတော့ဘူး၊ မယုံတော့ဘူး၊ ဘာကြောင့်လဲ သူကိုယ်တိုင် သွားပြီး ဖြစ်၍ လမ်းမှန်ကို သိပြီး ဖြစ်သောကြောင့်ပါပဲ၊ အဲဒါလိုပါပဲ၊ သောတာပန် နိဗ္ဗာန်ရောက်ကြောင်း လမ်းမှန်ကို သိပြီးဖြစ်နေ

http://www.dhammadownload.com

ပါတယ်၊ ဒါကြောင့် နွား, ခွေး စသည်တို့၏အကျင့်၊ နွား, ခွေး စသည်ကို ကိုးကွယ်တဲ့အကျင့်၊ အရှင်ကြီး, နတ်, သိကြား, ဗြဟ္မာ ထာဝရဘုရားဆိုတာတွေကို ယုံကြည်ကိုးကွယ်တဲ့အကျင့် ရေစိမ်တဲ့အကျင့်၊ နေလုန်းတဲ့အကျင့်၊ ကိုယ်ပင်ပန်းအောင်လုပ်တဲ့ အကျင့် အစရှိတဲ့ ဒီလိုအလေ့ အကျင့်မျိုးတွေကိုအကျင့်ကောင်း အနေနဲ့ ယုံကြည်ခြင်း ယူဆခြင်းမရှိဘဲ ကင်းနေတာပါပဲ။

ပုထုဇဉ်မှာ ဆရာများသည်

တရားလမ်းမှန်ကို မသိသေးတဲ့ ပုထုဇဉ်တွေ မှာတော့ အဲဒီ အလေ့ အကျင့် မှားတွေကို အလေ့ အကျင့်ကောင်း အနေနဲ့ ယုံကြည်ယူဆမှုက လုံးဝ မကင်းသေးဘူး၊ မိစ္ဆာအယူရှိနေတဲ့ မိဘတို့ ဆရာတို့, အပေါင်းအဖော်တို့ ဒီလိုပုဂ္ဂိုလ်တွေကို အမှီ ပြုပြီးတော့လဲ အဲဒီ သီလဗွတ အယူအစွဲမျိုးကို သဘောကျ လက်ခံတတ်တယ်၊အဲဒီ အယူဝါဒဆိုင်ရာ ကျမ်းစာကို ကြည့်မိ လို့လဲ သဘောကျလက်ခံတတ်တယ်၊ စဉ်းစားကြည့်ပါ၊ အဲဒီလို မိစ္ဆာအယူရှိတဲ့ မိဘတွေရဲ့ သားသမီးဖြစ်ရင် အဲဒီလို ဆရာတွေရဲ့ တပည့်ဖြစ်ရင်, အဲဒီလို မိတ်ဆွေတွေရဲ့ အပေါင်းအဖော်ဖြစ်ရင် အဲဒီ မိစ္ဆာအယူကို သဘောကျဖို့, လက်ခံဖို့ရာ အင်မတန် နီးစပ် နေပါတယ်၊ ကိုယ့်မှာ ဘာမှု သုတအခံမရှိဘဲနဲ့ အဲဒီလို ကျမ်း စာကိုလေ့လာမိရင်လဲ အဲဒီလို မိစ္ဆာအယူကိုသဘောကျဖို့, လက် ခံဖို့ နီးစပ်နေပါတယ်၊ ဘာကြောင့်လဲဆိုရင် ပုထုဇဉ်ဟာ နိဗ္ဗာန် ရောက်ကြောင်းအကျင့်လမ်းမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မသိသေးတဲ့ အတွက် ဟိုဆရာက ဟုတ်နိုးနိုး ဒီဆရာကဟုတ်နိုးနိုး၊ ဟိုအကျင့် ဟုတ်နိုးနိုး ဒီအကျင့်က ဟုတ်နိုးနိုးနဲ့ ဆရာတွေ များနေတယ်၊

http://www.dhammadownload.com

ဒီလိုဆရာတွေ များနေလိုပဲ ပုထုဇန–ပုထုဇဉ်လို့ ခေါ်ရတာ၊ အဲဒီတော့ ပုထုဇဉ်အဖြစ်နဲ့ သံသရာမှာ ကျင်လည်နေရရင် ဘဝတိုင်းဘဝတိုင်းမှာ ဆရာအမျိုးမျိုး အကျင့်အမျိုးမျိုးနဲ့ တွေ့နေရမယ်၊ ဆရာမှား အကျင့်မှားတွေနဲ့ တွေ့ရရင် "ပေါ့စေလိုလို့ ဆေးထိုး ဆေး အတွက်လေး" ဆိုတာလို ချမ်းသာချင်လို့ ကျင့်လိုက်မှ အကျင့် မှားအတွက် ဒုက္ခတွေ အများကြီး ရောက်သွားနိုင်တယ်၊ ကျွဲ, နွား, ဆိတ်,ဝက် စသည်ကို သတ်ပြီး ပူဇော်တဲ့အကျင့်ဖြင့် နတ်ရွာ နိဗ္ဗာန်ရောက်နိုင်တယ်လို့ ယုံကြည်ပြီး အဲဒီအကျင့်ကိုကျင့်မိရင် အပါယ်ငရဲရောက်ဖို့ရာ သေချာနေတာပဲ၊ အင်မတန် ကြောက်စရာ ကောင်းပါတယ်။ အဝတ်မဝတ် ဘဲ မစားမသောက်ဘဲ ဣရိယာပုတ် မမျှစေဘဲ ကိုယ်ပင်ပန်းအောင် ကျင့်ခြင်းဖြင့် ဆင်းရဲမှု လွတ်မြောက် တယ်လို့ ယုံကြည်ပြီး ကျင့်ရင်လဲ ဆင်းရဲပင်ပန်းရုံမျှ ရှိမှာပဲ။

လမ်းဆုံးထင်လျှင် စျာန်လဲ သီလဗွတမည်တာပဲ

တချို့က ရူပစျာန်မျှနဲ့ ဆင်းရဲမှု လုံးဝ လွတ်မြောက်တယ် လို့ ယူဆကြတယ်၊ တချို့ကလဲ အရူပစျာန်မျှနဲ့ ဆင်းရဲမှု လုံးဝလွတ်မြောက်တယ်လို့ ယူဆကြတယ်၊ ဒါတွေလဲ သီလဗွတ **အယူ**အစွဲတွေပါပဲ၊ အချုပ်အားဖြင့်တော့ သစ္စာ ၄–ပါးကို သိမြင်နိုင်တဲ့ မဂ္ဂင်အကျင့်မဟုတ်တဲ့ အလေ့အကျင့် ဟူသမျှကို အမြဲတမ်း ချမ်းသာရာသို့ ရောက်ကြောင်း အကျင့်ကောင်း အဖြစ်နဲ့ ယူဆစွဲလမ်းတာဟူသမျှ သီလဗွတုပါဒါန်ချည်းပဲ၊ ဒါကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ (၂–၃၃၃)မှာ...

သုဒ္ဓိမဂ္ဂ,ပရာမသန,ဝသေန, ပဝတ္တိတံ ယံ ကိဉ္စိ လောကိယံ
သီလံ စျာနဉ္စ သီလဗွတမိစ္ဆေဝ ဣဓ ဓိမ္မေတံ...

လို့ မိန့်ဆိုထားပါတယ်။

http://www.dhammadownload.com

သုဒ္ဓိမဂ္ဂပရာမသနဝသေန၊ သံသရာ ဝဋ်ဆင်းရဲမှ စင်ကြယ်ကြောင်း=လွတ်မြောက်ကြောင်း အကျင့် လမ်းကောင်းဟု သုံး သပ်မှတ်ယူသည်၏ အလိုအားဖြင့်။ ပဝတ္တိတံ၊ ဖြစ်စေအပ် ကျင့်သုံးအပ်သော။ ယံကိဉ္စိ၊ အမှတ်မရှိ တစ်စုံတစ်ခုသော။ လောကိယံ သိလံ စ၊ လောကီသီလဟူသမျှကို လည်းကောင်း။ လောကိယံစျာနဉ္စ၊ လောကီစျာန်ဟူသမျှကို လည်းကောင်း။ သီလဗွတမိစ္စေဝ၊ အလေ့အကျင့် ဟူ၍သာလျှင်။ ဣဒ၊ တဏှာကြောင့် ဥပါဒါန်ဖြစ်သည်, ဥပါဒါန်ကြောင့် ဘဝ ဖြစ်သည် ဟူသော ဤအရာ၌။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ ဝါ၊ ဆိုလိုအပ်၏–တဲ့။

ဒီ ဋီကာ စကားဖြင့် အလေ့အကျင့်ကောင်းဖြစ်တဲ့ လောကီသီလ လောကီစျာန်တွေလဲ ဝိပဿနာမဂ် အရိယာမဂ် မပါပဲ အဲဒီသီလမျှ အဲဒီစျာန်မျှဖြင့်ပင် သံသရာမှ လွတ်မြောက်တယ် လို့ ယူဆစွဲလမ်းရင် သီလဗွတုပါဒါန်မည်ကြောင်း ထင်ရှား နေပါတယ်၊ ဒါကြောင့် အာဠာရ ရသေ့, ဥဒကရသေ့တို့မှာ သူတို့ရထားတဲ့ အရူပစျာန်ဖြင့် အရူပဘုံရောက်ပြီး မအို,မသေတော့ဘဲ အမြဲတမ်းချမ်းသာသွားမယ်၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်မယ်လို့ ယုံကြည်စွဲလမ်းတာလဲ ဒီ သီလဗွတုပါဒါန်ထဲမှာ အတွင်းဝင်တယ်လို့ မှတ်ရမယ်၊ အဲဒီ ရသေ့၂–ပါးထဲက ဥဒကရသေ့၏ ယုံကြည်စွဲလမ်းပုံကို သံယုတ်ပါဠိ (၂–၃၀၄) ဥဒကသုတ်မှာ ဒီလို ပြထားပါတယ်။

ဥဒက ရသေ့၏စွဲလမ်းပုံ

ဘိက္ခဝေ၊ ရဟန်းတို့။ ရာမပုတ္တော၊ ရာမဆရာကြီး၏သား ဖြစ်သော။ ဥဒကော၊ ဥဒကရသေ့သည်။ ဧဝံဝါစံ၊ ဤသို့သော စကားကို။ ဘာသတိ၊ ပြောဆို၏။ ဣဒံ၊ ဤဟာကို မှတ်ကြ။

http://www.dhammadownload.com

အဟံ၊ ငါသည်။ ဇာတု၊ စင်စစ်။ ဝေဒရู၊ ဉာဏ်ဖြင့်ရောက်၏။ သဗ္ဗဇီ၊ ဝင့်ဆင်းရဲအလုံးစုံကို အောင်ပြီ။ အပလိဓတံ ဂဏ္ဍာမူလံ၊ မတူးဖြို့ မဖျက်ဆီးဖူးသေးသော ဆင်းရဲ၏ အရင်းအမြစ်ကို။ ပလိ ခဏိ၊ တူးဖြိုဖျက်ဆီးပြီးပြီ။ ဣတိ၊ ဤသို့ ဆိုဖ၊–စသည်ဖြင့် ပြထားပါတယ်။

အဲဒီမှာ "သဗ္ဗဇီ–ဝင့်ဆင်းရဲ အလုံးစုံကို အောင်ပြီ"ဆိုတဲ့ စကားဖြင့် သူရထားတဲ့ နေဝသညာနာသညာယတန ဈာန်မျှ နဲ့ပင် ကိစ္စပြီးပြီ၊ ဆင်းရဲမှ လွတ်မြောက်ပြီလို့ ဆိုတာပဲ၊ ဒါ ကြောင့် သီလဗ္ဗတုပါဒါန် အစွဲရှိနေကြောင်း ထင်ရှားပါတယ်၊ အဲဒီ ဥဒကရသေ့၏ စွဲလမ်းပုံကို ထောက်ဆသောအားဖြင့် အာဠာရ ရသေ့မှာလဲ နည်းတူပဲ စွဲလမ်းမှုရှိတယ်ဆိုတာ သိနိုင်ပါတယ်။

ဒါကြောင့် အဲဒီ အာဠာရ, ဥဒက တို့မှာ အဲဒီ ဥပါဒါန် ကြောင့် အာကိဉ္စညာယတန ကုသိုလ်က်, နေဝသညာနာသညာ ယတန ကုသိုလ်က် ဆိုတဲ့ ကမ္မဘဝ ဖြစ်နေတယ်၊ အဲဒီကမ္မဘဝ ကြောင့် အာကိဉ္စညာ, နေဝသညာ ဆိုတဲ့ အရူပ ဘုံတွေမှာ ဘဝ အသစ် ဖြစ်မှု–ဇာတိ ပေါ်ရတယ်၊ အဲဒါဟာ ဘဝမှ လွတ်မြောက်ရန် အားထုတ်လျက် ဘဝထဲ ပြန်ကျနေတာပါပဲ၊ ဒါကြောင့် မြတ်စွာဘုရားက ဗကဗြဟ္မာကို ဆုံးမတဲ့အခါ–

ဘဝေါဟံ ဘယံ ဒိသွာ ဘဝဉ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိ' ကဏ္ဍိ၊ နန္ဒိဉ္စ နဲ ဥပါဒိယိ'...

လို့ မိန့်တော်မူပါတယ်။

ဘဝေ၊ ကာမ, ရူပ, အရူပ–ဟူသော သုံးပါးသော ဘဝ၌။ ဘယံ၊ ဖြစ်ခြင်း, အိုခြင်း, သေခြင်း အစရှိသော ကြောက်ဖွယ် ဘေးကို။ ဒိသွာဇ၊ မြင်သောကြောင့်သာလျှင်။ ဝိဘဝေသိနံ၊

http://www.dhammadownload.com

ဘဝကောင်းရာ နိဗ္ဗာန်ကို ရှာမှီးသော ပုဂ္ဂိုလ်တို့၏။ ဘဝဌ၊ ဘဝဌ္ဌသာလျှင်။ ဖြစ်နေရခြင်းကိုလည်း။ ဒီသွာဇဝ၊ မြင်သော ကြောင့်သာလျှင်။ ကဋ္ဌ ဘဝ၊ တစ်စုံတစ်ခုသော ဘဝကိုမျှ။ အဟံဝါသည်။ နာဘိဝဒီ၊ မချီးမွမ်းသတည်း။ နန္ဒိဌ၊ ဘဝဌ္ဌ နှစ်သက်ပျော်ကာ တွယ်တာသော တဏှာကိုလည်း။ နေ ဥပါ-ဒိယိ၊ ဆုပ်ကိုင်မထားဘဲ စွန့်လွှတ်ခဲ့ပေသတည်း-တဲ့။

အဲဒီ မိန့်ခွန်းတော်ထဲမှာ ဘဝကင်းရာကို ရှာတဲ့ ပုဂ္ဂိုလ်တွေ ဘဝထဲ ပြန်ဖြစ်နေတယ်ဆိုတာဟာ အာဠာရ, ဥဒကတို့လို ပုဂ္ဂိုလ်တွေကိုဆိုလိုတာပါပဲ။ မြတ်စွာဘုရား၏ တရားလမ်းမှန်ကို မသိရတဲ့ပုဂ္ဂိုလ်တွေဟာ ဒီလိုချည်းပါပဲ၊ အမြဲတမ်း ချမ်းသာရာ ရောက်ဖို့ ရှာကြံကျင့်သုံးနေကြပေမယ့် အကျင့် လမ်းတွေက သီလဗွတ မျိုးမျှသာဖြစ်ပြီး လွဲမှားနေတဲ့အတွက် ဆင်းရဲမကင်းတဲ့ ဘဝထဲ မှာပဲ ဖြစ်နေကြရပါတယ်။ ဒါကြောင့် ယခုလို မြတ်စွာဘုရား၏ အကျင့်လမ်းမှန်ရနေတဲ့အခါ အဲဒီလမ်းမှန်ကို ကိုယ်ပိုင် ရသွားအောင် အားထုတ်ကြဖို့ အထူးလိုနေပါတယ်။ ယခုလို အခါကောင်းထဲမှာမှ အားမထုတ်ပဲနေရင်တော့ သစ္စာ ၄-ပါး သိမြင်တဲ့ မဂ္ဂင်မပါသော အကျင့်တွေကိုလဲ အကျင့် ကောင်းလို့ ထင်မှတ်စွဲလမ်းတဲ့ ဒီ သီလဗွတုပါဒါန်နဲ့ တွေ့တွေ့ နေဦးမှာပဲ။ ကဲ-ဆိုကြရမယ်။

> သစ္စာမမြင် မဂ္ဂင်မပါသော အလေ့အကျင့် တစ်စုံ တစ်ခုကို သံသရာမှ လွတ်မြောက်ကြောင်းအကျင့်ကောင်း ဟု ထင်မှတ်စွဲလမ်းတာက သီလဗွတုပါဒါန်။

(၄) အတ္တဝါဒုပါဒါန်

သီလဗွတုပါဒါန် ကတော့ နားလည်လောက်ပါပြီ၊ ယခု အတ္တဝါဒုပါဒါန်ကို ပြောရမယ်၊ အတ္တဝါဒဆိုတာ အသက်ရှင်

http://www.dhammadownload.com

နေတဲ့အကောင် တကယ်ရှိနေတဲ့ အနေအားဖြင့် ယူဆပြီး ပြော ဆိုတာကို ခေါ်ပါတယ်၊ အတ္တဒိဋ္ဌိပါပဲ၊သက္ကာယဒိဋ္ဌိလို့လဲ ခေါ် ပါတယ်။ အဲဒီလို အတ္တကောင်, အသက်ကောင် တကယ်ရှိနေ တဲ့ အနေအားဖြင့် ယုံကြည်စွဲလမ်းတာကို အတ္တဝါဒုပါဒါန် လို ခေါ်ပါတယ်၊ ဒီ ဥပါဒါန်က မိမိကိုယ်ကိုလဲ အသက်ရှင် နေတဲ့ အတ္တကောင်လို့ ထင်မှတ်စွဲလမ်းတယ်၊ သူတစ်ပါးတွေ ကိုလဲ အသက်ရှင်နေတဲ့ အတ္တကောင်တွေလို့ ထင်မှတ် စွဲလမ်းတယ်၊ ကဲ–ဆိုကြရမယ်။

> မိမိကိုရော, သူတစ်းပါကိုရော အသက်ရှင်နေတဲ့ အတ္တကောင် တကယ်ဟုတ်သည်ဟု ထင်မှတ် စွဲလမ်း တာက အတ္တဝါဒုပါဒါန်။

ဒီ အတ္တစွဲက သာမန်အစွဲလဲ ရှိတယ်၊ သေသေချာချာ ခိုင်ခိုင် မြဲမြဲ စွဲလမ်းတာလဲရှိတယ်၊ သာမန်အစွဲကတော့ မဂ္ဂန္တ ရာယ်ဖြစ် လောက်အောင် အရေးမကြီးလှပါဘူး၊ ဘယ်လိုဟာလဲဆိုရင် ဗုဒ္ဓ သာသနာဝင်တွေထဲမှာ သုတနည်းတဲ့ သာမန်ပုဂ္ဂိုလ်တွေ စွဲလမ်းတာမျိုး ပါပဲ၊ ဒါပေမယ့် ဗုဒ္ဓသာသနာဝင်တွေမှာ မြတ်စွာဘုရား ဟောထားတဲ့ အတိုင်း ရုပ်နာမ် ၂–ပါးမျှသာ ရှိတယ်၊ရုပ်နာမ်အစုအဝေးမျှပဲ၊ အမြဲတမ်း အသက်ရှင်နေတဲ့ အတ္တကောင်, အသက်ကောင်ရယ်လိုတော့ မရှိဘူးဆိုတာကို ယုံကြည်လက်ခံထားတဲ့အတွက် ဒီအတ္တစွဲဟာ သိပ်မခိုင်ခဲ့ပါဘူး၊ သုတမျှားတဲ့ ပုဂ္ဂိုလ်တွေမှာဆိုရင် သာပြီး အားနည်းပါ သေးတယ်။ ဘယ်လိုသုတမျှားရမလဲ ဆိုရင် မြင်တယ်ဆိုတာ မျက်စိနဲ့အဆင်းက ရုပ်၊ မြင်တာ သိတာကနာမ်၊ ဒီ ရုပ်နာမ် ၂– ပါးမျှသာ ရှိတယ်၊ မြင်တတ် သိတတ်တဲ့ အကောင်ရယ်လို့ တော့ မရှိဘူးလို့ ဒီလိုလဲ ကြားနာ မှတ်သားထားတဲ့ သုတ ရှိရမယ်၊ ထို့ အတူ ကြားတယ်ဆိုတာ နားနဲ့ အသံက ရုပ်၊ ကြားတာ သိတာက

http://www.dhammadownload.com

နာမ်၊ ဒီရူပ် နာမ် ၂-ပါးမျှသာ ရှိတယ်၊ နံတယ်ဆိုတာ နှာခေါင်းနဲ့အနံ့က ရူပ်၊ နံတာသိတာက နာမ်၊ ဒီ ရူပ်နာမ် ၂-ပါး မျှသာရှိတယ်၊ စားသိတယ် ဆိုတာ လျှာနဲ့ အရသာကရူပ်၊ အရသာ သိတာက နာမ်၊ ဒီရူပ်နာမ် ၂-ပါး မျှသာရှိတယ်၊ ထိသိတယ်ဆိုတာ ကိုယ်နဲ့အတွေ့က ရူပ်၊ ထိသိတာက နာမ်၊ ဒီရူပ်နာမ် ၂-ပါးမျှသာ ရှိတယ်၊ ကြံသိတယ်ဆိုတာ ကြံသိရာဌာန နှလုံးက ရူပ်၊ ကြံသိတာက နာမ်၊ ဒီရူပ်နာမ် ၂-ပါးမျှသာရှိတယ်၊ ကြံသိတတ်တဲ့ အကောင်ရယ် လို့တော့ မရှိဘူးလို့ ဒီလိုလဲ ကြားနာမှတ်သားထားတဲ့ သုတရှိရမယ်၊ ဒါလောက်ကြားဖူးတဲ့ သုတရှိရင်ကို ဒီအတ္တစွဲဟာ အတော်အားနည်း နေပါပြီ။

ဒါပေမယ့် အတ္တဒိဋ္ဌိဆိုတာ ကင်းခဲပါတယ်၊ ကင်းခဲတဲ့ အကြောင်းကို ဒုတိယပိုင်းတုန်းကလဲ ပြောခဲ့ပါပြီ၊ ဝိပဿနာ ရှုနေတဲ့ ပုဂ္ဂိုလ်မှာတောင် ရံဖန်ရံခါ ဝင်နိုင်သေးတာပဲ၊ အရိယမဂ်ကို မရောက်သေးရင် ဒီအတ္တစွဲက ဖြစ်နိုင်တဲ့ သဘော ရှိနေတာပါပဲ၊ သာမန် ပုဂ္ဂိုလ်တွေမှာတော့ မြင်တိုင်း, ကြား တိုင်, တွေ့တိုင်း, သိတိုင်း ငါအနေနဲ့ ဒီအတ္တစွဲက ဖြစ်နေတတ် တာပဲ။

အတ္တစွဲအမျိုးမျိုး

ဗုဒ္ဓသာသနာအပြင်က ပုဂ္ဂိုလ်တွေမှာတော့ ဒီ အတ္တစွဲက သေသေချာချာ ခိုင်ခိုင်မြဲမြဲကို စွဲလမ်းနေပါတယ်၊ တချို့က ရူပ်ကို အတ္တလို့ စွဲလမ်းတယ်၊ ကွေးခြင်း, ဆန့်ခြင်း,လှုပ်ရှားခြင်း စသော ကိုယ်အမူအရာတွေ ပြုလုပ်နေတဲ့ ကိုယ်ကောင်ကြီးကို စွဲလမ်းတဲ့ သဘောပါပဲ၊ တချို့က ဝေဒနာကို စွဲလမ်းတယ်၊ အကောင်းအဆိုးတွေ ခံစားနေတာကို ငါကောင်, သတ္တဝါ ကောင်, အသက်ကောင်

http://www.dhammadownload.com

အနေနဲ့ စွဲလမ်းတာပါပဲ၊ တချို့က သညာကို စွဲလမ်းတယ်၊ ငယ်ရွယ်စဉ်မှစပြီး ယခုထက်ထိ အစစ အရာရာကို မှတ်မိနေတာဟာ ငါကောင်, သတ္တဝါကောင်, အသက်ကောင်ပဲလို့ စွဲလမ်းတာပါပဲ၊ တချို့က ပြုလုပ်မှုကို စွဲလမ်းတယ်၊ စိတ်နဲ့ ကြံစည်အားထုတ်ပြုလုပ်နေတာ, နှုတ်နဲ့ ပြောဆိုနေတာ, ကိုယ်နဲ့ပြုလုပ်နေတာ, သွားမှု စသည်ကိုပြုလုပ် နေတာ ဒီလိုအားထုတ်ပြုလုပ်နေတာကို ငါကောင် သတ္တဝါ ကောင် အနေနဲ့ စွဲလမ်းတာပါပဲ၊ ဒီပြုလုပ်မှုကတော့ အရာလဲ အလွန်ကျယ်ပါတယ်၊ ပြဋ္ဌာန်းလဲ ပြဋ္ဌာန်းပါတယ်၊ နှစ်သက်တာ, မနှစ်သက်တာ, ချစ်တာ, မုန်းတာ, ကြောက်တာ, လန့်တာ, ကြည်ညိုတာ, သနားတာ စသည်ဖြင့် စိတ်အမှုရာတွေ အမျိုးမျိုးဟာ စိတ်နဲ့ပြုလုပ်မှုတွေပဲ၊ ကျမ်းဂန်ဝေါဟာရအားဖြင့်ဆို ရင်သခ်ါရကွန်ဟာတွေပေါ့၊ ကိုယ်အမှုအရာ, နှုတ်အမှုအရာ, စိတ်အမှုအရာတွေ ဟူသမျှဟာ ဒီ သခ်ါရကွန်ဟာနဲ့ချည်း လုပ်ရတာပဲ၊ ဒါကြောင့် အလွန်လဲ ပြဋ္ဌာန်းပါတယ်၊ တချို့က စိတ်ဝိညာဏ် ကို စွဲလမ်းတယ်၊ မြင်တာ, ကြားတာ,အာရုံသိတာ, ကြံသိတာကို ငါကောင်,သတ္တဝါကောင်,အသက်ကောင်အနေနဲ့ စွဲလမ်းတာ ပါပဲ၊ အဲဒါကို တချို့က ဝိညာဉ်ကောင်လို့တောင် ခေါ်ကြ ပါသေးတယ်၊ တချို့က အဲဒီ ရုပ်, ဝေဒနာ, သညာ,သခ်ါရ, ဝိညာဏ်ဆိုတဲ့ ငါးမျိုးလုံးကို အတ္တကောင်, ငါကောင်, သတ္တဝါ ကောင်လို့ စွဲလမ်းတယ်၊ တချို့ကတော့ အတ္တဟာ ခန္ဓာငါးပါး မဟုတ်ဘူး၊ ခန္ဓာနှင့်အတ္တ တခြားစီလို့လဲ ဆိုကြတယ်၊ ဒါပေ မယ့် သူတို့ရဲ့ စွဲလမ်းချက်ဟာလဲ ခန္ဓာငါးပါးအပေါ်ပဲ ရောက် နေပါတယ်၊ ဘာကြောင့်လဲဆိုတော့ ခန္ဓာငါးပါးလုံး မရှိရင် အဲဒီအတ္တမှာ ရုပ်အထည်ဒြဗ်လဲ မရှိဘူး၊ အကောင်းအဆိုးလဲ မခံစားတတ်ဘူး၊ ဘာကိုမျှလဲ မမှတ်တတ်ဘူး၊ ဘယ်လိုအမှုကို မျှလဲ မပြုလုပ်တတ်ဘူး၊

http://www.dhammadownload.com

ဘာကိုမျှလဲ မသိတတ်ဘူးလို့ ဆိုရလိမ့် မယ်၊ အဲဒီလိုဆိုတော့ ဒီအတ္တဟာ ဘာမျှ အသုံးမကျပေဘူး၊ ဘယ်လိုဟာပဲလို့လဲ ပြောပြလို့ မဖြစ်ပေဘူး။

သာမီအတ္တစွဲ

အမှန်ကတော့ အတ္တဝါဒရှိတဲ့ ခေါင်းဆောင်ဆရာကြီးတွေ က အတ္တဆိုတာ "သာမီ=ခန္ဓာအိမ်ကို အစိုးရတဲ့ ပိုင်ရှင်ပဲ"လို့ လဲ ဆိုကြတယ်၊ ကိုယ်သွားချင်သွား, ကိုယ်စားချင်းစား, ကိုယ် လုပ်ချင်လုပ်, ကိုယ်ကြည့်ချင်ကြည့် စသည်ဖြင့် ကိုယ်အလိုရှိတိုင်း အစိုးရတယ်လို့ ဆိုလိုပါတယ်။ အဲဒီလို အတ္တစွဲကို ရည်ပြီးတော့ မြတ်စွာဘုရားက အတ္တဝါဒရှိတဲ့ သစ္စကပရိဗိုဒ်ကြီးကို ဒီလိုမေး တော်မူပါတယ်–

"သစ္စက...သင်က ရုပ်ကို သင်၏ အတ္တလို့ ဆိုတယ်၊အတ္တ ဟုတ်လို့ရှိလျှင် ကိုယ့်ကိုယ်ကိုယ် အစိုးရရမယ်၊ သင်၏ရုပ်ကိုယ် ကြီးကို အကောင်းချည်း ဖြစ်ပါစေ၊ မကောင်းတာတွေ မဖြစ် ပါစေနဲ့ စသည်ဖြင့် အစိုးရပါရဲ့လား၊ ရုပ်ကိုယ်ကြီးက သင်၏ အလိုအတိုင်း ဖြစ်ပါရဲ့လားလို့" မေးတော်မူပါတယ်၊ ဒီတော့ သစ္စကပရိဗိုဒ်ကြီးက "အစိုးမရပါ, အလိုအတိုင်းမဖြစ်ပါ"လို့ ဖြေကြားလျှောက်ထားပါတယ်။

ထိုအတူ ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်တို့ကိုလဲ အစိုးရ ရဲ့လားလို့ မြတ်စွာဘုရားက မေးတော်မူပါတယ်။ သစ္စကပရိဗိုဒ် ကြီးက အစိုးမရတဲ့အကြောင်း ဖြေကြားလျှောက်ထားပါတယ်။

ဒါကြောင့် "ရူပ်၊ ရုပ်သည်။ အနတ္တာ၊ အစိုးမရ" စသည်ဖြင့် ရှေးဆရာမြတ်တွေက မြန်မာပြန်ဆိုတော် မူခဲ့ကြပါတယ်၊ အဲဒါ ဟာ သာမီအတ္တဆိုတဲ့ အစွဲကိုရည်ပြီး ပြန်ဆိုတဲ့ အဓိပ္ပာယ်တွေ

http://www.dhammadownload.com

အနက်ဖြစ်ပါတယ်၊ သဒ္ဒါအနက်အားဖြင့် ဆိုရင်တော့ "အနတ္တာ၊ အစိုးရသော အတ္တကောင် မဟုတ်၊ အသက်ကောင် လိပ်ပြာ ကောင် မဟုတ်"လို့ ပြန်ရပါမယ်။ အဲဒီလို အတ္တဝါဒ ရှိသူ တွေက အတ္တကို သာမိလို့ ဆိုကြတဲ့အတွက် ခန္ဓာကိုယ်ထဲ၌ အစိုးရတဲ့ အတ္တကောင်, အသက်ကောင်, ငါကောင် ရှိတယ်လို့ စွဲလမ်းတာကို သာမိအတ္တစွဲလို့ မှတ်ရမယ်။ ကဲ-ဆိုကြရမယ်။

ခန္ဓာကိုယ်ထဲ၌ အလိုရှိတိုင်း အစိုးရတဲ့ အတ္တကောင်, ငါ ကောင် ရှိသည်ဟုထင်တာက သာမိအတ္တစွဲ။

ဒီ သာမိအတ္တစွဲက ပုထုဇဉ် သတ္တဝါတိုင်းမှာ ရှိနေတယ်။ ကိုယ်သွားချင် သွားနိုင်တယ်၊ ကိုယ်စားချင် စားနိုင်တယ်၊ ကိုယ် ကြည့်ချင် ကြည့်နိုင်တယ်၊ ကိုယ်လုပ်ချင်တာ လုပ်နိုင်တယ်လို့ ဒီလို ထင်နေတာဟာ ဒီ သာမိအတ္တစွဲပဲ။ ဝိပဿနာရှုလို့ သူ့အကြောင်း အားလျော်စွာ ဖြစ်ပျက်နေတဲ့ သဘောကို တွေ့ရတဲ့ အခါကျမှ ဒီ သာမိအတ္တစွဲက ကောင်းကောင်း ကင်းကွာသွားတယ်။

နိဝါသီ အတ္တစွဲ

နောက်ပြီးတော့ အတ္တဝါဒရှိတဲ့ ခေါင်းဆောင် ဆရာကြီး တွေက အတ္တဆိုတာ "နိဝါသီ=ခန္ဓာကိုယ်ထဲမှာ အမြဲတမ်း တည် ရှိနေတယ်"လို့လဲ ဆိုကြတယ်။ ငယ်ရွယ်စဉ် ကာလမှစ၍ ယခု ထက်တိုင် ငါဟာ အမြဲရှိနေတယ်လို့ ထင်မှတ်နေတာဟာ ဒီ နိဝါသီ အတ္တစွဲပါပဲ။ ကဲ-ဆိုကြရမယ်။

ငါကောင်ဟာ ခန္ဓာကိုယ်ထဲ၌ အမြဲတမ်း တည်ရှိနေသည်ဟု ထင်တာက နိဝါသီ အတ္တစွဲ။

http://www.dhammadownload.com

ကာရက အတ္တစွဲ

နောက်ပြီးတော့ အတ္တဆိုတာ "ကာရက=အမှုအရာ အမှုကိစ္စအမျိုးမျိုးကို ပြုလုပ်တတ်တယ်"လို့လဲ ဆိုကြပါတယ်။ သစ်ရက္ခန္ဓာကို အတ္တလို့ စွဲလမ်းရာရောက်ပါတယ်။ မြင်ခြင်း, ကြားခြင်း စသည်၊ သွားခြင်း, ရပ်ခြင်း,ထိုင်ခြင်း စသည်၊ ကွေးခြင်း, ဆန့်ခြင်း စသည် အမျိုးမျိုးသော အမှုကိစ္စ ဟူသမျှကို ငါကပင် ပြုလုပ်တတ်တယ်လို့ ထင်မှတ် စွဲလမ်းတာဟာ ဒီ ကာရက အတ္တစွဲပါပဲ။ ကဲ–ဆိုကြရမယ်။

အမှုအရာ အမှုကိစ္စ ဟူသမျှကို ငါကောင်ကပင် ပြုလုပ် သည်ဟု ထင်တာက ကာရကအတ္တစွဲ။

ဝေဒက အတ္တစွဲ

နောက်ပြီးတော့ အတ္တဆိုတာ "ဝေဒက=ခံစားတတ်တဲ့ အကောင်ပဲ"လို့လဲ ဆိုကြပါတယ်၊ ဝေဒနာကို အတ္တလို့ ဆိုရာရောက်ပါတယ်၊ ဘာကြောင့်လဲဆိုလျှင် ဝေဒနာမှတစ်ပါး ခံစားတတ်တာ မရှိပါဘူး၊ ဒါကြောင့်ပါပဲ၊ ယခုလူတွေက အကောင်းအဆိုးတွေ ခံစားနေတာဟာ ငါပဲ၊ ငါကပဲ ခံစားတယ်၊ ငါပဲဆင်းရဲတယ်၊ ငါပဲ ချမ်းသာတယ်လို့ ထင်မှတ်နေတာဟာ ဒီ ဝေဒကအတ္တစွဲပါပဲ။ ကဲ–ဆိုကြရမယ်။

အကောင်အဆိုး ဟူသမျှကို ငါကောင်ကပင် ခံစားသည် ဟု ထင်တာက ဝေဒကအတ္တစွဲ။

ခန္ဓာငါးပါး မဟုတ်ဟု ငြင်းပယ်

ယခု ပြောခဲ့တဲ့အတိုင်း အတ္တဝါဒီ ဆရာကြီးတွေကပင် "အတ္တဆိုတာ သာမ်, နိဝါသီ,ကာရက,ဝေဒကပဲ"လို့ ဆိုထားတဲ့အတွက်

http://www.dhammadownload.com

အတ္တဟာ ခန္ဓာငါးပါးမဟုတ်ဘူးလို့ သူတို့က ငြင်းကြပေမယ့် အမှန်စဉ်စစ်ကတော့ ခန္ဓာငါးပါးကိုပဲ အတ္တ ကောင်,ငါကောင်လို့ ဆိုရာရောက်ပါတယ်၊ အတ္တက ခံစား တတ်တယ်လို့ ဆိုတော့ ခံစားတတ်တဲ့ ဝေဒနာကို အတ္တလို့ ဆို ရာရောက်ပါတယ်။ တစ်ဖန် အတ္တက ပြုလုပ်တတ်တယ်လို့ ဆို တော့ ပြုလုပ်တတ်တဲ့ သင်္ခါရကွန္ဓာကို အတ္တလို့ ဆိုရာ ရောက် ပါတယ်၊ နောက်ပြီးတော့ သိတတ်တဲ့ ဝိညာဏ်, မှတ်သားတတ် တဲ့ သညာတို့ကိုလဲ အတ္တလို့ ဆိုရာရောက်ပါတယ်၊ နောက်ပြီး တော့ လှုပ်ရှားတတ်တဲ့ ရုပ်ကိုလဲ အတ္တလို့ ဆိုရာရောက်ပါတယ်၊ ဒါကြောင့် အတ္တကောင်အနေနဲ့ စွဲလမ်းမှု ဟူသမျှဟာ ခန္ဓာ ငါးပါးကို မှီပြီး ဖြစ်တာပါပဲ၊ ဝိပဿနာရှုလို့ ခန္ဓာငါးပါးကို အမှန်အတိုင်း သိတဲ့အခါ ဒီ အတ္တစွဲဟာ လုံးဝ ကင်းသွား ပါတယ်၊ ဒီလို အတ္တစွဲ အတ္တဝါဒုပါဒါန်နဲ့ ကင်းအောင်လို့ပဲ ဝိပဿနာရှုရပါတယ်။

အတ္တဝါဒုပါဒါန်၌ အတိုချုပ်မှတ်ရန်

ဒီနေရာမှာ လူတိုင်း လူတိုင်း အလွယ်တကူနဲ့ သိနားလည် ထားဖို့ကတော့ သွားမှု, ရပ်မှု,ထိုင်မှု,ကွေးမှု,ဆန့်မှု,လှုပ်ရှားမှု, ပြောဆိုမှု, မြင်မှု, ကြားမှု, ခံစားမှု, ကြံစည်မှု အစရှိသော ကိုယ်အမူအရာ နှုတ်အမူအရာ, စိတ်အမူအရာ ဟူသမျှကို ငါကောင်, သတ္တဝါကောင်ဟု ထင်မှတ်စွဲလမ်းရင် အဲဒါဟာ အတ္တဝါဒုပါဒါန်ပဲ၊ ကဲ–အဲဒါကလေး မှတ်မိအောင် ဆိုလိုက် ကြဦးစို့။

> သွားမှု, ရပ်မှု, ထိုင်မှု, ဆန့်မှု, လှုပ်ရှားမှု, ပြောဆိုမှု, မြင်မှု, ကြားမှု, ခံစားမှု, ကြံစည်မှု အစရှိသော ကိုယ် အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာ ဟူသမျှကို

http://www.dhammadownload.com

ငါကောင်, သတ္တဝါကောင်ဟု ထင်မှတ်စွဲလမ်း တာက အတ္တဝါဒုပါဒါန်။

တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ

ယခုပြောခဲ့တဲ့ဥပါဒါန် ၄-ပါးထဲက ကာမုပါဒါန် ဆိုတာ တရားကိုယ်အားဖြင့် တဏှာအရင့်စားဖြစ်တဲ့အကြောင်း ပြောခဲ့ ပြီ၊ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်ဆိုတဲ့ ဒီ ဥပါဒါန် ၃-ပါးကတော့ စွဲလမ်းပုံမျှသာ ကွဲပြားပါတယ်၊ တရားကိုယ် အားဖြင့်တော့ ဒိဋ္ဌိချည်းပါပဲ၊ ရုပ်နာမ် ခန္ဓာတွေကို အတ္တကောင်, အသက်ကောင်,သတ္တဝါကောင်အနေနဲ့ စွဲလမ်းတဲ့ ဒိဋ္ဌိကို အတ္တဝါဒု ပါဒါန် ခေါ်တယ်၊ သံသရာမှလွတ်မြောက်ကြောင်းမဟုတ်တဲ့ အလေ့ အကျင့်ကို လွတ်မြောက်ကြောင်း အလေ့အကျင့်အနေနဲ့ ယူဆစွဲလမ်းတဲ့ ဒိဋ္ဌိကို သီလဗ္ဗတုပါဒါန် ခေါ်တယ်၊ အဲဒီ ဒိဋ္ဌ၂-မျိုးမှ တစ်ပါးသော အယူအမှားဟူ သမျှကို ဒိဋ္ဌုပါဒါန်ခေါ်တယ်၊ ဒီလိုစွဲလမ်းပုံလောက်သာ ကွဲ ပြားပါတယ်၊ တရားကိုယ်အရကတော့ မှားယွင်းတဲ့ မိစ္ဆာဒိဋ္ဌိ အယူချည်းပါပဲ၊ မှားတဲ့အယူဆိုတာ နှစ်သက်သာယာတဲ့တဏှာ နဲ့တွဲပြီး ဖြစ်တာချည်းပဲ၊ စဉ်းစားကြည့်ပါ။ ကိုယ့် အယူအဆ ကိုတော့ မနှစ်သက်တဲ့လူဘယ်မှာရှိမလဲ၊ အနှစ်သက်ဆုံးဖြစ်လို့ ပဲ အဲဒီအယူအဆကို စွဲလမ်းတာ၊ ဒါကြောင့် ဒီဒိဋ္ဌိအစွဲအလမ်း ဥပါဒါန် ၃-မျိုး ဟာလဲ တဏှာကြောင့်ဖြစ်တယ်ဆိုတာ ထင် ရှားပါတယ်၊ အဲဒါကြောင့် မြတ်စွာဘုရားက "တဏှာပစ္စယာ ဥပါဒါနံ=တပ်မက် ဆာလောင်တဲ့ တဏှာကြောင့် စွဲလမ်းမှု ဥပါဒါန်ဖြစ်တယ်"လို့ ဟောတော်မူခဲ့တာပဲ။

အဲဒီတော့ ကာမဂုဏ် ၅ အာရုံတွေကို တပ်မက် စွဲလမ်းနေရင် နှစ်သက် ဆာလောင်မှု တဏှာကြောင့် စွဲလမ်းမှု ဖြစ်တယ်၊

http://www.dhammadownload.com

နှစ်သက်ဆာလောင်တာကအကြောင်း + စွဲလမ်းတာကအကျိုး = ဒီအကြောင်းနဲ့အကျိုးမျှပဲလို့ မှတ်ရမယ်။ မြင်တာ ကြားတာ ကွေးတာ ဆန့်တာ ကြံစည်တာ စသည်ကိုပင် ငါကောင်ဟု ထင်မှတ်စွဲလမ်းမိရင် မိမိအခြေအနေကို နှစ်သက် သာယာတဲ့ တဏှာကြောင့် စွဲလမ်းမှု အတ္တဝါဒ ပါဒါန်ဖြစ်တယ်၊ နှစ်သက် တာက အကြောင်း+ငါကောင်လို့ ထင်မှတ်တာက အကျိုး = ဒီအကြောင်းနဲ့အကျိုးမျှပဲ ရှိတယ်လို့ မှတ်ရမယ်။ ကံ,ကံ၏အကျိုးမရှိ၊ နောင်တမလွန်ဘဝမရှိဟု ထင်ရင်လဲ ထို့အတူပဲ အကြောင်းနဲ့အကျိုးမျှ ရှိတယ်လို့မှတ်ရမယ်။ သတ္တဝါဟာ ဟိုဘဝ ဒီဘဝပြောင်းရွှေ့ပြီး ကျင်လည်နေတယ်၊ ပျက်စီးခြင်း မရှိဘူးလို့ ထင်လျှင်လဲ ထို့အတူ အကြောင်းနဲ့ အကျိုးမျှပဲလို့ မှတ်ရမယ်၊ သတ္တဝါဟာသေပြီးလျှင် ဘာမျှ မရှိတော့ဘူးလို့ ထင်လျှင်လဲ ထို့အတူတဏှာအကြောင်းနဲ့ ဒိဋ္ဌဥပါဒါန်အကျိုး မျှပဲလို့ မှတ်ရမယ်။ နွား,ခွေး စသည်တို့၏ အလေ့အကျင့်၊ နွား,ခွေး စသည်ကို ကိုးကွယ်တဲ့အကျင့်မျိုးကို အကျင့်ကောင်း လို့ ထင်လျှင်လဲ ထို့အတူ နှစ်သက်သာယာတဲ့ တဏှာအကြောင်း နဲ့ သီလဗ္ဗတုပါဒါန် အကျိုးမျှပဲလို့ မှတ်ရမယ်။ အကျဉ်းချုပ် အားဖြင့်တော့ စွဲလမ်းမှု ဥပါဒါန်တွေဟာနှစ်သက်ဆာလောင်မှု တဏှာရှိနေလို့ ဖြစ်ရတယ် ဆိုတာ ကိန်းသေမှတ်ထားကြရမယ်။ ကဲ ဒီကနေ့တော့ ဒီတွင်ပဲ ရပ်နားကြဦးစို့။

အမှန်မသွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာ လိမ့်နိုး။ ပ။ဝေဒနာကြောင့်၊ တဏှာ ၆–တန်၊ ဥပါဒါန်နှင့် ဖြစ် ရန်အကြောင်း၊ ကံဆင့်လောင်း၍ ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ၊ အိုကာသေရေး၊ ပူအဆွေးနှင့် ငိုကြွေးကိုယ်နွမ်း၊ စိတ်မချမ်းမြေ၊ ပူပန်ရသည်၊ လုံးဝ ဆင်းရဲစုသာတည်း။

http://www.dhammadownload.com

ဤပဋ္ဌိစ္စသမုပ္ပာဒ်တရားတော်ကို ရှိသေစွာ နာယူမှတ်သား ကြရသော။ ပ။ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု...၊ သာဓု...၊ သာဓု...။

ပဋ္ဌိစ္စသမုပ္ပာဒ်တရားတော်ကြီး သတ္တမပိုင်း ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

ပဋ္ဌာနမူပါဒ် တရားတော်ကြီး

၁၃၂၄-ခု၊ ဝါခေါင်လဆုတ် (၈)ရက်နေ့ ဟောသည်။

အဋ္ဌမပိုင်း

ဥပါဒါနပစ္စယာ ဘဝေါ

လွန်ခဲ့တဲ့ လဆန်း(၈)ရက် သီတင်းနေ့က ပဋ္ဌာနမူပါဒ် တရားကို ဟောခဲ့တာဟာ တဏှာပစ္စယာ "ဥပါဒါနံ=တဏှာ ကြောင့် ဥပါဒါန်ဖြစ်သည်"ဆိုတာ အထိ ပြီးခဲ့ပြီ။ "ဒီနေ့ကတော့ ဥပါဒါန ပစ္စယာ ဘဝေါ၊ စွဲလမ်းမှု ဥပါဒါန်ကြောင့် ဘဝဖြစ်သည်" ဆိုတဲ့ အပိုဒ်ကစပြီး ဟောရမယ်။

အဲဒီစွဲလမ်းမှုကြောင့်ဖြစ်တဲ့ ဘဝက ၂-မျိုးရှိတယ်၊ (၁) ကမ္မဘဝ၊ (၂) ဥပပတ္တိဘဝဆိုတဲ့ ဒီ ၂-မျိုးပါပဲ။

(၁) ကမ္မ ဘဝ

ကမ္မဘဝဆိုတာ ဘဝအသစ်ဖြစ်ကြောင်း ကံပါပဲ၊ အဲဒါကို မြတ်စွာဘုရားက ဒီလိုဝေဖန်ပြီး ဟောထားပါတယ်။

http://www.dhammadownload.com

ပရိတ္တဘူမကော ဝါ၊ သေးနုပ်သော ကာမဘုံ၌မူလည်း ဖြစ်သော။ မဟာဘူမကောဝါ၊ ကြီးမြတ်သော ရူပ, အရူပဘုံ၌မူ လည်းဖြစ်သော။ ပုညာဘိသင်္ခါရော၊ ပုညာဘိသင်္ခါရ လည်းကောင်း။ အပုညာဘိသင်္ခါရော၊ အပုညာဘိသင်္ခါရ လည်းကောင်း။ အာနေဉ္ဇာဘိသင်္ခါရော၊ အာနေဉ္ဇာဘိသင်္ခါရ လည်းကောင်း။ အယံ၊ ဣဿင်္ခါရသုံးပါး ကို၊ ကမ္မဘဝေါ၊ ကမ္မဘဝဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။ သဗ္ဗမ္ပိ, ဘဝဂါမိ,ကမ္မံ၊ ဘဝသစ်ကို ဖြစ်စေတတ်သော ကံ အလုံးစုံကိုလည်း။ ဝုစ္စတိ၊ ကမ္မဘဝဟု ခေါ်ဆိုအပ်၏လို့ ဟောထားပါတယ်။

ပုညာဘိသင်္ခါရဆိုတာ ပထမပိုင်းတုန်းက (ပထမအုပ် နှာ ၄၈ မှာ) ပြောခဲ့တဲ့ ကာမကုသိုလ်စေတနာ ၈-ပါးနှင့် ရူပကုသိုလ်စေတနာ ၅-ပါး၊ ဒီ ၁၃-ပါး ပါပဲ။ အပုညာဘိသင်္ခါရ ဆိုတာ အကုသိုလ်စေတနာ ၁၂-ပါး ပါပဲ။ အာနေဉ္ဇာဘိသင်္ခါရ ဆိုတာ အရူပကုသိုလ်စေတနာ ၄-ပါး ပါပဲ။ ဘဝသစ်ကို ဖြစ်စေတတ်တဲ့ ကံဆိုတာထဲမှာ ကာမကုသိုလ်စေတနာနဲ့တွဲပြီးဖြစ်တဲ့ (၁) အနဘိဇ္ဈာ=သူတစ်ပါးစည်းစိမ်ကို ကိုယ့်စည်းစိမ် အဖြစ်ဖြင့် မတရား မကြံစည်ခြင်း။ (၂)အဗျာပါဒ=သူတစ်ပါးတို့ကို သေ ပျက်စေရန် မကြံစည်ခြင်း။ (၃)သမ္မာဒိဋ္ဌိ=မှန်သောအယူအမြင် ဆိုတဲ့ ဒီသုံးပါးလဲ ပါဝင်တယ်၊ ဒီသုံးပါးကတော့ ပုညာဘိသင်္ခါရ ထဲမှာ အတွင်းဝင်သွားပါတယ်။ အတိုချုပ်အားဖြင့်တော့ ကမ္မဘဝဆိုတာ ဘဝသစ်ကို ဖြစ်စေတတ်တဲ့ ကုသိုလ်အကုသိုလ် စေတနာပါပဲ။

(၂) ဥပပတ္တိဘဝ ၉-ပါး

ဥပပတ္တိဘဝဆိုတာကတော့ ၉-ပါးရှိတယ်။ (၁)ကာမ-ဘဝ၊ ကာမဘုံသားတို့၏ သန္တာန်မှာရှိတဲ့ (ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿဝေဒနာ-လို့ ခေါ်တဲ့) ကံ၏အကျိုး ရုပ်နာမ် ခန္ဓာတွေပါပဲ၊

http://www.dhammadownload.com

အဲဒါတွေကိုပဲ လူ့ဘဝ နတ်ဘဝ တိရစ္ဆာန်ဘဝ ပြိတ္တာဘဝ ငရဲဘဝ–လို့ ခေါ်ရပါတယ်။ (၂) ရူပဘဝ၊ ရုပ်ရှိ တဲ့ ဗြဟ္မာတွေရဲ့ ခန္ဓာတွေပါပဲ။ (၃) အရူပဘဝ၊ ရုပ်မရှိတဲ့၊ ဗြဟ္မာတွေရဲ့ နာမ်ခန္ဓာတွေပါပဲ။ (၄) သညီဘဝ၊ ရုန့်ရင်းကြမ်းတမ်းတဲ့ အမှတ် သညာရှိတဲ့ သတ္တဝါတွေရဲ့ ရုပ်နာမ် ခန္ဓာ တွေပါပဲ၊ အသညသတ်နဲ့ နေဝသညာမှတစ်ပါး ၂၉–ဘုံက သတ္တဝါတွေရဲ့ ခန္ဓာတွေကို ဆိုပါတယ်။ (၅) အသညီဘဝ၊ အသညသတ်ဗြဟ္မာ တွေရဲ့ ရုပ်ခန္ဓာတွေပါပဲ၊ (၆) နေဝသညီ နာသညီဘဝ၊ အထက်ဘဝဂ်လို့ ခေါ်တဲ့ဘုံက ဗြဟ္မာတွေရဲ့ နာမ်ခန္ဓာတွေပါပဲ၊ (၇) ဧကာဝေါကာရဘဝ၊ ရုပ်ခန္ဓာတစ်ပါး သာရှိတဲ့ဘဝ၊ အသညီဘဝနဲ့ အတူတူပါပဲ။ (၈) စတုဝေါကာရဘဝ၊ နာမ်ခန္ဓာ ၄–ပါးသာရှိတဲ့ ဘဝ၊ အရူပဘဝနဲ့ အတူတူ ပါပဲ။ (၉) ပဉ္စဝေါကာရဘဝ၊ ရုပ် နာမ် ငါးပါးလုံး ရှိတဲ့ ဘဝ၊ လူ နတ် စသည်တို့၏ ရုပ်နာမ် ခန္ဓာတွေပါပဲ။ အဲဒါတွေဟာ ဥပပတ္တိဘဝတွေပါပဲ၊ ဒီ ဥပပတ္တိဘဝတွေက ကံကြောင့် ဖြစ်တဲ့ ဘဝသစ် ရုပ်နာမ်ခန္ဓာတွေပါပဲ၊ အဲဒါတွေ ကိုပဲ လူ့ ဘဝ, နတ်ဘဝ စသည်ဖြင့် ခေါ်ရပါတယ်။ တရားကိုယ်အားဖြင့်တော့ ဝိညာဏ်, နာမ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ဒီအကျိုးတရား ငါးပါးပါပဲ။

ဒီဘဝ ၂–မျိုးထဲက စွဲလမ်းမှုဥပါဒါန်ကြောင့် ဘဝဖြစ်တယ်ဆိုရာမှာ ကမ္မဘဝ က လိုရင်းပါပဲ၊ ဥပပတ္တိ ဘဝကတော့ ကမ္မဘဝကြောင့်တစ်ဆင့်ဖြစ်ရတဲ့ အကျိုး ဖြစ်ပါတယ်။ အဲဒါ ကြောင့် ဒီမှာ ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်ပုံကိုသာ ပြောရမယ်။

ဖဿ ၆–ဖြာ၊ ဝေဒနာကြောင့်၊ တဏှာ ၆–တန်၊ ဥပါဒါန် နှင့်၊ ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍–လို့ ဆိုထားတဲ့ အတိုင်း အာရုံ ၆–မျိုးအကောင်းအဆိုးနဲ့တွေ့ရလို့ အကောင်း အဆိုးခံစားမှု

http://www.dhammadownload.com

ဝေဒနာ ၆–မျိုးဖြစ်ရတယ်၊ အကောင်းအဆိုးတွေကို ခံစားရတဲ့အတွက် တပ်မက်သာယာမှုတဏှာ ၆–မျိုးဖြစ်ရတယ်။ အဲဒီတဏှာ ထက်သန်အားကောင်းလာတဲ့အခါ စွဲလမ်း မှု ဥပါဒါန်ဖြစ်လာတယ်၊ ကာမုပါဒါန်ဆိုရင် လိုချင် နှစ်သက်စရာ အာရုံဝတ္ထုတွေကို မရလျှင် မဖြစ်တော့ဘူးဆိုတဲ့ အနေနဲ့လဲ ဖြစ်လာတယ်၊ ရပြီး အာရုံဝတ္ထုဆိုရင်လဲ ငါ့ဥစ္စာ ငါ့သား ငါ့သမီး စသည်အနေဖြင့် မစွန့်မခွာနဲ့ခ်ိန်အောင် တစ္ဆဝတလမ်းကြီး ဖြစ်လာတယ်၊ ဘယ်လောက်အထိစွဲလမ်းသလဲဆိုရင် ဒီဘဝတွင်တောင် မဟုတ်သေးဘူး၊ နောက်နောက်ဘဝတွေမှာလဲ ဒီလင် ဒီသား ဒီမယား နှင့် အတူတကွ ဖြစ်သွားပါရစေလို့ တောင်စွဲလမ်း သေးတယ်။ နိဗ္ဗာန်ဝင်တဲ့အခါတောင် အတူလက်တွဲဝင်မယ်ဆိုတဲ့ အနေမျိုးနဲ့ စွဲလမ်းသေးတယ်။ အဲဒါဟာ ကျမ်းဂန်နဲ့ ပြောရမယ် ဆိုရင် မေဏ္ဍကသူဌေးကြီး ဝတ္ထုဖြင့်ထင်ရှားပါတယ်။

မေဏ္ဍကသူဌေးကြီး ဝတ္ထု

မေဏ္ဍက သူဌေးကြီးရဲ့ အလောင်းအလျာဟာ တစ်ခုသောဘဝမှာ သူဌေးကြီးပဲဖြစ်ခဲ့ပါတယ်၊ အဲဒီအခါတုန်းက စားနပ်ရိက္ခာ ရှားပါးတဲ့ဘေးကြီးသင့်လိမ့်မယ်လို့ ပုရောဟိတ် ပုဏ္ဏား ကဟောထားတာနဲ့ စပါးတွေကို ရသမျှစုဆောင်းထားတယ်၊ ဒါပေမယ့် ရှားပါးတဲ့အခါ အခြွေအရံတွေနဲ့ တကွ ထုတ်ထုတ် ပြီး သုံးလိုက်တော့ နောက်ဆုံးမှာ စပါးဆန်တွေ မရှိတော့တဲ့ အတွက် အခြွေအရံ အလုပ်သမားတွေကို သင့်လျော်ရာမှာ သွားပြီး နေထိုင် စားသောက်ဖို့ရာ လွှတ်လိုက်ရတယ်၊ သူဌေး ကြီးရယ်, သူဌေးကတော်ကြီးရယ်, သားရယ်, ချွေးမရယ်, မောင်ပုဏ္ဏာဆိုတဲ့ ကျွန်ရယ် ဒီ ငါးယောက်သာ ကျန်ရှိတော့ တယ်။ ဒီ ငါးယောက်မှာလဲ နောက်ဆုံးတစ်နေ့ကျတော့ စား စရာလုံးဝ မရှိသလောက် ဖြစ်သွားတယ်။ သူဌေးကတော်ကြီးက

http://www.dhammadownload.com

နံရံအခြေမှာ လိမ်းကျံ ထားတဲ့ မြေညက်ထဲမှ ရေစိမ်ပြီး ထုတ်ယူထားတဲ့ စပါးကို ထောင်းထုယူထားတဲ့ ဆန်တစ်စလယ် သာရှိတော့တယ်။ အဲဒီဆန်တစ်စလယ်ကို ချက်ပြီးတော့ ငါ: ယောက်အတွက်ငါ:ပုံဝေပြီး ထမင်:စားမယ်လုပ်နေတုန်: ဂန္ဓမာ ဒနတောင်မှ ပစ္စေကဗုဒ္ဓါတစ်ပါ:က ဆွမ်:အလှူခံ ကြွလာသတဲ့။ ဒီလို ကြွလာတာကလဲ အကြောင်:ထူ: ရှိပါတယ်။ သူဌေးကြီ:နှင့်တကွ အဲဒီ အိမ်သူ အိမ်သား:စု ငါ:ဦ: တို့က သူ့တို့စား:မည့် ထမင်:ကို လှူလိုက်လျှင် နေ့ချင်:ပင် စပါ: ဆန်တွေကို သုံ:မကုန် နိုင်အောင် ရမယ်၊ အဲဒီ သူဌေ:အိမ်သား:စုကို အကြောင်:ပြုပြီ: ပတ်ဝန်:ကျင်လူတွေလဲ စား:နပ်ရိက္ခာ ပြည့်စုံသွား:မယ် ဆိုတာကို မြင်တော်မူတဲ့အတွက် အရှင်ပစ္စေကဗုဒ္ဓာက နိရောဓ သမာပတ်မှ ထပြီ: ကြွလာခြင်:ဖြစ်ပါတယ်။

သူဌေ:ကြီ:က အရှင်ပစ္စေကဗုဒ္ဓါကို မြင်ရတော့ ကြည်လင်တဲ့ သဒ္ဓါစိတ်ဖြစ်ပြီ: ဒီလို ဆင်ခြင်ပါတယ်၊ ငါဟာ ရှေ:တုန်:က မပေ: မလှူခဲ့တဲ့အတွက် ယခုလို အငတ်ဘော:နဲ့ တွေ့ရတယ်၊ ယခု ပြင်ထား:တဲ့ ထမင်:ကလေ:ကိုစား:လိုက်ရင် တစ်နေ့လောက်သာ အဆာခံမှာပဲ၊ နောက်ရက်တွေကျရင် စား:စရာလဲမရှိဘူ:၊ ဆာလောင်ပြီ: သေဖို့ဘဲ ရှိတော့တယ်၊ ဒီထမင်:ကို ငါမစား:ပဲ အရှင်မြတ်အား လှူလိုက်ရင်တော့ ကမ္ဘာပေါင်: တစ်ကုဋေမက ငါ့အား စီ:ပွား:ချမ်:သာကို ဖြစ်စေနိုင်လိမ့်မယ်လို့ ဆင်ခြင်ပြီ: အဲဒီ ထမင်:ကို အရှင်ပစ္စေကဗုဒ္ဓါအား ကပ်လှူလိုက်ပါတယ်။ အဲဒီလို လှူပြီ:တော့ ဆုတောင်:လိုက်ပုံက ဒီလိုတဲ့–

ဘန္တေ–အရှင်ဘုရား။ နိဗ္ဗတ္တနိဗ္ဗတ္တဌာနေ၊ ဖြစ်တိုင်: ဖြစ် တိုင်:သော ဘဝဌာနဌ်။ ဧဝရူပ် ဆာတကဘယ်၊ ဤသို့သော အငတ်ဘော:ကို။ ပုန၊ တစ်ဖန်။ မာ အဒ္ဒသ်၊ မတွေ့ရပါစေသတည်:၊ ဣတော

http://www.dhammadownload.com

ပဌာယ၊ ဤအခါမှစ၍။ သက်လဇမ္ဗုဒီပ ဝါသီနံ၊ အလုံးစုံသော ဇမ္ဗူဒီပ် ကျွန်းသူ ကျွန်းသားတို့အား။ ဗီဇောဘော်၊ ထမင်းမျိုးကို။ ဝါ၊ မျိုးစပါးနှင့် ထမင်းကို။ ဒါတုံ သမတ္ထော ဘဝေယျ၊ ပေးကမ်း နိုင်ရပါလိမ့်။ သဟတ္ထေန။ မိမိ၏ လက်ဖြင့်။ ကမ္မံ ကတ္တာ၊ အလုပ်လုပ်၍။ ဗီဇိတံ အသက်မွေးမှုကို။ နာ ကမ္မေယျ၊ မပြုရပါစေ သတည်း။ အမှတေရသ ကောဌသတာနိ၊ တစ်ထောင့်နှစ်ရာ့ ငါးဆယ်သော စပါးကျီ ဂိုဒေါင်တို့ကို။ သောဓာပေတွာ၊ သုတ်သင် ရှင်းလင်း စေပြီး၍။ သီသံ နာယိတွာ ဦးခေါင်းလျှော်ပြီး၍၊ ဝါ၊ ဦးခေါင်းလျှော် ရေချိုးပြီး၍။ တေသံဒွါရေ နိသီဒိတွာ၊ ထိုဂိုဒေါင်တို့၏ တံခါးဝ၌ ထိုင်လျက်၊ ဥဒ္ဓံ သြလောကိတကွဏ္ဍေယေဝ၊ အထက် သို့မော်ကြည့်သော ခဏ၌ပင်လျှင်။ ရတ္တသာလိဓာရာ ပတိတွာ၊ နီသော သလေးစပါး အလျဉ်တို့သည် ကျလာကုန်၍။ မေ၊ အကျွန်ုပ်၏။ သဗ္ဗကောဋ္ဌေ၊ ဂိုဒေါင်အားလုံးတို့ကို။ ပူရေယျုံ၊ ပြည့်ပါစေကုန်သတည်း။ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေစ၊ ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌လည်း။ အယမေဝ ဘရိယာ ဟောတု၊ ဤ မယားသည်ပင် မယားဖြစ်ပါစေ။ အယမေဝ ပုတ္တော၊ ဤ သားသည်ပင် သားဖြစ်ပါစေ။ အယမေဝ သုဏိသာ ဤချွေးမ သည်ပင် ချွေးမ ဖြစ်ပါစေ။ အယမေဝ ဒါသော ဟောတူတိ၊ ဤပုဏ္ဏသည်ပင် ကျွန်အစေခံ ဖြစ်ပါစေဟူ၍။ ပတ္ထနံ ပဌပေသိ၊ ဆုတောင်းလိုက်လေ သတည်း–တဲ့။

သူဌေးကြီးရဲ့ ဆုတောင်းပုံကို ကြားကြရဲ့လား၊ ဖြစ်လေရာရာ ဘဝတိုင်းမှာ ဒီမယား ဒီသား ဒီချွေးမ ဒီကျွန်နဲ့ချည်းပဲ အတူ ဖြစ်ရပါစေလို့ ဆုတောင်းလိုက်တယ်။ သူဌေးကြီးတွင် မဟုတ် သေးဘူး၊ သူဌေးကတော်ကြီးကလဲ သူစားဖို့ထမင်းကို အရှင်ပစ္စေက ဗုဒ္ဓါအား လှူပြီးတော့ နည်းတူပဲ ဆုတောင်းတယ်။ ဖြစ်လေရာရာ

http://www.dhammadownload.com

ဘဝတိုင်မှာ ဒီလို အငတ်ဘေးကို မတွေ့ပါရစေနဲ့၊ ထမင်းအိုးကို ရှေ့မှာထားပြီးတော့ ဇမ္ဗူဒီပ်ကျွန်းသူ ကျွန်းသား အားလုံးကို ထမင်း ပေးကမ်းနေလျှင် နေရာမှမထမချင်းထမင်းအိုးမှာ ပြည့်မြဲပင် ပြည့်နေ ပါစေတဲ့၊ ဒီဆုတောင်းကတော့ ကောင်းတယ်လို့ ဆိုရမှာပဲ။ ဒါပေမယ့် နောက်ဆုံး နိဂုံးချုပ် ဆုတောင်းကတော့ ဒီလင် ဒီသား ဒီချွေးမ ဒီကျွန်သည်ပင်လျှင် လင် သား ချွေးမ ကျွန်ဖြစ်ပါစေ–တဲ့ ဒီလို ဆုတောင်းလိုက် ပါတယ်။

သားဖြစ်သူကလဲသူစားဖို့ ထမင်းကို လှူပြီးတော့ ယခုကာလ မှစ၍ ဒီလို အငတ်ဘေးကို မတွေ့ပါရစေနဲ့၊ ငွေတစ်ထောင် ထုပ်ကို ကိုင်ပြီး ဇမ္ဗူဒီပ်ကျွန်းသူ ကျွန်းသား အားလုံးအား ပေး နေသော်လဲ ငွေထုပ်ဟာ ပြည့်မြဲပင် ပြည့်နေပါစေ၊ ဒီအမိ ဒီအဘ ဒီမယား ဒီကျွန်သည်ပင်လျှင် အမိ အဘ မယား ကျွန်ဖြစ်ပါစေ–လို့ ဆုတောင်းလိုက်ပါတယ်။

သူဌေးကြီးရဲ့ ချွေးမကလဲ သူစားဖို့ထမင်းကို လှူပြီးတော့ ယခု ကာလမှစ၍ ဒီလိုအငတ်ဘေးကို မတွေ့ပါရစေနဲ့၊ စပါး တစ်တောင်းကို ရှေ့မှာထားပြီး ဇမ္ဗူဒီပ် ကျွန်းသူ ကျွန်းသား အားလုံးတို့အား မျိုး စပါး ပေးကမ်းနေသော်လဲ မကုန်ဘဲရှိပါ စေ၊ ဘဝတိုင်း၌ ဒီယောကျ္ဍ မျှား, ဒီလင်, ဒီကျွန်သည်ပင်လျှင် ယောကျ္ဍမမျှား, လင်, ကျွန် ဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ယခု ပြောခဲ့တဲ့ သူဌေးကြီး လင်မယား, သားနဲ့, ချွေးမတွေရဲ့ ဆုတောင်းပုံတွေဟာ ကာမုပါဒါန်နဲ့စွဲလမ်းပုံကို အထင် အရှား ဖော်ပြနေပါတယ်။ ယခုခေတ် လူငယ်တွေလဲ ဒီပုံ ဒီနည်း စွဲလမ်း နေကြတာပါပဲ၊ အဲဒါထက်ဆိုးတဲ့ စွဲလမ်းပုံကတော့ ကျွန်ဖြစ်တဲ့ ပုဏ္ဏာရဲ့ စွဲလမ်းပုံပါပဲ၊ ပုဏ္ဏာကလဲ သူ့အတွက်ထမင်းကို လှူပြီးတော့

http://www.dhammadownload.com

ယခုကာလမှစ၍ ဒီလိုအင်တ်ဘေးကို မတွေ့ရပါ စေနဲ့၊ ယခုလက်ရှိ အရှင်သခင်တွေအားလုံးဟာ နောက်ဘဝများ မှာလဲ အရှင်သခင်တွေ ဖြစ်ကြပါစေ–လို့ ဆုတောင်းလိုက်သတဲ့၊ အစွဲအလမ်းများ သိပ်ကြောက် စရာ ကောင်းတာပဲ၊ ပုဏ္ဏာဟာ အဲဒီအခါတုန်းက သူဌေးအဖြစ် မင်း အဖြစ်မျိုးကို ဆုတောင်းရင်လဲ ရနိုင်ပါတယ်၊ ဒါပေမဲ့ အရှင်သခင်တွေကို ခင်မင် တွယ်တာပြီး စွဲလမ်းနေတဲ့အတွက် နောက်ဘဝတွေမှာလဲ ဒီ သခင်တွေရဲ့ ကျွန်ဖြစ်ဖို့ရန်သာ ဆုတောင်းတယ်၊ အဲဒါမျိုးဟာ ယခု ခေတ်မှာလဲ ရှိနိုင်တာပဲ။

ဘုန်းကြီးတို့ ငယ်စဉ်တုန်းက ရွာတစ်ရွာမှာ နာမည်ကောင်း ရတဲ့ ရွာသူကြီးတစ်ယောက်ရှိတယ်၊ ထိုအချိန်တုန်းကတော့ အင်္ဂလိပ် လူမျိုးတွေ ကြီးစိုးနေတဲ့ အခါဖြစ်တယ်၊ ဝန်ထောက်တို့, အရေးပိုင် တို့ဆိုတာ များသောအားဖြင့် အင်္ဂလိပ် လူမျိုး တွေပဲဖြစ်တတ်ပါတယ်၊ အဲဒီလို အရာရှိတွေကို အရိုအသေပြုရတဲ့ အတွက်အဲဒီ ရွာသူကြီးက သိပ်သဘောကျသတဲ့၊ အဲဒီ အရာရှိ တွေက သူ့အမည်ကို ခေါ်လိုက်လို့ "ဘုရား"လို့ ထူးလိုက်ရတာများ အင်မတန် အရသာရှိတယ်လို့ အဲဒီ ရွာသူကြီးက ထုတ်ဖော်ပြောသတဲ့၊ အဲဒါဟာလဲ မောင်ပုဏ္ဏာရဲ့ စွဲလမ်းပုံမျိုး ပါပဲ။

ဆုတောင်းပြည့်ပုံ

ကာမုပါဒါန်နဲ့ စွဲလမ်းပုံကတော့ တော်တော် သဘောပေါက် လောက်ပါပြီ၊ ယခု သူဌေးကြီးရဲ့ အိမ်သားစုများရဲ့ အလှူဒါနနဲ့ ဆုတောင်းက အကျိုးပေးပုံကို နည်းနည်း ဆက်ကြဦးစို့။

အရှင်ပစ္စေကဗုဒ္ဓါလဲ "ဣဒ္ဓိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု" စသည်ဖြင့် "ဆုတောင်းသည့်အတိုင်း ဖြစ်စေ" လို့

http://www.dhammadownload.com

အနုမောဒနာပြုပြီး ဂန္ဓမာဒနတောင်သို့ ကောင်းကင်ခရီးဖြင့် ပြန်ကြွသွားတယ်၊ ဆွမ်းဒကာတွေမြင်အောင်လို့လဲ အဘိညာဉ် တန်ခိုးဖြင့် အဓိဋ္ဌာန်ပြုသွားတယ်၊ ဒါကြောင့် သူဌေးကြီး အိမ်သားစုတွေဟာ အရှင်ပစ္စေကဗုဒ္ဓါ ကြွသွားတာကို မျှော်ကြည့် ပြီး ကြည်ညိုနေကြတယ်၊ ဂန္ဓမာဒနတောင်ရောက်တော့ ငါးရာသော ပစ္စေကဗုဒ္ဓါတွေနဲ့ အဲဒီ ဆွမ်းကိုဝေဖန်ပြီး ဘုဉ်းပေးနေကြတာကိုလဲ မြင်ကြရတယ်၊ ရုပ်ရှင်ထဲမှာ ကြည့်ရတာမျိုး နေမှာပေါ့၊ အဲဒီ ဆွမ်း တစ်စလယ်ချက်ဟာလဲ ကြွလာတဲ့ အရှင် ပစ္စေကဗုဒ္ဓါရဲ့ အဘိညာဉ် တန်ခိုးကြောင့် အရှင်ပစ္စေကဗုဒ္ဓါ ငါးရာ လုံလုံလောက်လောက် ဘုဉ်းပေးကြတာကိုလဲ မြင်ကြရတယ်။ ဝမ်းမြောက်ဝမ်းသာနဲ့ အင်မတန် ထက်သန်တဲ့ သဒ္ဓါတရားတွေ ဖြစ်ကြမှာပေါ့။

မွန်းလွဲတဲ့ အခါမှာ သူဌေးကတော်ကြီးက ထမင်းအိုးကို ဆေးကြောပြီး အဖုံး ပိတ်ထားလိုက်တယ်၊ သူဌေးကြီးလဲ ဆာ လောင်တာနဲ့ အိပ်လိုက်တာ အိပ်မောကျသွားတယ်၊ အိပ်ရာက နိုးလာတဲ့အခါမှာ အလွန်ဆာတာနဲ့ သူဌေးကတော်ကြီးကို မေးတယ်၊ ရှင်မရေ–ဆာလိုက်တာကွယ်၊ ထမင်းအိုးမှာ ကပ်နေတဲ့ ထမင်းချိုး ကလေးများ ရှိသေးသလား၊ ကြည့်ပါဦး–လို့ ပြောတော့ သူဌေး ကတော်ကြီးက သူကိုယ်တိုင်ဆေးကြောပြီး သိမ်းထားတာကို သိပေမယ့် သူဌေးကြီးကို လေးစားသောအားဖြင့် "မရှိတော့ဘူး"လို့ မပြောဘူး၊ "ဖွင့်ကြည့်ပြီးမှ ပြန်ကြားပါမယ်"လို့ ပြောပြီး ထမင်းအိုးဆီကို ထသွားတယ်၊ သွားပြီးတော့ ထမင်းအိုးကို ဖွင့်ကြည့်လိုက်တဲ့အခါ မြတ်လေးပန်းငုံနဲ့တူတဲ့ ထမင်းတွေ ပြည့်နေတာကို တွေ့ရတယ်။

ဒီတော့ သူဌေးကတော်ကြီးမှာ တစ်ကိုယ်လုံး ပီတိဖြင့် ပြည့်ပြီး ဝမ်းမြောက်ဝမ်းသာနဲ့ "သူဌေးကြီး... ထထ၊ ထမင်းအိုးကို ကျွန်မ

http://www.dhammadownload.com

အပြောင်အစင်ဆေးပြီးတော့ စလောင်ဖုံးနဲ့ ပိတ် ၊ဝါးတယ်၊ အဲဒီ ထမင်းအိုးဟာ ယခု ထမင်းတွေနဲ့ပြည့်နေတယ်၊ ကောင်းမှုဟာ ပြုသင့်လှပါပေတယ်၊ ဒါန ကုသိုလ်ဟာ ပြုသင့် လှပါပေတယ်၊ ကဲ အရှင်သူဌေးကြီး...ထပြီး သုံးဆောင်ပါ" လို့ ပြောပြီး ထမင်း ကျွေးပါတယ်၊ သားအဘ ၂–ဦး စားပြီး တဲ့အခါ သူဌေးကတော်ကြီးက ချွေးမနဲ့အတူ စားတယ်၊ ကျွန် ပုဏ္ဏကိုလဲ ကျွေးတယ်၊ ထမင်းအိုးထဲမှာ ယူတိုင်းယူတိုင်း ထမင်းက ပြည့်ပြည့် တက်လာသတဲ့ အဲဒါဟာ သူဌေးကတော်ကြီး ရဲ့ ဆုတောင်းပြည့်ပုံပါပဲ၊ ထို့အတူသူဌေးကြီးရဲ့ ဆုတောင်း အတိုင်းလဲ ဂိုဒေါင်တစ်ထောင့်နှစ်ရာ့ ငါးဆယ်မှာ စပါးတွေ ပြည့်နေသတဲ့။

ယခု ဂေါတမဘုရားလက်ထက်မှာ မာဂဓတိုင်းနိုင်ငံထဲက ဘဒ္ဒိယ မြို့မှာ အဲဒီ သူဌေးအိမ်သားစုဟာ သူတို့ငါးဦးဟာ သူတို့ဆုတောင်း အတိုင်းပင် မေဏ္ဍကသူဌေးကြီးနဲ့ သူဌေးကတော်ကြီးရယ်, ဓနဥယ မည်သော သားနဲ့ ဓနီးရယ်, ကျွန်မောင်ပုဏ္ဏ ရယ် ငါးဦးလုံး တစ်စုတည်း အိမ်သားစုတွေ ဖြစ်နေကြတယ်၊ သူတို့ရဲ့ အသီးသီး ဆုတောင်းအတိုင်းလဲ အုံ့ဩဖွယ် ဂုဏ်ထူးတွေ နဲ့ အကျိုးပေးနေ ပါတယ်၊ အဲဒီလို အကျိုးပေးပုံတွေ ထူးဆန်း လွန်းလို့ ဘုရင်မင်းမြတ် ကတောင် အမတ်ကြီး တစ်ဦးကို စေလွှတ်ပြီး စုံစမ်းခိုင်းရတယ်၊ စုံစမ်းတဲ့အခါမှာလဲ တကယ်ဟုတ်နေတာကို တွေ့ရတဲ့အကြောင်း ဝိနည်း ပါဠိတော်မှာ အထင်အရှား ပြဆိုထားပါတယ်။

ဥပါဒါန် စွဲလမ်းပုံနဲ့စပ်ပြီး မေဏ္ဍကသူဌေးအကြောင်း ပြော မိတာနဲ့ စကားအဆက်က နည်းနည်း ပျောက်သွားတယ်၊ ယခု စွဲလမ်းမှုဥပါဒါန်ကြောင့် ကမ္မဘဝ ဖြစ်ပုံကို ဆက်ပြောရမယ်။

http://www.dhammadownload.com

ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်ပုံ

လိုချင်နှစ်သက်စရာ ဝတ္ထုအာရုံတွေကို မရလျှင် မဖြစ်တော့ဘူးဆိုတဲ့အနေနဲ့ စွဲလမ်းတဲ့ ကာမုပါဒါန်ဖြစ်လာရင် အဲဒီအာရုံဝတ္ထုတွေကို တစ်နည်းနည်းနဲ့ မရ, ရအောင် အားထုတ်ပြုလုပ်တော့တာပဲ၊ ခိုးမှုရမယ်ထင်ရင်လဲ ခိုးလိမ့်မယ်၊ လုယက်မှု ရမယ်ထင်ရင်လဲ လုယက်လိမ့်မယ်၊ လိမ်မှု ရမယ်ထင်ရင်လဲ လိမ်လိမ့်မယ်၊ မတရားလုပ်မှု ရမယ်ထင်ရင်လဲ မတရား လုပ်လိမ့်မယ်၊ သတ်မှု ရမယ်ထင်ရင်လဲ သတ်လိမ့်မယ်၊ ယခု လောကမှာ ခိုးမှု, လုယက်မှု, လိမ်မှု, မတရားပြုလုပ်မှု, သတ်မှုတွေ ဖြစ်နေတာဟာ ဒီစွဲလမ်းမှုကြောင့်ချည်းပဲ၊ တချို့အမှုက ကာမုပါဒါန်ကြောင့်ဖြစ်တယ်၊ တချို့အမှုက ဒိဋ္ဌုပါဒါန် ၃–မျိုးထဲက တစ်မျိုးမျိုးကြောင့် ဖြစ်တယ်၊ အများအားဖြင့်တော့ လိုချင်စရာတွေကို ရလိုတဲ့ ကာမုပါဒါန်ကြောင့် ဖြစ်တာကပဲ များပါတယ်၊ ဒီလို ခိုးမှု စသည်ဖြစ်တာကလဲ ကိုယ့်အတွက်သာ မဟုတ်ဘူး၊ လင်, မယား, သား, သမီး စသည်ဖြင့် စွဲလမ်းတဲ့ သူတွေ အတွက်လဲ ဖြစ်တာပဲ၊ အဲဒါတွေဟာ ကာမုပါဒါန်ကြောင့်ဖြစ်တဲ့ အကုသိုလ်ကမ္မဘဝတွေပါပဲ၊ ဒီနေရာမှာ သူတစ်ပါးအတွက် ကာမုပါဒါန်ကြောင့် အကုသိုလ်ကမ္မဘဝဖြစ်ပုံကို ဇာတ်ဝတ္ထုတစ်ခုနဲ့ အတိုချုပ် ပြောချင်တယ်။

ပုပ္ပရတ္တဇာတ်

ရှေးတုန်က ဗာရာဏသီပြည်မှာ သူဆင်းရဲတစ်ယောက် ရှိခဲ့တယ်၊ အဲဒီ သူဆင်းရဲမှာ ထူထဲတဲ့ အဝတ်တစ်စုံသာ ရှိတယ်၊ ကြတ္တိကာနက္ခတ်သဘင်ခေါ်တဲ့ တန်ဆောင်တိုင်ပွဲတော်မှာ ဝတ်ဖို့ အဲဒီဝတ်စုံကို လျှော်ဖွပ်ပြီး ပြုပြင်ထားတယ်၊ ဒါပေမယ့် သူ့ဇနီးက အဲဒီ အဝတ်

http://www.dhammadownload.com

ဖြူကို မကြိုက်ဘူး၊ ပန်းရောင်အဝတ်ကို ဝတ်ချင်တယ်၊ ရှိတဲ့အဝတ်ကိုပဲ ဝတ်ဖို့ အမျိုးမျိုးနားချတယ်။ လက်မခံဘူး၊ ဒါနဲ့ နောက်ဆုံးတော့ ဘုရင့် ဥယျာဉ်တော်က ဝတ်ပန်းကို ခိုးယူပြီး ဆိုးပေးဖို့ ညဉ့်အချိန်မှာ ဘုရင်ဥယျာဉ်တော်ကို စည်းရိုးက ကျော်ပြီးဝင်တယ်၊ အစောင့်အရှောက်တွေက အသံကြားလို့ ဝိုင်းဖမ်းပြီး ဘုရင်ထံပြကြတယ်၊ ဘုရင်က တံကျင်လျှိုဖို့ အမိန့်ချလိုက်တယ်၊ မင်းချင်းယောကျ်ားတွေက အဲဒီ ဆင်းရဲသားပန်းသူခိုးကို မြို့ပြင်ထုတ်ပြီး တံကျင်မှာ လျှို ထားတယ်၊ တံကျင်ဆိုတာ တံစို့ပါပဲ၊ ဒါကြောင့် တံကျင်လျှို တယ်ဆိုတာ တံစို့နဲ့ ထိုးတာပါပဲ၊ တံကျင်လျှိုထားတော့ မလှုပ်နိုင်, မလှည့်နိုင်နဲ့ မသေမရှင်ဖြစ်ပြီး နာကျင်တဲ့ ဒုက္ခဝေဒနာတွေကို အကြီးအကျယ် ခံစားနေရတာပေါ့၊ နောက်ပြီးတော့ ကျီးတွေက မျက်စိကိုလာပြီး ဆိတ်ကြသတဲ့၊ အကြီးအကျယ် ဒုက္ခရောက်နေရှာတာပါပဲ၊ ဒါပေမယ့် သူက ဒီလို ညည်းတွားလိုက်သေးသတဲ့...။

နယိဒံ ဒုက္ခံ အဒုံ ဒုက္ခံ၊ ယံမံ တုဒတိ ဝါယသော။
ယံ သာမာ ပုပ္ဖရတ္တေန၊ ကတ္တိကံနာနုဘောသတိ။

ဝါယသော၊ ကျီးသည်။ မံ၊ ငါ့ကို။ ယံ တုဒတိ၊ အကြင် ဆိတ်လျက် ထိုးဆွ၏။ ဣဒံ၊ ဤကျီး၏ ထိုးဆိတ်ခြင်းသည်။ နဒုက္ခံ၊ ဆင်းရဲမဟုတ်သေး။ ဝါ၊ မ ဆင်းရဲလှသေးပါ။ သာမာ၊ ဝါဝင်းသော အသားအရေရှိသော ချစ်ဇနီးသည်။ ပုပ္ဖရတ္တေန၊ ဝတ်ပန်းဖြင့် ထိုးအပ်သော ထမီခြုံထည်ဖြင့်။ ကတ္တိကံ၊ တန်ဆောင်တိုင်ပွဲတော်ကို။ ယံ နာနုဘောသတိ၊ အကြင်မခံစားရ, မပျော်ရဘဲ ရှိချေလတ္တံ့။ အဒုံ၊ ထိုချစ်ဇနီး၏ တန်ဆောင်တိုင်ပွဲတော်ကို ငါနှင့်အတူ မနွဲ့မပျော်ရခြင်းသည်။ ဒုက္ခံ၊ ဆင်းရလှပါပေတော့သည်–လို့ ညည်းတွားမြည်းတမ်းနေ သတဲ့၊ ဒီလိုညည်းတွား မြည်တမ်းရင်းဘဲ သေပြီး ငရဲကို ရောက်သွားရှာပါသတဲ့။

http://www.dhammadownload.com

ကမ္မဘဝဖြစ်ပုံ အဆက်

အဲဒါဟာ သူများတွက် စွဲလမ်းမှု ဥပါဒါန်ကြောင့် အကု သိုလ် ကမ္မဘဝ ဖြစ်ပြီးတော့ "ဘဝပစ္စယာ ဇာတိ"လို့ ဟောထားတဲ့ အတိုင်း အကုသိုလ် ကမ္မဘဝကြောင့် သူ၏အကျိုး ငရဲဘဝဇာတိ ဖြစ်ပေါ်သွားတာပါပဲ၊ ယခုကာလမှာလဲ ချစ်တဲ့ သူတွေ့ရဲ့ အပူကပ်မှု ကြောင့် မတော်မတရား အလွဲသုံးစားပြုမှု ခိုးမှု, လိမ်မှု စသည်တွေ အများကြီးရှိနေမှာပဲ၊ အဲဒီလိုဖြစ်ပေါ်လာတဲ့ အမှုက်တွေဟာ ဥပါဒါန် ကြောင့် ဖြစ်ပေါ်လာတဲ့ ကမ္မ ဘဝချည်းပါပဲ၊ အပါယ်-၄ပါး ဘဝဖြစ်ဖို့ရာ အကြောင်းက်တွေ ချည်းပါပဲ၊ ယခုပြောခဲ့တဲ့အတိုင်း ကိုယ့်အတွက်ဖြစ်စေ, သူများ အတွက်ဖြစ်စေ မျက်မှောက် ကာမဂုဏ် အာရုံတွေကို စွဲလမ်းမှု ကာမုပါဒါန်ကြောင့် အကုသိုလ် ကမ္မဘဝဖြစ်ပုံကို ဝိသုဒ္ဓိမဂ် (၃-၂၀၈)မှာ ဒီလိုပြထားပါတယ်။

သန္ဓိဋ္ဌိကေ ကာမေ၊ မျက်မှောက်ဘဝနှင့်ဆိုင်သော ကာမဂုဏ်တို့ကို။ ပတ္ထယမာနော ဝါ၊ လိုချင်တောင့်တသောကြောင့် လည်းကောင်း (ဟောတုမန္တ ကို ရည်သည်။) ပဋိလဒ္ဓေ၊ ရအပ်ပြီးသော ကာမဂုဏ်တို့ကို။ ဂေါပယမာနော ဝါ၊ စောင့်ရှောက်လိုသောကြောင့်လည်းကောင်း၊ ကာမုပါဒါနပသေန၊ ကာမုပါဒါန်၏ အစွမ်းအားဖြင့်။ ကာယ ဒုစ္စရိတာဒီနိ၊ ကာယဒုစရိုက် စသည်တို့ကို။ ကရောတိ၊ ပြုလုပ်၏။ (သတ်ခြင်း, လုယက်ခိုးယူ ခြင်း, ကာမဂုဏ်တို့၌ မတော်မတရား ကျူးလွန်ခြင်း ဟူသော ဤအမှု ၃-ပါးကို ကာယဒုစရိုက်ခေါ်သည်။ အာဒီ-စသည် ဟူသောစကားဖြင့် ဝစီဒုစရိုက်, မနောဒုစရိုက် တို့ကို ဆိုသည်။ ထိုတွင် လိမ်ခြင်း, ကုန်းတိုက်ခြင်း, ဆဲရေးခြင်း, အပြိန်းအဖျင်း ပြောဆိုခြင်း ဟူသော ဤအမှု ၄-ပါးကို ဝစီဒုစရိုက်

http://www.dhammadownload.com

ခေါ်သည်၊ သူတစ်ပါး၏ စည်းစိမ်ဥစ္စာကို မိမိဥစ္စာအဖြစ်ဖြင့် ကြံစည်ခြင်း, သူတစ်ပါးကို သေပျက်စေရန် ကြံစည်ခြင်း, ဂ, ဂ၏ အကျိုး မရှိ-စသည်ဖြင့် မှားယွင်းစွာ ကြံစည်ယူဆခြင်း ဟူသော ဤအမှု ၃-ပါးကို မနောဒုစရိုက်ဟု ခေါ်သည်။) သော၊ ထို ဒုစရိုက်တို့ကိုပြုသောသူသည်။ ဒုစ္စရိတပါရိပူရိယာ၊ မကောင်းမှု ဒုစရိုက်ဂဏတို့၏ ပြုခြင်းကြောင့်။ အပါယေ၊ အပါယ် ၄-ဘုံ၌။ ဥပဂွေတိ၊ ဖြစ်၏-လို့ ပြထားပါတယ်။

အဲဒါဟာ မျက်မှောက်ဘဝမှာ မိမိ၏ကောင်းစားချမ်းသာ ရေး, မိမိနဲ့စပ်တဲ့သူတွေ၏ ကောင်းစား ချမ်းသာရေးအတွက် ဒီအမှုကို ငါမလုပ်ရင် မဖြစ်တော့ဘူးဆိုတဲ့အနေနဲ့ စွဲလမ်းပြီး သတ်မှု, ခိုးမှု စသည်တွေကိုပြုလုပ်တဲ့အတွက် အကုသိုလ် ကမ္မဘဝဖြစ်ပြီး အပါယ် ၄-ပါး ဘဝသစ်ဇာတိ ဖြစ်ပေါ်လာပုံပါပဲ။

ကောင်းမှုကလဲ အမှားအမှန် ၂-မျိုးရှိတယ်

တချို့ကလဲ နောင်ဘဝ နောင်ကာလမှာ ချမ်းသာရအောင် လို့ ရည်ရွယ်ပြီး ကောင်းမှုတွေကို ပြုကြတယ်၊ ဒီလို ပြုရာမှာ ကောင်းမှု ဆိုတာကလဲ အမှားနဲ့အမှန် ၂-မျိုးရှိတယ်၊ ကောင်းမှုက် အမှန်ဆိုတာ အပြစ်ကင်းတယ်၊ အပြစ်မကင်းတဲ့ အမှုဆိုရင်တော့ ကောင်းမှုက် အမှန်မဟုတ်ဘူး၊ အမှားပါပဲ။ ကောင်းမှုက် အမှားဆိုတာ မကောင်းမှု အကုသိုလ်ကဲ့ ပါပဲ။

ကောင်းမှုကဲ့မှားတွေ

ဘယ်လိုဟာလဲဆိုရင် တချို့က "ခရုတို့ ယောက်သွားတို့ ဒီလို အကောင်တွေဟာ ဝင့်ခံနေရတာပဲ၊ ဒီလိုအကောင်တွေကို မြန်မြန် သေအောင် ရေနွေးနဲ့ ပြုတ်ခြင်း စသည်ဖြင့် သတ်လိုက်ရင်

http://www.dhammadownload.com

ဝင်ရောက်သွားတယ်၊ ဒါကြောင့် အဲဒီလို သတ္တဝါတွေကို မြန် မြန် သေအောင် လုပ်တာဟာ ကုသိုလ်ရတယ်၊ ကောင်းမှု ဖြစ် တယ်"လို့ ယူဆကြတယ်၊ အဲဒီလိုလုပ်ရာမှာ သေရမည့်သတ္တဝါ တွေကို မေးကြည့်ရင် သေချင်ကြမှာ မဟုတ်ပေဘူး၊ ရေနွေး အပူလောင်ခံရတဲ့ ဆင်းရဲစသည်ကိုလဲ အလိုရှိကြမှာ မဟုတ်ပေဘူး၊ ဒါကြောင့် မသေချင်ကြတဲ့ သတ္တဝါတွေ, ဆင်းရဲ အလို မရှိကြတဲ့ သတ္တဝါတွေကို သေအောင် ဆင်းရဲအောင် လုပ်တာဟာ ဘယ်မှာ အပြစ်ကင်းနိုင်ပါ မည်လဲ၊ အပြစ်မကင်းနိုင်ပါဘူး၊ အပြစ်မကင်းတော့ အဲဒီလို အမှုဟာ သူတို့က ကောင်းမှုလို့ ထင်ပေမယ့် မကောင်းမှုပဲ ဖြစ်နေပါတယ်။

နောက်ပြီးတော့ တချို့ကလဲ "ဒုက္ခဝေဒနာတွေကို များစွာ ခံစားရပြီး မသေမရှင် ဖြစ်နေတဲ့သူကို မြန်မြန်သေအောင် လုပ်ပေးရင် ကုသိုလ် ဖြစ်တယ်"လို့ ယူဆကြတယ်၊ အဲဒီမှာလဲ ဒုက္ခခံနေရတဲ့သူက ဆင်းရဲကိုသာ အလိုမရှိတာပဲ၊ သေတော့ သေချင်လှမယ် မဟုတ်ပေဘူး၊ ဒါကြောင့် အဲဒါလဲ အပြစ်မကင်းဘူး၊ ဒုက္ခခံနေရတဲ့သူက သေချင်ပါ တယ်လို့ဆိုသည့်တိုင်အောင် ဗုဒ္ဓတရားတော်အရဆိုရင်တော့ သေအောင် လုပ်တာဟာ အပြစ်ရှိတာချည်းဘဲ၊ ဘယ်လောက် အပြစ်ရှိသလဲ ဆိုရင် အမိ အဘ ဖြစ်တဲ့သူကို မြန်မြန်သေအောင် ကိုယ်တိုင် ပြုလျှင်ဖြစ်စေ, သူတစ်ပါးကို ပြုစေလျှင်ဖြစ်စေ, နည်းပေးလမ်းပြ ပြုပေးလျှင် ဖြစ်စေ, အဲဒီ လုံ့လ ပယောဂကြောင့် သေချိန် မကျ သေးဘဲ အမိအဘဖြစ်သူ သေဆုံးသွားရင် မာတုဃာတက ကံ, ပိတုဃာတကကံထိုက်တယ်၊ သေသည်၏ အခြားမဲ့မှာ ငရဲကို ကျစေနိုင်တဲ့ ကံကြီးပါပဲ၊ အနန္တရိယကံလို့ ခေါ်ပါတယ်၊ ဒီလို ကံကြီးထိုက်သည်အထိ အပြစ်ကြီးလေးတယ်။

တချို့ကလဲ "ကျွဲ နွား ဆိတ် သိုး ကြက် ဝက် စသည် တို့ကို သတ်ပြီး နတ်အရှင်ကြီး ဘုရားသခင်ဆိုတာတွေကို ပူဇော် ပသ,

http://www.dhammadownload.com

လိုက်ရင်, လူတွေကို ကျွေးမွေး လှူဒါန်းလိုက်ရင် ကောင်းစားချမ်းသာ ကြောင်း ကောင်းမှုဖြစ်တယ်၊ မှားယွင်းမိတဲ့ အပြစ်တွေ ကင်းပြီး နောင်ကာလ နောင်ဘဝတွေမှာ ကောင်းစား ချမ်းသာသွားမယ်"လို့ ယူဆကြတယ်၊ အဲဒီမှာလဲ အသတ်ခံရတဲ့ သတ္တဝါတွေဘက်က ကြည့်ရင် အပြစ်ကင်းတယ်လို့ ဘယ်နည်းနဲ့မျှ မဆိုနိုင်ပါဘူး၊ အပြစ်မကင်းဖူးဆိုတာ ဟုတ်, မဟုတ် အတိအကျဆုံးဖြတ်ချင်ရင် မိမိကိုယ်တိုင်က အသတ်ခံရ မည့်သူ အဖြစ်နဲ့နေပြီး လေးလေးနက်နက် စဉ်းစားကြည့်ပါ အပြစ် မကင်းကြောင်း ထင်ရှား ပေါ်လာပါလိမ့်မယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး တချို့က ဒီလိုလဲ ဆင်ခြေပေးကြတယ်၊ ပူဇော်ပသဖို့ အသတ်ခံရတဲ့ သတ္တဝါတွေလဲ မနစ်နာပါဘူး၊ သူတို့လဲ ကောင်းကင်ဘုံ ရောက်သွားကြပါတယ်–တဲ့၊ ဒီလိုဆင်ခြေပေးတဲ့ သူတွေဟာ အဲဒီအတိုင်း ယုံကြည်လို့ရှိရင် မိမိတို့ အချစ်ဆုံး ဖြစ်တဲ့ သားမယားတွေကို သတ်ပြီး ပူဇော်ပါတော့လား၊ ကိုယ်တိုင် အသတ်ခံပြီး ပူဇော်ပါစေတော့လား၊ ကောင်းကင်ဘုံကို မရောက်ချင်သေးလို့ ဆိုင်းငံ့နေတာလား–စသည်ဖြင့် မယုံကြည်တဲ့သူတွေက မေးစရာရှိပါတယ်၊ အဲဒီအမေးကို ပညာရှိများ ကျေနပ်လောက်အောင် ဖြေရှင်းနိုင်ဖွယ် မရှိပါဘူး၊ ကိုယ် ချစ်တဲ့ သားမယားကို ဖြစ်စေ, မိမိကိုယ်တိုင်ကိုဖြစ်စေ သူတစ်ပါးက သတ်ပြီးပူဇော်မယ်ဆိုရင် အဲဒီလို ဆင်ခြေပေးတဲ့ သူတွေဟာ လက်ခံနိုင်မယ် မဟုတ်ပါဘူး၊ ဒါကြောင့် သတ်တယ်ဆိုတာ သတ်တဲ့သူဘက်က ဘယ်လိုပဲ ဆင်ခြေပေးနေစေ ကာမူ အသတ်ခံရတဲ့ သူဘက်ကတော့ ကျေနပ်မှာ မဟုတ်ပါဘူး၊ ဒါကြောင့် ဘာသာရေးအရ ကျွဲ နွားစသည်ကို သတ်ပြီးပူဇော်တာလဲ အပြစ်မကင်းဘူလို့ ဆိုရမှာပဲ၊ အပြစ်မကင်းရင် ကုသိုလ်လို့ ထင်ပေမယ့် ကုသိုလ်မဟုတ်ဘူး၊ အကုသိုလ်ပဲ ဖြစ်နေပါတယ်၊ ဒါကြောင့် နောင်ဘဝ နောင်ကာလမှာ ချမ်းသာကို ရအောင် ဆိုတဲ့

http://www.dhammadownload.com

ရည်ရွယ်ချက်နဲ့ သတ္တဝါတွေကို သတ်ပြီး ပူဇော်တာ ကျွေးမွေးလှူဒါန်း တာတွေဟာလဲ ကာမုပါဒါန်ကြောင့်ဖြစ်တဲ့ အကုသိုလ် ကမ္မဘဝ ချဉ်းပါပဲ၊ ယခုပြောခဲ့တဲ့အတိုင်း မှားယွင်းသော ဘာသာတရားကို ကြားနာရခြင်း စသည်ကြောင့် အကုသိုလ် အလုပ်ကိုပင် ကုသိုလ်အလုပ်ထင်ပြီး ကာမုပါဒါန်၏ အစွမ်းဖြင့် အကုသိုလ်ကမ္မဘဝ ဖြစ်တတ်ကြောင်းကို ဝိသုဒ္ဓိမဂ် (၃-၂၀၈) မှာ ဒီလို ပြဆိုထားပါတယ်။

တေသံ' ထိလ္ဟ.လောက, နတ်လောက ကာမဂုဏ်တို့ကို။ အဓိဂမတ္တံ၊ ရရန်အတွက်။ အသဒ္ဓမ္မသဝနာဒီဟိ ဝဋ္ဋတော၊ မှားယွင်းသော ဘာသာတရားကို ကြားနာရခြင်း စသည်တို့က လှည့်စားအပ်သည်ဖြစ်၍။ ဣမိနာ ကမ္မေန၊ ဤသတ်ခြင်း အစ ရှိသောအမှုဖြင့်။ ကာမာ၊ ကာမဂုဏ်တို့သည်။ သမ္ဘဒ္ဓန္တိ မည - မာနော၊ ပြည့်စုံကြလိမ့်မည်ဟု ထင်မှတ်လျက်။ ဝါ၊ ထင်မှတ် သောကြောင့်။ ကာမုပါဒါန, ဝသေန၊ ကာမုပါဒါန်၏ အစွမ်း အားဖြင့်။ ကာယဒုစ္စရိတာဒီနိပိ၊ ကာယဒုစရိုက် တို့ကိုသော်လည်း။ ကရောတိ၊ ပြု၏။ သော၊ ကာယဒုစရိုက်စသည်တို့ကိုသော် လည်း၊ ကောင်းမှုထင်၍ ပြုမိသောထိုသူသည်။ ဒုစ္စရိတပါရိပူရိယာ၊ မကောင်းမှု ဒုစရိုက်ကံတို့၏ ပြည့်ခြင်းကြောင့်။ အပါယေ၊ အပ္ပါယ် ၄-ဘုံ၌။ ဥပ္ပဇ္ဇတိ ဖြစ်၏-လို့ ပြဆိုထားပါတယ်။

အဲဒီအဆိုထဲမှ "မှားယွင်းသော ဘာသာတရားကို ကြားနာ ရခြင်း စသည်က လှည့်စားထားတယ်"လို့ ဆိုရာမှာ စသည်အရ ဖြင့် သူယုတ်မာကို ဆရာတင်ပြီး မှီဝဲခြင်း, ရှေးဘဝ ရှေးကာလက ပြုခဲ့တဲ့ကောင်းမှု မရှိခြင်း, မိမိကိုယ်ကို ကောင်းစွာမထားခြင်း တို့ကိုလဲ ယူရမယ်လို့ ဋီကာကပြဆိုထားပါတယ်။ မှန်ပေတယ်၊ သူယုတ်မာလူမိုက်ကို ဆရာတင်ပြီး မှီဝဲနေလျှင် အဲဒီလူမိုက်ရဲ့

http://www.dhammadownload.com

လုပ်ကိုင်ပုံတွေကို အကောင်းထင်ပြီး လိုက်လုပ်တတ်တယ်၊ ရှေးက ကောင်းမှုကို မပြုခဲ့ဘဲ မကောင်းမှုကို အပြုများလျှင်လဲ မကောင်းမှု ပြုဖို့ရာ အလေ့အကျင့်ရပြီး လွယ်ကူနေတတ်တယ်၊ အလွဲအမှား တွေကိုမှ သဘောကျတတ်တယ်၊ မိမိကိုယ်ကို ကောင်းစွာ မစောင့် ထိန်းတဲ့ သူကလဲ မကောင်းမှုကို ပြုဖို့ရာ အလွန်လွယ်ကူနေတတ်တယ်၊ ဒါကြောင့် သူယုတ်မာကို ဆရာတင်ပြီး မှီဝဲခြင်း စသည်တွေဟာလဲ မကောင်းမှု အကုသိုလ်ဖြစ် ပွားကြောင်းတွေပါပဲ၊ အဲဒါတွေကိုလဲ သတိပြုပြီး ရှောင်ကြဉ်ရတယ်၊ ပြုပြင်ပြောင်းလဲပေးရတယ်။

မှန်ကန်သောတရား ကြားရလျှင် ကောင်းမှုဖြစ်တယ်

မှန်ကန်သော ဘာသာရေးတရားကို "သဒ္ဓမ္မ၊ သူတော်ကောင်းတရား"လို့ ခေါ်တယ်၊ အဲဒီ သူတော်ကောင်းတရား– မှန်ကန်သော ဘာသာရေးတရားကို ကျင့်သုံးနေတဲ့ သူဟာ သူတော်ကောင်းပဲ၊ အဲဒီလို သူတော်ကောင်းကို မှီဝဲရတဲ့ သူမှာ သူတော်ကောင်းတရားတွေကို ကြားနာရတယ်၊ သတ်ခြင်း, ခိုးခြင်း, ဖောက်ပြားကျူးလွန်ခြင်း ဆိုတဲ့ ကာယဒုစရိုက် ၃ ပါးမှ ရှောင်ကြဉ်ပြီး ကာယသုစရိုက်ကိုကျင့်ရတယ်၊ လိမ်ခြင်း, ကုန်းတိုက်ခြင်း, ဆဲရေးခြင်း, အပြိန်အဖျင်း ပြောဆိုခြင်းဆိုတဲ့ ဝစီဒုစရိုက် ၄–ပါး မှရှောင်ကြဉ်ပြီး ဝစီသုစရိုက်ကို ကျင့်ရတယ်၊ သူတစ်ပါးဥစ္စာကို ကိုယ့်ဥစ္စာအဖြစ်ဖြင့် မတရားမကြံရဘူး၊ သူတစ်ပါးကို သေကြေပျက်စီးပါစေလို့ မပြစ်မှား မကြံစည်ရဘူး၊ ကံ, ကံ၏အကျိုးရှိတယ်၊ နောက်တမလွန် ဘဝရှိတယ် စသည်ဖြင့် အမြင်မှန်ရှိစေရမယ်၊ အဲဒီလို မတရားမကြံခြင်း, အမြင်မှန် ရှိခြင်းဆိုတဲ့ မနောသုစရိုက်ကို ပွားစေရတယ်–စသည်ဖြင့် သူတော်ကောင်းတရား မှန်ကန်သော ဘာသာရေး တရားတွေကို

http://www.dhammadownload.com

ကြားနေရတယ်၊ အဲဒီလို ဘာသာရေး တရားမှန်တွေကို ကြား နာရတဲ့ သူတွေကတော့ ကောင်းစား ချမ်းသားရေးအတွက် ရည်ရွယ် ပြီးတော့ ဒါန, သီလ, ဘာဝနာ ဆိုတဲ့ ကုသိုလ် ကောင်းမှု အစစ် အမှန်ကို ပြုလုပ်ကြတယ်။

ကောင်းမှုမှန် စိစစ်ချက်

ဒါန, သီလ, ဘာဝနာကို ကုသိုလ်ကောင်းမှု အစစ်အမှန် လို့ ဆိုရခြင်း၏ အကြောင်းကတော့ အဲဒီ အမှုတွေမှာ အပြစ် ကင်းလို့ ဆိုရတာပါပဲ၊ စဉ်းစားကြည့်ပါ၊ သူတစ်ပါးအား စေတနာကောင်းနဲ့ ပေးကမ်း လှူဒါန်းရင် အပေးအကမ်း ခံရတဲ့ သူတိုင်းက လက်ခံ နိုင်ပါတယ်၊ သဘောကျပါတယ်၊ အဲဒါဟာ ယုံမှားဖွယ် မရှိပါဘူး၊ ဒါကြောင့် အပြစ်ကင်းပါတယ်၊ အပြစ်ကင်းတဲ့အတွက် ပေးလှူတဲ့ ဒါနဟာ ကုသိုလ်အစစ် ဖြစ်ပါတယ်၊ ထို့အတူ သတ်ခြင်း, နိုးခြင်း, ဖောက်ပြား ကျူးလွန်ခြင်း, လိမ်ခြင်း စသည်မှ ကြဉ်ရှောင်တဲ့ သီလဟာလဲ အပြစ် ကင်းပါတယ်၊ စဉ်စားကြည့်ပါ၊ အသတ် မခံရတဲ့အတွက် မသတ်တဲ့သူကို ဘယ်သူက အပြစ်တင်မလဲ၊ အနိုးမခံရတဲ့အတွက် မနိုးတဲ့သူကို ဘယ်သူက အပြစ်တင်မလဲ၊ ကိုယ့်သားမယားကို မပြစ်မှားတဲ့အတွက် မပြစ်မှားတဲ့ သူကို ဘယ်သူက အပြစ်တင်မလဲ အလိမ်မခံရတဲ့အတွက် မလိမ်တဲ့သူကို ဘယ်သူက အပြစ်တင်မလဲ ကုန်းအတိုက်မခံရတဲ့ အတွက် ညီညွတ်ရေး ပျက်စေ တတ်တဲ့ ကုန်းအတိုက်စကား မပြောတဲ့ သူကို ဘယ်သူက အပြစ် တင်မလဲ၊ အဆဲမခံရတဲ့အတွက် မဆဲတဲ့ သူကို ဘယ်သူက အပြစ် တင်မလဲ၊ ဒါကြောင့် သတ်ခြင်း, နိုးခြင်း စသည်မှ ရှောင်ကြဉ်တဲ့ သီလအကျင့်ဟာ အပြစ်ကင်းပါတယ်၊ အပြစ်ကင်းတဲ့တွက် သီလဟာလဲ ကုသိုလ်အစစ် ဖြစ်ပါတယ်။

http://www.dhammadownload.com

ထို့အတူ အရိုအသေပေးတဲ့သူကို အရိုအသေ အပေးခံရတဲ့သူက အပြစ်မတင်ဘူး၊ ကူညီဆောင်ရွက်တဲ့သူကို အကူအညီခံရတဲ့သူက အပြစ်မတင်ဘူး၊ ကုသိုလ်အဖို့ အမျှပေးဝေတဲ့သူကို သဒ္ဓါတရားရှိတဲ့သူတွေက အပြစ်မတင်ဘူး၊ မိမိပြုလုပ်တဲ့ ကုသိုလ်အတွက်သာခုခေါ်တဲ့သူ, ချီးမွမ်းတဲ့သူကို ကုသိုလ်ရှင်က အပြစ်မတင်ဘူး၊ သင့်လျော်တဲ့အခါ တရားဟောရင်, တရားနာရင် ဟောသူ, နာသူ အချင်းချင်းလဲ အပြစ်မတင်ဘူး, ဘာဝနာ အလုပ်ကို အားထုတ်နေတာဟာလဲ ဘယ်သူ့အကျိုးကိုမျှ မထိ ခိုက်တဲ့အတွက် ဘယ်သူကမျှ အပြစ်တင်ဖွယ်မရှိဘူး၊ ဒါကြောင့် အရိုအသေပေးခြင်း, ကူညီဆောင်ရွက်ခြင်း, အမျှဝေခြင်း, သာခု ခေါ်ခြင်း, တရားဟောခြင်း, တရားနာခြင်း, ဘာဝနာအလုပ်ကို အားထုတ်ခြင်း ဆိုတာတွေလဲ ကုသိုလ်အစစ်ချည်းပါပဲ။

ကုသိုလ် ကမ္မဘာဝ ဖြစ်ပုံ

ယခုဘဝတွင်ဘဲ ကြီးပွားချမ်းသာအောင် ဖြစ်စေ, နောင်ဘဝများမှာ လူ့ချမ်းသာ, နတ်ချမ်းသာတွေကိုရအောင်ဖြစ်စေ ရည်ရွယ်ပြီးတော့ ယခု ပြောခဲ့တဲ့ ဒါန, သီလ အစရှိသော ကုသိုလ် အမှုတွေကိုပြုရင် အဲဒါတွေဟာ ကာမုပါဒါန်ကြောင့် ဖြစ်တဲ့ ကုသိုလ်ကမ္မဘာဝတွေပဲ၊ ဒီကုသိုလ်ကမ္မဘာဝတွေကြောင့် အကြောင်းညီညွတ်တဲ့အခါ လူ့ဘဝမှာလဲ ဖြစ်ရမယ်၊ နတ်ပြည် ၆–ထပ်က နတ်ဘဝတွေမှာလဲ ဖြစ်ရမယ်၊ အဲဒီလို ဖြစ်ပုံကိုလဲ ဝိသုဒ္ဓိမဂ် (၃–၂၀)မှာ ဒီလို ပြဆိုထားပါတယ်။

အပရော၊ တစ်ပါးသောသူသည်။ (ရှေ့နှားက ပြောခဲ့တဲ့ သူတွေမှ တစ်ပါးသောသူလို့ ဆိုပါတယ်။) သဒ္ဓမ္မသဝနာဒီဟိ၊ ဘာသာတရားမှန်ဟူသော သူတော်ကောင်းတရားကို ကြားနာ ရခြင်း

http://www.dhammadownload.com

စသည်တို့က။ ဥပဒြူဟိတဉာဏော၊ ပွားစေအပ်သော အသိအမြင် ရှိသည်ဖြစ်၍ (မူလကပင် ကံ,ကံ၏ အကျိုးရှိတယ် စသည်ဖြင့် ယုံကြည်သိမြင်တဲ့ ကမ္မဿကတာဉာဏ် ရှိနေရာမှာ ကုသိုလ်ကံကို ပြုလျှင် လူ့လောကဌ် မင်းမျိုး, သူဌေးမျိုးစသည်မှာ ဖြစ်နိုင်ပေတယ်၊ စတုမဟာရာဇ်, တာဝတိံသာ စသော နတ်ပြည် ၆-ထပ်မှာ ဖြစ်နိုင်တယ်၊ နတ်ကို့၏အသက်က လူတို့၏ နှစ်အားဖြင့် အောက်ထစ်ဆုံး အနှစ်ကိုးသန်း အသက်ရှည်တယ်၊ နတ်စည်းစိမ်ချမ်းသာတွေက မည်သို့မည်ပုံ ကြီးကျယ်တယ် စသည်ဖြင့် ဘာသာတရားမှန်ကို ကြားနာရသောကြောင့် မူလက အသိအမြင်ထက် ကျယ်ပြန့်လာသည်ဟု ဆို၏။) ဣမိနာ ကမ္မေန၊ မသတ်ခြင်း မခိုးခြင်း စသော ဤသုစရိုက်အမှုဖြင့်။ ကာမာ၊ လူ့လောက, နတ်လောက, ကာမဂုဏ်တို့သည်။ သမ္ဘဒ္ဓန္တိ တိ၊ ပြည့်စုံကြလိမ့်မည်ဟူ၍။ မညမာနော၊ ထင်မှတ် မျှော်လင့်လျက်။ ကာမုပါဒါနဝသေန၊ ကာမုပါဒါန်၏ အစွမ်းအားဖြင့်။ ကာယသုစရိတာဒီနိ၊ ကာယသုစရိုက် စသည်တို့ကို။ ကရောတိ၊ ပြုလုပ်၏။ သော၊ ထိုကာယသုစရိုက် စသည်တို့ကို ပြုသော သူသည်။ သုစရိတပါရိပူရိယာ၊ သုစရိုက်တို့၏ ပြည့်ခြင်းကြောင့်။ ဒေဝေသုဝါ၊ နတ်တို့ဌ်သော် လည်းကောင်း။ မနုဿေသုဝါ၊ လူတို့ဌ်သော် လည်းကောင်း။ ဥပပဇ္ဇေတိ၊ ဖြစ်၏-လို့ ပြဆိုထားပါတယ်။

ကမ္မဘဝကြောင့် ဓာတိပေါ်ပုံ

ယခုပြောခဲ့တဲ့အတိုင်း အကုသိုလ်ကံကြောင့် အပါယ်၄-ပါးမှာ ဖြစ်ရတာလဲ "ဘဝပစ္စယာ ဓာတိ" လို့ ဟောထားတဲ့ အတိုင်း ကမ္မဘဝကြောင့် ဘဝအသစ်ဖြစ်ပေါ်မှု ဓာတိပဲ၊ ကုသိုလ်ကံကြောင့် လူ့ဘဝ နတ်ဘဝမှာ ဖြစ်ရတာလဲ ကမ္မဘဝကြောင့် ဘဝအသစ်

http://www.dhammadownload.com

ဖြစ်ပေါ်မှု ဇာတိပဲ။ အဲဒါကို ဆောင်ပုဒ်မှာ "ဖဿ ၆-ဖြာ ဝေဒနာကြောင့်၊ တဏှာ ၆-တန်၊ ဥပါဒါန်နှင့် ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍၊ ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ"လို့ ဆိုထားပါတယ်။

အာရုံ ၆-မျိုးနဲ့ တွေ့ထိပြီး ခံစားရတဲ့အတွက် အဲဒီ အာရုံ ၆-မျိုးနဲ့စပ်ပြီး တပ်မက်သာယာတဲ့ တဏှာ ၆-မျိုး ဖြစ်ပေါ် လာပါတယ်၊ အဲဒီ တဏှာက ရင့်လာတော့ စွဲလမ်းမှုဥပါဒါန် ဖြစ်လာတယ်၊ အဲဒီ စွဲလမ်းမှုကြောင့် စွဲလမ်းတဲ့အတိုင်း ပြည့်စုံအောင် အကုသိုလ် အမှု, ကုသိုလ်အမှုတွေကို ပြုလုပ်တယ်၊ အဲဒီလို ပြုလုပ်တာဟာ ဘဝသစ် တစ်ဖန် ဖြစ်ဖို့ရန်အတွက် အကြောင်းကံ တစ်ဆင့်တိုးတက်လာပြန်တာပဲ၊ ဒါကြောင့် "ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍"လို့ ဆိုထားပါတယ်။

ရှေးဘဝက အဝိဇ္ဇာ သခ်ါရ အစရှိသော အကြောင်းကြောင့် ယခု ဘဝ၌ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုးတရား ငါးပါးဖြစ်နေရာမှာ နောက်ထပ်တစ်ဖန် ဘဝသစ်ဖြစ်ဖို့ရာ တဏှာနဲ့ဥပါဒါန် အရင်းခံပြီး ကံအသစ် နောက်ထပ် တိုးလာပြန်ပြီလို့ ဆိုလိုပါတယ်၊ ဥပမာအားဖြင့် ရာဇဝတ်ပြစ်မှု တစ်ခုကြောင့် ထောင်ကျနေရာမှာ ပြစ်မှုတစ်ခုကို ထပ်ပြီး ကျူးလွန်မိတာနဲ့လဲ တူပါတယ်၊ တစ်နည်း အားဖြင့် ကြွေးတင်နေတဲ့သူဟာ ကြွေးဟောင်းကို ဆပ်လို့မမပြေလည်သေးခင် နောက်ထပ် ကြွေးသစ် ယူရတာနဲ့လဲ တူပါတယ်။

ဒီလိုကံ အသစ်တွေက တစ်ဘဝ တစ်ဘဝ အတွင်းမှာ နောက်ထပ် ဖြစ်တာတွေဟာ သိန်း သန်းမက အများကြီး ရှိပါတယ်၊ အဲဒီ ကံတွေထဲမှာ အကြောင်းညီညွတ်လျှင် တစ်ခုသော ကံက ယခု ဘဝသေခါနီးမှာ ထင်ပေါ်လာပြီးတော့ ဘဝသစ်ကို ဖြစ်စေတယ်၊

http://www.dhammadownload.com

ကျန်တဲ့ ကံတွေကတော့ နောက်ဘဝ တွေမှာ အကြောင်းညီညွတ်တဲ့ အခါ ဘဝသစ်ကံ ဖြစ်စေလိမ့် မယ်၊ ရှေးဘဝတွေမှ ကံကြွင်းတွေက အားကြီးလို့ရှိရင် ယခုဘဝ ကံက အကျိုးပေးခွင့်မရဘဲ အဲဒီရှေးကံကပဲ သေခါနီးမှာ ထင်ပေါ်လာပြီး ဘဝသစ်ကို ဖြစ်စေတယ်၊ အဲဒီလိုကံ သစ်ကြောင့် ဘဝသစ် ဖြစ်ရပြန်တယ်ဆိုတာကို ရည်ပြီးတော့ "ကံ ဆင့်လောင်း၍ ဆိုးကောင်းဘဝ ဖြစ်ရပြန်ရာ"လို့ ဆိုထားပါတယ် အကုသိုလ် ကံသစ်က အခွင့်သင့်လို့ အကျိုးပေးရင် ငရဲ, တိရိစ္ဆာန်, ပြိတ္တာ, အသုရကာယ် ဆိုတဲ့ အပါယ် ဘဝဆိုးတွေ ဖြစ်ရလိမ့်မယ်၊ ကုသိုလ်ကံသစ်က အကျိုးပေးရင် လူ့ဘဝ, နတ်ဘဝ ဆိုတဲ့ ဘဝ ကောင်းတွေ ဖြစ်ရလိမ့်မယ် ဒီနေရာမှာ ကံက အကျိုးပေးပုံကို ကံ ၄-ပါးနဲ့ ခွဲပြီး ပြောဦးမယ်။

ကံ ၄-ပါး

အကျိုးပေးပုံ အစဉ်အားဖြင့် ကံ ဆိုတာ ဂရုကံ, ဗဟုလ ကံ, အာသန္နကံ, ကဋတ္တာကံ-လို့ ၄-ပါးရှိပါတယ်၊ ဂရုကံဆိုတာ အကုသိုလ် ဘက်ကဆိုလျှင် မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပာဒက, သံဃဘေဒက ဆိုတဲ့ ကံကြီး ငါးပါးပါပဲ၊ ကုသိုလ်ဘက်က ဆိုလျှင်တော့ ရူပ, အရူပ ကုသိုလ်ကံ တွေပါပဲ၊ ဒီဂရုကံရှိနေလျှင် တခြားကံက အကျိုးမပေးနိုင်တော့ဘူး ဒီဂရုကံ ကဘဲ ဘဝသစ် အကျိုးကို ပေးတယ်၊ အဲဒီ ဂရုကံ တွေထဲမှာ ရူပ, အရူပစျာန် ကုသိုလ်ဆိုတဲ့ ဂရုကံတွေရှိနေလျှင် အဲဒီ စျာန်ကုသိုလ်ကံ ကဘဲ ရူပ ဘဝ, အရူပဘဝသစ်ကို ဖြစ်စေတယ်၊ အဲဒီ စျာန်ကံ အကြောင်းကိုတော့ တော်တော်ကြာမှဘဲ ပြောရမယ်။

အကုသိုလ်ဂရုကံကြီးတွေ ရှိနေတဲ့သူမှာတော့ စျာန်မဂ်ဖိုလ် တရားထူးတွေကိုလဲ မရနိုင်ဘူး၊ သေသည်၏ အခြားမဲ့မှာလဲ အဲဒီ

http://www.dhammadownload.com

အကုသိုလ် ဂရုက်ကဘဲ ငရဲဘဝကို ဖြစ်စေတယ်၊ ဒါကြောင့် အဲဒီ ကံကြီးတွေကို "ပဋ္ဌာနန္တ ရိယက်"လို့လဲ ခေါ်ပါတယ်၊ သေသည်၏ အခြားမဲ့မှာ ငရဲဘဝသို့ မုချရောက်စေတတ်တဲ့ ကံကြီးငါးပါးလို့ ဆိုလိုပါတယ်၊ အဲဒီ ငါးပါးထဲက မာတုဃာတကက်ဆိုတာ အမိရင်းကို သတ်တဲ့ ကံပဲ၊ ပိတုဃာတကက် ဆိုတာ အဘအရင်းကို သတ်တဲ့ ကံပဲ၊ အဲဒီလိုသတ်ရာမှာ အမိ အဘမှန်း သိပြီး သတ်သည် ဖြစ်စေ, မသိလို့ ရန်သူထင်မှတ်ပြီး သတ်သည်ဖြစ်စေ အမိ အဘ အရင်းတွေ သေသွားလျှင် မာတု ဃာတကက်, ပိတုဃာတကက် ထိုက်တော့တာပဲ၊ အဲဒီပုဂ္ဂိုလ်ဟာ ဒီဘဝမှာ ဈာန်မဂ်ဖိုလ်တရားကို မရနိုင်တော့ဘူး၊ သေသည်၏ အခြားမဲ့မှာလဲ ငရဲကို မုချရောက်ရတော့မှာပဲ၊ ဘယ်လို ကုသိုလ်ကံကမျှ မကယ်နိုင်တော့ဘူး၊ အဲဒါကို အဇာတသတ်မင်း ဝတ္ထုဖြင့် သိနိုင်ပါတယ်။

အဇာတသတ်မင်း ဝတ္ထု

အဇာတသတ်မင်းဆိုတာ မာဂဓတိုင်းပြည်ရာဇဂြိုဟ်မြို့မှာ ထီးနန်း စိုက်ထူပြီးနေတဲ့ ဗိမ္ဗိသာရမင်းကြီး၏ သားတော်ဖြစ်ကြောင်း အများလဲ သိကြပြီးဖြစ်ပါတယ်၊ အဲဒီ ဗိမ္ဗိသာရမင်း ကြီးဆိုတာ သာမန်ပုဂ္ဂိုလ် မဟုတ်ပါဘူး၊ မြတ်စွာဘုရား ရာဇဂြိုဟ်မြို့ကို ပထမကြွလာစဉ်က တစ်သိန်းနှစ်သောင်းသော လူထု ပရိသတ်နှင့် ခရီးဦးကြိုဆိုပြီး တရားနာလို့ သောတာပန်လဲ ဖြစ်နေတယ်၊ ဝေဠုဝန်ခေါ်တဲ့ ဥယျာဉ် တော်ကြီးကိုလဲ ကျောင်း အဖြစ်ဖြင့် သီတင်းသုံးရန် မြတ်စွာဘုရားအား လှူတယ်၊ ဒါ ကြောင့် မြတ်စွာဘုရား၏ ကျောင်းဒကာ, ပစ္စည်းလေးပါး ဒကာကြီးလဲ ဖြစ်တယ်၊ သူ့သားတော်ကို အဇာတသတ်လို့ ခေါ်တာ ကတော့ မမွေးခင်ကတည်းက မင်းကြီး၏ရန်သူ ဖြစ်လိမ့်မယ်လို့ နိမိတ်ဖတ် ဟောကြားထားတဲ့အတွက်ခေါ်ခြင်း ဖြစ်ပါတယ်။

http://www.dhammadownload.com

အဲဒီလိုဖြစ်ပုံကတော့ အဲဒီမင်းသား ကိုယ်ဝန်ရှိစဉ်မှာ မယ်တော်မိဖုရားကြီးအား မင်းကြီး၏ လက်ယာလက်မောင်းသွေးကို သောက်လိုတဲ့ တောင့်တခြင်း(ချင်ခြင်း)ဖြစ်ပါတယ်၊ ဒါပေမယ့် မိဖုရားကြီးက "အင်မတန် ဝန်လေးတဲ့ မသင့်လျော်ရာမှာ ချင်ခြင်းဖြစ်ပါတယ်၊ မပြောသင့်ဘူး"လို့ ယူဆပြီး လျှို့ဝှက်ထားတယ်၊ ချုပ်တည်းသည်းခံပြီးနေတယ်၊ ဒါနဲ့တဖြည်းဖြည်းချင်း မိဖုရားကြီးဟာ ပိန်ချုံးကျလာတယ်၊ အဲဒါကို မြင်ရတော့ ပိန်ချုံးရခြင်း၏အကြောင်းကို မင်းကြီးက မေးတယ်၊ ဒီအကြောင်း မမေးပါနဲ့လို့ မိဖုရားကြီးက တားမြစ်ပြီး မပြောဘဲ နေတယ် ရှင်မိဖုရား...သင်ဟာ ငါ့ကိုမှ မပြောရင် ဘယ်သူ့ကို ပြောမှာလဲ၊ လို့ မေးတော့မှ မလွှဲသာလို့ ထုတ်ဖော်ပြီး ပြောရတယ်။

အဲဒီလိုပြောတဲ့အခါကျတော့ "ဟဲ့ အမိုက်မ...ဒီနေရာမှာ ဝန်လေးတယ်လို့ သင်ဘာကြောင့် ထင်မှတ်နေသလဲ၊ ဝန်မလေးပါဘူး"လို့ ဆိုပြီး ဆေးဆရာခေါ်တယ်၊ လက်မောင်းသွေးကို ထုတ်စေပြီး ရေနဲ့ ရောတိုက်တယ်။ အဲဒီအကြောင်းကို ကြားသိရတော့ နိမိတ် ဖတ်ကြားတဲ့ သူတွေက "မိဖုရားကြီးရဲ့ ဝမ်းထဲမှာ ရှိတဲ့သူငယ်ဟာ မင်းကြီး၏ ရန်သူ ဖြစ်လိမ့်မယ်၊ မင်းကြီးကိုသတ်လိမ့်မယ်"လို့ နိမိတ် ဖတ်ကြားကြတယ်။ အဲဒါကို အကြောင်းပြုပြီး မင်းသားကို "အဇာတသတ္တု"လို့ ပါဠိလို ခေါ်ကြပါတယ်။ အဇာတ၊ မမွေးခင်ကတည်းက+သတ္တု၊ ခမည်းတော်မင်းကြီးရဲ့ ရန်သူ–နှစ်ပုဒ်ပေါင်းလိုက်တော့ "မမွေးခင်ကတည်းက ရန်သူ ဖြစ်နေတယ်"လို့ ဆိုလိုပါတယ်၊ အဲဒီမှာ အဇာတသတ္တုဆိုတဲ့ ပါဠိကို "အဇာတသတ်"လို့ မြန်မာလို ပြန်ဆိုထားပါတယ်။

မိဖုရားကြီးက ငါ့ဗိုက်ထဲက သားဟာ မွေးလာရင် မင်းကြီးကို သတ်လိမ့်မယ်၊ ကိုယ်ဝန်ပျက်အောင် လုပ်မယ်လို့ ကြံပြီးတော့

http://www.dhammadownload.com

ဥယျာဉ်ကို သွားသွားပြီး ဝမ်းဗိုက်ကို နှိပ်နယ်စေပါတယ်၊ ဒါပေမဲ့ မင်းကြီရဲ့ကံနဲ့ သူ့ အကြောင်းကံက အားကြီးနေတော့ ကိုယ်ဝန်က မပျက်ဘူး။ ဥယျာဉ်ကို သွားသွားပြီး ကိုယ်ဝန်ပျက်အောင် နှိပ်နယ်စေတယ်ဆိုတဲ့ အကြောင်းကို မင်းကြီးက ကြားသိရတော့ "ရှင်မိဖုရားရေ...ကိုယ့်ဗိုက်ထဲက သူငယ်ဟာ သားရယ်, သမီးရယ်–လို့ အတပ်မသိပါဘဲနဲ့ ဒီလို မလုပ်ပါနဲ့ကွယ်၊ မကောင်းသတင်း ကျော်ကြားသွားပါလိမ့်မယ်"လို့ ပြောပြီးတားမြစ်ပါတယ်၊ အဲဒီလို မလုပ်ရအောင် အစောင့်အရှောက်လဲ ပေးထားပါတယ်။ ဒီလိုနဲ့ ဖွားမြင်ပြီး အရွယ်ရောက်လာတဲ့အခါမှာ အဇာတသတ်မင်းသားကို အိမ်ရှေ့မင်း အဖြစ် ပေးထားပါတယ်။

အရှင်ဒေဝဒတ်ဆိုတာ အများပဲ ကြားဖူးကြပါတယ်၊ အဲဒီ အရှင်ဒေဝဒတ်က အဇာတသတ်မင်းသားကို ဒီလို တန်ခိုးပြတယ်၊ သူ့ကိုယ်ကို သူငယ်ကလေး အသွင် အဘိညာဉ် တန်ခိုးဖြင့် ဖန်ဆင်းပြီးတော့ သူ့ခါးမှာ မြွေကိုပတ်ပြီး အဇာတသတ် မင်းသားရဲ့ ရင်ခွင်ထဲမှာ ဝင်ထိုင်တယ်၊ ဒီတော့ အဇာတသတ် မင်းသားဟာ အလွန်ကြောက်လန့်သွားတယ်၊ အဲဒီအခါ အရှင် ဒေဝဒတ်က "မင်းသားကလေး...ကြောက်သလား"လို့ မေး တယ်၊ ကြောက်ပါတယ်၊ သင်ဘယ်သူလဲလို့ မေးတော့"ငါဟာ ဒေဝဒတ်ရဟန်းပဲ"လို့ ပြောပါတယ်၊ အရှင်ဒေဝဒတ်ဆိုရင် ရဟန်းအသွင်နဲ့ပဲ တည်နေပါလို့ ဆိုတော့ မင်းသားရဲ့ ရှေ့မှာ အရှင်ဒေဝဒတ်က ရဟန်းအသွင်နဲ့ ပကတိအတိုင်းပင် ရပ်တည် နေပါတယ်၊ အဲဒီလို တန်ခိုးပြတာကို မြင်ရတဲ့အတွက် အဇာ တသတ်ဟာ အရှင်ဒေဝဒတ်ကို အလွန်အမင်း ကြည်ညိုသွားပါတယ်။

ဟုတ်တယ်၊ လူတွေကတန်ခိုးပြတာကို သိပ်သဘောကျတယ်၊ ယခုကာလမှာ မော်ဆရာတွေ ဂိုဏ်းဆရာတွေက အလူးအဆန်း

http://www.dhammadownload.com

တစ်ခုလောက်ပြလိုက်ရင် သိပ်ယုံကြည်တတ်ကြတယ်၊ အကြား အမြင်သဘောကလေး တစ်ခုလောက် ကြားသိရရင်လဲ သိပ် ယုံကြည်တတ်ကြတယ်၊ ဒါကြောင့် အဓာတသတ်မင်းသားလဲအရှင်ဒေဝဒတ်ကို အလွန်ကြည်ညိုပြီး နေ့စဉ် နံနက်တစ်ကြိမ် ညနေတစ်ကြိမ် အခြေအရံ ရထားငါးရာနဲ့ အရှင်ဒေဝဒတ်ထံ သွားရောက် ဆည်းကပ်တယ်၊ သြဝါဒခံတဲ့သဘောပါပဲ၊ အဲဒီလို ရင်းရင်းနှီးနှီး ဆည်းကပ်တဲ့အခါ တစ်နေ့ကျတော့ အရှင်ဒေဝဒတ်က ဒီလို သြဝါဒပေးသတဲ့...။

ကုမာရ၊ မင်းသား။ ပုဗ္ဗေ၊ ရှေးကာလ၌။ မနုဿာ၊ လူတို့သည်။ ဒီဃာယုကာ၊ အသက်ရှည်ကုန်၏။ ဧတရဟိ၊ ယခုအခါ၌မူ။ အပ္ပာယုကာ၊ အသက်တိုကုန်၏။ (အသက်တိုတဲ့ အတွက် သင့်ခမည်းတော် နတ်ရွာစံပြီးမှ မင်းဖြစ်ရမယ် ဆိုရင် အဘိုးအိုကြီး ဖြစ်နေလိမ့်မယ် စည်းစိမ်ခံဖို့ အချိန်မရှိတော့ဘဲ ဖြစ်နေလိမ့်မယ်လို့ ဆိုလိုပါတယ်။) တေနဟိ၊ ထိုအကြောင်းကြောင့်။ ကုမာရ၊ မင်းသား။ တွံ၊ သင်သည်။ ပိတရံဟန္တာ၊ ဖခင်မင်းကြီးကိုသတ်၍။ ရာဇာဟောဟိ၊ မင်းလုပ်ပါ။ အဟံ၊ ငါသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဟန္တာ၊ သတ်၍။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿာမိ၊ ဖြစ်အံ့။ သင်ကခမည်းတော် မင်းကြီးကိုသတ်ပြီး မင်းလုပ်၊ ငါကလဲ ဘုရားကိုသတ်ပြီး ဘုရား လုပ်မယ်လို့ ဒီလို သြဝါဒပေးသတဲ့။

တယ် ကြောက်စရာကောင်းတဲ့ သြဝါဒပဲ၊ ဗာလခေါ်တဲ့ လူမိုက် ဆိုတာ ဒီလို မတော်တဲ့ သြဝါဒကို ပေးတတ်တာပဲ၊ လူမိုက်တွေရဲ့ အမြင်နဲ့ ကြည့်ရင်တော့ မျက်မှောက် လက်ငင်း ကြီးပွားချမ်းသာရေးကို ညွှန်ကြားတဲ့အတွက် သဘာဝကျတယ် လို့ထင်မှာပဲ၊ ယခုခေတ်မှာလဲ နောင်သံသရာကို လုံးဝပယ်ပြီး မျက်မှောက်အကျိုးလောက်သာ ယုံကြည်တဲ့သူတွေက ဒီဝါဒကို ထောက်ခံကြကောင်း ထောက်ခံကြပေ

http://www.dhammadownload.com

လိမ့်မယ်၊ ဒါကြောင့်ပဲ ယခုခေတ်မှာ ဒီလိုသြဝါဒကို ပေးတဲ့သူကပေး, ယုံတဲ့သူကယုံပြီး အဇာတသတ်လက်သစ်တွေ ပေါ်နေကြတာပဲ။

ဒါပေမယ့် အဇာတသတ် မင်းသားကတော့ ကုသိုလ်က်, အကုသိုလ်ကံနဲ့ နောင်သံသရာကို မပယ်ပါဘူး၊ ယုံကြည်မှုရှိပါတယ်၊ ဒါကြောင့် "အဘကိုဓားဖြင့် မသတ်ကောင်းဘူး မဟုတ်ပါလား"လို့ သူက ဆရာဒေဝဒတ်ကို မေးပါသေးတယ်၊ ဒါပေ မယ့် အရှင်ဒေဝဒတ်ကို သူက အကြွင်းမဲ့ ယုံကြည်ထားတယ်၊ အရှင်ဒေဝဒတ် မသိတာမရှိဘူး၊ အကုန်လုံးသိတယ်လို့ ယုံကြည် ထားတယ်၊ ဒါကြောင့် အရှင်ဒေဝဒတ်၏ သြဝါဒအတိုင်း ဖခင် မင်းကြီးကိုသတ်ရန် ကြိုးစားတယ်၊ အဲဒီလိုကြိုးစားရာမှာ လက်နက်နှင့်တကွ ဖမ်းမိလို့ မင်းကြီးထံ တင်ပြကြတယ်၊ အဲဒီအခါ "သားတော်...ငါ့ကို ဘာကြောင့် သတ်ချင်ရသလဲ" လို့ မင်းကြီးက မေးတယ်၊ မင်းဖြစ်ချင်လို့ပါလို့ မင်းသားက ဖြေတယ်။ ဒီတော့ မင်းကြီးက အဇာတသတ်ကို မင်းအဖြစ် ပေးလိုက်ပါတယ်။

ဒါပေမယ့် သူ့ဆရာ အရှင်ဒေဝဒတ်က "ဒီလို မင်းအဖြစ်ကို လွှဲပြောင်းပေးရုံနဲ့ စိတ်မချရသေးဘူး၊ မကြာခင် သင့်အဘက ပြန်ပြီး မင်းလုပ်လိမ့်မယ်၊ အမြစ်ပြတ် သတ်ရမယ်"လို့ ညွှန်ကြား ပြန်ပါတယ်၊ ဒီတော့ အဇာတသတ်က "အဘကို ဓားဖြင့် မသတ်ကောင်းဘူး မဟုတ်ပါလား"လို့ ခုတင်က ပြောခဲ့တဲ့အတိုင်း ပြန်ပြီး မေးပါတယ်၊ အစာဖြတ်ပြီး သတ်ဖို့ အရှင်ဒေဝဒတ်က ညွှန်ကြားတယ်၊ အဲဒီ ညွှန်ကြားချက်အရ အဇာတသတ်က ခမည်းတော်မင်းကြီးကို အကျဉ်းထောင်ထဲ ချထားတယ်၊ မယ်တော်ကြီးမှတစ်ပါး မည်သူမျှ မဝင်စေရ–လို့ လဲ အမိန့်ထုတ်ထားတယ်။

ဒီတော့ မယ်တော်မိဖုရားကြီးက ရွှေထမင်းအုပ်ကို ခါးပိုက်ထဲမှာထည့်ပြီး မင်းကြီးထံဝင်တယ်၊ မင်းကြီးဟာ အဲဒီ မိဖုရားကြီး

http://www.dhammadownload.com

ယူလာတဲ့ထမင်းနဲ့ မျှတပြီး နေရရှာတယ်၊ နောက်တော့ အဲဒီလိုခါးပိုက်ထဲထည့်ပြီးမဝင်ဖို့ အမိန့်ထုတ်ပြန်တယ်၊ ဒီတော့ မိဖုရားကြီးက ဆံထုံးထဲထည့်ပြီး ဝင်ပြန်တယ်၊ အဲဒါကိုလဲ တားမြစ်ပြန်တော့ ရွှေခြေနင်းဖိနပ်ထဲ ထည့်ပြီး ဝင်ပြန်တယ်၊ အဲဒါကိုလဲ တားမြစ်ပြန်တော့ နံ့သာရေနဲ့ စင်ကြယ်အောင် ရေချိုးပြီးတော့ ကိုယ်မှာ စတုမဓူနဲ့ လိမ်းကျံပြီး ဝင်ပြန်တယ်၊ မင်းကြီးလဲ မိဖုရားကြီးရဲ့ကိုယ်မှစတုမဓူကို လျှာနဲ့လျက်ပြီး မျှတနေပြန်တယ်၊ အဲဒါကိုလဲ ကြားသိရတော့ မယ်တော်မိဖုရားကြီးအား ဝင်ခွင့်မပြုရန် အမိန့်ပေးလိုက်ပါတယ်၊ အဲဒီအခါမှာ မိဖုရားကြီးလဲ ဝင်ခွင့်မရတာနဲ့ တံခါးဝကရပ်ပြီး နောက်ဆုံး စကားကို ဒီလို ပြောကြားလိုက်ပါသတဲ့။

သာမိဗိမ္ဗိသာရ အရှင်ဗိမ္ဗိသာရရေ။ ဧတံ ဤသားမိုက်ကို။ ဒဟရကာလေ၊ ငယ်စဉ်ကာလတုန်းက။ မာရေတဲ့ နု အဒါသိ၊ သတ်ဖို့ အခွင့်မပေးခဲ့ချေ။ အတ္တနော သတ္တုံ၊ မိမိ၏ရန်သူကို။ အတ္တနာဝ ပေါသေတိ၊ မိမိကိုယ်တိုင်ပင် မွေးမြူခဲ့ဘိ၏။ ဒါနိ၊ ယခုအခါ၌။ ဣဒံ၊ ဤတွေ့မြင်ရခြင်းသည်။ တေ၊ သင် မင်းကြီးကို။ ပစ္ဆိမဒဿနံ နောက်ဆုံး ဖူးမြင်ရခြင်း ဖြစ်ပါတော့သည်။ ဣတောပဋ္ဌာယ၊ ယခုအခါမှစ၍။ အဟံ၊ ကျွန်မသည်။ တုမှေ၊ အသင်မင်းကြီးကို။ ပဿိတုံ နု လဘာမိ၊ ဖူးမြင်ခွင့် မရတော့ပါ။ မယုံ ဒေါသော၊ ကျွန်မ၏အပြစ်သည်။ သစေ အတ္တိ၊ အကယ်၍များ ရှိခဲ့ငြားအုံ့။ ခမထ ဒေဝါတိ၊ သည်းခံတော်မူပါ အရှင်မင်းကြီး ဟူ၍။ ရောဒိတွာ ကန္ဒိတွာ ငိုကြွေးမြည်တမ်း၍။ နိဝတ္တိ၊ ပြန်သွားရှာ လေတော့သတည်း တဲ့။

အဲဒါဟာ မိဖုရားကြီး ငိုချင်းချပြီး ပြန်သွားပုံကို ပြဆိုထားတဲ့ အဋ္ဌကထာ စကားပါပဲ၊ လေးလေးနက်နက် စဉ်စားကြည့်ရင်

http://www.dhammadownload.com

အတော်ကို ရင်နင့်စရာ ကောင်းပါတယ်၊ အဲဒီနေ့ကစပြီး မင်းကြီးမှာ အစာအဟာရ ပြတ်တော့တာပဲ၊ ဒါပေမယ့် မဂ်ဖိုလ် ချမ်းသာနဲ့ စက်ကြီးလျှောက်နေတဲ့အတွက် နေသာထိုင်သာ မျှတပြီး နေသတဲ့၊ စက်ကြီးလျှောက်နေလို့ မျှတနေတယ်ဆိုတာကို ကြားရပြန်တော့ အဓာတသတ်မင်းက စက်ကြီ မလျှောက်နိုင်အောင် ဒီလို အမိန့်ပေးလိုက်သတဲ့။

မယ့် ပိတု၊ ငါ့ခမည်းတော်၏၊ ပါဒေ၊ ခြေဖဝါးတို့ကို။ ခုရေနဖာလေတွာ၊ သင်ဓုန်းဖြင့် ခွဲ၍။ လောနတေလေန မက္ခေတွာ၊ ဆားနှင့်ရောသော ဆီဖြင့်လိမ်းကျံ၍။ ခဒိရင်္ဂါ ရေဟိ ဝိတစ္ဆိ ကေဟိ ပစထ၊ မိလ္ဝ ကင်းသော ရှားမီးကျီးတို့ဖြင့် ကင်မြိုက်ကြလေ-လို့ အမိန့်ပေးပြီး ဆတ္တာသည်တွေကို စေလွှတ်လိုက်ပါသတဲ့။ (ဒီ ဋ္ဌ ၁-၁၂၅)

ဆတ္တာသည်တွေလဲ အဓာတသတ်မင်း၏ အမိန့်အတိုင်း မင်းကြီးထံ သွားရောက်ပြီး ခြေဖဝါးတွေကို သင်ဓုန်းဓားနဲ့ အမြှောမြှောလိုးခွဲ ဆားနဲ့ရောသော ဆီနဲ့လိမ်းကျံပြီး ရှားမီးကျီးနဲ့ မီးမြိုက်ကြ ကင်ကြပါတယ်၊ ဗိမ္ဘိသာရမင်းကြီးမှာ အကြီးအကျယ် ဒုက္ခဝေဒနာတွေ ဖြစ်ပြီး နတ်ရှာစံ ကဲတော်ကုန်သွား ရှာပါတယ်၊ မင်းကြီး သောတာပန်ဖြစ်တဲ့အတွက် သေဆုံးခါနီးအထိ ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တွေကို အောက်မေ့ရင်း စုတိစိတ်ကျ ပြီး စတုမဟာရာဇ်နတ်ပြည်မှာ ဇနဝသဘမည်သော နတ်ဘီလူး မင်း ဖြစ်သွားပါသတဲ့။ အဲဒီမှာ ခြေဖဝါးဓားနဲ့အခွဲခံရခြင်း အကြောင်းကို အဋ္ဌကထာ (ဒီ ဋ္ဌ၊ ၁-၁၂၆)မှာ ဒီလို ပြထားပါတယ်။

ရာဓာ၊ ဗိမ္ဘိသာရမင်းသည်။ ပုဗ္ဗေ၊ ရှေးဘဝ၌၊ စေတီ ယဂ်ဏော၊ စေတီရင်ပြင်၌။ သဉ္ဇပါဟနော၊ ဖိနပ်စီးလျက်။ အဂ မာသိ ကိရ၊

http://www.dhammadownload.com

သွားဖူးသတဲ့။ (ဒါလဲ အကြောင်းတစ်ခုလို့ ဆိုလိုပါတယ်။) နိသဇ္ဇ နတ္ထာယ-(ဘိက္ခုသံဃနိသီ-ဒနတ္ထာယ) ပညတ္တ ကဌသာရကဠ၊ ရဟန်း သံဃာတော်တို့ ထိုင်ဖို့ ခင်ထားသော သင်ဖျာကိုလည်း။ အဓောတေဟိ ပါဒေဟိ၊ မဆေးအပ်သော ခြေတို့ဖြင့်။ အက္ကမိ ကိရ၊ နင်းခဲ့ဖူးသတဲ့။ အယံ၊ ဤ ခြေဖဝါးကို ဓားဖြင့် အခွဲခံရခြင်းသည်။ တဿ၊ ထို စေတီရင်ပြင်၌ ဖိနပ်စီးခဲ့ခြင်း, ရဟန်းသံဃာတို့ ထိုင်ဖို့ ခင်ထားသော သင်ဖျာကို ခြေမဆေးပဲ နင်းခဲ့ခြင်းဟူသော မကောင်းမှု ၏။ နိဿန္ဓောကိရ။ အကျိုးဆက် ဖြစ်သတဲ့။ ကျတိ၊ ဤသို့။ ဝဒန္တိ၊ ရှေးဆရာတို့က ဆိုကြပါတယ်တဲ့။ (ဒါဟာ ဘုရားစကားဟော့ မဟုတ်ဘူး၊ ရှေးဆရာတို့၏ စကားပဲလို့သာ မှတ်ကြရမယ်။)

အဲဒီတုန်းက ဗိမ္ဗိသာရမင်းကြီးဟာ ဘယ်အရွယ်ရှိနေသလဲ ဆိုလျှင် ၆၇-နှစ်အရွယ်ရှိနေပြီလို့ ယူဆရပါတယ်၊ ဒီလို ယူဆ နိုင်ခြင်းရဲ့ အကြောင်းကတော့ အဇာတသတ်မင်း၏ နန်းသက်ကို မြတ်စွာဘုရား ပရိနိဗ္ဗာန်မစံမီက ရှစ်နှစ်၊ ပရိနိဗ္ဗာန် စံပြီးတဲ့ နောက် ၂၄-နှစ်လို့ ပြဆိုထားပါတယ်၊ ဒါကြောင့် အဇာတသတ်မင်း နန်းတက်တာဟာ မြတ်စွာဘုရား အသက်တော် ၇၂-နှစ်ခန့်က ဖြစ်တယ်လို့ သိရပါတယ်၊ ဗိမ္ဗိသာရမင်းကလဲ မြတ်စွာဘုရားထက် ၅-နှစ်ငယ်တယ်လို့ ဆိုပါတယ်၊ ဒါကြောင့် သူ၏အသက်အရွယ်ကို ၆၇-နှစ်လို့ ယူဆရပါတယ်၊ ၆၇-နှစ် ဆိုတော့ တော်တော် အိုမင်း နေပါပြီ၊ သူ့သား အဇာတသတ် ဆိုတာလဲ ငယ်လှတော့မယ် မဟုတ်ပါဘူး၊ နောက်ပြီးတော့ အဇာတသတ်မင်းဟာ ပကတိအားဖြင့် ဆိုးသွမ်းတဲ့သူ မဟုတ်ပါဘူး၊ အင်မတန် စိတ်နှလုံးကောင်းတဲ့သူ ဖြစ်ပါတယ်၊ အဲဒါ ဟာ ခမည်းတော်မင်းကြီးကို ပြစ်မှားပြီးတဲ့နောက် လပိုင်းလောက် အတွင်းမှာဘဲ မြတ်စွာဘုရားထံ ဆည်းကပ်ပြီး ရိုရိုသေသေ လေးလေးစားနဲ့ ကြည်ညိုပုံ, ဘုရား ဓာတ်တော်များကို

http://www.dhammadownload.com

အကြီးအကျယ်ပူဇော်ပြီး ဌာပနာပုံ, ပထမ သံဂါယနာတင်ရာ၌ အားပေးထောက်ပံ့ပုံများဖြင့် ထင်ရှားပါတယ်၊ ဒါပေမယ့် အရှင် ဒေဝဒတ်ဆိုတဲ့ ပါပမိတ္တာနဲ့ ပေါင်းမိတဲ့အတွက် အဘကို သတ်တဲ့ ဝိတုယာတကက်ကို ကျူးလွန်းမိသည်အထိ မှားယွင်း သွားရှာတယ်၊ အဲဒါဟာ အကျိုးမဲ့ကို ညွှန်ပြတတ်တဲ့ ပါပမိတ္တာ ခေါ် မိတ်ဆွေယုတ်ကို ဆရာတင်ပြီး မမှီဝဲမိအောင်အထူး သတိ ပြုစရာအချက်ကြီး တစ်ခုပါပဲ။

အဲဒီ မိမ္ဘီသာရမင်းကြီး နတ်ရွာ စံတဲ့နေ့မှာဘဲ အဇာတသတ် မင်းရဲ့ မိဖုရားမှာ သားရတနာကို မွှားမြင်တယ်၊ အဲဒီ သားရတနာ မွှားမြင်တဲ့အကြောင်းကို အဇာတသတ်မင်းထံ သံတော်ဦးတင်တဲ့ အခါ အဇာတသတ်မင်းမှာ သားအပေါ် ချစ်စိတ်တွေ ဖြစ်လာလိုက် တာ တစ်ကိုယ်လုံးကို တုန်လှုပ်ချောက်ချားစေပြီး ရိုးတွင်းချဉ်ဆီကို ဆိုက်တည်သတဲ့၊ ဒီတော့မှ အဇာတသတ် မင်းက "သြော် ငါ မွေးမွှားတုန်းကလဲ ငါ့ဖခင်မှာ ဒီလိုဘဲ ချစ်ခြင်း ဖြစ်ပေလိမ့်မယ်"လို့ ဖခင်ရဲ့ ဂုဏ်ကျေးဇူးကို အမှတ်ရပြီးတော့ "ငါ့ခမည်းတော်ကို လွှတ်လိုက်ကြ" လို့ မင်းချင်းများကို အမိန့်ပေးသတဲ့။ ဒီတော့ "အလာကောင်းသော်လဲ အခါနှောင်းပြီ"ဆိုတာလိုဘဲ ဖခင်ရဲ့ ဂုဏ်ကျေးဇူးကို အမှတ်ရတာကတော့ ကောင်းပါရဲ့၊ ဒါပေမယ့် ခမည်းတော်ကြီးမှာ နတ်ရွာ စံသွားရှာပြီ ဖြစ်သောကြောင့် အချိန်က နှောင်းသွားပြီ ဆိုတဲ့အကြောင်းကို အမတ်များက လျှောက်ကြား ကြတယ်။

ဒီတော့မှ အဇာတသတ်မင်းဟာ ယူကျုံးမရဖြစ်ပြီး ငိုကြွေး မြည်တမ်းကာ မယ်တော်ကြီးထံသွားပြီး "မိမိ မွေးမွှားစဉ်အခါ တုန်းက ခမည်းတော်မှာ ချစ်ခြင်းများဖြစ်ပါရဲ့လား"လို့ မေးပါတယ်၊ ဒီတော့ မယ်တော်ကြီးက "ဟဲ့–သားမိုက် . . . ဘယ့် နယ်ပြောတာလဲ၊

http://www.dhammadownload.com

သင် ငယ်စဉ်တုန်းကလေ သင့် လက်ညှိုးမှာ အမာအပုပေါက်တယ်၊ သင်ဟာ နာလွန်းလို့ တင်ိုတည်း ငို နေတယ်၊ ဈေးလို့ မရဘူး၊ ဒါနဲ့ သင့်ဓမည်းတော်မင်းကြီး တရားစီရင်နေရာ ရုံးစန်းကို ချီဆောင်သွားကြတယ်၊ အနာသက်သာအောင်လို့ ဓမည်းတော်မင်းကြီးက သင့် လက်ညှိုးကို ပါးစပ်နဲ့ငုံထားတယ်၊ အဲဒီလိုငုံထားတုန်းမှာဘဲ အနာက ပြည်ပေါက်သွားတယ်၊ အဲဒီ ပြည်ပုပ် သွေးပုပ်တွေကို ထွေး မပစ်ဘဲ သင့်ဓမည်းတော်ဟာ မျိုချရှာတယ်၊ သင့်ဓမည်းတော်ဟာ သင့် အပေါ်မှာ ဒီလောက်အထိ အချစ်ကြီးခဲ့ရှာတယ်ကွယ် သား ဖိုက်ရဲ့" စသည်ဖြင့် မယ်တော်မိပုရားကြီးက မျက်ရည်စက်လက် နဲ့ ပြန်ပြောတယ်။

ဒီတော့မှ မပြစ်မှားထိုက်တဲ့ အဘဓမည်းတော်ကြီးကို ပြစ်မှားမိတဲ့အတွက် အစာတသတ်မင်းမှာအကြီးအကျယ် စိတ်နလုံးပူပန်ရတယ်၊ ဖိမ္ဘိသာရမင်းကြီးဆိုတာ သာမန်ပုဂ္ဂိုလ် မဟုတ်ဘူး၊ သောတာပန်လည်းဖြစ်တယ်၊ မြတ်စွာဘုရား၏ ကျောင်း ဒကာ, ပစ္စည်းလေးပါးဒကာ, သာသနာ့ဒါယကာကြီးလည်း ဖြစ်တယ်၊ ဒီလို ဂုဏ်ကျေးဇူးတွေ ကြီးမားတဲ့ ဓမည်းတော်ကို ပြစ်မှားမိတဲ့အတွက် အကြီးအကျယ် အလွန်အကဲ စိတ်ပူပန် ရတယ်၊ စိတ်ပူပန်ရရုံတွင် မကသေးဘူး၊ အိပ်ပြန်ရင်လဲ မေးမေး မေးမေးနဲ့ အိပ်ပျော်စပြုလိုက်ရင် ငရဲနိမိတ်တွေက ပေါ်လာကြ တယ်၊ ငရဲထိန်းတွေက လုံ တွေနဲ့ ဝိုင်းထိုးကြသလို ထင်ပြီး အလန့်တကြား နိုးလာတယ်၊ အိပ်လို့ကိုမရပဲ ဖြစ်နေသတဲ့၊ ပထမတုန်းကတော့ ဓမည်းတော်သတ်ပြီး မင်း လုပ်လိုက်ရလျှင် အင်မတန် ပျော်ရလိမ့်မယ်၊ အင်မတန် စည်းစိမ် ရှိလိမ့်မယ်၊ အင်မတန် ချမ်းသာလိမ့်မယ်လို့ ဒီလိုမျှော်လင့်ပြီး ဓမည်းတော် မင်းကြီးကို သတ်ခဲ့တယ်၊ ဒါပေမယ့် သူ့ထင်မြင်ချက်နဲ့ အများကြီး လွဲနေတယ်၊ မူလက အိမ်ရှေ့မင်းသားအဖြစ်နဲ့ နေစဉ်

http://www.dhammadownload.com

တုန်းက တိုင်းရေး ပြည်ရေး အုပ်ချုပ်ရေးအတွက်လဲ သိပ်ပူစရာမရှိဘူး၊ နောင်သံသရာရေးအတွက်လဲ ပူစရာ မရှိဘူး၊ ကောင်းကောင်း စား, ကောင်းကောင်းအိပ်ပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ နေနိုင်ခဲ့တယ်၊ ယခု ခမည်းတော်ကိုလုပ်ကြံပြီးမှ စိတ်နလုံးမှာလဲ ယူကျုံးမရဖြစ်ပြီး ပူပန်နေတယ်။ အိပ်ပြန်ရင်လဲ ငရဲနိမိတ်တွေထင်နေတာနဲ့ ကောင်းကောင်း မအိပ်ရဘူး၊ အကြီးအကျယ် ဒုက္ခရောက်နေတယ်။

ဒါကြောင့် အဲဒီနှစ် တန်ဆောင်မုန်း လပြည့်နေ့ညမှာ ဆရာဖိုဝကကို ရှေ့ဆောင်ပြုပြီး မြတ်စွာဘုရားထံ ဆည်းကပ်ပါတယ် အဲဒီတုန်းက မြတ်စွာဘုရား၏ ပတ်ဝန်းကျင်မှာ ရဟန်းသံ ဃာတော်တွေက တစ်ထောင့်နှစ်ရာ ငါးဆယ်ခန့် ရှိပါတယ်၊ ဒီလောက် ရဟန်းတွေ များပေမယ့် ကိုယ့်တရားနဲ့ကိုယ် နလုံးသွင်း နေကြတဲ့ အတွက် အချင်းချင်း စကားပြောခြင်းလဲ မရှိဘူး၊ ကိုယ်လက်တွေ လှုပ်ရှားခြင်းလဲ မရှိဘူး၊ ချောင်းဟန့်ခြင်းတောင် မရှိဘဲနဲ့ အလွန် ငြိမ်သက်တိတ်ဆိတ်နေပါတယ်၊ အဲဒါကို တွေ့ရ တော့ အဇာတသတ် မင်းက အလွန်ပဲ ကြည်ညိုသဒ္ဓါတွေ ဖြစ် လာပါတယ်၊ ဒါကြောင့် နှုတ်က ဒီလိုတောင် ရွတ်ဆိုမိသွားသတဲ့။

မေ၊ ငါ၏။ ဥဒယဘဒ္ဒေါ ကုမာရော၊ ဥဒယဘဒ္ဒမည်သော သားသူငယ်သည်။ ဣမိနာ ဥပသမေန၊ ဤ ရဟန်းသံဃာ တော်တို့၏ ငြိမ်သက် သိမ်မွေ့ခြင်းမျိုးနှင့်။ သမန္နာဂတော ဟောတု၊ ပြည့်စုံပါစေသတည်း–လို့ ဝမ်းမြောက်ဝမ်းသာနဲ့ ရုတ်တရက် ရွတ်ဆိုမိသွားပါသတဲ့၊ အဲဒါကို ဥဒါန်းကျူးတယ် လို့ ခေါ်ပါတယ်။

ဒီလိုဥဒါန်းကျူးရာမှာ ရည်ရွယ်ချက်က ဒီလိုတဲ့၊ ငါ့သား ကြီးလာတဲ့အခါ အဖေ့အကြောင်း, အဘိုးအကြောင်းတွေကို မေးလိမ့်မယ်၊ အဘကို သတ်ပြီး နန်းတက်တယ်ဆိုတဲ့အကြောင်း

http://www.dhammadownload.com

ကြားရလို့ရှိရင် ငါလဲ အဘကိုသတ်ပြီး နန်းတက်ရမယ်လို့ ကြံစည်အားထုတ်လိမ့်မယ်ဆိုတဲ့ အကြောင်း စိုးရိမ်မကင်း ဖြစ်နေတယ်၊ ဒါကြောင့် သားဖြစ်သူ ဒီလို ငြိမ်သက်သိမ်မွေ့တဲ့ ဂုဏ် ကျေးဇူးနဲ့ ပြည့်စုံချင်တဲ့အတွက် ဒီလို ဥဒါန်းကျူးမိပါတယ်–တဲ့၊ ဒါပေမယ့် သူ့သားက ကြီးလာတဲ့အခါ သူ့ကို သတ်ပြီး နန်းတက်တာပါပဲ၊ သူ့သားတွင်တောင်မကသေးဘူး၊ သူ့ မြေး မြစ် ၃–ဆက်တိုင်အောင် သားက အဘကို သတ်သတ်ပြီး နန်းတက်ကြသေးတယ်၊ "အတုမြင် အတတ်သင်" ဆိုတာလိုပဲ ဒီဌာနုဂတိဆိုတာ အတုလိုက်ပြီး ပြုလုပ်တတ်ကြတာပဲ။

အဇာတသတ်မင်းဟာ အဲဒီလို ဥဒါန်းကျူးပြီးတဲ့နောက် သာမည ဖလ ဆိုတဲ့ ရဟန်း ပြုရခြင်း၏ အကျိုးများကို မေး လျှောက်ပါတယ်၊ မြတ်စွာဘုရားက ရဟန်းပြုရခြင်း၏ အကျိုး များကို ရဟန်းပြုရုံမျှဖြင့် ရနိုင်တဲ့ အရိုအသေ အပူအဇော်ခံရတဲ့ အကျိုး၊ သီလနှင့် ပြည့်စုံတဲ့ အတွက်ရတဲ့အကျိုး၊ ပထမစျာန် စသော လောကီသမာဓိနှင့် ပြည့်စုံတဲ့ အတွက် ရတဲ့အကျိုး၊ ဝိပဿနာ အဘိညာဉ်တို့နှင့် ပြည့်စုံတဲ့အတွက် ရတဲ့အကျိုး၊ အာသဝက္ခယ မည်သော အရိယမဂ်နှင့် အရိယဖိုလ် ၄–ပါးဆို တဲ့ အမြတ်ဆုံး သာမညဖိုလ်တရားအထိ ရဟန်းပြု၍ ကျင့်ခြင်းဖြင့် ရနိုင်ပုံကို အကျယ်တဝင့် ဖွင့်ပြ ဟောကြားတော်မူပါတယ်။

အဲဒီ သုတ်တရားတော်ကြီးကို ကြားနာပြီးတဲ့အခါ အဇာတသတ်မင်းမှာ အလွန်နှစ်သက်အားရ သဘောကျပြီး သရဏဂုံ ဆောက်တည်ကာ ဥပါသကာအဖြစ် ခံယူသွားပါတယ်။ သို့သော်လဲ ပိတုဃာတက ကံကြီးကို ကျူးလွန်ထားမိတဲ့အတွက် အရိယမဂ်ဖိုလ် တရားထူးကိုတော့ မရရှာဘူး၊ အကယ်၍သာ အဲဒီကံကြီးကို

http://www.dhammadownload.com

မပြုမိရင်တော့ အဲဒီ သုတ်တရားတော်ကြီးကို နာစဉ်မှာ သောတာပန်ဖြစ်နိုင်ပါတယ်။ ဒါကြောင့် မြတ်စွာ ဘုရားက အစာတသတ်မင်းပြန်သွားတဲ့နောက် မကြာမီမှာပင် "ခတောယဲ ဘိက္ခဝေ ရာစာ" စသည်ဖြင့် ဒီအကြောင်းကို ထုတ်ဖော် မိန့်ကြားတော်မူပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ အယ် ရာစာ၊ ဤမင်းသည်။ ခတော၊ ကိုယ့်ဟာကိုယ်ပင် အရိယမဂ်တရား ထောက်တည်ရာ မရအောင်တူးဖြိုအပ်လေပြီ။ ဥပဟတော၊ ဖျက်ဆီးအပ်လေပြီ–လို့ မိန့်တော်မူပါတယ်။ အဲဒါကို အဋ္ဌကထာက ဒီလို ဖွင့်ပြထားပါတယ်။

ဣဒံ ဝုတ္တံ ဟောတိ၊ ပေါ်ပေါ်လွင်လွင်အားဖြင့် ဤသို့ ဆိုလို၏။ ဣမိနာ၊ ဤအစာတသတ်မင်းသည်။ ဝိတာ ယာတိ–တော၊ ဖခင်ကို သတ်မိသည်။ သစေနာဘဝိဿ၊ အကယ်၍ မဖြစ်ခြားအုံ့။ ဣဒါနိ၊ ငါဘုရား တရားဟောစဉ် ယခုအခါ၌။ ဣဓေဝါသနေ၊ ဤတရားနာလျက် ထိုင်နေရာ၌ပင်လျှင်။ နိသိန္နော၊ ထိုင်နေလျက် သောတာပတ္တိမဂ္ဂ ပတ္တော၊ သောတာပတ္တိမဂ်သို့ ရောက်သည်။ အဘဝိဿ၊ ဖြစ်လေရာ၏။ ပန ထိုသို့ ရောက်နိုင်လောက်သော ပါရမီ ရှိခြားသော်လည်း။ အဿ ထိုအစာတသတ်မင်းအား။ ပါပမိတ္တ သံသဂ္ဂေန၊ ယုတ်ညံ့သော မိတ်ဆွေဖြစ်သော ဒေဝဒတ်နှင့် ပေါင်းမိခြင်းကြောင့်၊ အန္ဓ ရာ်ယော စာတော၊ မဂ်ဖိုလ်၏ အန္ဓ ရာယ် ဖြစ်သွားရှာလေတော့သည်လို့ ဆိုလိုပါသတဲ့။

ဒါပေမယ့် တရားနာရတဲ့အတွက် အစာတသတ်မင်းမှာ ရသင့်သလောက်တော့ အကျိုးကို ရသွားပါသေးတယ်၊ ခမည်း တော်မင်းကြီးကို သတ်ပြီးကတည်းက တထိတ်ထိတ်တလန့်လန့်ဖြစ်ပြီး အိပ်စက်လို့ မရဘဲ ရှိနေခဲ့တာဟာ အဲဒီ တရားနာပြီးတဲ့ နောက်မှာတော့ ထိတ်လန့်ခြင်းကင်းပြီး ကောင်းကောင်း အိပ်နိုင်သွားပါတယ်၊ နောက်

http://www.dhammadownload.com

ပြီးတော့ သေသည်၏ အခြားမဲ့မှာ အဝိဇ္ဇာရဲကြီးထဲ ကျရောက်ဖို့ရှိနေသော်လဲ အဲဒီ အဝိဇ္ဇာရဲကြီးထဲမကျရဘဲ အပြင်ဘက်က လောဟကုဋ္ဌိ ခေါ် သံရည်ပွက်အိုး ၄ရဲ့ ထဲလောက်သာ ကျရတယ်၊ အဲဒီမှာလဲ အောက်သို့နစ်ကျနေတာက အနှစ်သုံးသောင်း+အထက်ပြန်တက်လာတာက သုံးသောင်း ပေါင်း အနှစ်ခြောက်သောင်းမျှ ကြာရင် အဲဒီ ၄ရဲ့မှ လွတ်မယ်၊ နောက်ပြီးတော့ တစ်ခုသော ကမ္ဘာမှာ "ဝိဒိတာဝီ" အမည်ရှိသော ပစ္စေကဗုဒ္ဓါဖြစ်ပြီး ပရိနိဗ္ဗာန် စံရလိမ့်မယ်တဲ့၊ ဒီအကျိုးများကို တရားနာရတဲ့အတွက် ရသွားပါတယ်။

ယခုပြောခဲ့တဲ့ အစာတသတ်မင်းဝတ္ထုထဲမှာ ပြောလိုရင်း ကတော့ မာတုယာတကက်, ပိတု ယာတကက် အစရှိတဲ့ အကုသိုလ်ဂရက်ကြီး ရှိနေရင် မျက်မှောက် ဘဝမှာ ပါရမီ ပြည့်စုံနေသူဖြစ်သော်လဲ မဂ်ဖိုလ်ကို မရနိုင်ဘူး။ သေသည်၏ အခြား မဲ့မှာလဲ ၄ရဲ့ကို မုချ ကျရောက်ရမယ်၊ ဘယ်ကုသိုလ်နဲ့မှ မပြုပြင်နိုင်တော့ဘူး၊ သက်သာရာ လောက်သာ ရနိုင်တော့တယ် ဆိုတဲ့ အကြောင်းကို ပြောလိုရင်းပါပဲ။

ကြွင်းသော ကံကြီး ၃-ပါး

နောက်ပြီးတော့ ရဟန္တာပုဂ္ဂိုလ်ကို သတ်ရင် အရဟန္တ ယာတကကံကြီး ထိုက်တယ်၊ သက်တော်ထင်ရှား ရှိတော်မူတဲ့ မြတ်စွာဘုရားကို သွေးခြေဥအောင် အနာတရဖြစ်အောင်ပြုရင် လောဟိတုပ္ပာဒကကံ ထိုက်တယ်၊ ဝိနည်းမှားတရားမှားကို နားသွင်းပြီး မဲ့ခွဲသောအားဖြင့် သံဃာကို ဂိုဏ်းကွဲအောင်ပြုတဲ့ ရဟန်းမှာ သံဃဘေဒကကံထိုက်တယ်၊ ဒီကံသုံးမျိုးကို ပြုမိရင် လဲ မျက်မှောက်ဘဝမှာ စာနိမဂ်ဖိုလ်တရားထူးကို မရနိုင်တော့ဘူး၊ သေသည်၏ အခြားမဲ့မှာလဲ ၄ရဲ့ကိုမုချ ရောက်ရမယ်၊ ဒါကြောင့် ဒီကံကြီးတွေကို အာနန္တရိယကံလို့ ခေါ်ပါတယ်။

http://www.dhammadownload.com

အာစိဏ္ဏ ကံခေါ် ဗဟုလကံ

ယခုပြောခဲ့တဲ့ ဂရုက် မရှိရင်တော့ ဗဟုလက်က အကျိုးပေးတယ်၊ ဗဟုလက်ဆိုတာ အကြိမ်များစွာ ခဏခဏ အထပ်ထပ် ဖြစ်နေတဲ့ကံပါပဲ၊ အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းမှာတော့ ဒီကံကို "အာစိဏ္ဏကံ" လို့ အမည်ပေးထားပါတယ်၊ အမြဲမပြတ် လေ့ ကျင့်ပြုလုပ်နေတဲ့ကံလို့ ဆိုလိုပါတယ်၊ သီလပျက်နေရင် အဲဒါဟာ မကုစားပဲလဲ နေမယ်ဆိုရင် ဗဟုလက်ပဲ၊ အဲဒီလို သီလပျက် နေခိုက်မှာ သေသွားရင် သူက အကျိုးပေးလိမ့်မယ်၊ ဒါကြောင့် လူများမှာ ငါးပါးသီလကို အမြဲတမ်းစင်ကြယ်အောင် စောင့်ရှောက်နေရတယ်၊ သိက္ခာပုဒ်တစ်ခုခု မတော်တစ်ဆ ပျက်သွားရင် နောင်ဒီလို မပျက်စေရတော့ဘူးလို့ နှလုံးသွင်းပြီး ထပ်မံ ဆောက်တည်ရပါတယ်၊ စိတ်နဲ့ ဆောက်တည်ရုံနဲ့လဲ ပြီးစီးနိုင်ပါတယ်၊ ဒါပေမယ့် နှုတ်နဲ့ ရွတ်ဆိုပြီး ဆောက်တည်တာက ပိုပြီး ကောင်းပါတယ်၊ ဆောက်တည်ပြီးသည်ကစပြီး သီလဟာ စင်ကြယ်သွားပါတယ်။

ရဟန်းများမှာလဲ ပါတိမောက် သီလကို အမြဲတမ်းစင်ကြယ်အောင် စောင့်ရှောက်နေရတယ်၊ သိက္ခာပုဒ်တစ်ခုခုကို လွန်ကျူးလိုတဲ့ စိတ်နဲ့ မရှိမသေ ကျူးလွန်မိရင်, ဒေသနာ ပြောကြားခြင်းစသည်ဖြင့် မကုစားဘဲလဲနေရင် အဲဒါဟာ သီလမစင်ကြယ်တဲ့ ဗဟုလက် ဖြစ်နေတာပဲ၊ ဒါကြောင့် ဒီလိုအမှုကို မပြုတော့ဘူးလို့ နှလုံးသွင်းပြီး ဒေသနာပြောကြားခြင်းစသည်ဖြင့် ကုစား ရတယ်၊ ကုစားပြီးတဲ့ အချိန်ကစပြီး သီလစင်ကြယ်သွားတယ်၊ အဲဒါ သီလ ကုသိုလ် ဗဟုလက်ပါပဲ၊ အဲဒီလို သီလစင်ကြယ်နေ တုန်းသေသွားမယ်ဆိုရင်လဲ အဲဒီသီလကုသိုလ်က အကျိုးပေးတယ်၊ လူ့ဘဝ, နတ်ဘဝ, သုဂတိဘဝမှာ ဖြစ်စေတယ်။

http://www.dhammadownload.com

နောက်ပြီးတော့ အမြဲမပြတ် ပေးကမ်းလှူဒါန်းခြင်း, မိဘ ဆရာသမားတို့အား အမြဲဝတ်ပြုခြင်း, နေ့စဉ် ဘုရားဝတ်ပြုခြင်း, ဘုရားဂုဏ်တော် စသည်ကို အာရုံပြု၍ ပုတီးစိပ်ခြင်း, တရား အားထုတ်ခြင်းဆိုတဲ့ ဒီလိုအမြဲမပြတ် လေ့လာကျင့်သုံးနေတဲ့ ကုသိုလ် အမှုတွေလဲ ဗဟုလက် တွေပါပဲ၊ ဒီဗဟုလက်တွေကလဲ ရှေးဦးစွာ အကျိုးပေးတတ်ပါတယ်။

အာသန္နက်

အဲဒီ ဗဟုလက်လဲ မရှိရင်တော့ သေခါနီးမှာ ပြုတဲ့ကံက အကျိုးပေးတယ်၊ အဲဒီကံကို သေခါနီးမှာပြုတဲ့အတွက် အာသန္န ကံလို့ ခေါ်တယ်၊ အဘိဓမ္မတ္ထ သင်္ဂဟကျမ်းမှာတော့ ဒီ အာသန္န ကံက ဗဟုလက်ထက် အားကောင်းတယ် ဆိုတဲ့အနေနဲ့ သူ့ကို ရှေ့ဦးစွာ ပြဆိုထားပါတယ်၊ ဒါပေမယ့် အာသန္နကံက ဗဟုလ ကံကို လွှမ်းမိုးပြီး အကျိုးပေးတယ်ဆိုတာက တစ်ရံတစ်ခါလောက် ဖြစ်ဖွယ်ရှိပါတယ်၊ အများအားဖြင့်တော့ အဋ္ဌကထာ ကြီးများက ပြထားတဲ့အတိုင်း အမြဲမပြတ်လေ့လာနေတဲ့ ဗဟုလက်ကပဲ လွှမ်းမိုးပြီး အကျိုးပေးဖွယ်ရှိပါတယ်၊ ဒါကြောင့် ဒီမှာ အဲဒီ အဋ္ဌကထာကြီးများက ဆိုထားတဲ့အတိုင်းပဲ ရှေ့ နောက်စဉ်ပြီး ပြထားပါတယ်။

ဒါပေမယ် တမ္ဗဒါဋ္ဌိကဝတ္ထု စသည်ကို ထောက်ဆကြည့်လျှင် အာသန္နက် ကလဲ အားကိုးရပါတယ်၊ တမ္ဗဒါဋ္ဌိကဟာ ၅၅-နှစ်ပတ်လုံး လူတွေကို သတ်လာခဲ့တယ်၊ သေခါနီးမှာ အရှင်သာရိ ပုတ္တရာအား နွားနို့ ယာဂုကိုလှူပြီး တရားနာတာနဲ့ သေသည်၏ အခြားမဲ့မှာ တုသိတာနတ်ပြည် ရောက်သွားရတယ်။ (ဓမ္မပဒ ၆၊ ၁-၄၀၅-စသည်။)

http://www.dhammadownload.com

သီဟိုဠ်ကျွန်း မဓုအင်ကာရွာမှာ ၁မိုဠ်-တမယ်လ် လူမျိုး ဒါရဝမ်တစ်ယောက်ရှိသတဲ့ သူက နေ့စဉ် ငါးမျှားပြီး အနှစ်ငါးဆယ်ပတ်လုံး အသက်မွေးနေသတဲ့၊ သေခါနီးကျတော့ စူဠပိဏ္ဍပါတိကတိသ ထေရ်က သနားတာနဲ့သွားပြီး သရဏဂုံနဲ့ ငါးပါးသီလကို ပေးတယ်၊ သရဏဂုံကိုဆောက်တည်ပြီး မေးနိုင်သွားလို့ သီလကိုတော့ မဆောက်တည်နိုင်ရှာဘူး၊ အဲဒီ ဒါရဝမ်ဟာ သေသွားတဲ့အခါ သရဏဂုံဆောက်တည်တဲ့ ကုသိုလ်ကြောင့် စတုမဟာရာဇ် နတ်ပြည်မှာ ဖြစ်ရသတဲ့။ (အံ -၆ ၂၊ ၁၀၈)

ကုသိုလ်အာသန္နက်သာ မဟုတ်ဘူး၊ အကုသိုလ် အာသန္နက်ကလဲ အကျိုးပေးတာပဲ၊ သီဟိုဠ်ကျွန်း အန္တရဂင်္ဂါဆိုတဲ့ အရပ်မှာ မဟာဝါစကာလ အမည်ရှိတဲ့ ဥပါသကာဟာ အနှစ် ၃၀ ပတ်လုံး ဒွတ္တိ သာကာရ ကမ္မဋ္ဌာန်းကို ရွတ်ဖတ်သရဇ္ဈာယ် ပြီး နှလုံးသွင်းအားထုတ်နေတယ်၊ ဒါပေမယ့် အရောင်အလင်း ကလေးလောက်တောင် မတွေ့တာနဲ့ ဗုဒ္ဓသာသနာတော်ဟာ လွတ်မြောက်စေနိုင်တဲ့ နိယျာနိကတရားမဟုတ်ဘူးလို့ အယူလွဲပြီး သေသွားတဲ့အခါ မိကျောင်းပြိတ္တာကြီး ဖြစ်သွားရှာသတဲ့။ (အံ-၆ ၂၊ ၁၀၈)

တရားအားထုတ်ရာမှာ အရောင်စသည်ကို မတွေ့တာကတော့ အားထုတ်တဲ့နည်းလမ်းက မမှန်လို့လဲ ဖြစ်တတ်တယ်၊ အား ထုတ်ပုံက အချိုးမကျလို့လဲ ဖြစ်တတ်တယ်၊ အခြေခံ ပါရမီက လိုနေလို့လဲ ဖြစ်တတ်တယ်၊ မြတ်စွာဘုရား လက်ထက်တော် ကာလက သုနက္ခတ္တ-ဆိုတဲ့ ရဟန်းဟာ ဒိဗ္ဗစက္ခု အဘိညာဉ်ကို သာ ရတယ်၊ ဒိဗ္ဗသောတ အဘိညာဉ်ကို ရဖို့အကြောင်းက ရှိတယ်ယူင်းနေတယ်၊ အဲဒီ အဘိညာဉ်ကို မရနိုင်အောင် တားမြစ် တဲ့ အကုသိုလ်ကရှိနေတယ်၊ ဒါကြောင့် မြင်နိုင်တဲ့ အဘိညာဉ်ကို ရပါလျက် ကြားနိုင်တဲ့ အဘိညာဉ်ကိုတော့

http://www.dhammadownload.com

မရနိုင်ဘဲ ရှိနေပါတယ်၊ အဲဒါကို ထောက်ဆကြည့်ရင် ပါရမီ အကြောင်းက လိုနေ တာလဲ ရှိတတ်ပါတယ်၊ ဒါကြောင့် တရား အားထုတ်ရာမှာ မိမိ အလိုရှိတဲ့အတိုင်း မဖြစ်ပေမယ့် စိတ်တော့ မပျက်ရဘူး၊ ပါရမီ ကုသိုလ်တွေ ဖြစ်သွားတယ်လို့သာ အာရုံပြုရတယ်။

သုတရှင်တို့ စဉ်စားဖွယ်

၁

အများအားဖြင့်တော့ နည်းလမ်းမှန်အတိုင်း တရားအားထုတ်ရင် ထူးထူးခြားခြားတွေကို တွေ့တာကပဲ များပါတယ်၊ ဝိပဿနာရှုရင် စိတ်တည်ငြိမ်ပြီး စိတ္တဝိသုဒ္ဓိ ဖြစ်တဲ့အခါမှာ ရှုမှတ်ရတဲ့အာရုံရုပ်က တခြား+ရှုမှတ်သိတဲ့ စိတ်က တခြား ကွဲပြားပြီးထင်တယ်၊ အကြောင်းနဲ့ အကျိုးဆက်သွယ်ပြီး ဖြစ်နေ တာကိုလဲ တွေ့ရတယ်၊ ရှုမှတ်ရတဲ့ အာရုံရော + ရှုမှတ်သိနေတဲ့စိတ်ရော ခဏမစဲ လျင်မြန်စွာ ဖြစ်ပြီး ပျက်ပျက်သွားတာကိုလဲ တွေ့ရတယ်အဲဒီအခါမှာ အရောင်အလင်းတွေ ကို တွေ့ပြီး ပီတိသုခ စသည်တွေကိုလဲ ထူးထူးခြားခြား တွေ့ရတယ်၊ အရောင်အလင်းကို ထင်ထင်ရှားရှား မတွေ့ရတောင် ပီတိသုခ စသည်ကိုတော့ တွေ့ရတာပဲ။ ဘာကြောင့်လဲဆိုလျှင် ထူးခြားတဲ့ ပီတိ, ပဿဒ္ဓိ, သတိ, ဉာဏ်, ဝိရိယ, ဥပေက္ခာ ဆိုတာတွေဟာ ဗောဇ္ဈင် တရားတွေပဲ၊ ဒီ ဗောဇ္ဈင်တရားတွေကို ထူးထူးခြားခြား တွေ့ရမှ ဝိပဿနာဟာ ထက်ထက်သန်သန် ဖြစ်နိုင်ပါတယ်၊ သုတ မယဉာဏ်နဲ့ ရုပ်နာမ်တရားတွေကိုဆင်ခြင်ရုံမျှနဲ့တော့ ဒီလို ဗောဇ္ဈင် တရားတွေကို ထင်ရှားမတွေ့နိုင်ပေဘူး၊ အဲဒီလို မတွေ့ရရင်တော့ ကျေနပ်ဖွယ် မရှိပေဘူး၊ အဲဒါဟာ ဆင်ခြင်နေရုံမျှနဲ့ ဗောဇ္ဈင် တရားတွေ ထင်ရှား ဖြစ်, မဖြစ်ကို သုတရှင်တို့ စဉ်းစားဖို့ပါပဲ။

http://www.dhammadownload.com

ကဋ္ဌဏ္ဍာက်

ယခု ပြောခဲ့တဲ့ ဗဟုလက်, အာသန္နက်တွေလဲ မရှိရင်တော့ ကဋ္ဌဏ္ဍာက် ဆိုတာက အကျိုးပေးတယ်၊ ကဋ္ဌဏ္ဍာက် ဆိုတာက ဂရုက်, ဗဟုလဟ်, အာသန္နက် တို့၏ ဂုဏ်ထူးမျိုးမရှိဘဲ ပြုဖူးရုံမျှဖြစ်တဲ့ ဂ်ပါပဲ၊ ဝိသုဒ္ဓိမဂ် ဋီကာမှာတော့ ရှေးဘဝများက ပြုခဲ့တဲ့ ဂ်ကို ကဋ္ဌဏ္ဍာက်လို့ ပြဆိုထားပါတယ်၊ ဒီဘဝမှာလဲ သေခါနီး ပြုတာလဲမဟုတ်၊ အထူးဆင်ခြင်တာလဲမဟုတ်၊ ထပ်တလဲလဲ ပြုတာလဲမဟုတ်၊ ထပ်တလဲလဲ နှလုံးသွင်းနေတဲ့ဂ်လဲ မဟုတ်ဘဲ တစ်ကြိမ်တစ်ခါမျှပြုထားတဲ့ဂ်ဆိုရင် ကဋ္ဌဏ္ဍာက် လို့ဘဲ ယူသင့်ပါတယ်။

ဈာတိပေါ်လာပုံ

အဲ ယခု ပြောခဲ့တာဟာ ကမ္မဘဝဆိုတဲ့ ကုသိုလ်ဂ်, အကုသိုလ်ဂ်က ဘဝသစ် ဖြစ်ခြင်း = ဈာတိဆိုတဲ့ အကျိုးကို ဖြစ်ပေါ်စေရာမှာ ဂ်များစွာရှိနေရင် ဘယ်လိုဂ်က အကျိုး ပေးတယ် ဆိုတာကို ပြောလာတာ ဖြစ်တယ်၊ အဲဒါဟာ ပြည့်စုံသွားပါပြီ၊ ဒါပေမယ့် အဲဒီဂ်က ဘယ်လို ဖြစ်ပေါ်စေသလဲ လို့ မေးစရာတော့ ရှိပါသေးတယ်၊ အဲဒါကတော့ "သန်ါရ ပစ္စယာ ဝိညာဏ်-သန်ါရကြောင့်ဘဝသစ် ဝိညာဏ်ဖြစ်တယ်" ဆိုရာမှာ အကျယ် ပြောခဲ့ပါပြီ၊ အဲဒီတုန်းက ပြောခဲ့တဲ့ အတိုင်းပါပဲ၊ သေခါနီးမှာ ဂ်, ကမ္မနိမိတ်, ဂတိနိမိတ်, ထင်စေတယ်၊ အဲဒီ အာရုံနိမိတ်ကို စွဲလမ်းနေရင်း နောက်ဆုံး စုတိစိတ်ဖြင့် စိတ်အစဉ်ပြတ်ပြီး သေသွားတဲ့အခါ အဲဒီ စွဲလမ်းခဲ့တဲ့ အာရုံနိမိတ်ကိုဘဲ မှီစွဲအာရုံပြုပြီး ဘဝသစ် ဝိညာဉ်ဖြစ်တယ်၊ အဲဒီစိတ်နဲ့ အတူ ကမ္မဇရုပ်တွေလဲ ဖြစ်တယ်၊

http://www.dhammadownload.com

အဲဒီ ရုပ်နာမ် ခန္ဓာတွေရဲ့ ရှေးဦးစွာ ဖြစ်ပေါ်မှုကို "ဇာတိ=ဘဝအသစ် ဖြစ်တယ်"လို့ ဆိုရတာပဲ။

ဒါကြောင့် "တဏှာ ၆-တန် ဥပါဒါန်နှင့် ဖြစ်ရန်အကြောင်း ကဲ့ဆင့်လောင်း၍ ဆိုးကောင်းဘဝ ဖြစ်ရပြန်ရာ"လို့ ဆောင် ပုဒ်က ဆိုထားပါတယ်၊ အာရုံ ၆-မျိုး အကောင်းနဲ့ အဆိုးကို ခံစားရလို့ တပ်မက်သာယာတဲ့ တဏှာ ၆-ပါး ဖြစ်ပေါ်လာတယ်၊ အဲဒီ တဏှာက ရင့်လာတော့ စွဲလမ်းမှုဥပါဒါန် ဖြစ်လာတယ်၊ မရသေးတာကို ရအောင်, ရပြီးတွေလဲ မပျောက် မပျက်ရအောင်, မခွဲမခွာ ရအောင် သတ်မှတ်, ခိုးမှတ်, လိမ်မှတ်, ကုန်းတိုက်မှတ် စသည်ဖြင့် မှားယွင်းစွာလဲစွဲလမ်းတယ်၊ ကုသိုလ် ပြုမှတ်, ဒါနပြုမှတ် သီလ စောင့်မှတ်, တရားနာမှတ်, တရား အားထုတ်မှတ် စသည်ဖြင့် မှန်ကန်စွာလဲ စွဲလမ်းတယ် အဲဒီလို စွဲလမ်းတဲ့အတိုင်း ပြုလုပ်တယ်၊ အဲဒါဟာ ကမ္မဘဝပဲ၊ အဲဒီက ကြောင့် ဘဝအသစ်ဇာတိဖြစ်ပေါ်ရတယ်၊ ကဲ-အဲဒီ ဆောင်ပုဒ်ကို အစကဘဲစပြီး ဆိုလိုက်ကြဦးစို့-

> အမှန်မသွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး၊ ရည်မှော်ကိုးလျက်၊ သုံးမျိုးမှုက်၊ ပြု စီမံ၍၊ ဝိညာဏ်တွယ်စပ်၊ နာမ်ရုပ်ကပ်လျက်၊ ခြောက် ရပ် အာယတန၊ ဖဿခြောက်ဖြာ၊ ဝေဒနာကြောင့်၊ တဏှာ ၆-တန်၊ ဥပါဒါန်နှင့်၊ ဖြစ်ရန်အကြောင်း၊ ကဲ့ ဆင့်လောင်း၍၊ ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ။

အဲဒါကို ဆောင်ပုဒ်အတိုမှာ "ခံစားသည့်အတွက်-တပ်မက်ခင်မင်၊ မည်သို့ပြုကြား-ကောင်းစားမည်ထင်၊ ဝင်စားစွဲလမ်း-ရော်ရမ်းပြုလျှင်၊ နောင်ဘဝ-ဖြစ်ရဇာတိပင်"လို့ ဆိုထားပါ တယ်။ အဲဒါကိုလဲ ဆိုကြရမယ်။

http://www.dhammadownload.com

ခံစားသည့်အတွက်-တပ်မက်ခင်မင်၊ (ဆို ၃-ခေါက်)
မည်သို့ပြုပြောင်း-ကောင်းစားမည်ထင်။
ဝင်စားစွဲလမ်း ရော်ရမ်းပြုလျှင်၊
နောင်ဘဝ-ဖြစ်ရ စာတိပင်။

အဲဒါဟာ အနက် အဓိပ္ပာယ် ပေါ်လွင် ထင်ရှားနေပါပြီ၊ ဒါပေမယ့် ရှင်းသထက်ရှင်းသွားအောင် နည်းနည်း ထပ်ပြီး ပြောလိုက်ဦးမယ်၊ ပထမအပိုဒ်က အာရုံ ၆-ပါးက ခံစားရသည့်အတွက် တပ်မက်ခင်မင်မှု တဏှာ ၆-ပါး ဖြစ်တယ်လို့ ဆိုလိုပါတယ်၊ ကောင်းတာကို ခံစားရရင် အဲဒီ ကောင်းတဲ့ အာရုံမျိုးကိုလဲ တပ်မက်တယ်၊ အဲဒါထက် ကောင်းတာကိုလဲ တပ်မက်တယ်၊ တစ်ခုရရင် နှစ်ခုရချင်တယ်၊ နှစ်ခုရပြန်ရင်လဲ သုံးခု, လေးခု ရချင်တယ်၊ ဒီနည်းဖြင့် တိုးတိုးပြီးတော့ တပ်မက်လိုချင်မှု တဏှာဖြစ်တယ်၊ မကောင်းတာ ခံစားရပြန်ရင်လဲ ကောင်းတာကို လိုချင်တောင်တတဲ့ တဏှာဖြစ်တယ်၊ အဲဒီလို ဖြစ်ပုံကို ရည်ပြီးတော့ "ခံစားသည့်အတွက် တပ်မက်ခင်မင်"လို့ ဆိုထားပါတယ်။

ဒုတိယအပိုဒ်ကတော့ သတ်ရင်, ခိုးရင်, လိမ်ရင်, ပေးလှူရင်, ကိုယ် နှုတ် နှလုံး စောင့်သုံးရင် မိမိ အလိုရှိတဲ့အတိုင်း ပြည့်စုံပြီး ကောင်းစား ချမ်းသာလိမ့်မယ်လို့ စွဲလမ်းမှုဖြစ်ပုံကို ပြပါတယ်၊ အဲဒါဟာ ကောင်းစား ချမ်းသာချင်တဲ့ တဏှာက ရင့်လာတဲ့ သဘောပါပဲ၊ အဲဒါကတော့ ထင်ရှားနေပါတယ်။

တတိယအပိုဒ်ကတော့ ဒုတိယအပိုဒ်က ပြခဲ့တဲ့အတိုင်း မည်သို့ပြုလျှင် ကောင်းစား ချမ်းသာလိမ့်မယ်လို့ စိတ်ဝင်စားပြီး

http://www.dhammadownload.com

စွဲလမ်းတဲ့အတွက် အဲဒီအတိုင်း ရော်ရမ်း–မျှော်မှန်းပြီး ပြုလုပ်တယ်လို့ ပြပါတယ်၊ အဲဒီလို ပြုလုပ်ရာမှာ သတ်ခြင်း, ခိုးခြင်း, လိမ်ခြင်း စသည်ကို ပြုလုပ်လျှင် အကုသိုလ် ကမ္မဘဝ ဖြစ်တယ်၊ ပေးလှူခြင်း, သရဏဂုံသီလ ဆောက်တည်ခြင်း စသည်ကို ပြုလုပ်လျှင် ကုသိုလ် ကမ္မဘဝ ဖြစ်တယ်၊ အဲဒီလို စွဲလမ်းမှု ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်ပုံကို ပြပါတယ်၊ နောက်ဆုံးအပိုဒ်ကတော့ အဲဒီ ကမ္မဘဝကြောင့် ဘဝအသစ် ဖြစ်ခြင်း ဇာတိဆိုတဲ့ အကျိုးတရား တစ်ဖန် ပေါ်လာပုံကို ပြပါတယ်။

ဘဝသစ် ဖြစ်ခြင်း ဇာတိပေါ်လာရင် အဲဒီ တစ်ဘဝလုံးနဲ့ ဆိုင်တဲ့ ဆင်းရဲတွေကို တွေ့ကြုံ ခံစားသွားရတော့မယ်၊ ငရဲဇာတိပေါ်လာရင် ငရဲမီးအလောင်ခံရခြင်း, ငရဲထိန်းတို့၏ အနှိပ်အစက်ခံရခြင်း အစရှိတဲ့ ဆင်းရဲတွေကို နှစ်ပေါင်း သိန်း သောင်း များစွာ ခံစားသွားရလိမ့်မယ်၊ ပြိတ္တာဘုံမှာ ဇာတိ ပေါ်လာရင် နှစ်ပေါင်း သိန်းသောင်း များစွာ ငတ်မွတ် ဆာလောင်နေခြင်း အစ ရှိသော ဆင်းရဲတွေကိုခံစားသွားရလိမ့်မယ်၊ တိရိစ္ဆာန်ဘုံမှာ ဇာတိ ပေါ်လာရင် နိုင်ရာ နိုင်ရာက ညှဉ်းဆဲ နှိပ်စက်ခြင်း အစရှိသော ဆင်းရဲတွေကို သူ့တစ်သက်လုံးခံစား သွားရလိမ့်မယ်။ အိုရ နာရ သေရတဲ့ ဆင်းရဲတွေကိုလဲ ခံစားရလိမ့်မယ်။

လူ့ဘဝမှာ ဇာတိပေါ်လာရင် အမိဝမ်းတွင်းမှာ ရှိစဉ် ကတည်းက အမိဖြစ်သူက အပူအစပ်တွေကို စားသောက်လျှင် ပူလောင်ခြင်း, အအေးကို စားသောက်လျှင် အလွန်အေးခြင်း, အမိဖြစ်သူက နာဖျားလျှင် အနေဆိုးခြင်း အစရှိသော ဆင်းရဲ တွေကို ခံစားရလိမ့်မယ်၊ မွေးတဲ့အခါလဲ နာကျင်ခြင်း အစ ရှိသော ဆင်းရဲတွေကိုခံစားရလိမ့်မယ်၊ မွေးဖွားပြီးတဲ့ နောက်လဲ သူ့တစ်ဘဝလုံးနဲ့ဆိုင်တဲ့ ဆင်းရဲအမျိုးမျိုးကို ခံစားသွားရလိမ့် မယ်၊ ကဲ မကောင်း အကြောင်းမသင့်ရင် စားဝတ်

http://www.dhammadownload.com

နေရေး အတွက် အပန်းတကြီး ရှာဖွေ လုပ်ကိုင်ရတဲ့ ဆင်းရဲတွေကို ခံစားသွားရလိမ့်မယ်၊ နိုင်တဲ့သူတွေရဲ့ နှိပ်စက်ညှင်းပန်းခြင်းကိုလဲ ခံရလိမ့်မယ်၊ မည်သူမဆို အိုခြင်း, သေခြင်းဆိုတာတွေကိုတော့ မုချ တွေ့ရပါလိမ့်မယ်၊ ဒါကြောင့် "ဇာတိပစ္စယာ ဇရာမရဏ" စသည်ဖြင့် ဟောတော်မူပါတယ်။

ဇာတိပစ္စယာ၊ ဘဝအသစ်ဖြစ်မှု ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏ၊ အိုခြင်း, သေခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဘဝအသစ်ဖြစ်မိလို့ ရှိရင် အိုခြင်းနဲ့ သေခြင်းဆိုတာက တော့ မုချ တွေ့ရတော့တာပဲ၊ ဘယ်မှ ပြေးလို့ တိမ်းလို့, ရှောင်လို့ မရနိုင်ဘူး၊ နာခြင်းဆိုတာကတော့ နတ်တွေ ဗြဟ္မာ တွေမှာ မရှိတဲ့အတွက် ဇကန်မုချ အကျိုးကိုပြတဲ့အတွက် ဒီအပိုဒ်ထဲမှာ ထည့်မထားဘူး၊ သောကပရိဒေဝဒုက္ခဒေါမနဿ ပါယာသာ သမ္ဘဝန္တိ–ဆိုတဲ့ အနေကန် အကျိုးပြ အပိုဒ်ထဲမှာမှ ထည့်ထားတယ်။ အဲဒီ အပိုဒ်ထဲက ဒုက္ခ–ဆိုတာ ကိုယ်မှာတွေ့ရတဲ့ ဆင်းရဲတွေ ဟူသမျှ အကုန်လုံးပါပဲ၊ မကျန်းမမာ နာဖျားပြီး အခံခက်တဲ့ ကိုယ်ဆင်းရဲတွေလဲ ပါပါတယ်၊ အဲဒါကို ဗျာဓိ ဒုက္ခလို့ ခေါ်တယ်၊ လူ့ဘဝမှာဆိုရင်တော့ အဲဒီ နာဖျားပြီး ဆင်းရဲရတဲ့ ဗျာဓိဒုက္ခလဲ မုချတွေ့ရတဲ့ ဆင်းရဲပါပဲ။

လူ့ဘဝမှာဖြစ်မိရင် အို, နာ, သေကို ရှောင်လို့မရ

ဒါကြောင့်လူ့ဘဝအနေနဲ့ဆိုရင် အိုခြင်း, နာခြင်း, သေခြင်းဆိုတဲ့ ဒီဆင်းရဲသုံးမျိုးဟာ တိမ်းလို့, ရှောင်လို့, ပုန်းလို့ မရတဲ့ တရားဆိုးကြီးတွေပဲ၊ ယနေ့ အမိဝမ်းထဲရောက်ခါစကလေးတွေ, မွေးပြီးခါစကလေးတွေ ဒီလို နုနုနယ်နယ်ကလေးတွေလဲ ခဏတိုင်း, စက္ကန့်တိုင်း, မိနစ်တိုင်း, နာရီတိုင်း, ရက်ပိုင်းလပိုင်းတိုင်း

http://www.dhammadownload.com

ရင့်ရင့်လာတာပဲ၊ ဆံဖြူ, သွားကျိုး, ခါးကိုင်း, နားထိုင်း,မျက်စိ မှုန် စသည်ဖြင့် အိုမင်းတဲ့ အဘိုးအို, အမယ်အို အဖြစ်ဆီကို ချဉ်းကပ် ချဉ်းကပ် လာနေတာပဲ၊ မကျန်းမမာ နာဖျားဖို့, နောက်ဆုံးမှာ သေလောက်အောင် မခံသာတဲ့ နာဖျားမှုနဲ့ တွေ့ဖို့ရာ ချဉ်းကပ် လာနေတာပဲ၊ သေဖို့ရာဆီလဲ ချဉ်းကပ် လာနေ တာပဲ လူပုဂ္ဂိုလ်တွေက အိပ်ပြီး နားနေပေမယ်လို့ လူ့သန္တာန် က ရုပ်နာမ်တရားတွေကတော့ နားမနေကြဘူး၊ အိုဖို့, နာဖို့, သေဖို့ရာ တသွားတည်း သွားနေကြတာပဲ၊ လူတွေက သွားလိုက်, လာလိုက် စားလိုက်, သောက်လိုက်နဲ့ ပျော်ရွှင်နေကြပေမယ့် ကိုယ်ထဲက ရုပ်နာမ်တွေကတော့ အိုဖို့, နာဖို့, သေဖို့ရာ တဖြည်းဖြည်း ကူးပြောင်း ပြင်ဆင်နေကြတာပဲ၊ ဒါကြောင့် လူ့လောကမှာ ဘဝအသစ်ဖြစ်ခြင်းဆိုတဲ့ ဇာတိ ပေါ်လာရင် ဒီ အိုခြင်း, နာခြင်း, သေခြင်း ဆိုတာတွေကတော့ မုချ တွေ့ရ တော့မှာပဲ၊ ဘယ်ကိုမှ ပြေးလို့ မလွတ်နိုင်ဘူး၊ တိမ်းလို့, ရှောင်လို့, ပုန်းလို့ မရဘူး၊ အဲဒီအကြောင်းနဲ့ စပ်ပြီး ကလေးဘဝတုန်းက ဘုန်းကြီးတစ်ပါး တရားဟောတာကို ကြားဖူးတယ်၊ ဝတ္ထုကြောင်း ကလေး တစ်ခုပါပဲ၊ အဲဒီ ဝတ္ထုဟာ ကျမ်းကြီး ကျမ်းခိုင်တွေမှာတော့ မတွေ့ရပါဘူး၊ ကျပင်းတရား စာ–ဆိုတဲ့ ကျမ်းကလေးထဲမှာသာ တွေ့ရပါတယ်၊ ဒါပေမယ့် အိုဘေး, နာဘေး, သေဘေးကို ရှောင်လို့, ပုန်းလို့ မလွတ်နိုင် ဘူးဆိုတဲ့ သဘော သဘာဝကိုတော့ ထင်ရှားပေါ်စေပါတယ်၊ ဒါကြောင့် အဲဒါကို အတိုချုပ် ပြောရဦးမယ်။

အို, နာ, သေဘေး ရှောင်းပြေးလို့မလွတ်

သာဝတ္ထိပြည်မှာ သုဒဿနရဲ့အဘက အိုရမှာ ကြောက်လို့ ပြဒါးရှင်လုံးငုံပြီး ကောင်းကင်မှာ တက်ပုန်းနေသတဲ့၊ ပြဒါးရှင်

http://www.dhammadownload.com

လုံးနဲ့ ကောင်းကင်ပျံတက်တယ်–ဆိုတာ ယခုခေတ်အနေနဲ့တော့ ယုတ္တိမရှိဘူးလို့ တရို့ကဆိုကြပေလိမ့်မယ်၊ မယုံတဲ့ သူတွေလဲ ဥပမာအဖြစ်နဲ့ ဆင်ခြင်ကြည့်လျှင် သတိသံဝေဂဖြစ်ပြီး အကျိုးများနိုင်ပါတယ်။ ယခုခေတ်အနေနဲ့ ယုတ္တိရှိအောင် ဆိုရင်တော့ အာကာသယာဉ်နဲ့ ကောင်းကင် တက်ပြီး ပုန်းနေတယ်လို့လဲ ဆိုနိုင်ပါတယ်၊ နောက်ပြီးတော့ သုဘောဂရဲ့အဘကလဲ နာရမှာ ကြောက်လို့ သမုဒ္ဒရာထဲဆင်းပြီး ပုန်းနေသတဲ့၊ ဒီနေရာမှာလဲ ယခုခေတ်အနေနဲ့ ဆိုရင် ရေအောက်မှာ နေနိုင်တဲ့ စက်ယာဉ်နဲ့ ပင်လယ်အောက် ဆင်းနေတယ်လို့လဲ ဆိုနိုင်ပါတယ်၊ နောက်ပြီးတော့ သုမနရဲ့ အဘကလဲ သေရမှာကြောက်လို့ ဟိမဝန္တာက တောင်ခေါင်းထဲ ဝင်ပြီး ပုန်းနေသတဲ့။

နောင်ကြာမြင့်တဲ့ အချိန်ကာလမှာ သားဖြစ်တဲ့ သုဒဿနက သူ့အဘအကြောင်းသိချင်လို့ ကောင်းကင်ကို တက်ပြီး ကြည့်သတဲ့၊ အဲဒီလိုကြည့်တဲ့အခါမှာ သူ့အဘဟာ ဆံဖြူသွားကျိုး နားထိုင်းခါးကိုင်းလို့ အဘိုးအိုကြီးဖြစ်နေတာကိုတွေ့ရသတဲ့၊ အိုတတ်တဲ့ ရုပ်နာမ်တရားတွေက ကိုယ်ထဲမှာ ရှိနေတော့ ဘယ်အရပ်ကိုပဲ သွားသွား ဒီ ရုပ်နာမ်တရားတွေက အိုမင်း ရင့်ရော်ပြီး လိုက်ပါလာကြမှာပဲ၊ ယခုခေတ်မှာ အာကာသ ယာဉ်နဲ့ ကောင်းကင်မှာ တက်နေသည် ဖြစ်စေ, လဗိမာန်မှာ တက်နေ သည် ဖြစ်စေ ကိုယ်ထဲက ရုပ်နာမ်တရားတွေကတော့ အိုချိန်ကျ ရင် အိုမင်းရင့်ရော်ကုန်ကြမှာပဲ၊ သုဘောဂကလဲ သူ့အဘကို လိုက်ရှာတဲ့အခါ သမုဒ္ဒရာထဲမှာ သေလုသေခါနီး အကြီးအကျယ်နာနေတာကို တွေ့ရသတဲ့။ သုမနကလဲ သူ့အဘကို လိုက်ရှာတဲ့အခါ တောင်ခေါင်းထဲမှာ သေနေတာကို တွေ့ရသတဲ့။

http://www.dhammadownload.com

ဒီ ဝတ္ထုအကြောင်းကတော့ ယုတ္တိရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ, ဟုတ်သည်ဖြစ်စေ, မဟုတ်သည်ဖြစ်စေ ဥပမာအဖြစ်နဲ့ သံဃဂ ယူစရာတော့ ကောင်းပါတယ်၊ လူ့လောကမှာ ဘဝအသစ်ဖြစ်ခြင်းဆိုတဲ့ ဇာတိပေါ်လာရင် အိုခြင်း, နာခြင်း, သေခြင်းဆိုတာတွေကတော့ တိမ်းလို့ ရှောင်လို့ ပုန်းလို့ မရနိုင်ဘူး၊ တစ်နေ့ကျရင် မိမိတို့ တွေ့ဖြင်နေကြတဲ့ အဘိုးအို, အဘွားအိုကြီးတွေလို လူအိုကြီးတွေ ဖြစ်ကြရမှာပဲ၊ သေလောက်တဲ့ ရောဂါဝေဒနာဆိုးကြီးကို မချိမဆံ့ ခံစားရတဲ့ လူအိုကြီးတွေလဲ ဖြစ်ကြရမှာပဲ။ နောက်ဆုံးတစ်နေ့ကျတော့ သေပြီး အလောင်း ကောင်ကြီးအဖြစ်ကို ရောက်ကြရမှာ ချည်းပဲ၊ ဒါ ကြောင့် မြတ်စွာဘုရားက ဓမ္မပဒမှာ သေခြင်းတရားမှ မလွတ်နိုင်ပုံကို ပဓာနပြုပြီး ဒီလို ဟောထားပါတယ်။

နိ အန္တလိက္ခေ နိ သမုဒ္ဒမဇ္ဈေ၊
နိ ပဗ္ဗတာနံ ဝိဝရံ ပဝိသ။
နိ ဝိဇ္ဇတိ သော ဇာဂတိပ္ပဒေသော၊
ယတ္ထ ဋ္ဌိတံ နပ္ပသဟေယ္ယ မစ္စု။

အန္တလိက္ခေ၊ အာကာသအပြင် အထက်ကောင်းကင်၌။ (ဋ္ဌိတောပိ၊ တည်နေသော သူသည်လည်း။ မစ္စုတော၊ သေခြင်းမှ။) နိ မုစ္စေယ္ယ၊ မလွတ်နိုင်ချေ။ သမုဒ္ဒမဇ္ဈေ၊ သမုဒ္ဒရာအလယ်၌ ဝင်၍ နေသောသူသည်လည်း။ နိ၊ သေခြင်းမှ မလွတ်နိုင်။ ပဗ္ဗတာနံ ဝိဝရံ ပဝိသ၊ တောင်တို့၏အကြား တောင်ခေါင်းသို့ ဝင်၍ နေသောသူသည်လည်း။ နိ၊ သေခြင်းမှ မလွတ်နိုင်။ ယတ္ထ ဋ္ဌိတံ၊ အကြင် မြေပြင်, ရေပြင်, ကောင်းကင်အရပ်၌ တည်နေသောသူကို။ မစ္စု၊ သေခြင်းတရားသည်။ နပ္ပသဟေယ္ယ၊ မနှိပ်စက်နိုင်ရာ။ သော

http://www.dhammadownload.com

ဓာဂတိပွဲဒေသော၊ ထိုသို့ သေခြင်းတရား မနှိပ်စက်နိုင်ရာဖြစ်သော မြေပြင်အရပ်, ရေပြင်အရပ်, ကောင်းကင် အရပ်မည်သည်။ နဝိဇ္ဇတိ၊ မရှိသည်သာတည်း။

သေတတ် ပျက်တတ်တဲ့ ရုပ်နာမ် တရားတွေကိုပင် အထည့်ကိုယ် ပြုလုပ်နေရတဲ့ လောကထဲမှာ ဘဝသစ် ဖြစ်ပေါ်လာရင် သေရမှာချည်းပဲ၊ မြေပြင်မှာနေလဲ သေရမှာပဲ၊ ရေထဲမှာ ဆင်းနေလဲ သေရမှာပဲ၊ ကောင်းကင်မှာတက်နေလဲ သေရမှာပဲ၊ သေခြင်းတရားမှ လွတ်တဲ့နေရာဆိုတာ ဘယ်မှာမှ မရှိဘူး၊ ထို့ အတူပင် အိုခြင်းတရားမှ လွတ်တဲ့နေရာလဲ မရှိဘူး၊ ဒါကြောင့် "ဓာတိပစ္စယာ၊ ဘဝအသစ်ဖြစ်မှု ဓာတိဟူသော အကြောင်း ကြောင့်။ ဇရာမရဏ၊ အိုခြင်း၊ သေခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်သည်"လို့ ဟောထားပါတယ်။

ဓာတိကြောင့် အိုခြင်း, သေခြင်းမျှသာ ဖြစ်တာမဟုတ်သေးဘူး၊ စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ပင်ပန်း ဆင်းရဲခြင်း, စိတ်ပင်ပန်း ဆင်းရဲခြင်း, အပြင်းအထန် စိတ်နှလုံး ပူပန်ခြင်း ဆိုတာတွေလဲ ဓာတိကြောင့် ဖြစ်ပေါ်လာကြသေးတယ်။

စိုးရိမ်ပူဆွေးခြင်း

အဲဒီထဲမှာ စိုးရိမ်ပူဆွေးခြင်းဆိုတာ (၁) ဉာတိဗျသန=ဆွေးမျိုးတို့၏ ပျက်စီးခြင်း၊ (၂) ဘောဂဗျသန=စီးပွားဥစ္စာ တို့၏ ပျက်စီးခြင်း၊ (၃) ရောဂဗျသန=ရောဂါဆိုး စွဲကပ် လျက်ကျန်းမာရေးပျက်စီးခြင်း၊ (၄) သီလဗျသန=သီလ ပျက်စီးခြင်း၊ (၅) ဒိဋ္ဌိဗျသန=အယူ၏ ပျက်စီးခြင်းဆိုတဲ့ ဒီ ဗျသနတရားငါးပါးနဲ့

http://www.dhammadownload.com

တွေ့ကြုံရတဲ့ အခါလဲ ဖြစ်တတ်တယ်၊ (၆)ဆင်းရဲကြောင်း ဘေးရန် အန္တရာယ် တစ်မျိုးမျိုးနဲ့ တွေ့ကြုံ ရတဲ့အခါလဲ ဖြစ်တတ်တယ်၊ ဒါ့ကြောင့် စိုးရိမ်ပူဆွေးမှု ဖြစ်စရာ အကြောင်းဟာ အကျဉ်းချုပ်အားဖြင့် ၆-မျိုးရှိတယ်လို့ မှတ်ရမယ်။

ဒီ ၆-မျိုးထဲက (၁)ဥာတိဗျသန-ဆိုတာ အလွန်ချစ်ခင် ရင်းနှီးတဲ့ မိဘ, လင်မယား, သားသမီး, ညီအစ်ကို, ညီအစ်မ, အစရှိတဲ့ ဆွေမျိုးသားချင်းတွေ သေကြေ ပျက်စီးခြင်းကို ဆိုပါတယ်၊ အဲဒီ မိဘ အစရှိတဲ့ ဆွေမျိုးသားချင်းဖြစ်သူ သေကြေ ပျက်စီးသွားတာကို မြင်တွေ့ရရင်, ကြားသိရရင် စိုးရိမ်ပူဆွေးမှုတွေ ဖြစ်ရတယ်၊ အထူး အားဖြင့် မိုခိုအားထားနေရတဲ့ အလွန်အမင်း ချစ်မြတ်နိုးနေတဲ့သူ ဒီလိုပုဂ္ဂိုလ် သေကြေပျက်စီးသွားတဲ့ အခါသာပြီး စိုးရိမ်ပူဆွေးမှု ဖြစ်တတ်တယ်၊ မိဘကို အား ကိုးနေရတဲ့ သားသမီးတွေမှာ မိဘ သေဆုံးသွားရင် မနေတတ် မထိုင်တတ်ဖြစ်ပြီး အကြီးအကျယ် စိုးရိမ်ပူဆွေးကြရတယ်၊ လင်ယောကျ်ားကိုသာ အားကိုးနေရတဲ့ အမျိုးသမီးမှာလဲ အဲဒီ လင်ယောကျ်ား သေဆုံးသွားရင် အကြီးအကျယ် စိုးရိမ်ပူဆွေးရတယ်၊ အင်မတန် ချစ်မြတ်နိုးတဲ့ သားသမီး စသည် သေဆုံး သွားရင်လဲ ချစ်မြတ်နိုးတဲ့သူမှာ အကြီးအကျယ် စိုးရိမ်ပူဆွေး ရတယ်၊ အဲဒီလို ဖြစ်ရာမှာ ဇာတိကြောင့်ချည်းမဟုတ်ဘူး၊ ချစ် မြတ်နိုးခြင်းဆိုတဲ့ အကြောင်းကလဲ အားပေး နေတဲ့အတွက် စိုးရိမ်ပူဆွေး ရတယ်၊ ဒါကြောင့် "ပိယတော ဇာယတေ သောကော"လို့ ဟောထားပါတယ်၊ ပိယတော၊ ချစ်အပ်သူနှင့် ချစ်ခင်ခြင်းကြောင့်။ သောကော၊ စိုးရိမ်ပူဆွေးခြင်းသည်။ ဇာယတေ၊ ဖြစ်ပေါ်သည်-တဲ့။

(၂) ဘောဂဗျသန-ဆိုတာ ရာဇတောဝါ=မင်းဆိုး၊ အရာရှိ ဆိုးတို့ကြောင့် ဖြစ်စေ, စောရတောဝါ=သူခိုး ဓားပြတို့ ကြောင့်

http://www.dhammadownload.com

ဖြစ်စေ, အဂ္ဂိတောဝါ =မီးလောင်လို့ ဖြစ်စေ, ဥဒကတောဝါ =ရေဘေး, လေဘေးကြောင့်ဖြစ်စေ, အပ္ပိယ ဒါယာဒတော= မချစ်အပ်တဲ့ အမွေခံဆိုးကြောင့် ဖြစ်စေ, စီးပွားဥစ္စာတွေ ပျက်စီး ဆုံးရှုံးသွားခြင်းပါပဲ။ အဲဒါ နည်းနည်း ပျက်စီးရင် နည်းနည်း စိုးရိမ် ပူဆွေးရတယ်။ များများပျက်စီးရင် များများ စိုးရိမ်းပူဆွေးရတယ်။ ရှိသမျှ ပစ္စည်းတွေ အကုန်လုံး ပျက်စီးသွားရင်တော့ သေရသည်တိုင်အောင် စိုးရိမ် ပူဆွေးရတတ်ပါသေးတယ်။

(၃) ရောဂဗျသန–ဆိုတာ ရောဂါဆိုး စွဲကပ်နိပ်စက်လို့ ကျန်းမာရေးပျက်စီးခြင်းပါပဲ။ ရောဂါကင်းရှင်းပြီး ကျန်းမာနေရာက အနာရောဂါဆိုး တစ်ခုခုဖြစ်ပေါ်လာရင် ကုဋ္ဌနှနာတို့, နှလုံးရောဂါတို့, ကင်ဆာရောဂါတို့ ဒီလိုရောဂါဆိုးတစ်ခုခုဖြစ်ပြီး မနေသာ မထိုင်သာ ဖြစ်နေရင် စိတ်ဓာတ်တွေကျဆင်းပြီး အကြီးအကျယ် စိုးရိမ်ပူဆွေးခြင်း ဖြစ်တတ်တယ်။ တချို့ ပုဂ္ဂိုလ်မှာဆိုရင် စိုးရိမ်ပူဆွေးမှုအားကြီးတာနဲ့ တစ်နေ့တခြား အားယုတ်ပြီး သေကြေ ပျက်စီးတောင် သွားတတ်သေးတယ်။

(၄) သီလဗျသန–ဆိုတာ သီလပျက်စီးခြင်းပါပဲ။ သီလကို ရိုရိုသေသေစောင့်ထိန်းနေတဲ့ ရှင်ရဟန်းများ, လူသူတော်ကောင်းများနဲ့ ဆိုင်ပါတယ်။ အဲဒီလို သီလကိုအလေးပြုပြီး စောင့်ထိန်းနေတဲ့သူမှာ သီလပျက်စီးသွားရင် စိုးရိမ်ပူဆွေးမှု အကြီးအကျယ် ဖြစ်တတ်ပါတယ်။ ရှင်ရဟန်းများမှာ သာပြီး ဖြစ်တတ်ပါတယ်။ ဇာတ်နိပါတ်တော်ထဲမှာ အလမ္ဘုသာ နတ်သမီး၏ ဖြားယောင်းမှုကြောင့် သီလပျက်ရတဲ့ ဣသိသိင်္ဂရသေ့မှာ အကြီးအကျယ် စိုးရိမ်ပူဆွေးမှု ဖြစ်ရတယ်။ အဲဒီလို ဖြစ်ပုံမျိုးပါပဲ။

http://www.dhammadownload.com

(၅) ဒိဋ္ဌိဗျသန–ဆိုတာ သမ္မာဒိဋ္ဌိ အယူမှန်ရှိနေတဲ့ သူမှာ မိစ္ဆာတရားကို ကြားနာရတဲ့အတွက် အယူဖောက်ပြန် သွားခြင်း ပါပဲ။ အဲဒီလို ဖောက်ပြန်ရာမှာ အယူဖောက်ပြန်မှုန်း သိရရင် မှားလေစွ မှားလေစွ ဟုနောင်တပူပန်ပြီး ဝမ်းနည်းခြင်း, စိုးရိမ်ပူဆွေးခြင်း ဖြစ်တတ်ပါတယ်၊ ဗုဒ္ဓဘာသာဝင်တွေထဲမှာလဲ တရားမှား, ဆရာမှားတွေနောက် လိုက်မိတဲ့အတွက် စိုးရိမ်ပူဆွေး ခြင်းဖြစ်ရတဲ့ သူတွေ ရှိပါတယ်။

(၆) ဆင်းရဲကြောင်း သောအန္တ ရာယ်တွေ ဆိုတာကတော့ အလွန်များပါတယ်၊ လူဆိုး, သူဆိုး, လူနိုင်တွေက နှိပ်စက်တာ၊ မီးလောင်တာ, ရေနစ်တာ, လိမ့်ကျတာ၊ မြွေ, ကင်း စသည်ကိုက်ခဲတာ၊ စားဝတ်နေရေး အဆင်မပြေတာ၊ အလုပ်အကိုင် အဆင်မပြေတာ၊ ပြစ်မှုဖြင့် အစွပ်အစွဲခံရတာ ဒီလိုဟာမျိုး တွေပါပဲ၊ အဲဒီလို သေားရန်အန္တ ရာယ်မျိုးနဲ့ တွေ့ရတဲ့အခါမှာလဲ ငါ့မှာ ကံဆိုးတယ်၊ သေားအန္တ ရာယ်များတယ် စသည်ဖြင့် ကြံတွေးပြီး စိုးရိမ်ပူဆွေးခြင်း ဖြစ်ရတတ်တယ်။

ငိုကြွေးရခြင်း

အဲဒီလို စိုးရိမ်ပူဆွေးရာက သည်းမခံနိုင်တော့ ငိုကြွေးခြင်း ဖြစ်ရပြန်တယ်၊ များသောအားဖြင့် အမျိုးသမီးတွေဟာ ဒီလို စိုးရိမ်ပူဆွေးစရာတွေနဲ့ တွေ့ရရင် စိုးရိမ်ပူဆွေးရုံတင် မဟုတ်ဘဲ ငိုကြွေးမည်တမ်းမိသည်အထိ ရောက်သွားတတ်ကြတယ်။

ကိုယ်ဆင်းရဲအမျိုးမျိုး

နောက်ပြီးတော့ ဆူးစူးခြင်း, ခလုတ်တိုက်ခြင်း, မီးလောင်ခြင်း, အရိုက်အနှက် အထိုးအခုတ်ခံရခြင်း, နာဖျားခြင်း စသည်ဖြင့်

http://www.dhammadownload.com

မကောင်းတဲ့အတွေ့ဆိုးတွေနဲ့ တွေ့ရတဲ့အခါ ကိုယ်ထဲမှာ မခံသာတဲ့ အခံရခက်တဲ့ ကိုယ်ဆင်းရဲတွေလဲ ဖြစ်ရတယ်၊ ငရဲဘုံမှာ ဆိုရင် ငရဲမီးတွေလောင်ခြင်း ငရဲထိန်းတို့၏ အနှိပ်အစက်ခံရခြင်း စသည်ဖြင့် ဒီကိုယ်ဆင်းရဲတွေကို မိနစ်စက္ကန့်မျှ မခြားဘဲ အမြဲခံစားနေရတယ်၊ ပြိတ္တာဘုံမှာလဲ ငရဲလိုပဲ တချို့က မီးလောင်ခံနေကြရတယ်၊ တချို့က သံတူကြီးတွေနဲ့ အထုခံရခြင်း, အပ်တွေနဲ့ အစူးခံရခြင်း, ဘီလူး လင်းတကျီးစသည်တို့၏ အထိုးအဆိတ်ခံရခြင်း စသည်ဖြင့် အတိုင်းမသိသော ကိုယ်ဆင်းရဲတွေကို ခံနေကြရတယ်၊ တချို့ကလည်း ပြိတ္တာဘဝရောက်ကတည်းက တစ်ခါမျှ မစားရ, မသောက်ရတဲ့အတွက် အင်မတန်ဆာလောင် ပြီးဆင်းရဲဒုက္ခ ရောက်နေကြရတယ်၊ တိရိစ္ဆာန်ဘုံ မှာတော့ နွားတွေ, ကျွဲတွေ, မြင်းတွေ ဒီလိုအကောင်တွေမှာ အရိုက်အနှက်ခံရ, လေးလံတဲ့ဝန်ကို ရှန်းရ, ရွံ့ထဲမှာ အိပ်ရ, ခြင်မှက် စသည်အကိုက်ခံရ စသည်ဖြင့် ကိုယ်ဆင်းရဲတွေ ခံစားနေကြရတယ်။ ဒီအထဲမှာ တချို့ကလဲ ဆာလောင်နေပါလျက်နဲ့ အစာမစားရ, ရေမသောက်ရနဲ့ ဒုက္ခရောက်နေရှာကြတယ်၊ ဒီ ကျွဲ နွား မြင်းဆိုတာတွေကမှ စောင့်ရှောက်မည့်လူ ရှိသေးလို့ သက်သာရာရတန်သလောက် ရကြပါသေးတယ်၊ အဲဒီလို စောင့်ရှောက်သူလုံးဝမရှိကြတဲ့ တိရစ္ဆာန်သတ္တဝါကလေးတွေမှာမှ သာပြီး ဆင်းရဲဒုက္ခ ရောက်ကြရတာပဲ၊ အဲဒီ ကိုယ်ဆင်းရဲတွေ ဟူသမျှ ဟာ ဘဝအသစ်ဖြစ်ခြင်းဆိုတဲ့ ဇာတိကြောင့် ဖြစ်ပေါ်လာတာချည်းပဲ။

စိတ်ဆင်းရဲအမျိုးမျိုး

နောက်ပြီးတော့ ဒေါမနဿဆိုတဲ့ စိတ်နှလုံးမသာမှု စိတ်ဆင်းရဲဆိုတာ မကောင်းတဲ့ အာရုံဆိုးတွေနဲ့ တွေ့ရတိုင်း ဖြစ်ပေါ်

http://www.dhammadownload.com

တတ်တယ်၊ မမြင်ချင်တဲ့ဟာတွေကို မြင်ရတဲ့အခါ, မကြား ချင်တဲ့ အသံတွေ, စကားတွေကို ကြားရတဲ့အခါ, အနံ့ဆိုးတွေကို နံရတဲ့အခါ, မကောင်းတဲ့အစာကို စားရတဲ့အခါ အတွေ့ဆိုး တွေနဲ့ တွေ့ပြီး ဆင်းရဲဒုက္ခ ရောက်နေတဲ့အခါ အများအားဖြင့် စိတ်နှလုံးမသာမှု စိတ်ဆင်းရဲတွေ ဖြစ်တတ်တယ်၊ အဲဒီလို ကိုယ် ဆင်းရဲ ဖြစ်နေရာမှာ စိတ်ဆင်းရဲထပ်ပြီးဖြစ်တာမျိုးကို မြတ်စွာ ဘုရားက ဆူးနှစ်ချောင်း စူးတာနဲ့ တူတယ်လို့ ဥပမာ ပေးထားပါတယ်။

ဆူး ၂-ချောင်းစူးတာနဲ့ တူတယ်

ဘယ်လိုလဲဆိုတော့ကာ-လက်မှာဖြစ်စေ, ခြေမှာ ဖြစ်စေ ဆူးငြောင့် စူးနေလို့ ထွင်တဲ့အခါ ထိုးကော်တဲ့ နော်ကထပ် ဆူး သစ်ကလဲ အသားထဲမှာ ကျိုးပြီးကျန်နေရင် ပထမ စူးဝင်နေတဲ့ ဆူးငြောင့် ကြောင့်လဲ မြက်မြက် မြက်မြက်နဲ့ နာနေတယ်၊ ဒုတိယ ထိုးကော်တဲ့ ဆူးကျိုးကလဲ မြက်မြက်မြက်မြက်နဲ့ နာနေတယ်၊ တစ်နာပေါ် တစ်နာ ထပ်ပြီး ၂-နာဖြစ်နေတယ်၊ အဲဒါလိုဘဲ ဘာဝနာ ကင်းမဲ့တဲ့ သာမန်ပုဂ္ဂိုလ်တွေမှာ မကောင်းတဲ့အာရုံတွေနဲ့ တွေ့ရလို့ ကိုယ်ဆင်းရဲက ဖြစ်ပေါ်နေရင် အဲဒါကို သည်းမခံနိုင်တဲ့အတွက် စိတ်ဆင်းရဲကလဲ ထပ်ပြီး ဖြစ်ပြန်တယ်၊ သူ့ အလိုလို ဖြစ်နေတဲ့ ကိုယ်ဆင်းရဲက တစ်ခု၊ သည်းမခံနိုင်တဲ့ စိတ်ဆင်းရဲက တစ်ခုဆိုတော့ စိတ်ဆင်းရဲ ၂-ခု ဖြစ်နေတယ်၊ ခုတင်ကပြောခဲ့တဲ့ ဥပမာထဲက ဆူး ၂-ချောင်းကြောင့် ၂-နာ ဖြစ်နေတာနဲ့ တူနေတာပေါ့။

အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်များမှာတော့ သည်းမခံနိုင်တဲ့ ဒေါသက လုံးဝ ကင်းနေတဲ့အတွက် အတွေ့ဆိုးနဲ့တွေ့ပြီး ကိုယ် ဆင်းရဲ ဖြစ်ပေမယ့် နှလုံးမသာတဲ့ စိတ်ဆင်းရဲ ကတော့ မဖြစ်ဘူး၊

http://www.dhammadownload.com

ထို့အတူပဲ ရှုမှတ်နေတဲ့ ယောဂီပုဂ္ဂိုလ်မှာလဲ ကိုယ် ဆင်းရဲ ဖြစ်ပေမယ့် စိတ်ဆင်းရဲကတော့ မဖြစ်ဘူး၊ ကိုယ်ထဲက နာကျင်ကိုက်ခဲမှု ဖြစ်ပေါ်လာရင် "နာတယ် နာတယ်" စသည်ဖြင့် မှတ်ပြီး နာမှုစသည်ကို ဒုက္ခဝေဒနာ သဘောတရားမျှဘဲ လို့ သိနေတယ်၊ ငါနာတယ်, ငါ အခံခက်တယ် စသည်ဖြင့် ငါကောင်အနေနဲ့ မစွဲလမ်းဘူး၊ သူ့ အကြောင်းအားလျော်စွာ ဖြစ်ပျက်နေတဲ့ ဝေဒနာသဘောတရားမျှဘဲ လို့သာ သိနေတယ်၊ ဒါကြောင့် မခံချင်တဲ့ နှလုံးမသာတဲ့ စိတ်ဆင်းရဲဟာ မဖြစ်ရ တော့ဘူး၊ ကိုယ်ဆင်းရဲ တစ်မျိုးတည်းကိုသာ ခံစားရတယ်၊ ဒုတိယဆူး ထပ်ပြီးမစူးဘဲ ပထမဆူးတစ်ချောင်းရဲ့ဒဏ်ကိုသာ ခံရတာနဲ့ တူပါတယ်တဲ့၊ ဒါကြောင့် အနာဂါမ် ရဟန္တာများလို ခံနိုင်ရည်ရှိအောင် အလိုအလျှောက် ဒုက္ခဝေဒနာ ပေါ်လာရင် နောက်ထပ် ဒေါမနဿ ဝေဒနာ မပေါ်လာအောင် ရှုမှတ်ပြီး သိဖို့ အရေးကြီးပါတယ်၊ အဲဒီလို ရှုမှတ်ပြီး သိဖို့ရာ မြတ်စွာ ဘုရားက "ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော = ဒုက္ခဝေဒနာကို ခံစားရလျှင်လည်း၊ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ = ဒုက္ခ ဝေဒနာ ကို ခံစားရသည် ဟူ၍၊ ပဇာနာတိ = သိ၏" လို့ ဟောထားပါတယ်။

အဲဒီလို မရှုနိုင်တော့ အာရုံဆိုးတွေကို တွေ့တိုင်း, ဒုက္ခ ဝေဒနာတွေ ဖြစ်တိုင်း ဒေါမနဿဆိုတဲ့ ဒီစိတ်ဆင်းရဲဟာ အနည်းနဲ့ အများ ဖြစ်မှာချည်းပဲ၊ ဒါလဲ ဘဝသစ်ဖြစ်ခြင်းဆိုတဲ့ ဇာတိကြောင့် ဖြစ်ပေါ်လာတဲ့ ဆင်းရဲပဲ။

စိတ်ဆင်းရဲ၏ အကြောင်းများ

အထူးအားဖြင့်တော့ ဒီစိတ်နှလုံးမသာမှု စိတ်ဆင်းရဲဟာ ရှေးကာလက ကိုယ့်အလိုအတိုင်း မပြည့်စုံဘဲ ဆင်းရဲဒုက္ခရောက်

http://www.dhammadownload.com

လာခဲ့တာတွေကို ပြန်တွေးပြီးတော့လဲ ဖြစ်တတ်တယ်၊ နောင်ကာလမှာ အဆင်မပြေမှာတွေ, ဘေးဒုက္ခ တွေ့ရမှာတွေ မျှော်တွေးပြီးတော့လဲ စိတ်နှလုံး မသာခြင်း, စိတ်ဆင်းရဲခြင်း, ဝမ်း နည်းခြင်း ဖြစ်တတ်တယ်၊ ယခု လောလောဆယ်မှာ မပြည့်စုံတာတွေ, ဆင်းရဲဒုက္ခ ရောက်နေတာတွေကို ဆင်ခြင်ပြီးတော့လဲ စိတ်နှလုံးမသာခြင်း, စိတ်ဆင်းရဲခြင်း, ဝမ်းနည်းခြင်း ဖြစ်တတ်တယ်၊ ဒါတွေဟာလဲ ဇာတိကြောင့် ဖြစ်ပေါ်လာတဲ့ ဆင်းရဲတွေချည်းပဲ။

စိတ်နှလုံး ပြင်းပြစွာပူပန်ခြင်း

နောက်ပြီးတော့ ဥပါယာသ–ဆိုတာ စိတ်နှလုံး၏ ပြင်းစွာပူပန်ခြင်းပဲ၊ ကိုယ့်အတွက်ဖြစ်စေ, ကိုယ်နဲ့စပ်တဲ့သူတွေအတွက် ဖြစ်စေ ကိုယ်ဖြစ်စေချင်တဲ့အတိုင်း မဖြစ်ဘဲ မဖြစ်သင့်တာတွေချည်း ဖြစ်နေတဲ့အခါ, အလွန်ဆိုးတဲ့ ဒုက္ခတွေနဲ့ တွေ့နေရတဲ့အခါမှာ ဖြစ်မှ ဖြစ်ရလေခြင်းလို့ တောက်တစ်ခေါက်ခေါက်နဲ့ စိတ်နှလုံး အလွန်အကဲပူပန်နေတာကို 'ဥပါယာသ'လို့ ခေါ် ပါတယ်၊ တရားကိုယ်အားဖြင့်တော့ မခံချိမခံသာ ဖြစ်နေတဲ့ ဒေါသပါပဲ၊ ဒီစိတ်ပူပန်မှုဟာလဲ ဇာတိကြောင့် ဖြစ်ပေါ်လာ တာပဲ၊ ဒါကြောင့် 'ဇာတိပစ္စယာ၊ ဘဝအသစ်ဖြစ်ခြင်း ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏာ၊ အိုခြင်း သေခြင်း သည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ် ဆင်းရဲခြင်း, စိတ်နှလုံး၏ ပြင်းစွာ ပူပန်ခြင်းတို့သည်လည်း။ သမ္ဘဝန္တိ၊ ဖြစ်ပေါ်ကုန်၏"လို့ ဟောထားပါတယ်။

အားလုံး ဆင်းရဲချည်းပဲ

ဒီတော့ တစ်ဘဝ တစ်ဘဝမှာ ဇာတိမှစပြီး မရဏ–ဆိုတဲ့ သေသည်တိုင်အောင် ဖြစ်ဖြစ်သမျှတွေဟာ ဆင်းရဲတွေ မကောင်း

http://www.dhammadownload.com

တာတွေချည်းဘဲ၊ ကောင်းတာ ချမ်းသာတာလဲ မပါဘူး၊ အသက်ရှင်နေတဲ့ အတ္တကောင်ဆိုတာလဲ မပါဘူး၊ ဆင်းရဲအစု သက်သက်မျှသာ ဖြစ်တယ်၊ ဒါကြောင့် မြတ်စွာဘုရားက "ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့သော အစီအစဉ်ဖြင့်။ ကောဝလသ၊ ချမ်းသာ သုခနှင့်, အတ္တနှင့် မရောယှက်သော။ ဧတသ ဒုက္ခက္ခန္ဓသ၊ ဤဆင်းရဲအစု၏သာလျှင်။ သမုဒယော၊ ဖြစ်ပွားခြင်းသည်။ ဟောတိ၊ ဖြစ်သည်"လို့ ဟောတော်မူပါတယ်။

သာမန် လူတွေရဲ့ အမြင်ဆိုရင်တော့ လူ့ဘဝမှာ ဖြစ်ရတယ်ဆိုရင် ကောင်းတယ်၊ နတ်ဘဝမှာ ဖြစ်ရတယ်ဆိုရင် သာပြီး ကောင်းတယ်၊ မသေမီအတွင်းလဲ ကာမဂုဏ် အာရုံတွေကို ခံစားနေရလို့ ကောင်းတယ်၊ ချမ်းသာတွေ အများကြီးရတယ်–လို့လဲ ထင်နေကြတယ်၊ အဲဒီလို လူ့ဘဝ, နတ်ဘဝမှာဖြစ်ပြီး ခံစားနေရတာဟာ အသက်ရှင်နေတဲ့ အတ္တကောင် သတ္တဝါ ကောင်ပဲ–လို့လဲ ထင်နေကြတယ်၊ မြတ်စွာဘုရား၏ ပဋိစ္စ သမုပ္ပာဒ် ဒေသနာတော်အရ ဆိုရင်တော့ ယခုပြောခဲ့တဲ့အတိုင်း အကြောင်းနဲ့ အကျိုးမျှသာ ရှိတယ်၊ ဘဝတစ်ခု တစ်ခုမှာ အဝိဇ္ဇာ အရင်းခံပြီး တဏှာ ဥပါဒါန် အထောက်အပံ့ တွေကြောင့် သင်္ခါရဆိုတဲ့ ကုသိုလ်က်, အကုသိုလ်ကံ ဖြစ်ခဲ့တယ်၊ အဲဒီ ကံကြောင့် နောက်တစ်ဘဝမှာ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ–ဆိုတဲ့ အကျိုးတရား ငါးပါး ဖြစ်ပေါ်လာတယ်၊ အဲဒီ အကျိုးတရားတွေရဲ့ အစ ဖြစ်ပေါ်မှုက ဇာတိပဲ၊ အဆုံးပျက်သွားတာက မရဏပဲ၊ အလယ်ပိုင်းမှာ အဆက်အဆက်ဖြစ်ပြီး တည်နေတာက ဇရာပဲ၊ အဲဒီ ဇရာအခိုက်အတန့်ထဲမှာ ရုံဖန် ရုံခါ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသဆိုတဲ့ တရားဆိုးတွေလဲ ဖြစ်ပေါ်သေးတယ်၊ ဒီတော့ ဘဝတိုင်း ဘဝတိုင်းဟာ အနှစ်သတ္တု ချကြည့်ရင် ဖြစ်ခြင်း, အိုခြင်း, သေခြင်း, စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း,

http://www.dhammadownload.com

စိတ်ဆင်းရဲခြင်း စိတ်နှလုံး၏ ပြင်းစွာပူပန်ခြင်းဆိုတဲ့ ဒီတရားဆိုးတွေချည်းပဲ၊ အဲဒါတွေဟာ ချမ်းသာလဲ မဟုတ်ဘူး၊ အသက်ရှင်နေတဲ့အတွက်ကောင်လဲ မဟုတ်ဘူး၊ ဆင်းရဲတွေချည်းပဲ၊ ဒါကြောင့် မူလရင်းဆောင်ပုဒ်ကြီးမှာ-

အမှန်မသွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာ လိမ့်နိုး၊ ရည်မျှော်ကိုးလျက်၊ သုံးမျိုးမှက်၊ ပြုစီမံ၍၊ ဝိညာဏ် တွယ်စပ်။ ပ။ တဏှာ ၆-တန်၊ ဥပါဒါန်နှင့်၊ ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍၊ ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ၊ အိုကာ သေရေး၊ ပူအဆွေးနှင့်၊ ငိုကြွေး ကိုယ်နှမ်း၊ စိတ်မချမ်းမြ၊ ပူပန်ရသည်၊ လုံးဝ ဆင်းရဲစုသာ ဟုတည်း-လို့ ဆိုထားပါတယ်။ ရှစ်လုံးဖွဲ့ ဆောင်ပုဒ်မှာတော့ နောက်ဆုံး ၂-ပိုဒ်မှာ-

ခံစားသည့်တွက်, တပ်မက်ခင်မင်၊
မည်သို့ပြုကြား, ကောင်းစားမည်ထင်။
ဝင်စားစွဲလမ်း, ရော်ရမ်းပြုလျှင်၊
နောင်ဘဝ ဖြစ်ရဟုတိပင်။
ဘဝဟုတိ, သူရှိပြန်လျှင်၊
အို သေ-ပူ-ဆွေး, ငိုကြွေးထိုပြင်၊
ကိုယ်-စိတ်ဆင်းရဲ, ထန်သဲပူပင်၊
သို့ဖြစ်ရ လုံးဝ ဆင်းရဲပင်-

လို့ဆိုထားပါတယ်။ အဲဒီ ရှစ်လုံးဖွဲ့ ဆောင်ပုဒ်များကို ဆိုကြရမယ်။

ခံစားသည့်တွက်, တပ်မက်ခင်မင်။ ပ။
နောင်ဘဝ ဖြစ်ရ ဟုတိပင်။
ဘဝဟုတိ, သူရှိပြန်လျှင်။ ပ။
သို့ဖြစ်ရ လုံးဝ ဆင်းရဲပင်။

http://www.dhammadownload.com

ယခု ပြောလာခဲ့တာဟာ ကာမုပါဒါန်ကြောင့် အကုသိုလ် က၊ ကာမာဝစာရကုသိုလ်က် ဆိုတဲ့ ကမ္မဘဝ ဖြစ်ပုံနဲ့ အဲဒီ ကမ္မဘဝကြောင့် အပါယ်လေးဘုံမှာဖြစ်ပြီး ဆင်းရဲရပုံ, လူ့ဘုံမှာ ဖြစ်ပြီး အိုရ, နာရ, သေရ, စိုးရိမ် ပူဆွေးရ စသည်ဖြင့် ဆင်းရဲရပုံတွေကို ပြောလာခဲ့တာပဲ၊ အဲဒါ တော်တော် စုံသွားပါပြီ။

နတ်ဘဝ၌ ဇာတိ, ဇရာ, မရဏ စသည်ဖြစ်ပုံ

ယခု ပြောခဲ့တဲ့ ဒါန, သီလ အစရှိသော ကုသိုလ် ကမ္မဘဝကြောင့် စတုမဟာရာဇ်, တာဝတိ်သာ အစရှိသော နတ်ပြည် မှာ ဘဝအသစ်ဖြစ်ရတာလဲ ရှိတယ်၊ အဲဒီ နတ်ဘဝတွေမှာလဲ လူ့ဘဝမှာလိုပဲ အိုခြင်း, သေခြင်း, စိုးရိမ်ပူဆွေးခြင်း အစရှိတဲ့ ဆင်းရဲတွေ ရှိတာပဲ။ ဘူမဋ္ဌ ဒေဝတာ–ဆိုတဲ့ ဘုမ္မစိုးနတ် မြေတည် နတ်တွေ ထဲမှာ တချို့နတ်တွေဟာ စားစရာမရှိ, ဝတ်စရာ မရှိ, နေစရာမရှိနဲ့ လူတွေထက်တောင် ဆင်းရဲပါသေးတယ်၊ သူတို့ကို ဝိနိပါတိက နတ်တွေလို့ ခေါ်ပါတယ်၊ သုဂတိ ချမ်းသာမှ ပြုတ်ကျနေတဲ့ နတ်တွေလို့ ဆိုလိုပါတယ်၊ မြန်မာတွေက အစိမ်း တဘွေ သရဲ ခေါ်တဲ့ နတ်ညံ့ကလေးတွေပါပဲ။

ကောင်းကင်မှာ တည်တဲ့ နတ်တွေမှာလဲ သူတို့အလိုရှိတိုင်း မပြည့်စုံလို့ စိုးရိမ်ပူဆွေးရ, စိတ်နလုံး မသာရတဲ့ ဆင်းရဲတွေ ရှိနေပါတယ်၊ တချို့ နတ်တွေမှာ သူများလို ဘုံဗိမာန် အဆြေ အရံ မပြည့်စုံလို့ စိတ်ဆင်းရဲရတယ်၊ တချို့နတ်တွေမှာ သူများ လို တန်ခိုးအရောင်အဝါနဲ့ မပြည့်စုံလို့ စိတ်ဆင်းရဲရတယ်၊ သိကြားမင်းကြီးရဲ့ ဖြစ်ပုံမျိုးပေါ့။

သိကြားမင်းကြီးက အရှင်မဟာကဿပကို ဆွမ်းလှူတဲ့အခါ ဒီလို လျှောက်တယ်။ "တပည့်တော်ဟာ နတ်ပြည်မှာ သိကြား

http://www.dhammadownload.com

မင်းကြီး ဖြစ်နေရပေမယ့် ဆင်းရဲပါတယ် ဘုရား၊ တပည့်တော် ဟာ သာသနာပက ကုသိုလ်ပြုပြီး နတ်ဖြစ်ရလို့ ကိုယ်ရောင် ကိုယ်ဝါ သိပ် မတောက်ပပါ၊ သာသနာတွင်းက ကုသိုလ်ပြုပြီး နတ်ပြည်ကို ရောက်လာကြတဲ့ စူဠရထနတ်သား, မဟာရထ နတ်သား, အနေက ဝဏ္ဏနတ်သား ဆိုတဲ့ ဒီနတ်သားကြီးတွေက တပည့်တော်ထက် တန်ခိုး အရောင်အဝါ ကြီးမားကြပါတယ်၊ သူတို့နဲ့ လမ်းမှာ တွေ့ဆုံနေရင် အရောင်အဝါချင်း မယှဉ်ပြိုင် နိုင်လို့ တပည့်တော်က ပုန်းလျှိုး တိမ်းရှောင်နေပါတယ်"လို့ လျှောက်ပါတယ်၊ အဲဒါကို ထောက်ဆကြည့်ရင် နတ်ပြည်မှာလဲ ကိုယ်အလိုရှိတိုင်း မပြည့်စုံလို့ စိတ်ဆင်းရဲနေရတာတွေ အများ ကြီး ရှိမယ်ဆိုတာ ယူဆနိုင်ပါတယ်။

အဲဒါထက် သိကြားမင်း၏ အလုပ်အကျွေး နတ်သမီးတစ်စု က အရှင်မဟာကဿပအား ဆွမ်းလှူဖို့ရာ အသနားခံကြတာက သာပြီး ထင်ရှားပါသေးတယ်၊ သူတို့ လျှောက်ပုံကတော့ "တပည့်တော်မ တို့ဟာ သိကြားမင်းရဲ့ အလုပ်အကျွေး နတ်မိဖုရား ကလေးတွေ ဖြစ်ရတာကတော့ မှန်ပါတယ်၊ ဒါပေမယ့် တပည့်တော်မတို့ထက် အဆင့်အတန်းမြင့်တဲ့ နတ်မိဖုရားကြီးတွေ က ဒုနဲ့ဒေးရှိနေတော့ တပည့်တော်မတို့ဟာ အင်မတန် ဆင်းရဲ ကြပါတယ်ဘုရား၊ ဒါကြောင့် အဆင့်အတန်းမြင့်ရအောင် အရှင်ဘုရားကို ဆွမ်းလှူလိုကြပါတယ်" လို့ လျှောက်ထား အသနားခံကြတယ်၊ အဲဒါဟာ တော်တော် ယုတ္တိ ရှိပါတယ်၊ ဘာကြောင့်လဲဆိုတော့ သိကြားမင်းမှာ အလုပ်အကျွေး နတ် သမီးတွေက ကုဋေနဲ့ချီပြီး ရှိနေတယ်လို့ ဆိုပါတယ်၊ ဒီတော့ သိကြားမင်းကြီးရဲ့ပတ်ဝန်းကျင်မှာ နတ်မိဖုရားကြီးတွေက ရှိနေ တဲ့အတွက် သာမန် အလုပ်အကျွေး နတ်သမီးတွေမှာ အနားနားတောင် ကပ်ရမှာ မဟုတ်ပေဘူး၊ အဲဒီလို နတ်သမီးတွေမှာ စိတ်အလိုအတိုင်း

http://www.dhammadownload.com

မပြည့်တဲ့အတွက် အင်မတန်ဆင်းရဲကြမှာပဲ၊ ဒီပြင်လဲ တန်ခိုးကြီးတဲ့ နတ်သားကြီးတွေမှာ အခြွေအရံ နတ်သမီးတွေ ငါးရာ, တစ်ထောင် တစ်သောင်း စသည်ဖြင့် ရှိနေကြ ပါတယ်၊ အဲဒီလို နတ်သမီးတွေ အစုထဲမှာလဲ နတ်သားကြီးနား ချဉ်းကပ်ခွင့်မရတဲ့ နတ်သမီးတွေ အများကြီးရှိနေမှာပဲ၊ အဲဒီလို နတ်သမီးတွေမှာလဲ စိတ်အလိုအတိုင်း မပြည့်လို့ ဆင်းရဲရှာကြမှာပဲ။

တချို့ နတ်တွေမှာ စုတောခါနီးကျတော့ ပန်ဆင်ထားတဲ့ ပန်းတွေက ညှိုးနွမ်းကုန်တယ်၊ ဝတ်ထားတဲ့ အဝတ် အဆင် တန်ဆာတွေက ညစ်နွမ်းကုန်တယ်၊ လက်ကတီးကြားတို့မှ ချွေးတွေကျတယ်၊ အိုမင်းရုပ်တွေ ပေါ်လာတယ်၊ မမျော်မှော့နိုင်ဘဲ ဖြစ်လာတယ်ဆိုတဲ့ ပုဗ္ဗနိမိတ်တွေကို တွေ့ရတဲ့အတွက် ငါတော့ နတ်ဘဝမှ စုတော ရတော့မယ် ဆိုတာကို မျှော်တွေးပြီး အကြီး အကျယ် စိုးရိမ် ပူဆွေး ရတယ်။

တချို့ နတ်တွေလဲ နတ်စည်းစိမ်တွေနဲ့ ပျော်မွေ့နေရင်း အမှတ်တမဲ့ စုတိစိတ်ကျပြီး သေသွားရတယ်၊ ယခု လူ့ပြည်မှာ ဖြုံးခနဲ လေဖြတ်ပြီး သေတာမျိုးလို ဆိုရမှာပေါ့၊ လူ့ပြည်က အသေမြန်တယ် ဆိုတာကတော့ နာရီပိုင်း မိနစ်ပိုင်းလောက် တော့ ကြာနေသေးတယ်၊ နတ်ပြည်က ရုတ်တရက် သေတယ် ဆိုတာကတော့ မိနစ်ပိုင်းတောင် ကြာနေတာ မဟုတ်ဘူး၊ ဖယောင်းတိုင် မီးတောက်ကလေးများ ငြိမ်းသွားတာလို ချက်ချင်းပဲ သေသွားတာ၊ အဲဒါဟာ သုဒြဟ္မ နတ်သား၏ ဝတ္ထုဖြင့် ထင်ရှားပါတယ်။

သုဒြဟ္မနတ်သားဝတ္ထု

သုဒြဟ္မမည်တဲ့နတ်သားဟာ အခြွေအရံ နတ်သမီးတစ်ထောင် နှင့်တကွ နန္ဒဝန်ဥယျာဉ်ထဲမှာ ပျော်ပွဲခံနေတယ်၊ နတ်သမီး ငါးရာက

http://www.dhammadownload.com

ပန်းပင်ပေါ်တက်ပြီး သီချင်းဆိုရင်း ပန်းတွေကို ခြွေချနေကြတယ်၊ အဲဒီလို ခြွေချနေရင်း ဥပဒ္ဓေဒကက်ကြောင့် ရုတ်တရက် စုတေပြီး ငရဲရောက်သွားကြတယ်၊ သီချင်း ဆိုသံကို မကြားရတဲ့အတွက် နတ်သားကြီးက ဘယ်သွားကြပါလိမ့်မလဲ လို့ ဆင်ခြင်ကြည့်လိုက်တဲ့ အခါ နတ်ဘဝမှ စုတေပြီး ငရဲမှာ ကျရောက်နေလို့ ဒုက္ခရောက်နေကြ တာကို တွေ့ရတယ်၊ နောက် ပြီးတော့ မိမိအတွက် ဆင်ခြင် ကြည့်လိုက်တဲ့အခါ ကျန်တဲ့ နတ်သမီးငါးရာနှင့်တကွ ၇-ရက်အတွင်း မှာ စုတေပြီး အဲဒီ ငရဲမှာ ဖြစ်ရမည့်အရေးကို မြင်ရတယ်၊ ဒီတော့ အလွန် ကြောက်လန့်ကာ စိတ်နလုံးမသာဖြစ်ပြီးတော့ မြတ်စွာဘုရားထံ လာရောက်ပြီး ဒီလို မေးလျှောက်ပါတယ်။

နိစ္စံ ဥတြသ္တမိဒ စိတ္တံ၊ နိစ္စံ ဥဗ္ဘိ ဂ္ဂိဒ မနော။

အနုပ္ပန္နေဟူ ကိစ္ဆေသု၊ အထော ဥပ္ပတိတေသု စ။

သစေ အတ္ထိ အနုတြသ္တံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အနုပ္ပန္နေသု၊ မဖြစ်ပေါ်ကုန်သေးသော။ ကိစ္ဆေသု စ၊ ကျွန်ုပ်နှင့်တကွ ကျန်သော နတ်သမီးငါးရာတို့ ငရဲသို့ ကျရောက်ရမည့် ဆင်းရဲ တို့ကြောင့် လည်းကောင်း။ အထော၊ ထိုမှတစ်ပါး။ ဥပ္ပတိတေသု၊ ဖြစ်ပေါ် ကုန်ပြီးသော။ ကိစ္ဆေသုစ၊ ပန်းခူးရင်း စုတေ၍ ငရဲ၌ ကျရောက် နေကြသော နတ်သမီးငါးရာတို့၏ ဆင်းရဲတို့ကြောင့် လည်းကောင်း၊ ဣဒံစိတ္တံ၊ ကျွန်ုပ်၏ ဤစိတ်သည်။ နိစ္စံ၊ အမြဲ။ ဥတြသ္တံ၊ ထိတ်လန့်နေပါသည် ဘုရား။ ဣဒံမနော၊ ကျွန်ုပ်၏ ဤနှလုံးသည်။ နိစ္စံ၊ အမြဲ။ ဥဗ္ဘိ ဂ္ဂ၊ ကြောက်ရွံ့နေပါသည် ဘုရား။ အနုတြသ္တံ၊ မထိတ်လန့်ရာ မထိတ်လန့်ကြောင်း ဖြစ်သော နည်းလမ်းကောင်း

http://www.dhammadownload.com

အရပ်ဒေသသည်၊ သစေ အတ္ထိ၊ အကယ်၍ ရှိပြားအုံ့။ ဒဝ်သတိ၊ ဤသို့ရှိလတ်သော်။ ပုဗ္ဗိတော၊ မေးအပ်သောအရှင်ဘုရားသည်။ တံ၊ ထိုထိတ်လန့်မှုဇြိမ်းကြောင်း နည်းလမ်းကောင်းအရပ်ဒေသကို။ မေ၊ အကျွန်ုပ်အား။ အက္ခာဟိ၊ ဟောကြား ညွှန်ပြတော်မူပါဘုရား-တဲ့။

ဒီလို မေးလျှောက်တော့ မြတ်စွာဘုရားက ဒီလို ဟောကြားတော်မူပါတယ်။

နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိ ပဿာမိ ပါဏိနံ။

ဒေဝပုတ္တ၊ သိလိုရေးနှင့် မေးလျှောက်လာသော အမောင်နတ်သား။ ဗောဇ္ဈာ၊ သိကြောင်းဖြစ်သော သတိ စသော ဗောဇ္ဈင်တရားအပေါင်းကို။ တပသာ၊ ကိလေသာကို ပူလောင်သွေ့ခြောက်ကင်းပျောက်စေနိုင်သော ဓူတင်အကျင့် သမ္မာပဓာန်အကျင့်ကို။ အညတြ ကြဉ်ဖယ်ရှောင်ရှား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိ၊ ဘေးရန်ကင်းကွာ ချမ်းသာခြင်းကို။ နပဿာမိ၊ ငါမမြင်ပေ။ ဣန္ဒြိယသံဝရာ၊ ဣန္ဒြေ ၆-ပါး ၆ တံခါးတို့မှ ကိလေသာ မဖြစ်ပွားရအောင် စောင့်ရှောက် ပိတ်ဆို့ခြင်းကို။ အညတြ၊ ကြဉ်ဖယ်ရှောင်ရှား၍။ ပါဏိနံ၊ သတ္တဝါတို့၏ သောတ္ထိ၊ ဘေးရန်ကင်းကွာ ချမ်းသာခြင်းကို။ နပဿာမိ၊ ငါမမြင်ပေ။ သဗ္ဗနိဿဂ္ဂါ၊ အလုံးစုံကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို။ အညတြ၊ ကြဉ်ဖယ်ရှောင်ရှား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိ၊ ဘေးရန်ကင်းကွာ ချမ်းသာခြင်းကို။ နပဿာမိ။ ငါ မမြင်ပေ-လို့...။

http://www.dhammadownload.com

ဒီလို ဟောကြားတော်မူလိုက်တဲ့အခါ အခြွေအရံနတ်သမီး ငါးရာနှင့်တကွ သုဒြဟွနတ်သားဟာ သောတာပန် ဖြစ်သွားပါသတဲ့။ ဒီ ဝတ္ထုထဲမှာ ပန်းခူးနေရင်း နတ်သမီးငါးရာ ရုတ်တရက် သေဆုံးသွားကြတာဟာ ဒီမှာ ပြောလိုရင်းပါပဲ၊ ဒီလိုပျော်နေရင်း အမှတ်တမဲ့ သေရတာဟာ အင်မတန်ကြောက် စရာ ကောင်းပါတယ်။ အကုသိုလ်ဟောတွေနဲ့ သေသွားတော့ အဲဒီ နတ်သမီး ငါးရာလိုပဲ ငရဲကို ကျရောက်သွားပါတယ်။ ဒါကြောင့် နတ်ပြည်မှာ ဈာတိကြောင့် အမှတ်တမဲ့ သေရတဲ့ မရဏာဟာ အင်မတန် ကြောက်စရာကောင်းပါတယ်၊ ပုဗ္ဗနိမိတ် ထင်လို့သေရမှာ စောစောက သိပြန်ရင်လဲ သေရမှာလဲ ကြောက်, အပါယ်ငရဲ ကျရမှာလဲကြောက်ပြီး စိတ်ဆင်းရဲတွေများစွာ ဖြစ်ရတယ်၊ ဒါတွေဟာ နတ်ဘဝမှာ အသစ်ဖြစ်တဲ့ ဈာတိကြောင့် ဖြစ်ပေါ်လာတဲ့ ဇရာ မရဏာ သောက အစရှိသော ဆင်းရဲတွေပဲ။ ဒါကြောင့် ဒီ ပဋ္ဌိစ္စသမုပ္ပာဒ် ဒေသနာတော်မှာ ဘဝအသစ်ဖြစ်ခြင်း ဆိုတဲ့ ဈာတိကြောင့် အိုခြင်း, သေခြင်း, စိုးရိမ်ပူဆွေးခြင်း အစရှိသော ဆင်းရဲတွေ ဖြစ်ပွားရတယ်လို့ ဟောထားပေတာပဲ။

ကာမုပါဒါန်ကြောင့် ကာမ ကမ္မဘဝဖြစ်ပြီး ကာမဘုံမှာ ဈာတိကြောင့် ဇရာမရဏာ သောကစသည် ဖြစ်ပုံတွေကတော့ အတော်စုံသွားပါပြီ။ ယခု ကာမုပါဒါန်ကြောင့် ရူပ, အရူပ ကမ္မဘဝဖြစ်ပြီး ဒြဟွလောကဌ် ဈာတိကြောင့် ဇရာ မရဏာ ဖြစ်ပုံကို ပြောရမယ်။

ကာမုပါဒါန်ကြောင့် ရူပ, အရူပ, ကမ္မဘဝ စသည်ဖြစ်ပုံ

ဒြဟွာ့လောကမှာ ကာမဘုံက အဖိုအမတွေ ခံစားနေရတဲ့ ကာမဂုဏ်မျိုးဆိုတာ မရှိဘူး၊ အနံ့, အရသာ အတွေ့,အထိ ဆိုတဲ့ ကာမဂုဏ်တွေဟာ လုံးဝ မရှိဘူး၊ မြင်ရ ကြားရ ကြံသိရတာ

http://www.dhammadownload.com

လောက်ပဲရှိတယ်၊ အဲဒါတွေကလဲ အဖို့ အမ အနေနဲ့ သာယာ ရတဲ့ အာရုံမျိုးတွေ မဟုတ်ဘူး၊ ဒါပေမယ့် တချို့ ပုဂ္ဂိုလ်က အဲဒီ ဗြဟ္မာ့လောကမှာ ကာမဂုဏ် အာရုံတွေက ပိုပြီးပြည့်စုံ ကောင်းမြတ်တယ်လို့ ကြားဖူးလို့ဖြစ်စေ, မိမိ အလိုလို ကြံဆပြီးတော့ဖြစ်စေ၊ အဲဒီ ကာမဂုဏ်တွေကို ရချင်တဲ့ စွဲလမ်းမှု ကာမုပါဒါန်ကြောင့် ရူပစျာန်, အရူပစျာန် တွေကို ဖြစ်ပွားစေ ပါသတဲ့၊ အဲဒီလို ဖြစ်ပွားစေတဲ့စျာန်စေတနာတွေကို ကမ္မဘဝ လို့ခေါ်ပါတယ်၊ အဲဒီ ကမ္မဘဝကြောင့် သေသည်၏အခြား မဲ့မှာ ရူပဗြဟ္မာ့လောက, အရူပ ဗြဟ္မာ့လောကမှာ ဖြစ်ရတယ်၊ ဒါကြောင့် ဝိသုဒ္ဓိမဂ် (၃-၂၀၉)မှာ ဒီလိုပြဆိုထားပါတယ်။

အပရော၊ အခြားတစ်ပါးသောသူသည်။ ရူပါရူပဘဝေသု၊ ရူပဘဝ, အရူပဘဝတို့၌။ ကာမာ၊ ကာမဂုဏ်တို့သည်။ တတော၊ ထိုလူ.ပြည် နတ်ပြည်ထက်။ သမိဒ္ဓတရာ၊ သာ၍ ပြည့်စုံ ကောင်းမြတ်ကုန်၏၊ ဣတိ၊ ဤသို့။ သုတ္တာ ဝါ၊ ကြားဖူး၍ဖြစ်စေ။ ပရိကပ္ပေတွာ ဝါ၊ မိမိအလိုလို ကြံဆ၍ဖြစ်စေ။ ကာမုပါဒါနဝသေနေဝ၊ ကာမဂုဏ်တို့ကို လိုချင်စွဲလမ်းမှု၏ အစွမ်းဖြင့် သာလျှင်။ (ဒီစကားထဲမှာ "ဧဝ=သာလျှင်"ဆိုတဲ့ ကန့်သတ်ချက် ကလေးပါတယ်၊ အဲဒီ ကန့်သတ်ချက်ဖြင့် ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်တို့၏ အစွမ်းအားဖြင့် ဖြစ်တာမဟုတ်ဘူး၊ ကာမုပါဒါန် သက်သက်၏ အစွမ်းအားဖြင့် သာလျှင် ဖြစ်တယ်လို့ ဖော်ပြပါတယ်။) ရူပါ ရူပသမာပတ္တိ ယော၊ ရူပစျာန်, အရူပစျာန် သမာပတ်တို့ကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်ပွားစေပြီး၍။ သမာပတ္တိဗလေန၊ ထို သမာပတ်တို့၏ အား အစွမ်းဖြင့်။ ရူပါရူပ ဗြဟ္မလောကေ၊ ရူပဗြဟ္မာ့လောက, အရူပ ဗြဟ္မာ့လောကဋ္ဌ။ ဥပဒ္ဓေတိ၊ ဖြစ်၏-လို့ ပြဆိုထားပါတယ်။

http://www.dhammadownload.com

ဒီနေရာမှာ ဗြဟ္မာ့လောကဌ် ကာမဂုဏ်တွေ ရှိတဲ့အနေဖြင့် ကြားရခြင်း, ကြံစည်ခြင်းဟာ ဖြစ်သင့် ပါမည်လား–လို့ မေး စရာ ရှိပါတယ်၊ ဗုဒ္ဓတရားတော်ကို အမှန်အတိုင်း ကြားနာ မှတ်သားထားတဲ့ ပုဂ္ဂိုလ်တွေမှာတော့ မဖြစ်နိုင်ပါဘူး၊ တရားမှန်ကို မကြားရဖူးတဲ့ သူတွေမှာတော့ ဖြစ်နိုင်ပါတယ်၊ ဘာကြောင့်လဲ ဆိုတော့– အိန္ဒိယက ဘာသာရေး ကျမ်းတွေထဲမှာ ဗြဟ္မာကိုလဲ မယားနဲ့ယှဉ်တွဲပြီး ပြဆို ထားရှိပါတယ်၊ နောက်ပြီး တော့ တချို့က နိဗ္ဗာန်မှာတောင် ဘုံနန်း ပြဿာဒ်ကြီးတွေ, ဥယျာဉ်ရေကန်တွေ စသည်နဲ့ မြို့ကြီး ပြည်ကြီးလို ထင်နေတာလဲ ရှိပါတယ်၊ တချို့က နိဗ္ဗာန်မှာလဲ သားမယား စသည် အခြွေအရံတွေနဲ့ နေရလိမ့်မယ်လို့ ထင်နေတာလဲ ရှိပါတယ်၊ ဒါကြောင့် ဗြဟ္မာ့လောကမှာ ကာမဂုဏ်တွေ သာပြီး ပြည့်စုံ တယ်လို့ ယုံကြည်တဲ့သူ, ကြံစည်တဲ့သူ, စွဲလမ်းတဲ့သူလဲ ရှိနိုင် ပါတယ်။

အားကြီးတဲ့ တဏှာဟူသမျှကို ကာမုပါဒါန် ခေါ်သည်

တစ်နည်းအားဖြင့် ဒီနေရာမှာ ကာမဥပါဒါန်ဆိုတာက ကာမတဏှာ တစ်ပါးတည်းကိုသာ ဆိုတာမဟုတ်ပါဘူး။ ရူပ တဏှာ, အရူပတဏှာတွေကိုလဲ စွဲလမ်းတဲ့ အနေနဲ့ ရင့်သန်လျှင် ကာမုပါဒါန်လို့ပဲဆိုရပါတယ်၊ ဒါကြောင့် ဒီကာမုပါဒါန်ကို အရဟတ္တမဂ်ကမှ ပယ်တယ်လို့ ပြဆိုထားတာလဲ ရှိပါတယ်၊ ဘယ်လိုလဲ ဆိုရင်–

ဥပါဒါနေသု၊ ဥပါဒါန် ၄–ပါး တိုတွင်။ သဗ္ဗေသမ္မိ လောကိယ ဓမ္မာနံ၊ လောကိတရား အလုံးစုံတို့ကိုလည်း။ ဝတ္ထု ကာမဝသေန၊ ဝတ္ထုအာရုံကာမဂုဏ်၏အလိုအားဖြင့်။ ကာမာတိ၊ ကာမတို့ဟူ၍။

http://www.dhammadownload.com

အာဂတတ္တာ၊ ဒေသနာတော်၌ လာသော ကြောင့်။ ဝါ၊ ဟောထားသောကြောင့်။ (ကိလေသာကာမ, ဝတ္ထုကာမ အားဖြင့် နှစ်မျိုးခွဲပြီး ဟောတဲ့ ဒေသနာမှာ လိုချင် တပ်မက်သော တဏှာ ဟူသမျှကို ကိလေသာ ကာမဟူ၍လည်း ကောင်း, လိုချင်တပ်မက်အပ် သော လောကီတရားဟူသမျှကို ဝတ္ထုကာမဟူ၍ လည်းကောင်း ဟောထားသောကြောင့်–လို့ ဆိုလိုပါတယ်။) ရူပါရူပရာဂေါပိ၊ ရူပရာဂ, အရူပရာဂသည်လည်း။ ကာမုပါဒါနေ ပတတိ၊ ကာမုပါဒါန်၌ ကျရောက်၏– အတွင်းဝင်၏။ တသ္မာ၊ ထိုသို့ ရူပရာဂ, အရူပရာဂလဲ ကာမုပါဒါန်၌ အတွင်းဝင်သောကြောင့်။ တံ၊ ထိုကာမုပါဒါန်ကို။ စတုတ္ထဇ္ဈာနဝဇ္ဇ၊ အရဟတ္တမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်၏–လို့ ပြဆိုထားပါတယ်။ (ဝိသုဒ္ဓိမဂ် ၃–၃၂၆)

ဒါကြောင့် ရူပစျာန် အရူပစျာန်ကို ရချင်ပြီး စွဲလမ်းတာ ဗြဟ္မာ့ ပြည်မှာ ဖြစ်ချင်ပြီး စွဲလမ်းတာတွေကိုလဲ ကာမုပါဒါန် လို့ပဲ ခေါ်ရပါတယ်။ ရူပုပါဒါန် အရူပုပါဒါန်ရယ်လို့မရှိပါဘူး၊ ဒါကြောင့် ရူပစျာန် အရူပစျာန်ကို ရချင်လို့ ဖြစ်စေ, ရူပ အရူပ ဗြဟ္မာ့ပြည်မှာ ဖြစ်ချင်လို့ဖြစ်စေ ရူပစျာန် အရူပစျာန်ကို ရအောင် အားထုတ်တာတွေ ဟူသမျှဟာ ကာမုပါဒါန် ကြောင့်ချည်းပဲလို့ မှတ်ယူသင့်ပါတယ်။ အဲဒီလို အားထုတ်လို့ ဖြစ်ပေါ်လာတဲ့ ရူပစျာန် အရူပစျာန်ဟူသမျှတွေ ဟာလဲ ပုထုဇဉ် သေက္ခသန္တာန်မှာဆိုရင် ကာမုပါဒါန်ကြောင့်ဖြစ်တဲ့ ရူပ ကမ္မ ဘဝ အရူပကမ္မဘဝချည်းပါပဲ၊ အဲဒီ ရူပကမ္မဘဝ အရူပ ကမ္မဘဝ တွေဖြစ်ပေါ်လာရင် အဲဒီကမ္မဘဝကြောင့် ရူပဗြဟ္မာ့ပြည် အရူပ ဗြဟ္မာ့ပြည်မှာ ဘဝအသစ်ဖြစ်ရတယ်၊ အဲဒါဟာ ဇာတိပဲ၊ အဲဒီ ဇာတိကြောင့် အဲဒီဘဝမှာ ရုပ်နာမ်နှစ်ပါးလုံးဖြစ်စေ, ရုပ်သက် သက်ဖြစ်စေ, နာမ်သက်သက်ဖြစ်စေ ခဏမစဲရင်ကျက်နေတာဟာ

http://www.dhammadownload.com

ဇရာ=အိုခြင်းသဘောပဲ၊ ဒါပေမယ့် ဒီဗြဟ္မာတွေရဲ့ အိုမင်းခြင်း ဇရာကတော့ လူ့သဏ္ဌာန်က ဇရာလို မထင်ရှားဘူး။ ပတ္တမြား တုံးစိန်တုံးများမှာရှိတဲ့ ဇရာလိုပဲ ဖြစ်နေတယ်၊ ဒါကြောင့် အဲဒီလို ဇရာကို အပါကဋ္ဌဇရာ-လို့ ခေါ်ပါတယ်၊ မထင်ရှားတဲ့ အိုခြင်းလို့ ဆိုလိုပါတယ်၊ ဒါပေမယ့် ဒီဇရာ၏အစွမ်းဖြင့် ရင့်ရော်နေတဲ့အတွက် သူတို့၏ အသက်တမ်းစေ့တဲ့ အခါကျ တော့ စုတေရ, သေပျက်သွားရတာပါပဲ၊ ဒါကြောင့် "ဇာတိ ပစ္စယာ၊ ဘဝအသစ်ဖြစ်ခြင်း ဇာတိ ဟူသောအကြောင်းကြောင့်။ ဇရာမရဏ၊ အိုခြင်း, သေခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်သည်"လို့ ဟောထားပါတယ်။

ဇရာမရဏကတော့ ဘယ်မှာပဲဖြစ်ဖြစ် ရှိနေတာပဲ

ဒီ ဗြဟ္မာ့ဘဝမှာတော့ ဒေါသမရှိတဲ့အတွက် သောက ပရိဒေဝ ဒေါမနဿ ဥပါယာသ ဆိုတာတွေတော့ မရှိဘူး၊ ကာယပသာဒရုပ် မရှိတဲ့အတွက် ကိုယ်ဆင်းရဲဒုက္ခဆိုတာလဲ မရှိဘူး၊ ဇာတိနဲ့ ဇရာမရဏသာ ရှိပါတယ်၊ ဒီဇာတိနဲ့ ဇရာမရဏတော့ ဘယ်ဘဝ မှာပဲဖြစ်ဖြစ် ရှိနေတာပဲ၊ ဒါကြောင့် ဒီဇာတိနဲ့ ဇရာမရဏကတော့ ဘဝတိုင်း ဘဝတိုင်းမှာ ဆိုင်တယ်၊ ဘယ်ဘဝ မှာပဲဖြစ်ဖြစ် ဘဝသစ် ဖြစ်ပေါ်မိရင် ဇရာမရဏ=အိုခြင်းနဲ့ သေခြင်းမှာ အဆုံးသတ်သွား တာချည်းပဲ။

ဒါကြောင့် အိုခြင်း သေခြင်းမှ လွတ်မြောက်ချင်လျှင် ဘဝအသစ်ဖြစ်မှု ဇာတိ ဖြစ်ပေါ်ခွင့် မရှိအောင် အားထုတ်ရ မယ်၊ ဇာတိဖြစ်ခွင့် မရစေလျှင် ကုသိုလ်က, အကုသိုလ်က ဆိုတဲ့ ကမ္မ ဘဝ ဖြစ်ခွင့် မရှိအောင် အားထုတ်ရမယ်၊ ကမ္မဘဝ ဖြစ်ခွင့် မရ စေလိုလျှင် တဏှာနဲ့ ဥပါဒါန် မဖြစ်နိုင်အောင် အားထုတ်ရမယ်၊

http://www.dhammadownload.com

ဘယ်လို အားထုတ်ရမလဲဆိုလျှင် ဆဋ္ဌမပိုင်း တုန်းက ပြောခဲ့တဲ့အတိုင်း ဝေဒနာကြောင့် တဏှာမဖြစ်အောင် ဝေဒနာမျှတွင် ရပ်တန့်သွားအောင် မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့သိတိုင်း ကြံ့သိတိုင်း ရှုမှတ်ရုံပါပဲ၊ အဲဒီလို ရှုမှတ်လို့ မြင်မှု ကြားမှု တွေ့သိမှု ခံစားမှု ဟူသမျှကို အနိစ္စ, ဒုက္ခ, အနတ္တ သဘောမျှပဲလို့ ပိုင်ပိုင်နိုင်နိုင် သိသွားလျှင် ခံစားမှု ဝေဒနာမျှသာဖြစ်ပြီး လိုချင် နှစ်သက်မှု တဏှာ မဖြစ်ဘဲ ချုပ်ငြိမ်းသွားပါလိမ့်မယ်၊ တဏှာချုပ်လျှင် တဏှာမှ ဆက်ပြီးဖြစ်မည့် ဥပါဒါန်နဲ့ ကံတွေလဲ ချုပ်သွားကြပါလိမ့်မယ်၊ ကံချုပ်လျှင် ဘဝအသစ်ဖြစ်မှု ဇာတိမယေါလာနိုင်တော့ဘူး၊ ဇာတိမရှိရင် ဇရာမရဏမရှိဘဲ ချုပ်ငြိမ်းသွားပါလိမ့်မယ်၊ အဲဒါဟာ ရှုမိတဲ့ အာရုံနဲ့ စပ်ပြီး တဒင်္ဂအားဖြင့် ချုပ်ငြိမ်းပုံပါပဲ၊ ဝိပဿနာဉာဏ် ရင့်သန် ပြည့်စုံတဲ့အခါမှာ အရိယမဂ်ဉာဏ် ဖြစ်ပေါ်ပြီး သမုစ္ဆေဒ အားဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းသွားစေပါလိမ့်မယ်၊ ကဲ...ဒီကနေ့တော့ ဒီတွင်ပဲ ရပ်နားကြဦးစို့၊ နောက် သီတင်းကျမှ ဒီဌပါဒါန် စသည်ကြောင့် ကမ္မဘဝ စသည် ဖြစ်ပုံကို ဆက်ဟောရမယ်။

ဤပဋိစ္စသမုပ္ပါဒ်တရားတော်ကို ရှိသေစွာ နာယူ မှတ်သားကြရသော။ပ။ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု...၊ သာဓု...၊ သာဓု...။

ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး အဋ္ဌမပိုင်း ပြီး၏။

http://www.dhammadownload.com

ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်ကြီး

၁၃၂၄–ခု၊ တော်သလင်းလဆန်း(၈)ရက်နေ့ ဟောသည်။

နဝမပိုင်း

ဒိဋ္ဌပါဒါန်ကြောင့် ဘဝဖြစ်ပုံ

ဝါခေါင်လဆုတ် (၈) ရက်နေ့က "ဥပါဒါနပစ္စယာ ဘဝေါ = ဥပါဒါန်ကြောင့် ဘဝဖြစ်သည်" ဆိုတဲ့ အပိုဒ်ကို ဟောခဲ့တာဟာ ကာမုပါဒါန်ကြောင့် ဖြစ်ပုံလောက်သာ ပြီးခဲ့သေးတယ်၊ ဒီကနေ့ ဒိဋ္ဌပါဒါန်ကြောင့် ဖြစ်ပုံကစပြီး ဟောရမယ်။ ဒိဋ္ဌပါဒါန်ဆိုတာက်, ကံ၏ အကျိုးမရှိ စသည်ဖြင့် ယူဆ စွဲလမ်းမှုဖြစ်ကြောင်း သတ္တမပိုင်းမှာ ပြောခဲ့ပါပြီ၊ နောင်ဘဝ မရှိဘူးဆိုရင်လဲ ကံ, ကံ၏ အကျိုးဆိုတာ မရှိနိုင်တော့ဘူး၊ ဒါကြောင့် ယခု ဘဝက သေပြီးလျှင် ဘာမျှ မရှိတော့ဘူးလို့ ယူတဲ့ ဥစ္ဆေဒ ဒိဋ္ဌိဟာလဲ ဒီ ကံ, ကံ၏ အကျိုးမရှိဘူးလို့ ယူဆ စွဲလမ်းတဲ့ ဒိဋ္ဌိ ဥပါဒါန်ထဲမှာ အတွင်းဝင်နေပါတယ်၊ အဲဒီလို ကံ, ကံ၏ အကျိုးမရှိဘူး၊ နောင်ဘဝလဲ မရှိဘူးလို့ ယုံကြည် စွဲလမ်းနေတဲ့သူမှာ ကောင်းမှု ကုသိုလ်ကိုလဲ ပြုဖို့ မလိုဘူး၊ မကောင်းမှု အကုသိုလ်ကိုလဲ ရှောင်ကြဉ်ဖို့ မလိုဘူး၊

http://www.dhammadownload.com

အသက် ရှည်ရှည် နေရဖို့နဲ့ မသေမီအတွင်း ကောင်းစား ချမ်းသာဖို့ လောက်သာ ကြိုးစား အားထုတ်ဖို့ လိုတော့တယ်၊ အဲဒီလို အယူအစွဲ ရှိတဲ့လူတွေက ဒီလိုပဲ ပြောကြပါတယ်၊ "မသေမီ ကာလ အတွင်းမှာ ရတတ်သမျှနည်းနဲ့ ရှာကြံပြီး ခံစားရမယ်၊ ဒီလို ခံစားရသမျှဟာ အမြတ်ပဲ၊ လောကနိဗ္ဗာန်ပဲ၊ နောက်ဘဝ အတွက် ရည်မျှော်ပြီး အကုသိုလ်အလုပ်ဆိုတာတွေကို ရှောင်နေရင် ကုသိုလ် အလုပ် ဆိုတာတွေကို လုပ်နေရင် အခွင့်အရေး ဆုံးရှုံးရုံမျှပဲ၊ အရှုံး မခံရဘူး" စသည်ဖြင့် ဒီ ဒိဋ္ဌိပါဒါန် ရှိတဲ့ သူတွေက ပြောနေကြ ပါတယ်။

ဒါကြောင့် ကံ, ကံ၏ အကျိုးမရှိဘူး၊ နောင် တမလွန် ဘဝ မရှိဘူး–လို့ အယူအစွဲရှိတဲ့သူက မိမိကိုယ်ကို ချမ်းသာ ကောင်းစားရေး အတွက်ရော မိမိနဲ့ စပ်တဲ့သူတွေ ချမ်းသာ ကောင်းစားရေးအတွက်ရော ဖြစ်နိုင်သမျှ နည်းအမျိုးမျိုးဖြင့် ရှာကြံအားထုတ်ပြုလုပ်တယ်၊ အဲဒီလို ပြုလုပ်ရာမှာ များသော အားဖြင့် အကုသိုလ်ကံတွေ ဖြစ်ပွားတယ်၊ အဲဒီကံတွေဟာ ဒိဋ္ဌိပါဒါန်ကြောင့်ဖြစ်တဲ့ ကမ္မဘဝတွေပါပဲ၊ အဲဒီ ကံတွေက အကြောင်းညီညွတ်ရင် သေခါနီးမှာ ကံ, ကမ္မနိမိတ်၊ ဂတိနိမိတ် ထင်စေပြီး အပါယ် ဘဝသစ်ကို ဖြစ်စေပါတယ်၊ အဲဒါဟာ နန္ဒကပေတ ဝတ္ထုဖြင့် ထင်ရှားပါတယ်။

နန္ဒကပေတ ဝတ္ထု

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော် မူပြီးသည့်နောက် အနှစ် နှစ်ရာကျော်ကာလတုန်းက သုရဋ္ဌဆိုတဲ့တိုင်းပြည်မှာ ပိဂ်လ ဆိုတဲ့မင်း စိုးစံနေခဲ့ပါသတဲ့၊ သုရဋ္ဌတိုင်းပြည်၏ တည်ရာဌာန ကတော့ ယခု အိန္ဒိယပြည် အနောက်စွန်း ဘုံဘောနယ်ရဲ့ မြောက်ဘက် ကာတိယာဝါ ခေါ်တဲ့ ကျွန်းဆွယ်ကြီးပေါ်မှာ ဖြစ်ပါတယ်၊ အဲဒီ ပိဂ်လမင်းရဲ့

http://www.dhammadownload.com

စစ်သူကြီးက နန္ဒက အမည်ရှိပါသတဲ့ မိစ္ဆာအယူလဲ ရှိပါသတဲ့၊ ဒါကြောင့် ပေတဝတ္ထု အဋ္ဌကထာမှာ "တဿ၊ ထိ ပိဂ်လ မင်း၏။ သေနာပတိ၊ စစ်သူကြီးသည်။ နန္ဒကောနာမ၊ နန္ဒကအမည်ရှိ၏။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအယူရှိ၏။ ဝိပရိတဒဿနော၊ ဖောက်ပြန်သော အမြင်ရှိ၏။ ဝါ၊ အမြင် မှား၏။ နတ္ထိ ဒိန္နန္တိ အာဒိနာ၊ ပေးလှူခြင်းသည် အကျိုးမရှိ စသည်ဖြင့်။ မိစ္ဆဂါဟ်၊ မှားသောအယူကို။ ပဂ္ဂယ္ဟ၊ ချီးမြှောက် အားပေး၍။ ဝါ၊ မြဲမြဲစွာ ယူ၍။ ဝိစရိ၊ နေခဲ့လေသည်" လို့ ပြဆိုထားပါတယ်။

အဲဒီ နန္ဒကဟာ သေတဲ့အခါ ဝိဠုတောမှာ ပညောင်ပင် ကြီးကို အမှီပြုပြီးနေရတဲ့ ပြိတ္တာကြီးဖြစ်နေရှာတယ်၊ အဲဒီအခါ မှာ သူ့သမီး ဥတ္တရာက အိမ်သို့ဆွမ်းခံကြွလာတဲ့ ရဟန်းတော်တစ်ပါးအား ရေနဲ့ မုန့်များကိုလှူပြီး သူ့ဖခင်အား အမျှပေး ဝေပါတယ်၊ အဲဒီ အမျှပေးဝေ လိုက်တဲ့ကောင်းမှုကြောင့် နန္ဒက ပြိတ္တာကြီးဟာ နတ်ပြည်လောကဌ် ဖြစ်သော သောက်ရေတွေနဲ့ မုန့်တွေနဲ့စားလို့ သုံးလို့မကုန်နိုင်အောင် ဖြစ်ပေါ်လာပါသတဲ့၊ အဲဒီတော့မှ နန္ဒက ပြိတ္တာကြီးက ကံ, ကံ၏ အကျိုး ရှိမှန်းသိပြီး သံဝေဂ ရတယ်၊ ပေးလှူတာ အကျိုးမရှိစသည်ဖြင့် လူ့ဘဝ တုန်းက ဟောပြော ညွှန်ကြားမိတာ ဝါဒဖြန့် မိခဲ့တာတွေဟာ မှားကုန်ပြီလို့ နောင်တ ရမိသတဲ့၊ တစ်နေ့သောအခါ ပိဂ်လ မင်းက ဓမ္မာသောကမင်းထံ အခွန်ဆက်ပြီးပြန်လာတယ်၊ အဲဒီ အခါမှ အဲဒီ နန္ဒက ပြိတ္တာကြီးက သူ့ညောင်ပင်ကြီးဆီကို လမ်းဖန်ဆင်း ပြတယ်၊ အဲဒီလမ်းအတိုင်း ပိဂ်လမင်းက လိုက်လာတဲ့အခါ အဲဒီ ညောင်ပင်ကြီး အောက် ရောက်လာတယ်၊ အဲဒီအခါ နန္ဒက ပြိတ္တာကနောက်ပါ ပရိသတ်နှင့်တကွ ပိဂ်လ မင်းကို သောက်ရေနဲ့ မုန့်များဖြင့် ဧည့်ခံ ကျွေးမွေးတယ်၊ အဲဒီလို ကျွေးမွေးတဲ့အတွက် ပိဂ်လမင်းက အုံ့ဩပြီး

http://www.dhammadownload.com

တန်ခိုးကြီး တဲ့ နတ်လား, သိကြားလား စသည်ဖြင့် မေးပါတယ်၊ အဲဒီ အခါ နန္ဒက ပြိတ္တာက နတ်လဲ မဟုတ်, သိကြားလဲ မဟုတ်၊ သုရဋ္ဌတိုင်းပြည်က သေလာပြီး ပြိတ္တာ ဖြစ်နေတဲ့ အကြောင်း ပြောပါတယ်။ ဘယ်လိုအမှုကြောင့် ဒီလို ဖြစ်ရသလဲလို့ မေးပြန်တော့ နန္ဒကပြိတ္တာက–

ဒေဝ၊ အရှင်မင်းမြတ်။ အဟ၊ အကျွန်ုပ်သည်။ သုရဋ္ဌသို့ ၊ သုရဋ္ဌတိုင်း၌။ ပါပစေတသော ပုရိသော၊ ယုတ်မာသော စိတ်ရှိသောသူဖြစ်ခဲ့ပါ၏။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအယူ ရှိခဲ့ပါ၏။ ဒုဿီလော၊ သီလမဲ့သူ=ကိုယ်ကျင့်တရား ပျက်သူ ဖြစ်ခဲ့ပါ၏။ ကဒရိယော၊ နှမြောစေးနဲသည်ဖြစ်၍။ ပရိဘာသကော၊ အလှူခံ ပုဂ္ဂိုလ်နှင့် ပေးလှူသူတို့ကို ပက်ပက်စက်စက် ကဲ့ရဲ့ပြောဆိုတတ်သူ ဖြစ်ခဲ့ပါ၏ စသည်ဖြင့် ပြောပြပါတယ်။ ဒီလိုမကောင်းမှုတွေ ပြုလာပါလျက် စားစရာ, သောက်စရာ ပြည့်ပြည့်စုံစုံနဲ့ တန်ခိုးကြီးတဲ့နတ်လိုပင် ဖြစ်နေရတာ အကောင်းသား ပဲလို့ ထင်စရာရှိတဲ့အတွက် မကြာမီပင် အကုသိုလ်က အကျိုးပေးတော့မည့်အကြောင်းကိုလဲ ဆက်ပြီး ဒီလို ပြောပြန်ပါတယ်–။

သြရံ ဆဟိ မာသေဟိ၊ ဓ–လအတွင်း၌။ မေ၊ အကျွန်ုပ်၏။ ကာလကိရိယာ၊ ဤဘဝမှ သေခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ပါလတ္တံ့။ ကာလံကတွာ၊ သေပြီး၍။ ဧကန္တ ကဋ္ဌကဋ္ဌက်၊ စင်စစ်ခါးစပ်လှ ဆင်းရဲလှစွာသော။ ဃောရံ၊ ကြောက်မက်ဖွယ် ကောင်းလှစွာသော။ နိရယံ၊ ဌာနံ။ အဟံ ပပတိဿံ၊ အကျွန်ုပ် ကျရောက်ရပါတော့မည်–လို့ ပြောပြီးတော့ အဲဒီဌာနမှာ ကြောက်ဖွယ်ကောင်းပုံတွေကို ဆက်ပြီး ပြောသွားပါတယ်။ အဲဒီ ဌာနကြီး ဟာ လေးထောင့် သံသေတ္တာကြီးလိုပဲ အခင်း အကာ အမိုး အားလုံးသံဖြင့်

http://www.dhammadownload.com

ပြီးတဲ့အကြောင်း၊ မီးတွေတဟုန်းဟုန်း တောက် လောင်နေတဲ့ အကြောင်း၊ နှစ်ပေါင်း တစ်သိန်းကြာတဲ့ အခါ မောင်မင်းတို့...သင်တို့ ငရဲခံနေရတာ အနှစ်တစ်သိန်း ရှိပြီဆိုတဲ့ အသံကို ကြားရတဲ့အကြောင်း၊ အဲဒီအသံဟာ ငရဲခံရမည့် နှစ် ပေါင်းကို ကုဋေများစွာရဲ့ မှတ်တိုင်တစ်ခု ဖြစ်ကြောင်း၊ မိစ္ဆာအယူ ရှိတဲ့ ဒုဿီလပုဂ္ဂိုလ်တွေ, အရိယာကိုပြစ်မှားတဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒီငရဲမှာ နှစ်ပေါင်းကုဋေတစ်သိန်းပတ်လုံး ခံရကြောင်း၊ အဲဒီငရဲမှာ ရှည်မြင့်စွာသော ကာလပတ်လုံး ခံရမည့်အရေး ကို မျှော်တွေးပြီး သူ့မှာ စိုးရိမ်ပူပန်နေရတဲ့ အကြောင်းများကို ပြောပြီးတော့ သူ့မှာ နတ်ရေစင် နတ်မုန့်များကို ရခြင်း အကြောင်းကို လဲ ဆက်ပြောပြန်ပါတယ်။

သူ့ သမီး ဥတ္တရာဟာ ဗုဒ္ဓသာသနာဝင် ဥပါသိကာမဖြစ်ပြီး သီတင်းသီလနဲ့ ပြည့်စုံတဲ့အကြောင်း၊ သီလနှင့်ပြည့်စုံသော ရဟန်း တစ်ပါး ဆွမ်းခံကြွလာတဲ့အခါ သောက်ရေနဲ့ မုန့်များကို လှူပြီးတော့ ဤကောင်းမှုသည် ကွယ်လွန်လေသော ဖခင်အား ဆိုက်ရောက်၍ ကျေးဇူးပြုပါစေလို့ ဆုတောင်း အမျှဝေတဲ့ အကြောင်း၊ အဲဒီလို ဆုတောင်း အမျှဝေသည်၏ အခြားမဲ့မှာပင် ရေတွေ, မုန့်တွေကို အလိုရှိတိုင်း သုံးဆောင်ရတဲ့ အကျိုးကို ခံစားရတဲ့အကြောင်းများကို ပြောကြားပါတယ်။

ဒီဝတ္ထုထဲမှာ ပြောလိုရင်းကတော့ ကံ, ကံ၏ အကျိုးမရှိ စသည်ဖြင့် ယူဆစွဲလမ်းတဲ့ ဒိဋ္ဌဥပါဒါန်ကြောင့် အကုသိုလ် ကမ္မဘဝ ဖြစ်ပုံနှင့် အဲဒီ အကုသိုလ်ကံကြောင့် အပါယ်ငရဲသို့ ကျရောက်ပြီး ဇာတိဖြစ်ပေါ်ပုံများပင် ဖြစ်ပါတယ်။

အဋ္ဌကထာမှာ တော့ နတ်ဘဝမှဖြစ်စေ, ဗြဟ္မာဘဝမှဖြစ်စေ သေတဲ့အခါ ဘဝပြတ်တယ်လို့ ယူဆစွဲလမ်းတဲ့ ဥစ္ဆေဒဒိဋ္ဌိ ဥပါ

http://www.dhammadownload.com

ဒါန်ဖြင့် ထို နတ်ဘဝ ဗြဟ္မာဘဝကို ရောက်စေတတ်ဟု ဆိုကို ပြုတယ်လို့လဲ ပြဆိုထားပါတယ်၊ နတ်ဘဝ ဗြဟ္မာဘဝ ရောက်ပြီးမှ ဘဝပြတ်တယ်လို့ ယူဆတဲ့ အစွဲအလမ်းမျိုးကတော့ ယခု နေအခါမှာဆိုလျှင် ရှိပုံမရပါဘူး၊ ဒါကြောင့် အများအားဖြင့် ခုတင်ကပြောခဲ့တဲ့အတိုင်း ယခုဘဝကသေပြီးရင် ဘာမှ မရှိတော့ဘူးလို့ ယူတဲ့အစွဲအလမ်းဖြင့် အကုသိုလ် အမှုတွေ ပြုလုပ်တာကလဲ ထင်ရှားပါတယ်။

သဿတဒိဋ္ဌိပါဒါန်ကြောင့် ကမ္မဘဝဖြစ်ပုံ

နောက်ပြီးတော့ သဿတဒိဋ္ဌိ ဥပါဒါန်ကြောင့်လဲ ကမ္မဘဝဖြစ်နိုင်ပါသေးတယ်၊ ဘယ်လိုလဲဆိုရင် ယခုဘဝရော, နောင်သံသရာဘဝတွေမှာရော ကျင်လည်နေတာဟာ ငါတစ်ဦးတည်း ပဲ၊ ယခုဘဝက အကုသိုလ်ကံတွေကို ပြုရင် နောင်ဘဝတွေမှာ ငါပဲ ဆင်းရဲရမယ်၊ ယခုဘဝက ကုသိုလ်ကံတွေကို ပြုရင်လဲ နောင်ဘဝတွေမှာ ငါပဲချမ်းသာမယ်၊ ဒါကြောင့် နောင်ဘဝသံသရာမှာ ချမ်းသာကြောင်းဖြစ်တဲ့ ကုသိုလ်ကံကို ပြုမယ်လို့ သဿတဒိဋ္ဌိဥပါဒါန်ဖြင့် စွဲလမ်းပြီး ကုသိုလ်ကံလို့ ယုံကြည်ယူဆထားတဲ့ အမှုကံတွေကို ပြုတယ်၊ အဲဒီလို ပြုရာမှာ ကုသိုလ်အမှန်လဲ ပါမယ်၊ ကုသိုလ်အမှားလဲ ပါမယ်၊ ကုသိုလ်အမှားဆိုတာ အကုသိုလ်ပါပဲ၊ အဲဒီလိုပြုတဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေဟာ သဿတဒိဋ္ဌိဥပါဒါန်ကြောင့်ဖြစ်တဲ့ ကမ္မဘဝတွေပဲ၊ အဲဒီ ကမ္မ ဘဝတွေကြောင့် ဘဝသစ် ဖြစ်ပေါ်ရလိမ့်မယ်၊ အဲဒါက ဇာတိပဲ၊ ဇာတိပေါ်လာတော့ အဲဒီဖြစ်ရာဘဝမှာ အိုခြင်း, သေခြင်း, စိုးရိမ်ပူဆွေးခြင်း အစရှိသော ဆင်းရဲတွေကို ခံစားသွားရလိမ့်မယ်။

http://www.dhammadownload.com

ဒိဋ္ဌမင်္ဂလာအစွဲ စသည်ကြောင့်လဲ ကမ္မဘဝဖြစ်သည်

နောက်ပြီးတော့ ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ အစ ရှိသော အယူအစွဲတွေကြောင့်လဲ ကမ္မဘဝတွေ ဖြစ်တယ်၊ ဘယ်လိုလဲဆိုရင် "သူယုတ်ကို မြင်ရရင် မကောင်းကျိုး ဖြစ်တတ်တယ်၊ အိမ်ကိုပျားစွဲရင်, ဖွတ်တက်ရင် ဘေးသင့်တတ်တယ်" စသည်ဖြင့် ယုံကြည်စွဲလမ်းမှုရှိတဲ့သူက တွေ့မြင်ရတဲ့ သူယုတ်ကို ညှင်းဆဲနှိပ်စက်တတ်တယ်၊ ပျားအုံတို့ ဖွတ်တို့ကို ညှင်းဆဲတတ်တယ်၊ ဒီပုံ ဒီနည်းဖြင့် မိမိ၏ ယုံကြည်စွဲလမ်းချက် အားလျော်စွာ အမှုတစ်စုံတစ်ရာကို ပြုလုပ်တတ်တယ်၊ အဲဒီလိုပြုတာဟာ အမင်္ဂလာဖြစ်တယ်လို့ ယူဆစွဲလမ်းတဲ့ ဥပါဒါန်ကြောင့်ပဲ၊ အဲဒါကို စိတ္တသမ္ပယုတ္တတာတ် စသည်ဖြင့် သိနိုင်ပါတယ်။

စိတ္တသမ္ပယုတ္တတာတ် အကျဉ်း

အခါ တစ်ပါးက ဘုရားအလောင်းတော်ဟာ ဥဒ္ဒေနိမြို့ တံခါးဝ စဏ္ဍာလရွာမှာ စဏ္ဍာလမျိုးဌ် ဖြစ်ခဲ့ပါတယ်၊ စိတ္တ အမည်ရှိပါတယ်၊ အရှင်အာနန္ဒာအလောင်းကလဲ ညီဝမ်းကွဲဖြစ် ပါတယ်၊ သမ္ပယုတ အမည်ရှိပါတယ်၊ အရွယ်ရောက်တဲ့အခါမှာ ဝါးလုံးဖြင့် ကပြတဲ့ အတတ်ကို သင်ပြီး ကပြနေကြတယ်၊ တစ်နေ့သောအခါမှာ တစ်ဦးက ဥဒ္ဒေနိမြို့ရဲ့ မြောက်ဘက်တံခါးပေါက်မှာ အတတ်ပြနေတယ်၊ တစ်ဦးက အရှေ့ဘက် တံခါးပေါက်မှာ ပြနေတယ်။

အဲဒီမြို့မှာ သူဌေးသမီးတစ်ယောက်နဲ့ ပုရောဟိတ်ပုဏ္ဏားသမီး တစ်ယောက်ဟာ ဒိဋ္ဌမင်္ဂလာ အယူရှိတယ်၊ ဒိဋ္ဌမင်္ဂလာ အယူဆိုတာ ကောင်းမြတ်တာကို မြင်ရလျှင် ကောင်းကျိုး ရတယ်၊ လာဘ်ကောင်းတယ်၊ အယုတ်အည့ံကိုမြင်ရလျှင် မကောင်းကျိုးရတယ်၊ လာဘ်တိတ်

http://www.dhammadownload.com

တယ်လို့ ယူဆတာပါပဲ၊ အဲဒီအမျိုးသမီး နှစ်ယောက်ဟာ အဲဒီနေ့မှာ အခြွေအရံတွေနဲ့ ပျော်ပွဲစား ထွက်ကြတယ်၊ တစ်ယောက်က မြောက် တံခါးမှ ထွက်တယ်၊ တစ်ယောက်က အရှေ့ တံခါးမှ ထွက်တယ်၊ စိတ္တနှင့်သမ္မှုတတို့ စဏ္ဍာလအတတ်ပြနေတာကို တွေ့ရတဲ့အခါ အမင်္ဂလာကို မြင်ရတယ်၊ အတိတ်နိမိတ် မကောင်းဘူးဆိုပြီးတော့ နဲ့သာရေနဲ့ မျက်နှာသစ်ပြီး ပြန်သွားကြတယ် သူတို့ရဲ့ အခြွေအရံတွေက ပျော်ပွဲ ပျက်တယ်ဆိုပြီး စိတ္တနဲ့ သမ္မှုတတို့ကို ဝိုင်းရိုက်ကြတယ်။

စိတ္တနဲ့ သမ္မှုတတို့ဟာ အချင်းချင်း ဆုံမိတဲ့အခါ ဒီလို အနိုပ်စက်ခံရတာဟာ အမျိုးဇာတ်ကြောင့် ဖြစ်ရတာပဲ၊ ဇာတ်မြုပ်ပြီး ဗြဟ္မဏမျိုးအနေနဲ့ တက္ကသိုလ်သွားပြီး ပညာသင်ကြစို့–လို့ တိုင်ပင်ပြီး တက္ကသိုလ်မှာ ပညာသင်နေကြတယ်၊ ဘုရား အလောင်း စိတ္တဟာ ပညာပြည့်စုံတဲ့အတွက် ကျောင်းသား ခေါင်းဆောင်ဖြစ်နေ တယ်၊ အဲဒီအခါ ဆရာကြီးကစိတ္တကို ခေါင်းဆောင်အဖြစ်နဲ့ တာဝန် လွှဲပြီး စေလွှတ်လိုက်လို့ တစ်နေရာမှာ ပုဏ္ဏားတို့၏ မင်္ဂလာပရိတ်ရွတ်ဖို့ သွားရောက်ကြရတယ်၊ သမ္မှုတ–က နို့ဆွမ်းပူပူကြီးကို အေးတယ် ထင်ပြီး ရုတ်တရက် သောက်မိလို့ ပါးစပ်ကို အပူလောင်တာနဲ့ သတိမပြုနိုင်ဘဲ ဒွန်းစဏ္ဍားဘာသာဖြင့်ပင် "ခဋ္ဌ ခဋ္ဌ" လို့ဆိုမိသတဲ့၊ စိတ္တကလဲ သတိမပြုမိဘဲ ဒွန်းစဏ္ဍားဘာသာဖြင့်ပင် "နိဂ္ဂလ နိဂ္ဂလ–ထွေးလိုက် ထွေးလိုက်"လို့ ပြန်ပြောမိသတဲ့၊ အဲဒီတော့ ဇာတ်မြင့် ဗြဟ္မဏ ကျောင်းသားတွေက သမ္မှုတနဲ့ စိတ္တတို့ ပြောတဲ့ စကားဟာ မည်သည့်ဘာသာစကားလဲလို့ စိစစ်ကြတယ်၊ စိစစ်တဲ့ အခါ ဒွန်းစဏ္ဍားဘာသာမှန်း သိကြတော့ ဒီအကောင် နှစ်ယောက်ဟာ ဒွန်းစဏ္ဍားအမျိုးယုတ်တွေပဲ ဗြဟ္မဏမျိုး အနေနဲ့ ငါတို့ကို လိမ်တယ် ဆိုပြီး ဝိုင်းရိုက်ကြတယ်၊ ကျောင်းမှလဲ နှင်ထုတ်ခံကြရတယ်။

http://www.dhammadownload.com

အဲဒီကနောက် ဆရာကြီး၏ညွှန်ကြားချက်အရ ရသေ့ ပြုလုပ်ကြတယ်၊ အဲဒီဘဝက သေတဲ့အခါ နေရွှေရာမြစ်အနီးမှာ သမင်ညီနောင်ဖြစ်ကြတယ်၊ မုဆိုး၏ လုံ့ချက်ကြောင့် အဲဒီဘဝက သေရပြန်တဲ့အခါ နမ္မဒါမြစ်ကမ်းမှ ဝန်လိုင်ကက်ညီနောင် ဖြစ်ကြရပြန်တယ်၊ အဲဒီဘဝကလဲ မုဆိုးက ဖမ်းပြီးသတ်လို သေရပြန်တဲ့အခါ စိတ္တ-က ကောသမ္ဗီပြည်မှာ ပုရောဟိတ် ပုဏ္ဏားသားဖြစ်တယ်၊ ဘဝဟောင်းသုံးခုလုံးကို အမှတ်ရပြီး သိနေတယ်၊ အရွယ်ရောက်တဲ့အခါ ရသေ့ရဟန်းပြုပြီး စျာန်အဘိညာဉ်တွေဖြင့် ပျော်မွေ့နေတယ်၊ သမ္ဗုတ-ကတော့ ဥတ္တရပဉ္စာလပြည်မှာ မင်းသားဖြစ်တယ်၊ ဒွန်းစဏ္ဍားဖြစ်ခဲ့တဲ့ တစ်ဘဝကိုသာ အမှတ်ရပြီး သိနိုင်တယ်၊ အရွယ်ရောက်တဲ့အခါ မင်းဖြစ်ပြီး ကာမဂုဏ် အာရုံတွေဖြင့် ပျော်မွေ့နေတယ်။

စိတ္တရသေ့က အဘိညာဉ်ဖြင့် ကြည့်လိုက်တဲ့အခါ ရှေးဘဝက သူ့ညီဖြစ်တဲ့ သမ္ဗုတ-ဟာ မင်းဖြစ်ပြီး မင်းစည်းစိမ်ဖြင့် ပျော်မွေ့နေတာကို တွေ့ရတယ်၊ ငယ်ရွယ်နုပျိုစဉ်မှာ တရားဘက်ကို လိုက်နိုင်မည့် အခြေအနေ မရှိသေးတာနဲ့ အနစ် ၅၀-တိုင်အောင် စောင့်ဆိုင်းနေတယ်၊ အနစ် ၅၀-ကျော်တဲ့ အခါကျတော့ စိတ္တရသေ့ကြီးက အဘိညာဉ်တန်ခိုးဖြင့် ပဉ္စာလမင်း ၏ ဥယျာဉ်ကို ကြွလာတယ်၊ သူငယ်တစ်ယောက်ထံမှ ရသေ့ ကြီး၏ ဂုဏ်သတင်းကို ကြားရလို့ သမ္ဗုတမင်းကြီးက ရသေ့ ကြီးထံ လာရောက်တယ်၊ မြင်လျှင်မြင်ချင်း ငါ့အစ်ကို စိတ္တပဲလို့ ယုံကြည်ယူဆပြီး မြတ်သောနေရာကို ခင်းပေးတယ်၊ ရင်းရင်းနှီးနှီး အလျှာပ သလ္လာပ စကားများကို ပြောတယ်၊ အတူတကွ မင်းစည်းစိမ်ကို ခံစားဖို့ရာလဲ ဖိတ်မန္တ္ဒက ပြုတယ်၊ ဒီတော့ ဘုရားအလောင်း ရသေ့ကြီးက ကောင်းမှု မကောင်းမှု နှစ်ပါးလုံး၏ အကျိုးအပြစ်ကို သိမြင်သောကြောင့် မိမိကိုယ်ကို

http://www.dhammadownload.com

စောင့်စည်း သွားတော့မယ်၊ သား မယား ဥစ္စာ စသော လောကီ စည်းစိမ်ကို မလိုလား မတောင့်တတော့ဘူး စသည်ဖြင့် ပြောပြပြီးတော့ သံဃဝ ရစေရန် ဒီလိုလဲ ပြောကြားလိုက်ပါတယ်။

စဏ္ဍာလာဟုမ္ အဝန္တိသု၊ မိဂါ နေရဉ္ဇရံ ပတိ။

ဥက္ကုသာ နမ္မဒါတီရေ၊ တျဇ္ဓ ဗြာဟ္မဏခတ္တိယာ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ မယ်၊ သင်နှင့် ငါ နှစ်ဦး တို့သည်။ အဝန္တိသု၊ အဝန္တိတိုင်းပြည်၌။ (ပါဠိနည်းအားဖြင့် ဗဟုဝုစ်နှင့် ဆိုသော်လည်း တစ်ပြည်တည်း ဖြစ်သော်ကြောင့် လည်းကောင်း, မြန်မာဘာသာတွင် ဤသို့သောအရာ၌ ဧကဝုစ် ဖြင့်သာ ဆိုလေ့ရှိသောကြောင့် လည်းကောင်း ဧကဝုစ် အနက် ပြန်သည်။) စဏ္ဍာလာ၊ လူ့အောက်တန်းစား ဒွန်းစဏ္ဍာမျိုး တို့ သည်။ အဟုမ္၊ ဖြစ်ဖူးခဲ့ကြပြီ။ နေရဉ္ဇရံပတိ၊ နေရဉ္ဇရာမြစ် အနီး၌။ မိဂါ၊ သမင်ညီနောင်တို့သည်။ အဟုမ္၊ ဖြစ်ဖူးခဲ့ကြပြီ။ နမ္မဒါတီရေ၊ နမ္မဒါမြစ်ကမ်း၌။ ဥက္ကုသာ၊ ဝန်လိုင်ဂက်ညီနောင် တို့သည်။ အဟုမ္၊ ဖြစ်ဖူးခဲ့ကြပြီ။ တေ၊ ဒွန်းဒဏ္ဍားညီနောင်, သမင်ညီနောင်, ဝန်လိုင်ဂက်ညီနောင် ဖြစ်ခဲ့ဖူးသော ထိုငါတို့နှစ်ဦး သည်။ အဇ္ဈ၊ ယခုအခါ၌။ ဗြာဟ္မဏခတ္တိယာ, အထက်တန်းလွှာ ဖြစ်သော ပုဏ္ဏားမျိုး, မင်းမျိုးတို့ ဖြစ်လာကြကုန်သည် မင်းကြီး လို့ သတိ သံဃဝ ရစေရန် ရှေးဟောင်း နောင်းဖြစ်တွေကို ဖော်ပြပါတယ်။

ဒီလိုပြောတဲ့ စာကားထဲမှာ နက်နဲတဲ့ ရည်ရွယ်ချက်တွေ ပါ ပါတယ်၊ အကုသိုလ်ကြောင့် ဒွန်းစဏ္ဍားဘဝ သမင်ဘဝ ငှက်ဘဝ တွေရောက်ပြီး အောက်တန်းကျခဲ့ရတယ်၊ မျက်နှာငယ်ခဲ့ရတယ်၊ ရသေ့ ရဟန်း ပြုခြင်းစသော ကုသိုလ်ကြောင့် ငါလဲ အထက်တန်းကျတဲ့

http://www.dhammadownload.com

ပုဏ္ဏားမျိုးမှာဖြစ်ရတယ်၊ သင်လဲ မင်းမျိုး မှာ ဖြစ်ရတယ်၊ ဒါကြောင့် မိမိ၏ဘဝကို မြင့်သည်ထက် မြင့်အောင် ရသေ့ ရဟန်းပြုပြီး ကုသိုလ်တရားကို ပွားများချိန်တန်နေပြီလို့ ဆိုလိုပါတယ်။

ဒါပေမယ့် မင်းစည်းစိမ်တွေကိုစွန့်ပြီး ရဟန်းပြုဖို့ဆိုတာ လွယ်တဲ့အလုပ် မဟုတ်ပေဘူး၊ ဒါကြောင့် သမ္ဘူတမင်းက ရသေ့ရဟန်းမပြုနိုင်ကြောင်း ပြောပါတယ်၊ အဲဒီအခါ သင့်လျော်တဲ့ ဩဝါဒတွေကိုပေးပြီး ဘုရားအလောင်းတော်က "မင်းကြီး ...သင် နေရစ်ပေတော့၊ ငါ သွားတော့မယ်" ဆိုကာ ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ အထင်အရှား ကြွသွားပါတယ်၊ ဒီတော့မှ သမ္ဘူတမင်းလဲ သတိသံဝေဂရပြီးတော့ ထီးနန်းကို သားအား လွှဲအပ်ပြီး တောထွက်ပါတယ်၊ ဘုရားအလောင်း စိတ္တရသေ့ကြီးကလဲ တပည့်ပရိသတ် တွေနှင့် တကွ ခရီးဦးကြိုဆိုပြီး ရသေ့ သခ်ိန်းကျောင်းသို့ ခေါ်ဆောင် သွားတယ်၊ ကသိုဏ်း ပရိကံကို သင်ပြပေးတယ်၊ ဒါကြောင့် အဲဒီ သမ္ဘူတရသေ့လဲ ဈာန်အဘိညာဉ်နဲ့ ပြည့်စုံသွားပါတယ်–တဲ့။

ဒီ ဇာတ်ဝတ္ထုထဲမှာ ပြောလိုရင်းကတော့ ဒွန်းစဏ္ဏား သူယုတ်ကိုမြင်ရတာ နိမိတ်မကောင်းဘူး စသည်ဖြင့်စွဲလမ်းတဲ့ ဒိဋ္ဌမင်္ဂလာအစွဲကြောင့် အကုသိုလ် ဖြစ်တာရယ်၊ ဒွန်းစဏ္ဏား သူယုတ်နဲ့ မပေါင်းနိုင်ဘူးဆိုတဲ့ အနေနဲ့ စွဲလမ်းပြီး ရိုက်ကြ ပုတ်ခတ်ကြတာရယ်–ဒါတွေဟာ ဒိဋ္ဌပါဒါန်ကြောင့် ဖြစ်တဲ့ အကုသိုလ် ကံတွေလို့ ပြောလိုရင်းပါပဲ၊ ကျန်တဲ့ ဝတ္ထုကြောင်းတွေ ကတော့ သံဝေဂရဖွယ်၊ မှတ်ဖွယ်ကောင်းလို့ ပြလက်စရှိတဲ့အတိုင်း အဆုံးတိုင်အောင် ပြလိုက်ခြင်း ဖြစ်ပါတယ်။

http://www.dhammadownload.com

နောက်ပြီးတော့ ကောကခေါ်တဲ့ မုဆိုး၏ ဝတ္ထုဖြင့်လဲ ဒီဌ မဂ်လာ အစွဲအလမ်းကြောင့် အကုသိုလ် ကမ္မဘဝ ဖြစ်တတ်တယ်ဆိုတာကို သိနိုင်ပါတယ်။

ကောကမုဆိုးဝတ္ထု

မြတ်စွာဘုရား လက်ထက်တော် ကာလက ရွာ တစ်ရွာမှာ ကောကဆိုတဲ့ မုဆိုးတစ်ယောက်ရှိတယ်၊ တစ်နေ့သောအခါမှာ အဲဒီ ကောကဆိုတဲ့ မုဆိုးက လေးမြှားကို စွဲကိုင်ပြီး သားလိုက်ခွေးတွေနဲ့ တောလိုက်ဖို့ ထွက်လာတယ်၊ လမ်းမှာ ဆွမ်းခံကြွလာတဲ့ ရဟန်းတစ်ပါးနဲ့ ရင်ဆိုင်တွေ့ရတယ်၊ ဒီလိုတွေ့ရတော့ မုဆိုးက ဆင်ခြင်တယ်၊ ယနေ့ ဖိုးခေါင်းတုံး သူယုတ်ကို နံနက်စောစောကြီးမှာ တွေ့ရတယ်၊ ဒါကြောင့် ဒီကနေ့ ဘာကောင်မှ ရမှာ မဟုတ်တော့ပါဘူးလို့ ဆင်ခြင်ပြီး သွားတယ်၊ သူနိမိတ်ဖတ်ထားတဲ့အတိုင်းဘဲ ဘာကောင်မှမရပဲနဲ့ အချိန်ကုန်တော့ ပြန်လာရတယ်၊ အဲဒီလို ပြန်လာတဲ့အခါမှာလဲ နံနက်က တွေ့ခဲ့ရသောရဟန်းက ရွာမှ ကျောင်းသို့ပြန်လာတာကို ရင်ဆိုင်တွေ့ရပြန်တယ်၊ တွေ့ရတော့ ယနေ့ ငါဟာ ဒီ သူယုတ်ဖိုးခေါင်းတုံးကိုတွေ့ရတဲ့အတွက် တောမှာ ဘာတစ်ကောင်မျှ မရခဲ့ဘူး၊ ယခုလဲ သူ ငါ့ရှေ့ ရောက်လာပြန်ပြီ၊ ဒီအကောင်ကို ခွေးတွေနဲ့ ကိုက်စေမယ်ဆိုပြီး ခွေးတွေနဲ့ တိုက်ပေးတယ်။

ဒီတော့ ရဟန်းက "ဥပသကာ...ဒီလို မလုပ်ပါနဲ့" လို့ အသာတကြည် တောင်းပန်ပါတယ်၊ ဒါပေမယ့် မရဘူး၊ သူက သူ့ခွေးတွေကို လွှတ်ပြီး တိုက်တာပဲ၊ ဒီတော့ ရဟန်းက အလျင် အမြန်ပြေးပြီး သစ်ပင်တစ်ပင်ပေါ် တက်နေရတယ်၊ သစ်ပင် ကလဲ သိပ်မမြင့်လှဘူး၊

http://www.dhammadownload.com

လူ့ တစ်ရပ်ကျော်ကျော် သစ်ကိုင်းပေါ် မှာထိုင်နေရတယ်၊ ခွေးတွေက အောက်ကဝိုင်းနေတယ် မုဆိုးက ရဟန်းရဲ့ ခြေထောက်ကို မြှားချွန်နဲ့ ထိုးတယ်၊ ရဟန်းက "ဒီလို မလုပ်ပါနဲ့" လို့ အတန်တန်တောင်းပန်တယ်၊ မုဆိုးက နောက်မဆုတ်ဘူး၊ ထိုးမြဲထိုးနေတာပဲ၊ ရဟန်းတော်မှာ အလွန် နာကျင်ပြီး ဘယ်ဘက်ခြေ မြှောက်ထားလိုက်, ညာဘက်ခြေ မြှောက်ထားလိုက်နဲ့ အလူးအလဲ ခံနေရရှာတယ်၊ ကြာတော့ မထိန်းသိမ်းနိုင်တာနဲ့ ကိုယ်မှာရုံထားတဲ့ သင်္ကန်းက လျှောကျသွားတယ်၊ အဲဒီသင်္ကန်းက မုဆိုးအပေါ်အုပ်လျက် ခြုံလျက်ဖြစ်နေပါတယ်၊ ဒါကြောင့် ခွေးတွေက ရဟန်းကျလာတယ်ထင်ပြီး မုဆိုးကို ဝိုင်းကိုက်ပြီး စားကြတယ်၊ အရိုးမျှသာ ကျန်တော့တယ်လို့ ဆိုပါတယ်။

အဲဒီအခါ ရဟန်းက သစ်ကိုင်းခြောက်တစ်ခုကိုချိုးပြီး ခွေးတွေကို ခြောက်လိုက်တယ်၊ ဒီတော့မှ ခွေးတွေက သူတို့ သခင်ကို သူတို့ကိုက်စားမိပြီ ဆိုတာ သိတာနဲ့ ပြေးကုန်ကြသတဲ့၊ အဲဒီအကြောင်းကို ရဟန်းက မြတ်စွာဘုရားကို လျှောက်ထားတဲ့ အခါ မြတ်စွာဘုရားက ဒီလိုဟောကြားတော်မူပါတယ်။

ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊
သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။
တမေဝ ဗာလံ ပစ္စေတိ ပါပံ။
သုခုမော ရဇော ပဋိဝါတံ ဝ ခိတ္တော။

ယောဗာလော၊ အကြင်လူမိုက်သည်။ အပ္ပဒုဋ္ဌဿ နရဿ၊ သူတစ်ပါးအား မပြစ်မှားတတ်သော သူကို။ ဒုဿတိ၊ ပြစ်မှား၏။ သုဒ္ဓဿ အနင်္ဂဏဿ၊ စိတ်အညစ်အကြေးကင်း၍ သန့်ရှင်း စင်ကြယ်

http://www.dhammadownload.com

သော။ ပေါသသ၊ ပုဂ္ဂိုလ်ကို။ ဒုဿတိ၊ ပြစ်မှား၏။ ပါ ပံ၊ ထိုသူပြုသော မကောင်းမှုသည်။ တမေဝ ဗာလံ၊ ထိုလူမိုက်သို့ သာလျှင်။ ပစ္စေတိ၊ ပြန်လာ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူ မူ။ သုခုမော ရဇော၊ သိမ်မွေ့သော မြူမှုန်သည်။ ပဋိဝါတံ ခိတ္တော၊ လေညာဘက်သို့ ပစ်လွှင့်အပ်သည်ရှိသော်။ တမေဝ၊ ထိုပစ်လွှင်သူထံသို့ သာလျှင်။ ပစ္စေတိ ဣဝ၊ ပြန်လာသကဲ့သို့ပင် တည်း–လို့ ဟောတော်မူပါတယ်။

ဒီ ကောက မုဆိုး ဝတ္ထုထဲမှာ ပြောလိုရင်းကတော့ သူယုတ်ကို မြင်ရလို့ နိမိတ်မကောင်းဘူး လာဘ်တိတ်တယ်လို့ ထင်မှတ်စွဲလမ်းပြီး ရဟန်းကိုပစ်မှားတာဟာ ပြောလိုရင်းပါပဲ၊ အဲဒီမှာ ရဟန်းကိုမြင်ရလို့ လာဘ်တိတ်တယ်ထင်မှတ်တာဟာ ဒိဋ္ဌမင်္ဂလာ အယူအစွဲပဲ၊ အဲဒီ အယူအစွဲကြောင့် ရဟန်းကို ခွေးတွေနဲ့လဲ တိုက်တယ်၊ မြှားနဲ့လဲ ထိုးတယ်၊ ဒါတွေဟာ ဒိဋ္ဌပါဒါန်ကြောင့် ဖြစ်တဲ့ အကုသိုလ် ကမ္မဘဝတွေပဲ၊ အဲဒီ အကုသိုလ် ကမ္မဘဝကြောင့် အပါယ်ငရဲမှာ ဖြစ်ရမယ်၊ အဲဒါက ဓာတိပဲ၊ ဓာတိကြောင့် အဲဒီဖြစ်ရာဘဝမှာ အိုခြင်း, သေခြင်း, စိုးရိမ် ပူဆွေးခြင်း, ငိုကြွေးရခြင်း, ငရဲမီးလောင်မှု စသည်ကြောင့် ကိုယ်ဆင်းရဲရခြင်း, စိတ်ဆင်းရဲရခြင်း, စိတ်နှလုံး ပြင်းစွာ ပူပန်ရခြင်းဆိုတဲ့ ဆင်းရဲတွေ အတိုင်းမသိ ဖြစ်သွားမယ်၊ ကြောက်စရာပါပဲ။

ဒိဋ္ဌမင်္ဂလာ အစွဲစသည်ကြောင့် ကုသိုလ်ကံလဲဖြစ်နိုင်ပါတယ်

ယခု ပြောခဲ့တာတွေ ကတော့ အကုသိုလ်ကံ ဖြစ်ပုံတွေပဲ၊ ကုသိုလ်ကံဖြစ်နိုင်တာတွေလဲ ရှိပါတယ်၊ ဘယ်လိုလဲ ဆိုရင်–တချို့မှာ ဂြိုဟ်စီး ဂြိုဟ်နင်း ရှိတယ်၊ ဓာတာ ညံ့နေတယ်။ အဲဒါ ပယောက်သွားအောင် ယတြာခြေရမယ်လို့ ဗေဒင်ဆရာတွေက ဟော

http://www.dhammadownload.com

တာနဲ့ မြတ်စွာဘုရားအား ဆီမီးရေချမ်း ပန်းနံ့သာ စသည်ဖြင့် ပူဇော်ကြတယ်၊ ရဟန်းသံဃာတော်တို့အား လှူဒါန်းကြတယ်၊ ပရိတ်တော် တရားတော်တို့ကို နာကြားကြတယ်၊ သီလ စောင့်ကြတယ်၊ တရားအားထုတ်ကြတယ်၊ တချို့ကလဲ အိပ်မက်မကောင်းဘူးလို့ ယူဆပြီး ပရိတ်ရွတ်ခြင်း စသည်ကို ပြုလုပ်ကြတယ်၊ ဒီလိုဟာတွေ ကတော့ ဒိဋ္ဌမင်္ဂလာ အစွဲအလမ်းကြောင့် ကုသိုလ်ကမ္မဘဝတွေ ဖြစ်တာပါပဲ၊ အဲဒီ ကုသိုလ်က် ကြောင့် သုဂတိဘဝမှာ ဖြစ်နိုင်ပါတယ်၊ အဲဒါက ဇာတိပဲ၊ ဇာတိရှိတော့ ဇရာ မရဏ စသည်တွေလဲ ဖြစ်တော့မှာပဲ။

ဒီ ယတြာချေရာမှာ အကုသိုလ်ဖြစ်တာလဲ ရှိတယ်၊ သတ္တဝါတွေကို သတ်ဖြတ်ပြီး ယတြာချေရင် အကုသိုလ်ဖြစ်တယ်၊ ဒီလိုဟာ ရှိပါ့မလားလို့ ဆိုရင် ရှိပါတယ်၊ ဇာတ်နိပါတ်တော်တွေ ထဲမှာ သဗ္ဗစတုက္ကယဇ်, သဗ္ဗအဋ္ဌကယဇ် စသည်တွေကို စီမံပြီး ယတြာချေကြတဲ့ မင်းတွေ အကြောင်း ထင်ရှားရှိပါတယ်။ သဗ္ဗ စတုက္ကယဇ် ဆိုတာ ဆိတ် ၄-ကောင်, နွားမ ၄-ကောင်, မြင်း ၄-ကောင်, လူ ၄-ယောက် စသည်ဖြင့် သတ္တဝါမျိုးစုံ ၄-ကောင်စီသတ်ပြီး ယဇ်နတ် ပူဇော်ကြတာပါပဲ၊ သဗ္ဗအဋ္ဌကယဇ် ဆိုတာလဲ နည်းတူပါပဲ၊ ရှစ်ကောင်စီ သတ်ပြီး ပူဇော်တဲ့ ယဇ် ပါပဲ၊ အဲဒါ မြတ်စွာဘုရားလက်ထက်က ပသေနဒီကောသလ မင်းကြီး ယဇ်ပူဇော်ရန် စီမံပုံဖြင့် ထင်ရှားပါတယ်။

ကောသလမင်း၏ ယဇ်အစီအရင်

ကောသလမင်းကြီးဟာ သာဝတ္ထိမြို့သား တစ်ယောက်၏ မယားကို အလိုရှိတာနဲ့ အဲဒီမြို့သားကို သူ့ထံမှာ ခစားစေတယ်၊ အပြစ်တွေ့ရင် သေဒဏ်ပေးပြီး သူ့မယားကို သိမ်းပိုက်ဖို့ ကြံစည်တာ

http://www.dhammadownload.com

ပါပဲ၊ ဒါပေမယ့် အဲဒီအမျိုးသားက အထူးသတိပြုပြီး ဆောင်ရွက်နေတာနဲ့ အပြစ်ရှာလို့ မရဘူး၊ ဒါကြောင့် တစ်နေ့သောအခါမှာ တစ်ယူဇနာလောက်ဝေးတဲ့ အရပ်မှာရှိတဲ့ ကြာပန်းနဲ့ အရက်အဆင်းရှိတဲ့ အရက္ခဝတီမြေညက်(ရွှံ့)ကို နေ့ချင်း ပြန် အယူခိုင်းတယ်၊ ညနေ မရောက်လာရင် အပြစ်ပေးမယ်လို့လဲ ပြောတယ်၊ အဲဒီ အမျိုးသားကလဲ တမင် အပြစ်ရှာတဲ့ အကြောင်းကိုသိတာနဲ့ နေ့ချင်းပြန် ရောက်နိုင်အောင် အမြန်ပြေး သွားတယ်၊ ဂ်အားလျော်စွာ နေမဝင်မီဘဲ မြို့တံခါးဝကို ပြန် ရောက်လာတယ်၊ ဒါပေမယ့် မင်းက တံခါးကို စောစောပိတ်ဖို့ အမိန့်ပေးထားတဲ့အတွက် တံခါးက ပိတ်ပြီးဖြစ်နေလို့ မြို့တွင်း မဝင်ရရှာတော့ဘူး၊ ဒါကြောင့် စိတ်သက်သာရာ ရအောင် ဇေတဝန်ကျောင်း သွားပြီး အိပ်နေတယ်။

ကောသလမင်းကြီးဟာ အဲဒီညဦးမှာ ကာမဝိတက်, ဗျာပါဒ ဝိတက်တွေ, အားကြီးနေတဲ့အတွက် အိပ်လို့မပျော်နိုင်ဘဲ ရှိနေတယ်၊ အဲဒီလို အိပ်မပျော်ဘဲရှိနေရာမှ ဒု-ဆိုတဲ့အသံတစ်ခု, သ-ဆိုတဲ့ အသံတစ်ခု, နု-ဆိုတဲ့အသံတစ်ခု, သော-ဆိုတဲ့အသံတစ်ခု ဒီအသံကြီး ၄-ခုကို ကြားရတယ်၊ အဲဒီအသံကြီးတွေက တခြား မဟုတ်ပါဘူး၊ ကာမေသုမိစ္ဆာစာရက် အားကြီးတဲ့ သူဌေးသား ၄-ယောက် လောဟကုမ္ဘဏ္ဍိဝရဲအိုးထဲ ကျရောက်နေရာမှ ဝရဲအိုး နှုတ်ခမ်းဝ ပေါ်လာခိုက် အချင်းချင်းပြောဆိုတဲ့ တစ်ဂါထာ, တစ်ဂါထာမှ အစတစ်လုံး, တစ်လုံး ဖြစ်ပါတယ်၊ အဲဒီ တစ်လုံး တစ်လုံးမျှကိုသာ ရွတ်ဆိုနိုင်ပြီး ဝရဲအိုးထဲ ပြန်ပြီး မြုပ်သွားကြတယ်။

အဲဒီဝရဲက ရွတ်ဆိုတဲ့အသံဟာလဲ ပကတိအတိုင်းသာ ဆိုရင်တော့ လူ့လောကမှ မကြားနိုင်ပါဘူး၊ အကျိုးကျေးဇူး ဖြစ်ဖွယ် ရှိတဲ့အတွက် မြတ်စွာဘုရား၏ အဓိဋ္ဌာန် တန်ခိုးတော်ကြောင့်

http://www.dhammadownload.com

ကြားခြင်းဖြစ်တယ်လို့ ယူရပါတယ်၊ အဲဒီလို အလွန် စူးရှပြင်းထန်တဲ့ အသံကြီး ၄-ခုကို ကြားရတဲ့အတွက် မင်းကြီးမှာ ဘယ်လိုဘေးရန် ဖြစ်မှာပါလိမ့်, မလဲလို့ တွေးပြီး အလွန်ကြောက်နေတယ်။ ဒါကြောင့် နံနက်စောစောမှာ ပရောဟိတ်ကို ခေါ်ပြီး အဲဒီအကြောင်းကို ပြောတယ်၊ ပုရောဟိတ်က ဝန်လေးတဲ့နိမိတ် ဖြစ်တဲ့အကြောင်း အသက်အန္တရာယ် ဖြစ်နိုင်တဲ့ အကြောင်းကို ပြောတော့ မင်းကြီးက သာပြီးကြောက်တဲ့အတွက် ကုစားနိုင်တဲ့ နည်းများ ရှိပါသေးသလားလို့ မေးတယ်၊ ဒီတော့ ပုရောဟိတ်က "ဆင်အကောင်တစ်ရာ, မြင်းအကောင်တစ်ရာ စသည်ဖြင့် အလုံးစုံ အကောင်တစ်ရာစီ သတ်ပြီး သဗ္ဗသတကယဇ်ကို ပူဇော်ရမယ်"လို့ ညွှန်ကြားတယ်၊ အဲဒါဟာ ယတြာချေဖို့ ညွှန်ကြားတာပါပဲ။

မင်းကြီးကလဲ အကြောက်လွန်နေတာနဲ့ ဘာမျှမစဉ်းစားနိုင်တော့ဘူး။ ပုရောဟိတ်ဆရာ ပြောတဲ့အတိုင်း ဆင်, မြင်းစသည်တွေကို ယဇ်ပူဇော်ဖို့ အကောင်တစ်ရာစီ ယဇ်တိုင်မှာ ချည်းထားတယ်၊ ဒီနေရာမှာ လူ့ရဲ့စိတ်ဓာတ်ဟာ ဘယ်လောက် ရက်စက်သလဲဆိုတာ စဉ်းစားကြည့်ရမယ်၊ ကိုယ်တစ်ဦးရဲ့အသက်ဘေးကို ကာကွယ်ဖို့ သတ္တဝါတွေ ရာထောင်များစွာကို သတ်ပြီး ယဇ်ပူဇော်မယ် ကြံတာပဲဟာ အလွန်အလွန်ပဲ ရက်စက်လှပါပေတယ်၊ အဲဒီလို ယဇ်တိုင်မှာ ချည်ထားတဲ့ သတ္တဝါတွေထဲမှာ တိရစ္ဆာန်တွေကတော့ သိရှာကြမယ် မဟုတ်ဘူး၊ လူတွေကတော့ သိနေတယ်၊ ဒါကြောင့် စပ်ဆိုင်ရာ ဆွေမျိုးသားချင်းတွေမှာ မျက်ရည်စက်လက်နှင့် ငိုယိုမြည်တမ်းနေရှာကြသတဲ့၊ အဲဒီအခါမှာ မလွှိကာဆိုတဲ့ မိဖုရားက ဒီအသံဆိုးတွေ ကြားရတာနဲ့စပ်ပြီး အကျိုးအပြစ်ကို မြတ်စွာဘုရားအား မေးလျှောက်ပါဦးလို့ သတိပေးတာနဲ့ မင်းကြီးက မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး မေးလျှောက်ပါတယ်။

http://www.dhammadownload.com

မြတ်စွာဘုရားက အဲဒီကြားရတဲ့အသံတွေဟာ မင်းကြီးနဲ့ ဘာမျှ မသက်ဆိုင်ဘူး၊ ကဿပဘုရားလက်ထက်က သူဌေးသား ၄-ယောက်ဟာ ဌေးဖြင့် ဖြားယောင်းပြီး သူတစ်ပါးတို့၏ သား မယားတွေကို ကျူးလွန်ခဲ့ကြတဲ့ ကာမေသုမိစ္ဆာစာရက်ကြောင့် အဝီစိ ငရဲကြီးထဲမှာ ကျရောက်ပြီး ဘုရား နှစ်ဆူတို့၏ အကြား ကာလပတ်လုံး ငရဲမီးဖြင့် အလောင်ခံနေခဲ့ကြရတယ်၊ အဲဒီငရဲကြီးမှ လွတ်လာ ပြန်တော့လဲ ကံကမကုန်သေးလို့ လောဟကုမ္ဘီ ခေါ်တဲ့ သံရည်ပွက်အိုး ငရဲမှာ ကျရောက် နေကြရပြန်တယ်၊ ညက အဲဒီ ငရဲအိုးကြီးရဲ့ နှုတ်ခမ်းဝမှာ လေးယောက်လုံး ပေါ်လာခိုက် ဆုံမိကြလို့ အချင်းချင်း တစ်ဂါထာစီရွတ်ဆိုပြီး ပြောဖို့ အားထုတ်ကြရာမှာ တစ်လုံးစီမျှ ရွတ်ဆိုပြီး တစ်ဖန် နှစ်မြှုပ်သွားကြရတယ် စသည်ဖြင့် အကြောင်းမှန်ကို မိန့်ကြားတော်မူပါတယ်။

ဒု-သ-နှ-သော ၏ အဓိပ္ပာယ်

အဲဒီ အသံကြီး ၄-ခုထဲက ဒု-ဆိုတဲ့ အသံက "ဒုဒ္ဓိဝိတမ-ဒိဝိမှ"စသည်ဖြင့် ဆိုလိုပါသတဲ့၊ မြန်မာလို အကျဉ်းချုပ်အား ဖြင့်တော့ ငါတို့ဟာ သူဌေးသား ဘဝတုန်းက မကောင်းသဖြင့် အသက်မွေးခဲ့ကြတယ်၊ ပစ္စည်းဥစ္စာတွေ ပေါများပါလျက်နဲ့ မပေးမလှူခဲ့ကြဘူး၊ ဘဝ၏ ထောက်တည်ရာကောင်းမှုကို မပြုမိ ခဲ့ကြဘူးလို့ ဆိုလိုပါတယ်။

သ-ဆိုတဲ့အသံကတော့ "သဒ္ဓိဝဿသဟသာနိ" စသည်ဖြင့် ဆိုလိုပါသတဲ့၊ မြန်မာလိုကတော့ ငါတို့လောဟကုမ္ဘီ ငရဲအိုးထဲ ကျနေတာဟာ အိုးနှုတ်ခမ်းမှ အောက်စအထိ နှစ်မြှုပ်သွား နေတာက အနှစ် သုံးသောင်း+တစ်ဖန် ပြန်တက် လာတာက အနှစ် သုံးသောင်း

http://www.dhammadownload.com

၂–ရက်ပေါင်း အနှစ်ခြောက်သောင်း ကြာပြီ၊ ဘယ်တော့မှ ဒီဝရဲအိုးမှ လွတ်ရပါမည်လဲ–လို့ ဆိုလိုပါ တယ်။

နေ–ဆိုတဲ့ အသံကတော့ "နတ္ထိ အန္တော ကုတော အန္တော" စသည်ဖြင့် ဆိုလိုပါသတဲ့၊ မြန်မာလိုကတော့ ငါတို့မှာ ဒီဝရဲမှ လွတ်ဖို့ရာ အဆုံးအဝိုင်းအခြားမရှိတော့ဘူး၊ အကြောင်းကတော့ ငါနှင့် သင်တို့ဟာ ဟိုဘဝတုန်းက မကောင်းမှုတွေကို များစွာ ပြုခဲ့ကြလို့ပါပဲ မောင်တို့–လို့ ဆိုလိုပါတယ်။

သော–ဆိုတဲ့ အသံကတော့ "သောဟံ နူန ဣတောဂန္တာ" စသည်ဖြင့် ဆိုလိုပါသတဲ့၊ မြန်မာလိုကတော့ ငါတော့ ဒီဝရဲမှ လွတ်ပြီး လူဖြစ်လို့ရှိလျှင် သီလကို ကောင်းကောင်းစောင့်ပြီး ပေးလှူမယ်၊ ကုသိုလ်ကို အများကြီးပြုမယ်–လို့ ဆိုလိုပါသတဲ့။

အဲဒါတွေဟာ "ခလုတ်ထိမှ အမိတ"ဆိုတာလိုပဲ ဘေးဒုက္ခ ရောက်နေမှ သတိရတဲ့ သဘောပါပဲ၊ အဲဒီလို ဘေးဒုက္ခရောက် နေမှတော့ ဘယ့်နယ်မှ မပြုပြင်နိုင်တော့ဘူး၊ အဲဒါလဲ အထူး သတိပြုစရာပါပဲ။

အသံကြီး ၄–ခုနဲ့စပ်ပြီး မြတ်စွာဘုရား မိန့်တော်မူတာကို ကြားရတဲ့အခါ ပဿေနဒီ ကောသလမင်းကြီးဟာ ကာမေသု မိစ္ဆာစာရ အကုသိုလ်ကံကို အလွန်ကြောက်ရွံ့ သွားတယ်၊ ဒါကြောင့် ဒီကနေ့ ကစပြီး သူတစ်ပါးမယားတို့၌ စိတ်ဖြင့်ပင် မပြစ်မှားတော့ဘူးလို့ ဆောက်တည်ပြီးတော့ ညက အိပ်မပျော် ဘဲ ရှိနေလို့ ညတာရှည်ကို သိရတဲ့အကြောင်း မြတ်စွာဘုရားအား လျှောက်ထားပါတယ်၊ အဲဒီအခါ ကြာနဲ့ မြေညက်ကို နေ့ချင်းပြန်သွားယူရတဲ့ သူကလဲ အလျင်နေ့က တစ်ယူဇနာခရီး ရှည်ဝေးတာကို သိခဲ့ရတဲ့အကြောင်း လျှောက်ထား

http://www.dhammadownload.com

ပါတယ်၊ ဒီတော့ မြတ်စွာဘုရားက အဲဒီစကားနှစ်ရပ်နဲ့စပ်ပြီးတော့ တရားဂါထာတစ်ပုဒ်ကို ဒီလို ဟောကြားတော်မူပါတယ်။

ဒီဃာ ဇာဂရတော ရတ္တိ၊ ဒီဃံ သန္တသ ယောဇနံ။

ဒီဃော ဗာလာန သံသရော၊ သဒ္ဓမ္မံ အဝိဇာနတံ။

ဇာဂရတော၊ အိပ်မပျော်ဘဲ နိုးနေသောသူအား။ ရတ္တိ၊ ညဉ့်သည်။ ဒီဃာ ရှည်လျှစ်၏။ သန္တသ၊ ခရီးပန်းသော သူအား။ ယောဇနံ၊ တစ်ယူဇနာ ခရီးသည်။ ဒီဃံ၊ ရှည်လျှ ဝေးလျှစ်၏။ သဒ္ဓမ္မံ အဝိဇာနတံ၊ သူတော်ကောင်း တရားကို မသိကုန်သော။ ဗာလာနံ၊ လူမိုက်တို့အား။ သံသာရော၊ သံသရာ သည်။ ဒီဃော၊ ရှည်လျှစ်၏–တဲ့။

ဒီတရားဂါထာကို ကြားနာရတဲ့အတွက် ကြာနဲ့ မြေညက်ကို နေ့ချင်း ပြန်သွားယူရတဲ့ အမျိုးသားဟာ သောတာပန် ဖြစ်သွားပါတယ်၊ တခြားသူတွေများစွာလဲ သောတာပန် စသည် ဖြစ်သွားကြပါတယ်၊ မင်းကြီးလဲ ယဇ်ပူဇော်ဖို့ ချည်နှောင်ထားတဲ့ ယဇ်ကောင်တွေကို အကုန်လုံးလွှတ်စေလိုက်ပါတယ်။

ဒီဝတ္ထုထဲမှာ ပြောလိုရင်းကတော့ အမင်္ဂလာ အသံဆိုးတွေကို ကြားရတဲ့အတွက် ဘေးအန္တရာယ် ပယောက်အောင် ယစ်ပူဇော်ပြီး ယတြာချေဖို့ စီမံတဲ့အကြောင်းပါ၊ အဲဒီမှာ မြတ်စွာဘုရားထံမှ အဖြေမှန်ကို မကြားရရင် သုတမင်္ဂလာ အယူအစွဲကြောင့် သတ္တဝါများကိုသတ်တဲ့ အကုသိုလ် ကမ္မဘဝတွေ ဖြစ် တော့မယ်၊ အဲဒါတွေဟာ သုတမင်္ဂလာအယူရှိတဲ့ ဒိဋ္ဌဥပါဒါန် ကြောင့်ဖြစ်တဲ့ ကမ္မဘဝတွေပဲ၊ ဒါကြောင့် သတ်မှု စသည်ကို ပြုပြီး ယတြာချေရင် ဒိဋ္ဌမင်္ဂလာ

http://www.dhammadownload.com

အယူအစွဲရှိသော ဥပါဒါန် ကြောင့် အကုသိုလ်ကမ္မဘဝ ဖြစ်နိုင်တယ် ဆိုတာကိုလဲမှတ်ထား ကြရမယ်။

ဘာသာ အယူအစွဲကြောင့်လဲ ကမ္မဘဝ ဖြစ်နိုင်တယ်

နောက်ပြီးတော့ ဘာသာအယူဝါဒအစွဲအလမ်းတွေကြောင့် လဲ ကမ္မဘဝတွေ ဖြစ်နိုင်တယ်၊ ဘယ်လိုလဲဆိုရင်–လူတွေဟာ မိမိတို့ ကြိုက်နှစ်သက်တဲ့ ဘာသာအယူကိုသာ မှန်တယ်၊ ဒီပြင် အယူ ဘာသာတွေ ဟူသမျှဟာ မှားတယ်လို့ ဒီလိုချည်းဘဲ အများအားဖြင့် ယူဆစွဲလမ်းကြတယ်၊ ဒါကြောင့် မိမိတို့ကြိုက် နှစ်သက်တဲ့ ဘာသာ အယူဝါဒကို ဝါဒဖြန့်တယ်၊ ဟောပြော တယ် သူတစ်ပါးအား အတင်းအဓမ္မလဲ တိုက်တွန်းတတ်ကြတယ်၊ တချို့က မိမိတို့အယူ ဘာသာကို လက်မခံရင် နိပ်စက် ညှင်းဆဲ တတ်ကြတယ်၊ သတ်ပစ်တာ တွေလဲ ရှိတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ခုနစ်ရာကျော်ဆီကဆိုရင် လူတွေကို ဓားမိုးပြီးတော့လဲ မိမိတို့ ဘာသာထဲ သွင်းတာတွေ ရှိခဲ့တယ်။ တချို့ ဘာသာဝင်တွေမှာ ဆိုရင် ဘာသာရေးကြောင့် စစ်ပွဲတွေလဲ ဖြစ်ခဲ့ကြတယ်၊ အဲဒါ တွေဟာ ဘာသာ အယူအစွဲလမ်း ဆိုတဲ့ ဒိဋ္ဌိ ဥပါဒါန်ကြောင့် ဖြစ်တဲ့ အကုသိုလ် ကမ္မဘဝတွေပါပဲ။

ဝါဒစွဲကြောင့်လဲ ကမ္မဘဝဖြစ်နိုင်တယ်

နောက်ပြီးတော့ လောကရေးရာနဲ့စပ်တဲ့ ဝါဒစွဲတွေကြောင့် ကမ္မဘဝတွေဖြစ်တာလဲ ရှိတယ်၊ ဘယ်လိုလဲဆိုရင် မိမိတို့ကြိုက်နှစ် သက်တဲ့ စီမံခန့်ခွဲရေး ပြုပြင်ရေးဝါဒကို အခြားသူများ လက်ခံစေ ချင်တယ်၊ အခြားသူတွေ လက်ခံအောင် ဖြစ်နိုင်တဲ့ နည်းအမျိုးမျိုးဖြင့် အားထုတ်တယ်၊ အမျိုးမျိုး ဝါဒဖြန့်တယ်၊ ဆန့်ကျင်ဘက် ပုဂ္ဂိုလ်တွေ အပေါ် အယုံအကြည်မဲ့အောင် အကြည်အညိုပျက်အောင် ကုန်းတိုက်

http://www.dhammadownload.com

စကားတွေကို ပြောတယ်၊ ညီညွတ် နေတဲ့ သူတွေကို ကွဲပြားအောင်လဲ ပြောတယ်၊ ဒါတွေဟာလဲ ဥပါဒါန်ကြောင့်ဖြစ်တဲ့ ကမ္မဘဝတွေလို့ ဆိုရမှာပဲ။

အချုပ်အားဖြင့်ဆိုလျှင် အကျင့်စွဲ, အတွေ့စွဲ မဟုတ်တဲ့ အယူဝါဒစွဲဟူသမျှဟာ ဒိဋ္ဌဥပါဒါန်သဘောတွေချည်းပါပဲ၊ အဲဒီလို အယူဝါဒစွဲကြောင့် ပြုမှုဟူသမျှဟာလဲ ဒိဋ္ဌ ဥပါဒါန်ကြောင့် ဖြစ်တဲ့ ကမ္မဘဝချည်းပါပဲ။

ဒိဋ္ဌဥပါဒါန်ကြောင့် ကမ္မဘဝ ဖြစ်ပုံကတော့ တော်တော် ပြည့်စုံသွားပါပြီ၊ ယခုသီလဗ္ဗတုပါဒါန်ကြောင့် ကမ္မဘဝ ဖြစ်ပုံကို ပြောရမယ်။

သီလဗ္ဗတုပါဒါန်ကြောင့် ဘဝဖြစ်ပုံ

သစ္စာ ၄-ပါးကို သိမြင်ရေးမဟုတ်တဲ့ အလေ့အကျင့် တစ်စုံတစ်ခုကို လေ့ကျင့်ရုံမျှဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်တယ်၊ အမြဲတမ်းချမ်းသာရာ နိဗ္ဗာန်သို့ ရောက်တယ်လို့ ယုံကြည်စွဲလမ်းတာကို သီလဗ္ဗတုပါဒါန် ခေါ်တဲ့အကြောင်း ဝါခေါင် လဆန်း ၈-ရက်နေ့ (သတ္တမဝိုင်း)တုန်းက အကျယ် ပြောခဲ့ပါပြီ၊ ဘယ်လို ပြောခဲ့သလဲဆိုရင်-ဆင်းရဲဒုက္ခကြောင့် နိဗ္ဗာန်ရောက်ကြောင်း မဟုတ်တဲ့ အကျင့်မှားတွေကို ဆင်းရဲဒုက္ခကြောင်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်မှန်အနေနဲ့ ယူဆစွဲလမ်းတာကို သီလဗ္ဗတုပါဒါန်ခေါ်တယ်-စသည်ဖြင့် ပြောခဲ့တယ်၊ အဲဒီမှာ နွား, ခွေး စသည်တို့ကို အတုလိုက်ပြီး ကျင့်တာရော၊ နွား, ခွေး စသည်တို့ကို ကိုးကွယ်ပူဇော်တဲ့အကျင့်ရော၊ ရေစိမ်ခြင်း, နေလှန်းခြင်း, မီးကင်ခြင်း, ဂင်္ဂါမြစ်ရေ ချိုးခြင်း အစ

http://www.dhammadownload.com

ရှိတဲ့ အကျင့်တွေရော၊ အဲဒါတွေကို ယုံကြည်စွဲလမ်းတာဟာ သီလဗွတ္တ ပါဒါန် မည်တဲ့အကြောင်း ပြောခဲ့တယ်။

အဲဒီလို အတုလိုက်ပြီး ကျင့်ခြင်း, ကိုးကွယ် ပူဇော်ခြင်း စသည်ကို စွဲလမ်းတာနဲ့ ကမ္မဘဝ ဖြစ်တာဟာ ဘယ်လိုစပ်ဆိုင် ပါသလဲ ဆိုရင်–အဲဒါကို ဝိသုဒ္ဓိမဂ် (၃–၂၀၉)က ဒီလို ပြဆိုထားပါတယ်။

အပရော၊ ဆိုခဲ့ပြီး ပုဂ္ဂိုလ်များမှ တစ်ပါးသော ပုဂ္ဂိုလ်သည်။ ဣဒံ သီလဗွတံနာမ၊ ဤအလေ့အကျင့် မည်သည်မှာ ကာမာဝစရ သမ္ဘတ္တိဘဝေ ဝါ၊ ပြည့်စုံချမ်းသာသော လူ့ဘဝ နတ်ဘဝ၌ သော်လည်းကောင်း၊ ရူပါရူပဘဝါနံ အညတရသ္မိံ ဝါ၊ ရူပဘဝ, အရူပဘဝ တစ်ခုခု၌သော် လည်းကောင်း၊ ပရိ–ပူရေန္တေ သ္မာ၊ ဖြည့်ကျင့်သော သူအား။ သုခံ၊ ချမ်းသာစွာ။ ပါရိ ပူရိ၊ လုံးဝပြည့်စုံခြင်းသို့။ ဂစ္ဆတိတိ၊ ရောက်သည်ဟူ၍။ သီလဗွတုပါဒါနဝသေန၊ နွား, ခွေးစသည်တို့၏ အလေ့အကျင့် ကို သံသရာ လွတ်မြောက်ကြောင်းဟု စွဲလမ်းသည်၏အစွမ်းဖြင့်။ တဒုပဂံ ကမ္မံ ထိုလူ့ဘဝ, နတ်ဘဝ, ရူပဘဝ အရူပဘဝသို့ ရောက်စေတတ်သော အမှုကံကို။ ကရောတိ၊ ပြု၏–စသည်ဖြင့် ပြဆိုထားပါတယ်။

ဒီဝိသုဒ္ဓိမဂ်စကားဖြင့် လူ့ပြည်နတ်ပြည် ရောက်ကြောင်း ဗြဟ္မာ့ပြည်ရောက်ကြောင်း ကံကိုသာ ပြထားတယ်၊ အပါယ် ၄–ပါးရောက်ကြောင်း ကံကိုတော့ ပြမထားဘူး၊ ဒါကြောင့် သီလဗွတုပါဒါန်၏အစွမ်းဖြင့် အကုသိုလ်ကမ္မဘဝ မဖြစ်နိုင်ဘူးလို့ ယူရမလိုလို ဖြစ်နေပါတယ်၊ ဒါပေမယ့် အဲဒီလိုတော့ မဆို လိုပါဘူး၊ သီလဗွတုပါဒါန်၏ အစွမ်းဖြင့် အကုသိုလ်ကမ္မဘဝ သာဖြစ်တာမဟုတ်သေးဘူး၊ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် ရောက်ကြောင်း ကုသိုလ်ကမ္မဘဝလဲ ဖြစ်နိုင်သေးတယ်–လို့ သာ ဆိုလိုရင်းဖြစ်ပါတယ်။

http://www.dhammadownload.com

ဒီနေရာမှ အကုသိုလ် ဖြစ်ပုံကိုတော့ ဘာကြောင့်မပြသလဲ ဆိုရင်–ထင်ရှားနေလို့ သိလွယ်တဲ့အတွက် မပြတာလို့ ယူရပါတယ်၊ ဘယ်လို ထင်ရှားနေသလဲဆိုရင်–နွား, ခွေး စသည်တို့၏ အလေ့အကျင့်ကို ကျင့်ခြင်းဖြင့် သံသရာမှ လွတ်မြောက်တယ်၊ နောင်ကာလ နောင်ဘဝမှာ အမြဲတမ်း ချမ်းသာသွားတယ်လို့ အယူအစွဲရှိတဲ့သူဟာ အဲဒီအလေ့အကျင့်တွေကို ကိုယ်ဖြင့်လဲ အချိုးကျအောင် လေ့ကျင့်တယ်၊ နှုတ်ဖြင့်လဲ အချိုးကျအောင် လေ့ကျင့်တယ်၊ စိတ်ဖြင့်လဲ ကြံစည်လေ့ကျင့်တယ်၊ အဲဒီလို လေ့ကျင့်တိုင်း ဒိဋ္ဌိသမ္မယုတ် လောဘမှ အကုသိုလ်ကံတွေ ဖြစ်တယ်၊ "အဲဒီကံတွေကြောင့် ပြည့်ပြည့်စုံစုံကျင့်လျှင် နွား, ခွေး စသည်ဖြစ်တယ်၊ အကျင့်မပြည့်စုံလျှင် မှားယွင်းတဲ့အယူကြောင့် ငရဲနဲ့ တိရစ္ဆာန်တစ်ဘုံဘုံမှာဖြစ်တယ်"လို့ ကုက္ကုရဝတိကသုတ်စသည်မှာ ဟောထားပါတယ်၊ ဒီတော့ နွား, ခွေး စသည်တို့၏ အလေ့ အကျင့်ဖြင့် သံသရာမှ လွတ်မြောက်တယ်၊ နောင်ကာလ ၌ အမြဲတမ်း ချမ်းသာသွားတယ်လို့ စွဲလမ်းတာက သီလဗွတ ပါဒါန်၊ အချိုးကျအောင် လေ့ကျင့်တာက အဲဒီဥပါဒါန် ကြောင့်ဖြစ်တဲ့ အကုသိုလ်ကမ္မဘဝ၊ အဲဒီကံကြောင့် နွား, ခွေး စသည်ဖြစ်တာက ဇာတိ၊ အဲဒီဇာတိကြောင့် နွား, ခွေး စသည် တစ်ဘဝလုံး တွေ့ကြုံခံစားသွားရမည့် ဆင်းရဲတွေက ဇရာ မရဏ စသည်တွေပဲ၊ ဒီလို ထင်ရှားနေပါတယ်။

နောက်ပြီးတော့ နွား, ကျွဲ စသည်ကို သတ်ပြီး နတ်မင်းကြီး အရှင်သခင်ကြီးကို ပူဇော်ခြင်းဖြင့် မကောင်းမှုအပြစ်တွေ ကင်းစင်ပြီး ချမ်းသာကို ရနိုင်တယ်လို့ ယုံကြည် စွဲလမ်းတဲ့အတွက် နွား, ကျွဲ စသည်ကိုသတ်ပြီး ပူဇော်ရင် သီလဗွတုပါဒါန်ကြောင့် အကုသိုလ်

http://www.dhammadownload.com

ကမ္မဘဝဖြစ်တယ်၊ အဲဒီကမ္မဘဝကြောင့် အပါယ် ၄-ပါး ဘဝ ဇာတိဖြစ်ရမယ်၊ ဒီလိုလဲ ထင်ရှားနေပါတယ်။

နတ်မင်းကြီး အရှင်သခင်ကြီးကို ယုံကြည် ကိုးကွယ်လိုက်ရင် ရှိခိုးပူဇော်လိုက်ရင် အကုသိုလ်အပြစ်တွေ ကင်းပျောက်သွား မှာပဲလို့ ယုံကြည်အားကိုးပြီး မတော်တဲ့ အမှုတွေကို ပြုရင် ဒီ ဥပါဒါန်ကြောင့် အကုသိုလ်ကမ္မဘဝဖြစ်တယ်၊ ဂင်္ဂါမြစ်ရေ ချိုးလိုက်ရင် အကုသိုလ် အပြစ်တွေ ကင်းပျောက်သွားမှာပဲလို့ ယုံကြည်အားကိုးပြီး မတော်တဲ့ အမှုတွေကို ပြုရင်လဲ ဒီဥပါဒါန် ကြောင့် အကုသိုလ်ကမ္မဘဝဖြစ်တယ်၊ "ဒီပုံဒီနည်းဖြင့် သတ်ရင် အပြစ်မဖြစ်ဘူး"လို့ ယုံကြည်အားကိုးပြီး သံပြားပူကိုနင်းခြင်း စသည်ကိုပြုလျက် သတ်ရင်လဲ ဒီ ဥပါဒါန်ကြောင့် အကုသိုလ် ကမ္မဘဝဖြစ်တယ်၊ ဒီလိုလဲ ထင်ရှားပါတယ်။

အတိုချုပ် ပြောရရင် အပြစ်ပျောက်ကြောင်း ချမ်းသာရကြောင်း မဟုတ်တဲ့နည်းလမ်းမှား, အကျင့်မှားတွေကို နည်းလမ်းမှန်, အကျင့်မှန် အနေနဲ့ ယုံကြည်စွဲလမ်းတာ ဟူသမျှဟာ သီလဗွတုပါဒါန်ချည်းပဲ၊ အဲဒီ ဥပါဒါန်ကိုအခြေခံပြီး ပြုလုပ်မှုဟူသမျှဟာ သီလဗွတုပါဒါန် ကြောင့်ဖြစ်တဲ့ ကမ္မဘဝချည်းပါပဲ၊ ဒါကြောင့် သတ္တမပိုင်း (နာ-၉၁)မှ ဝိပဿနာမဂ်, အရိယာမဂ်မပါဘဲ လောကီ သီလသက်သက်, လောကီဈာန် သက်သက်မျှနဲ့ သံသရာမှလွတ်မြောက်တယ်လို့ ယူဆ စွဲလမ်းတာကို တောင် သီလဗွတုပါဒါန် မည်တယ်ဆိုတဲ့အကြောင်း ဝိသုဒ္ဓိမဂ် မဟာဋီကာ သာဓကနှင့်တကွ ပြခဲ့တယ်၊ အာဌာရ ရသေ့ နှင့် ဥဒကရသေ့ တို့ရတဲ့ အရူပဈာန်တွေလဲ ဒီသီလဗွတုပါဒါန်ကြောင့် ဖြစ်တယ်ဆိုတဲ့ အကြောင်းလဲ ပြခဲ့တယ်။

ကောင်းကင်ဘုံက ဘုရားသခင်ကို ယုံကြည် အားကိုးပြီး ဘုရားသခင်၏ အလိုတော်ကျအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြုတဲ့

http://www.dhammadownload.com

အမှုဟူသမျှဟာလဲ ဒီ ဥပါဒါန်ကြောင့်ဖြစ်၍ ကမ္မဘဝချည်းပဲ၊ အဲဒီ ကမ္မဘဝကြောင့် ဘဝအသစ်မှာ ဇာတိဖြစ်ပေါ်မယ်၊ ဇာတိကြောင့် ဇရာ, မရဏ စသည် ဆင်းရဲအစုံတွေ ဖြစ်ပေါ်သွားမယ်။

သီလဗေဒတုပါဒါန်ကြောင့် ကမ္မဘဝဖြစ်ပုံအကြောင်းကတော့ သတ္တမပိုင်းကလဲ ပြောခဲ့ပြီးဖြစ်နေတဲ့အတွက် ဒါလောက်ဆိုရင် ပြည့်စုံ လုံလောက်ပါပြီ၊ ယခုအတ္တဝါဒုပါဒါန်ကြောင့် ကမ္မဘဝ ဖြစ်ပုံကို ပြောရမယ်။

အတ္တဝါဒုပါဒါန်ကြောင့် ဘဝဖြစ်ပုံ

အတ္တစွဲ အတ္တဝါဒုပါဒါန် အကြောင်းကိုတော့ သတ္တမပိုင်း တုန်းက အကျယ်ရှင်းလင်းပြီး ပြောခဲ့ပါပြီ၊ အကျဉ်းချုပ်အား ဖြင့် ဆိုရင်တော့ ကိုယ်ထဲမှာ အသက်ရှင်နေတဲ့ အတ္တကောင်, ငါကောင် ရှိတယ်၊ ဒီ အတ္တကောင်, ငါကောင်က တစ်သက်လုံး အမြဲတမ်း တည်ရှိနေတယ်၊ ကိုယ်အမှုအရာကိုပြုတိုင်း၊ နှုတ်ကပြောဆိုတိုင်း၊ မြင်မှု, ကြားမှု, ထိသိမှု, ကြံသိမှု စသော စိတ်အမှုအရာ ဖြစ်တိုင်း၊ အကောင်း အဆိုးကို ခံစားတိုင်း အတ္တကောင်, ငါကောင်၏ အမှုချည်းပဲ–လို့ ယုံကြည် စွဲလမ်းတာဟာ အတ္တဝါဒုပါဒါန်ပါပဲ (မရှင်းသေးလျှင် သတ္တမပိုင်း နာ ၉၃–စသည်ကို ပြန်ကြည့်ပါ။)

အတ္တဝါဒုပါဒါန်နဲ့ အတ္တဒိဋ္ဌိဟာ အတူတူပဲ၊ ဒီ အတ္တဒိဋ္ဌိ ကင်းခဲ့တဲ့ အကြောင်းလဲ ဒုတိယပိုင်းတုန်းက ပြောခဲ့ပြီ၊ (ပထမ တွဲ နာ ၇၀ မှာကြည့်ပါ) ဒါကြောင့် သာမန် ပုထုဇဉ်ပုဂ္ဂိုလ် တွေဟာ မြင်ရင်လဲ ငါကမြင်တယ်၊ မြင်တာဟာ ငါပဲလို့ ထင်မှတ်နေကြတယ်၊ ကြားရင်လဲ ငါကကြားတယ်၊ ကြားတာဟာ ငါပဲ–လို့ ထင်မှတ်နေကြ တယ်၊ နံရင်, စားသိရင်လဲထို့အတူပင် ငါကနံတယ်၊ ငါကအရသာကို

http://www.dhammadownload.com

သိတယ်၊ နံတာ အရသာ သိတာဟာ ငါပဲလို့ ထင်မှတ်နေကြတယ်၊ တွေ့ထိရင်လဲ ငါက တွေ့ထိတယ်၊ ထိသိတာဟာ ငါပဲလို့ ထင်မှတ်နေကြတယ် ကျွေးမှု, ဆန့်မှု, လှုပ်ရှားမှု, သွားလာမှု အစရှိတဲ့ ကိုယ်အမူအရာတွေ ဖြစ်ပေါ်တဲ့အခါမှာလဲ ငါကကျွေးသည်, ဆန့်သည်, လှုပ်သည်, သွားသည် စသည်ဖြင့် ထင်မှတ်နေကြတယ်၊ စိတ်ကူးစဉ်းစား ကြံစည်တဲ့အခါလဲ ငါကစိတ်ကူးတယ် စဉ်းစားတယ် ကြံစည် တယ်လို့ ထင်မှတ်နေကြတယ်၊ ကိုယ်ထဲစိတ်ထဲမှာ ဆင်းရဲမှု ချမ်းသာမှု ပေါ်လာရင်လဲ ငါဆင်းရဲတယ်၊ ငါချမ်းသာတယ်၊ ဆင်းရဲတာ ချမ်းသာတာဟာ ငါပဲလို့ ထင်မှတ်နေကြတယ်၊ အဲဒီ ကိုယ့်ကိုယ်ကိုယ် ငါကောင် သတ္တဝါကောင် အနေနဲ့ ထင် မှတ်တော့ သူတစ်ပါးတွေကိုလဲ အသက်ရှင်နေတဲ့ အတ္တကောင် သတ္တဝါကောင်လို့ ထင်မှတ်တော့တာပဲ၊ အဲဒါတွေဟာ အတ္တစွဲ အတ္တဝါဒုပါဒါန်တွေပါပဲ။

ဒီလို မိမိကိုယ်ရော သူတစ်ပါးကိုယ်ရော အတ္တကောင်သတ္တဝါ ကောင်လို့ ထင်မှတ်ပြီးတော့ သတ္တဝါတွေဟာ ကိုယ့်ကိုယ်ကိုယ် သာ ပိုပြီးချစ်ကြတယ်၊ ကိုယ့်ကိုယ် ချမ်းသာ ကောင်းစားရေး ကိုသာ ပိုပြီး ဂရုစိုက်ကြတယ်၊ အဲဒီလို ကိုယ့်ကိုယ်ဟာ အချစ်ဆုံး ဖြစ်တယ်ဆိုတဲ့ အချက်ကို ကောသလမင်းကမေးလို့ မလ္လိကာ မိဖုရား၏ ဖြေဆိုချက်ဖြင့် ထင်ရှားပါတယ်။

ကောသလအမေး နှင့် မလ္လိကာအဖြေ

ကောသလမင်းကြီးမှာ မလ္လိကာမှတစ်ပါး အခြား မင်းမျိုး မိဖုရားကြီးတွေလဲ ရှိပါတယ်၊ မလ္လိကာ ဆိုတာကတော့ မင်းမျိုး ထဲက မဟုတ်ဘူး၊ ပန်းသည်ရဲ့ သမီးဖြစ်တယ်၊ သူမိဖုရားအဖြစ် ရောက်လာပုံကတော့ တစ်နေ့သောအခါမှာ မလ္လိကာဟာ ပန်းခူးဖို့

http://www.dhammadownload.com

ပန်းခြံကိုသွားတယ်၊ လမ်းမှာ ဆွမ်းခံကြွလာတဲ့ မြတ်စွာဘုရားကို ဖူးမြင်ရတယ်။ ဖူးမြင်ရတော့ အလွန်သဒ္ဓါကြည်ညိုဖြစ်ပြီး မိမိ၏ ခါးပိုက်ကြားမှာယူလာခဲ့တဲ့ မုန့်ကို မြတ်စွာဘုရား အား လှူပါတယ်၊ အရှင် အာနန္ဒာက နေရာခင်းပေးတယ်၊ မြတ်စွာဘုရားက အဲဒီနေရာမှာ ထိုင်တော်မူပြီး မလ္လိကာလှူတဲ့ မုန့်ကို သူ့ရှေ့မှာပဲ ဘုဉ်းပေးတော်မူ တယ်။ ဘုဉ်းပေးပြီး ပြုံးတော်မူတဲ့အတွက် မုန့်အလှူရှင်မှာ ဘယ်လို အကျိုးများ ဖြစ်ပါမည်လဲလို့ အရှင်အာနန္ဒာက မေးလျှောက်ပါတယ်၊ ဒီတော့ မြတ်စွာဘုရားက "မလ္လိကာဟာ ဒီကနေ့ ငါဘုရားအား ဆွမ်းဦးလှူတယ်၊ သူဟာ ဒီကနေ့ပဲ ကောသလမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားကြီးဖြစ်လိမ့်မယ်"လို့ မိန့်တော်မူပါတယ်။

အဲဒီနေ့မှာပဲ ကောသလမင်းဟာ စစ်ပွဲမှာရှုံးလို့ တစ်ကိုယ်တည်း မြင်းစီးပြီး ထွက်ပြေးလာခဲ့ရတယ်၊ ပန်းခြံ ရောက်တော့ အဲဒီပန်းခြံထဲမှာ နားရင်း နောက်ပါအခြွေအရံတွေကို စောင့်နေတယ်၊ အဲဒီလို အလွန် ပင်ပန်းနေတဲ့အချိန် ပြုစုမည့်သူမရှိတဲ့ အချိန်မှာ မလ္လိကာက မင်းကြီးကို ယုယုယယပြုစုစောင့်ရှောက် ပါတယ်၊ အဲဒီလို ပြုစုစောင့်ရှောက်ပုံကို သဘောကျတာနဲ့ မလ္လိကာကို နန်းတော်တွင်းသို့ ဆောင်ယူစေပြီး အဂ္ဂမဟေသီ မိဖုရားကြီးအဖြစ်နဲ့ မင်းကြီးက ချီးမြှောက်ထားပါတယ်၊ ဒီနေရာမှာ အထူးမှတ်သားဖွယ်ကတော့ မလ္လိကာမှာ မိဖုရားဖြစ်ဖို့ရာ ရှေးကံဟောင်းကလဲရှိတယ်၊ ပစ္စုပ္ပန်ကံကလဲ ထူးခြားတယ်၊ ဒီ အကြောင်း နှစ်ပါးကြောင့် မိဖုရား ဖြစ်ရတယ်လို့ မှတ်ရမယ်။

သို့သော် ရုပ်ရည်ကတော့ နန်းတွင်းသူ အခြား မိဖုရားများလောက် လှပခြင်းမရှိဘူးလို့ ဆိုပါတယ်၊ နောက်ပြီးတော့ ဆင်းရဲသား ပန်းသည်၏ သမီးဆိုတော့ နန်းတော်တွင်းမှာ ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက်ဆိုတာလို ဖြစ်နေတဲ့အတွက် စိတ်အား ငယ်နေစရာလဲ

http://www.dhammadownload.com

ရှိပါတယ်၊ ဒါကြောင့် မင်းကြီးက တစ်နေ့သော အခါမှာ ဒီလို ကြံတွေးမိတယ်၊ ရှင်မိဖုရား... သင့်မှာ ကိုယ့်ကိုယ်ထက် ပိုပြီး ချစ်တဲ့သူရှိသလား၊ ဘယ်သူကို အချစ်ဆုံးလဲ"လို့ မလ္လိကာကိုမေးမယ်၊ ဒီတော့ သူက "အရှင်မင်းကြီး ရှိပါတယ်၊ အရှင်မင်းကြီးကို ကျွန်မ ကိုယ်ထက် ပိုပြီးချစ်ပါတယ်၊ အရှင်မင်းကြီးကို အချစ်ဆုံးပါပဲ"လို့ ပြောလိမ့်မယ်၊ အဲဒီအခါ ငါကလဲ ရှင်မိဖုရားကို အချစ်ဆုံးပဲ–လို့ ပြောမယ်၊ ဒီလို အပြန်အလှန်ပြောခြင်းဖြင့် ရင်းရင်းနှီးနှီး အကျွမ်း တဝင်ဖြစ်ပြီး ပြောရဲ ဆိုရဲ နေရဲ ထိုင်ရဲ ဖြစ်လာမယ်–လို့ ကြံတွေး မိပါသတဲ့၊ အဲဒီလို ကြံတွေးပြီးတော့ တစ်နေ့သော အခါမှာ မင်းကြီးက "ရှင် မိဖုရားရေ...သင့်မှာ ကိုယ့်ကိုယ်ထက် ပိုပြီးချစ်တဲ့သူ ရှိသလား၊ ဘယ်သူကို အချစ်ဆုံးလဲ"လို့ မေးပါတယ်။

ကိုယ့်ကိုယ်ဟာ အချစ်ဆုံး

ဒီတော့ မလ္လိကာမိဖုရားက စဉ်းစားဆင်ခြင်ဉာဏ်ထက်မြက်တဲ့ အမျိုးသမီးဖြစ်တဲ့အတွက် ဒီလို ဆင်ခြင်ပါတယ်၊ ဒီမေးခွန်းဟာ ကိုယ့်ကိုယ်ထက် ပိုပြီးချစ်တဲ့သူ ရှိပါတယ်၊ အရှင်မင်းကြီးကို ပိုပြီး ချစ်ပါတယ်၊ အချစ်ဆုံးပါပဲ–လို့ ပြောစေချင်လို့ ပစ်လိုက်တဲ့မေးခွန်းပဲ။ ဒါပေမယ့် သတ္တဝါတိုင်းဟာ ကိုယ့်ကိုယ်ထက် ပိုပြီးချစ်တဲ့သူရယ်– လို့ လောကမှာမရှိဘူး၊ ကိုယ့်ကိုယ်သာ အချစ်ဆုံးဖြစ်တယ်၊ ဒါကြောင့် မင်းကြီး၏ အလိုအကြိုက်ကို လိုက်ပြီးပြောလို့တော့ မတော်ဘူး၊ အမှန်အတိုင်း ပြောမှပဲ သင့်တော်မယ်လို့ ဆင်ခြင်ပြီးတော့ ကျွန်မမှာ ကိုယ့်ကိုယ်ထက် ပိုပြီးချစ်တဲ့သူရယ်လို့ မရှိပါ၊ ကျွန်မကိုယ်ကို ကျွန်မ အချစ်ဆုံးပါပဲလို့ ရဲရဲရင့်ရင့် အဖြေပေးလိုက်တယ်၊ ဒီတော့ မင်းကြီးက စဉ်းစားကြည့်လိုက်တဲ့အခါမှာ ကိုယ့်ကိုယ်သာလျှင်

http://www.dhammadownload.com

အချစ်ဆုံး ဖြစ်နေတာ မှန်ကန်ကြောင်းတွေ့ရတယ်။ ဒါကြောင့် ရှေ့ကို ဆက်ပြီး ပြောစရာမရှိဘဲ ဖြစ်နေသတဲ့။

အဲဒီအခါမှာ မလ္လိကာက မင်းကြီးကို ပြန်ပြီး မေးခွန်း ထုတ်လိုက်ပြန်တယ်၊ အရှင်မင်းကြီးမှာကော ကိုယ့်ကိုယ်ထက် ပိုပြီးချစ်တဲ့သူ ရှိပါသလား၊ ဘယ်သူ့ကို အချစ်ဆုံးပါလဲ–တဲ့၊ ဒီတော့မင်းကြီးကလဲ မူလကကြံထားတဲ့အတိုင်း ရှင်မိဖုရားကို ကိုယ့်ကိုယ်ထက်ပိုပြီးချစ်ပါတယ်၊ ရှင်မိဖုရားကို အချစ်ဆုံးပါပဲ၊ ဆိုတဲ့အဖြေကို မေးလို့တော့ မဖြစ်တာနဲ့ မလ္လိကာရဲ့ အဖြေအတိုင်းပင် "ငါ့မှာလဲ ကိုယ့်ကိုယ်ထက် ပိုပြီးချစ်တဲ့သူ မရှိဘူး၊ ငါ့ကိုယ်ကို ငါအချစ်ဆုံးပဲ"လို့ သာ ဖြေရသတဲ့။

အဲဒီ အမေးအဖြေတစ်စုံကို ကောသလမင်းကြီးက မြတ်စွာဘုရားအား လျှောက်ထားပါတယ်၊ ဒီနေရာမှာ နန်းတွင်းက အရေးတွေကို မြတ်စွာဘုရားထံ လျှောက်တာဟာ မသင့်လျော်ဘူးလို့ ထင်ချင်လဲ ထင်ကြပေလိမ့်၊ ဒါပေမယ့် ဒီအမေး အဖြေတွေကတော့ တရားသဘောကို အထောက်အကူပြုတဲ့ သာဓကဖြစ်နေတဲ့အတွက် လျှောက်သင့်တဲ့ စကားပါပဲ။ ဒါ ကြောင့် မြတ်စွာဘုရားက အဲဒီအချက်နှင့်စပ်ပြီး ဒီလို အဆုံးအဖြတ် ပေးတော်မူပါတယ်။

သဗ္ဗာ ဒိသာ အနုပရိဂမ္မ စေတသာ၊

နေ ဝဇ္ဇကါ ပိယတရမတ္ထနာ ကွစိ။

ဧဝံ ပိယော ပုထု အတ္တာ ပရေသံ၊

တသ္မာ နဟိ သေ ပရမတ္ထကာမော။

http://www.dhammadownload.com

သမ္ဘာ ဒိသာ၊ အလုံးစုံသော အရပ် ဆယ်မျက်နှာတို့ကို။ စေတသာ အနုပရိဂမ္ဘ၊ စိတ်ဖြင့် လှည့်လည်၍ ရှာဖွေခဲ့သော်။ အတ္တနာ ပိယတရံ၊ မိမိကိုယ်ထက် ပို၍ ချစ်အပ်သော သူကို။ ကွစိ၊ တစ်စုံတစ်ခုသော အရပ်၌မျှ။ နေဝ အဒ္ဓိဂ၊ မရနိုင် မတွေ့နိုင် သည်သာတည်း။ ဧवံ၊ ဤသို့ မိမိကိုယ်ကို မိမိချစ် သည်နှင့် အတူပင်လျှင်။ ပရေသံ၊ သူတစ်ပါးတို့သည်လည်း။ ပုထု အတ္တာ၊ အသီးအသီးသော သူတို့၏ ကိုယ်ကို။ ပိယော၊ ချစ်အပ်သည်သာတည်း။ တသ္မာ၊ ထိုသို့သတ္တဝါတိုင်းပင် ကိုယ့်ကိုယ်ကို ချစ်တတ်သောကြောင့်။ ဝါ၊ ကိုယ့်ကိုယ်သည် အချစ်ဆုံး ဖြစ်သောကြောင့်။ အတ္တကာမော၊ မိမိကိုယ်ကို ချစ်သော သူသည်။ ဝါ၊ မိမိ၏ အကျိုးစီးပွားကို လိုလားသော သူသည်။ ပရံ၊ သူတစ်ပါးကို။ နဟိ သေ၊ ကိုယ်ချင်း စာသောအားဖြင့် မညှင်းဆဲ မနှိပ်စက်ရာသည်သာတည်း။

လောကဝေါဟာရ အတ္တကို ရည်ရွယ်ပါတယ်

ဒီ ဒေသနာမှာ အတ္တ ဆိုတာက ဒိဋ္ဌိဖြင့် စွဲလမ်းအပ်တဲ့ အတ္တရယ်လို့တော့ မဆိုလိုပါဘူး၊ လောကဝေါဟာရ အတ္တကိုသာ ဆိုလိုပါတယ်၊ လောကမှာ သတ္တဝါတွေ အသီးသီးက မိမိကိုယ်ကို အတ္တ, သူတစ်ပါးကိုတော့ ပရ-လို့ ပြောဆိုကြပါတယ်၊ အဲဒီလို ဖြေဆိုကြတဲ့ အသီးသီးသော မိမိကိုယ်ကို ရည်ရွယ်ပါတယ်၊ ဒါပေမယ့် အတ္တစွဲရှိတဲ့ ပုထုဇဉ်အနေနဲ့ ဆိုရင်လဲ မိမိကိုယ်ကို ဒီအတိုင်းဘဲ အချစ်ဆုံး ဖြစ်နေပါတယ်၊ အတ္တစွဲ အားကြီးလေလေ မိမိကိုယ်ကို သာပြီး ချစ်လေလေပါပဲ၊ ဒါကြောင့် အတ္တစွဲကို ပြောနေရာမှာ ကောသလမင်းအနေနဲ့ မလ္လိကာ အဖြေဆိုင်ရာ တရားကို ထည့်သွင်း ပြဆိုခြင်း ဖြစ်ပါတယ်။

http://www.dhammadownload.com

အဲဒီ ဒေသနာမှာ ပြထားတဲ့အတိုင်း သတ္တဝါတွေဟာ မိမိကိုယ်ကို အချစ်ဆုံးပဲ၊ မိမိကိုယ်ထက် ပိုပြီး ချစ်တဲ့သူရယ်လို့ ဘယ်မှာမျှမရှိဘူး၊ လင်မယား သားသမီးကို ချစ်တယ်ဆိုတာလဲ အချစ်ဆုံးဖြစ်တဲ့ မိမိကိုယ်ရဲ့ အကူအညီ အခြွေအရံ အထောက်အပံ့အနေနဲ့ ချစ်ကြတာပဲ၊ ဥပမာအားဖြင့် ရွှေ, ငွေ, စိန်, ကျောက်အစရှိတဲ့ အဖိုးတန်ပစ္စည်းတွေကို ချစ်မြတ်နိုးတာနဲ့ တူပါတယ်၊ ဒါကြောင့် တစ်စုံတစ်ယောက်က ကိုယ့်ကိုယ်ထက်ပိုပြီး ချစ်ပါတယ်လို့ ပြောရင် အဲဒါကို ချင့်ပြီးယုံရမယ်၊ တကယ့်အရေးကျတော့ အမိကတောင်မှ သားကို မင့်နိုင်ဘဲ ရှိတတ်ပါတယ်။ အဲဒါကို သဲကန္တာရမှာဖြစ်ဖူးတဲ့ ဝတ္ထုတစ်ခုဖြင့် သိရတယ်။

အမိသော်မှ သားတော်ခဲ

တစ်ခါက လှည်းကုန်သည်တွေနဲ့ လိုက်ပါလာတဲ့ မိန်းမတစ်ယောက်ဟာ လှည်းထွက်ချိန်မှာ အိပ်ပျော်နေလို့ သားငယ်ကလေးနဲ့ သဲကန္တာရထဲမှာ ကျန်ရစ်နေသတဲ့၊ သဲကန္တာရဆိုတာ ပတ်ဝန်းကျင်မှာ သစ်ပင် မြက်ပင် မရှိဘူး၊ ရေ မရှိဘူး၊ သဲ, ကျောက်ခဲနဲ့ တောင်တွေလောက်သာ ရှိတယ်၊ အဲဒီမှာ နေပူရှိန် ကဒီဂရီ ၁၂၀–မက အလွန်ပူပြင်းတဲ့အတွက် နေ့ပိုင်းမှာဆိုရင် ရွက်ထည်စသည်ဖြင့် မိုးကာပြီး နေခိုနေရတယ်၊ ညပိုင်း အေး တဲ့အခါမှာ ခရီးသွားနိုင်တယ်၊ ဒါကြောင့် လှည်းကုန်သည်စုမှ ကျန်နေရစ်တဲ့ မိန်းမဟာ နေထွက်လာတဲ့အခါကျတော့ ဘာမျှ အကာအကွယ်မရှိဘဲ နေပူခံနေရတယ်၊ နေမြင့်လေလေ အပူရှိန်က ပြင်းလေလေ ဖြစ်လာတယ်၊ အောက်က သဲတွေကလဲအလွန် ပူလာတော့ ခေါင်းပေါ်ကတောင်းကိုချပြီး တက်နေရတယ်၊ အဲဒီခြင်းတောင်းက ပူလာပြန်တော့ အဲဒီတောင်းပေါ် အဝတ်တင်ပြီး အဲဒီ အဝတ်ပေါ်တက်နေရတယ်၊

http://www.dhammadownload.com

အဲဒါက ပူလွန်းမက ပူလာပြန်တော့ ရင်ခွင်ထဲက သားကလေးက အော်ပြီး ငိုနေ ပါလျက် တက်နင်းပြီးနေရသတဲ့၊ အဲဒီလို နေရင်းနဲ့ဘဲ သားရော အမိရော အပူလောင်ပြီး သေဆုံးသွားကြရသတဲ့၊ အဲဒါကို အကြောင်းပြုပြီးတော့ "အမိသော်မှ သားတော်ခဲ"ဆိုတဲ့ စကားပုံကို ပြောစမှတ် ပြုကြပါတယ်။

(သမ္မောဟဝိနောဒနီ–၅၊ သံ၊ ၄၅၊ ၂–၂၆၈)

အတ္တစွဲကြောင့် ကံဖြစ်ပုံ

ယခုပြောခဲ့တဲ့အတိုင်း မိမိကိုယ်ဟာ အချစ်ဆုံး ဖြစ်တဲ့အတွက် အတ္တစွဲရှိတဲ့ သူဟာ မိမိကိုယ် ကောင်းစား ချမ်းသာရေးအတွက်, မိမိနဲ့ စပ်တဲ့သူတွေ ကောင်းစား ချမ်းသာရေးအတွက် ဖြစ်နိုင် သမျှ နည်းမျိုးစုံဖြင့် ရှာဖွေအားထုတ်တယ်၊ သတ်ခြင်း, လုယက် ခိုးယူခြင်း, လိမ်ခြင်း, ကုန်းတိုက်ခြင်း အစရှိတဲ့ မကောင်းမှု ဒုစရိုက်တွေကိုလဲ ပြုပြီး ရှာဖွေအားထုတ်တယ်၊ အဲဒါတွေဟာ အတ္တဝါဒုပါဒါန်ကြောင့် ဖြစ်တဲ့ အကုသိုလ် ကမ္မဘဝတွေပဲ။

ယခုဘဝက ပြုတဲ့ ကုသိုလ်ကောင်းမှု၏ အကျိုးကို နောင်ဘဝမှာ ငါ၏ ဒီ အတ္တသည်ပင် ခံစားရမယ်၊ ချမ်းသာတဲ့ လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝ ရောက်ပြီး ဒီ ငါ၏ အတ္တဟာ ချမ်းသာသွားမယ်လို့ ယုံကြည်စွဲလမ်းတဲ့သူက ဒါန သီလ အစ ရှိသော ကာမာဝစရကုသိုလ်, ရူပ–အရူပစျာန် ကုသိုလ်တွေကို ပြုလုပ်တယ်၊ ဖြစ်ပွားစေတယ်၊ အဲဒါတွေဟာ အတ္တဝါ ဒုပါဒါန်ကြောင့်ဖြစ်တဲ့ ကုသိုလ်ကမ္မဘဝတွေပဲ၊ အဲဒီ ကမ္မဘဝတွေ ကြောင့် လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝ၌ ဖြစ်ရတယ်၊ အဲဒါက ဇာတိပဲ၊ အဲဒီ ဇာတိကြောင့် ဇရာ မရဏ သောက

http://www.dhammadownload.com

စသည် ထိုက်သည့်အားလျော်စွာ ဖြစ်ရတယ်၊ ဒါကြောင့် ဝိသုဒ္ဓိမဂ်(၃-၂၀၉)မှာ ဒီလို ပြဆိုထားပါတယ်...။

အပရော၊ ပြဆိုခဲ့ပြီးမှ တစ်ပါးသော ပုဂ္ဂိုလ်သည်။ အယံ အတ္တာ နာမ၊ ဤအတ္တမည်သည်။ ကာမာဝစရသမ္ဘတ္တိဘဝေ ဝါ၊ ပြည့်စုံချမ်းသာသော လူ့ဘဝ, နတ်ဘဝ၌သော် လည်းကောင်း၊ ရူပါ-ရူပဘဝါနံ အညတရသ္မိံ ဝါ၊ ရူပဘဝ, အရူပ ဘဝ တစ်ခုခု၌သော် လည်းကောင်း။ သုခီ၊ ချမ်းသာနှင့် ပြည့်စုံ သည်။ ဝိဂတပရိဠာဟော၊ ပူပန်ခြင်းကင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ စွဲလမ်းသော။ အတ္တာဝါဒုပါဒါနေန၊ အတ္တာဝါဒုပါဒါန်ဖြင့်။ တဒုပဂံ ကမ္မံ၊ ထိုလူ့ဘဝ နတ်ဘဝ ရူပ အရူပဘဝသို့ ရောက်စေတတ်သော အမှုကံကို။ ကရောတိ၊ ပြု၏-စသည်ဖြင့် ပြဆိုထားပါတယ်။

အချုပ်အားဖြင့်တော့ မိမိကိုယ် ယခုဘဝတွင် ချမ်းသာ ကောင်းစားအောင် ဖြစ်စေ, နောင်ဘဝတွေမှာ ချမ်းသာ ကောင်းစားအောင်ဖြစ်စေ ပြုလုပ်အားထုတ်တာတွေဟာ အတ္တ ဝါဒုပါဒါန်ကြောင့်ဖြစ်တဲ့ ကမ္မဘဝ ချည်းပါပဲ။

ဒီနေရာမှာ ကာမုပါဒါန်ကြောင့်ဖြစ်တာနဲ့ ဘယ်လိုထူးသလဲ ဆိုရင် ကာမဂုဏ်ချမ်းသာ, ဘဝချမ်းသာတွေကို လိုချင်စွဲလမ်းပြီးပြုလျှင် ကာမုပါဒါန်ကြောင့်ဖြစ်တယ်၊ မိမိကိုယ် ချမ်းသာ ကောင်းစားရေးကို စွဲလမ်းပြီးပြုလျှင် အတ္တဝါဒုပါဒါန် ကြောင့်ဖြစ်တယ်၊ ဒီလို ထူးခြားပါတယ်၊ ဒါပေမယ့် အတ္တစွဲ အားကြီးတဲ့ ပုထုဇဉ်တွေ အနေနဲ့ဆိုရင်တော့ ကာမဂုဏ် ချမ်းသာကို ခံစားဖို့ ရည်ရွယ်ပြီး ပြုရာမှာလဲ အတ္တစွဲ-အတ္တဝါဒုပါဒါန်က ပါနေတာပါပဲ။

http://www.dhammadownload.com

အရိယာမှာ ကာမုပါဒါန်သာ ရှိတယ်

အရိယာပုဂ္ဂိုလ်တွေမှာတော့ ဒိဋ္ဌိကလုံးဝကင်းနေတဲ့အတွက် ဒါနသီလ အစရှိသော ကုသိုလ်အမှုကိုပြုရင် ကာမုပါဒါန် တစ်ပါးတည်းနဲ့သာ ဆိုင်တယ်၊ ဒါကြောင့် အနာထပိဏ်၊ ဝိသာခါ, မဟာနာမ်မင်း အစရှိသော သောတာပန် သကဒါဂါမ်– ပုဂ္ဂိုလ်တွေက လှူဒါန်းတဲ့အခါ သီလဆောက်တည် ကျင့်သုံးတဲ့ အခါ ဗုဒ္ဓနုဿတိ အစရှိသော သမထ ဘာဝနာကို ပွားများတဲ့ အခါ တရားနာတဲ့အခါ ဝေယျာဝစ္စ ဆောင်ရွက်တဲ့အခါ ရိုသေထိုက်တဲ့သူကို အရိုအသေပြုတဲ့ အခါ စသည်မှာ ဖြစ်တဲ့ ကုသိုလ်ကံတွေဟာ ကာမုပါဒါန်ကြောင့် ဖြစ်တယ်လို့သာ ဆိုဖွယ်ရှိတယ်၊ ဘယ်လို ကာမုပါဒါန်လဲဆိုရင် လူနတ်ဗြဟ္မာ ချမ်းသာကို လိုလားတောင်တတဲ့ ကာမုပါဒါန်လဲဖြစ်နိုင်တယ်၊ မရသေးတဲ့ မဂ်ဖိုလ်ချမ်းသာကို လိုလားတောင်တတဲ့ ကာမုပါဒါန်လဲ ဖြစ်နိုင်တယ်၊ မရသေးတဲ့ မဂ်ဖိုလ်ကို လိုလားတောင့်တပုံကိုတော့ ဒုတိယပိုင်း (ပထမတွဲ နှာ ၆၆–စသည်မှာ) တုန်းက ပြခဲ့တဲ့ ဝိသာခါ ဝတ္ထုဖြင့်လဲ သိနိုင်ပါတယ်၊ အဲဒီမှာ ပေးလှူ ခြင်းကို အကြောင်းပြုပြီး ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်တို့ကို ပွားစေ တဲ့ ဘာဝနာ ဖြစ်ပါလိမ့်မယ်လို့ ဆိုထားပါတယ်၊ အဲဒီ ဘာဝနာ ရင့်သန်ပြည့်စုံတဲ့ အခါမှာ အထက်မဂ်ဖိုလ်တွေကို ရသွားမယ်၊ အဲဒီလို ရသွားဖို့ ရည်ရွယ်ရင်း ဖြစ်ပါတယ်။

အနာဂါမ်ပုဂ္ဂိုလ်မှာဆိုရင်တော့ ရူပဘဝ, အရူပဘဝ ချမ်းသာကို သာယာစွဲလမ်းတဲ့ ကာမုပါဒါန်နဲ့ အရဟတ္တမဂ်ဖိုလ်ကို လိုလားတောင့်တတဲ့ ကာမုပါဒါန်တို့ကြောင့် ကုသိုလ်ကမ္မဘဝ ဖြစ်တယ်လို့သာ ဆိုဖွယ်ရှိတယ်၊ ဒီနေရာမှာ ကာမုပါဒါန်ဆိုတာ အရဟတ္တမဂ်ဖြင့် ပယ်သတ်ရမည့်တဏှာဖြစ်ကြောင်းကို ရှေး (အဋ္ဌမပိုင်းနှာ–၁၅၃)၌

http://www.dhammadownload.com

ပြောခဲ့ပါပြီ၊ ဒါန စသည်ကို ပြုရာမှာ အနာဂါမ်က အရဟတ္တ မဂ်, ဖိုလ် လိုလားတောင့်တတဲ့ အကြောင်းကတော့ ဥဂ္ဂါသူကြွယ်ဝတ္ထုဖြင့် ထင်ရှားပါတယ်။

ဥဂ္ဂါ သူကြွယ် ဝတ္ထု

ဝေသာလီပြည်မှာ ဥဂ္ဂါဆိုတဲ့ သူကြွယ် ရှိခဲ့ပါတယ်၊ အဲဒီ ဥဂ္ဂါသူကြွယ်ကို မြတ်စွာဘုရားက အံ့ဖွယ် ဂုဏ်ထူး ရှစ်ပါးနဲ့ ပြည့်စုံတဲ့အကြောင်း ရဟန်းပရိတ်သတ်အား မိန့်ကြားတော်မူပါတယ်၊ အဲဒီတော့ ရဟန်းတစ်ပါးက သိချင်တာနဲ့ ဥဂ္ဂါသူကြွယ် အိမ်ကို သွားပြီးတော့ "ဒါယကာ ဥဂ္ဂါ...သင့်မှာ အံ့ဖွယ်ဂုဏ်ထူး ရှစ်ပါးနဲ့ ပြည့်စုံတယ်လို့ မြတ်စွာဘုရားက မိန့်တော်မူပါတယ်၊ ဘယ်လို အံ့ဖွယ်ဂုဏ်ထူး ရှစ်ပါးနဲ့ ပြည့်စုံပါသလဲ"လို့ မေးပါတယ်။ ဒီတော့ ဥဂ္ဂါသူကြွယ်က ဒီလို ပြန်ကြားလျှောက်ထားပါတယ်။

မြတ်စွာဘုရားက ဘယ်လို အံ့ဖွယ်ရှစ်ပါးကို ရည်ရွယ်ပြီး မိန့်ကြားတော်မူတယ် ဆိုတာကိုတော့ တပည့်တော်မသိပါ၊ သို့သော် တပည့်တော်မှာ ထင်ရှားရှိနေတဲ့ အံ့ဖွယ် ဂုဏ်ထူးရှစ်ပါးကတော့–

(၁) မြတ်စွာဘုရားကို ပထမဆုံး ဖူးမြင်ရကတည်းက သမ္မာ သမ္ဗုद्ध ဘုရားအစစ်ပဲလို့ တစ်ထစ်ချ ယုံကြည် ဆုံးဖြတ်နိုင်ခဲ့ပါတယ်၊ အဲဒါက တစ်ပါးပါ။

(၂) အဲဒီလို ယုံကြည် ဆုံးဖြတ်ပြီးတော့ မြတ်စွာဘုရား ဟောတော်မူတဲ့ တရားကိုနာရင်း သစ္စာ ၄–ပါးကို သိမြင်တဲ့ တရားမျက်စိ(အနာဂါမိ မဂ်ဉာဏ်)ကို ရခဲ့ပါတယ်၊ ဗြဟ္မစရိယ ပဋ္ဌမသီလကိုလဲ ဆောက်တည်ခဲ့ပါတယ်၊ (ဗြဟ္မစရိယ ပဋ္ဌမသီလ ဆိုတာ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်အစား မေထုန်အမှုမှ လုံးဝ

http://www.dhammadownload.com

ကြည်ရှောင်တဲ့ သိက္ခာပုဒ်ကို ထည့်ပြီး ဆောက်တည်တဲ့ ငါးပါးသီလ ပါပဲ၊) အဲဒါက တစ်ပါးပါ။

(၃) တပည့်တော်မှာ ပျိုပျိုရွယ်ရွယ် မယား ၄-ယောက် ရှိပါတယ်၊ အဲဒီ မယား ၄-ယောက်ကို တပည့်တော်က ဒီလို ပြောပါတယ်-"နှမတို့...ငါတော့ ဗြဟ္မစရိယ ပဋ္ဌမသီလကို ဆောက်တည်လာပြီ၊ ငါဟာ သင်တို့နှင့် လင်မယားအဖြစ်ဖြင့် ဆက်ဆံခြင်းကို မပြုတော့ဘူး၊ ဒါကြောင့် ဒီအိမ်မှာပဲ ဆက်ပြီး နေလိုလျှင် မောင်နှမလို သဘောထားပြီး နေကြပေတော့၊ မိဘ အိမ်ကို ပြန်ချင်လဲ ပြန်ကြ၊ ကိုယ်သဘောကျနေတဲ့ ယောကျ်ား ရှိလျှင်လဲ ပြောကြ၊ အဲဒီ ယောကျ်ားထံ အပ်ပေးမယ်"လို့ တပည့်တော်က ပြောပါတယ်၊ ဒီတော့ အကြီးဆုံး မယားက သူကြိုက်တဲ့ ယောကျ်ားထံ အပ်ပေးဖို့ ပြောပါတယ်၊ တပည့်တော်က နှနှပျိုပျို အရွယ်ကောင်းဖြစ်တဲ့ အဲဒီ မယားကြီးကို ဘယ်လက်ဖြင့်ကိုင်ပြီး ညာလက်ဖြင့် ရေကရားမှ ရေစက်သွန်းချ ပြီး အဲဒီ ယောကျ်ားလက်သို့ ပေးအပ်လိုက်ပါတယ်၊ ဒီလို ပေးအပ်ရာ၌ တပည့်တော်၏စိတ်မှာ တစ်စုံတစ်ရာ ဖောက်ပြန်ခြင်း မရှိပါ၊ အဲဒါက တစ်ပါးပါ။

(၄) တပည့်တော်မှာ ရှိသမျှ စီးပွားဥစ္စာတွေကို သီလနှင့် ပြည့်စုံပြီး ကိုယ်ကျင့်တရားပြည့်ဝတဲ့ ပုဂ္ဂိုလ်တွေနဲ့မခွဲခြားဘဲ သုံးစွဲဖို့ သတ်မှတ်ထားပါတယ်၊ အဲဒါက တစ်ပါးပါ။

(၅) ရဟန်းတော်ကို ဆည်းကပ်ရင် ရိုရိုသေသေသာ ဆည်းကပ်ပါတယ်၊ အဲဒါက တစ်ပါးပါ။

(၆) အဲဒီ ရဟန်းတော်က တရားဟောရင် ရိုရိုသေသေ နာပါတယ်၊ အဲဒီ ရဟန်းတော်က မဟောရင်လဲ တပည့်တော်က ဟောပါတယ်၊ အဲဒါက တစ်ပါးပါ။

http://www.dhammadownload.com

(၇) နတ်တွေက တပည့်တော်ထံ လာပြီးတော့ "သူကြွယ် မြတ်စွာဘုရား၏ တရားတော်ဟာ ကောင်းစွာ ဟောအပ်တဲ့ သွာက္ခာတ တရားပဲ"လို့ ပြောကြပါတယ်၊ ဒီတော့ တပည့်တော်က "မောင်တို့ နတ်တွေက သွာက္ခာတတရားပဲ–လို့ ပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ မြတ်စွာဘုရား၏ တရားတော် ဟာ သွာက္ခာတ တရားပါပဲ"လို့ သူတို့အား ပြန်ပြောလိုက်ပါတယ်၊ အဲဒီလို နတ်တွေနဲ့ အပြန်အလှန် စကားပြောတဲ့အတွက် တပည့်တော်မှာ အထင်ကြီးခြင်း, စိတ်ကြီးဝင်ခြင်း မရှိပါ၊ အဲဒါက တစ်ပါးပါ။

(၈) အောက်ပိုင်း ကာမ သံသရာမှာလည်စေ တတ်တဲ့ သံယောဇဉ်တွေလို့ မြတ်စွာဘုရားဟောထားတဲ့ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ကာမ ရာဂ ဗျာပါဒဆိုတဲ့) သြရမ္ဘာဂိယသံယောဇဉ် ငါးပါးလုံး တပည့်တော်မှာ ကင်းနေတာကို တွေ့ရပါတယ် အဲဒါက တစ်ပါးပါ၊ တပည့်တော်မှာ ထင်ရှားရှိနေတဲ့ အုံ့ဖွယ် ဂုဏ်ထူးတွေကတော့ ဒီရှစ်ပါးပါပဲ–လို့ ပြန်ကြားလျှောက်ထားလိုက်ပါတယ်။

အဲဒီလို အုံ့ဖွယ် ဂုဏ်ထူးရှစ်ပါးနဲ့ ပြည့်စုံတဲ့ အနာဂါမ် ဥဂ္ဂါ သူကြွယ်ဟာ တစ်နေ့သောအခါမှာ မိမိအိမ်သို့ ကြွရောက်တော်မူလာတဲ့ မြတ်စွာဘုရားအား ဒီလို လျှောက်ထားပြီး ခဲဖွယ် စသည်ကို ဆက်ကပ်ပါတယ်။

မြတ်နိုးဖွယ် ကိုယ့်အကြိုက်ကို ပေးလှူလျှင် မြတ်နိုးဖွယ် ကိုယ့်အကြိုက်ကို ရတယ်လို့ မြတ်စွာဘုရားဟောတာကို ကိုယ်တိုင် ကြားဖူးပါတယ်၊ တပည့်တော်က အင်ကြင်းပန်း (အဆင်းရှိသော) မုန့်ခဲဖွယ်ကို မြတ်နိုးပါတယ်၊ ကြိုက်နှစ်သက်ပါတယ်။ အဲဒီ မုန့်ခဲဖွယ်ကို သနားသဖြင့်အလှူခံတော်မူပါ၊ ဆီးသီး ချဉ်ရေနှင့် ချက်ထားတဲ့ ဝက်သားဟင်းကိုလဲ ကြိုက်နှစ်သက်ပါတယ်၊ အဲဒီဟင်းကိုလဲ

http://www.dhammadownload.com

လက်ခံတော်မူပါ၊ ကန်စွန်းရွက် ဆီပြန် ကြော်ကိုလဲ ကြိုက်နှစ်သက်ပါတယ်၊ အဲဒီ ဆီပြန်ကြော်ကိုလဲ လက်ခံတော်မူပါ၊ အရေသောက်ဟင်း, အမဲဟင်းလျှာ အမျိုးမျိုးနှင့်တကွ သလေးထမင်းကိုလဲ ကြိုက်နှစ်သက်ပါတယ်၊ အဲဒီ ဟင်းအမျိုးမျိုးနှင့် သလေးဆွမ်းကိုလဲ လက်ခံတော်မူပါ၊ ကာသီတိုင်းဖြစ် သိမ်မွေ့သော အဝတ်အထည်များကိုလဲ ကြိုက်နှစ် သက်ပါတယ်၊ အဲဒီ အဝတ်အထည်များကိုလဲ လက်ခံတော်မူပါ စသည်ဖြင့် လျှောက်ထားပြီး သူ မြတ်နိုးတဲ့ စားဖွယ်, သောက်ဖွယ်, သုံးဆောင်ဖွယ်တွေကို ဆက်ကပ်လှူဒါန်းပါတယ်၊ အဲဒီ အခါမှာ မြတ်စွာဘုရားက ဒီလို အနုမောဒနာတရားကို ဟောကြား တော်မူပါတယ်။

မနာပဒါယီ လဘတေ မနာပံ၊
ယော ဥဒ္ဓုဘူတေသု ဒဒါတိ ဒါနံ။ပ။
သော ဒုစ္စဇံ သပ္ပုရိသော စဇိတွာ၊
မနာပဒါယီ လဘတေ မနာပံ။

မနာပဒါယီ၊ စိတ်နလုံးကိုပွားစေတတ်သော ဝတ္ထုကို ပေးလှူသောသူသည်။ ဝါ၊ နှစ်သက်မြတ်နိုးအပ်သော ဝတ္ထုကို ပေးလှူသောသူသည်။ မနာပံ၊ နှစ်သက်မြတ်နိုးဖွယ်ကို။ လဘတေ၊ ရတတ်၏။ ယော၊ အကြင်သူသည်။ ဥဒ္ဓုဘူတေသု၊ ဖြောင့်မတ်စွာဖြစ်သော အရိယာပုဂ္ဂိုလ်တို့၌။ ဆန္ဒသာ၊ ထက်သန်သောဆန္ဒဖြင့်။ ဒဒါတိ၊ ပေးလှူ၏။ ။ပ။ မနာပဒါယီ၊ နှစ်သက် မြတ်နိုးဖွယ်ကို ပေးလှူသော။ သောသပ္ပုရိသော၊ ထိုသူတော် ကောင်းသည်။ ဒုစ္စဇံစဇိတွာ၊ စွန့်နိုင်ခဲသည်ကို စွန့်လှူသောကြောင့်။ မနာပံ၊ နှစ်သက်မြတ်နိုးဖွယ်ကို။ လဘတေ၊ ရလေတော့သတည်း–လို့ ဟောကြားတော်မူပါတယ်။

http://www.dhammadownload.com

နောင် နှစ်ပေါင်း အတန်ကြာသောအခါမှာ အဲဒါ ဥဂ္ဂါ သူကြွယ်ဟာ လူ့ဘဝမှ စုတေပြီး သုဒ္ဓါဝါသ ဗြဟ္မာ့ပြည်သို့ ရောက်သွားပါတယ်၊ ရောက်ပြီးမကြာခင်ဘဲ မြတ်စွာဘုရားထံ လာပြီး ကန်တော့ပါတယ်၊ အဲဒီအခါမှာ မြတ်စွာဘုရားက "ဘယ့်နယ်လဲ ဥဂ္ဂါ...သင့်အလိုအတိုင်း ပြည့်စုံပါရဲ့လား"လို့ မေးတော်မူပါတယ်၊ ဥဂ္ဂါသူကြွယ်က လူ့ဘဝတုန်းက အရဟတ္တ မဂ်ဖိုလ်ကို အလိုရှိနေပါတယ်၊ အဲဒါကို ရည်ရွယ်ပြီးမေးတာပါပဲ။

ဒီတော့ ဥဂ္ဂါဗြဟ္မာလဲ "မှန်ပါဘုရား...အလိုရှိတဲ့အတိုင်းပဲ ပြည့်စုံပါတယ်"လို့ လျှောက်ထားပါတယ်၊ ဒီမှာလဲ မြတ်နိုး ဖွယ်ကို လှူရင် မြတ်နိုးတာကို ရတယ်ဆိုတဲ့ ဒေသနာတော်အရ သူမြတ်နိုးတဲ့ အရဟတ္တဖိုလ် ရည်ရွယ်ပြီး သူမြတ်နိုးတဲ့ စားသောက်ဖွယ် စသည်ကို လူ့ဘဝတုန်းက လှူခဲ့ပါတယ်၊ ဗြဟ္မာ့ပြည် ရောက်တဲ့အခါ သူမြတ်နိုးတဲ့ အရဟတ္တဖိုလ်ကို ရောက်ပြီး ရဟန္တာ ဖြစ်နေတဲ့အတွက် အလိုရှိတဲ့ အတိုင်း ပြည့်စုံ တဲ့အကြောင်း ဝန်ခံလျှောက်ထားခြင်း ဖြစ်ပါတယ်၊ အဲဒီအခါ မြတ်စွာဘုရားက ဒီလိုထပ်မံပြီး ဟောကြားတော်မူပြန်ပါတယ်။

မနာပဒါယီ လဘတေ မနာပံ၊
အဂ္ဂဿ ဒါတာ လဘတေ ပုနဂ္ဂံ။
ဝရဿ ဒါတာ ဝရလာဘီ ဟောတိ၊
သေဋ္ဌံ ဒဒေါ သေဋ္ဌမုပေတိ ဌာနံ။

မနာပဒါယီ၊ နှစ်သက်အပ် မြတ်နိုးအပ်သောဝတ္ထုကို။ ပေးလှူ သောသူသည်။ မနာပံ၊ နှစ်သက်မြတ်နိုးအပ်သောအကျိုးကို။ လဘတေ၊

http://www.dhammadownload.com

ရတတ်၏။ အဂ္ဂသ၊ အထွတ်အမြတ်ကို။ ဒါတာ၊ ပေးလှူသော သူသည်။ အဂ္ဂံ၊ အထွတ်အမြတ်ကို။ ပုဂ္ဂလဘာဝေ၊ တစ်ဖန်ပြန်၍ ရတတ်၏။ ဝရသ၊ သူတကာတို့ တောင့်တအပ်စမ့ြ ရနိုင်ခဲသော အရာကို။ ဒါတာ၊ ပေးလှူသော သူသည်။ ဝရလာဘီ၊ တောင့်တအပ်စမ့ြ ရနိုင်ခဲသောအရာကို ရတတ်သည်။ ဟောတိ၊ ဖြစ်၏။ သေဋ္ဌံ၊ အထူးသဖြင့် ချီးမွမ်း အပ်သော အရာကို။ ဒဒေါ၊ ပေးလှူသောသူသည်။ သေဋ္ဌံ ဌာနံ၊ အထူးသဖြင့် ချီးမွမ်းအပ်သော အရာဌာနသို့။ ဥပေတိ၊ ရောက်တတ်ပေ၏–လို့ ဟော်တော်မူပါတယ်။

ဒီ ဒေသနာတော်မှာလဲ မြတ်နိုးအပ်သော အထွတ်အမြတ်ဆုံး ဖြစ်သော သူတကာတို့ တောင့်တအပ်စမ့ြ ရှိခဲ့လှစွာသော အထူးသဖြင့် ချီးမွမ်းအပ်သော စားသောက် သုံးဆောင်ဖွယ်ကို လှူခဲ့သည့်အတွက် ဥဂ္ဂါဗြဟ္မာမှာ မြတ်နိုးအပ်သော အထွတ်အမြတ်ဆုံးဖြစ်သော တောင့်တ အပ်စမ့ြ ရနိုင်ခဲလှစွာသော အထူးသဖြင့် ချီးမွမ်းအပ်သော အရဟတ္တ ဖိုလ်တိုင်အောင်အကျိုးရသည်ကို ကိုယ်တွေ့အားဖြင့် ထင်ရှားစေလျက် ဖော်ပြထားပါတယ်။

ဒီ ဥဂ္ဂါသူကြွယ်ဝတ္ထုမှာ ပြောလိုရင်းကတော့ ဥဂ္ဂါသူကြွယ်ဟာ လူ့ဘဝတုန်းကတော့ အရဟတ္တဖိုလ်ကို အမြတ်တနိုး လိုချင် တောင့်တပြီး မြတ်နိုးအပ်တဲ့ စားသောက်ဖွယ် သုံးဆောင်ဖွယ် တွေကို လှူခဲ့တယ်၊ အဲဒီလိုလှူရာမှာ အရဟတ္တဖိုလ်ကို လိုချင်တောင့်တ မှုကြောင့် လှူဒါန်းမှုဒါနကုသိုလ် ဖြစ်ခဲ့တယ်။ အဲဒီကုသိုလ်ကဟာ "ဥပါဒါနပစ္စယာဘဝေါ = ဥပါဒါန်ကြောင့် ဘဝဖြစ်သည်" ဆိုတဲ့ ဒေသနာတော်နှင့်အညီ ဘယ်ဥပါဒါန်ကြောင့် ဖြစ်သလဲဆိုရင် ကာမ ပါဒါန်ကြောင့်ဖြစ်တယ်လို့ဘဲဆို ရပေလိမ့်မယ်။ ဘယ်ကာမုပါဒါန် ကြောင့်လဲဆိုရင် အဲဒီလိုလှူစဉ်က အရဟတ္တဖိုလ်ကို တောင့်တမှုသာ

http://www.dhammadownload.com

ထင်ရှားရှိတယ်၊ ဒါကြောင့် အရဟတ္တဖိုလ်ကို တောင့်တမှု ကာမုပါဒါန် ကြောင့်ဖြစ်တယ်လို့ ယူဆဖွယ်ရှိပါတယ်၊ အဲဒါဟာ "အနုတ္တရေသု ဝိမောက္ခေသု ပိတံ ဥပဋ္ဌာပယတော = အမြတ်ဆုံးဖြစ်သော အရ ဟတ္တဖိုလ်တို့၌ တောင့်တခြင်းကို ဖြစ်စေသောသူမှာ" (မ ၁။ ၃၇၈။ မ ၃-၂၆၁)ဟုဆိုသော ပါဠိကို မှီပြီး ယူဆပုံပါပဲ။

ဒီမှာ ထုတ်ပြထားတဲ့ ဝိသာခါ ဥပါသိကာမကြီးတို့ ဥဂ္ဂါ သူကြွယ်တို့ ကဲ့သို့သော အရိယာပုဂ္ဂိုလ်တွေမှာ မရသေးတဲ့ မဂ်ဖိုလ်ကို လိုလားတောင့်တတာဟာ ကာမုပါဒါန် မဖြစ်သင့်ဘူး၊ ကုသိုလ်ဆန္ဒသာ ဖြစ်သင့်တယ်လို့ ဆိုရင်တော့ အရိယာပုဂ္ဂိုလ် တို့ သန္တာန်မှာဖြစ်တဲ့ ဒါနအစရှိသော ကုသိုလ်တွေဟာ ဘယ် ဥပါဒါန်ကြောင့်လဲဆိုတာ ဖြေရှင်းပြရလိမ့်မယ်၊ အဲဒါကို အဲဒီ အရိယာတို့၏ သန္တာန်မှာ မကင်းသေးတဲ့ ကာမုပါဒါကြောင့်ဖြစ်တယ်လို့ ဖြေရှင်းလျှင် သဘော ကျစရာ ရှိပါတယ်။

ဝိပဿနာကုသိုလ်က်က ဘယ်ဥပါဒါန်ကြောင့်ဖြစ်သလဲ

ဒီနေရာမှာ ဝိပဿနာ ကုသိုလ်ကတော့ ဘယ် ဥပါဒါန် ကြောင့် ဖြစ်သလဲ-လို့ မေးစရာရှိပါတယ်၊ အိုခြင်း နာခြင်း သေခြင်း ကင်းပြီး အမြဲတမ်း ချမ်းသာချင်တဲ့ ကာမုပါဒါန်ကြောင့် ဖြစ်တယ်လို့ ဘဲ ယူဆဖွယ်ရှိပါတယ်၊ နောက် တစ်နည်း အား ဖြင့်ဆိုရင်တော့ ပုထုဇဉ်မှာ ဥပါဒါန် ၄-ပါးလုံး ကင်းငြိမ်း အောင် ဝိပဿနာရှုရတယ်၊ အရိယာများမှာတော့ ကာမုပါဒါန် ကင်းငြိမ်းအောင် ရှုရတယ်၊ ဒါကြောင့် အဲဒီ ကင်းငြိမ်းစေလို အပ်တဲ့ ဥပါဒါန်တွေကြောင့် ဝိပဿနာကုသိုလ်က် ဖြစ်တယ်လို့ လဲ ယူဖွယ်ရှိပါတယ်၊ အဲဒီ ၂-နည်းထဲက ဒုတိယနည်း ယူ ပုံဟာ အဝိဇ္ဇာကြောင့် သခ်ါရဖြစ်ပုံကိုပြတဲ့ဝိသုဒ္ဓိမဂ်(၃-၁၇၃)၊ သမ္မောဟ

http://www.dhammadownload.com

ဝိနောဒနီ (၁၃၉) အဆိုများနှင့် ညီညွတ်ပါတယ်, အဲဒီမှာ ဆိုထားပုံ ကတော့–

အဝိဇ္ဇာသမတိက္ကမတ္တာယ၊ အဝိဇ္ဇာကို လွန်မြောက်ခြင်း အကျိုးငှာ။ ဒါနာဒီနိ၊ ပေးလှူခြင်း အစရှိကုန်သော။ ကာမာ ဝစာရ ပုညကိရိယဝတ္ထူနိ၊ ကာမာဝစရ ပုညကြောင် ဝတ္ထုတို့ကို။ ပူရေန္တ သ စေဝ၊ ဖြည့်ဆည်းပူးသောသူအား လည်းကောင်း၊ ရူပါဝစရဇ္ဈာနာနိ၊ ရူပါဝစရစျာန်တို့ကို။ ဥပ္ပာဒေန္တ သ စ၊ ဖြစ်စေသောသူအား လည်းကောင်း။ ပ–ဒ္ဓိန္ဒ္ရိယံ ဟောသံ၊ ကာမ ကုသိုလ်, ရူပကုသိုလ် ဟူသော ထိုပုညာဘိသင်္ခါရ၅–ပါးတို့အားလည်း။ အဝိဇ္ဇာ၊ လွန်မြောက်လိုအပ်သော အဝိဇ္ဇာသည်။ ဥပနိဿယပစ္စယေန၊ ဥပနိဿယ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဟောတိ၊ ကျေးဇူးပြုတတ်ပေ၏–လို့ ဆိုထားပါတယ်။

ဒီအဋ္ဌကထာ ၂–ရပ်အဆိုထဲမှာ မလွန်မြောက်သေး မကင်းသေးတဲ့ အဝိဇ္ဇာကို လွန်မြောက်ရန်အတွက် ကာမကုသိုလ်တို့ကို ဖြည့်ကျင့် ဆည်းပူတယ်လို့ဆိုရာမှာ ဘာဝနာကုသိုလ်လဲပါတယ်၊ အဲဒီ ဘာဝနာကုသိုလ်ထဲမှာ ဝိပဿနာလဲ ပါတယ်၊ ဒါကြောင့် အဲဒီ အဋ္ဌကထာမှာ အဝိဇ္ဇာကို လွန်မြောက်ရန်အတွက် ဝိပဿနာကို ဖြည့်ဆည်းပူးရင် အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရ ဖြစ်တယ်လို့ ဆိုတာနဲ့ ယခု ဒီမှာ ဥပါဒါန် ကင်းဝေးရန်အတွက် ရှုတဲ့ ဝိပဿနာ ကုသိုလ်ဟာ ဥပါဒါန်ကြောင့် ဖြစ်တယ်လို့ ဆိုတာဟာ တူညီနေပါတယ်။

ဝိပဿနာကံကြောင့် ဘဝအသစ် ဖြစ်ပါသေးသလား

ဒါဖြင့် ဝိပဿနာ ကုသိုလ်ကြောင့် ဘဝသစ် ဖြစ်နိုင်ပါသေးသလား–လို့ ဆိုရင် ကျမ်းဂန်များ အရအားဖြင့် ဖြစ်နိုင်သေးတယ်လို့

http://www.dhammadownload.com

ဖြေရမှာပဲ၊ ဘယ်ကျမ်းဂန်များအရလဲဆိုလျှင်–အဂုံတွေရ အဌကထာနဲ့ ပဋ္ဌာန်းပါဠိ အဌကထာများအရပါပဲ။

အဂုံတွေရ အဌကထာ (ပ–၃၆၉)မှာ သမ္မာဒိဋ္ဌိ ၅–မျိုးကို ထုတ်ပြပြီးတော့ ကမ္မသကတာသမ္မာဒိဋ္ဌိက ပြည့်စုံကောင်းမြတ်သော သုဂတိဘဝကို ငင်တယ်၊ ဖြစ်စေတယ်၊ ဈာနသမ္မာဒိဋ္ဌိက ရူပဘဝ, အရူပဘဝဌ္ဌ ပဋိသန္ဓေကို ပေးတယ်၊ မဂ်သမ္မာဒိဋ္ဌိက ဝဋ်ကို ဖျက်ဆီးတယ်၊ ဖိုလ်သမ္မာဒိဋ္ဌိက ဘဝကို တားမြစ်တယ်၊ ဝိပဿနာသမ္မာဒိဋ္ဌိကလဲ ပဋိသန္ဓေကို မငင်တတ်, မဖြစ်စေတတ်ဘူး–လို့ ဆိုပြီး တိဝိဇ္ဇကစူဠဘာဘယ မထေရ်ရဲ့အလိုအားဖြင့် အရဟတ္တဖိုလ် မရောက်သေးရင် ၇–ဘဝ အကျိုးပေးသေးတယ် လို့ ပြဆိုထားပါတယ်။

ပဋ္ဌာန်းပါဠိတော် (၃–၃၅၇)မှာ မဂ်ဖိုလ် နိဗ္ဗာန်ဆိုတဲ့ အပွမာဏတရားကို အာရုံပြုတဲ့ ကုသိုလ်စေတနာက ကာမကို အာရုံပြုတဲ့ ဝိပါက်ခန္ဓာတို့အား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုတယ်–လို့ ဟောထားပါတယ်၊ အဲဒီမှာ အဌကထာ (၄၈၉)က အပွမာဏကို အာရုံပြုတဲ့ စေတနာဆိုတာ ဂေါတြဘူ စေတနာ ပစ္စဝေက္ခဏာ စေတနာကို ယူရမယ်လို့ ဖွင့်ပြထားပါတယ်၊ အဲဒီ အဌကထာအရ ဂေါတြဘူ စေတနာကတော့ ဝိပါက်ခန္ဓာအကျိုးကို ဖြစ်စေတယ်ဆိုတော့ အရဟတ္တဖိုလ်သို့မရောက် သေးရင် ဝိပဿနာ ကုသိုလ်က ဘဝအကျိုးကို ပေးနိုင်တယ် ဆိုတာဟာ အသင့် ယုတ္တိ ရှိပါတယ်။

ဝိပဿနာက ဘဝမှ လွတ်မြောက်စေပုံ

ဒါဖြင့် ဝိပဿနာက ဘယ်ပုံဘယ်နည်းဖြင့် ဘဝသံသရာမှ လွတ်မြောက်စေသလဲဆိုတော့ ရှုမိတဲ့ အာရုံတိုင်းမှာ အနိစ္စ, ဒုက္ခ,

http://www.dhammadownload.com

အနတ္တသဘောတွေကို အမှန်အတိုင်းသိသိသွားတဲ့အတွက် အဲဒီ ရှုမိတဲ့ အာရုံတွေမှာ နိစ္စ, သုခ, အတ္တလို့ စွဲလမ်းမည့် ကိလေသာတွေ မဖြစ်နိုင်တော့ဘူး၊ အဲဒီလို ကိလေသာမဖြစ် တော့ အဲဒီအာရုံတွေနဲ့စပ်ပြီး ကံအသစ်လဲမဖြစ်ရတော့ဘူး၊ ကံ မဖြစ်ရတော့ အဲဒီကံ၏ အကျိုးဘဝ အသစ် ခန္ဓာတွေ ဆိုတာလဲ မဖြစ်ရတော့ဘူး၊ အဲဒါဟာ ဝိပဿနာ ဉာဏ်က ကိလေသာ ကံဝိပါက်ခန္ဓာတွေကို တဒင်္ဂပဟာန်အားဖြင့် ပယ်ပုံပါပဲ။

နောက်ပြီးတော့ မရှုမိတဲ့ တေဘူမကသင်္ခါရ တရားတွေကိုလဲ ရှုမိတဲ့အာရုံနဲ့ နိုင်းဆပြီး အနိစ္စ, ဒုက္ခ, အနတ္တမျှပဲလို့ အနုမာန အားဖြင့် သိမြင်သဘောကျနေပါတယ်၊ ဒါကြောင့် မရှုမိတဲ့ အဲဒီ တေဘူမကသင်္ခါရတွေမှာလဲ နိစ္စ, သုခ, အတ္တလို့ စွဲလမ်းပြီး ဖြစ်မည့် ကိလေသာတွေဟာ အများအားဖြင့် မဖြစ်နိုင်ဘဲ ဝေးကွာသွားပါတယ်၊ ဒါကြောင့် ဝိပဿနာဉာဏ် ထက်ထက် သန်သန် ဖြစ်နေတဲ့ယောဂီမှာ လောဘ, ဒေါသ, ကိလေသာ ကြမ်းတွေ မဖြစ်တော့ဘူးလို့ တောင် ထင်ရတတ်ပါတယ်၊ အဲဒီ လို ကိလေသာအဖြစ် ဝေးသွားတော့ ကံလဲ အဖြစ် ဝေးသွား ပါတယ်၊ အကျိုးဝိပါက်တွေလဲ ဝေးသွားတယ်, ကျဲသွားတယ် လို့ပဲဆိုရပါတယ်၊ အဲဒါကတော့ ဝိပဿနာက ဝိက္ခမ္ဘနပဟာန် ပယ်ပုံပါပဲ။

အဲဒီလို ဝိပဿနာက တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်တို့ဖြင့် ပယ်ပြီးတဲ့အခါမှာ အရိယာမဂ်ဉာဏ် ဖြစ်ပေါ်ပြီး သူ့ဆိုင်ရာ ကိလေသာတွေကို အကြွင်းမဲ့ ပယ်ဖြတ်သွားပါတယ်၊ ဥပမာ အားဖြင့် ရုံးအလုပ်များ ဆောင်ရွက်ရတာနဲ့လဲ တူပါတယ်၊ ရုံး အလုပ်များမှာ အောက်လက်ပုဂ္ဂိုလ်တွေက အဆင့်ဆင့် ရေးသား လုပ်ကိုင်လာပြီးတဲ့အခါ အကြီးဆုံး အရာရှိက လက်မှတ်ထိုးပြီး

http://www.dhammadownload.com

အဆုံးသတ်ရတယ်၊ အဲဒီလို အဆုံးသတ်ပြီးစေရာမှာ အောက်လက်က ပုဂ္ဂိုလ်တွေရဲ့ ဆောင်ရွက်ချက်လဲ ပါဝင်နေပါတယ်၊ ပါဝင်တာမှာ အများဆုံးဖြစ်ပါတယ်၊ အဲဒီလို အရိယာမဂ်က ကိလေသာတွေကို အကြွင်းမဲ့ ပယ်သတ်ရာမှာ ဝိပဿနာက အများဆုံး ဆောင်ရွက်ခဲ့ရပါတယ်။

နောက်ပြီးတော့ သစ်ပင်ကို လွှဖြင့်ဖြတ်တာနဲ့လဲ တူပါတယ်။ အသီးမသီးသေးတဲ့သစ်ပင်ကို လွှဖြင့်ဖြတ်ရာမှာ ဆွဲတိုင်း, တွန်းတိုင်း နည်းနည်းတော့ ပြတ်ပြတ်သွားပါတယ်၊ နောက်ဆုံး တစ်ချက်ကျတော့ အကုန်လုံးပြတ်ပြီး သစ်ပင်ကြီး လဲကျသွားတယ်၊ အဲဒီသစ်ပင်မှာ အသီးတွေဖြစ်ပေါ်ခွင့် မရှိဘူး၊ အဲဒီမှာ နောက်ဆုံး တစ်ချက်ကျမှ လုံးဝ ပြတ်သွားပေမယ့် ရှေးရှေး လွှချက်တွေကြောင့် ပြတ်တာကပဲ များနေသလိုပါပဲ၊ အရိယာမဂ်က ကိလေသာကို နောက်ဆုံးမှာ အကြွင်းမဲ့ ပယ်သတ်တယ် ဆိုပေမယ့် ရှေ့ပိုင်း ဝိပဿနာတွေကပဲ တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်တို့ဖြင့် များစွာပယ်သွားရပါတယ်၊ ဒါကြောင့် ဝိသုဒ္ဓိ မဂ်မဟာဋီကာ (၃-၅၀၃)မှာ-

ပထမံ၊ ရှေးဦးစွာ။ လောကိယ ဉာဏေန၊ လောကီ ဝိပဿနာဉာဏ်ဖြင့်။ ယထာဗလံ၊ အားအစွမ်းရှိလောက်။ ဝါ၊ အစွမ်းကုန်။ ပဟာနမေဝ၊ ပယ်အပ်ပြီးသော ကိလေသာကို သာလျှင်။ လောကုတ္တရဉာဏံ၊ လောကုတ္တရာ မဂ်ဉာဏ်သည်။ ပဇဟတိ၊ ပယ်သည်-လို့ ဆိုထားပါတယ်။

ဝိပဿနာ မရှိနိုင်လျှင် သံသရာစက် လည်သည်

ဝိပဿနာ မရှိနိုင်တဲ့ သူတွေမှာတော့ မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, သိတိုင်းသော အာရုံတွေမှာ မြဲတဲ့အနေ, ချမ်းသာ

http://www.dhammadownload.com

ကောင်းစားတဲ့အနေ, အတ္တကောင်, ငါကောင်, သတ္တဝါကောင် အနေနဲ့သာ ထင်နေတယ်၊ အဲဒါဟာ အဝိဇ္ဇာပဲ၊ ဒါကြောင့် အဲဒီ မြင်ကြားတွေ့သိရတဲ့ အာရုံမှာဖြစ်စေ, တခြား အာရုံမှာ ဖြစ်စေ တပ်မက်သာယာတဲ့ တဏှာဖြစ်တယ်၊ တဏှာက ရင့် လာတော့ ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန်နဲ့ စွဲလမ်းတော့ ကိုယ့် အလိုအတိုင်း ပြီးစီး ပြည့်စုံအောင် ကြံတယ်, ပြောတယ်, ပြု တယ်၊ အဲဒါက ကမ္မဘဝနဲ့ သခ်ါရတွေပဲ၊ အဲဒီကံနဲ့ သခ်ါရ တွေကြောင့် သေခါနီးမှာ, ကမ္မနိမိတ်, ဂတိနိမိတ် ထင်ပေါ်ပြီး ဘဝသစ် ဝိညာဏ်ဖြစ်ရတယ်၊ အဲဒီ ဖြစ်ရာဘဝမှာ အိုရ, သေရ, စိုးရိမ် ပူဆွေးရ အစရှိတဲ့ ဆင်းရဲ တွေကို ခံစားရတယ်၊ ဒီပုံ ဒီနည်းဖြင့် သံသရာဝဋ်ဆင်းရဲတွေ တဝဲ လည်လည်ဖြစ်နေ ရတယ်၊ ဒါကြောင့် မူလဆောင်ပုဒ်ကြီးမှာ-

အမှန်မသွား, အမှားမြင်ကာ, အဝိဇ္ဇာကြောင့်, ချမ်းသာ လိမ့်နိုး, ရည်မျှော်ကိုးလျက်, သုံးမျိုးမှုက်, ပြုစီမံ၍, ဝိညာဏ် တွယ်စပ်။ ပ။ တဏှာ ၆-တန်, ဥပါဒါန်နှင့် ဖြစ်ရန်အကြောင်း, ကဲဆင့်လောင်း၍, ဆိုကောင်းဘဝ, ဖြစ်ရပြန်ရာ, အိုကာသေ ရေး, ပူအဆွေးနှင့်, ဝိုကြွေးကိုယ်နှမ်း စိတ်မချမ်းမြ, ပူပန်ရသည်, လုံးဝ ဆင်းရဲစုသာတည်း-လို့ ဆိုထားပါတယ်။

ရှစ်လုံးဖွဲ့ ဆောင်ပုဒ်များထဲက နောက် ၂-ပုဒ်မှာလဲ-

ခံစားသည့်တွက်, တပ်မက်ခင်မင်၊
မည်သို့ပြုကြား, ကောင်းစားမည်ထင်၊
ဝင်စားစွဲလမ်း, ရော်ရမ်းပြုလျှင်။
နောင်ဘဝ ဖြစ်ရ ဓာတိပင်။

http://www.dhammadownload.com

ဘဝဇာတိ, သူရှိပြန်လျှင်၊
အိုသေ-ပူဆွေး, ငိုကြွေး ထိုပြင်။
ကိုယ်-စိတ်ဆင်းရဲ, ထန်သဲပူပင်၊
သိုဖြစ်ရ လုံးဝ ဆင်းရဲပင်-

လို့ ဆိုထားပါတယ်၊ ကဲ-ဒီ ဆောင်ပုဒ်ကလေး ၂-ပုဒ်ကို ဆိုပြီး ဒီကနေ့ တရားသိမ်းကြဦးစို့။ လိုက်ဆိုကြ-

ခံစားသည့်တွက်, တပ်မက်ခင်မင်၊
မည်သို့ပြုကြား, ကောင်းစားမည်ထင်။
ဝင်စားစွဲလမ်း, ရော်ရမ်းပြုလျှင်၊
နောင်ဘဝ ဖြစ်ရ ဇာတိပင်။
ဘဝဇာတိ, သူ ရှိပြန်လျှင်၊
အိုသေ-ပူဆွေး, ငိုကြွေး ထိုပြင်။
ကိုယ်-စိတ်ဆင်းရဲ, ထန်သဲပူပင်၊
သိုဖြစ်ရ လုံးဝ ဆင်းရဲပင်။

ဤ ပဋိစ္စသမုပ္ပာဒ် တရားတော်ကြီးကို ရိုသေစွာ နာယူမှတ်သားကြရသော ဓမ္မသဝန ကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့်။ ပ။ နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု...၊ သာဓု...၊ သာဓု...။

ပဋိစ္စသမုပ္ပာဒ် တရားတော်ကြီး နဝမပိုင်း ပြီး၏။

http://www.dhammadownload.com

ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်ကြီး

၁၃၂၄-ခု၊ တော်သလင်း လပြည့်နေ့ ဟောသည်။

ဒသမပိုင်း

အင်္ဂါ ၁၂-ပါး

ပဋ္ဌိစ္စသမုပ္ပာဒ် တရားတော်ကို ဟောလာတာ ၉-သီတင်း ၉-ကြိမ်ရှိခဲ့ပြီ၊ တော်တော်လဲ ပြည့်စုံသွားပါပြီ၊ ကျေကျေ ညက်ညက် ဖြစ်သွားအောင် ထပ်ပြောဖို့နဲ့ မှတ်ဖွယ် အထူးများကို ပြောဖို့ လောက်သာ လိုပါတော့တယ်၊ အဲဒါတွေကို ဒီကနေ့ပြောရမယ်။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ=အဝိဇ္ဇာကြောင့် သင်္ခါရတို့ ဖြစ်ကြသည် စသည်ဖြင့်ဟောထားတဲ့ ဒီပဋ္ဌိစ္စသမုပ္ပာဒ် ဒေသနာတော်မှာ အကြောင်း အကျိုး အင်္ဂါက ၁၂-ပါးရှိတယ်။ ဘယ် ဟာတွေလဲဆိုလျှင်- (၁) အဝိဇ္ဇာ၊ (၂) သင်္ခါရ၊ (၃)ဝိညာဏ်၊ (၄) နာမ်ရုပ်၊ (၅) သဠာယတန၊ (၆) ဖဿ၊ (၇) ဝေဒနာ၊ (၈)တဏှာ၊ (၉) ဥပါဒါန်၊ (၁၀) ဘဝ၊(၁၁) ဇာတိ၊ (၁၂) ဇရာ မရဏ-ဆိုတဲ့ ဒီ ၁၂-ပါးပါပဲ။

http://www.dhammadownload.com

မူလ ၂-ပါးနဲ့ ဘဝစက် ၂-ပါး

နောက်ပြီးတော့ ဒီဒေသနာမှာ မူလရင်း အမြစ်မကြီးတွေ က အဝိဇ္ဇာနဲ့ တဏှာရယ်လို့ ၂-ပါးရှိတယ်၊ ဘဝစက်ကလဲ ရှေ့ပိုင်းဘဝစက်၊ နောက်ပိုင်း ဘဝစက်ရယ်လို့ ၂-ပါး ရှိ တယ်။ ရှေ့ပိုင်းဘဝစက်မှာ အဝိဇ္ဇာက မူလရင်း အမြစ်မကြီး ဖြစ်တယ်၊ ဝေဒနာမှာ အဆုံးသတ်သွားတယ်။ နောက်ပိုင်းဘဝ စက်မှာ တဏှာက မူလရင်းအမြစ်မကြီးဖြစ်တယ်၊ ဇရာမရဏမှာ အဆုံးသတ်သွားတယ်၊ ရှေ့ပိုင်းဘဝစက်မှာ အဝိဇ္ဇာနဲ့ သခါရ ဆိုတဲ့ အတိတ် အကြောင်းကြောင့် ယခု ပစ္စုပ္ပန်ဘဝ အကျိုး ဖြစ်ပေါ်လာပုံကိုပြထားတယ်၊ နောက်ပိုင်း ဘဝစက်မှာတော့ တဏှာ, ဥပါဒါန်, ဘဝဆိုတဲ့ ပစ္စုပ္ပန် အကြောင်းကြောင့် အနာဂတ်ဘဝအကျိုး ဖြစ်ပေါ်ပုံကို ပြထားတယ်။

အဲဒီလို ဘဝစက် ၂-ပါးနဲ့ပြလိုက်တဲ့အတွက် ယခုဘဝကနေ ပြီးကြည့်လိုက်ရင် အတိတ်ဘဝက အကြောင်းကြောင့် ယခုဘဝ ဖြစ်လာရတယ်၊ ယခုဘဝကအကြောင်းကြောင့် နောင်အနာဂတ် ဘဝဖြစ်ရမယ်ဆိုတာလဲသိရသလိုပဲ၊ အခြားမဲ့ အနာဂတ်ဘဝ ကနေပြီး ကြည့်လိုက်လျှင်လဲ ယခုဘဝကို အတိတ်ဘဝ အနေအားဖြင့် မြင်ပြီး တော့ အတိတ်ဘဝက အကြောင်းကြောင့် လက်ရှိဘဝဖြစ်ရတယ်။ အဲဒီဘဝက အကြောင်းကြောင့် နောင် အနာဂတ်တစ်ဘဝ ဖြစ်ရမယ် ဆိုတာ နည်းတူပင် မြင်သွားနိုင်ပါတယ်၊ အဲဒီက နောက်ဘဝတွေမှာလဲ နည်းတူပဲ မြင်မြင်သွားနိုင် ပါတယ်၊ ဒီတော့ တစ်ခုခုသော ဘဝက ပြုမိတဲ့ကံကြောင့် နောက်ဘဝတွေ အဆက်ဆက် ဒီပုံ ဒီနည်းဖြင့် ရှေးကာလက အဆက်မပြတ် ဖြစ်လာခဲ့တယ်၊ နောင်လဲ အဆက်မပြတ် ဖြစ်သွားမယ်ဆိုတာကို ကောင်းကောင်းကြီး သဘောပေါက်နိုင်ပါ တယ်၊ အဲဒီလို သဘောပေါက်အောင်လို့ပဲ ဘဝစက် ၂-ပါးနဲ့ ဒီပဋိစ္စသမုပ္ပာဒ်ဒေသနာကို ဟောထားခြင်း ဖြစ်ပါတယ်။

http://www.dhammadownload.com

ကာလ ၃-ပါး

နောက်ပြီးတော့ ဒီဒေသနာတော်မှာ အဝိဇ္ဇာနဲ့ သင်္ခါရက အတိတ်ဘဝကပြီးခဲ့လို့ အတိတ်ကာလတရားလို့ ဆိုရပါတယ်၊ ဝိညာဏ်မှစပြီး ကမ္မဘဝတိုင်အောင် ရှစ်ပါးကတော့ ပစ္စုပ္ပန်ဘဝမှာဖြစ်လို့ ပစ္စုပ္ပန်ကာလတရားလို့ ဆိုရပါတယ်၊ ဇာတိနဲ့ ဇရာမရဏကတော့ အနာဂတ်ဘဝမှာ ဖြစ်မှာမို့ အနာဂတ် ကာလတရားလို့ ဆိုရပါတယ်၊ ဒါကြောင့် ဒီပဋ္ဌာန်းသမုဗျူဟာဒ် ဒေသနာတော်မှာ ကာလအားဖြင့် ၃-ပါးရှိပါတယ်။

အတိတ်အကြောင်း ၅-ပါး

အဲဒီမှာ အတိတ်ကာလ အတိတ်ဘဝက အကြောင်းကို အဝိဇ္ဇာနဲ့ သင်္ခါရ ဒီ ၂-ပါးတည်းပြထားတာကတော့ ပြဋ္ဌာန်းတဲ့ အကြောင်းလောက်သာ ပြလိုတဲ့အတွက် ဖြစ်ပါတယ်၊ အမှန်စင်စစ်ကတော့ အဝိဇ္ဇာဖြစ်တယ်ဆိုရင် တဏှာနဲ့ဥပါဒါန်လဲ ဖြစ်တော့တာပဲ၊ သင်္ခါရ ဖြစ်တယ်ဆိုရင်လဲ ကမ္မဘဝက ဖြစ်တော့တာပဲ၊ ဒါကြောင့် ပစ္စုပ္ပန်ဘဝ ရုပ်နာမ်ခန္ဓာတွေရဲ့အတိတ်အကြောင်းကို အပြည့်အစုံပြတဲ့ ပဋ္ဌာသမ္ဘိဒါမဂ် ပါဠိတော် (နာ-၅၀)မှာ တဏှာ ဥပါဒါန် ကမ္မဘဝဆိုတဲ့ အကြောင်း ၃-ပါးကိုလဲ ထည့်ပြီး ဒီလို ပြထားပါတယ်။

ပုရိမကမ္မဘဝသို့၊ ရှေးဘဝတွင် ဖြစ်ကြောင်း ကံကို ပြုစဉ်ကာလ၌။ မောဟော၊ မှန်စွာမသိ-မှားယွင်းစွာ သိခြင်းဟူသော တွေဝေခြင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာပေတည်း။ အာယူဟနာ၊ စုပေါင်းခြင်း အားထုတ်ခြင်းတို့သည်။ သင်္ခါရာ၊ သင်္ခါရတို့ပေတည်း။ နိကန္တိ၊ ပြုလုပ်မှု၏ မျက်မှောက် အကျိုး, နောင်ဘဝ အကျိုးကို လိုလားတောင့်တခြင်းသည်။ တဏှာ၊ တဏှာပေတည်း။

http://www.dhammadownload.com

ဥပဂမနံ၊ မည်သို့ပြုလျှင် မည်သို့ ခံစားရမည် စသည် ဖြင့် ချဉ်းကပ်စွဲလမ်းခြင်းသည်။ ဥပါဒါနံ၊ ဥပါဒါန်ပေတည်း။ စေတနာ၊ စေ့ဆော်တိုက်တွန်းခြင်းသည်။ ဘဝေါ၊ ဖြစ်ကြောင်း ကံဟူသော ကမ္မဘဝပေတည်း။ ဣတိ၊ ဤသို့။ ပုရိမကမ္မ ဘဝသို့၊ ရှေးဘဝက်ကို ပြုစဉ်၌ ပြီးစီးခဲ့ ဖြစ်ခဲ့ကုန်သော။ ဣမေ ပဋ္ဌ ဓမ္မာ၊ ဤ ငါးပါးသော တရားတို့သည်။ ဣဒ ပဋိ သန္ဓိယာ၊ ယခုဘဝ ပဋိသန္ဓေ၏။ ပစ္စယာ၊ အကြောင်းတို့ပေတည်း–လို့ ပြထားပါတယ်။

ဒါကြောင့် အတိတ်အကြောင်း တရားတွေဟာ အပြည့်အစုံ ဆိုရင် အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကမ္မဘဝ ဆိုတဲ့ ဒီ ငါးပါးလုံးပင် ဖြစ်ပါတယ်၊ ကဲ–အဲဒါကို ဆိုကြရမယ်။

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကမ္မဘဝ–ဤ ငါးပါးကို အတိတ် အကြောင်း ငါးပါးဟု ခေါ်သည်။

(ကိလေသဝဋ် နှင့် ကမ္မဝဋ် မရောစေရန် ဖြစ်စဉ်အတိုင်း စီစဉ်ထားသည်။)

အဲဒီ ငါးပါးထဲမှာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဆိုတဲ့ ဒီ သုံးပါးကို ကိလေသဝဋ်ခေါ်တယ်၊ သင်္ခါရနဲ့ ကမ္မဘဝကို ကမ္မဝဋ် ခေါ်တယ်၊ ဒီ သင်္ခါရနဲ့ ကမ္မဘဝကို အသီးသီး ခွဲယူချင်ရင် ဘယ်လို ယူရပါသလဲလို့ ဆိုတော့ အဋ္ဌကထာမှာ သုံးနည်း ခွဲပြထားပါတယ်။

သင်္ခါရနှင့် ကမ္မဘဝခွဲပုံ

ပထမနည်းမှာ ပြပုံကတော့ အမှုက်တစ်ခုခုကို ပြုတဲ့အခါ ရှေးအဖို့က ကြံစည်အားထုတ်တဲ့ စေတနာတွေကို သင်္ခါရခေါ်တယ်၊ နောက်ဆုံးအပြီးသတ် ပြုလုပ်တဲ့စေတနာကို ကမ္မဘဝခေါ်

http://www.dhammadownload.com

တယ်။ ဥပမာ–ဒါနမှုကို ပြုတယ်ဆိုရင် လှူစရာပစ္စည်းတွေကို ရှာကြံသည်မှစပြီး တစ်လလုံး တစ်နှစ်လုံး စသည်ဖြင့် ရှေးအဖို့က ဖြစ်ခဲ့တဲ့ စေတနာတွေကို သခ်ါရခေါ်တယ်။ အလှူခံပုဂ္ဂိုလ်၏ လက်ထဲမှာထည့်ဆဲလှူဆဲခဏ၌ ဖြစ်သော စေတနာကို ကမ္မဘာဝ ခေါ်တယ်။ ပါဏာတိပါတ အမှုကိုပြုတယ် ဆိုရင်လဲ သတ်စရာ လက်နက်စသည်ကို ရှာကြံသည်မှစပြီး ရှေးအဖို့က ဖြစ်ခဲ့တဲ့ စေတနာတွေကို သခ်ါရခေါ်တယ်။ သတ်ဆဲခဏ၌ ဖြစ်တဲ့ စေတနာကို ကမ္မဘာဝခေါ်တယ်။ ဒီပြင် ကုသိုလ်အကုသိုလ် အမှုတွေကို ပြုရာ မှာလဲ နည်းတူပါပဲ။

ဒုတိယနည်းမှာ ပြုပုံကတော့ ပေးလှူမှု စသည်ကို ပြုတဲ့ အခါမှာ ကုသိုလ်ဟော (၇)ကြိမ် ဖြစ်တယ်၊ သတ်မှုစသည်ကို ပြုတဲ့အခါမှာ အကုသိုလ်ဟော (၇)ကြိမ်ဖြစ်တယ်၊ အဲဒီဟော (၇)ကြိမ်မှာ ရှေ့ဟော ၆–ကြိမ်ကို သခ်ါရခေါ်တယ်၊ နောက်ဆုံး ဟောတစ်ကြိမ်ကို ကမ္မဘာဝခေါ်တယ်။

တတိယနည်းမှာ ပြုပုံကတော့ စေတနာကို ကမ္မဘာဝ ခေါ် တယ်၊ စေတနာနဲ့ယှဉ်တဲ့ တရားတွေကို သခ်ါရ ခေါ်တယ်။

ဒီသုံးနည်းထဲမှာ ရူပကုသိုလ် အရူပကုသိုလ်အတွက် ဆိုရင် တတိယနည်းဖြင့် ပြောမှ ရှင်းလင်းပါတယ်၊ ကာမကုသိုလ် အကုသိုလ်အတွက်ဆိုရင်တော့ သုံးနည်းလုံးပဲ ရှင်းလင်းပါတယ်။ သုတနည်းတဲ့ သူများအတွက် ဆိုရင်တော့ ပထမနည်းဟာ အရှင်းဆုံးပါပဲ။ ဒါကြောင့် သုတနည်းတဲ့သူတွေမှာ (ဒီလို မှတ် ထားကြရမယ်) ကုသိုလ်အမှုဖြစ်စေ, အကုသိုလ်အမှု ဖြစ်စေ အမှုတ်တစ်ခုကိုပြုရာမှာ ရှေးအဖို့က ရှာကြံ အားထုတ်နေတာ တွေက သခ်ါရ၊ နောက်ဆုံး ပြီးစေတာက ကမ္မဘာဝလို့ ဒီလို မှတ်ထားကြရမယ်။

http://www.dhammadownload.com

တစ်နည်းအားဖြင့် ဝိသုဒ္ဓိမဂ်(၃-၁၈၇)၌ သစ်ါရကြောင့် ပဋိသန္ဓေဝိညာဏ် ဖြစ်ပုံကို ပြရာမှာ သေခါနီးဆဲဆဲတွင် ထင်ပေါ်လာတဲ့ ဂ၊ကမ္မနိမိတ်, ဂတိနိမိတ်ကို အာရုံကိုပြုပြီးဖြစ်နေကြတဲ့ သစ်ါရတွေက စိတ်ကို ဘဝသစ်သို့ ပစ်ချကြတယ်လို့ ဆိုထားပါတယ်။ အဲဒီ အဆိုအရအားဖြင့် ကုသိုလ်အမှု အကုသိုလ်အမှုကို ပြုခဲ့စဉ်ကာလက ဖြစ်ခဲ့သော စေတနာက်က ကမ္မဘဝ၊ သေခါနီးဇောတွေက သစ်ါရ-လို့ ဒီလိုလဲ ခွဲသင့်ပါတယ်။

အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးဖြစ်ပုံ

ယခု ပြောခဲ့တဲ့ ကိလေသာဝဋ်နှင့် ကမ္မဝဋ်လို့ ခေါ်တဲ့ အတိတ်အကြောင်း ငါးပါးကြောင့် ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ စိတ် အစရှိတဲ့ ဝိပါက်ဝိညာဏ်တွေ မပြတ်ဖြစ်နေတယ်၊ အဲဒီလို ဝိပါက်ဝိညာဏ်ဖြစ်ရင် နာမ်ရုပ် အာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုးတရားတွေလဲ သူနဲ့ တစ်ပါးတည်း ဖြစ်ကြတော့ တာပဲ၊ အဲဒီအကျိုးတရား ငါးပါးကိုတော့ ဝိပါကဝဋ်လို့ ခေါ်တယ်။ အဲဒီလို ဖြစ်ပုံကို ရှစ်လုံးဖွဲ့ ဆောင်ပုဒ်မှာ-

အမှန်မသွား အမှားသိမြင်၊
အဝိဇ္ဇာမုံ့ ကောင်းလုံးမှတ်ထင်။
စိတ်-ကိုယ်-နှုတ်-မှု-ကြံ-ပြု-ပြောလျှင်၊
ဝိညာဏ်စပ် နောက်ထပ် သန္ဓေရှင်-

စသည်ဖြင့် ပြဆိုထားပါတယ်။

http://www.dhammadownload.com

အဲဒီမှာ အမှန်အတိုင်း မသိဘဲ အလွဲအမှားတွေကို သိနေတဲ့ အဝိဇ္ဇာက ဖုံးကွယ်ထားလို့ ကောင်းတယ် ချမ်းသာတယ်လို့ ချည်းထင်နေတယ်၊ မြင်ရတာလဲကောင်း ကြားရတာလဲကောင်း နံရတာလဲကောင်း စားရတာလဲကောင်း တွေ့ထိရတာလဲကောင်း ကွေးလိုက် ဆန့်လိုက် ထိုင်လိုက် ထလိုက် ပြောဆိုလိုက် စသည်ဖြင့် ပြုလုပ်နေရတာလဲကောင်း၊ စိတ်ကူးစဉ်းစား ကြံစည်နေရတာလဲ ကောင်း အားလုံး အကောင်းတွေချည်းဘဲလို့ ထင်နေတယ်၊ အဲဒီလို အကောင်းတွေထင်တော့ အဲဒီအကောင်း တွေကို သာယာနှစ်သက်တဲ့ တဏှာကဖြစ်တော့တာပဲ၊ သာယာ နှစ်သက်တော့ စွဲလမ်းတယ်၊ စွဲလမ်းတော့ ကိုယ်အလိုရှိတဲ့အတိုင်း ပြီးစီးပြည့်စုံအောင် အားထုတ်တယ်၊ အားထုတ်တော့ ပြုလုပ် မှုက်ပြီးမြောက်သွားတယ်၊ ဒါတွေဟာ အဝိဇ္ဇာတဏှာ ဥပါဒါန် သခ်ါရ ကမ္မဘဝဆိုတဲ့ အတိတ်အကြောင်း ငါးပါးတွေပါပဲ၊ အဲဒီအတိတ်အကြောင်းတွေကြောင့် ပစ္စုပ္ပန်အကျိုး ငါးပါး ပေါ်လာရတယ်၊ အဲဒီလို ဆက်စပ်ပုံကို "စိတ်, ကိုယ်, နှုတ်,မှု ကြံ,ပြု, ပြောလျှင်၊ ဝိညာဏ်စပ် နောက်ထပ် သန္ဓေရှင်"လို့ ဆိုထားပါတယ်။

ပစ္စုပ္ပန်အကျိုးငါးပါး

အဲဒီ ဝိညာဏ် ဖြစ်ရင် သူနဲ့ တစ်ပါးတည်းပင် နာမ်ရုပ် အာယတန, ဖဿ, ဝေဒနာတွေလဲ ဖြစ်တော့တာပဲ၊ အဲဒါကိုလဲ ရှစ်လုံးဖွဲ့ ဆောင်ပုဒ်မှာ-

ဝိညာဏ်မျိုးစေ့, စ၍ ဖြစ်လျှင်၊
နာမ်နှင့်ရုပ်လဲ, ပူးတွဲပါဝင်။
အာယတန, ဖဿ ပေါ်ထင်၊
ကောင်းဆိုးများ, ခံစားမိရိုးပင်-

လို့ ပြဆိုထားပါတယ်။

http://www.dhammadownload.com

ပဋိသန္ဓေမှစပြီး စိတ်ဝိညာဏ်ဆိုတဲ့ ဘဝမျိုးစေ့ကလေးက စပြီးပေါ်လာလို့ရှိရင် သူနဲ့ အတူတွဲပြီး စေတသိက်နာမ်တွေနဲ့ တစ်ကိုယ်လုံး ရုပ်တွေလဲဖြစ်နေတယ်၊ မျက်စိ,နား,လျှာ,ကိုယ်, စိတ်, နှလုံးဆိုတဲ့ အာယတနတွေလဲ ဖြစ်နေတယ်၊ ထင်ပေါ် လာတဲ့ အာရုံ ၆-ပါးနဲ့တွေ့တဲ့ ဖဿလဲ ဖြစ်တယ်၊ အဲဒီ တွေ့ ရတဲ့ အာရုံကို ခံစားတဲ့ ဝေဒနာလဲဖြစ်တယ်လို့ဆိုလိုပါတယ်၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မှာတော့ ပြဋ္ဌာန်းတဲ့အကြောင်းနဲ့ အကျိုးတွေကို အသီး အသီး ထင်ရှားစေလိုတဲ့အတွက် ဝိညာဏ် ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် အာယတန ဖြစ်တယ်၊ အာယတနကြောင့်ဖဿ ဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာ ဖြစ်တယ်-လို့ ဒီလို အသေးစိတ် ခွဲခြားပြီး ဟောထားပါတယ်၊ အလုံးလိုက် ပြောရမယ်ဆိုရင်တော့ အဲဒီငါးပါးလုံးဟာ က်, သစ်ါရ၏ အကျိုးချည်းပါပဲ၊ ကံ, သစ်ါရကြောင့် ဝိညာဏ်နှင့် အတူ တစ်ပေါင်းတည်း ဖြစ်ပေါ်တဲ့ အကျိုးတရားချည်း ပါပဲ။

ဒါကြောင့် ကိုယ်တိုင်မျက်မှောက်မတွေ့နိုင်တဲ့ ပဋိသန္ဓေ စိတ်, စုတိစိတ်တွေကိုချန်ပြီး ကိုယ်တိုင် မျက်မှောက်တွေ့ပြီးသိ နိုင်တဲ့ အကျိုးတရားဖြစ်ပုံကို ပြောရမယ်ဆိုရင် ယခု မြင်တိုင်း ကြားတိုင်း နံတိုင်း အရသာကို စားသိတိုင်း ကိုယ်ဖြင့် ထိသိတိုင်း စိတ်ဖြင့် ကြံသိတိုင်း ရှေးဘဝ က်, သစ်ါရကြောင့် ဝိညာဏ် နာမ်ရုပ်,အာယတန, ဖဿ,ဝေဒနာ ဆိုတဲ့ အကျိုး ငါးပါးတွေ ဖြစ်နေတယ်၊ အိပ်ပျော်ပြီး ဘဝင်ကျနေတဲ့အခါလဲ ဘဝင်စိတ်နှင့်တကွ အဲဒီအကျိုးတရားတွေ ဖြစ်နေတာပဲ၊ အဲဒါတွေကိုပဲ ငါမြင်တယ်, ငါကြားတယ်, ငါနံတယ်, ငါ စားတယ်, ငါတွေ့ထိတယ်, ငါကြံသိတယ်, ငါအိပ်ပျော်တယ် စသည်ဖြင့် စွဲလမ်းနေကြတယ်၊ အမှန်ကတော့ ရှေးဘဝက ပြီးခဲ့တဲ့

http://www.dhammadownload.com

အကြောင်းတရား ငါးပါးကြောင့် အသစ်အသစ် ဖြစ်နေတဲ့ အကျိုးတရား ငါးပါးမျှသာ ရှိတယ်၊ ဥပမာအားဖြင့် ဆီရယ်, မီးစာရယ်, မီးမျိုးစေ့ရယ်, လေရယ်, တည်ရာခွက်ရယ် ဒီအကြောင်းငါးပါးကြောင့် မီးလျှံမီးတောက်ကလေး အသစ်အသစ်ဖြစ်နေသလိုပါပဲ၊ ထူးတာကတော့ အကောင်းတွေကို မြင်ရ ကြားရတဲ့အခါစသည်မှာ ကုသိုလ်ကံသစ်ါရကြောင့် ကုသလစိပါက်ခေါ်တဲ့ ကောင်းကျိုးတရားတွေဖြစ်နေတယ်၊ မကောင်းတာတွေကိုမြင်ရ,ကြားရတဲ့အခါစသည်မှာ အကုသိုလ်ကံ, သစ်ါရကြောင့် အကုသလစိပါက်ခေါ်တဲ့ မကောင်းကျိုး တရားတွေဖြစ်နေတယ်၊ ဒါလောက်ပဲထူးပါတယ်၊ ကောင်းတာ, မကောင်းတာတွေကို ခံစားတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ စင်စစ်အားဖြင့်မရှိဘူး၊ ဒီလို ခံစားရအောင် ပြုလုပ်ပေးတဲ့ ပုဂ္ဂိုလ်, ဖန်ဆင်းပေးတဲ့ ပုဂ္ဂိုလ်ရယ်လို့လဲ မရှိဘူး၊ အမှန်စင်စစ် ရှိတာကတော့ ရှေးဘဝကပြုံးခဲ့တဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သစ်ါရ, ကမ္မဘဝဆိုတဲ့ အတိတ်အကြောင်းငါးပါးနဲ့ ယခုဘဝ မှာ မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, သိတိုင်း, ဖြစ်ပေါ်နေတဲ့ ဝိညာဏ်, နာမ်ရုပ်, အာယတန, ဖဿ, ဝေဒနာဆိုတဲ့ ပစ္စုပ္ပန် အကျိုးတရား ငါးပါးမျှသာ အဆက်ဆက်ဖြစ်ပေါ်လျက် ရှိနေ တယ်၊ ကဲ-ဒီအကျိုးငါးပါးကို နှုတ်တက်ရအောင် ဆိုလိုက်ကြဦး။

ပဋိသန္ဓေဇဏမှ စ၍ မပြတ်ဖြစ်ပေါ် နေသော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ကို ပစ္စုပ္ပန်အကျိုးငါးပါးဟု ခေါ်သည်။

အဲဒါက တစ်ဘဝလုံးအတွက် အကျိုးငါးပါးတဲ့။ မိမိတို့ မျက်မှောက်တွေ့နိုင်တဲ့ အကျိုးတရားတွေကတော့ မြင်မှု, ကြားမှု အစရှိတဲ့ သဘောတရားတွေပဲ။ အဲဒါတွေကိုလဲ ဆိုကြရဦးမယ်-

http://www.dhammadownload.com

မြင်ခိုက်,ကြားခိုက် စသည်၌ ထင်ရှားဖြစ်ပေါ်နေသော မြင်သိမှု, ကြားသိမှု အစရှိသော ဝိညာဏ် နာမ် ရုပ် အာယတန ဖဿ ဝေဒနာတို့ကို ပစ္စုပ္ပန် အကျိုးငါးပါးဟု ခေါ်သည်။

ခေါင်းစဉ် အမည်လောက် ရထားတဲ့သူက အထင်သေးတတ်တယ်

ဒီ ခေါင်းစဉ် အမည်ကလေးတွေကိုလဲ နှုတ်တက် ရနေရင် ကောင်းတယ်၊ အဲဒီလို နှုတ်တက်မရလို့ ဘာမျှ မပြောတတ်ရင် ဒီလို ခေါင်းစဉ်အမည်လောက်ကို ကျက်မှတ်ပြီး ရထားတဲ့ သူတွေက အထင်သေးတတ်တယ်၊ ပဋ္ဌိစ္စသမုပ္ပါဒ်ကိုမသိဘဲ တရားအားထုတ်လို့ မဖြစ်ဘူးစသည်ဖြင့်လဲ နှိမ်ချပြီးပြောတတ်တယ်။ ထို့အတူပဲ အဘိဓမ္မာ သရုပ်သဘောကို အတော်အတန် လေ့လာဖူးတဲ့သူတွေကလဲ အဘိဓမ္မာသဘောကို မသင်ဖူးဘဲ တရားအားထုတ်လို့ မဖြစ်ဘူး စသည်ဖြင့် နှိမ်ချပြီး ပြောတတ်ကြတယ်။

အမှန်ကတော့ တတ်သိလိမ္မာတဲ့ ဆရာသမားထံမှာ အားထုတ်တဲ့ ယောဂီဆိုရင် အဘိဓမ္မာသဘောတွေ အကြီးအကျယ် သင်နေဖို့မလိုပါဘူး၊ ရုပ်နာမ် ၂-ပါးမျှသာရှိတယ်၊ အနိစ္စ ဒုက္ခ အနတ္တ သဘောမျှသာရှိတယ်လို့ ဒါလောက်ကို ကြားနာမှတ်သားဖူးရင် ဆရာသမား ညွှန်ကြားတဲ့အတိုင်း အားထုတ်နိုင်ပါတယ်၊ အဲဒါဟာ ရဟန္တာဖြစ်အောင် အားထုတ်လိုတဲ့သူအတွက် အကျဉ်းချုပ်အားဖြင့် ပြည့်စုံသင့်တဲ့ သုတမယဉာဏ် ဖြစ်ပုံကို စူဠတဏှာသခိုယသုတ်မှာ မြတ်စွာဘုရား ဟောတော်မူတာနဲ့ အညီပါပဲ၊ ဟောထားပုံကတော့...

အကျဉ်းချုပ် သုတမယဉာဏ်

တဏှာကုန်ရာ နိဗ္ဗာန်၌ လွတ်မြောက်တဲ့ ရဟန္တာဖြစ်အောင် အဘယ်မျှလောက် အားထုတ်ရပါသလဲ၊ အကျဉ်းချုပ် ဟောတော်

http://www.dhammadownload.com

မူပါလို့ သိကြားမင်းက တောင်းပန်တယ်။ အဲဒီတော့ မြတ်စွာ ဘုရားက...

ဣဝ ဒေဝါနမိန္ဒ ဘိက္ခုနော သုတं ဟောတိ "သဗ္ဗေ ဓမ္မာ နာလं အဘိနိဝေသာယာ"တိ-

လို့ လိုအပ်တဲ့ သုတမယဉာဏ်ကို ရှေးဦးစွာ ပြတော်မူပါတယ်။

ဒေဝါနမိန္ဒ၊ နတ်တို့၏ အရှင် သိကြားမင်း။ ဣဝ၊ ဤ သာသနာတော်၌၊ ဘိက္ခုနော၊ ရဟန်းသည်။ သဗ္ဗေ ဓမ္မာ နာ အလံအဘိနိဝေသာယာတိ၊ အလုံးစုံသောတရားတို့သည် မြဲသည်, ချမ်းသာသည်, ငါကောင် ဟုတ်သည်ဟု နှလုံးသွင်း ဝင်စားရန် မထိုက်တန်ကုန် ဟူ၍။ သုဟ၊ ကြားနာဖူးသည်။ ဟောတိ၊ ဖြစ်၏-တဲ့။

ရဟန္တာဖြစ်အောင် အားထုတ်လိုတဲ့သူဟာ တရားအလုံးစုံကို မြဲသည် ချမ်းသာသည် ငါကောင်ပဲလို့ မစွဲလမ်းထိုက်၊ မမြဲ ဆင်းရဲ ငါကောင် မဟုတ်သဘောတရားမျှပဲလို့သာ နှလုံးသွင်း ထိုက်သည်ဟု ဒါလောက် ကြားနာဖူးရင် သုတမယဉာဏ် အကျဉ်းအားဖြင့် ပြည့်စုံပြီလို့ ဆိုရပါတယ်၊ ဒါကြောင့်မြတ်စွာ ဘုရားက အဲဒီက နောက်မှာ- "သော၊ ထိုမျှလောက် ကြားနာဖူးသော ရဟန်းသည်။ သဗ္ဗံ ဓမ္မံ၊ အလုံးစုံသော ရူပနာမ်တရားကို။ အဘိဇာနာတိ၊ ရှေးရှု ပြု၍ သိ၏။ ဝါ၊ ရှုမှတ်၍ သိ၏"လို့ ဝိပဿနာလုပ်ငန်းစဉ်ကို ဆက်ပြီးဟောသွားပါတယ်။ အဲဒီမှာ "အဘိဇာနာတိ"ဟူသော ဒေသနာစကားဖြင့် ဉာတပရိညာကို ပြတယ်လို့ အဋ္ဌကထာက ဖွင့်ပြပါတယ်၊ ဉာတပရိညာဆိုတာ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ဆိုပါတယ်။

http://www.dhammadownload.com

အဲဒီကနောက် မြတ်စွာဘုရားက "သဗ္ဗံ ဓမ္မံ အဘိညာယ၊ အလုံးစုံသောတရားကို ရှုမှတ်သိပြီး၍၊ သဗ္ဗံ ဓမ္မံ ပရိဇာနာတိ၊ အလုံးစုံသောတရားကို အနိစ္စ,ဒုက္ခ,အနတ္တဟု ဝိုင်းခြား၍ သိ၏" လို့ ဆက်လက်ပြီး ဟောသွားပြန်ပါတယ်။ အဲဒီမှာ "ပရိဇာ-နာတိ"ဆိုတဲ့စကားဖြင့် တိရဏပရိညာကို ပြတယ်လို့ အဋ္ဌကထာ ကဖွင့်ပြပါတယ်။ တိရဏပရိညာဆိုတာ သမ္မသနဉာဏ် အစရှိ တဲ့ ဝိပဿနာဉာဏ်တွေပါပဲ၊ အဲဒါကို အလွယ်တကူနှင့် မှတ်ထားရအောင်လို့ ဆောင်ပုဒ်ကလေးတွေ စီထားပါတယ်။

(၁) လုံးစုံ ဓမ္မ၊ အနိစ္စ၊ ဒုက္ခ အနတ္တာ။

ဤရွေ့ဤမျှ၊ ကြားဖူးက၊ သုတ လုံလောက်ပါ။

(၂) ဉာဏ်ဖြင့်ရှေးရှု၊ ရုပ်နာမ်စု၊ မှတ်ပြုသိလေရာ။

(၃) မမြဲဆင်းရဲ၊ သဘောပဲ၊ သိမြဲဝိုင်းခြားကာ-တဲ့။

အဲဒီဆောင်ပုဒ်များကို ဆိုကြရမယ်။

(၁) လုံးစုံဓမ္မ၊ အနိစ္စ၊ ဒုက္ခ အနတ္တာ။

ဤရွေ့ဤမျှ၊ ကြားဖူးက၊ သုတလုံလောက်ပါ။

မြင်တိုင်း ကြားတိုင်း တွေ့တိုင်း ကြံသိတိုင်း ထင်ရှားပေါ်နေတဲ့ တရားအလုံးစုံဟာ အနိစ္စ=မမြဲတဲ့တရား၊ ဒုက္ခ=ဆင်းရဲတဲ့တရား၊ အနတ္တ=အတ္တကောင် ငါကောင်မဟုတ်တဲ့ သဘောတရားမျှပဲ-လို့ ဒါလောက်ကြားဖူးရင် အကျဉ်းချုပ်အားဖြင့် သုတမယဉာဏ် ပြည့်စုံပြီလို့ ဆိုလိုပါတယ်။ ကဲ...ဆိုကြရဦးမယ်။

http://www.dhammadownload.com

(၂) ဉာဏ်ဖြင့်ရှေးရှု၊ ရုပ်နာမ်စု၊ မှတ်ပြုသိလေရာ။

သဗ္ဗ ဓမ္မ အဘိဇာနာတိ၊ အလုံးစုံသော တရားကို ရှေးရှုပြု၍ သိ၏–ရှုမှတ်၍ သိ၏–ဆိုတဲ့ အပိုဒ်ရဲ့ ဆောင်ပုဒ်ပါပဲ၊ အဲဒီမှာ အလုံးစုံသော တရားဆိုတာ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း ကြံတိုင်း ထင်ရှားပေါ်နေတဲ့ ရုပ်နာမ်တရား အလုံးစုံကို ဆိုလိုပါတယ်၊ အဲဒီတရား အလုံးစုံကို ရှုမှတ်ပြီး သိဖို့ပါပဲ၊ ရှေးရှုပြုသိတယ်ဆိုတာနဲ့ ရှုမှတ်သိတယ်ဆိုတာ အတူတူပါပဲ၊ ကဲ...ဆိုကြရဦးမယ်။

(၃) မမြဲဆင်းရဲ သဘောပဲ၊ သိမြဲပိုင်းခြားကာ။

သဗ္ဗ ဓမ္မ ပရိဇာနာတိ၊ အလုံးစုံသောတရားကို ပိုင်းခြား၍ သိ၏–ဆိုတဲ့အပိုဒ်ရဲ့ဆောင်ပုဒ်ပါပဲ၊ ဒီမှာလဲ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ရှုမှတ်ပြီး မမြဲ ဆင်းရဲ အတ္တကောင် မဟုတ်တဲ့ သဘောတရားအနေအားဖြင့် ပိုင်းခြားပြီးသိဖို့ရန် ညွှန်ပြတာ ပါပဲ၊ ဒီကနောက်လဲ အဲဒီသုတ်မှာ အနိစ္စာနုပဿနာ စသည်ဖြင့် ပြည့်စုံပြီး အရဟတ္တဖိုလ်အထိ ရောက်ပုံကို အကျဉ်းချုပ် ပြထားပါတယ်။

ဒီတော့ အဲဒီ စူဠတဏှာသင်္ခါယ သုတ်ကို ထောက်ဆသော အားဖြင့် အဘိဓမ္မာ ကျမ်းဂန်သဘောတွေကို အကျယ်အားဖြင့် မသင်ကြားဖူးသော်လဲ ရုပ်နာမ်မျှ အနိစ္စ ဒုက္ခ အနတ္တ သဘော တရားမျှပဲရှိတယ်လို့ ဒါလောက် ကြာနာဖူးရင်လဲ တရားအား ထုတ်နိုင်တယ်ဆိုတာ ထင်ရှားပါတယ်။

နောက်ပြီးတော့ ပဋ္ဌိစ္စသမုပ္ပာဒ် ဆိုရာမှာလဲ အကြောင်းနဲ့ အကျိုးမျှရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ စင်စစ်အားဖြင့် မရှိ ဘူးလို့ ဒါလောက် သိထားဖို့လိုပါတယ်၊ ဒေသနာတော်အရ အင်္ဂါ

http://www.dhammadownload.com

၁၂-ပါး၊ အခြင်းအရာ ၂၀-တို့ဆိုတဲ့ အကျယ် ဝိတ္ထာရ တွေကို အပြည့်အစုံ သိထားဖို့ကတော့ ပုဂ္ဂိုလ်တိုင်းမှာ မလိုဘူး။ အကယ်၍ ပုဂ္ဂိုလ်တိုင်းမှာ အဲဒီလို အကျယ်အားဖြင့် သိပြီးမှ တရားအားထုတ်ရမယ် ဆိုရင် အရှင်စူဠပန်လို ပုဂ္ဂိုလ်မှာ အားထုတ်နိုင်ဖို့ အခွင့်အရေး မရှိတော့ဘူး။ အရှင်စူဠပန်ဟာ အက္ခရာ ၄၄-လုံးသာရှိတဲ့ ၁၁လုံးဘွဲ့ ဂါထာကို ၄-လပတ်လုံး ကျက်တာ တောင် မရဘူးတဲ့၊ ဒီတော့ ပဋိစ္စသမုပ္ပာဒ် အကျယ်, အဘိဓမ္မာ သဘော အကျယ်တွေကို လေ့လာကျက်မှတ်ဖို့ဆိုတာ ဘယ်ဖြစ် နိုင်တော့မလဲ၊ ဒါပေမယ့် မြတ်စွာဘုရား ညွှန်ကြားတဲ့အတိုင်း အဝတ်ပိုင်းကလေးကိုဆုပ်နယ်ရင်း "ရဇောဟရဏံ ရဇောဟရဏံ" လို့ ဆိုပြီး နှလုံးသွင်းတာနဲ့ တစ်နံနက်ခင်း အတွင်းမှာပဲ ရဟန္တာဖြစ်တော်မူပါတယ်။

နောက်ပြီးတော့ မာတိကမာတာဆိုတဲ့ ဒါယိကာမကြီးဟာလဲ ရဟန်းတရားကို အားထုတ်တယ် ဆိုတာ ဘယ်လိုဟာလဲလို့,တောင် မသိခဲ့ဘူး။ အဲဒီတရားကို လူဝတ်ကြောင်များ အားထုတ် ကောင်း တယ်လို့လဲ မသိခဲ့ဘူး။ ဒါပေမယ့် ရဟန်းတော်များထံမှ နည်းယူပြီး အိမ်မှာနေရင်း အားထုတ်လိုက်တာ အဲဒီ ကမ္မဋ္ဌာန်း ပေးတဲ့ ရဟန်း တွေထက်တောင် အလျင်ကျပြီး အနာဂါမ် ဖြစ်သွားပါသေးတယ်၊ အဲဒီ မာတိကမာတာ ဒါယိကာမကြီးလဲ အဘိဓမ္မာသဘော ပဋိစ္စ သမုပ္ပာဒ် သဘောအကျယ်တွေ လေ့လာ သင်ကြားနိုင်ခွင့် မရှိကြောင်း ထင်ရှား ပါတယ်၊ ဒီပြင်လဲ အလားတူ သာဓကတွေ များစွာရှိပါတယ်၊ ဒါကြောင့် တတ်သိလိမ္မာတဲ့ ဆရာသမားထံမှ နည်းယူပြီး အား ထုတ်ရင် အဘိဓမ္မာသဘော ပဋိစ္စသမုပ္ပာဒ် သဘောအကျယ်တွေ လေ့လာကျက်မှတ်ထားပေမယ့် ဖြစ်ခိုက် ရုပ်နာမ်ကို ရှုမှတ်နေရင်း ကိုယ်တိုင်တွေ့သိမြင်ခြင်းဖြင့် ကိစ္စပြီးတယ်လို့ မြဲမြဲစွာ မှတ်ထားကြ

http://www.dhammadownload.com

ရမယ်၊ ဒါပေမယ့် ပဋိစ္စသမုပ္ပာဒ် အကြောင်း အကျိုးတရား ခေါင်းစဉ်ကလေးတွေကို နှုတ်တက် ရထားရင် သာပြီး ကောင်းပါတယ်၊ ဒါကြောင့် အဲဒါကလေးတွေကို ထပ်ပြီး ဆိုလိုက်ကြရဦးမယ်။

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကမ္မဘဝ ဤ ငါးပါးကို အတိတ်အကြောင်းဟု ခေါ်သည်။

ပဋိသန္ဓေ ခဏမှစ၍ မပြတ်ဖြစ်ပေါ် နေသော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော ဤငါးပါးကို ပစ္စုပ္ပန်အကျိုးဟု ခေါ်သည်။

အတိတ်အကြောင်းငါးပါးကြောင့် ပစ္စုပ္ပန်အကျိုး ငါးပါးဖြစ်ပေါ်နေသည်။

မြင်သိတာ ပစ္စုပ္ပန်အကျိုးငါးပါး၊ ကြားသိတာ ပစ္စုပ္ပန် အကျိုးငါးပါး၊ နံသိတာ ပစ္စုပ္ပန်အကျိုး ငါး ပါး၊ စားသိတာ ပစ္စုပ္ပန်အကျိုးငါးပါး၊ ထိသိတာ ပစ္စုပ္ပန်အကျိုး ငါးပါး၊ ကြံသိတာ ပစ္စုပ္ပန်အကျိုး ငါးပါး၊ အကြောင်းနှင့် အကျိုးမျှသာ ရှိသည်၊ ပြုလုပ်တတ်, ဖန်ဆင်းတတ်သောသူမရှိ၊ ခံစားတတ် သောသူမရှိ၊ အကြောင်းကြောင့် ဖြစ်သော အကျိုးသဘော မျှသာရှိသည်။

ပစ္စုပ္ပန်အကြောင်း ငါးပါး ဖြစ်ပေါ်လာပုံ

အဲဒီအကြောင်းကြောင့်ဖြစ်တဲ့ မြင်မှု, ကြားမှု အစရှိသော အကျိုးတရားတွေကို အမှန်အတိုင်း သိအောင် မရှုနိုင်လျှင် မြင်တာဟာ ငါပဲ၊ ငါကမြင်တယ်၊ ကြားတာ ငါပဲ၊ ငါကကြား တယ်– စသည်ဖြင့်လဲ အလွဲအမှားတွေကို သိသိသွားတယ်။ မြင်ရတာ ကောင်းတယ်၊ ကြားရတာ ကောင်းတယ်၊ ခံစားရတာ ကောင်းတယ်–

http://www.dhammadownload.com

စသည်ဖြင့်လဲ မှားယွင်းစွာ ထင်မှတ် နေတတ်တယ်၊ အဲဒီလို အသိလွဲတာ အထင်လွဲတာတွေက အဝိဇ္ဇာပဲ၊ အဲဒီလို အသိလွဲ အထင်လွဲတဲ့အတွက်ခံစားရတဲ့ အကောင်းအဆိုး ဝေဒနာကြောင့် နှစ်သက်သာယာမှု တဏှာဖြစ်လာတယ်၊ အဲဒီ တဏှာဖြစ်ရာက စွဲလမ်းတဲ့ဥပါဒါန် ဖြစ်လာတယ်၊ စွဲလမ်းတဲ့ ဥပါဒါန်ကြောင့် မိမိ စွဲလမ်းတဲ့အတိုင်း ပြီးစီးပြည့်စုံအောင် ကြံစည် ပြုလုပ်တယ်၊ အဲဒါက ကမ္မဘဝပဲ။ အဲဒီ ကမ္မဘဝကြောင့် ဘဝအသစ် တစ်ဖန် ဖြစ်ရပြန်တယ်။ ဒါကြောင့် ရှစ်လုံးဘွဲ့ ဆောင်ပုဒ်မှာ-

ခံစားသည်တွက် တပ်မက်ခင်မင်၊
မည်သို့ပြုပြား ကောင်းစားမည်ထင်။
ဝင်စားစွဲလမ်း ရော်ရမ်းပြုလျှင်၊
နောင်ဘဝ ဖြစ်ရ ဇာတိပင်-

လို့ ဆိုထားပါတယ်။

မြင်လို့ကောင်းတာ မကောင်းတာ အစရှိတဲ့ ခံစားမှုဝေဒနာကို အမှန်အတိုင်း မသိတာက အဝိဇ္ဇာ၊ တပ်မက်ခင်မင်တာ သာယာ နှစ်သက်တာက တဏှာ၊ စွဲလမ်းတာက ဥပါဒါန်၊ အားထုတ် ပြုလုပ်တာက သင်္ခါရနှင့် ကမ္မဘဝ၊ ဒီငါးပါးဟာ ယခုဘဝ အကျိုး ငါးပါးကို မှီပြီး ဖြစ်ပေါ်လာတယ်၊ နောင်ဘဝသစ်ဖြစ်ဖို့ရာ အကြောင်းတရားတွေပဲ။ ဒါကြောင့် ဒီငါးပါး ကို ပစ္စုပ္ပန်အကြောင်း ငါးပါးလို့ ခေါ်တယ်။ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်မှာတော့ "ဝေဒနာပစ္စယာ တဏှာ = ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာပစ္စယာ ဥပါဒါနံ = တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါနပစ္စယာ ဘဝေါ = ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်"လို့

http://www.dhammadownload.com

ပြဋ္ဌာန်းတဲ့အကြောင်း ၃-ပါး ကိုသာ ပြထားပါတယ်။ ဒါပေမယ့် အပြည့်အစုံ ဆိုရင်တော့ အတိတ် အကြောင်းများလိုပင် ငါးပါးဘဲ ဖြစ်ပါတယ်၊ နှစ် သက် သာယာတဲ့ တဏှာနဲ့ ဥပါဒါန်ဟာ အဝိဇ္ဇာရှိမှာဘဲ ဖြစ် ကြတယ်၊ အဝိဇ္ဇာမရှိဘဲ မဖြစ်နိုင်ဘူး၊ ဒါကြောင့် တဏှာနဲ့ ဥပါဒါန် ဖြစ်တယ်ဆိုရင် အဝိဇ္ဇာလဲ ဖြစ်လျက် ရှိနေတော့တာ ပါပဲ။ ကမ္မဘဝဖြစ်ရင် သင်္ခါရလဲ ဖြစ်တော့တာပါပဲ။ ဒါကြောင့် ပဋိသန္ဓေဒါမဂ် ပါဠိတော် (နာ-၅၀)မှာ အဲဒီ အဝိဇ္ဇာနဲ့ သင်္ခါရပါထည့်ပြီး ပစ္စုပ္ပန်အကြောင်း ငါးပါးလုံးအပြည့်အစုံ ပြထားပါတယ်။ ပြထားပုံကတော့-

ဣဓ၊ ယခု ပစ္စုပ္ပန်ဘဝ၌။ အာယတနာနံ ပရိပဏ္ဏတ္တာ၊ မျက်စိ, နား စသော အာယတနတို့၏ ရင့်ကျက် သောကြောင့် (အမှုက်ကို ပြုစင်၌) (ဘဝကို ဖြစ်စေနိုင်တဲ့ ကံဟာ မျက်စိ, နား စသော အာယတနတွေ ရင့်ကျက်တဲ့အခါမှ အများအား ဖြင့် ဖြစ်တတ်တယ်၊ ဒါကြောင့် "အာယတနတွေ ရင့်ကျက် တဲ့အခါမှာ အမှုက်ပြုတယ်၊ အဲဒီလို ပြုတဲ့အခါမှာ"လို့ ဆို လိုပါတယ်။) မောဟော၊ မှန်စွာမသိ မှားယွင်းစွာ သိခြင်း ဟူသော တွေဝေခြင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာ ပေတည်း။ အာယု ဟနာ၊ စုပေါင်းအားထုတ်ခြင်းတို့သည်၊ သင်္ခါရာ၊ သင်္ခါရတို့ ပေတည်း။ နိကန္တိ၊ ပြုလုပ်မှု၏ မျက်မှောက်အကျိုး, နောင်ဘဝ အကျိုးကို လိုလားတောင့်တခြင်းသည်။ တဏှာ၊ တဏှာ ပေ တည်း။ ဥပဂမနံ၊ မည်သို့ပြုလျှင် မည်သို့ခံစားရမည် စသည်ဖြင့် ချဉ်းကပ် စွဲလမ်းခြင်းသည် ဥပါဒါနံ၊ ဥပါဒါန်ပေတည်း။ စေတနာ၊ စေ့ဆော် တိုက်တွန်းခြင်းသည်။ ဘဝေါ၊ ကမ္မဘဝ ခေါ်ဖြစ်ကြောင်း ကံပေတည်း။ ဣတိ၊ ဤသို့။ ဣဓ၊ ယခု ဘဝ၌ ကမ္မဘဝသို့၊ ဖြစ်ကြောင်းကံကို ပြုစင် ပြီးစီးကုန်သော။ ဣမေ ပဉ္စ ဓမ္မာ၊ ဤ ငါးပါးသော တရားတို့သည်။ အာယတိ ပဋိသန္ဓိယာ၊ နောင်ဘဝ၌

http://www.dhammadownload.com

ပဋိသန္ဓေ၏။ ပစ္စယာ အကြောင်းတရားတို့ ပေတည်း– လို့ ပြထား ပါတယ်။

ဒါကြောင့် အပြည့်အစုံဆိုရင် ပစ္စုပ္ပန် အကြောင်းတရား တွေဟာ အတိတ်အကြောင်းလိုပင် ငါးပါးဘဲ ဖြစ်ပါတယ်၊ ကဲ... ဆိုကြရမယ်။

ယခုဘဝ၌ ဝေဒနာကိုမသိ၍ ဖြစ်ပေါ်လာသော အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ကဲ့ သခ်ါရ ဤငါးပါးကို ပစ္စုပ္ပန်အကြောင်း ငါးပါးဟု ခေါ်သည်။ (ကိလေသ ဝဋ်နှင့် ကမ္မဝဋ် မရောယှက်စေရန် တစ်မျိုး စဉ်ထားသည်။)

ပါဏာတိပါတ အစရှိသော အကုသိုလ်ကံကို ပြုတိုင်း, ဒါန သီလ အစရှိသော ကုသိုလ်ကံကို ပြုတိုင်း ဒီ ပစ္စုပ္ပန်အကြောင်း တရား ငါးပါး ပြီးပြည့်စုံတယ်၊ တစ်ဘဝ တစ်ဘဝအတွင်းမှာ ဒီလို ပြီးပြည့်စုံသွားတဲ့ အကြောင်းငါးပါး အစုံအစုံတွေဟာ ရာ, ထောင်, သောင်း, သိန်း များစွာရှိတယ်၊ အဲဒီ အထဲက အကြောင်းညီညွတ်တဲ့ တစ်စုံက သေသည်၏ အခြားမဲ့မှာ ဘဝအကျိုးကို ဖြစ်စေမယ်၊ ကျန်တဲ့ အကြောင်းစုံတွေ ကတော့ အကြောင်းညီညွတ်လျှင် တတိယဘဝ စသည်ကို ဖြစ်စေလိမ့် မယ်၊ အဲဒီလို ဖြစ်စေတော့ ဖြစ်ရာ ဘဝတိုင်း ဘဝတိုင်းမှာ အိုရခြင်း သေရခြင်း စိုးရိမ်ပူဆွေးရခြင်း အစရှိတဲ့ ဆင်းရဲတွေ ကို ခံစားသွားရမယ်၊ အဲဒီလို ဆင်းရဲတွေကို အလိုမရှိလျှင်ဒီပစ္စုပ္ပန် အကြောင်းငါးပါးကို ပယ်ရလိမ့်မယ်။

ပစ္စုပ္ပန်အကြောင်းကို ပယ်ပုံ

ဘယ်လိုပယ်မလဲ ဆိုရင် – အရိယမဂ်ဉာဏ်ဖြင့် အမြစ်ပြတ် ပယ်နိုင်အောင် ရှေးဦးစွာ ဝိပဿနာရှုပြီး တဒင်္ဂပဟာန်ဖြင့် ပယ်ရမယ်၊ ဘယ်လိုလဲဆိုရင်– အဲဒီပယ်ပုံကို ဆဋ္ဌမပိုင်းတုန်းက ဝိပဿနာဖြင့်လဲ

http://www.dhammadownload.com

တဒဂ််တော့ ဦးမ်ားပါတယ်၊ (နာ-၂၅) ဆိုတဲ့ ခေါင်းစဉ်နဲ့ရော, ရှုတိုင်း, ရှုတိုင်း ကိလေသာ, ဂ်, ဝိပါက်ဦးမ်ား တယ် (နာ-၃၂)ဆိုတဲ့ ခေါင်းစဉ်နဲ့ရော အကျယ်တဝင့် ရှင်းလင်းပြောခဲ့ပါပြီ။ ဒါပေမယ့် ဒီနေရာမှာ အကျဉ်းချုပ်တော့ ထပ်ပြီး ပြောပါဦးမယ်။

မြင်တိုင်း,ကြားတိုင်း,နံတိုင်း,စားသိတိုင်း,ထိသိတိုင်း,ကြံသိ တိုင်း မြင်တယ်, ကြားတယ် စသည်ဖြင့် ရှုမှတ်ရတယ်၊ အဲဒီလို ရှုမှတ်လို့ သမာဓိဉာဏ် ရင့်သန်လာတဲ့အခါမှာ မြင်တယ်လို့ မှတ်လိုက်ရင် မြင်တာလဲ ချက်ချင်းပဲ ပျောက်သွားတယ်၊ မှတ်သိ တာလဲ ချက်ချင်းပဲ ပျောက်သွားတယ်၊ မြင်တာနဲ့ သိတာ နှစ်ခုလုံး ချက်ချင်းပဲ ပျောက်သွားလို့ မမြဲဘူးလို့လဲ သိရတယ်၊ ဆင်းရဲမျှပဲ နှစ်သက်ဖွယ်, အားကိုးဖွယ် မရှိဘူးလို့လဲ သိရတယ်၊ သူ့သဘောအတိုင်း သူ ဖြစ်ပျက်သွားတဲ့ သဘောတရားမျှပဲလို့လဲ သိရတယ်၊ အဲဒီလို အမှန် အတိုင်းသိရတဲ့အတွက် အဲဒီမြင်မှုနဲ့စပ်ပြီး မြဲတယ်လို့လဲ မထင်ဘူး၊ ချမ်းသာတယ် ကောင်းတယ်လို့လဲ မထင်ဘူး၊ အတ္တကောင်ပဲ, ငါပဲ လို့လဲ မထင်ဘူး၊ အဲဒါဟာ မှတ်သိမှုကြောင့် အဝိဇ္ဇာကင်းသွားတာပဲ၊ အဲဒီလို မြဲတယ် ချမ်းသာတယ် ငါပဲလို့ မထင်တဲ့အတွက် အဲဒီ မြင်မှုနဲ့စပ်ပြီး တပ်မက်သာယာတဲ့ တဏှာလဲ မဖြစ်လာတော့ဘူး၊ တပ်မက်သာယာခြင်း မရှိတဲ့အတွက် အဲဒီမြင်မှုနဲ့စပ်ပြီး (ဒီဟာက လေးကို မြင်ချင်သေးတယ်, ဘယ်လိုလုပ်ရင် မြင်ရဦးမှာပဲဘယ်လိုလုပ် သင့်တယ်-စသည်ဖြင့်) စွဲလမ်းခြင်းလဲ မဖြစ်တော့ဘူး၊ အဲဒါ တွေဟာ တဏှာ, ဥပါဒါန် ကင်းပြတ်သွားပုံပါပဲ၊ အဲဒီလို မစွဲ လမ်းတော့ အဲဒီအမြင်နဲ့စပ်ပြီး ကြံစည်အားထုတ်ခြင်းလဲ မရှိ တော့ဘူး၊ အဲဒါ သခါရနဲ့ ကမ္မဘဝ ကင်းသွားပုံပါပဲ။

ယခုပြောခဲ့တာဟာ မြင်ခိုက်၌ မြင်တယ်လို့ ရှုမှတ်ပြီး အမှန် အတိုင်း သိခြင်းဖြင့် (မရှုမိလျှင် ဖြစ်ပေါ်လာကြမည့်) အဝိဇ္ဇာ

http://www.dhammadownload.com

တဏှာ ဥပါဒါန် သစ်ါရ ကမ္မဘဝဆိုတဲ့ ပစ္စုပ္ပန်အကြောင်း ငါးပါး ကင်းဋ်မ်းပြတ်စ်သွားပုံပါပ်။

ထို့အတူပင် ကြားနိုက်စသည်မှာလ် ကြားတယ် စသည်ဖြင့် ရှုမှတ်ပြီး အမှန်အတိုင်း သိသိသွားရင် ကြားမှုစသည်နှင့် စပ်ပြီး အဝိဇ္ဇာ တဏှာ ဥပါဒါန် သစ်ါရ ကမ္မဘဝဆိုတဲ့ ပစ္စုပ္ပန် အကြောင်း:ငါးပါ:, ငါးပါးတွေလ် ဖြစ်ခွင့်မရှိဘဲ ကင်းဋ်မ်း ပြတ်စ်သွားပါတယ်၊ အဲဒီလို ပစ္စုပ္ပန်အကြောင်: ငါးပါးတရား တွေ မဖြစ်လာဘဲ ကင်းဋ်မ်းနေလျှင် အဲဒီမြင်မှု ကြားမှု စသည်နှင့် စပ်ပြီး ဘဝအသစ်ဖြစ်မှု ဇာတိဆိုတာလ် ပေါ်လာခွင့် မရှိတော့ဘူး၊ ဇာတိမရှိလျှင် ဇရာ, မရဏ,သောက စသည်တွေ လ် ပေါ်လာခွင့် မရှိတော့ဘူး။

အဲဒါဟာ တစ်ခါမြင် တစ်ခါကြား စသည်နှင့်စပ်ပြီး မရှုမိ လျှင် ဖြစ်နိုင်သည့် ကိလေသာ,ကံ,ဝိပါက်ခန္ဓာတွေဟာ ရှုမှတ်ပြီး အမှန်အတိုင်: သိသိသွားတဲ့အတွက် ဖြစ်ခွင့်မရှိဘဲ ဋ်မ်းသွား ပုံပါပ်၊ အဲဒီလိုဋ်မ်းတာကို တဒင်ပဟာန=ရှုမှတ်မှု ဝိပဿနာ တစ်စိတ်ဖြင့် ကိလေသာတစ်စိတ်ကို ပယ်တယ်လို့ ဆိုရပါတယ်၊ တဒင်နိဗ္ဗုတိ= ရှုမှတ်မှု တစ်စိတ်ဖြင့် ကိလေသာ တစ်စိတ် ဋ်မ်းတယ်လို့လ် ဆိုရပါတယ်။

အဲဒီလို မြင်တိုင်: ကြားတိုင်: တွေ့တိုင်: သိတိုင်:ရှုမှတ်ရှုမှတ် ပြီး အနိစ္စ,ဒုက္ခ,အနတ္တ သဘောမှန်ကို သိခြင်:ဖြင့် တဒင် ဖြင့် ပယ်သင့်သမျှကို ပယ်ပြီ:တဲ့အခါမှာ သစ်ါရ ခပ်သိမ်: ချုပ်ဋ်မ်:တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီ: အရိယမဂ်ဉာဏ် ဖြစ်ပေါ်ပါတယ်၊ အဲဒီအခါမှာ သမုစ္ဆေဒပဟာန်အား:ဖြင့် ကိလေသာနဲ့ ကံတွေကို အကြွင်:မဲ့ ပယ်သွားပါတယ်။ ဘယ်လိုလဲဆိုလျှင် သောတာပတ္တိမဂ်က

http://www.dhammadownload.com

အပါယ်ဘဝကို ဖြစ်စေနိုင်တဲ့ ကိလေသာ နဲ့ကံတွေကိုလဲ ပယ်တယ်၊ သုဂတိဘုံမှာ ခုနစ်ဘဝထက် ပိုလွန် ပြီး ဖြစ်စေနိုင်တဲ့ကိလေသာနဲ့ ကံတွေကိုလဲ ပယ်တယ်။ သကဒါဂါမိမဂ်က ၂-ဘဝထက် ပိုလွန်ပြီး ဖြစ်စေနိုင်တဲ့ ကိလေသာနဲ့ ကံတွေကို ပယ်တယ်။ အနာဂါမိမဂ်က ကာမဘဝကို ဖြစ်စေနိုင်တဲ့ ကိလေသာနဲ့ ကံတွေကိုပယ်တယ်။ အရဟတ္တမဂ်ကတော့ ဘဝကိုဖြစ်စေနိုင်တဲ့(ကြွင်းတဲ့) ကိလေသာနဲ့ ကံတွေကို အကြွင်းမဲ့ ပယ်တယ်။ အဲဒီလို ကိလေသာတွေကို အကြွင်းမဲ့ပယ်ပြီးတဲ့ အခါမှာ ရဟန္တာဖြစ်တယ်၊ ရဟန္တာဆိုတာ ကိလေသာရန်သူတို့ကို ပယ်သတ်ပြီးသော ပုဂ္ဂိုလ်, ကိလေသာ အညစ်အကြေးတို့မှ ကင်းဆေး စင်ကြယ်သော ပုဂ္ဂိုလ်လို့ ဆိုလိုပါတယ်၊ အဲဒီလို ကိလေသာ ကင်းတဲ့အတွက် အပူဇော်ခံထိုက်တဲ့ ပုဂ္ဂိုလ်လို့လဲ ဆိုလိုပါတယ်။

ရဟန္တာ၏ အမြင်

အဲဒီလို ကိလေသာတွေ လုံးဝကင်းစင်နေတဲ့အတွက် ရဟန္တာ ပုဂ္ဂိုလ်မှာ လောကီအာရုံတွေဆိုရင် ဘယ်ဟာကိုမျှ ကောင်းတယ် လို့ မထင်ဘူး၊ မြင်သမျှ, ကြားသမျှ, တွေ့သမျှ, သိသမျှတွေ အကုန်လုံးကို ဆင်းရဲတွေ မကောင်းတဲ့ တရားတွေလို့သာ ထင်နေပါတယ်၊ အဲဒါဟာ အဝိဇ္ဇာကင်းသွားလို့ ဒုက္ခသစ္စာတရား မှန်တွေကို အမှန်အတိုင်းသိနေတဲ့ သဘောပါပဲ၊ ဒါကြောင့် မြင်မှု, ကြားမှု စသည်တွေ ဘယ်ဟာကိုမျှ မနှစ်သက် မသာယာတော့ဘူး။ ခန္ဓာဝန်ကြီးက ရှိနေလို့, မလွဲမကင်းသာလို့သာ ခန္ဓာဝန်ကြီးကို ထမ်းဆောင်နေရတယ်၊ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း, ကွေးခြင်း, ဆန့်ခြင်း စသည်ဖြင့် ပြုပြင်တန်သမျှ ပြုပြင်ပေးနေရတယ်၊ မျက်နှာသစ်ရခြင်း, ရေချိုး ရခြင်း, ဆွမ်းခံသွားရခြင်း, အစာအာဟာရ

http://www.dhammadownload.com

သုံးဆောင်ရခြင်း, ကိုယ်အညစ်အကြေးကို သုတ်သင်ရခြင်း စသည်ဖြင့် ခန္ဓာဝန် ကြီးကို ထမ်းဆောင်နေရတယ်၊ အဲဒါတွေ အားလုံးဟာ မလွဲ မရှောင်သာလို့ တာဝန် ဝတ္တရားအနေနဲ့ ဆောင်ရွက်နေရတာ တွေပဲ၊ ဘယ်ဟာကိုမှ နှစ်သက်ဖွယ်, သာယာဖွယ် မထင်ဘူး၊ သခ်ါရ ဒုက္ခတွေချည်းပဲလို့သာ ထင်မြင်နေတယ်။

ဒါဖြင့် ဒီ သခ်ါရဒုက္ခတွေ ငြိမ်းသွားအောင် မြန်မြန်သေရင် မကောင်းပေဘူးလား–လို့ မေးစရာရှိပါတယ်၊ အဲဒီလို မြန်မြန် သေခြင်း, ပျက်ခြင်းကို အလိုရှိရင် အဲဒါကလဲ ဒေါသ ကိလေသာ ပဲ၊ ရဟန္တာမှာ အဲဒီလို သေပျက်စေချင်တဲ့ ဒေါသ ကိလေသာ လဲ မရှိပါဘူး၊ ဒါကြောင့် ရဟန္တာ အရှင်မြတ်များက ဒီလို မိန့်တော်မူ ကြပါတယ်။

သေရတာလဲ အလိုမရှိ နေရတာလဲ အလိုမရှိ

နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ။
ကာလဉ္စ ပဋိကင်္ခါမိ၊ နိဗ္ဗေသံ ဘတကော ယထာ။
(ထေရဂါထာ–၃၀၇)

မရဏံ၊ သေရခြင်းကို။ နာဘိနန္ဒာမိ၊ မနှစ်သက်ပါ။ ဇီဝိတံ။ အသက်ရှင်နေရခြင်းကိုလဲ။ နာဘိနန္ဒာမိ၊ မနှစ်သက်ပါ။

ခဏမစဲ ဖြစ်ပျက်နေတဲ့ ဆင်းရဲအစု ခန္ဓာဝန်ကြီးကို ထမ်း ဆောင်နေရုံမျှသာဖြစ်တဲ့အတွက် ကြာမြင့်စွာအသက်ရှင်နေရတာ ကိုလဲ အလိုမရှိပါဘူးတဲ့၊ ဟုတ်တယ်၊ နှစ်သက်သာယာမှုမရှိတဲ့ ပုဂ္ဂိုလ်မှာ ဒီခန္ဓာဝန်ကြီးဟာ ဘာမျှ အားကိုးစရာ မရှိဘူး။ အမြဲ မပြတ် ပြုပြင်ပေးနေရတာပဲ၊ ပြုပြင်ပေးပေမယ်လို့လဲ ဒီခန္ဓာဝန်ကြီးက ကိုယ့်အလိုအတိုင်း ဘာမျှဖြစ်တာ မဟုတ်ဘူး။ စဉ်းစားကြည့်ပါ၊

http://www.dhammadownload.com

ဒီခန္ဓာဝန်ကြီးကို ရလာကြတာ ဘယ်လောက် ကြာပြီလဲ၊ ဘယ်လို အားကိုးဖွယ် အနှစ်သာရတွေကို ရနေပြီလဲ၊ ရှေ့ဘဝတွေကိုတော့ မမှတ်မိလို့ မသိနိုင်လို့ ထားလိုက်ပါဦးတော့၊ ယခုဘဝတွင်ပဲ တချို့မှာ အနှစ် ၂၀–ကျော် ၃၀–ကျော် ရှိနေပြီ တချို့မှာလဲ အနှစ် လေး ငါး ခြောက်ဆယ်ကျော် ရှိနေပြီ မိမိတို့အလိုရှိတဲ့ အတိုင်း ဘာတွေများရနေပြီလဲ၊ မြတည်နေတာရှိရဲ့လား၊ ချမ်းသာတာ ကောင်း တာတွေရှိရဲ့လား၊ တစ် နေ့ထက် တစ်နေ့ တစ်လထက် တစ်လ တစ်နှစ်ထက် တစ်နှစ် ပိုပိုပြီး ကောင်းလာရဲ့လား၊ ဘယ်ဟာမှ မကောင်းပါဘူး၊ တစ်နေ့ထက် တစ်နေ့ အိုမင်း ရင့်ရော်လာတယ်၊ ကျန်းမာရေးတွေလဲ ဆုတ်ယုတ်လာတယ်၊ နောက်ဆုံးတစ်နေ့ကျတော့ လုံးဝ ပျက်စီးပြီး သေဖို့ပဲရှိတယ်၊ ဒါပေမယ့်အထင်လွဲတဲ့ အဝိဇ္ဇာနှင့် သာယာ တတ်တဲ့ တဏှာကရှိနေတဲ့အတွက် ယခုလူတွေမှာ သာယာစရာ တွေလို့ ထင်မှတ်ပြီး သာယာနေကြတာပဲ၊ ရဟန္တာ မှာတော့ အဲဒီ အထင်မှားမှုနဲ့ သာယာမှုက လုံးဝမရှိတော့ဘူး၊ ဒါ ကြောင့် ဘယ်ဟာကိုမှ မသာယာတော့ဘူး၊ အကုန်လုံး ပျင်းရိ ငြီးငွေ့စရာချည်း ဖြစ်နေတယ်၊ ဒါကြောင့် အသက်ရှင်နေရတာ ကိုလဲ ရဟန္တာပုဂ္ဂိုလ်က အလိုမရှိပါဘူး–တဲ့။

အသက်ရှင်နေရတာကို အလိုမရှိရင် သေရတာကို အလိုရှိနေ ပါသလားလို့ ဆိုတော့ အဲဒီလို သေရတာကိုလဲ အလိုမရှိပါ ဘူးတဲ့ ခန္ဓာကိုယ်ကြီး ပျက်စေချင်တယ်၊ သေစေချင်တယ်ဆိုတာ မုန်းတဲ့ ဒေါသ သဘောပဲ၊ ရဟန္တာမှာ အဲဒီလိုမုန်းတဲ့ သေပျက်စေချင်တဲ့ ဒေါသကလဲ လုံးဝ ကင်းနေတယ်။ ဒါကြောင့် သေရခြင်းကိုလဲ မနှစ်သက် အလိုမရှိဘူးလို့ ဆိုပါတယ်၊ ဒါဖြင့် ဘာကို အလိုရှိပါသလဲ– လို့ ဆိုတော့...

http://www.dhammadownload.com

ကာလဋ္ဌ၊ ပရိနိဗ္ဗာန် ဝင်စံရမည့် ကာလကိုသာလျှင်။ ပဋိ ကခ်ါမိ၊ လိုလားလျက်ရှိပါ၏။ ကိမိဝ၊ ဥပမာဆိုပုံက အဘယ် လိုပါနည်းဟူမူ၊ ဘတကော၊ နေ့စား လစား အလုပ်သမားသည်။ *နိဗ္ဗေသဲ ယထာ၊ နေ့စား, လစား အလုပ်ခကို အလို ရှိသကဲ့သို့ပင် တည်း တဲ့။

နေ့စား, လစား အလုပ်သမားဟာ ပင်ပင်ပန်းပန်း အလုပ် လုပ်ရတာကိုလဲ မကြိုက်ဘူး၊ စားဝတ် နေရေးအတွက် မလွဲသာလို့သာ လုပ်နေရတယ်၊ အလုပ်မရှိတဲ့ အလုပ်လက်မဲ့ ဖြစ်နေမှာလဲ မကြိုက်ဘူး၊ ဘာကို ကြိုက်သလဲဆိုလို့တော့ နေ့စားခ လစားခ ရတာကို ကြိုက် တယ်၊ အဲဒီ နေ့ခ လခ ထုတ်ယူရမည့် အချိန်ကိုသာ မျှော်လင့် တောင့်တနေတယ်၊ အဲဒါလိုပဲ ရုပ်နာမ် ခန္ဓာ အကြွင်းမရှိဘဲချုပ်ငြိမ်းပြီး ပရိနိဗ္ဗာန် ဝင်စံရမည့် အချိန်ကာလကိုသာ အလိုရှိတယ်၊ အဲဒီ အချိန်ကိုသာ မျှော်လင့်နေပါ တယ်တဲ့၊ ဒါကြောင့်ရဟန္တာပုဂ္ဂိုလ် များဟာ မိမိတို့၏ အာယု သင်္ခါရကို ကြည့်တဲ့အခါမှာ "ကိုဝစိရံ နု ခေါ အယံ ဒုက္ခ ဘာရော ဝဟိတမ္ဘော = ဒီ ရုပ်နာမ် ဒုက္ခဝန်ကြီး ကို ဘယ်လောက်ကြာအောင် ထမ်းဆောင်ရဦးမှာပါလိမ့်မလဲ"လို့ ဆင် ခြင်တော်မူကြပါတယ်။

ယခု ပြောလာခဲ့တာဟာ မြင်ခိုက်, ကြားခိုက် စသည်မှာ ရှုမှတ် ပြီး ကိလေသာနဲ့ ကံ-ဆိုတဲ့ ပစ္စုပ္ပန် အကြောင်းတရားကို တဒင်္ဂ ပဟာန်ဖြင့် ပယ်ပုံ, အရိယ မဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ ပယ်ပုံ, ရဟန္တာပုဂ္ဂိုလ်မှာ မြင်တိုင်း, ကြားတိုင်းစသည်ကို သင်္ခါရဒုက္ခ

---

* ပါဠိစာအုပ်တို့၌ နိဗ္ဗိသဲ-ဟု ရှိ၏။ ထေရဂါထာ အဋ္ဌကထာ၌ နိဗ္ဗိသန္တော-ဟု အဖွင့်ရှိ၏။ သို့သော် အဘိဓာန်ကျမ်းတို့နှင့် အညီ လုပ်ခဟော နိဗ္ဗေသဲ ဟူ၍သာ သင့်သည်။

http://www.dhammadownload.com

ထင်နေပုံတွေကို ပြောလာခဲ့တယ်၊ အဲဒီလို သာယာဖွယ် မရှိဘဲ သစ်ခါရ ဒုက္ခချည်း ထင်နေတဲ့အတွက် ရဟန္တာ ပုဂ္ဂိုလ်မှာ ပရိနိဗ္ဗာန် စုတိမှ နောက်ကာလ၌ ဘဝသစ် ရုပ်နာမ်တွေ လုံးဝ မဖြစ်ပေါ်လာတော့ဘဲ အပြီးတိုင်ငြိမ်းသွားတယ်၊ အဲဒါကို အနုပါဒိသေသ နိဗ္ဗာန် ဝင်စံသွားတယ်လို့ ဆိုရတယ်။

ပုဂ္ဂိုလ် သေပျက်တာမဟုတ် ဆင်းရဲငြိမ်းတာ

အဲဒါကို အတ္တဒိဋ္ဌိအစွဲရှိတဲ့သူတွေက ပုဂ္ဂိုလ်ကြီးတွေအလိုက် သေပျောက် ပျက်စီးသွားတယ်–လို့ ထင်မှတ်ပြီး အသေကြီး သေသွားတယ်လို့လဲ ကဲ့ရဲ့စွပ်စွဲကြတယ်၊ အမှန်ကတော့ ထင်းမီးစာ အစရှိတဲ့ အကြောင်းကို စွဲမှီပြီး တောက်လောင်နေတဲ့ မီးလျှံ, မီးတောက်ကြီးဟာ ထင်းမီးစာ အစရှိတဲ့ အကြောင်း မရှိတဲ့အခါ ငြိမ်းပျောက်သွားတာလို ကိလေသာနဲ့ ကံဆိုတဲ့ အကြောင်းတရားကို မှီပြီး အစဉ်မပြတ်ဖြစ်ပျက်နေတဲ့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ အကျိုးတရားဒုက္ခ အစုအပုံကြီးဟာ ကိလေသာနဲ့ ကံ–ဆိုတဲ့ အကြောင်းတရား လုံးဝ မရှိတော့တဲ့အတွက် အသစ်မဖြစ်ပေါ်လာတော့ဘဲ ငြိမ်းသွားရုံမျှပါပဲ၊ ဆင်းရဲအစုအပုံကြီးမျှ ငြိမ်းသွားတာပဲ၊ ဒါကြောင့် မြတ်စွာဘုရားက–

တဿယေဝ တဏှာယ၊ အကောင်းအဆိုးကိုခံစားမှုကြောင့် ဖြစ်တတ်သော ထိုတဏှာ၏ပင်လျှင်။ အသေသဝိရာဂနိရောဓါ၊ အရိယမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့်။ ဝါ၊ အကြွင်းမဲ့ ပျက်ပြယ်ခြင်း, ချုပ်ခြင်းကြောင့်။ ဥပါဒါနနိရောဓော၊ စွဲလမ်းမှု ဥပါဒါန်၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဥပါဒါန နိရောဓာ၊ ဥပါဒါန်၏ချုပ်ခြင်းကြောင့်။ ဘဝနိရောဓေါ၊ ဘဝသစ်ဖြစ်ကြောင်း

http://www.dhammadownload.com

ကံ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘဝနိရောဓာ၊ ဘဝသစ်ဖြစ်ကြောင်း ကံ၏ချုပ်ခြင်းကြောင့်။ ဇာတိ နိရောဓော၊ ဘဝသစ်ဖြစ်မှု ဇာတိ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဇာတိနိရောဓာ၊ ဇာတိ၏ ချုပ်ခြင်းကြောင့်။ ဇရာမရဏ၊ အိုခြင်း, သေခြင်းသည် လည်းကောင်း။ သောက, ပရိဒေဝ,ဒုက္ခ,ဒေါမဏဿ ပါယာသာ၊ စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း,စိတ်နလုံး၏ ပြင်းစွာပူပန်ခြင်းတို့သည် လည်းကောင်း။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဧवं၊ ဤဆိုခဲ့သော အခြင်းအရာဖြင့်။ ဧတဿ ကေवလဿ ဒုက္ခက္ခန္ဓဿ၊ ဤဆင်းရဲအစုမျှ သက်သက်၏ သာလျှင်။ နိရောဓော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်သည်–လို့ ဟောထားပါတယ်။

အဲဒီမှာချုပ်တယ်ဆိုတာ လုံးဝ မဖြစ်ပေါ်လာနိုင်ဘဲ ကင်းငြိမ်းသွားတာကိုဆိုပါတယ်၊ အရိယမဂ်၏အစွမ်းကြောင့် တဏှာ မဖြစ်နိုင်ဘဲ ကင်းငြိမ်းသွားရင် အဲဒီတဏှာမှ ဆက်ပြီး ဖြစ်မည့် ဥပါဒါန်နဲ့ ကံ–ဆိုတာတွေလဲ မဖြစ်နိုင်တော့ဘူး၊ အဲဒီ အကြောင်းကံ မဖြစ်ပေါ်နိုင်ဘဲ ကင်းငြိမ်းသွားရင် ဘဝအသစ်လဲ မဖြစ်နိုင်တော့ဘူး၊ ကင်းငြိမ်းပြတ်စဲသွားတယ်၊ ဘဝအသစ် မဖြစ်တော့ အိုခြင်း သေခြင်းအစရှိသော ဆင်းရဲတွေလဲ ကင်းပြတ်ချုပ်ငြိမ်းသွားတယ်။

အဲဒီမှာ ဖြစ်ခြင်း အိုခြင်း သေခြင်း ဆိုတာတွေဟာ ပုဂ္ဂိုလ် သတ္တဝါ၏ ဖြစ်ခြင်း အိုခြင်း သေခြင်းလို့ လူတွေက ထင်နေပေမယ့် အမှန်စင်စစ်တော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿဝေဒနာဆိုတဲ့ တရားငါးပါးတို့၏ ဖြစ်ခြင်း အိုခြင်း သေခြင်းသာ ဖြစ်ပါတယ်၊ ဒါကြောင့် ဘဝအသစ်ဖြစ်ခြင်း အိုခြင်း သေခြင်းတွေ ရှိနေစဉ်မှာလဲ အမှန်စင်စစ်အားဖြင့် ပုဂ္ဂိုလ် သတ္တဝါရယ်လို့ ရှိတာ

http://www.dhammadownload.com

မဟုတ်ဘူး၊ ဝိညာဏ် နာမ်ရုပ် သဠာ ယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးတရားတို့သာရှိတယ်၊ ပရိနိဗ္ဗာန် ဝင်စံသောအခါ အဝိဇ္ဇာ တဏှာ ဥပါဒါန်က် သင်္ခါရဆိုတဲ့အကြောင်း တရားတွေ မရှိတဲ့အတွက် ဘဝအသစ် မဖြစ်ပေါ်လာဘဲ ပြတ်စဲ ချုပ်ငြိမ်းသွားတဲ့အခါမှာလဲ ပုဂ္ဂိုလ်သတ္တဝါ ပျောက်သွားတာ မဟုတ်ပါဘူး ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုး ဝဋ်ဆင်းရဲတရားတွေ မဖြစ်ပေါ်လာဘဲ ပြတ်စဲချုပ်ငြိမ်းသွားရုံမျှပါပဲ၊ နောက်ပြီးတော့ မလိုလားအပ်တဲ့ အိုခြင်း သေခြင်း စိုးရိမ်ပူဆွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲရခြင်း စိတ်နလုံးဏ် ပြင်းစွာပူပန်ခြင်း ဆိုတဲ့ ဆင်းရဲအစုသက်သက်မျှ ချုပ်ငြိမ်းပြတ်စဲသွားခြင်းသာ ဖြစ်ပါတယ်။

ပရိနိဗ္ဗာန်ကိုသဘောမပေါက်လျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်တတ်သည်

ဒီနေရာမှာ အသိဉာဏ်မသက်ဝင်နိုင်လျှင် 'ပုဂ္ဂိုလ် သတ္တဝါ အကောင်လိုက် ပျောက်ပျက်သွားတယ်' လို့ ထင်တတ်ပါတယ်။ အဲဒီလို ထင်လျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တယ်၊ အသိဉာဏ် ကောင်းကောင်း သက်ဝင်လျှင်တော့ 'ဘဝအသစ် ဖြစ်နေရတယ်ဆိုတာလဲ ဆင်းရဲအစုမျှပဲ၊ ဘဝအသစ်မဖြစ်ရတော့ဘဲ ပြတ်စဲချုပ်ငြိမ်း သွားတယ်ဆိုတာလဲ ဆင်းရဲအစုမျှပဲ' ဆိုတာ ရှင်းနေပါတယ်၊ အဲဒါကို ယမကမည်သော ရဟန်း၏ဝတ္ထု စသည်ဖြင့် သိနိုင်ပါတယ်။

ယမက ရဟန်း ဝတ္ထု

မြတ်စွာဘုရားလက်ထက်တော်ကာလက ယမကဆိုတဲ့ ရဟန်းမှာ 'ရဟန္တာပုဂ္ဂိုလ် သေပြီးတဲ့နောက် ပြတ်စဲသွားတယ်၊ ပျောက်သွားတယ်၊ ဘာမျှ မရှိတော့ဘူး'လို့ ဒီလို အယူမှားနေပါတယ်၊

http://www.dhammadownload.com

သူ့ကို အခြားရဟန်းတော်များက တရားလမ်းမှန်ကို ဟောပြောကြ သော်လဲ သူ့အယူအတိုင်းပဲ သူကပြောနေပါတယ်။ ဒါနဲ့ နောက်ဆုံးမှာ သူ့ကို အရှင်သာရိပုတ္တရာထံ ခေါ်သွားကြပါတယ်၊ အရှင်သာရိ ပုတ္တရာက မေးတော့လဲ သူ့အယူအတိုင်းပဲ ဝန်ခံပါတယ်။ အဲဒီတော့ အရှင်သာရိပုတ္တရာကဒီလို စစ်တမ်းထုတ်ပြီး ဟောကြားပါတယ်။

ငါ့ရှင် ယမက... ရူပ်သည် မြဲသလော မမြဲသလော၊ မမြဲပါ အရှင်ဘုရား။ ဝေဒနာသည် မြဲသလော မမြဲသလော၊ မမြဲပါ။ သညာသည် မြဲသလော မမြဲသလော၊ မမြဲပါ။ သင်္ခါရတို့သည် မြဲကြသလော မမြဲကြသလော၊ မမြဲကြပါ။ ဝိညာဏ်သည် မြဲ သလော မမြဲသလော၊ မမြဲပါ အရှင်ဘုရား။

မမြဲသောတရားသည် ဆင်းရဲလော ချမ်းသာလော၊ ဆင်းရဲပါ အရှင်ဘုရား။ မမြဲဆင်းရဲ ပြောင်းလဲဖောက်ပြန်တတ်သော တရားကို ငါ့ဥစ္စာဟူ၍ လည်းကောင်း, ငါဟူ၍လည်းကောင်း ငါ၏ အတ္တဟူ၍ လည်းလောင်း ရှုရန်သင့်ပါမည်လော၊ မသင့်ပါ အရှင်ဘုရား။

ငါ့ရှင် ယမက သို့ဖြစ်သောကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန် အတွင်း အပ အကြမ်း အနု အယုတ် အမြတ် အဝေး အနီး ရူပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသမျှကို ငါ့ဥစ္စာ မဟုတ်, ငါမဟုတ်, ငါ၏အတ္တ မဟုတ်ဟု အမှန်အတိုင်း မြင်အောင် ရှုရမည်။

ငါ့ရှင်ယမက... ဤသို့မြင်လျှင် ရူပ်၌လဲ ငြီးငွေ့သည်၊ ဝေဒနာ ၌လဲ၊ သညာ၌လဲ၊ သင်္ခါရတို့လဲ၊ ဝိညာဏ်၌လဲ ငြီးငွေ့သည်၊ ငြီးငွေ့လျှင် တပ်မက်ကင်းသည်၊ တပ်မက် ကင်းခြင်းကြောင့် လွတ် မြောက်သည်၊ လွတ်မြောက်လျှင် လွတ်မြောက်ပြီဟု အသိဉာဏ် ဖြစ်သည်၊ ဘဝအသစ်ဖြစ်မှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊

http://www.dhammadownload.com

ပြုဖွယ်ကိစ္စဟူသမျှကို ပြုပြီးပြီ၊ ဤကိစ္စအတွက် အခြားတစ်ပါး ပြုဖွယ်မရှိတော့ပြီဟု ဆင်ခြင်လျက် သိလေတော့သည်-ဟု အရှင် သာရိပုတ္တရာက စစ်ဆေးဟောကြားတော်မူပါတယ်။

ထိုတရားကို ကြားနာစဉ်မှာပင် အရှင် ယမကဟာ သောတာပန် ဖြစ်သွားပါတယ်၊ သောတာပန် ပြစ်တဲ့အခါ အယူမှား ကင်းသွားပြီ ဖြစ်၍ သဘောမှန်အတိုင်း ဖြေကြားရန် ထပ်မံ၍ စိစစ်တော်မူပါတယ်၊ စိစစ်ပုံကတော့-

ငါ့ရှင် ယမက... ရုပ်၌ ဘုရား ရဟန္တာပုဂ္ဂိုလ်ဟု ထင်သလော၊ မထင်ပါ အရှင်ဘုရား၊ (တထာဂတော-ပုဒ်ကို သတ္တဝါ-ဟု ပြန်ကြသည်၊ ဤ၌ကား မူလက ခီဏာသဝပုဂ္ဂိုလ်၏ ပြတ်စဲခြင်းကို စွဲလမ်းပြောဆိုခဲ့သည်နှင့် ညီစေရန် ဘုရား ရဟန္တာပုဂ္ဂိုလ်-ဟု ဝိသေသပြု၍ ပြန်သည်။) ရုပ်မှ တခြား၌ ရုပ်မရှိဘဲ ဘုရား ရဟန္တာပုဂ္ဂိုလ် တည်ရှိသည်ဟု ထင်သလော၊ မထင်ပါ အရှင်ဘုရား။ ဝေဒနာ၌၊ သညာ၌၊သင်္ခါရတို့၌၊ဝိညာဏ် ဘုရား ရဟန္တာ ပုဂ္ဂိုလ်ဟု ထင်သလော၊ မထင်ပါ အရှင်ဘုရား။ ဝိညာဏ်မှ တခြား၌ ဝိညာဏ် မရှိဘဲ ဘုရား ရဟန္တာပုဂ္ဂိုလ် တည်ရှိသည်ဟုထင်သလော၊ မထင်ပါ အရှင်ဘုရား။ ငါ့ရှင် ယမက ...ဘုရား ရဟန္တာမှာ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် မရှိဟုထင်သလော၊ မထင်ပါ အရှင်ဘုရား။

ငါ့ရှင် ယမက...ဤရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဟူသော တရားအပေါင်းဝယ် မသေမီ မျက်မှောက်၌ပင် အမှန် စင်စစ်အားဖြင့် ဘုရား ရဟန္တာ ပုဂ္ဂိုလ် သတ္တဝါအကောင်ရယ်လို့ မရှိပါဘဲလျက် ရဟန္တာပုဂ္ဂိုလ်ဟာ သေပြီးတဲ့နောက်ပြတ်စဲ သွားတယ်၊ ပျောက်သွားတယ်၊ ဘာမျှ မရှိတော့ဘူးလို့ ပြောကြားရန် သင့်ပါ မည်လောလို့ မေးပါတယ်။

http://www.dhammadownload.com

ထိုအခါ အရှင် ယမက–က တပည့်တော်မှာ မသိမလိမ္မာမိ ရှေးအခါက အဲဒီ ယုတ်ညံ့တဲ့မိစ္ဆာအယူရှိခဲ့ပါသည်။ ယခု အရှင် ၏ တရားကိုနာရသဖြင့် အဲဒီအယူလဲ ကင်းသွားပါပြီ၊ တရားထူးကိုလဲ သိရပါပြီ–ဟု လျှောက်ထားတယ်။

ထိုအခါ အရှင်သာရိပုတ္တရာက ရဟန္တာအဖြစ်နဲ့ ဖြေကြားစေလို့တဲ့အတွက် ဆက်ပြီး မေးခွန်းထုတ်ပြန်ပါတယ်။

ငါ့ရှင် ယမက...ရဟန္တာပုဂ္ဂိုလ် သေသွားလျှင် ဘယ်လိုရှိသလဲလို့ တစ်စုံတစ်ယောက်က မေးခဲ့သော် ဘယ်လို ဖြေကြားပါမည်နည်း၊ ရုပ်သည်မမြဲ၊ မမြဲသော တရားသည် ဆင်းရဲပင်၊ ထိုဆင်းရဲ ချုပ်ပျောက်သွားခြင်းပင် ဖြစ်သည်၊ ဝေဒနာသည်၊ သညာသည်၊ သင်္ခါရတို့သည်၊ ဝိညာဏ်သည် မမြဲ၊ မမြဲသော တရားသည် ဆင်းရဲပင်၊ ထိုဆင်းရဲ ချုပ်ပျောက်သွားခြင်းပင် ဖြစ်သည်–ဟု ဖြေကြားပါမည်လို့ ပြန်ကြား လျှောက်ထားပါတယ်။

ထိုအခါ အရှင်သာရိပုတ္တရာက သာဓုခေါ်ပြီး ဆက်လက်ဟောကြားပါတယ်။ ခန္ဓာငါးပါးသည် မိတ်ဆွေယောင်ဆောင်နေသော သူသတ်သမားနှင့် တူကြောင်း၊ ခန္ဓာငါးပါးကို အတ္တ အနေအားဖြင့် သာယာလက်ခံနေလျှင် သူသတ်သမားကို လက်ခံထားသည်နှင့် တူကြောင်း စသည်များကို ဆက်လက်ပြီး ဟောကြားတော်မူပါတယ်။

ဒီဝတ္ထုထဲမှာ အရှင်ယမကဟာ တရားသဘော မသိမီက ခန္ဓာငါးပါးကိုပင် ပုဂ္ဂိုလ်သတ္တဝါဟု ထင်မြင်စွဲလမ်းနေခဲ့တယ်၊ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ် သေသွားလျှင် ပြတ်စဲသွားတယ်၊ ပျောက်သွားတယ်၊ ဘာမျှမရှိတော့ဘူးလို့ ပြောခဲ့တယ်၊ အဲဒီလို ပြောရာမှာ မသေခင်ကတော့ ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည်လိုက် တကယ်ရှိနေ

http://www.dhammadownload.com

တယ်လို့ စွဲလမ်းတာပဲ၊ ဒါကြောင့် သေပြီးတဲ့နောက် ဘာမျှမရှိတော့လို့ ယူဆစွဲလမ်းတာကို ဥစ္ဆေဒဒိဋ္ဌိလို့ ခေါ်ရပါတယ်၊ အမှန်တရားကို သိပြီး သောတာပန် ဖြစ်သွားတဲ့အခါကျတော့ အရှင် ယမက-က "ရဟန္တာ ပုဂ္ဂိုလ် သေသွားလျှင် မမြဲလို့ ဆင်းရဲမျှ ဖြစ်တဲ့ခန္ဓာငါးပါး, ဆင်းရဲတရားမျှ ချုပ်ပျောက်သွားခြင်းပင် ဖြစ်တယ်"လို့ ပြော ကြားပါတယ်၊ အဲဒါဟာ ဒီနေရာမှာ မှတ်သားဖို့ရာ လိုရင်းပါပဲ။

ယခု ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်မှာလဲ "ဇဝံ၊ (တဏှာ ဥပါဒါန် ကံချုပ်ငြိမ်းကင်းပြတ်သွားလျှင် ဇာတိ ဇရာ မရဏ စသည် ချုပ်ငြိမ်း ကင်းသွားသည်ဟု ပြဆိုခဲ့သော) ဤ အခြင်းအရာအားဖြင့်။ ဇေတသ ကေဝလသ ဒုက္ခက္ခန္ဓသ၊ ဤ ဆင်းရဲအစုမျှ သက်သက်၏သာလျှင်။ နိရောဓော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်သည်"လို့ ရဟန္တာ ပရိနိဗ္ဗာန် ဝင်စံတဲ့အခါ ဆင်းရဲအစုမျှ ချုပ်သွားခြင်း ဖြစ်ကြောင်း ပြဆိုထားပါတယ်။

ဆင်းရဲငြိမ်းပုံ အကျဉ်းချုပ်

ဒီနေရာမှာ အကျဉ်းချုပ် မှတ်ဖို့ကတော့ မြင်မှု, ကြားမှု စသော ဖြစ်ခိုက် နာမ်ရုပ်ကို မရှုမှတ်နိုင်လျှင် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ,သင်္ခါရ ဆိုတဲ့ ပစ္စုပ္ပန် အကြောင်းငါးပါး ဖြစ်ပေါ်သည်။ ထို အကြောင်းငါးပါးကြောင့် ဇာတိ,ဇရာ,မရဏ ဟုခေါ်သော အနာဂတ် အကျိုးငါးပါး ဆင်းရဲအစုများ ဖြစ်ပွားသွားမည်။ မြင်ခိုက်, ကြားခိုက် စသည်၌ ရှုမှတ်နိုင်လျှင် ပစ္စုပ္ပန် အကြောင်းငါးပါး ဖြစ်ခွင့်မရဘဲ ချုပ်သွားသောကြောင့် ဇာတိ,ဇရာ,မရဏဟု ခေါ်သော အနာဂတ် အကျိုး ငါးပါး ဆင်းရဲအစုများ ဖြစ်ခွင့်မရဘဲ ချုပ်ငြိမ်းသွားမည်။

http://www.dhammadownload.com

ဒါကြောင့် ဖြစ်ခိုက်တရားကို မရှုမှတ်လျှင် အကြောင်းငါးပါး ပေါ်၍ အကျိုးငါးပါး ဆင်းရဲအစုများ ဖြစ်ပွားမည်၊ ဖြစ်ခိုက်တရားကို ရှုမှတ်လျှင်အကြောင်းငါးပါးချုပ်၍ အကျိုးငါးပါး ဆင်းရဲအစုများ ချုပ်ငြိမ်းမည်၊ အဲဒါကို ဆိုကြရမယ်။

ဖြစ်ခိုက် တရားကို မရှုလျှင် အကြောင်းငါးပါး ပေါ်၍ အကျိုးငါးပါး ဆင်းရဲအစုများ ဖြစ်ပွားမည်၊ ဖြစ်ခိုက်တရားကို ရှုမှတ်လျှင် အကြောင်းငါးပါးချုပ်၍ အကျိုးငါးပါး ဆင်းရဲအစုများ ချုပ်ငြိမ်းမည်။

ဝဒီရာထေရီဝတ္ထု

နောက်ပြီးတော့ ဝဒီရာထေရီ၏ ဖြေကြားပုံဖြင့်လဲ ဆင်းရဲအစုမျှသာ ချုပ်ခြင်း ဖြစ်ကြောင်း ထင်ရှားပါတယ်၊ အခါ တစ်ပါးမှာ ဝဒီရာဆိုတဲ့ ရဟန္တာထေရီမက ဖေတဝန်ကျောင်းတိုက်၏ မြောက်ဘက်မှာ ရှိတဲ့ အန္ဓတောထဲ သစ်ပင်တစ်ခု အောက်မှာ နေ့သန့်စင် နေပါတယ်၊ အဲဒီအခါ မာရ်နတ်က ကြောက်လန့်ပြီး သမာဓိ ပျက်စေလိုတဲ့ အတွက် "ဟဲ့...ရဟန်း မိန်းမ၊ ဒီသတ္တဝါကို ဘယ်သူက ပြုလုပ်ဖန်းဆင်းသလဲ၊ ဖန်းဆင်းတဲ့သူ ဘယ်မှာရှိနေသလဲ၊ သတ္တဝါဟာ ဘယ်မှာ ဖြစ်ပေါ်လာ ခဲ့သလဲ၊ ဘယ်မှာ ချုပ်ပျောက် သွားမလဲ"လို့ ထေရီမကို မေးပါတယ်၊ ဒီတော့ ဝဒီရာထေရီမ-က ဒီလို ပြန်ကြားလိုက်ပါတယ်။

ကိုံ နု သတ္တောတိ ပစ္ဓေသိ၊ မာရ ဒိဋ္ဌိဂတံ နုတေ၊
သုဒ္ဓသင်္ခါရပုဉ္ဇောယံ၊ နယိဓ သတ္တူပလဗ္ဘတိ။

http://www.dhammadownload.com

မာရ၊ ဟဲ့ မာရ်နတ်။ တွဲ၊ သင်သည်။ ကိ၊ ဘယ်အရာကို။ သတ္တောတိ၊ သတ္တဝါဟူ၍။ ပစ္ခေသိ နု၊ ယုံကြည်ထင်မှတ် ပါသနည်း။ တေ၊ သင်၏။ ဒိဋ္ဌိဂတံနု၊ အယူမှား မဟုတ်လော။ အယံ၊ အများက သတ္တဝါဟုထင်မှတ်နေသော ဤအရာသည်။ သုဒ္ဓသင်္ခါရပုဗ္ဗော၊ သင်္ခါရတရား အစုအပုံ သက်သက်မျှ သာတည်း။ ဣဒ၊ ဤသင်္ခါရ တရားအစုဌ်၊ သတ္တော၊ သတ္တဝါကို နှ ဥပလဗ္ဘတိ၊ မရအပ်သည်သာ တည်း။ ဝါ၊ သတ္တဝါမရှိသည်သာတည်း။

ယထာ ဟိ အင်္ဂသမ္ဘာ၊ ဟောတိ သဒ္ဒေါ၊ ရထော ဣတိ။ ဧवं ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။

ဟိ၊ ဥပမာဖြင့် ထင်စွာပြအံ့။ အင်္ဂသမ္ဘာ၊ ဘီး ဝင်ရိုး အစရှိသော အစိတ်အပိုင်းတို့၏ ပေါင်းစုမိခြင်းကြောင့်။ ဝါ၊ ပေါင်းစုမိလတ်သော်၊ ရထော ဣတိသဒ္ဒေါ၊ ရထားဟူသော သဒ္ဒါအမည်သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧवं၊ ဤ ဥပမာ အတူပင်လျှင်။ ခန္ဓေသု၊ ရူပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဟူသော ခန္ဓာငါးပါးတို့သည်။ သန္တေသု၊ ရှိကုန် လတ်သော်။ သတ္တောတိသမ္မုတိ၊ သတ္တဝါဟူသော အမည် ပညတ်သည်။ ဟောတိ၊ ဖြစ်လေတော့၏။

ဒုက္ခမေव ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။ နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။

ဟိ၊ သတ္တဝါဟူ၍ မရှိ, သင်္ခါရတရားစု ခန္ဓာငါးပါးမျှသာ ရှိသည်ဟု ဆိုသော ထိုစကား မှန်ပေ၏။ ဒုက္ခမေဝ၊ ရူပ်နာမ်ခန္ဓာ ဆင်းရဲတရားမျှသည်သာလျှင်။ သမ္ဘောတိ၊ ဖြစ်ပေါ်၏။ ဒုက္ခံ၊ ဆင်းရဲတရားမျှသည်သာလျှင်။ တိဋ္ဌတိ၊ အဆက်ဆက်ဖြစ်လျက်

http://www.dhammadownload.com

တည်လည်း တည်နေ၏။ ဝေတိစ၊ ပျောက် လည်းပျောက်ကွယ် ပျက်စီး၏။ အညတြဒုက္ခာ၊ ဆင်းရဲတရားကိုကြဉ်၍၊ ဝါဆင်းရဲ မှတစ်ပါး။ နသမ္ဘောတိ၊ ဖြစ်သည်မဟုတ်။ ဒုက္ခာ အည်၊ ဆင်းရဲမှ တခြားတစ်ပါးသောအရာသည်။ နနိရုဇ္ဈတိ၊ ချုပ်ပျက်သည်လည်း မဟုတ်–လို့ ဖြေရှင်း ပြန်ကြားလိုက်ပါတယ်။

အဲဒီမှာဖြစ်လျှင်လဲ ဆင်းရဲမျှသာဖြစ်ပေါ်လာတယ်၊ ပုဂ္ဂိုလ် သတ္တဝါ ဖြစ်ပေါ်လာတာ မဟုတ်၊ တည်နေတယ် ဆိုတာလဲ ဆင်းရဲသာလျှင် အဆက်ဆက် ဖြစ်ပြီး တည်နေတယ်၊ ပုဂ္ဂိုလ် သတ္တဝါအကောင်လိုက် တကြို့တည်း တည်နေတာ မဟုတ်၊ ပျောက် ပျက် သွားလျှင်လဲ ဆင်းရဲမျှသာလျှင် ပျောက်ကွယ် ပျက်စီးသွားတယ်၊ ပုဂ္ဂိုလ်သတ္တဝါ အကောင်လိုက် သေ ပျက် သွားတာမဟုတ်လို့ဆိုတဲ့ စကားဟာ အလွန်ပြတ်သား ရှင်းလင်းနေပါတယ်။

ပရမတ္ထအားဖြင့် ရုပ်နာမ်အကြောင်းအကျိုးမျှသာ ရှိသည်

ဒါကြောင့် ပုဂ္ဂိုလ်သတ္တဝါဆိုတာ လောကဝေါဟာရအား ဖြင့်သာ ပြောဆိုနေရတာပဲ၊ ပရမတ္ထ အားဖြင့်တော့ ထင်ရှားရှိ တာမဟုတ်ဘူး၊ ပရမတ္ထအားဖြင့်တော့ ရုပ်နှင့်နာမ်မျှသာရှိတယ်၊ ရှေးဘဝကပြီး ခဲ့တဲ့ အဝိဇ္ဇာ တဏှာ ဥပါဒါန် က် သခ်ါရဆိုတဲ့ အကြောင်း ငါးပါးကြောင့် မပြတ်ဖြစ်လျက် တည်ရှိနေတဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုး တရားငါးပါးသာရှိတယ်၊ အဲဒီ အကျိုးငါးပါးကို မှီပြီးတော့, အထူးအားဖြင့် ဝေဒနာကို အကြောင်းပြုပြီးတော့ အဝိဇ္ဇာ သခ်ါရတို့နှင့်တကွ တဏှာ ဥပါဒါန် ကမ္မဘဝဆိုတဲ့ ပစ္စုပ္ပန် အကြောင်းငါးပါး တစ်ဖန် ထပ်ပြီး ဖြစ်ပေါ်လာပြန်တယ်၊ အဲဒီ အကြောင်းငါးပါးကြောင့် နောင်ဘဝမှာ

http://www.dhammadownload.com

ဇာတိဇရာ မရဏ ဆိုတဲ့ အမည်ဖြင့်ဟောထားတဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးငါးပါး ဖြစ်ပေါ်သွားဦးမယ်၊ ဒီပုံ ဒီနည်းဖြင့် အကြောင်းအကျိုး ရုပ်နာမ် သစ်ါရ ဆင်းရဲစုမျှသာ ဘဝအဆက်ဆက် ဖြစ်သွားနေတယ်၊ ကဲ... ကျေသွားအောင် ဆိုလိုက်ကြဦးစို့။

အဝိဇ္ဇာ တဏှာ ဥပါဒါန် ကဲ့ သစ်ါရဆိုတဲ့ အတိတ် အကြောင်း ငါးပါးကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ပစ္စုပ္ပန် အကျိုးငါးပါး ဖြစ်ပေါ်လျက်ရှိသည်။

ပစ္စုပ္ပန် အကျိုးငါးပါးကို မရှုနိုင်လျှင် ထိုအကျိုးငါးပါးကို မှီ၍ ပစ္စုပ္ပန်အကြောင်းငါးပါးဖြစ်ပြန်သည်၊ ထိုအကြောင်း ငါးပါး ကြောင့် အနာဂတ်အကျိုး ငါးပါးဖြစ်ပွားသွားမည်။ ဒီပုံဒီနည်းဖြင့် တစ်ဘဝပြီး တစ်ဘဝ ရုပ်နာမ် ဆင်းရဲအစုမျှသာ မပြတ်ဖြစ်ပေါ် လျက် ရှိသည်။

မြင်မှု,ကြားမှု အစရှိသော ပစ္စုပ္ပန် အကျိုးငါးပါး ကို ရှုနိုင်လျှင် ရှုတိုင်း,ရှုတိုင်း ပစ္စုပ္ပန် အကြောင်းငါးပါးဖြစ်ခွင့်မရှိဘဲ ချုပ်သည်၊ ထိုသို့ရှု၍ အရိယ မဂ်ဉာဏ် ဖြစ်ပေါ်လာလျှင် ပစ္စုပ္ပန်အကြောင်းများ ဖြစ်ခွင့် မရှိ တော့ဘဲ လုံးဝ ချုပ်ငြိမ်းသည်၊ ပစ္စုပ္ပန် အကြောင်း ချုပ်ငြိမ်းလျှင် အနာဂတ် အကျိုးငါးပါး မဖြစ်ပေါ် လာတော့ဘဲ ပြတ်စဲ ချုပ်ငြိမ်းသည်။

အဝိဇ္ဇာရှိသော အကြောင်းငါးပါးကြောင့် ဝိညာဏ် အစရှိသော အကျိုး ငါးပါး ဆင်းရဲ တရား အစုသာ မပြတ်ဖြစ်လျက်ရှိသည်။

အဝိဇ္ဇာအစရှိသော အကြောင်းငါးပါး မရှိလျှင် ဝိညာဏ် အစရှိသော အကျိုး ငါးပါး ဆင်းရဲတရားအစု မဖြစ်ပေါ်လာ တော့ဘဲ ချုပ်ငြိမ်းပြတ်စဲသည်။

http://www.dhammadownload.com

အဲဒါဟာ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်စပ်ဖြစ်ပုံနှင့် ချုပ်ပြတ်ပုံအကျဉ်းချုပ်ပါပဲ၊ ဒါကြောင့် ဆက်စပ်ပုံကို ပြတဲ့ ဆောင်ပုဒ်ရှည်မှာ...

'အမှန်မသွား, အမှားမြင်ကာ, အဝိဇ္ဇာကြောင့်, ချမ်းသာ လိမ့်နိုး, ရည်မှော်ကိုးလျက်, သုံးမျိုးမှက်, ပြုစီမံ၍, ဝိညာဏ် တွယ်စပ်, နာမ်ရုပ်ကပ်လျက်, ၆-ရပ်အာယတန, ဖဿ ၆-ဖြာ, ဝေဒနာကြောင့်, တဏှာ ၆-တန်'လို့ ဝေဒနာကြောင့် တဏှာ ဖြစ်တတ်ကြောင်းကို ပြထားပါတယ်၊ နောက်ပြီးတော့ တဏှာ ဖြစ်မိလျှင် ဥပါဒါန်, ကဲဖြစ်ပြီး တစ်ဖန် ဘဝသစ် ဖြစ်တော့တာ ပဲ၊ ဒါကြောင့် 'တဏှာ ၆-တန်,ဥပါဒါန်နှင့်, ဖြစ်ရန် အကြောင်း ကဲဆင့်လောင်း၍, ဆိုးကောင်းဘဝ, ဖြစ်ရပြန်ရာ'လို့ ဆိုထား ပါတယ်၊ အဲဒီလို ဘဝအသစ် ဖြစ်မိပြန်ရင် အိုခြင်း, သေခြင်း အစရှိသော ဆင်းရဲအစုတွေ ဖြစ်တော့တာပဲ၊ ဒါကြောင့် 'ဆိုး ကောင်းဘဝ, ဖြစ်ရပြန်ရာ, အိုကာသေရေး, ပူအပြွေးနှင့်, ငိုကြွေး ကိုယ်နွမ်း, စိတ်မချမ်းမြ, ပူပန်ရသည်, လုံးဝဆင်းရဲစုသာ တည်း'လို့ ဆိုထား ပါတယ်။

ရှစ်လုံးမွှဲ.ဆောင်ပုဒ်များမှာလဲ နောက် ၂-ပုဒ်မှာ-

ခံစားသည့်တွက် တပ်မက်ခင်မင်၊
မည်သို့ပြုကြား ကောင်းစားမယ်ထင်။

ဝင်စားစွဲလမ်း ရော်ရမ်းပြုလျှင်၊
နောင်ဘဝ ဖြစ်ရ ဇာတိပင်။

ဘဝဇာတိ သူရှိပြန်လျှင်၊
အို, သေ, ပူပြွေး ငိုကြွေး ထို့ပြင်။

http://www.dhammadownload.com

ကိုယ်-စိတ်-ဆင်းရဲ ထန်သဲပူပင်၊
သို့ဖြစ်ရ လုံးဝဆင်းရဲပင်။
လို့ ဆိုထားပါတယ်။

အဲဒီလို အကြောင်းအကျိုး ဆက်စပ်ဖြစ်နေပုံကို သိရရင် အကျိုးဆင်းရဲတွေကို အလိုမရှိပါက သူ့ဆိုင်ရာအကြောင်းတွေ ငြိမ်းသွားအောင်ကျင့်ရမယ်ဆိုတာ သဘောပေါက်နိုင်ပါပြီ။ ဒါကြောင့် ဆင်းရဲငြိမ်းပုံကိုတော့ သီးခြားဆောင်ပုဒ်ဖြင့် မပြတော့ဘူး။

အလွှာ ၄-စု

နောက်ပြီးတော့ ယခုပြောခဲ့တဲ့အတိုင်း ပဋ္ဌိစ္စသမုပ္ပာဒ် ဒေသနာတော်မှာ အတိတ်အကြောင်းက တစ်စုတစ်ပုံ၊ ပစ္စုပ္ပန် အကျိုးက တစ်စုတစ်ပုံ၊ ပစ္စုပ္ပန်အကြောင်းက တစ်စုတစ်ပုံ။ အနာဂတ် အကျိုးက တစ်စုတစ်ပုံ-ဒီလို ၄-စု ၄-ပုံ ရှိပါတယ်၊ ပါဠိလို သင်္ခဟ ၄-ပါးလို့လဲ ခေါ်တယ်၊ သခေါ်ပ ၄-ပါးလို့ လဲခေါ်တယ်၊ အဲဒါကို အလွှာ ၄-ခုလို့လဲ ပြန်ဆိုကြ ခေါ်ဝေါ်ကြတယ်။

အဲဒီလို ၄-စု ၄-ပုံ ၄-လွှာဆိုတော့ အဆက်အစပ်က ၃-စပ် ရှိတယ်၊ အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန် အကျိုးကြားမှာ တစ်စပ်၊ သစ်ါရကြောင့် ဝိညာဏ် ဖြစ်တယ်ဆိုတဲ့ အစပ်ပါပဲ။ ပစ္စုပ္ပန် အကျိုးနဲ့ ပစ္စုပ္ပန် အကြောင်းကြားမှာ တစ်စပ်၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်ဆိုတဲ့ အစပ်ပါပဲ။ ပစ္စုပ္ပန် အကြောင်းနဲ့ အနာဂတ် အကျိုးကြားမှာ တစ်စပ်၊ ဘဝကြောင့် ဇာတိဖြစ်တယ်ဆိုတဲ့ အစပ်ပါပဲ။

အခြင်းအရာ သရုပ် ၂၀-ရှိတယ်

နောက်ပြီးတော့ အာကာရ ခေါ်တဲ့ အခြင်းအရာ သရုပ်က ၂၀-ရှိပါတယ်၊ အတိတ်အကြောင်းက ငါးပါး၊ ခုတင်က ပြောခဲ့တဲ့

http://www.dhammadownload.com

အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝ ဆိုတဲ့ ငါးပါး ပါပဲ။ ပစ္စုပ္ပန်အကျိုးက ငါးပါး၊ ဝိညာဏ် နာမ်ရုပ်၊ သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ငါးပါးပါပဲ။ ဒီ ၂-ရပ်ပေါင်း က ၁၀၊ နောက်ပြီးတော့ ပစ္စုပ္ပန်အကြောင်းနဲ့ အနာဂတ်အကျိုး များကလဲ ထို့အတူပင် ၅-ပါးစီ ၁၀-ဖြစ်ပါတယ်။ အကုန်လုံး ပေါင်းလိုက်ရင် အခြင်းအရာ သရုပ် ၂၀-ဖြစ်ပါတယ်။

ဝဋ်သုံးပါး လည်နေပုံ

နောက်ပြီးတော့ ဒီပဋိစ္စသမုပ္ပာဒ် ဒေသနာတော်မှာ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်-ဆိုတဲ့ ဝဋ်သုံးပါးလဲ ပါဝင်ပါ တယ်။ ရှေးဘဝက မြင်မှုကြားမှုစသည်ကို အမှန်အတိုင်း မသိဘဲ ချမ်းသာတွေ အကောင်းတွေလို့ တင်ခဲ့တာက အဝိဇ္ဇာ၊ အဲဒါတွေကို သာယာ နှစ်သက်ခဲ့တာက တဏှာ၊ စွဲလမ်းခဲ့တာက ဥပါဒါန်၊ ဒီသုံးပါးကို ကိလေသဝဋ်လို့ခေါ်တယ်။ အဲဒီ ကိလေသဝဋ်ဖြင့် အသိမှားပြီး သာယာစွဲလမ်းတဲ့အတွက် ချမ်း သာကောင်းစားအောင် ရည်ရွယ်ပြီး အားထုတ်ခဲ့တာက သင်္ခါရ၊ အမှုက် ပြီးမြောက်ခဲ့တာက ကမ္မဘဝ၊ ဒီသင်္ခါရနဲ့ ကမ္မဘဝကို ကမ္မဝဋ်လို့ခေါ်တယ်။ ဒီက၊ သင်္ခါရကြောင့် ပဋိသန္ဓေ ခဏမှ စပြီး ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ တရား ငါးပါးဟာ ခဏမစဲ မပြတ်ဖြစ်နေတယ်၊ အဲဒီ ငါးပါးကို ဝိပါကဝဋ်လို့ ခေါ်တယ်၊ ယခုမြင်လိုက် ကြားလိုက် စသည်ဖြင့် ဒွါရ ၆-ပါးက ထင်ရှားပေါ်နေတဲ့ တရားတွေပါပဲ။

အဲဒီ ဝိပါကဝဋ်တရားတွေကိုပင် ငါမြင်တယ်၊ ငါကြား တယ်၊ ငါတွေ့တယ်၊ ငါသိတယ်၊ ငါခံစားတယ်-စသည်ဖြင့် ထင်ပြန်တယ်၊ အဲဒါက အဝိဇ္ဇာပဲ။ အဲဒီလို ထင်တဲ့အတွက် သာယာနှစ်သက်ပြန်တယ်၊

http://www.dhammadownload.com

အဲဒါက တဏှာပဲ။ သာယာနှစ်သက် တော့ စွဲလမ်းတယ်၊ အဲဒါက ဥပါဒါန်ပဲ။ ဒီသုံးပါးက ယခု ဘဝမှာ ဝိပါကဝင်ဋ်ကိုမှီပြီး တစ်ပတ်လည်လာတဲ့ ကိလေသာဝင်ဋ် ပဲ။ အဲဒီလိုစွဲလမ်းတော့ အားထုတ်ပြန်တယ်၊ အားထုတ်တော့ အမှုကံပြီးမြောက်သွားပြန်တယ်၊ သခ်ါရနဲ့ကမ္မဘဝ ပါပဲ၊ ဒီ၂-ပါး က ကိလေသာဝင်ဋ်မှ တစ်ပတ်လည်လာတဲ့ ကမ္မဝင်ဋ်ပါပဲ အဲဒီကမ္မ ဘဝကြောင့် နောင်ဘဝမှာ ဇာတိပေါ်လာပြီး ဇရာ, မရဏ စသည်တွေဖြစ်ရတယ်၊ အဲဒါတွေကတော့ တရားကိုယ်အားဖြင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ဝိပါက ဝင်ဋ်တရားတွေ တစ်ပတ်လည်ပြီး ဖြစ်လာကြတာတွေပါပဲ၊ အဲဒီက နောက်လဲ ရှေးနည်းတူပဲ မြင်မှု,ကြားမှု အစရှိသော ဝိပါက ဝင်ဋ်ကိုမှီပြီး ကိလေသာဝင်ဋ်ဖြစ်မယ်၊ အဲဒီ ကိလေသာဝင်ဋ်ကြောင့် ကမ္မဝင်ဋ်ဖြစ်မယ်၊ အဲဒီကမ္မဝင်ဋ်ကြောင့် ဝိပါကဝင်ဋ်ဖြစ်မယ်၊ ဒီပုံ ဒီနည်းဖြင့် ကိလေသာ, ကံ, ဝိပါက်ဆိုတဲ့ ဝင်ဋ်သုံးပါးဟာ တပြန်စီ လည်ပြီး မပြတ်ဖြစ်နေပါတယ်။

အဲဒါတွေကို သံသရာဝင်ဋ်ဆင်းရဲလို့ ခေါ်တာပါပဲ။ အကြောင်း အကျိုး ရုပ်နာမ်ခန္ဓာတွေ မပြတ်ဆက်စပ်ပြီး ဖြစ်နေတာကို သံသရာ လို့ ခေါ်ပါတယ်၊ မြင်တာကို အမှန်အတိုင်း မသိရင် အဲဒါကိုမြဲတယ်၊ ချမ်းသာတယ်၊ ကောင်းတယ် စသည်ဖြင့် အထင်မှားတယ်၊ အဲဒါက အဝိဇ္ဇာပဲ၊ အထင်မှားတော့ သာယာနှစ်သက်တယ်၊ တဏှာပဲ၊ သာယာနှစ်သက်တော့ စွဲလမ်းတယ်-ဥပါဒါန်ပဲ၊ စွဲလမ်းတော့ အားထုတ်ပြုလုပ်တယ်၊ သခ်ါရနဲ့ ကမ္မဘဝပဲ၊ အဲဒီကမ္မဘဝကြောင့် ဇာတိဖြစ်တယ်၊ ဝိညာဏ် အစရှိသော အကျိုးငါးပါး ဝိပါကဝင်ဋ် တရားတွေပဲ၊ အဲဒါဟာ မြင်ရာကနေပြီး ရုပ်နာမ်ခန္ဓာအစဉ် သံသရာ လည်သွားပုံပါပဲ။ ထို့အတူပင် ကြားရာ, နံရာ, စားသိရာ, ထိသိရာ, ကြံသိရာတွေကလဲ သံသရာလည်သွားတယ်၊ ဒီပုံဒီနည်းဖြင့် သံသရာ

http://www.dhammadownload.com

လည်ပြီး ဝဋ်သုံးပါး ဆင်းရဲတွေ ဖြစ်နေရာမှာ အဲဒီ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရအောင်လို့ "သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ" စသည်ဖြင့် ဆိုပြီး ကုသိုလ်ကောင်းမှုတွေကို ပြုကြရတယ်။

သံသရာဝဋ်ဆင်းရဲပြတ်ပုံ

အဲဒီလိုပြုထားတဲ့ ဝိဝဋ္ဋနိဿိတကုသိုလ်ကံကြောင့် ယခုလို လူ့ဘဝကိုရတယ်၊ မြတ်စွာဘုရား ဟောတော်မူတဲ့ တရားတော်တွေကို ကြားနာ ရတယ်၊ အထူးအားဖြင့် သစ္စာ ၄-ပါးကို သိကြောင်းဖြစ်တဲ့ တရားကို ကြားနာရတယ်။ ဒီလို ကြားနာရတဲ့အတွက် မြင်ခိုက် ကြားခိုက်စသည်မှာ ရှုမှတ်ရတဲ့ ဝိပဿနာ အလုပ်ကို အားထုတ်ရတယ်။ အားထုတ်တော့ မြင်တိုင်း မြင်တိုင်း ရှုမှတ်ပြီး ဓဏမစဲဖြစ်ပျက်နေတဲ့ ရုပ်နဲ့နာမ် သဘောတရား မျှပဲဆိုတာကို အမှန်အတိုင်း သိတယ်၊ အဲဒါက ဝိပဿနာ ဝိဇ္ဇာ ဉာဏ်ပဲ၊ အဲဒီလို အမှန်အတိုင်းသိတော့ အသိမှား အဝိဇ္ဇာဖြစ်ခွင့်မရှိဘဲ တဒင်္ဂအားဖြင့် ကင်းသွားတယ်၊ အဝိဇ္ဇာ ကင်းတော့ သူ့နောက်လိုက်တဏှာနဲ့ ဥပါဒါန်လဲ ကင်းတယ်၊ ဥပါဒါန် ကင်းတော့ သခ်ါရနဲ့ ကမ္မဘဝလဲ ဖြစ်ခွင့်မရှိဘဲ ကင်းသွားတယ်၊ ကမ္မဘဝ ကင်းတော့ ဝိညာဏ်အစရှိသော အကျိုး ငါးပါး၏ ဖြစ်ပေါ်မှု ဇာတိလဲ ကင်းတယ်၊ ဇာတိကင်းတော့ ဇရာ မရဏစသည်လဲ ကင်းတယ်၊ အဲဒါဟာ မြင်ရာမှာ ရှုမှတ်ပြီး တဒင်္ဂအားဖြင့် သံသရာ ဝဋ်ဆင်းရဲ ချုပ်ငြိမ်း သွားပုံပါပဲ။ ထို့ အတူပင် ကြားရာစသည်မှာလဲ ရှုမှတ်ပြီး သံသရာဝဋ်ဆင်းရဲ ချုပ်ငြိမ်းပါတယ်၊ အဲဒီလို ရှုမှတ်မှုဖြင့် တဒင်္ဂ တဒင်္ဂ ချုပ်ငြိမ်း ပြီး ဝိပဿနာဉာဏ်ရင့်သန်ပြည့်စုံတဲ့အခါမှာ အရိယ မဂ်ဉာဏ်ဖြင့် သံသရာဝဋ်ဆင်းရဲတွေကို အကြွင်းမဲ့ ချုပ်ငြိမ်း စေနိုင်ပါတယ်။

http://www.dhammadownload.com

ကမ္မဝင်္ဂ ဝိပါကဝင်္ဂများဖြင့် ဥာဏ်ဖြစ်ပုံ

ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပုံကို ပြတဲ့ ဝိသုဒ္ဓိမဂ်(၃-၂၃၇)မှာ တော့ ကိလေသာ ဝဋ်ကိုလဲ ကံ၏အကူအညီ အဖော်သဟဲ ဖြစ်တဲ့အတွက် ကမ္မဝင်္ဂထဲမှာ ထည့်ပြီး ဆင်ခြင်ပုံကို ဒီလို ပြထားပါတယ်။

ဧကော၊ တစ်ဦးသောယောဂီသည်။ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ ဝသေန၊ ကမ္မဝင်္ဂ,ဝိပါကဝင်္ဂတို့၏ အစွမ်းအားဖြင့်။ နာမရူပသဿ ပစ္စယပရိဂ္ဂဟံ၊ နာမ်ရုပ်၏အကြောင်းသိမ်းဆည်းခြင်းကို။ ကရော တိ၊ ပြု၏ ။ ပ။ကျေတိ၊ ဤသို့။ ကမ္မဋ္ဌေ၀ ကမ္မဝိပါကောစ၊ကံနှင့် ကံ၏အကျိုးသာရှိသည်ဟူ၍ လည်းကောင်း။ ကမ္မဝဋ္ဋ ဝိပါက ဝဋ္ဋ၊ ကမ္မဝင်္ဂနှင့် ဝိပါကဝင်္ဂသာ ရှိသည်ဟူ၍ လည်းကောင်း။ ကမ္မပွ၀တ္တိဋ္ဌ၀ိပဝင်္ဂကပွ၀တ္တဋ္ဌ၊ ကံဖြစ်စဉ်နှင့် ဝိပါက်ဖြစ်စဉ်သာ ရှိသည်ဟူ၍လည်းကောင်း။ ကမ္မသန္တာ တိစ ဝိပါက သန္တာ တိစ၊ ကံအစဉ်နှင့် ဝိပါက်အစဉ်သာ ရှိသည်ဟူ၍ လည်းကောင်း။ ကိရိယာ စ ကိရိယာ ဖလဋ္ဌ၊ ပြုမှုနှင့် ပြုမှု၏အကျိုးသာ ရှိသည်ဟူ၍ လည်းကောင်း။ သမနုပဿတိ၊ ရှုမြင်၏-လို့ ပြပြီးတော့-

ကမ္မာ ဝိပါကာ ဝတ္ထန္တိ၊
ဝိပါကော ကမ္မသန္ဘ၀ေါ။
ကမ္မာ ပုနဗ္ဘ၀ေါ ဟောတိ၊
ဧ၀ं လောကော ပ၀တ္တတိတိ သမနုပဿတိ-

လို့လဲ ဆိုထားပါတယ်။

ကမ္မာ၊ ရှေးအကြောင်းကံကြောင့်။ ဝိပါကာ၊ အကျိုး ရုပ်နာမ်တို့သည် ယခု ပစ္စုပ္ပန်၌ ဖြစ်ကုန်၏ ။ ဝိပါကော၊ ယခု ဘ၀အကျိုး

http://www.dhammadownload.com

ရုပ်နာမ်သည်။ ကမ္မသမ္ဘာဝေါ။ ပစ္စုပ္ပန်ကံ၏ ဖြစ် ကြောင်းပေတည်း။ ဝါ၊ ပစ္စုပ္ပန်ကံကို ဖြစ်စေတတ်၏။ (သမ္ဘဝတိ ဇတေနာတိ သမ္ဘဝေါ၊ ကမ္မဿ သမ္ဘဝေါ ကမ္မသမ္ဘဝေါဟု ဝစနတ္ထပြု)ကမ္မာ၊ ပစ္စုပ္ပန်ကံကြောင့်။ ပုနဗ္ဘဝေါ၊ တစ်ဖန် ဘဝသစ်သည်။ ဟောတိ၊ ဖြစ်၏။ ဇဝံ၊ ဤပုံ ဤနည်းဖြင့်။ လောကော၊ လောကဟု ခေါ်သော ရုပ်နာမ်အစဉ် (သတ္တဝါ) သည်။ ပဝတ္တတိ၊ အဆက်ဆက်မပြတ် ဖြစ်နေ၏။ ဣတိ၊ ဤသို့။ သမနုပဿတိ၊ ရှုမြင်၏–တဲ့။

ရှေးက်ကြောင့် ပစ္စုပ္ပန်ဘဝ ရုပ်နာမ်အကျိုးတရားတွေ ဖြစ်နေတယ်၊ ယခုမြင်လိုက်, ကြားလိုက်စသည်ဖြင့် မပြတ် ဖြစ်နေတာကို ဆိုတာပါပဲ၊ မြင်မှု, ကြားမှု အစရှိသော ပစ္စုပ္ပန်အကျိုး ရုပ်နာမ်ကြောင့် ကိလေသာဝဋ်နှင့်တကွ ကံဖြစ်လာတယ်၊ အဲဒီ ကံကြောင့် တစ်ဖန် ဘဝသစ်ဖြစ်တယ်၊ ဒီပုံဒီနည်းဖြင့် ကံနှင့် အကျိုးတရား တစ်ပြန်စီလည်ပြီး လောက, သတ္တဝါလို့ ခေါ်တဲ့ ရုပ်နာမ် အစဉ်မပြတ်ဖြစ်နေတယ်လို့ တစ်ဦးသော ယောဂိက ဒီလို သိမြင်သဘောကျပါသတဲ့၊ အဲဒီလို သိမြင်သဘောကျလျှင် ပစ္စယ ပရိဂ္ဂဟဉာဏ်လဲ ပြည့်စုံတယ်ကခ်ါ ဝိတရကာဝိသုဒ္ဓိလဲ ပြီးစီး တယ်လို့ ဝိသုဒ္ဓိမဂ်မှာ ဆိုထားပါတယ်၊ အဲဒါ အကျယ်ချဲ့ချင်တဲ့ ပညာရှိတွေ အထူးသတိပြုစရာပါပဲ။

ကဲ–ဝိသုဒ္ဓိမဂ် ပြဆိုပုံကို လိုက်ဆိုကြရမယ်–

ရှေ့ကက်ကြောင့် ယခုဘဝအကျိုး ရုပ်နာမ်မပြတ် ဖြစ်နေသည်။ ယခုဘဝ အကျိုးရုပ်နာမ်ကြောင့် ကုသိုလ် က၊ အကုသိုလ်ကံ ဖြစ်ပြန်သည်၊ အဲဒီကံကြောင့် ဘဝအသစ် နောင်တစ်ဖန် ဖြစ်မည်။ ဒီပုံ ဒီနည်းဖြင့် ကံနှင့် အကျိုး တစ်ပြန်စီလည်လျက်

http://www.dhammadownload.com

မပြတ်ဖြစ်နေသည်။ ဒီလို သိလျှင် ပစ္စယာပရိဂ္ဂဟဉာဏ် ပြည့်စုံသည်၊ ကခ်ါဝိတရဏာ ဝိသုဒ္ဓိလဲ ပြီးစီးသည်။

နည်းလေးပါး

ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်နှင့် စပ်ပြီး မှတ်ဖွယ် တွေလဲ တော်တော်စုံသွားပါပြီ၊ ဂန္ဓိရတာ–ဆိုတဲ့ နက်နဲခြင်း လေးပါး အကြောင်းကတော့ စတုတ္ထပိုင်း(ပထမတွဲ ၂၀၁)တုန်းက ပြောခဲ့ပါပြီ။ ယခု နည်းလေးပါးကို ပြောရမယ်။ နည်း လေးပါး ဆိုတာက ဇကတ္တနည်း, နာနတ္တနည်း, အဗျာပါရနည်း, ဇဝံဓမ္မတာနည်းဆိုတဲ့ ဒီတရား လေးပါးပါပဲ။

ဇကတ္တနည်း

ဇကတ္တနည်းဆိုတာ အဝိဇ္ဇာကြောင့် သခ်ါရတို့ဖြစ်ကြသည်။ သခ်ါရကြောင့် ဘဝသစ် ဝိညာဏ် ဖြစ်သည်–စသည်ဖြင့် အကြောင်းအကျိုး ဆက်စပ်ပြီး ပြထားရာမှာ အဝိဇ္ဇာ သခ်ါရ အစ ရှိသော အကြောင်းဖြစ်နေစဉ်မှာတစ်ယောက်၊ သခ်ါရဝိညာဏ် အစ ရှိသော အကျိုးဖြစ်နေစဉ်မှာ တစ်ယောက်လို့ ဒီလို စင်စစ် အားဖြင့် ကွဲပြား တယ်လို့ မယူရဘူး၊ အဲဒီလိုယူရင် ဘဝ ဟောင်းမှာ ကံကို ပြုတဲ့သူက တစ်ယောက်၊ ဘဝသစ်မှာဖြစ်ပြီး ကောင်းကျိုး ဆိုးပြစ်ကို ခံစားရတဲ့သူကတစ်ယောက်လို့ ယူရလိမ့်မယ်၊ ဒီလိုယူတော့ ကံပြုတဲ့သူ သေတဲ့အခါ လုံးလုံး ပျောက်သွားတယ်–လို့ ယူတဲ့ အတွက် ဥစ္ဆေဒ ဒိဋ္ဌိဖြစ်တယ်။ ဒါကြောင့် အဲဒီလို မယူဘဲ သရက်စေ့က

http://www.dhammadownload.com

သရက်ညောက်၊ အဲဒီ သရက်ညောက်က သရက်ပင်ကလေး၊ အဲဒီ သရက်ပင်ကလေးက သရက်ပင်ကြီး ဖြစ်လာရာမှာ အကြောင်းနဲ့ အကျိုးဟာ တစ်ဆက်တည်း တစ်သန္တာန်တည်း ဖြစ်တဲ့အတွက် ဒီအစေ့ကဘဲ ဒီအပင်ကလေးဖြစ်လာတယ်၊ ဒီ အပင်ကလေးကဘဲ ဒီအပင်ကြီး ဖြစ်လာတယ်၊ ဒီအစေ့ ဒီအပင်ကလေးနဲ့ ဒီအပင်ကြီးဟာ တစ်ခုတည်းပဲ တစ်ပင်တည်းပဲ–လို့ ဆိုရ ယူရသလို အဝိဇ္ဇာ သခ်ါရ ဝိညာဏ် အစရှိသော အကြောင်းအကျိုး အဆက်ဆက်တွေဟာ တစ်ဆက်တည်း, တစ်စဉ်တည်း, တစ်သန္တာန်တည်းဖြစ်တဲ့အတွက် အဝိဇ္ဇာ ဖြစ်နေတာလဲ ဒီပုဂ္ဂိုလ်ပဲ၊ သခ်ါရကဲ့ကို ပြုလုပ်နေတာလဲ ဒီပုဂ္ဂိုလ်ပဲ၊ ဘဝသစ် ဝိညာဏ် ဖြစ်နေတာလဲ ဒီပုဂ္ဂိုလ်ပဲ၊ တစ်ဦးတည်း, တစ်ယောက်တည်းပဲ–လို့ ဆိုရယူရပါတယ်။ အရှင် ဒေဝဒတ် သံဃာဘေဒက ကဲ့ကြောင့် အဝီစီ ငရဲကျသွားတယ်၊ အဇာတသတ်မင်း ပိတုဃာတက ကဲ့ကြောင့် လောဟကုမ္ဘီငရဲကျသွားတယ်၊ ဗိမ္ဗိသာရမင်း ကုသိုလ်ကဲ့ကြောင့် ဇနဝသဘမည်သော နတ်ဖြစ်ရတယ်၊ အနာထပိဏ် သူဌေးကြီးတုသိတာ နတ်ပြည်ရောက်ရတယ်၊ ဝိသာခါ နိမ္မာနရတီ နတ်ပြည်ရောက်ရတယ်၊ အနာဂါမ်ဖြစ်တဲ့ ဥဂ္ဂါသူကြွယ် သုဒ္ဓါဝါသဗြဟ္မာ့ပြည် ရောက်ရတယ် စသည်ဖြင့် ပြောဆိုရတာတွေ ဟာ ဒီဇကတ္တနည်းအရ ပြောရတာပဲ။ ယခု ပြောခဲ့တဲ့အတိုင်း ဘဝပင်ခြားနေသော်လဲ အကြောင်းအကျိုး တစ်ဆက်တည်း တစ်သန္တာန်တည်းဖြစ်တဲ့အတွက် တစ်ယောက်တည်းပဲ–လို့ ယူရ တဲ့ ဇကတ္တနည်းကို အမှန်အတိုင်း သိမြင်လျှင် သေပြီးတဲ့နောက် ဘာမျှ မရှိတော့ဘူး–လို့ ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိကင်းတယ်၊ တစ်ဘဝမှ တစ်ဘဝသို့ အကောင်လိုက် ပြောင်းရွှေ့ သွားတယ်လို့ မှားယွင်းစွာ ယူလျှင်တော့ သဿတဒိဋ္ဌိဖြစ်တယ်။ အဲဒါကို သာတိမည်တဲ့ ရဟန်း၏ ဝတ္ထုဖြင့် သိနိုင်ပါတယ်။

http://www.dhammadownload.com

သာတိရဟန်းဝတ္ထု

မြတ်စွာဘုရား လက်ထက်တော်ကာလက သာတိဆိုတဲ့ရဟန်းမှာ ဒီလို မိစ္ဆာအယူ ဖြစ်နေတယ်၊ သူ ယူဆပုံကတော့ ဒီလိုတဲ့-

ယထာ၊ အကြင်အခြင်းအရာဖြင့်။ တဒေဝ၊ ဟိုရှေးက ရှိခဲ့သည့် ဝိညာဏ်သာလျှင် ဖြစ်သော။ ဣဒံ ဝိညာဏံ၊ ယခုလက်ရှိ ဤ ဝိညာဏ်သည်။ သန္ဓာဝတိ သံသရတိ၊ တစ်ဘဝမှ တစ်ဘဝသို့ ပြေးလွှားကျင်လည်၏။ အနည်း၊ ရှေးကရှိခဲ့သည့် ဝိညာဏ်မှ တခြားတပါးမဟုတ်။ တထာ၊ ထိုအခြင်းအရာဖြင့်။ ဘဂဝတာ ဓမ္မံ ဒေသိတံ၊ မြတ်စွာဘုရား၊ ဟောအပ်သည့် တရားကို။ အဟံ အာဇာနာမိ၊ ငါသိ၏၊ သဘောပေါက်၏-လို့ ဒီလို ယူဆ ပြောဆို နေပါသတဲ့။

အဲဒီ ရဟန်းက ဇာတ်, နိပါတ်, ဝတ္ထုတွေကို လေ့လာနေတော့ ဘူရိဒတ်နဂါးမင်းက ဘုရားဖြစ်လာတယ်၊ ဆဒ္ဒန်ဆင်မင်းက ဘုရားဖြစ်လာတယ်၊ တေမိမင်းသားက ဘုရားဖြစ်လာတယ်၊ နေမိမင်းကြီးက ဘုရားဖြစ်လာတယ်၊ မဟောသဓ ပညာရှိက ဘုရားဖြစ်လာတယ်၊ နာရဒဗြဟ္မာကြီးက ဘုရားဖြစ်လာတယ်၊ ဝေဿန္တရာမင်းက ဘုရားဖြစ်လာတယ်-စသည်ဖြင့် ဇာတ်ပေါင်းခန်းတွေကို ကြားရတဲ့အခါ ဘုရားအလောင်းရဲ့ ရုပ်ကိုယ်ကြီးတွေကတော့ ထိုထို ဘဝတွင်ပဲ ပျက်စီးသွားတယ်၊ ဒါကြောင့် ဘုရားအလောင်းရဲ့ နောက်ဆုံးဘဝမှာ ရှေးကဖြစ်ခဲ့ဖူးတဲ့ နဂါး ရုပ်, ဆင်ရုပ်, ငှက်ရုပ်, တေမိ, နေမိမင်း စသည်တို့၏ လူရုပ်, နတ်ဗြဟ္မာရုပ်ဆိုတာတွေ ဘာတစ်ခုမျှ မပါလာဘူး၊ နောက်ဆုံး ဘဝအထိ မပျက်စီးဘဲ ပါလာတာကတော့ စိတ်ဝိညာဏ်ကလေးပဲ၊ ဒီစိတ်ဝိညာဏ်ကလေးသည်ပင်လျှင် တစ်ရဲ

http://www.dhammadownload.com

တစ်ခါ နဂါး, ဆင်စသော တိရစ္ဆာန်ဘဝ တိရစ္ဆာန်ရုပ်ကိုယ်ထဲမှာ ဖြစ်ခဲ့တယ်၊ တစ်ခါ တစ်ရံ တေမိမင်းသားစသော လူ့ရုပ်ကိုယ်ထဲမှာ ဖြစ် ခဲ့တယ်၊ တစ်ခါ တစ်ရံ နတ်ရုပ်ကိုယ် ဗြဟ္မာ့ရုပ်ကိုယ်ထဲမှာ ဖြစ် ခဲ့တယ်၊ ဘဝဟောင်း ရုပ်ကိုယ်က ပျက်သွားရင် ဘဝသစ် ရုပ် ကိုယ်ထဲမှာ ပြောင်းရွှေ့, ပြောင်းရွှေ့ပြီး ဖြစ်လာခဲ့တယ်၊ ဒီ ဝိညာဏ်ကတော့ ဘယ်တော့မှ မပျက်စီးဘူး၊ အခြား ပုဂ္ဂိုလ် တွေမှာလဲ ဒီနည်းအတိုင်းပဲ၊ ဘဝတိုင်း, ဘဝတိုင်း ရုပ်ကိုယ်သာ ပျက်စီးတယ်၊ ဒီစိတ်ဝိညာဏ်ကတော့ မပျက်စီးဘူး၊ ဘဝဟောင်းက ရုပ်ကိုယ် ပျက်စီးသွားရင် ဘဝသစ် ရုပ်ကိုယ်ထဲမှာ ပြောင်းပြောင်းပြီး ဖြစ်နေတယ်လို့ သူက ဒီလို ယူဆပြီး ပြောဆိုနေပါတယ်။

မြတ်စွာဘုရားက ဇာတ်ပေါင်းပြီး ဟောတာကတော့ ယခု ပြောနေတဲ့ ဇကတ္တနည်းအရဖြင့် ဟောခြင်းဖြစ်ပါတယ်၊ ရှေးရှေး ဘဝ ကိလေသာ ကံအကြောင်းတရားနဲ့ နောက်နောင် ဘဝမှာ ဖြစ်တဲ့ အကျိုးဝိပါက် ရုပ်နာမ်တွေဟာ အကြောင်း အကျိုး တစ်ဆက်တည်း, တစ်စဉ်တည်း, တစ်သန္တာန်တည်း ဖြစ်တဲ့ အတွက် တစ်ယောက်တည်းအနေဖြင့် ဟောကြားခြင်း ဖြစ်ပါ တယ်၊ ရှေးဘဝ စိတ်ဝိညာဏ်ဖြစ်စေ, အခြားတရားဖြစ်စေ နောက်ဘဝသို့ အခြေမပျက် ပြောင်းရွှေ့လာတာရယ်လို့ မရှိပါဘူး၊ ထိုထိုဘဝ, ထိုထိုခဏမှာ ပျက်သွားရတာချည်းပါပဲ၊ ဒါပေမယ့် ရှေးရှေး စိတ်နဲ့ နောက်နောက်စိတ်၊ ရှေးရှေးရုပ်နဲ့ နောက်နောက် ရုပ်အကြောင်းအကျိုး ဆက်စပ်ပြီး တစ်သန္တာန်တည်းမှာ ဖြစ်နေတဲ့ အတွက် ဒီ ဇကတ္တနည်းအရဖြင့် တေမိ, နေမိ, ဘူရိဒတ် စသော ရှေးရှေးဘဝတွေမှာ နောက်ဆုံးသိဒ္ဓတ္ထ မင်းသား ဘဝသို့ ရောက်လာ ကြောင်း ဟောထားခြင်း ဖြစ်ပါ တယ်။ ဒါကြောင့် မြတ်စွာဘုရားက

http://www.dhammadownload.com

သာတိရဟန်းကို မေးစစ် ပြီးသောအခါ စိတ်ဝိညာဏ်ဟာ အကြောင်းကို စွဲမှီ၍ဖြစ်သော ပဋ္ဌိစ္စသမုပ္ပါဒ်တရား ဖြစ်ကြောင်း၊ အကြောင်းမရှိလျှင် စိတ် ဝိညာဏ် မဖြစ်နိုင်တဲ့ အကြောင်းများကို ဒီလိုလဲ ဟောတော်မူ ပါတယ်။

ရဟန်းတို့...ဥပမာပြရလျှင် မီးစာတစ်စုံကို စွဲမှီ၍ မီးတောက် လောင်နေလျှင် ထိုမီးကို ထိုထိုစွဲမှီရာ မီးစာဖြင့် ခေါ်ရ၏ ထင်းကို စွဲမှီ၍ တောက်လောင်နေလျှင် ထင်းမီးဟု ခေါ်ရ၏။ ဝါးခြမ်းစိတ်ကို စွဲမှီ၍ တောက်လောင်နေလျှင် ဝါးခြမ်းစိတ် မီးဟု ခေါ်ရ၏။ မြက်ကိုစွဲမှီ၍ တောက်လောင်နေလျှင် မြက်မီးဟု ခေါ်ရ၏ နွားချေး ခြောက်ကို စွဲမှီ၍ တောက်လောင်နေလျှင် နွားချေးခြောက်မီးဟု ခေါ်ရ၏။ ဖွဲကိုစွဲမှီ၍ တောက်လောင်နေ လျှင် ဖွဲမီးဟုခေါ်ရ၏။ အမှိုက်ကို စွဲမှီ၍ တောက်လောင် နေလျှင် အမှိုက်မီးဟု ခေါ်ရ၏။ ဤအတူပင်လျှင် တစ်စုံတစ်ခုသော အကြောင်းကို စွဲမှီ၍ ဝိညာဏ် ဖြစ်လျှင် ထိုဝိညာဏ်ကို ထိုထို စွဲမိရာ အကြောင်းဖြင့် ခေါ်ရ၏။ မျက်စိနှင့်အဆင်းတို့ကို စွဲမှီ၍ ဝိညာဏ်ဖြစ်လျှင် စက္ခုဝိညာဏ်= မြင်သိမှုဟု ခေါ်ရ၏။ နားနှင့် အသံတို့ကို စွဲမှီ၍ ဝိညာဏ်ဖြစ်လျှင် သောတဝိညာဏ်=ကြားသိ မှုဟု ခေါ်ရ၏၊ နှာခေါင်းနှင့် အနံ့တို့ကို စွဲမှီ၍ ဝိညာဏ် ဖြစ် လျှင် ဃာနဝိညာဏ် = နံသိမှုဟု ခေါ်ရ၏၊ လျှာနှင့် အရသာ တို့ကို စွဲမှီ၍ ဝိညာဏ်ဖြစ်လျှင် ဇိဝှာဝိညာဏ်=အရသာ သိမှုဟု ခေါ်ရ၏။ ကိုယ်နှင့်အတွေ့သဘောတို့ကို စွဲမှီ၍ ဝိညာဏ် ဖြစ်လျှင် ကာယဝိညာဏ်= ထိသိမှုဟု ခေါ်ရ၏။ နှလုံးနှင့် သဘောအာရုံ တို့ကို စွဲမှီ၍ ဝိညာဏ်ဖြစ်လျှင် မနောဝိညာဏ် = ကြံသိမှုဟု ခေါ်ရ၏။ (ဤ၌ စက္ခုဝိညာဏ်စသည်တို့ကို မျက်စိအသိ ဟူ၍ လည်းကောင်း, မြင်သိစိတ်ဟူ၍ လည်ကောင်း ဤသို့ စသည်ဖြင့် လည်း ပြန်ဆိုနိုင်ပါသည်။)

http://www.dhammadownload.com

အထက်ပါ ဥပမာ ဥပမေယျတို့ဖြင့် ဒီလို သိစေလိုပါတယ်၊ မီးသည် ထင်းကိုစွဲလောင်နေစဉ် ထင်းမီးဟု ခေါ်ရသည်။ ထို မီးသည်ပင်လျှင် ဝါးခြမ်းစိတ်ကို ကူးစက်ပြီး လောင်သောအခါ ထင်မီး မဟုတ်တော့ပေ။ ဝါးခြမ်းစိတ် မီးအသစ်သာ ဖြစ်သည်၊ အဲဒီက တစ်ဖန် မြက်စသည်ကို ကူးစက်လောင်သွားသော အခါများ၌လည်း ဝါးခြမ်းစိတ်မီး မဟုတ်တော့ပေ၊ မြက်မီး စသည်သာ ဖြစ်သွားသည်။ ထို့အတူပင် အသိစိတ် သည်လည်း မျက်စိကိုမှီ၍ အဆင်းကိုမြင်သောအခါ အဲဒီစိတ်ကို စက္ခုဝိညာဏ်စိတ်, မျက်စိ အသိစိတ်, မြင်သိစိတ်ဟု ခေါ်ရသည်။ နားကိုမှီ၍ အသံကို ကြားသိသောအခါ မြင်သိစိတ် မဟုတ်တော့ပေ၊ ကြားသိစိတ် အသစ်သာဖြစ်သည်၊ နှာခေါင်းကိုမှီ၍ အနံ့ကို နံ့သိသောအခါ ကြားသိစိတ် မဟုတ်တော့ပေ၊ နံ့သိစိတ် အသစ်သာ ဖြစ်သည်၊ လျှာကိုမှီ၏ အရသာကို သိသောအခါ နံ့သိစိတ် မဟုတ်တော့ပေ၊ အရသာသိစိတ် အသစ်သာ ဖြစ်သည်၊ ကိုယ် အကြည်ကို မှီ၍ အတွေ့ အာရုံကို ထိသိသောအခါ အရသာ သိစိတ် မဟုတ်တော့ပေ၊ ထိသိစိတ် အသစ်သာ ဖြစ် သည်။ နှလုံးကို မှီ၍ စိတ်ကူး အာရုံကို ကြံသိသောအခါ ထိသိ စိတ် မဟုတ်တော့ပေ၊ ကြံသိစိတ် အသစ်သာ ဖြစ်သည်။ ဒီလို ဒွါရ အာရုံ ပြောင်းတိုင်း ပြောင်းတိုင်း စိတ်အသစ် အသစ်သာ ဖြစ်ကြောင်း သိစေလိုပါတယ်။ ထို့ပြင် ဒွါရ အာရုံ တူလျက် အထပ်ထပ်ဖြစ်သော စိတ်များကိုလဲ နည်းတူပင် အသစ် အသစ် ဖြစ်ကြောင်း သိစေလိုပါတယ်။ ယခု ပြောခဲ့တာဟာ ဧကတ္တ နည်းနှင့်စပ်ပြီး မှန်စွာ သိမြင်လျှင် ဥစ္ဆေဒဒိဋ္ဌိ ကင်းကြောင်း မှားယွင်းစွာ သိမြင်လျှင် သဿတဒိဋ္ဌိ ဖြစ်တတ်ကြောင်းကို ပြဆိုချက် ဖြစ်ပါတယ်။

http://www.dhammadownload.com

နာနတ္တနည်း

အဝိဇ္ဇာသည် သခ်ါရဖြစ်ကြောင်း သဘောတရား တစ်ခု ဖြစ်သည်။ သခ်ါရသည် ဘဝသစ်ဝိညာဏ်ဖြစ်ကြောင်း သဘော တရား တစ်ခုဖြစ်သည် စသည်ဖြင့် အဝိဇ္ဇာ သခ်ါရ အစရှိသော တရားတို့၏ သဘောလက္ခဏာတွေ အသီးသီး ကွဲပြားခြင်းကို နာနတ္တနည်းလို့ ခေါ်ပါတယ်။ ဒီနာနတ္တနည်းကို အမှန်အတိုင်း သိမြင် သဘောပေါက်လျှင် အဝိဇ္ဇာ အစရှိသော အကြောင်းတရားကြောင့် သခ်ါရ အစရှိသော အကျိုးတရား အသစ်အသစ်ဖြစ်ပေါ်နေသည်ကို မြင်ရတဲ့ အတွက် တစ်ယောက် တစ်ကိုယ်တည်း အမြဲတမ်း တည်နေတယ်လို့ ယူတဲ့ သဿတဒိဋ္ဌိ ကင်းတယ်၊ အထူးအားဖြင့် ရှေးဘဝက် သခ်ါရ ဆိုတဲ့ အကြောင်းကြောင့် ယခုဘဝမှာ ပဋိသန္ဓေ ဝိညာဏ်အစရှိသော အကျိုးတရားအသစ်တွေ ဖြစ်နေတယ်၊ ယခုဘဝ ကမ္မဘဝကြောင့် နောင်ဘဝမှာ ဇာတိအစရှိသော အကျိုးတရားအသစ်တွေ ဖြစ်သွားမယ်ဆိုတာကို သဘောပေါက်လျှင် "ရှေးဘဝမှ ငါကောင်ကပင် ဒီဘဝရောက်လာတယ် ဒီဘဝမှ ငါကောင်ကပင် နောင်ဘဝကို ပြောင်းသွားမယ်" စသည်ဖြင့်ယူတဲ့ သဿတဒိဋ္ဌိဟာ ဖြစ်ခွင့် မရှိတော့ဘူး ကင်းဝေးသွားတယ်၊ ဒီနာနတ္တ နည်းကို မှားယွင်းစွာ မြင်လျှင်တော့ အကြောင်းအကျိုး ရုပ်နာမ် အစဉ် တစ်ဆက်တည်း ဖြစ်ပါလျက် အဝိဇ္ဇာ ဖြစ်နေတာက တစ် ယောက်၊ သခ်ါရဖြစ်နေတာက တစ်ယောက်၊ ဘဝသစ်ဝိညာဏ်ဖြစ်နေတာက တစ်ယောက် စသည်ဖြင့် သန္တာန်ကွဲရာမှာ ယူသကဲ့သို့ ယူတဲ့အတွက် ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်၊ အထူးအားဖြင့် ရှေ့ဘဝမှာ ကံပြုခဲ့သူက တစ်ယောက်စသည်ဖြင့် ရုပ်နာမ်အစဉ် သန္တာန်ကွဲရာမှာလိုပင်ယူလျှင် ဧကတ္တနည်းမှာ ပြောခဲ့ သလိုပဲ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တယ်။

http://www.dhammadownload.com

ဒါကြောင့် အဝိဇ္ဇာအစရှိသော အကြောင်းတရားနဲ့ သင်္ခါရ အစရှိသော အကျိုးတရားဟာ စင်စစ် ကွဲပြားတယ်၊ တခြားစီပဲ ဘာမျှမဆိုင်ဘူးလို့ ဒီလိုလဲမယူရဘူး၊ အဝိဇ္ဇာကပဲ သင်္ခါရ ဖြစ်လာတယ်၊ သင်္ခါရကပဲ ဘဝသစ် ဝိညာဏ်ဖြစ်လာတယ် စသည်ဖြင့် တစ်သားတည်း တစ်ယောက်တည်း တစ်ကိုယ်တည်း စင် စစ်တူနေတယ်လို့လဲ မယူရဘူး၊ အထူးအားဖြင့် ရှေးဘဝက အဝိဇ္ဇာ သင်္ခါရတွေကပဲ ယခုဘဝ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတွေ ဖြစ်လာတယ် ရှေးဘဝမှာ အဝိဇ္ဇာ သင်္ခါရ ဖြစ်စဉ်ကလဲ ငါပဲ၊ ယခုဘဝမှာ ဝိညာဏ် နာမ်ရုပ် စသည်ဖြစ်နေတာလဲ ငါပဲ၊ ယခုဘဝမှာ တဏှာ ဥပါဒါန် ကမ္မဘဝဖြစ်နေတာလဲ ငါပဲ၊ ဒီ ငါကပဲ နောင်ဘဝမှာ ဖြစ်သွားမယ်လို့ တစ်ယောက်တည်း တစ်ကိုယ်တည်းအနေနဲ့ မယူ ရဘူး၊ သို့သော် အကြောင်းကတခြား၊ အကျိုးကတခြား၊ ရှေး ဘဝက အကြောင်းဖြစ်စဉ်က တစ်ယောက်၊ ယခု ဘဝအကျိုး ဖြစ်နေတာက တစ်ယောက်လို့ ဒီလိုအဆက်အစပ် မရှိဘဲ ကွဲပြားတဲ့အနေနဲ့လဲ မယူရဘူး။

အမှန်ယူသင့်တာကတော့ ရှေးဘဝက အကြောင်းကြောင့် ယခုဘဝမှာ ဝိညာဏ် နာမ်ရုပ်စသော အကျိုးတရားတွေ အဆက်မပြတ် ဖြစ်နေတယ်၊ ဒါကြောင့် ရှေးဘဝက အကြောင်း ရုပ် နာမ် အစဉ်နှင့် ယခုဘဝအကျိုး ရုပ်နာမ်အစဉ်ဟာ တစ်ဆက်တည်း တစ်သန္တာန်တည်း ဖြစ်နေတဲ့အတွက် ဇကတ္တ နည်းအရ အားဖြင့် တစ်ယောက်တည်းပဲလို့ ဆိုရတယ်၊ ဒီလို ယူတာဟာ ကဲ, ကဲ၏ အကျိုးပေးပုံကို ပြရာမှာ ကျေးဇူးများပါတယ်။ ဒါပေမယ့် ရှေးဘဝက ရုပ်နာမ်ဖြစ်စေ, ငါကောင်ဖြစ်စေ ဒီဘဝကို ပြောင်းလာတယ်လို့တော့ မယူရဘူး၊ ရှေးဘဝက ဖြစ်ခဲ့တဲ့ ရုပ်နာမ်တွေက ရှေးဘဝတွင်လဲ ချုပ်ခဲ့ပြီ၊

http://www.dhammadownload.com

ရှေးက၏ အစွမ်းကြောင့် ယခုဘဝမှာ ရုပ်နာမ်အသစ်များသာ ဖြစ်ပေါ် နေတယ် လို့ ယူရပါတယ် ဒါက နာနတ္တ နည်းအရအားဖြင့် ယူပုံပဲ၊ ဒီနာနတ္တနည်းအရ ယူပုံဟာလဲ ဝိပဿနာ အရာမှာ အလွန် ကျေးဇူးများပါတယ်။

ဖြစ်ခိုက် ရုပ်နာမ်တွေကို မပြတ်လိုက်ပြီး ရှုမှတ်နေတဲ့ ယောဂီ မှာတော့ ဒီ ဧကတ္တနည်းနဲ့ နာနတ္တနည်းဟာ ထင်ရှားနေပါ တယ်။ ဘယ်လိုလဲဆိုလျှင် မြင်ရတဲ့အာရုံ, ကြားရတဲ့ အာရုံ စသည်နဲ့ စပ်ပြီး မရှုမိတဲ့အခါ ကောင်းတယ်လို့ ထင်သွားတာလဲ ရှိပါတယ်၊ ကောင်းတယ် ထင်လို့ နှစ်သက် သွားတာလဲ ရှိပါတယ်၊ နှစ်သက်လို့ စွဲလမ်းတာ, ရအောင် အားထုတ်တာလဲ ရှိပါတယ်၊ အဲဒီလို ဖြစ် သွားတာတွေကို ရှုမှတ်ပြီးတော့ "ကောင်းတယ်ထင်လို့ နှစ်သက် တယ်"ဆိုတာကိုလဲ သိပါ တယ်၊ အဝိဇ္ဇာကြောင့် တဏှာဖြစ်ပုံကို သိတာပါပဲ။ "နှစ်သက် လို့ စွဲလမ်းတယ်၊ စွဲလမ်းလို့ အားထုတ်တယ်" ဆိုတာတွေကိုလဲ သိတယ်၊ အဲဒါတွေဟာ တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ, ဥပါဒါန်ကြောင့် သခ်ါရ, ဘဝဖြစ်ပုံတွေကို သိတာပါပဲ။ အဲဒီ တော့ သူ့ဆိုင်ရာ ဆိုင်ရာ အကြောင်းကြောင့် သူ့ဆိုင်ရာ ဆိုင်ရာ အကျိုးတွေ အဆက်ဆက် ဖြစ်နေတာကို တွေ့ရတဲ့အတွက် အကြောင်းအကျိုး အစဉ်အားဖြင့် တစ်ဆက်တည်းပဲ တစ်စဉ်တည်းပဲ တစ်သန္တာန်တည်းပဲလို့ သိရပါတယ်၊ ဒါဟာ ရှုမှတ်နေရင်း ဧကတ္တ နည်းကို သိပုံပါပဲ။ ဒါကြောင့် ဝိသုဒ္ဓိမဂ် (၃-၂၆၈)မှာ ဒီလို ဆိုထား ပါတယ်။

ပစ္စယတော၊ အကြောင်းအားဖြင့်။ ဝါ၊ အကြောင်းကြောင့်။ ဥဒယဒဿနေန၊ ဖြစ်ခြင်းကိုမြင်သဖြင့်။ အသ၊ အဖြစ်အပျက် ကို ရှုမြင်နေသော ထိုယောဂီအား။ ဧကတ္တနယော၊ ဧကတ္တ နည်းသည်။

http://www.dhammadownload.com

ပါကရော်ဟောတိ၊ ထင်ရှား၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူ။ ဟေတုဖလသမ္ဘန္ဓေန၊ အကြောင်းနှင့်အကျိုး ဆက်စပ်သောအားဖြင့်။ သန္ဓာနသ၊ ရုပ်နာမ်အစဉ်သန္ဓာန်၏။ အနုပဗ္ဗေဒါ၀ဟောဝတော၊ မပြတ်စဲခြင်းကို သဘောပေါက် သိမြင်သောကြောင့်ပေတည်း။ အထ၊ ထိုသို့ သိမြင်သောအခါ ၌၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိကို။ သုဒ္ဓတရံ ပဇဟတိ၊ သာ၍ ကောင်းစွာပယ်၏။ (ဒိဋ္ဌိ၀ိသုဒ္ဓိဖြင့် အကြမ်းစား ဒိဋ္ဌိကိုပယ်ခဲ့ တယ်၊ ယခု ဒီ ဥဒယဗ္ဗယ ဉာဏ်အရာမှာတော့ သိမ်မွေ့တဲ့ ဒိဋ္ဌိကို ထပ်ပြီး ပယ်တယ်၊ ဒါကြောင့် သာ၍ကောင်းစွာ ပယ်တယ်လို့ ဆိုပါတယ်။)

နောက်ပြီးတော့ မှတ်တိုင်း မှတ်တိုင်း အသစ်အသစ်ချည်း ဖြစ်ပေါ် ဖြစ်ပေါ်လာတာကို တွေ့ရတဲ့ အတွက် မြင်တာက တခြား၊ ကြားတာကတခြား၊ မှတ်သိတာကတခြား စသည်ဖြင့် ပိုင်းခြားပြီး သိတယ်၊ ကောင်းတယ် ချမ်းသာတယ် ထင်တာကတခြား၊ နှစ်သက် တာက တခြား၊ စွဲလမ်းတာက တခြား၊ ကြံစည် အားထုတ်တာက တခြား၊ မှတ်သိတာက တခြား စသည်ဖြင့်လဲ ပိုင်းခြားပြီးသိတယ်၊ ဒီတော့ ရုပ်နာမ်တရားတွေဟာ တစ်စဉ်တည်း တစ်ဆက်တည်း ဖြစ်နေပေမယ့်လို့ တစ်ယောက်တည်း လဲမဟုတ်ဘူး၊ သဘောတရား တစ်ခုတည်းလဲ မဟုတ်ဘူး၊ အသီး အသီးတခြားစီပဲလို့လဲ သဘော ပေါက်သိမြင်ပါတယ်၊ အဲဒါဟာ နာနတ္တနည်းကို သိတာပါပဲ၊ ဒါကြောင့် ၀ိသုဒ္ဓိမဂ် (၃-၂၆၈) မှာပဲ ဒီလိုလဲ ဆိုထားပါတယ်။

ခဏတော၊ ဖြစ်ခိုက်ခဏအားဖြင့်။ ဥဒယဒဿနေန၊ ဖြစ် ခြင်းကို မြင်သဖြင့်။ နာနတ္တနယော၊ နာနတ္တနည်းသည်။ ပါက- ရော ဟောတိ၊ ထင်ရှား၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူ။ နဝေနဝါနံ၊ မြင်မှု ကြားမှု အစရှိသော အသစ် အသစ် တရား တို့၏

http://www.dhammadownload.com

ဥပ္ပဒေါဝဟောခဲ့တော၊ ဖြစ်ခြင်းကို သိခြင်းကြောင့်တည်း။ အထ၊ ထိုသို့သိသောအခါ၌။ သဿဒိဋ္ဌိ၊ သဿတဒိဋ္ဌိကို၊ သုဌ္ဌုတရံ ပဟတိ၊ သာ၍ကောင်းစွာပယ်၏ တဲ့။

အဗျာပါရနည်း

အဝိဇ္ဇာမှာ သခ်ါရတို့ကို ဖြစ်စေမယ်လို့ ကြောင့်ကြစိုက်မှု မရှိဘူး၊ သခ်ါရတို့မှာ ဘဝသစ် ဝိညာဏ်ကို ဖြစ်စေမယ်လို့ ကြောင့်ကြစိုက်မှု မရှိဘူး။ ဒီနည်းဖြင့် အကြောင်းတရားတို့မှာ အကျိုးတရား ဖြစ်ပေါ်ရေးအတွက် ကြောင့်ကြစိုက်မှု မရှိတာကို အဗျာပါရနည်းလို့ ခေါ်ပါတယ်၊ ဒီနည်းကို အမှန်အတိုင်း သိလျှင် မြင်မှုစသည်ဖြစ်အောင် ပြုသူ = ကာရကပုဂ္ဂိုလ်ရယ်လို့ မရှိတာကို သဘောပေါက် သိမြင်တဲ့ အတွက် အတ္တဒိဋ္ဌိ ကင်းတယ်၊ မြင်မှု ကြားမှုစသည်ဖြစ်အောင် ပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိဘူး၊ မျက်စိ အဆင်း နှလုံးသွင်းမှုစသောအကြောင်း ကြောင့် မြင်မှုအစရှိတဲ့ သဘောတရားမျှ ဖြစ်နေတယ်ဆိုတာကို သိမြင်သဘောကျတဲ့အတွက် အတ္တစွဲကင်းတဲ့ သဘောပါပဲ၊ အဲဒါကို မှားယွင်းစွာယူလျှင်တော့ သူ့အကြောင်းနဲ့ သူ့အကျိုး ပုံတော်သလို ဖြစ်နေတာပဲ၊ ကောင်းအောင် ဆိုးအောင် ကုသိုလ် အကုသိုလ်ကို ပြုလို့လဲမဖြစ်ဘူးလို့ ယူတဲ့ အကိရိယဒိဋ္ဌိဖြစ်တတ် တယ်လို့ ဝိသုဒ္ဓိမဂ် ပဋ္ဌိစ္စသမုပ္ပာဒ် အဖွင့်မှာ ဆိုထားပါတယ်။

ဝိပဿနာရှုနေတဲ့ ယောဂီမှာတော့ ရှုမှတ်တိုင်း ခဏမစဲ ဖြစ်ပျက်နေတာ တွေ့ရတဲ့အခါ အဝိဇ္ဇာ သခ်ါရ အစရှိသော အကြောင်းကြောင့် ဖြစ်ပျက်နေတာပဲလို့ သဘောကျတဲ့အတွက် ဒီ အဗျာပါရနည်း ထင်ရှားပါတယ်၊ ဒါကြောင့် ဝိသုဒ္ဓိမဂ်(၃-၂၆၈)မှာ ဒီလိုဆိုထားပါတယ်။

http://www.dhammadownload.com

ပစ္စယတော၊ အကြောင်းအားဖြင့်။ ဝါ၊ အကြောင်းကြောင့်။ ဥဒယဗ္ဗဒဿနေန၊ အဖြစ်အပျက်ကို မြင်သဖြင့်။ (အဝိဇ္ဇာ အစရှိသော အကြောင်းရှိလျှင် အကျိုး ရုပ်နာမ် ဖြစ်တယ်၊ အကြောင်းမရှိလျှင်တော့ မဖြစ်နိုင်ဘူးလို့ ဒီလို သဘောပေါက် ပြီး သိမြင်တာကို ဆိုလိုပါတယ်) အဗျာပါရနယော၊ အဗျာ ပါရနည်းသည်။ အသ၊ ထိုယောဂီအား။ ပါကဋော‌ဟောတိ၊ ထင်ရှားတယ်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူ၊ ဝမ္မာနံ၊ ရုပ် နာမ်တရား တို့၏။ အဝသတ္တိဘာဝါဗောဓတော၊ အလို အတိုင်းမဖြစ်ခြင်းကို သဘောပေါက် သိမြင်သောကြောင့်ပေတည်း။ (အလိုရှိကာမျှနဲ့မဖြစ်၊ သူ့ဆိုင်ရာ အကြောင်းရှိမှ ဖြစ်သည်၊ အကြောင်း မရှိလျှင် မဖြစ်ဟု သိသောကြောင့် ဆိုလိုပါတယ်။) အထ၊ ထိုသို့ သိမြင်သောအခါ၌၊ အတ္တဒိဋ္ဌိ၊ အတ္တဒိဋ္ဌိကို။ သုဌုတရံ ပဇဟတိ၊ သာ‌ရ် ကောင်းစွာပယ်၏–တဲ့။

ဇဝံဝမ္မတာနည်း

အဝိဇ္ဇာ အစရှိသော သူ့ဆိုင်ရာအကြောင်းများကြောင့် သခ်ါရ အစရှိသော သူ့ဆိုင်ရာ အကျိုးများသာလျှင် ဖြစ်တယ်၊ မဆိုင်သော အကျိုးတော့ မဖြစ်ဘူးဆိုတဲ့ ဝမ္မတာသဘောကို ဇဝံဝမ္မတာနည်းလို့ ခေါ်ပါတယ်၊ ဒီဖြစ်ရိုးဖြစ်စဉ် ဇဝံဝမ္မတာ နည်းကို မှန်စွာသိမြင်လျှင် အကြောင်းအားလျော်စွာ အကျိုး ဖြစ်ပုံကို သဘောပေါက် သိမြင်တဲ့ အတွက် အကြောင်း မရှိဘူးလို့ ယူတဲ့ အဟေတုကဒိဋ္ဌိလဲ ကင်းတယ်၊ ကောင်းအောင် ဆိုး အောင်ပြုလို့ မဖြစ်ဘူးလို့ ယူတဲ့ အကိရိယဒိဋ္ဌိလဲ ကင်းတယ်၊ မှားယွင်းစွာ မြင်ရင်တော့ သဲမှ ဆီမထွက်ခြင်း၊ ကြဲမှ နို့ရည် မထွက်ခြင်းဆိုတဲ့ မဆိုင်တဲ့ အကြောင်းကြောင့် မဆိုင်တဲ့ အကျိုးတွေ မဖြစ်နိုင်တာကို အခြေခံပြုပြီး (အဟေတုက ဒိဋ္ဌိလဲ

http://www.dhammadownload.com

ဖြစ်တတ်တယ်၊ ကိန်းသေသတ်မှတ် ပြီး) ရှိနေတဲ့ ဖြစ်စဉ် အတိုင်းသာ ဖြစ်ရတယ်လို့ ယူဆတဲ့ နိယတဝါဒလဲ ဖြစ်တတ်တယ်လို့ ဝိသုဒ္ဓိ မဂ် ပဋ္ဌိစ္စသမုပ္ပာဒ်အဖွင့်မှာ ပြဆိုထားပါတယ်။

ဝိပဿနာရှုနေတဲ့ ယောဂီမှာတော့ အဝိဇ္ဇာ အစရှိသော အကြောင်း ကြောင့် အကျိုးတရားတွေ ဖြစ်ပေါ် နေတာတွေကို တွေ့မြင်ရတဲ့ အတွက် အကြောင်းအားလျော်စွာ အကျိုးတရား ဖြစ်တယ်ဆိုတဲ့ ဧဝံဓမ္မတာနည်းဟာ ထင်ရှားပါတယ်။ ဒါကြောင့် ဝိသုဒ္ဓိမဂ် (၃-၂၆၈)မှာ ဒီလို ဆိုထားပါတယ်။

ပစ္စယတော၊ အကြောင်းအားဖြင့်။ ဝါ၊ အကြောင်းကြောင့်။ ဥဒယဒဿနေန၊ ဖြစ်ခြင်းကိုမြင်သဖြင့်။ ဧဝံဓမ္မတာ နယော၊ ဧဝံ ဓမ္မတာနည်းသည်။ ပါဏာဒေါ ဟောတိ၊ ထင်ရှား၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူ။ ပစ္စယာနုရူပေန၊ အကြောင်းအား လျော်သဖြင့်။ ဝါ၊ အကြောင်းအားလျော်စွာ။ ဖလဿ၊ အကျိုး၏။ ဥပ္ပာဒါဝဟောဧတော၊ ဖြစ်ခြင်းကို သဘောပေါက် သိမြင်ခြင်းကြောင့် တည်း။ အထ၊ ထိုသို့သိမြင်သောအခါ၌။ အကိရိယဒိဋ္ဌိ၊ ကောင်း အောင် ဆိုးအောင်ပြုလုပ်၍ မဖြစ်-ဟု ယူသော အကိရိယဒိဋ္ဌိကို။ သုဋ္ဌုတရံပဇဟတိ၊ သာ၍ ကောင်းစွာပယ်၏-တဲ့။

ပါရမီဉာဏ်အားလျော်စွာ သိဖို့က လိုရင်းပဲ

ပဋ္ဌိစ္စသမုပ္ပာဒ် တရားတော်နှင့်စပ်ပြီး သိသင့်သိထိုက်တဲ့ အချက် အလက်တွေ တော်တော် ပြည့်စုံသွားပါပြီ၊ တရားဘက် လိုက်စားတဲ့ ပုဂ္ဂိုလ်တွေမှာဆိုရင် မိမိတို့ သိနားလည်ပြီးတွေနဲ့ နှီးနှောဆင်ခြင် ကြည့်လျှင် အကြောင်းအကျိုး ဆက်စပ်ပုံတွေဟာ ပေါ်လွင်ထင်ရှား လောက်ပါပြီ၊ ဖြစ်ခိုက်ရုပ်နာမ်ကို ရှုမှတ်လို့ ရုပ်နာမ် အဖြစ်အပျက်

http://www.dhammadownload.com

တွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိနေတဲ့ ပုဂ္ဂိုလ်တွေမှာတော့ မိမိတို့၏ ကိုယ်တွေ့နဲ့ တိုက်ဆိုင် ကြည့်ရင် ကောင်းကောင်းကြီးကို ပေါ်လွင်ထင်ရှားနေပါလိမ့်မယ်၊ ဒါပေမယ့် ပဋိစ္စသမုပ္ပာဒ်တရားတော်က အလွန်နက်နဲတဲ့တရားတော် ဖြစ်တဲ့အတွက် မိမိတို့၏ ပါရမီဉာဏ် ရှိသလောက်သာ သိနိုင်မယ်၊ ပါရမီဉာဏ်နဲ့ မမီနိုင်လောက်တဲ့ အချက်တွေတော့ သဘောမပေါက်နိုင်ဘဲရှိနေဦးမှာပဲ၊ အကုန်လုံး အကြွင်းမဲ့ သိတယ်ဆို တာကတော့ သဗ္ဗညုမြတ်စွာဘုရား တို့နှင့်သာ ဆိုင်ပါတယ်၊ လိုရင်းကတော့ မိမိတို့၏ ပါရမီဉာဏ် အားလျော်စွာ အပြည့် အစုံ သိဖို့က လိုရင်းပါပဲ၊ ဒါကြောင့် သိသင့် သိထိုက်သမျှကို သုတမယဉာဏ်ဖြင့် ကြားနာမှတ်သားပြီးတော့လဲ သိအောင် လေ့လာသင့်ပါတယ်၊ စိန္တာမယဉာဏ်ဖြင့် အဖန်တလဲလဲ ဆင်ခြင် စဉ်းစားပြီးတော့လဲ လေ့လာသင့်ပါတယ်၊ ဘာဝနာမယဉာဏ် ဖြင့် ကိုယ်တိုင်တွေ့သိရအောင် မပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ဖြစ်ခိုက် ဖြစ်ခိုက်မှာ ရှုမှတ်သောအားဖြင့်လဲ လေ့လာသင့်ပါတယ်။

ဘာဝနာမယဉာဏ်က အရေးအကြီးဆုံး

ဒီလေ့လာနည်း ၃-ပါးထဲမှာ ဘာဝနာမယဉာဏ်ဖြင့် လေ့လာတာက အရေးအကြီးဆုံးပဲ၊ ဘာကြောင့်လဲဆိုလျှင် ဝိပဿနာ ဘာဝနာမယဉာဏ် ပြည့်စုံတဲ့အခါမှာ အရိယမဂ်ဉာဏ် ၄-ပါး ဖြစ်တယ်၊ အဲဒီ အရိယမဂ်ဉာဏ် ၄-ပါးနဲ့ ပြည့်စုံရင် 'အပါယ် ဒုဂ္ဂတိ ဝိနိပါတ သံသာရ နာတိဝတ္တတိ'လို့ ဟောထားတဲ့ ဒေသနာတော်မှ ပြောင်းပြန်ပြန်ပြီး အပါယ် ဒုဂ္ဂတိ ဝိနိပါတ သံသရာကြီးကို လွန်မြောက် သွားတော့တာပဲ၊ ဒါကြောင့် သုတမယ, စိန္တာမယဖြင့် လေ့လာသင့်သမျှ လေ့လာပြီးတော့ ဘာဝနာမယဉာဏ်ဖြင့် အပြည့်အစုံ

http://www.dhammadownload.com

သိအောင် လေ့လာကြရန် အထူးသတိပေး တိုက်တွန်းပါတယ်၊ ကဲ– ဒီကနေ့ တရားသိမ်းကြစို့။

ဤ ပဋ္ဌိစ္စသမုပ္ပာဒ် တရားတော်ကို ရိုသေစွာ နာယူမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြ၍ အကြောင်းအကျိုးဆက်စပ်လျက် မပြတ်ဖြစ်နေသော ရုပ်နာမ် တရားတို့ကို အမှန်အတိုင်းသိအောင် ရှုမှတ်ပွားများ အားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယာမဂ်ဉာဏ်အစဉ်ဖြင့် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက် မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု...သာဓု...သာဓု။

ပဋ္ဌိစ္စသမုပ္ပာဒ် တရားတော်ကြီး ဒသမဝိုင်း ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

ပဋ္ဌိစ္စသမุปฺปาท် တရားတော်ကြီး

၁၃၂၄-ခု၊ တော်သလင်းလဆုတ်(၈)နေ့ ဟောသည်။

ဓကာဒသမပိုင်း

တရားအနုသန္ဓေ

ပဋ္ဌိစ္စသมุปฺปาท်တရားကို ဟောလာတာ ဒီကနေ့ ၁၁-သီတင်းမြောက် ၁၁-ကြိမ်မြောက်ပဲ၊ ဒီကနေ့တော့ အရဟံဂုဏ်တော် အဖွင့် နိဂုံးချုပ်ပြီး အပြီးသတ်ရမယ်။

ပဋ္ဌိစ္စသมุปฺปาท် ဒေသနာတော်မှာ အဂ်ါအားဖြင့် အဝိဇ္ဇာမှ အဆုံး ဇရာမရဏအထိ အဂ်ါ ၁၂-ပါးရှိတယ်၊ အဝိဇ္ဇာနဲ့ တဏှာ ဆိုတဲ့ အမြစ်အရင်းမူလ ၂-ပါးရှိတယ်၊ ရှေ့ပိုင်း ဘဝစက်က တစ်ခု၊ နောက်ပိုင်းဘဝစက်ကတစ်ခုအားဖြင့် ဘဝစက် ၂ခုရှိတယ်၊ ရှေ့ပိုင်း ဘဝစက်မှာ အဝိဇ္ဇာမှစပြီး ဝေဒနာမှာ အဆုံးသတ်တယ်၊ နောက်ပိုင်း ဘဝစက်မှာ တဏှာမှစပြီး ဇရာမရဏမှာ အဆုံးသတ်တယ်၊ သောကပရိဒေဝစသည်တို့ကတော့ ဗြဟ္မာ့လောကမှာ မရှိတဲ့အတွက် ဇာတိ၏ ဓကန်မုချအကျိုး မဟုတ်ဘူး၊ ဒါကြောင့် အဲဒီသောကပရိဒေဝစသည်ကိုတော့ ပဋ္ဌိစ္စသมุปฺปาท် အဂ်ါထဲမှာ ထည့်သွင်းပြီး မရေတွက်ဘူး။

http://www.dhammadownload.com

နောက်ပြီးတော့ ရှေ့ပိုင်းဘဝစက်မှာ အဝိဇ္ဇာနဲ့ သခ်ါရဆိုတဲ့ ဒီအကြောင်း ၂-ပါးကိုသာ တိုက်ရိုက်ပြထားတယ်၊ ဒါပေမယ့် အဝိဇ္ဇာဖြစ်လျှင် တဏှာနဲ့ဥပါဒါန်လဲ ဖြစ်တော့တာပဲ၊ သခ်ါရဖြစ်လျှင် ကမ္မဘဝလဲ ဖြစ်တော့တာပဲ၊ ဒါကြောင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် သခ်ါရ ကမ္မဘဝဆိုတဲ့ ဒီငါးပါးလုံး ကို အတိတ်ဘဝက ပြီးခဲ့တဲ့ အကြောင်းများလို့ ယူရတယ်၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ ဒီငါးပါးကို ပစ္စုပ္ပန်အကျိုးများလို့ယူရတယ်၊ အဲဒီ ငါးပါးကတော့ ယခု မြင်ခိုက်, ကြားခိုက် စသည်မှာ ထင်ရှားတွေ့နေရတဲ့ ကောင်း ကျိုး မကောင်းကျိုး တရားပါပဲ၊ နောက်ပိုင်းဘဝစက်မှာ တဏှာ ဥပါဒါန် ကမ္မဘဝဆိုတဲ့ ဒီအကြောင်း ၃-ပါးကိုသာ တိုက်ရိုက် ပြထားတယ်၊ ဒါပေမယ့် တဏှာ ဥပါဒါန်ဖြစ်လျှင် အဝိဇ္ဇာလဲဖြစ်တော့တာပဲ၊ ကမ္မဘဝဖြစ်လျှင် သခ်ါရလဲ ဖြစ်တော့တာပဲ၊ ဒါကြောင့်ဒီပစ္စုပ္ပန်မှာလဲ အတိတ်ကလိုပဲ အဝိဇ္ဇာ တဏှာ ဥပါဒါန် သခ်ါရ ကမ္မဘဝဆိုတဲ့ တရားငါးပါးလုံးကို ပစ္စုပ္ပန်အကြောင်းများလို့ ယူရပါတယ်၊ ဒီပစ္စုပ္ပန်အကြောင်းကြောင့် ဖြစ်မည့် အနာဂတ်အကျိုးကိုတော့ ဇာတိနဲ့ ဇရာမရဏ ဒီ ၂-ပါးကို ပြထားပါတယ်၊ ရှေးဦးစွာဖြစ်ပေါ်ခြင်းနဲ့ အိုခြင်း, သေခြင်းပါပဲ၊ ဒီဖြစ်ခြင်းနဲ့ အိုခြင်း, သေခြင်းဟာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးငါးပါး၏ ဖြစ်ခြင်းနဲ့အိုခြင်းသေခြင်းပါပဲ၊ ဒါကြောင့် ဖြစ်ခြင်းနဲ့ အို ခြင်း, သေခြင်းကိုယူသဖြင့် ဝိညာဏ်အစရှိသော အကျိုးငါးပါးကိုပင် ယူရပါတယ်၊ ဒီလို ယူရတဲ့အတွက် အနာဂတ်အကျိုးလဲ ပစ္စုပ္ပန်အကျိုးလိုပင် ငါးပါးပဲ ဖြစ်ပါတယ်။

အဲဒီတော့ အတိတ်အကြောင်းငါးပါးက တစ်စု တစ်ပုံ တစ်လွှာ၊ ပစ္စုပ္ပန်အကျိုးငါးပါးက တစ်စု တစ်ပုံ တစ်လွှာ၊ ပစ္စုပ္ပန် အကြောင်း

http://www.dhammadownload.com

ငါးပါးက တစ်စု တစ်ပုံတစ်လွှာ၊ အနာဂတ် အကျိုးငါးပါးက တစ်စု တစ်ပုံ တစ်လွှာ၊ အားလုံး အစုအပုံ အလွှာက ၄-ခုရှိတယ်၊ ၄-လွှာ ဆိုတော့ တစ်လွှာနဲ့ တစ်လွှာ အကြားအစပ်က ၃-စပ် ရှိတယ်၊ လက်မကိုဖယ်ပြီး လက်ချောင်း ၄-ခုကို ထောင်ကြည့်ရင် လက်ညှိုးနဲ့ လက်ခလယ် အကြားက တစ်စပ်၊ လက်ခလယ်နဲ့ လက်သူကြွယ် အကြားက တစ်စပ်၊ လက်သူကြွယ်နဲ့ လက်သန်း အကြားကတစ်စပ် ပေါင်း ၃-စပ် တွေ့ရတယ်၊ အဲဒါလိုပါပဲ၊ အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန်အကျိုး အကြားမှာ တစ်စပ်၊ ရှေးဘဝက ကံ သခ်ါရကြောင့် ပဋိသန္ဓေ ဝိညာဏ် ဖြစ်တယ်ဆိုတဲ့ အစပ်ပါပဲ၊ အဲဒါကို အကြောင်းနဲ့ အကျိုး အစပ်လို့ ခေါ်တယ်၊ အတိတ်နဲ့ ပစ္စုပ္ပန် အစပ်လို့လဲ ခေါ်နိုင်ပါတယ်၊ တစ်ဖန် ပစ္စုပ္ပန်အကျိုးနဲ့ ပစ္စုပ္ပန်အကြောင်း အကြားမှာ တစ်စပ် ဝေဒနာကြောင့် တဏှာ ဖြစ်တယ် ဆိုတဲ့ အစပ်ပါပဲ၊ အဲဒါကို အကျိုးနဲ့အကြောင်း အစပ်လို့ ခေါ်တယ်၊ ပစ္စုပ္ပန်ခြင်းအစပ်လို့လဲခေါ်နိုင်ပါတယ်။ တစ်ဖန် ပစ္စုပ္ပန် အကြောင်းနဲ့ အနာဂတ်အကျိုးအကြားမှာ တစ်စပ်၊ ကမ္မဘဝကြောင့် ဇာတိဖြစ်ပေါ်တယ်ဆိုတဲ့ အစပ်ပါပဲ၊ အဲဒါကို အကြောင်းနဲ့အကျိုး အစပ်လို့လဲ ခေါ်တယ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ် အစပ်လို့လဲ ခေါ်နိုင်ပါတယ်။

အဲဒီလို အလွှာ ၄-ခု၊ အစပ် ၃-ပါး ဆက်စပ်ပြီး ဖြစ်ပုံကို ပြတာဟာ တခြားကြောင့်မဟုတ်ဘူး၊ ဒီပုံ ဒီနည်းဖြင့် တစ်လွှာ ပြီးတစ်လွှာ ဆက်စပ်ပြီး မပြတ် ဖြစ်နေတယ် ဆိုတာကို သိစေလို သောကြောင့်ပင် ဖြစ်ပါတယ်၊ ရှေးဘဝက ပြီးခဲ့တဲ့ အတိတ် အကြောင်းလွှာကြောင့် ပစ္စုပ္ပန်ဘဝ အကျိုးလွှာ ဖြစ်ပေါ်လာတယ်၊ အဲဒီ အကျိုးလွှာကိုမှီပြီး ပစ္စုပ္ပန်အကြောင်းလွှာ တစ်ဖန် ဖြစ်ပြန်တယ်၊

http://www.dhammadownload.com

အဲဒီ အကြောင်းလွှာကြောင့် အနာဂတ် အကျိုး လွှာ ဖြစ်ပြန်တယ်၊ အနာဂတ်ဘဝ ဆိုတာလဲ ဖြစ်နေခိုက်မှာတော့ ပစ္စုပ္ပန်ပါပဲ၊ ဒါကြောင့် အဲဒီမှာလဲ အကျိုးလွှာကို မှီပြီး အကြောင်းလွှာထပ်ပြီး ဖြစ်ဦးမယ်၊ အဲဒီအကြောင်းလွှာကြောင့် တစ်ဖန် အနာဂတ်ဘဝ အကျိုးလွှာ ဖြစ်သွားဦးမယ်၊ ဒီပုံဒီနည်း ဖြင့် အကြောင်းအကျိုး တစ်လွှာပြီးတစ်လွှာ အဆက်မပြတ်ဖြစ် နေတယ်ဆိုတာကို သိရပါတယ်။

နောက်ပြီးတော့ တစ်လွှာ တစ်လွှာမှာ အကြောင်းတရားဆိုရင်လဲ ငါးပါးစီ၊ အကျိုးတရား ဆိုရင်လဲ ငါးပါးစီ ရှိနေတဲ့ အတွက် အတိတ်အကြောင်း၊ ပစ္စုပ္ပန်အကျိုး၊ ပစ္စုပ္ပန်အကြောင်း အနာဂတ် အကျိုး ၄-လွှာမှာ အကြောင်းအကျိုး အစိတ်အပိုင်း ပေါင်း ၂၀-ရှိပါတယ်၊ အဲဒါကို အာကာရခေါ်တဲ့ အခြင်းအရာ သရုပ် ၂၀-လို့ ခေါ်ပါတယ်။

ဝဋ်သုံးပါး လည်နေပုံ

နောက်ပြီးတော့ ဒီ ပဋ္ဌိစ္စသမုပ္ပာဒ် ဒေသနာတော်မှာ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ရယ်လို့ ဝဋ်၃-ပါးရှိပါ တယ်။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ဒီ ၃-ပါးကို ကိလေသဝဋ် လို့ ခေါ်ပါတယ်၊ သင်္ခါရနှင့် ကမ္မဘဝ ဒီ၂-ပါးကို ကမ္မဝဋ်လို့ ခေါ်ပါတယ်။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန,ဖဿ,ဝေဒနာ ဆိုတဲ့ ဒီအကျိုးငါးပါးကို ဝိပါကဝဋ်လို့ ခေါ်ပါတယ်၊ အနာဂတ်ဘဝမှာ ဇာတိနှင့် ဇရာမရဏဆိုတာလဲ တရားကိုယ်အားဖြင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ဒီအကျိုးငါးပါးပင်ဖြစ်၍ ဝိပါကဝဋ်ပါပဲ၊ အတိတ်ဘဝက မြင် မှု၊ ကြားမှု စသည်ကို အမှန်အတိုင်း မသိဘဲ အလွဲသိခဲ့တာက အဝိဇ္ဇာ၊ အဲဒီလို အသိလွဲ အထင်လွဲခဲ့တဲ့အတွက် တပ်မက်သာယာခဲ့တာက တဏှာ၊ စွဲလမ်းခဲ့တာက ဥပါဒါန်၊ ဒီသုံးပါးဟာ

http://www.dhammadownload.com

အတိတ်ဘဝတုန်းက ပြီးခဲ့တဲ့ ကိလေသာဝဋ်ပဲ။ အဲဒီလို ကိလေသ ဝဋ်ဖြင့် စွဲလမ်းခဲ့တဲ့အတွက် ကိုယ့်အလိုအတိုင်း ပြီးစီးပြည့်စုံ အောင်ကြံစည်အားထုတ် ပြုလုပ်ခဲ့တယ်၊ သင်္ခါရနှင့် ကမ္မဘဝ ပဲ၊ အဲဒီ ၂-ပါးက အတိတ်ဘဝက ပြီးခဲ့တဲ့ ကမ္မဝဋ်ပဲ။ အဲဒီ ကမ္မဝဋ်ကြောင့် ယခုဘဝမှာ ပဋိသန္ဓေ ဝိညာဏ်မှစပြီး ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးတရားငါးပါး အဆက်ဆက်ဖြစ်နေတယ်၊ ယခု မြင်လိုက် ကြားလိုက် စသည်ဖြင့် ထင်ရှားပေါ်နေတဲ့ တရား တွေပါပဲ၊ အဲဒီ ငါးပါးက ဝိပါကဝဋ်ပဲ။

တစ်ဖန် ယခုဘဝမှာလဲ မြင်မှု ကြားမှု စသည်ကို အမှန် အတိုင်း မသိဘဲ အသိလွဲ အထင်လွဲ နေပြန်တယ်၊ အဝိဇ္ဇာပါပဲ။ အထင်လွဲလို့ တပ်မက်သာယာနေပြန်တယ်၊ တဏှာပါပဲ၊ စွဲလမ်း နေပြန်တယ်၊ ဥပါဒါန်ပါပဲ။ အဲဒါ ကိလေသာဝဋ်တွေ တစ်ဖန် ဖြစ်ပြန်တာပါပဲ၊ စွဲလမ်းတဲ့အတွက် ကြံစည်အားထုတ်ပြုလုပ်နေ ပြန်တယ်၊ သင်္ခါရကမ္မဘဝတွေပါပဲ။ အဲဒါဟာ ကမ္မဝဋ်တွေ တစ်ဖန် ဖြစ်ပြန်တာပါပဲ။ ယခုပြုတဲ့ အဲဒီ ကမ္မဝဋ်ကြောင့် နောင်ဘဝမှာ ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုး ငါးပါးဖြစ်ပြီး အိုရ,သေရဦးမယ်၊ သောက စသည်လဲ ဖြစ်ရဦးမယ်၊ ဝိပါကဝဋ်တွေ တစ်ဖန်ဖြစ်ပြန်တာပါပဲ။ ယခုပြောခဲ့တဲ့အတိုင်း တစ်ဘဝက ကိလေသာဝဋ်ကြောင့် ကမ္မဝဋ် ဖြစ်ပြီး အဲဒီ ကမ္မဝဋ်ကြောင့် နောင်ဘဝမှာ အကျိုးငါးပါး ဝိပါကဝဋ် ဖြစ်ရတယ်၊ အဲဒီဘဝမှာလဲ ဝိပါကဝဋ်ကို မှီပြီး ကိလေသဝဋ်,ကမ္မဝဋ်တွေ ဖြစ်ပြန်တယ်၊ အဲဒီ ကမ္မဝဋ်ကြောင့် တစ်ဖန် နောင်ဘဝမှာ ဝိပါကဝဋ် ဖြစ်ပြန်တယ်၊ ဒီပုံဒီနည်း ဖြင့် ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်တယ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဖြစ်တယ်၊ အဲဒီ ဝိပါကဝဋ်ကြောင့် တစ်ဖန်ကိလေသဝဋ်,

http://www.dhammadownload.com

ကမ္မဝင်္ဂတွေ ဖြစ်ပြန်တယ်၊ အဲဒီ ကမ္မဝင်္ဂကြောင့် တစ်ဖန် ဝိပါကဝင်္ဂ ဖြစ်ပြန်တယ်၊ ဒီလို ဝင်္ဂသုံးပါး တစ်လှည့်စီ လှည့်ပြီး မပြတ်ဖြစ်နေတာဟာ အရိယမဂ်ဖြင့် ကိလေသာဝင်္ဂကို မပယ်နိုင်လျှင် ပြတ်စဲခြင်း မရှိတော့ဘူး၊ တလည်ထဲ လည်နေတော့တာပဲ။ ဒါကြောင့် ဝိသုဒ္ဓိမဂ် (၃-၂၁၆)မှာ-

ဣမေဟိ တီဟိ ဝဋ္ဋေဟိ၊ ကိလေသဝဋ်, ကမ္မဝဋ်,ဝိပါကဝဋ် ဟူသော ဤသုံးပါးသော ဝဋ်တို့ဖြင့်။ တိဝဋ္ဋံ၊ ဝဋ်သုံးပါးရှိ သော။ ဣဒံ ဘဝစက္ကံ၊ ဤပဋိစ္စသမုပ္ပာဒ် ဘဝစက်သည်။ ယာဝ ကိလေသဝဋ္ဋံ နဉ ဥပစ္ဆိဇ္ဇတိ တာဝ၊ အရိယာမဂ်ဖြင့် ကိလေသာဝင်္ဂ မပြတ်စဲသေးသမျှ ကာလပတ်လုံး။ အနုပစ္ဆိန္နပစ္စယတ္တာ၊ အကြောင်းတရား မပြတ်စဲသေးသည်၏ အဖြစ် ကြောင့်။ အနဝဋ္ဌိတံ၊ ရပ်နားခြင်းမရှိဘဲ။ ပုနပ္ပုနံ ပရိဝတ္တနတော၊ အဖန်ဖန် တစ်လှည့်စီ လည်သောအားဖြင့်။ ဘဝတိယေဝ- တလည်တည်း လည်နေတော့သည် သာတည်း-လို့ ပြဆိုထားပါတယ်။

အပါယ်ဘုံမှာ လည်ဖို့က မျှားသည်

အဲဒီလို မပြတ်လည်နေရာမှာ ကုသိုလ်ကမ္မဝင်္ဂရှိတဲ့အခါ လူ.ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝမှာဖြစ်ပြီး လည်ရတယ်၊ အဲဒါကို ကောင်းတယ်လို့ ထင်နေကြပါတယ်၊ အကုသိုလ် ကမ္မဝင်္ဂရှိတဲ့ အခါ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဆိုတဲ့ အပါယ်လေးပုံ မှာဖြစ်ပြီး လည်ရတယ်၊ ဒုက္ခ ဝိပါကခေါ်တဲ့ ဆင်းရဲ အကျိုးတွေကို ခံစားနေရတာပါပဲ၊ သံသရာမှာ ကျင်လည်နေရတဲ့သူတွေဟာ ကလျာဏမိတ္တခေါ်တဲ့ ဆရာကောင်းကို မှီဝဲရတဲ့အခါ လောက်သာ ကုသိုလ်ကို ပြုနိုင်တယ်၊ ကလျာဏမိတ္တ ဆိုတာက လဲ ရခဲပါတယ်၊ ဒါကြောင့် အများအားဖြင့် အကုသိုလ် ကမ္မ ဘဝတွေကို

http://www.dhammadownload.com

ပြုမိတာကပဲ များးဖွယ်ရှိပါတယ်၊ ဒီတော့ အကုသိုလ် ကမ္မဝင်္ဂကြောင့် အပါယ် ၄–ဘုံမှာ အကုသိုလ်၏အကျိုး ဝိပါကဝင်္ဂတွေသာ များများ ဖြစ်ဖို့ ရှိပါတယ်၊ လူ့ဘဝ ရောက်လာတောင် အဲဒီ အကုသိုလ် ကမ္မဝင်္ဂကြောင့် အသက်တိုခြင်း၊ အနာများခြင်း၊ အခြွေအရံမဲ့ခြင်း, မွဲပြာကျခြင်း အစရှိသော အကုသိုလ် အကျိုး ဝိပါကဝင်္ဂတွေ လည်နေဖို့က များနေပါတယ်၊ အဲဒီလို ဆိုးကျိုးတွေဖြစ်နေတာကိုပဲ ဝိပါက်လိုက်လာတယ်၊ ဝင်္ဂကြွေးခံ ရတယ်လို့ ပြောနေကြပါတယ်၊ အရိယာ ဖြစ်သွားလျှင်တော့ အပါယ်ဝရဲ့ မကျနိုင်တော့ဘူး၊ ဒါပေမယ့် ဒီ အကုသိုလ်၏ အကျိုးဝိပါကဝင်္ဂ ဆိုတာကတော့ ဘုရား ရဟန္တာ များမှာတောင် လိုက်ဖြစ်သေးတာပဲ၊ ဒါကြောင့် 'ဝင်္ဂအမြဲ ဝရဲအပ' လို့လဲ ပြောဆိုလေ့ ရှိကြပါတယ်။

အကြောင်း ကိလေသာဝင်္ဂကို ဖြတ်ရမယ်

အဲဒီ ဝင်္ဂသုံးပါး မလည်စေချင်ရင်တော့ ကိလေသာဝင်္ဂ ဆိုတဲ့ အကြောင်းကို ဖြတ်ရလိမ့်မယ်၊ ဖြတ်ရမယ် ဆိုပေမယ့် ရှေးက ဖြစ်ခဲ့ပြီးတာတွေကိုတော့ ဖြတ်လို့ မရတော့ဘူး၊ မြင်မှု, ကြားမှု အစရှိတဲ့ ဝိပါက ဝင်္ဂတရားတွေ ဖြစ်တိုင်း ဖြစ်တိုင်း အဲဒီ မြင်မှု, ကြားမှု စသည်တို့ကို အကြောင်းပြုပြီး ကိလေသာ ဝင်္ဂတွေ ဖြစ်ခွင့် မရအောင် ရှုမှတ်ရတယ်၊ ယခု ဒီသာသနာ့ရိပ်သာမှာ ဖြစ်ခိုက် တရားကိုလိုက်ပြီး မပြတ်ရှုမှတ်နေကြတာဟာ ကိလေသာဝင်္ဂ တရား တွေ ဖြစ်ခွင့်မရအောင် အားထုတ်နေကြတာပါပဲ။

ကိလေသာဝင်္ဂကို ဖြတ်ပုံ

ဘယ်လိုလဲဆိုလျှင် မြင်ခိုက်မှာမရှုမမှတ်မိလျှင် အဲဒီ မြင်မှုနှင့် စပ်ပြီး မြဲတယ်, ချမ်းသာတယ်, ကောင်းတယ်, တင့်တယ်တယ်,

http://www.dhammadownload.com

ငါပဲစသည်ဖြင့် ထင်မှတ်တယ်၊ အဲဒါဟာ အဝိဇ္ဇာပဲ၊ အဝိဇ္ဇာ ဖြစ်ရင် တဏှာ, ဥပါဒါန် ဆိုတဲ့ ကိလေသာတွေလဲ ဖြစ်တော့တာပဲ၊ သင်္ခါရ, ကမ္မဘဝဆိုတဲ့ ကမ္မဝဋ်တွေလဲ ဖြစ်တော့တာပဲ၊ ကမ္မဝဋ် ဖြစ်လျှင် အကြောင်းညီညွတ်တဲ့အခါ သူ၏အကျိုးဖြစ်တဲ့ ဝိပါကဝဋ်လဲ ဖြစ်တော့တာပဲ၊ ဒါကြောင့် အဲဒီလို ဝဋ် သုံးပါး မဖြစ်ရ, မလည်ရ အောင် မြင်တိုင်း, မြင်တိုင်း ရှုမှတ် ရတယ်၊ အဲဒီလို ရှုမှတ်တော့ သမာဓိဉာဏ် ရင့်သန်တဲ့အခါမှာ မှတ်တိုင်း မှတ်တိုင်း မြင်တာရော, မြင်ရတာရော, မှတ်သိတာရော တစ်ခဏချင်း ပျောက်ပျောက် သွားတာတို့သာ တွေ့ရတယ်၊ အဲဒီလို တွေ့ရတော့ မမြဲဘူးလို့လဲ သိရတယ်၊ ဆင်းရဲ မျှဘဲလို့ လဲ သိရတယ်၊ ငါကောင်မဟုတ်တဲ့ သဘောတရားမျှပဲ လို့လဲ သိရတယ်၊ ဒါကြောင့် အဲဒီလို သိရတဲ့ တရားနှင့်စပ်ပြီး မြဲတယ်, ချမ်းသာတယ် စသည်ဖြင့် အသိမှား, အထင်မှားဟာ ဖြစ်ခွင့်မရှိဘဲ ကင်းသွားတယ်၊ အဲဒါ အဝိဇ္ဇာ ကင်းတာပဲ၊ အဲဒီလို အဝိဇ္ဇာကင်းတော့ တဏှာ, ဥပါဒါန်, သင်္ခါရ, ကမ္မဘဝ ဆိုတာတွေလဲ အဲဒီ အမြင်နှင့်စပ်ပြီး ဖြစ်ခွင့်မရဘဲ ကင်းပြတ် သွားကြတယ်၊ အဲဒါဟာ ကိလေသာဝဋ်နဲ့ ကမ္မဝဋ် ကင်းပြတ်ပုံပါပဲ၊ ဒီလို ကမ္မဝဋ် ကင်းသွားတော့ အဲဒီ ကံကြောင့် ဖြစ် မည့် ဝိပါကဝဋ်လဲ မဖြစ်ရတော့ဘဲ ပြတ်စဲသွားတယ်။ ဒါဟာ မြင်ရာက ရှုမှတ်ပြီး တဒင်္ဂအားဖြင့် ဝဋ်သုံးပါး ကင်းဝေးပုံ ပါပဲ။

ကြားခိုက် စသည်မှာလဲ ရှုမှတ်လျှင် နည်းတူပင် ဝဋ်သုံးပါး ကင်းဝေးပါတယ်။ အဲဒီလို ဝိပဿနာက မြင်မှု, ကြားမှု, အစ ရှိတဲ့ ဝိပါကဝဋ်နဲ့စပ်ပြီး ဖြစ်မည့် ဝဋ်သုံးပါးကို တဒင်္ဂအားဖြင့် အပြည့် အစုံ ပယ်ပြီးသောအခါမှာ အရိယမဂ် ဖြစ်ပေါ်လာပြီး အဲဒီ ဝဋ် သုံးပါးကို အကြွင်းမဲ့ ပယ်ဖြတ်သွားပါတယ်။ ဒီလို ဖြတ်ပုံကို

http://www.dhammadownload.com

ရှေးကလဲ အကြိမ်ကြိမ် ပြောခဲ့ပါပြီ၊ ဒါပေမယ့် ဒီ ဝဋ်သုံးပါး လည်ပုံနဲ့စပ်ပြီး မလည်နိုင်အောင် အားထုတ်ပုံကိုလဲ ဒီနေရာမှာပဲ အလွယ်တကူနဲ့ သဘောပေါက် နားလည်စေချင်လို့ ထပ်ပြီး ပြောရခြင်း ဖြစ်ပါတယ်။ ယခု ဒီထိအောင် ဒီကနေ့ ပြောလာခဲ့တာတွေဟာ လပြည့်နေ့က ပြောခဲ့ပြီးချည်းပါပဲ၊ ဒါပေမယ့် ဒီကနေ့ပြောမည့် အရဟံ–ဂုဏ်တော်အဖွင့်နှင့် ဆက်စပ်ပြီး နားလည်လွယ်အောင် ထပ်ပြီး အကျဉ်းချုပ် ပြောရပါတယ်၊ ဒီကစပြီး အရဟံ–ဂုဏ်တော် ဖွင့်ကို ပြောမယ်။

အရဟံ ဂုဏ်တော်ဖွင့်

အာရကတ္တာ ဟတတ္တာ စ၊ ကိလေသာရိန သော မုနိ။
ဟတ သံသာရ စက္ကာရော၊ ပစ္စယာဒိန စာရဟော။
နိ ရဟော ကရောဟိ ပါပါနိ၊ အရဟံ တေန ဝုစ္စတိ။

(ဝိသုဒ္ဓိမဂ် ပ–၁၉၅၊ ဝိ–ဌ–ပ–၈၇)

အာရကတ္တာ စ၊ ကိလေသာတို့မှ ဝေးကွာတော်မူသည်၏ အဖြစ်ကြောင့် လည်းကောင်း။ ကိလေသာရိန် ဟတတ္တာ စ၊ ကိလေသာ ရန်သူတို့ကို ပယ်သတ်တော် မူပြီးသည်၏ အဖြစ် ကြောင့် လည်းကောင်း။ သော မုနိ၊ ထိုမြတ်စွာဘုရားကို။ အရဟံ၊ အရဟံဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။ ယော၊ အကြင် မြတ်စွာ ဘုရားသည်။ ဟတ သံသာရ စက္ကာရော၊ ချိုးဖျက်အပ်ပြီး သော သံသရာစက်၏ ထောက်အကန့် ရှိတော်မူ၏။ ပစ္စယာဒိန် စ၊ ပစ္စည်း စသည်တို့ ကိုလည်း။ အရဟော၊ ထိုက်တန်တော် မူပေ၏။ ရဟော၊ ဆိတ်ကွယ်ရာ၌လည်း။ ပါပါနိ၊ မကောင်းမှု တို့ကို။ နိ ကရောတိ၊ ပြုတော်မမူ။ တေန၊ ထိုသုံးပါးသော ဂုဏ်သကတ်

http://www.dhammadownload.com

ကြောင့်လည်း။ သော မုနိ၊ ထိုမြတ်စွာဘုရားကို။ အရဟံ၊ အရဟံ ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပေ၏။

အရဟံဆိုတဲ့ပုဒ်က သဒ္ဒါနည်းအားဖြင့် ငါးမျိုးပြိုးနိုင်ပါတယ်။ (၁) အာရကာ-ပုဒ်က=အရဟံဖြစ်လာတယ်။ (၂) အရိ + ဟ-ပုဒ်က = အရဟံ ဖြစ်လာတယ်။ (၃) အရ+ဟ-ပုဒ်က = အရဟံ ဖြစ်လာတယ်၊ (၄) ထိုက်တန်ခြင်းဟော အရဟန္တ-မှ = အရဟံ ဖြစ်လာတယ်၊ (၅) အ+ရဟ-မှ=အရဟံ ဖြစ်လာတယ်၊ ဒီလို ငါးနည်းပုဒ်ပြိုးပုံကို ပြပါတယ်။

(၁) အရဟံဂုဏ်တော်

အဲဒီ ငါးနည်းထဲမှာ အာရကာ-ပုဒ်က ဖြစ်လာတဲ့ အရဟံ ပုဒ်ရဲ့အနက်ကတော့ ကိလေသာတို့မှ ဝေးကွာတော်မူတယ်လို့ ဆိုလိုပါတယ်၊ ဒီလိုဆိုရင် ရဟန္တာပုဂ္ဂိုလ်တွေမှာလဲ ကိလေသာတို့မှ ကင်းဝေးစင်ကြယ်နေတာပဲ၊ ဘယ်လို ထူးသေးသလဲလို့ ဆိုတော့ ရဟန္တာပုဂ္ဂိုလ်များမှာ ကိလေသာ ကင်းသော်လဲ ကိလေသာရှိစဉ်က အထုံအကျင့် ပါနေတဲ့ ဝါသနာကတော့ မကင်းဘဲ ရှိနေတတ်တယ်၊ အဲဒါကို ပိလိန္ဒဝစ္ဆမထေရ်၏ ဝတ္ထုဖြင့် သိနိုင်ပါတယ်။

ပိလိန္ဒဝစ္ဆမထေရ်ဝတ္ထု

နတ်တွေက အချစ်မြတ်နိုးဆုံး ဖြစ်၍ ဇတဒဂ်ဂုဏ်ထူးဖြင့် မြတ်စွာဘုရားက ချီကျူးတော်မူအပ်သော ပိလိန္ဒဝစ္ဆ မည်တဲ့ ရဟန္တာမထေရ်ဟာ လူဝတ်ကြောင့်တွေနဲ့ဖြစ်စေ, ရဟန်းတွေနဲ့ ဖြစ်စေ ပြောဆိုတဲ့အခါမှာ 'ဇဟီဝသလ=ဟေ့ သူယုတ်လာခဲ့၊ ဂစ္ဆ

http://www.dhammadownload.com

ဝသလ = သူယုတ်...သွားတော့' စသည်ဖြင့် သူတစ်ပါးကို သူယုတ်လို့ ခေါ်ပြီး ပြောဆိုလေ့ရှိပါသတဲ့၊ မြန်မာ့အသုံးနဲ့ ဆိုရင် 'ဟော့ အကောင်'လို့ ပြောတာမျိုးပါပဲ၊ တစ်နေ့သောအခါမှာ လူတစ်ယောက်က ပိတ်ချင်းသီးခြောက်တွေ လှည်းနဲ့ တင်ပြီး ရောင်းဖို့ ရာဇဂြိုဟ်မြို့ထဲ ယူလာခဲ့တယ်၊ တစ်နေရာမှာ လှည်းချွတ်ထားခဲ့ပြီး စံနမူနာပြဖို့ ပိတ်ချင်းသီး အနည်းငယ်ကို ခွက်နဲ့ဈေးသို့ယူလာခဲ့တယ်၊ အဲဒီအခါ အရှင်ပိလိန္ဒဝစ္ဆကလဲ ဆွမ်းခံကြွလာခိုက် ဖြစ်တဲ့အတွက် လမ်းမှာ ရင်ဆိုင်တွေ့တော့ 'ဟော့ အကောင်ယုတ်...ဘာတွေလဲ'လို့ အရှင် ပိလိန္ဒဝစ္ဆ မထေရ်က မေးလိုက်တယ်။ ဒီတော့ အမေးခံရတဲ့လူမှာ အတော် စိတ်မချမ်းမသာ ဖြစ်သွားတယ်၊ ကိုယ်တော်ကြီးနယ် နံနက် စောစောကြီး ရှုန့်ရင်းကြမ်းတမ်းတဲ့စကားနဲ့ ငါ့ကို ပြောရက်ဘီတယ်၊ နိမိတ်မကောင်းလိုက်တာ၊ သူ့အမေးနဲ့ ထိုက်တန်အောင် ပြန်ပြောမှပဲ–လို့ စိတ်ကူးပြီးတော့ အဲဒီလူက 'ခွက်ထဲကဟာ တွေ ကြွက်ချေးတွေပါဘုရား'လို့ ငေါ့ပြီး ပြောလိုက်တယ်၊ အဲဒီတော့ မထေရ်က 'အေး... ဒီအတိုင်းပဲ ဖြစ်ပါလိမ့်မယ် အကောင် ယုတ်ရယ်လို့' ပြောပြီး ကြွသွားတယ်၊ အဲဒီလိုပြောပြီး ကြွသွားတဲ့အခါ ဟိုလူရဲ့ ပိတ်ချင်းသီးတွေဟာ အကုန်လုံး ကြွက်ချေးတွေ ဖြစ်ကုန် ပါသတဲ့။

ဒီတော့ အဲဒီလူ.က ခွက်ထဲမှ ပိတ်ချင်းသီးတွေ ကြွက်ချေးဖြစ် ကုန်တာကိုတွေ့ရတဲ့အတွက် အမျိုးမျိုးစုံစမ်းကြည့်တယ် တကယ် ကြွက်ချေး ဖြစ်နေကြောင်း တွေ့ရတော့ လှည်းပေါ်မှာရှိတဲ့ ပိတ်ချင်းသီးတွေကိုလဲ မသက်ာလို့ သွားကြည့်တယ်၊ အဲဒါတွေ လဲ အကုန် ကြွက်ချေးဖြစ်နေတာကို တွေ့ရတော့ အလွန် စိတ် နှလုံး ပူပန်ခြင်း ဖြစ်ရရှာတယ်၊ အဲဒီလို စိုးရိမ်ပူပန်ပြီး ကျိုးတိုး ကျဲတဲ

http://www.dhammadownload.com

သွားနေတယ်၊ အဲဒီလို သွားနေတာကိုမြင်ရတော့ တခြား လူတစ်ယောက်က သူ့ကို မေးမြန်းတယ်၊ မထေရ်တစ်ပါးနဲ့ တွေ့ရပုံ၊ မေးပုံ ဖြေပုံနှင့်တကွ ပိတ်ချင်းသီးတွေ ကြွက်ချေးဖြစ် ကုန်ပုံ အလုံးစုံကို အဲဒီ ပိတ်ချင်းသီးရှင်က ပြောပြပါတယ်၊ ဒီတော့ မေးမြန်းတဲ့သူက 'ဟာ...ဒီလိုဆိုရင် ဘာမျှ မစိုးရိမ်နဲ့ ကျွန်ုပ်ရဲ့ဆရာ ပိလိန္ဒဝစ္ဆမထေရ်ဖြစ်ပါလိမ့်မယ်၊ ခင်ဗျားဟာ အဲဒီခွက်နဲ့ ပိလိန္ဒဝစ္ဆ မထေရ် ရှေ့မှာ ရပ်နေပါ 'ဟေ့... အကောင်ယုတ်... အဲဒါဘာလဲ'လို့ မေးလိမ့်မယ်၊ ပိတ်ချင်းသီး တွေပါဘုရား'လို့ ခင်ဗျားလျှောက်ပါ၊ 'အေး...ဒီအတိုင်းပဲ ဖြစ်ပါလိမ့်မယ် အကောင်ယုတ်ရယ်လို့' မထေရ်က ဆိုလိမ့်မယ်၊ အဲဒီအခါ ခင်ဗျား ပိတ်ချင်းသီးတွေဟာ မူရင်း အတိုင်း ပိတ်ချင်းသီးတွေပဲ ပြန်ဖြစ်ကြပါလိမ့်မယ်' လို့ ညွှန်ကြားလိုက် တယ်၊ အဲဒီ ညွှန်ကြားချက်အတိုင်း ပြုလုပ်တဲ့အခါမှာ ပိတ် ချင်းသီးတွေ ပြန်ဖြစ်ကြပါသတဲ့။

အဲဒီလို အရှင်ပိလိန္ဒဝစ္ဆဟာ အပြောအဆို ကြမ်းတဲ့အတွက် တချို့ ပုထုဇဉ် ရဟန်းတွေက မြတ်စွာဘုရားကို တိုင်ကြား လျှောက်ထားကြတယ်၊ ဒီတော့ မြတ်စွာဘုရားက ပိလိန္ဒဝစ္ဆ ဟာ ဘဝပေါင်း ငါးရာပတ်လုံး ဗြဟ္မာဏမျိုးမှာဖြစ်လာခဲ့လို့ သူ တစ်ပါးကို ရှုန့်ရင်းစွာ ပြောတတ်တဲ့ ဝါသနာ ပါလာကြောင်း၊ ကိလေသာကုန်ခန်း ရဟန္တာ ဖြစ်နေတဲ့အတွက် စိတ်စေတနာ ရင်းကတော့ နူးညံ့ဖြူစင်ကြောင်း စသည်ကို မိန့်ကြားတော် မူပါတယ်။

မြတ်စွာဘုရားမှာတော့ ဝါသနာလဲ ကင်းတယ်

မြတ်စွာဘုရားမှာတော့ သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်တော်မူသည့် အချိန်ကစပြီး ရှေးရှေးကာလ ရှေးရှေးဘဝတွေမှ ပါလာခဲ့တဲ့ ကိလေသာအရိုန်အဝါ ဝါသနာတွေပါ ကင်းသွားတယ်၊ ဒီနေရာမှာ

http://www.dhammadownload.com

ပြောလိုရင်းကတော့ ရဟန္တာပုဂ္ဂိုလ်တိုင်းပဲ ကိလေသာ အာသဝေါ တရားတွေ လုံးဝကင်းနေလို့ ကိလေသာတို့မှ ကင်းဝေးစင်ကြယ်တယ်လို့ အနက်အဓိပ္ပာယ်ရှိတဲ့ အရဟံဆိုတဲ့ဘွဲ့ အမည်ကို ရပါတယ်၊ ဒါပေမယ့် ကိလေသာ ရှိစဉ်တုန်းက အလေ့အလာများလို့ အကျင့်ပါလာတဲ့ ဝါသနာကတော့ မကင်းဘဲ ရှိနေတတ်ပါတယ်၊ မြတ်စွာဘုရားမှာတော့ ကိလေသာ အာသဝေါတရားတွေ ကင်းရုံမျှမကဘဲ အဲဒီ ဝါသနာပါ လုံးဝကင်းနေပါတယ်၊ ဒါကြောင့် အရဟံ ဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးကို အထူးသဖြင့်ရရှိတော်မူပါတယ်၊ ဗောဓိပင်အောက် ရတနာပလ္လင်ထက်မှာ ဘုရားအဖြစ်သို့ ရောက်တော်မူသည်နှင့် တစ်ပြိုင်နက် ဒီဘွဲ့ထူးဂုဏ်ထူးကို ရတော်မူခဲ့ပါတယ်။

အဲဒီ ဂုဏ်တော်ကို ဘုန်းကြီးက ဘုရားရှိခိုးအဖြစ်နဲ့ နလုံးသွင်းဖို့ရာ စီထားပါတယ်၊ အဲဒါဟာ ယခုမှ မဟုတ်ပါဘူး၊ ကြာလှ ပါပြီ၊ လွန်ခဲ့တဲ့ အနှစ် ၃၀–ကျော်လောက်ကပါ၊ အဲဒီတုန်းက ဘုန်းကြီးက ဒီလိုစဉ်းစားမိတယ်၊ 'ငယ်ငယ်က ရထားတဲ့ ဘုရား ရှိခိုးတွေက အင်မတန်နှုတ်တက်လွန်အားကြီးနေတယ်၊ ဘုရား ရှိခိုးတဲ့အခါမှာ စိတ်က နလုံးမသွင်းရဘဲ နှုတ်က သူ့ဟာသူဆိုဆို သွားသလိုဖြစ်နေတယ်၊ စိတ်နဲ့ အထူးအာရုံပြုပြီး ဆိုတဲ့အခါမှာ အစ ပျောက်ပျောက်လဲ သွားတတ်တယ်၊ ဒီတော့ ဘုရားရှိခိုး အသစ်ပြောင်းဦးမှပဲ၊ ပြောင်းတော့လဲ 'ဣတိပိသော'ထဲမှာပါ တဲ့ ဂုဏ်တော် ၉–ပါး အဖွင့်ရေးပြီး ပြောင်းမှပဲ၊ ပါဠိမပါဘဲ မြန်မာစကားပင် သက်သက်ရေးပြီး ဘုရားရှိခိုးမယ်'လို့ ဒီလို စဉ်းစားပြီး ရေးစီခဲ့ပါတယ်၊ အဲဒီအတိုင်းလဲ ရွတ်ဆိုအာရုံပြုပြီး ဘုရားရှိခိုးနေပါတယ်၊ အဲဒီမှာ အာရကာ–ပုဒ်မှ ပြီးတဲ့ အရဟံ ဂုဏ်တော်အတွက် ဒီလိုစီထားပါတယ်။

ကိလေသာရှိစဉ်က အလေ့အလာအထုံဝါသနာနှင့် တကွ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူသော

http://www.dhammadownload.com

ကြောင့် ရတော်မူသော အရဟံဟူသောအမည်တော်နာမ ဝိသေသ ဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ်မဆန့်တက်အောင် နှုံ့လျက် ကျော်စော တော်မူပေသော မြတ်စွာဘုရား...တဲ့။

မြတ်စွာဘုရား၏ သန္တာန်မှာ လောဘ ဒေါသ မောဟ အစ ရှိသော စိတ်အညစ်အကြေး ကိလေသာတွေ တစ်စွန်းတစ်စ တစ်မှုန်မျှမရှိအောင် သန့်ရှင်း စင်ကြယ်နေတယ်၊ ကိလေသာရဲ့ အရိပ်အရောင်သဖွယ်ဖြစ်တဲ့ ဝါသနာတောင် မရှိဘဲ ဝင်းဝင်း တောက်စင်ကြယ်နေပါတယ်၊ ဒါကြောင့်ဘယ်လိုကောင်းတဲ့အာရုံ နဲ့တွေ့ရသော်လဲ နှစ်သက်မှုသာယာမှု မဖြစ်ဘူး၊ နှစ်သက်သာယာ တဲ့ အရိပ်အရောင်တောင် ပေါ်မလာဘူး၊ ဘယ်လိုမုန်းဖွယ် ရွံဖွယ်ကောင်းတဲ့အာရုံနဲ့ တွေ့ရသော်လဲ စိတ်ပျက်မှု, မုန်းမှု, ရွံမှု မဖြစ်ဘူး၊ စိတ်ဆိုးခြင်းရဲ့ အရိပ်အရောင်တောင် မပေါ်လာဘူး၊ ဒါကြောင့် အဲဒီဂုဏ်တော်ဖွင့်ထဲမှာ–

"ကိလေသာရှိစဉ်က အလေ့အလာ အထုံဝါသနာနှင့်တကွ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော် မူသော ကြောင့် ရတော်မူတယ်"လို့ ဆိုထားပါတယ်၊ မိုးစွန်ဘဝဂ် မဆုံ အောင် ပျံ့နှံ့ တက်တယ်ဆိုတဲ့ အဓိပ္ပာယ်ကိုတော့ နောက်ဆုံးကျ မှ ပြောရမယ်၊ ကဲ အဲဒီဂုဏ်တော်ဖွင့်ကို ရွတ်ဆိုပြီး ဘုရားကို အာရုံ ပြုကြဦးစို့။

ကိလေသာရှိစဉ်က အလေ့အလာ အထုံ ဝါသနာ နှင့်တကွ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူသော ကြောင့် ရတော်မူသော အရဟံ ဟူသော အမည်တော်နာမ ဝိသေသဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှုံ့လျက် ကျော်စောတော် မူပေသော မြတ်စွာဘုရား... ။

http://www.dhammadownload.com

အဲဒီမှာ ကိလေသာအညစ်အကြေးတွေမှ ကင်းတယ်ဆိုတာ ပဋိစ္စသမုပ္ပာဒ်ဒေသနာမှာ ပြထားတဲ့ ကိလေသဝဋ်တွေ ကင်းတာ ပါပဲ၊ ကိလေသဝဋ် ကင်းတော့ ကမ္မဝဋ်, ဝိပါကဝဋ်တွေလဲ အကုန်လုံးကင်းတယ်၊ ဒါကြောင့် ဒီအရဟံ ဂုဏ်ပုဒ်ဖြင့် မြတ်စွာ ဘုရားမှာ ဝဋ်သုံးပါးလုံး ကင်းတော်မူတယ်လို့ ပြပါတယ်။ ထို့အတူပင် ရဟန္တာ ပုဂ္ဂိုလ်များမှာလဲ အရဟံဆိုတဲ့ သာမည အမည်ကို ရတော်မူကြတဲ့အတွက် ဝဋ်သုံးပါးလုံးက ကင်းတာ ချည်းပဲ။ ဒါကြောင့် ဘုရားရဟန္တာ ပုဂ္ဂိုလ်များမှာ ပရိနိဗ္ဗာန် စုတိမှ နောက်ကာလ၌ ဇာတိ ဇရာ မရဏ အစရှိတဲ့ ဝိပါက ဝဋ်တွေ မဖြစ်ပေါ်လာ တော့ဘဲ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်း သွားတယ်။ ရဟန္တာ အဖြစ်သို့ မရောက်သေးတဲ့ ဆေနေယျ သတ္တဝါဟူသမျှလဲ ပဋိစ္စသမုပ္ပာဒ် ဘဝစက်မှ ကိလေသဝဋ် ချုပ်ငြိမ်းအောင် ဝိပဿနာ ရှုခြင်းဖြင့် နည်းတူပင် တစ်နေ့ တစ်ချိန်မှာ ရဟန္တာဖြစ်ပြီး ဝဋ်ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းစေရမှာ ချည်းပဲ။

(၂) အရဟံဂုဏ်တော်

ယခု(၂) အရိ+ဟ=မှ ဖြစ်လာတဲ့ အရဟံ–ပုဒ်ရဲ့ အနက် ကို ပြောရမယ်။ အရိ=ကိလေသာ ရန်သူတို့ကို၊ ဟန္တ–ဟ= ပယ်သတ်တော်မူပြီးသောကြောင့် အရဟံ မည်တော် မူပါ တယ်–တဲ့။ လူတွေက သူခိုး ဓားပြ လူဆိုး မြွေကင်း သစ် ကျား အစရှိတဲ့ အပြင်ရန်သူကိုသာ သိပြီးကြောက်လေ့ ရှိကြတယ်၊ မိမိတို့ ကိုယ်တွင်းမှာ ရှိနေတဲ့ ရန်သူကိုတော့ မသိလို့ မကြောက်ကြဘူး၊ အမှန်အားဖြင့်တော့ ကိုယ်တွင်းရန်သူကမှ သာပြီး ကြောက်စရာ ကောင်းတာ၊ ဘယ်လို ရန်သူတွေလဲဆိုရင် မိမိတို့ ကိုယ်ထဲမှာ ရှိနေတဲ့ ရုပ်နာမ် ခန္ဓာတွေနဲ့ ကိလေသာတွေပါပဲ၊ ယခု သတ္တဝါတွေ အိုရ နာရ သေရ ကိုယ်

http://www.dhammadownload.com

ဆင်းရဲရ စိတ်ဆင်းရဲရနဲ့ ဒုက္ခရောက်နေကြတာဟာ ဒီ ရုပ်နာမ် ခန္ဓာတွေနဲ့ ကိလေသာတွေ ရှိနေလို့ ပါပဲ၊ ဒီအထဲမှာလဲ ကိလေသာ တွေက အရင်းခံပဲ၊ ကိလေသာတွေ ရှိနေလို့ ဘဝ အသစ်အသစ် အဖန်ဖန် ဖြစ်နေ ကြရတယ်၊ ဖြစ်ရာ ဖြစ်ရာ ဘဝတိုင်းမှာ အိုရ နာရ သေရ အစ ရှိသော ဆင်းရဲဒုက္ခတွေနဲ့တွေ့ကြုံခံစားနေကြရတယ်၊ ဒါကြောင့် ကိလေသာတွေဟာ ကြောက်စရာ အကောင်းဆုံး ရန်သူ တွေပဲ။ အဲဒီ ကိလေသာတွေက ဘယ်ဟာတွေလဲဆိုရင် (၁) လောဘ = လိုချင် နှစ်သက်မှု၊ (၂) ဒေါသ = စိတ်ဆိုး ပြစ်မှားမှု၊ (၃) မောဟ = မသိမှု–သိမှားမှု၊ (၄) မာန = တက်ကြွ ထောင် လွှားမှု–အထင်ကြီးမှု၊ (၅) ဒိဋ္ဌိ=အမြင်မှား အယူမှားမှု၊ (၆) ဝိစိကိစ္ဆာ = ယုံမှားမှု၊ (၇) ထိန = ထိုင်းမှိုင် ပျင်းရိမှု၊ (၈) ဥဒ္ဓစ္စ = ပျံ့လွင့်မှု၊ (၉) အဟိရိက = အကုသိုလ်မှ မရှက်မှု၊ (၁၀) အနောတ္တပ္ပ = အကုသိုလ်မှ မကြောက်လန့်မှု ဆိုတဲ့ ဒီ ၁၀–ပါး ပါပဲ။ ကြောက်စရာ အကောင်းဆုံးဖြစ်တဲ့ ဒီကိလေသာ ရန်သူ ၁၀– ပါးကို မြတ်စွာဘုရားဟာ အရဟတ္တ မဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ ပယ်သတ်တော်မူပါတယ်၊ ဒါကြောင့်လဲ အရဟံ ဆိုတဲ့ ဂုဏ်တော်ကို ရတော်မူပါတယ်၊ အဲဒါကိုလဲဂုဏ်တော်ဖွင့် ဘုရားရှိခိုးမှာ ဒီလို စိတ်ထားပါတယ်။

လောဘ ကိလေသာ, ဒေါသ ကိလေသာ, မောဟ ကိလေသာ, မာန ကိလေသာ, ဒိဋ္ဌိကိလေသာ, ဝိစိကိစ္ဆာ ကိလေသာ, ထိနကိလေသာ, ဥဒ္ဓစ္စကိလေသာ, အဟိရိက ကိလေသာ, အနောတ္တပ္ပကိလေသာ တည်းဟူသော သရုပ် အားဖြင့် ကိလေသာ ဆယ်ပါး အကျယ် ပွားလျှင် တစ်ထောင့် ငါးရာ မျှားလှစွာ ကိလေသာ ရန်သူတို့ကို အရဟတ္တမဂ် ဓားလက်နက်ဖြင့်

http://www.dhammadownload.com

အကြွင်းမဲ့ခုတ်ဖြတ် ပယ်သတ်တော် မူပြီးသောကြောင့် ရတော်မူသော အရ-ဟံ ဟူသော အမည်တော်နာမ ဝိသေသ ဂုဏ်တံဆွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှုံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား...တဲ့။

ကဲ-အဲဒါကို ဆိုကြရမယ်...

လောဘ ကိလေသာ။ပ။ နှုံ့လျက် ကျော်စော တော်မူပေသော မြတ်စွာဘုရား...။

တစ်ထောင့်ငါးရာ ကိလေသာ

အဲဒီမှာ ကိလေသာတွေဟာ အသီးသီး သရုပ်တရားကိုယ်အားဖြင့်တော့ ၁၀-ပါးဘဲရှိပါတယ်၊ ဒါပေမယ့် ဒီ ကိလေသာတွေက မိမိသန္တာန်က ရုပ်နာမ်တွေကိုလဲ အာရုံပြုပြီး ဖြစ်တယ်၊ သူတစ်ပါး သန္တာန်က ရုပ်နာမ်တွေကိုလဲ အာရုံပြုပြီး ဖြစ်တယ်၊ မိမိသန္တာန်က ရုပ်နာမ်တွေ ဆိုတာကလဲ စိတ်စေတသိက် နာမ်တရားက ၅၃-ပါး၊ နိပ္ပန္နရုပ် ဆိုတာက ၁၈-ပါး၊ အာကာသဓာတ်က ၁-ပါး၊ ဓာတိ-ဓရတာ-အနိစ္စတာဆိုတဲ့လက္ခဏာရုပ်က ၃ပါး (ဥပစယနှင့် သန္တတိကို ပေါင်းတွက်ထားသည်၊ အနုဋီ ၁:၁၉) အဲဒါအားလုံးပေါင်း ၇၅-ပါးရှိတယ်။ သူတစ်ပါးသန္တာန်ကလဲ ၇၅-ပါးပဲ၊ အဲဒါ ၂-ရပ်ပေါင်းလျှင် ၁၅၀-ရှိတယ်၊ အဲဒီ ရုပ်နာမ် ၁၅၀-ထဲက တစ်ပါ တစ်ပါးကို အာရုံပြုပြီး ကိလေသာ ၁၀-ပါး ၁၀-ပါးဖြစ်နိုင်တယ်၊ ဒါကြောင့် အဲဒီသန္တာန် ၂-ရပ်က ရုပ်နာမ်အာရုံ ၁၅၀-ကို ကိလေသာ ၁၀-ပါးနှင့် မြှောက်ပွား လိုက်ရင် ကိလေသာ ၁၅၀၀ ဖြစ်ပါတယ်။ အဲဒါကို တိုတိုနဲ့ မှတ်ထားချင်ရင် 'နာမ်-နိ-အာ-လက်၊ ပေါင်းလျက်တည်ထား၊ သန်-ကိ-ပွား၊ မှတ်သား

http://www.dhammadownload.com

ထောင့်ငါးရာ'လို့ မှတ်ထားကြရမယ်၊ ကိုလေသာ တစ်ထောင့်ငါးရာ တွက်ရဲ့ တွက်နည်းတွေကတော့ ဒီပြင်လဲရှိပါသေးတယ်၊ ဒါပေမယ့် အဲဒီ နည်းတွေကတော့ ဒီနည်းလို ပြောဖို့ မှတ်ဖို့ မလွယ်ဘူး။

အမှတ်(၃)အရ+ဟ-၄ ဖြစ်လာတဲ့ အရဟံ ပုဒ်ကတော့ ဒီမှာပြောလိုရင်း ဖြစ်ပါတယ်၊ တော်တော်များများလဲ ပြောရလိမ့်မယ်၊ ဒါကြောင့် နောက်ဆုံးကျမှပြောမယ်။

(၄) အရဟံဂုဏ်တော်

အမှတ်(၄) အရဟန္တ ပုဒ်မှဖြစ်လာတဲ့ အရဟံ-ပုဒ်၏ အနက်ကတော့ "အရဟတိတိ=ထိုက်တန်တော်မူသောကြောင့်၊ အရဟံ=အရဟံ မည်တော်မူ၏လို့ ဆိုတဲ့ ဝစနတ္ထနှင့်အညီ လူ နတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့က လှူဒါန်းပူဇော်ရဲ့ ပစ္စည်း ကို အလှူခံရန် ထိုက်တန်တော်မူတယ်၊ အရိုအသေပြုခြင်း ပူဇော် ခြင်းအထူးကိုခံရန် ထိုက်တန်တော်မူတယ်လို့ ဆိုလိုပါတယ်။ လောကမှာ လူတွေက ပေးလှူပူဇော်ကြတယ်၊ အရိုအသေပြုကြ တယ်ဆိုတာဟာ ရည်ရွယ်ချက် မျှော်လင့်ချက် ရှိကြပါတယ်၊ ဘယ်လိုလဲဆိုရင် ချမ်းသာကြီးပွား ကောင်းစားချင်တဲ့ ရည်ရွယ်ချက် မျှော်လင့်ချက်ချက်တွေပါပဲ၊ မထိုက်တန်တဲ့ ပုဂ္ဂိုလ်ကို လှူဒါန်း ပူဇော်ရင် အရိုအသေပြုရင် ရည်ရွယ် မျှော်လင့်တဲ့ အတိုင်း အကျိုးမရဘူး၊ ပစ္စည်းကုန် လူပန်းရုံ မျှသာ ရှိပါတယ်၊ မြတ်စွာ ဘုရားမှာတော့ လွန်ကဲထူးမြတ်တဲ့သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ်ကျေးဇူးတွေနဲ့ လုံးဝဥဿုံ ပြည့်စုံတော်မူတဲ့အတွက် မြတ်စွာဘုရားအား ပေးလှူပူဇော်ရင် အရိုအသေပြုရင် အဲဒီပုဂ္ဂိုလ်တွေမှာ မိမိတို့

http://www.dhammadownload.com

ရည်ရွယ်ချက် အတိုင်း ချမ်းသာကြီးပွား ကောင်းစားခြင်း အကျိုးတွေကို အပြည့်အဝ ရကြပါတယ်၊ အဲဒီလို ရည်ရွယ်ချက် အပြည့်အဝ ရစေနိုင်တဲ့ ဂုဏ်ထူးတွေနဲ့ ပြည့်စုံတော်မူသောကြောင့် မြတ်စွာ ဘုရားဟာ ပူဇော်အထူးကိုခံထိုက်တဲ့ အရဟံ မည်တော်မူပါတယ်၊ အဲဒါကိုလဲ ဂုဏ်တော်ဖွင့်မှာ ဘုရားရှိခိုးမှာ ဒီလို စီထားပါတယ်။

လွန်ကဲထူးမြတ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿန ဂုဏ်ကျေးဇူး တို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ လူမင်း နတ်မင်း ဗြဟ္မာမင်းဟု ကမ္ဘာအတွင်း၌ သမ္ဘာရင်းထူ ဂုဏ်လင်း သူတို့မှစ၍ အနန္တ မဆုံး လောကကြီး တစ်ခုလုံး၏ ညွှတ်ရုံးဖူးမြော် ပူဇော်ခြင်း ဝိသေသ ထူးမြတ်သော သက္ကာရတို့ကို တောင့်တတဲ့ချမ်းသာ လိုရာရာအကျိုး များဖြင့် တိုးပွား မသွေ ချမ်းသာစေ ရည်မျှော်လျက် ခံယူတော် မူထိုက်သောကြောင့် ရတော်မူသော အရဟံ ဟူသော အမည်တော်နာမ ဝိသေသ ဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှံ့လျက်ကျော်စောတော်မူပေသော မြတ်စွာဘုရား...တဲ့။

အဲဒီမှာ 'ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍' ဆိုတဲ့ပုဒ်ကို 'ခံယူတော်မူထိုက်သောကြောင့်'ဆိုတဲ့ ပုဒ်နှင့် ဆက်စပ်ပြီးယူရမယ်၊ သမ္ဘာရင်းထူ ဆိုတာက ပုညသမ္ဘာရ-ခေါ်တဲ့ ကောင်းမှု အဆောက်အအုံတွေ များပြား ထူပြောတဲ့ပုဂ္ဂိုလ်တွေ လို့ဆိုပါတယ်၊ လောကကြီးတစ်ခုလုံးဆိုတာက သတ္တ လောကကြီးတစ်ခုလုံး သတ္တဝါတွေ အကုန်လုံးလို့ ဆိုပါတယ်။ ကဲ... အဲဒီ ဂုဏ်တော်ဖွင့်ကို ရွတ်ဆိုပြီး အာရုံပြုကြဦးစို့-

လွန်ကဲ ထူးမြတ်သော သီလဂုဏ်။ ပ။ မူပေသော မြတ်စွာ ဘုရား...။

http://www.dhammadownload.com

(၅) အရဟံဂုဏ်တော်

အမှတ်(၅) အ+ရဟမ္မ ဖြစ်လာတဲ့ အရဟံ ပုဒ်၏ အနက်ကတော့ 'ဆိတ်ကွယ်ရာမရှိဘူး'လို့ ဆိုလိုပါတယ်။ စိတ်နှလုံးမစင်ကြယ်တဲ့ သူတွေဟာ အများ၏ မျက်မှောက်မှာတော့ ကဲ့ရဲ့ဖွယ်မရှိအောင် အစစအရာရာ စောင့်စည်းနေတယ်၊ သူတော်ကောင်းယောင် ဟန်ဆောင်နေတယ်၊ သူတစ်ပါး မမြင်လောက်မကြားလောက် မသိလောက်ဘူးလို့ ထင်ရတဲ့ မျက်ကွယ်ကျတော့ သူ့ပင်ကိုယ်ရင်း စိတ်သဘောအတိုင်း မတော်တာတွေ မကောင်းမှုတွေကို ပြုတယ်၊ ဥပမာ သူခိုးတွေဟာ ရဲအစောင့် အရှောက်တွေ၊ လူအများတွေ မမြင်နိုင်၊ မသိနိုင်ဘူးလို့ ထင်ရတဲ့နေရာမှာ ခိုးတတ်တယ်၊ လူငယ်သူငယ်တွေဟာ လူကြီး, မိဘတွေ မမြင်လောက်တဲ့နေရာမှာ သူတို့အလိုရှိရာတွေကို ပြုလုပ်တတ်တယ်၊ လူကြီး, လူကောင်းတွေ ဆိုတာလဲ အများ မမြင်လောက်တဲ့နေရာမှာ မတော်မသင့်တာကို ပြုလုပ်တာ ရှိတတ်တယ်၊ အဲဒါဟာ ယရာဝါသ-အိမ်ထောင်မှုက ထင်ရှား သက်သေခံနေပါတယ်၊ ဒီစကားထည့်ပြောရတာကတော့ တခြားကြောင့် မဟုတ်ပါဘူး၊ ဘုန်းကြီး ရဟန်းငယ် ဘဝတုန်းက လူတစ်ယောက်က သူ့မှာ ဆိတ်ကွယ်ရာ၌ မကောင်းမှုပြုတာ မရှိဘူးလို့ ဆိုပြီး သူက ဒီအရဟံဂုဏ်တော်ကို ထူးခြားတယ်လို့ မထင်ဘဲရှိနေတာကို တွေ့ဖူးတဲ့အတွက် ပြောရခြင်းဖြစ်ပါတယ်၊ တချို့လူတွေက မသိနားမလည်ရင် အလွဲအမှားတွေကို အဟုတ်ထင်နေတတ်ပါတယ်၊ ကိုယ်မှာရှိနေတဲ့ အပြစ်ကိုလဲ မမြင်တတ်ဘူး၊ သူတစ်ပါးမှာရှိနေတဲ့ ဂုဏ်ကိုလဲမမြင်တတ်ဘူး၊ ရသေ့, ရဟန်း, သူတော်ကောင်းပညာရှိလို့ဝန်ခံနေတဲ့ ပုဂ္ဂိုလ်တွေမှာ စိတ် မစင်ကြယ်ရင် ဒီလို မျက်ကွယ်မှာ မတော်တာတွေကို ပြုတတ်ကြပါတယ်။

http://www.dhammadownload.com

အမှန်ကတော့ မျက်ကွယ်ဆိတ်ငြိမ်ရာ အရပ်ဆိုတာ မရှိပါဘူး၊ လူတွေကမမြင်ပေမယ့် နတ်တွေက မြင်နေတာပါပဲ၊ ဒါကြောင့် အရှင်သုဒိန် ပဌမပါရာဇိက အမှုကို ပြုစဉ်က မြေတည် နတ်မှစပြီး နတ်တွေက မြင်တွေ့လို့ ကြွေးကြော် လိုက်ကြတာ တစ်ခဏချင်း ဗြဟ္မာ့ပြည် ရောက်သွားတယ်လို့ ဆိုပါတယ်၊ နောက်ပြီးတော့ လူတွေ၊ နတ်တွေ ဘယ်သူမှ မမြင်နဲ့ဦးတော့ ကိုယ့်ဟာကိုယ်တော့ သိနေတာပဲ၊ အဲဒါဟာ အကောင်းဆုံး၊ အခိုင်လုံဆုံးသက်သေလို့ ဆိုပါတယ်၊ ဒါကြောင့် အပါယ်လားကြောင်းကဲ့ကိုပြုထားရင် ဘယ်သူမှ မသိပေမယ့် ကိုယ့်ဟာကိုယ် သိနေတဲ့ အတွက် သေခါနီးမှာ ကဲ, ကမ္မနိမိတ်, ဂတိနိမိတ်ထင်ပြီး အပါယ်ဘဝ ကျရောက်သွားနိုင်ပါတယ်၊ အဲဒါကိုယ့်ဟာကိုယ် သက်သေခံသွားတာပါပဲ။

မြတ်စွာဘုရားမှာတော့ စိတ်အညစ်အကြေး ကိလေသာ ဟူသမျှကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်တော်မူပြီးဖြစ်တဲ့ အတွက် စိတ်နှလုံးတော် အခါခပ်သိမ်း အမြဲတမ်း စင်ကြယ်နေပါတယ်၊ မကောင်းမှုကို ပြုလိုတဲ့စိတ်၊ ကြဲလိုတဲ့စိတ်ဆိုတာ လုံးဝမရှိပါဘူး၊ ဒါကြောင့် အများ၏ မျက်မှောက်မှာ ကိုယ်နှုတ် နှလုံးသုံးပါးစလုံး စင်ကြယ်နေသလို တစ်ပါးတည်းသီးတင်း သုံးနေတဲ့အခါလဲ စင်ကြယ်နေပါတယ်၊ ဆိတ်ကွယ်ရာကို အလို မရှိဘူး၊ ဆိတ်ကွယ်ရာ ရယ်လို့ အထူးမရှိဘူး၊ အမြဲတမ်းစင်ကြယ် နေတာပဲ၊ ဒါကြောင့် 'အရဟံ– ဆိတ်ကွယ်ရာမရှိဘူး' ဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးကို ရရှိတော်မူတယ်၊ အဲဒါကိုလဲ ဂုဏ်တော်ဖွင့် ဘုရားရှိခိုးမှာ ဒီလို စိတ်ထားပါတယ်။

> မျက်မှောက် မျက်ကွယ် အချင်းခပ်သိမ်း စင်ကြယ်၍ ဆိတ်ငြိမ်ကွယ်ရာ မရှိတော်မူသောကြောင့် ရတော်မူသော အ–ရဟံ ဟူသော အမည်တော်နာမ ဝိသေဂုဏ် တံခွန်ဖြင့်

http://www.dhammadownload.com

မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှုံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား...တဲ့။

ဒါလဲ ပဋိစ္စသမုပ္ပာဒ်ဒေသနာမှ ကိလေသဝဋ် ကင်းနေတဲ့ အကြောင်းကို ထင်ရှားပြတဲ့ ဂုဏ်တော်ပါပဲ၊ အလွန် ကြည်ညိုဖွယ် ကောင်းလှပါပေတယ်၊ အဲဒါကို ရွတ်ဆိုပြီး ကြည်ညိုကြဦးစို့။

မျက်မှောက် မျက်ကွယ်။ပ။ မူပေသော မြတ်စွာဘုရား ။

(၃) အရဟံ ဂုဏ်တော်

ယခုအမှတ်(၃) လိုရင်း ဂုဏ်ပုဒ်ကို ပြောရမယ်၊ လှည်းဘီး ရထားဘီး စက်ဘီးများ၏ ထောက် (စပုတ်)တိုင်ကို ပါဠိလို'အရ' လို့ခေါ်ပါတယ်၊ ဟန္တ=ဟ-ပုဒ်ကဖျက်တယ်လို့ အနက်ရှိတယ်၊ အရ-နဲ့ ဟ ပေါင်းလိုက်တဲ့အခါ အရဟံ=ဘီး၏ ထောက်-အကန့်တို့ကို ခုတ်ဖြတ်ဖျက်ဆီးတယ်လို့ အနက်ရတယ်၊ ဘယ်လို ထောက်-အကန့်တွေကို ဘယ်လိုခုတ်ဖြတ် ဖျက်ဆီးသလဲဆိုရင် ပဋိစ္စသမုပ္ပာဒ်သံသရာစက်ဘီး၏ ထောက်-အကန့်တွေကို အရ ဟတ္တ မဂ်ဉာဏ်သန်လျက်ဖြင့် ခုတ်ဖြတ် ဖျက်ဆီးတော်မူပါတယ်။

ဖျက်ဆီးပုံကတော့ ပဋိစ္စသမုပ္ပာဒ် ဒေသနာမှလာတဲ့ကိလေသ ဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုတဲ့ ဝဋ်သုံးပါး တစ်လှည့်စီ မပြတ် လည်ပြီး ဖြစ်နေတာကို သံသရာစက်လို့ ခေါ်ပါတယ်၊ အဲဒီ သံသရာစက်ဘီးမှာ အဝိဇ္ဇာက မူလရင်း ဖြစ်သောကြောင့် ဘီး ၏ ပုံတောင်းနဲ့တူပါတယ်၊ ဓောမရဏကတော့ အဆုံးစွန် ဖြစ် သောကြောင့် ဘီး၏ ဘေးပတ်လည် အဝိုင်း-အကွပ်နဲ့ တူပါ တယ်၊ သခ်ါရမှ ဇာတိကျအောင် အလယ်ပိုင်းအင်္ဂါ ၁၀-ပါး ကတော့ ဘီး၏ ထောက်တိုင်(အကန့်)တွေနဲ့ တူပါတယ်၊ လှည်း ဘီး, ရထားဘီး,

http://www.dhammadownload.com

စက်ဘီးများဟာ အလယ်က ထောက်တိုင်တွေ ကျိုးပြတ်ကုန်ရင် ပုံတောင်းနဲ့ အကွပ် တခြားစီဖြစ်ပြီး မလိမ့်နိုင်, မလည်နိုင်, မသွားနိုင်တော့ဘူး၊ အဲဒါလိုပဲ ဒီပဋ္ဌိစ္စသမုပ္ပာဒ် သံသရာ စက်ဘီးကြီးမှာလဲ ပုံတောင်းသဖွယ်ဖြစ်တဲ့ အဝိဇ္ဇာနဲ့ အကွပ်သဖွယ်ဖြစ်တဲ့ ဇရာမရဏာတို့ကို ဆက်သွယ်ပေးတဲ့ သခ်ါရမှ ဇာတိကျအောင် အလယ်ပိုင်း တရားတွေကို ပယ်ဖျက်လိုက်ရင် မလည်နိုင်တော့ပါဘူး၊ အဲဒီလို သံသရာစက်ကြီး မလည်နိုင် ထောက်အကန့်နဲ့တူတဲ့ သခ်ါရအစရှိသော အလယ်ပိုင်းက အင်္ဂါ တွေကို မြတ်စွာဘုရားက အရဟတ္တမဂ် ဉာဏ်တော်ဖြင့် စွန့်ပယ် ဖျက်ဆီးတော်မူပါတယ်။ အဲဒါကို ဂုဏ်တော်ဖွင့် ဘုရားရှိခိုးမှာ ဒီလိုစီထားပါတယ်။

ပုံတောင်းတူစွာ, အဝိဇ္ဇာတစ်ရပ်, အကွပ်ပမာ, ဇရာ မရဏာ, ပတ်လည်ခသည့်, ပဋ္ဌိစ္စသမုပ္ပာဒ်, ရဟတ်သံသရာ, ဘီးစကြာဝယ်, သခ်ါရမှ, ဇာတိကျအောင်, အလယ်က ဆယ်တန့်, ထောက်အကန့် တို့ကို, အရဟတ္တမဂ်, ဉာဏ် သန်လျက်ဖြင့်, မဆက်မစပ်, အကုန်လုံးပြတ်အောင်, ခုတ်ဖြတ်ဖျက်ဆီး, စွန့်ပယ်တော်မူပြီးသောကြောင့်, ရတော်မူသော, အရ-ဟံ ဟူသော, အမည်တော်နာမ, ဝိသေသ ဂုဏ်တံခွန်ဖြင့်, မိုးစွန့်ဘဝဂ်, မဆန့်တက်အောင်, နှံ့လျက် ကျော်ဇောတော်မူပေသော မြတ်စွာဘုရား...တဲ့။

အဲဒီမှာ အလယ်က ဆယ်တန့် ထောက်-အကန့် တွေဆိုတာ (၁) သခ်ါရ၊ (၂) ဝိညာဏ်၊ (၃) နာမ်ရုပ်၊ (၄) သဠာယတန၊ (၅) ဖဿ၊ (၆) ဝေဒနာ၊ (၇) တဏှာ၊ (၈) ဥပါဒါန်၊ (၉) ဘဝ၊ (၁၀) ဇာတိဆိုတဲ့ ဒီဆယ်ပါးပါပဲ။ ဒီနေရာမှာ သခ်ါရမှ ဇာတိကျအောင် အလယ်က အင်္ဂါ ၁၀-ပါးကို ပယ်တယ်ဆိုတော့ အဝိဇ္ဇာနဲ့ ဇရာမရဏာကတော့ ကျန်နေပါသေး သလား-လို့ မေးစရာရှိပါတယ်၊

http://www.dhammadownload.com

အဲဒီ ၂-ပါးလဲ မကျန်ပါဘူး၊ ဈာတိကို ပယ်လိုက်ရင် ဇရာမရဏ ဆိုတာလဲ မရှိနိုင်တော့ဘူး၊ ဝိညာဏ်, နာမ်ရုပ် စသည်ကိုပယ်လိုက်ရင် အဝိဇ္ဇာလဲ မဖြစ်နိုင် တော့ပါဘူး၊ ဒါပေမယ့် အရဟံ ပုဒ်ထဲမှာပါတဲ့ 'အရ' သဒ္ဒါက ထောက်တိုင်လို့သာ အနက်ရှိတဲ့အတွက် ထောက်-တိုင်နဲ့တူတဲ့ အလယ်က အင်္ဂါဆယ်ပါးကို ဖျက်ဆီးတယ်လို့သာ ဆိုရခြင်း ဖြစ်ပါတယ်၊ ဓေါဟာရမျှပါပဲ၊ စင်စစ်အားဖြင့် ကျရောက်တဲ့ အနက်ကတော့ အလယ်က အင်္ဂါတွေမရှိရင် အဝိဇ္ဇာနဲ့ ဇရာမရဏ တို့လဲ မဖြစ်နိုင်တော့တဲ့အတွက် ပဋိစ္စသမုပ္ပဒ်အင်္ဂါ ၁၂ပါးလုံး ကို ပယ်ဖျက်တယ်လို့ပဲ ဆိုလိုခြင်းဖြစ်ပါတယ်။

ထောက်အကန့်တို့ကို ပယ်ဖျက်ပုံ

ပယ်ပုံအားဖြင့် ပြောရမယ်ဆိုရင် ကိလေသာဝင့်ထဲမှာ မူလ ရင်း အချုပ်အခြာဖြစ်တဲ့ အဝိဇ္ဇာကစပြီး ပယ်ရပါတယ်၊ အဲဒီ အဝိဇ္ဇာကို မပယ်နိုင်ရင်တော့ အဲဒီ အဝိဇ္ဇာကြောင့် သင်္ခါရ, ဝိညာဏ် အစရှိတဲ့ နောက်လိုက်အင်္ဂါတွေ အကုန်လုံး ဖြစ်ပွား သွားမယ်၊ ဘယ်လိုလဲဆိုရင် အပါယ် ၄-ပါး လူ့ဘဝ, နတ်ဘဝ ဆိုတဲ့ ကမ္မဘဝ၌ မသိမှု-သိမှားမှု အဝိဇ္ဇာရှိလျှင် ကမ္မဘဝကို ဖြစ်စေတတ်တဲ့ ကာမကုသိုလ် အကုသိုလ်က် သင်္ခါရတွေ ဖြစ် တယ်၊ ဒါန သီလ အစရှိသော ကာမကုသိုလ်ကံတွေ, ပါဏာတိ ပါတ အစရှိသောအကုသိုလ်ကံတွေပါပဲ၊ အဲဒီ ကံ, သင်္ခါရကြောင့် ကာမဘဝ၌ ပဋိသန္ဓေဝိညာဏ်ဖြစ်တယ်၊ အပါယ်၄-ပါး ပဋိသန္ဓေ, လူ့ပဋိသန္ဓေ, နတ်ပဋိသန္ဓေ, ဝိညာဏ်တွေပါပဲ၊ အဲဒီ ပဋိသန္ဓေ ဝိညာဏ်ဖြစ်ရင် နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဆိုတဲ့ အကျိုးတရား ၄-ပါးလဲ ဖြစ်တော့တာပဲ၊ အဲဒီလို အကျိုး တရားတွေ ဖြစ်နေရာမှာ မသိမှု-သိမှားမှု အဝိဇ္ဇာ ဖြစ်ပြန်လျှင် တဏှာ,

http://www.dhammadownload.com

ဥပါဒါန်, ဘဝဆိုတဲ့ ပစ္စုပ္ပန်အကြောင်းတရားတွေလဲ ဖြစ်ဦးမယ်၊ တစ်ဖန် ကမ္မဘဝကြောင့် အနာဂတ်ဘဝ၌ ဇာတိ, ဇရာ, မရဏလဲ ဖြစ်သွားဦးမယ်၊ ဒါက ကာမဘဝကို မသိတဲ့ အဝိဇ္ဇာကစပြီး သံသရာစက် လည်သွားပုံပါပဲ။

နောက်ပြီးတော့ ရူပဗြဟ္မာဘဝ၌ မသိမှု-သိမှားမှု အဝိဇ္ဇာ ရှိလျှင် အဲဒီ ရူပဘဝဖြစ်စေတဲ့ ရူပစျာန် ကုသိုလ်သင်္ခါရတွေကို ဖြစ်အောင်အားထုတ်တယ်၊ အဲဒီ ရူပစျာန် သင်္ခါရကြောင့် ရူပ ဗြဟ္မာဘဝ၌ ပဋိသန္ဓေဝိညာဏ် ဖြစ်တယ်၊ အဲဒီ ဝိညာဏ်နှင့်အတူ နာမ်ရုပ်, အာယတန, ဖဿ, ဝေဒနာဆိုတဲ့ အကျိုး ၄-ပါးလဲ ဖြစ်တယ်၊ အဲဒီအကျိုးတရားတွေကို အနိစ္စ စသည်ဖြင့်အမှန် အတိုင်းမသိသေးတဲ့ အဝိဇ္ဇာဖြစ်ပြန်လျှင် တဏှာ ဥပါဒါန် ကမ္မဘဝဆိုတဲ့ ပစ္စုပ္ပန် အကြောင်းတရားတွေလဲ ဖြစ်မယ်၊ အဲဒီ ကမ္မဘဝကြောင့် အနာဂတ်ဘဝ၌ ဇာတိ ဇရာမရဏဆိုတဲ့ အကျိုးတရားတွေလဲ ဖြစ်သွားမယ်၊ အဲဒီလို ဖြစ်ပုံကို ဗက ဗြဟ္မာကြီးဝတ္ထုဖြင့် သိနိုင်ပါတယ်။

ဗကဗြဟ္မာ ဝတ္ထု

ပဌမစျာန် ဗြဟ္မာဘုံမှာ ဗကဆိုတဲ့ မဟာဗြဟ္မာကြီးရှိတယ်၊ သူက ရှေးဘဝတုန်းက ရသေ့ ပြုပြီး ကသိုဏ်း ပရိကံကိုပြုလို့ စတုတ္ထစျာန်ကိုရခဲ့တယ်၊ အဲဒီ စျာန်သင်္ခါရ၏ အစွမ်းကြောင့် ဆေးဟပ္ပိုလ်ခေါ်တဲ့ စတုတ္ထစျာန်ဘုံမှာ ဖြစ်ခဲ့တယ်၊ အဲဒီဘုံမှာ ကမ္ဘာပေါင်း ၈၁:ရာ ပတ်လုံး တည်နေခဲ့တယ်၊ အဲဒီဘဝမှာ တတိယစျာန်ကို ပွားစေခဲ့လို့ အဲဒီဘဝမှ စုတေတဲ့အခါ သုဘ ကိဏ္ဏာဆိုတဲ့ တတိယ စျာန်ဘုံမှာ ၆၄-ကမ္ဘာ အသက်ရှည်တဲ့ ဗြဟ္မာကြီးဖြစ်ခဲ့တယ်၊ အဲဒီဘဝမှာလဲ ဒုတိယစျာန်ကို ပွားစေခဲ့ လို့ အဲဒီဘုံမှ စုတေတဲ့အခါ

http://www.dhammadownload.com

အာဘာသရာဆိုတဲ့ ဒုတိယစျာန် ဘုံမှာ ရှစ်ကမ္ဘာ အသက်ရှည်တဲ့ ဗြဟ္မာကြီးဖြစ်ခဲ့ပြန်တယ်၊ အဲဒီ ဘဝမှာလဲ ပထမစျာန်ကို အထူး အမြတ်ပွားစေခဲ့တဲ့အတွက် အဲဒီ ဘုံမှစုတေတဲ့အခါ ပထမစျာန်ဘုံမှာ မဟာဗြဟ္မာကြီး ဖြစ်နေပါတယ်၊ အစ ပထမတုန်းကတော့ မည်သည့် ကုသိုလ်ကြောင့် မည်သည့်ဘုံမှာ ဖြစ်ခဲ့ရတယ်၊ မည်မျှအသက်ရှည် ခဲ့တယ် ဆိုတာ သိခဲ့တယ်၊ ကာလကြာတော့ အဲဒါကို မေ့ပြီး သူ့ဘဝဟာ မအို၊ မသေ၊ ထာဝရမြဲနေတယ်လို့ အထင်အယူ ရှိလာ ပါသတဲ့၊ အဲဒါကို မူလပဏ္ဏာသ ပါဠိ (၄၀၁)မှာ ဒီလို ပြထားပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ တေနခေါပန သမယေန၊ ထိုသို့ ငါ သည် ဥက္ကဋ္ဌမြို့အနီး သုဘဂ တောင်္ခ သီတင်းသုံးနေစဉ်ကာလ ၌။ ဗကသေ ဗြဟ္မုနော၊ ဗကဗြဟ္မာအား။ ဧဝရူပံ၊ ဤသို့သဘော ရှိသော။ ပါကဋံ၊ ယုတ်ညံ့သော၊ ဒိဋ္ဌိဂတံ၊ အယူမှားသည်။ ဥပန္နံ ဟောတိ၊ ဖြစ်ပေါ်၏၊ ဣဒံနိစ္စံ ဤကိုယ် ဤဌာနသည် မြဲ၏။ ဣဒံ ဓုဝံ ဣဒံ သဿတံ၊ ဤကိုယ် ဤဌာနသည် ခိုင်ခန့်၏ အမြဲတမ်းတည်၏။ ဣဒံ ဝေကလ်၊ ဤကိုယ် ဤဌာနသည် လိုလေသေးမရှိပြည့်စုံ၏။ ဣဒံ အစဝနဓမ္မံ၊ ဤကိုယ်ဤဌာနသည် စုတေခြင်း သေခြင်းသဘောမရှိ။ ဣဒံ နဇာယတိ နဇီယတိ နမီယတိ၊ ဤကိုယ် ဤဌာနသည် မဖြစ်၊ မအို၊ မသေ။ နစဝတိ နဥပဇ္ဇတိ၊ မစုတေ ကပ်ရောက်၍မဖြစ်။ ဣတော စ ပနညံ ဥတ္တရိ နိဿရဏံ နတ္ထိ၊ ဤကိုယ်ဤဌာနမှ တခြားတစ်ပါးသော ထွက်မြောက်ရာလည်း မရှိတော့ပြီ။ ဣတိ၊ ဤသို့ အယူမှား ဖြစ် ပေါ်၏–လို့ ပြဆိုထားပါတယ်။

အဲဒီအခါမှာ အဲဒီဗြဟ္မာကြီး၏ မိစ္ဆာအယူကို ဖြေရှင်းပယ် ဖျောက်ဖို့ မြတ်စွာဘုရားက အဲဒီ ဗြဟ္မာဘုံကို အဘိညာဉ်တန်ခိုး

http://www.dhammadownload.com

ဖြင့် ကြွတော်မူပါတယ်၊ အဲဒီ ရောက်တဲ့ အခါကျတော့ ဗက ဗြဟ္မာကြီးက မြတ်စွာဘုရားကို ဒီလိုဖိတ်ခေါ်ပါတယ်။ 'လာပါ အရှင်ဂေါတမ...ကောင်းသော လာခြင်းပါပဲ၊ ဒီကို လာဖို့ အလှည့်က နောက်ကျသကိုး၊ ဒီဘုံဌာနက မြဲပါတယ်၊ ခိုင်ခန့်ပါတယ်၊ အမြဲတမ်း တည်နေပါတယ်၊ လိုလေသေးမရှိ ပြည့်စုံပါတယ်၊ စုတေခြင်းသဘော မရှိပါ၊ ဒီဘုံ ဒီဌာနမှာ မဖြစ်, မအို, မသေပါ, မစုတေပါ, ကပ်၍ မဖြစ်ပါ၊ ဒီဌာနမှ တစ်ပါးလဲ လွန်ကဲ ထူးမြတ်သော ထွက်မြောက်ရာ မရှိတော့ပါဘူး' လို့ ဖိတ်ခေါ်ပါတယ်။

ဒီတော့ မြတ်စွာဘုရားက အခြား ဗြဟ္မာတွေအား ပြောကြား ပါတယ်၊ အို ဗြဟ္မာတို့...ဗကဗြဟ္မာဟာ မသိမှု – သိမှားမှု အဝိဇ္ဇာ အားကြီးလှ၏၊ မမြဲတာ, မခိုင်တာ, မတည်တာကိုပင် မြဲသည်, ခိုင်သည်, တည်သည်ဟုဆိုဘိ၏။ မပြည့်စုံတာကို ပြည့်စုံသည်ဟု ဆိုဘိ၏။ စုတေခြင်း, သေခြင်းသဘော ရှိနေတာကိုပင် စုတေခြင်း, သေခြင်းသဘောမရှိဟုဆိုဘိ၏။ ဖြစ်ရာ, အိုရာ, သေရာ, စုတေရာ, ကပ်၍ဖြစ်ရာ ဌာနကိုပင် ဤဌာနမှာ မဖြစ်, မအို, မသေ, မစုတေ, ကပ်၍မဖြစ်ဟုဆိုဘိ၏။ ဤဌာနမှ တခြား တစ်ပါး လွန်ကဲ ထူးမြတ်သော ထွက်မြောက်ရာ ရှိနေပါလျက် မရှိဟု ဆိုဘိ၏။ ထို့ကြောင့် မသိမှု အားကြီးလှသည်–ဟု မြတ်စွာဘုရားက မိန့်ကြား တော်မူပါတယ်။

ဒီလို မိန့်တော်မူတဲ့အခါ ဗကဗြဟ္မာက သူ့စကား မှန်တဲ့ အကြောင်း၊ သူ့ဌာနမှ တစ်ပါး ထွက်မြောက်ရာမရှိတဲ့အကြောင်း တခြား ထွက်မြောက်ရာကို မျှော်လင့်ပြီး အားထုတ်နေလျှင် ဆင်းရဲ ပင်ပန်းရုံမျှသာ ရှိမည့်အကြောင်း၊ သူ့ဌာနက ပထဝီ အာပေါ တေဇော ဝါယောနှင့် ဘူတ ဒေဝ ပဇာပတိ တို့ကို လက်ခံသိမ်းပိုက်လျှင်

http://www.dhammadownload.com

သူ၏ အနီးနေ သူ၏ နောက်လိုက် အဖြစ်ဖြင့် နေရမည့်အကြောင်း၊ သူက အလိုရှိတိုင်း စီမံဖန်ဆင်း နိုင်ကြောင်းများကို ပြန်ပြောပါတယ်။

ဒီတော့ မြတ်စွာဘုရားက "ဗကဗြဟ္မာ...သင်၏ အကျိုးပေးပုံနဲ့ တန်ခိုးအစွမ်းကို ငါသိပါသည်။ နေတစ်စင်းနှင့် လတို့ ထွန်းလင်းရာ အရပ်ကို စကြဝဠာတစ်ခု ခေါ်သည်။ အဲဒီလို စကြဝဠာ တစ်ထောင်မှာ သင်၏အလိုအတိုင်း ဖြစ်နိုင်သည်၊ (သူ၏စကားကို သူ့အောက် ဗြဟ္မာများ၊ နတ်များက နာခံကြသည်ဟု ဆိုလို၏။) သင့်ဘုံထက် မြင့်မြတ်သော အာဘာသရာဘုံဆိုတာ ရှိသည်၊ အဲဒီဘုံကို သင်မသိဘူး၊ သင်ဟာတစ်ချိန်က အဲဒီဘုံမှာ ဖြစ်ခဲ့တယ်၊ အဲဒီဘုံမှ စုတေပြီး သင်ဟာ ဒီ ဘုံမှာ ဖြစ်နေတယ်၊ ကာလကြာမြင့် သွားသောကြောင့် အဲဒီ ဘုံ ဖြစ်ခဲ့တာကိုဌ် သင် မေ့သွားတယ်၊ အဲဒီအကြောင်းကို ငါ သိတယ်၊ အဲဒီ အာဘာသရာဘုံထက်မြင့်မြတ်သော သုဘကိဏ္ဏာဘုံ ဆိုတာလဲရှိတယ်၊ အဲဒါထက် မြင့်မြတ်သော ဝေဟပ္ဖလ် ဘုံဆိုတာလဲ ရှိတယ်၊ အဘိဘူမည်သော အံ့သည့်သတ် ဗြဟ္မာ အပေါင်းလဲ ရှိတယ်၊ အဲဒီ ဗြဟ္မာဘုံတွေကို သင် မသိမြင်ဘူး၊ ငါ သိတယ်, မြင်တယ်၊ ဒါကြောင့် ငါဟာ သင့်အောက်လဲ မကျဘူး၊ သင်နှင့်တန်းတူလဲ မဟုတ်ဘူး၊ သင့်ထက် မြင့်မြတ် တယ်" စသည်ဖြင့် ထုတ်ဖော်ပြီး မိန့်ကြားတော်မူပါတယ်။

နောက်ပြီးတော့ ဗကဗြဟ္မာဟာ ရှေးဘဝတွေက အသက်ရှည်ကြောင်း ကောင်းမှုတွေကို ပြုခဲ့တဲ့ အကြောင်းများကိုလဲ ထုတ်ဖော်ပြီးဟောကြားတော် မူပါတယ်။ အဲဒီလို ရှေးဟောင်း နောင်းဖြစ်တွေကို ထုတ်ဖော်ပြတော့ ဗကဗြဟ္မာက ဟုတ်ကောင်း ဟုတ်ပေလိမ့်မယ်လို့ နည်းနည်း ယုံကြည်သက်ဝင် လာတယ်၊ဒါတောင်

http://www.dhammadownload.com

စိတ်နလုံး တုံးတုံးကျယုံကြည်တာ မဟုတ်သေးဘူး၊ သူက ပိုပြီး တန်ခိုးကြီးတယ်လို့ ထင်နေသေးတယ်၊ ဒါ ကြောင့် သူက ဘယ်သူမှ မမြင်ရအောင် တန်ခိုးဖြင့် ပုန်းကွယ် လိုက်တော့မလို့ ပြောတယ်၊ ဒီတော့ မြတ်စွာဘုရားက ကောင်းပြီး ဗကဗြဟ္မာ တတ်နိုင်လျှင် ပုန်းကွယ်ပါ–လို့ မိန့်တော်မူပါတယ်။ ဗကဗြဟ္မာက သူ အစွမ်းရှိသမျှ မြတ်စွာဘုရားနှင့် အခြားဗြဟ္မာ တွေ မမြင်ရအောင် ပုန်းကွယ်ပါတယ်၊ အခါတိုင်းဆိုရင် သူ့ကို အခြား ဗြဟ္မာတွေက မမြင်ရဘူး၊ သူကပြမှသာ မြင်ရတယ်၊ ယခုတော့ မြတ်စွာဘုရားက မမျှောက်မကွယ် နိုင်အောင် အဓိဋ္ဌာန်ပြုထားပါတယ်၊ ဒါကြောင့် အခြား ဗြဟ္မာတွေကပါ ဗကဗြဟ္မာကို မြင်နေကြတယ်၊ ဟော ဗကဗြဟ္မာကြီး ဘယ် နေရာမှာ ထိုင်နေတယ်၊ ရပ်နေတယ် စသည်ဖြင့် အခြား ဗြဟ္မာ တွေက ပြောကြတယ်၊ အဲဒီလို ဗကဗြဟ္မာ မပုန်းကွယ် နိုင်ကြောင်း ထင်ရှားတဲ့အခါမှာ မြတ်စွာဘုရားက ငါပုန်းကွယ်မယ်လို့ မိန့်တော်မူပြီး အဲဒီ ဗြဟ္မာတွေရဲ့အနီး မျက်မှောက်မှာဘဲ တန်ခိုးဖြင့် ပုန်းကွယ် နေတော်မူပါတယ်၊ ဗြဟ္မာတွေက မမြင်ရပေမယ့် အနီးမျက်မှောက် တွင်ဘဲ ရှိတယ်ဆိုတာကို သိရ အောင်လို့ တရားဂါထာ တစ်ပုဒ်ကိုလဲ ရွတ်ဆို ဟောကြားတော်မူပါတယ်။

ဘဝေါဟံ ဘယံ ဒိသွာ၊ ဘဝဿ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိ ကဏ္ဍေ၊ နန္ဒိဿ နဋ္ဌ ဥပါဒိယိ။

ဘဝေ၊ ကာမ ရူပ အရူပ ဟူသော သုံးပါးသော ဘဝ၌။ ဘယံ၊ ဖြစ်ခြင်း, အိုခြင်း, သေခြင်း အစရှိသော ကြောက်ဖွယ် ဘေးကို၊ ဒိသွာ ဇေ၊ မြင်သောကြောင့်သာလျှင်။ ဝိဘဝေသိနံ၊ ဘဝကင်းရာ (နိဗ္ဗာန်)ကို ရှာမှီးသော ပုဂ္ဂိုလ်တို့၏။ ဘဝဿ၊ ဘဝ၌သာလျှင် ဖြစ်နေရခြင်းကိုလည်း။ ဒိသွာဇေ၊ မြင်သောကြောင့်သာလျှင်။ ကဏ္ဍေ

http://www.dhammadownload.com

ဘဝ်၊ တစ်စုံတစ်ခုသော ဘဝကိုမျှ။ အဟံ၊ ငါသည်။ နာဘိဝဒိ၊ မချီးမွမ်းသတည်း။ နန္ဒိဠ္ဟ၊ ဘဝ၌ နှစ်သက်ပျော်ကာ တွယ်တာသော တဏှာကိုလည်း။ နေ ဥပဒိယိ ဆုပ်ကိုင် မထားဘဲ စွန့်လွှတ်ခဲ့ပေ သတည်း–လို့ ရွတ်ဆို ဟောကြားတော် မူပါတယ်။

ဒီဂါထာတာ အလွန် လေးနက်တဲ့ အဓိပ္ပာယ် ရှိပါတယ်၊ ဗကဗြဟ္မာက သူ့ဘဝ သူ့ဌာနကို ကောင်းလှပြီ၊ မအိုတော့ဘူး၊ မသေမပျောက်တော့ဘူး၊ ဒါထက်ကောင်းတဲ့ တရားကောင်းတဲ့ ဌာနလဲ မရှိတော့ဘူးလို့ အထင်ရှိနေတယ်၊ ဒီလိုထင်တဲ့ အခြား ဗြဟ္မာတွေလဲ နည်းလှမယ်မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုရင် သူတို့က ကမ္ဘာနဲ့ချီပြီး အသက်ရှည်နေတော့ မသေတော့ဘူးလို့ ထင်စရာ ဖြစ်နေပါတယ်၊ လူ့လောကမှာတောင် အသက်တစ်သိန်းတန်းက ကျော်တဲ့အခါမှာ လူတွေဟာ အနိစ္စသဘော သေခြင်းတရား ထင်မြင်ခဲတဲ့အတွက် ဘုရားမပွင့်ဖူးလို့ အဆိုရှိပါတယ်။ ယခုနေ အခါမှာတောင် တချို့လူတွေဟာ အရွယ်ကလဲ ကောင်းတုန်းမှာ ပစ္စည်းဥစ္စာ အဆွေအရံ အလုပ်အကိုင် စသည် ကလဲ အဆင်ပြေ နေမယ်ဆိုရင် အိုခြင်း, နာခြင်း, သေခြင်း ဆိုတာ တွေဟာ သူတို့နှင့် မဆိုင်သလိုလိုဘဲ ဖြစ်နေတယ်၊ ဘာမျှ ဂရု မစိုက်ဘူး၊ အမြဲ တည်နေရမလောက်ဘဲ သူတို့ကိုယ် သူတို့ အထင်ကြီးနေကြတယ်၊ အဲဒီလို ကိုယ့်ဘဝနဲ့ ကိုယ့်ဌာနကို အထင်ကြီးပြီး အားကိုးနေကြတဲ့ ဗကဗြဟ္မာ အစရှိတဲ့ ဗြဟ္မာတွေကို သတိသံဝေဂရစေရန် မြတ်စွာ ဘုရားက ဒီ ဂါထာဖြင့် ဟောကြားတော်မူပါတယ်။

အကျဉ်းချုပ် ဆိုလိုတာကတော့ ဘဝသုံးပါးမှာ ကြောက်ဖွယ် ဘေးတွေလို့လဲ မြင်ပါတယ်၊ ဘဝကို အပြစ်မြင်ပြီး ဘဝမှ လွတ်မြောက်ရာကို ရှာကြံတဲ့ သူတွေလဲ ရူပဘဝ, အရူပဘဝ

http://www.dhammadownload.com

တွေကို နိဗ္ဗာန်ထင်မှတ်ပြီး အဲဒီဌာနတွေ ရောက်ရအောင် အားထုတ်တဲ့ အတွက် အဲဒီ ရူပ, အရူပ ဘဝထဲမှာပဲ ပြန်ကျနေတာကိုလဲ မြင်ပါ တယ်၊ ဒါကြောင့် ဘယ်ဘဝကိုမှ ကောင်းတယ်, မြဲတယ်, ချမ်းသာ တယ်လို့ မချီးမွမ်းပါ ဖူးတဲ့၊ ဘဝထဲမှာ ပျော်မွေ့နှစ်သက်တတ်တဲ့ တဏှာကိုလဲ ဆုပ်ကိုင်မထားတော့ဘဲ လုံးလုံး စွန့်လွှတ် လိုက်ပါ တယ်တဲ့။

ဗကဗြဟ္မာဟာ အသက်ရှည်ကြောင်း ကံကို ဆည်းပူးခဲ့တဲ့ ဘဝတုန်းက ရသေ့ပြုပြီး သမထဘာဝနာကို အားထုတ်ခဲ့တယ်၊ အဲဒါဟာ သာမည ရည်ရွယ်ချက်နဲ့မဟုတ်ဘူး၊ ဓာတိ ဇရာ ဗျာဓိ မရဏာသ၊ပဋိသန္ဓေ တည်နေရခြင်း, အိုရခြင်း, နာရခြင်း, သေရခြင်း၏။ အန္တ၊ အဆုံးဖြစ်သော တရားထူးကို။ ကရိသာ– မိတိ၊ ပြုအုံ့ဟူ၍ ရည်ရွယ်လျက်။ နိက္ခမ္မ၊ တောထွက်၍။ ဣသိ ပဗ္ဗဇ္ဇံ ပဗ္ဗဇိတွာ၊ ရသေ့ရဟန်းပြု၍။ သမပတ္တိယော နိဗ္ဗတ္တေ တွာ၊ ဈာန်သမာပတ်တို့ကို ဖြစ်စေ၍။ ပ။ ဈာနရတိယာ၊ ဈာန် ဟူသော ပျော်မွေ့ခြင်းဖြင့်။ ဝိတိနာမေတိ၊ အချိန်ကုန်စေတယ်–လို့ ဆိုထားပါ တယ်။ ဒါကြောင့် အဲဒီတုန်းက ရထားတဲ့ ဈာန်နဲ့ နောက်ကာလမှာရတဲ့ ဗြဟ္မာ ဘဝကို လမ်းဆုံးတရား အမြတ်ဆုံးဌာနလို့ ယူဆ ထားကြောင်း ထင်ရှားပါတယ်။ ဒါကြောင့်ပဲ သူက ဤဘဝ ဤဌာနဟာ မြဲတယ် စသည်ဖြင့် ချီးမွမ်းတာပါပဲ။

မြတ်စွာဘုရားကတော့ အဲဒီ ဗကဗြဟ္မာရဲ့ ဘဝကိုလဲ မချီး မွမ်းဘူး၊ အဲဒါထက် မြင့်မြတ်တဲ့ ဗြဟ္မာဘဝတွေလဲမချီးမွမ်းဘူး၊ ဘာကြောင့်လဲ အဲဒီဘဝတွေမှာ ကြောက်ဖွယ်ဘေးတွေကို မြင် နေလို့ ပါပဲ၊ ဗြဟ္မာဘဝမှာ နာခြင်းဆိုတာ မရှိဘူး၊ အိုခြင်း ဆိုတာလဲ မထင်ရှားဘူး၊ ဒါပေမယ့် အသက်တမ်း ကုန်တဲ့အခါ မှာ

http://www.dhammadownload.com

သေကြရမှာချည်းပဲ၊ သူတို့ရဲ့ အသက်တမ်းက တချို့မှာ အသရေယျကပ် တစ်ကပ်လောက်ပဲရှိပါတယ်၊ အချို့မှာ မဟာ ကပ်ကြီး နှစ်ကပ်မှစပြီး ငါးရာအထိလဲ ရှိပါတယ်၊ သုဒ္ဓါဝါသ မှာ တစ်ထောင်မှစပြီး တစ်သောင်းခြောက်ထောင်အထိလဲ ရှိ ပါတယ်၊ အရူပ လေးဘုံမှာတော့ နှစ်သောင်း လေးသောင်း ခြောက်သောင်းနှင့် ရှစ်သောင်း လေးထောင် အသီးသီးရှိပါတယ်။ ဗကဗြဟ္မာကြီးကတော့ ပဌမစျာန်ဘုံက ဖြစ်တဲ့အတွက် မဟာ ကပ်၏ လေးပုံတစ်ပုံရှိတဲ့ အသရေယျတစ်ကပ်သာ အသက်တမ်း ရှိပါတယ်၊ အဲဒီ အသက်တမ်း ကုန်လို့ စုတေတဲ့အခါ ဘာဖြစ် မလဲဆိုရင် ရူပစျာန်တွေ ရရင်တော့ အဲဒီ ရူပစျာန်ဘုံတွေမှာဘဲ ဆက်ပြီး ဖြစ်နေမှာပါပဲ၊ ဒါပေမယ့် မိမိဘဝကို မြှတယ်ထင် နေတော့ နောက်ဘဝအတွက် ဘာမျှ အားထုတ်မယ် မဟုတ် ပါဘူး၊ အဲဒီတော့ အဲဒီဘဝက စုတေတဲ့အခါမှာ လူ့ဘဝနတ် ဘဝမှာ ဖြစ်ဖို့ဘဲရှိပါတယ်၊ အဲဒီ လူ့ဘဝ နတ်ဘဝ ရောက်တဲ့ အခါ ကုသိုလ်ကံကိုပြုလျှင် သုဂတိဘဝတွေမှာ ဖြစ်သွား နိုင်ပါတယ်၊ အကုသိုလ်ကံတွေ ပြုမိရင်တော့ အပါယ်လေးပါးလဲ ကျ သွားနိုင်သေးတာပဲ၊ ဒီပုံဒီနည်းဖြင့် သံသရာ ဆင်းရဲတွေကိုတွေ့ သွားရမယ်၊ ဒီလို ဘဝ၏ အပြစ်တွေကို မြင်တော်မူတဲ့အတွက်လဲ မြတ်စွာဘုရားက ဘဝကို မချီးမွမ်းတာပဲ၊ မချီးမွမ်းရုံမျှ မဟုတ် သေးဘူး၊ ကဲ့ရဲ့လဲ ကဲ့ရဲ့ရှုတ်ချတော်မူပါတယ်၊ တစ်ဘဝ ဖြစ်ရင် အိုခြင်း, နာခြင်း, သေခြင်း ဆင်းရဲကို တစ်ကြိမ် တွေ့ရမယ်၊ ဆယ် ဘဝ ဖြစ်ရင် ဆယ်ကြိမ် တွေ့ရမယ်၊ ဘဝတစ်ရာဖြစ်ရင် အကြိမ် တစ်ရာ တွေ့ရမယ် စသည်ဖြင့် ကဲ့ရဲ့ ရှုတ်ချတော်မူပါတယ်။

အဲဒီ ဂါထာဖြင့် ဟောလိုက်တဲ့အခါမှာ ဗြဟ္မာတွေ တရားထူး ရကြပုံ အဋ္ဌကထာ (မ ၆ ၂-၃၁၁) မှာ ဒေသနာ ပရိယောသာနေ၊

http://www.dhammadownload.com

ဒေသနာတော်၏ အဆုံး၌။ ဒေသနာနုသာ ရေန၊ ဒေသနာတော်ကို အစဉ် လျှောက်သဖြင့်။ ဝိပဿနာ ဂဇ္ဇ၊ ဝိပဿနာ ကိုယ်ဝန်ကို။ ဂါဟာပေတွာ၊ ယူစေကုန်၍။ ဒသမတ္တာနိ ဗြဟ္မသဟဿာနိ၊ တစ်သောင်းခန့်မျှသော ဗြဟ္မာတို့သည်။ မဂ္ဂဖလာမတပါနံ၊ မဂ်ဖိုလ် ဟူသော အမြိုက်အဖျော်ကို၊ ပိဝိ သု၊ သောက်ကြလေကုန်ပြီ"လို့ ပြဆိုထားပါတယ်၊ အဲဒီမှာ ဝိပဿနာကိုယ်ဝန်ကို ယူစေတယ်ဆိုတဲ့ စကားကို အထူး သတိပြုပြီး မှတ်ထားကြရမယ်၊ တရားနာရင် မဂ်ဖိုလ်ရောက်တယ်ဆိုတာ ဒီပုံဒီနည်းချည်းပါပဲ၊ တရားနာရင်း ဝိပဿနာရှုပြီး ရောက်ကြတာချည်းပါပဲ။

ယခုပြောခဲ့တဲ့ ဗကဗြဟ္မာဝတ္ထုထဲမှာ သိစေလိုရင်းကတော့ ရူပဗြဟ္မာဘဝကို သေခြင်းကင်းတဲ့အမြတ်ဆုံးဌာန ထင်နေတယ်၊ အဲဒါ အဝိဇ္ဇာပဲ၊ အဲဒီ အဝိဇ္ဇာကြောင့် တဏှာ ဥပါဒါန်ဖြစ်ပြီး ရူပစတုတ္ထစျာန် သခ်ါရကမ္မဘဝတွေ ဖြစ်ခဲ့တယ်၊ အဲဒီကမ္မဘဝ ကြောင့် ဝေဟပ္ဖိုလ်ဘုံရောက်ခဲ့တယ်၊ အဲဒီမှာ တစ်ဖန် တတိယ စျာန် သခ်ါရကမ္မဘဝ ဖြစ်စေခဲ့တဲ့အတွက် တတိယစျာန်ဘုံ ကို ရောက်ရတယ်၊ အဲဒီမှာ ဒုတိယစျာန်သခ်ါရကမ္မဘဝကိုဖြစ်စေခဲ့တဲ့ အတွက် ဒုတိယစျာန်ဘုံကို ရောက်ခဲ့တယ်၊ အဲဒီမှာ ပထမ စျာန် သခ်ါရကမ္မဘဝကိုဖြစ်စေခဲ့တဲ့အတွက် ပထမစျာန်ဘုံမှာ မဟာ ဗြဟ္မာကြီးဖြစ်ပြီး အဲဒီဘုံ ဌာနကိုမြဲတယ် စသည်ဖြင့် ယူဆ စွဲလမ်းပြီး ပြောဆိုနေတယ်၊ ဒါတွေဟာ ဒီနေရာမှာ သိစေ လိုရင်းပါပဲ။

အရူပဘဝနှင့်စပ်၍ အဝိဇ္ဇာ စသည်ဖြစ်ပုံ

နောက်ပြီးတော့ အရူပဘဝ၌ မသိမှု, သိမှားမှု အဝိဇ္ဇာရှိလျှင် အဲဒီ အရူပဘဝကို ဖြစ်စေတတ်တဲ့ အရူပစျာန်ကို ကုသိုလ်

http://www.dhammadownload.com

သခ်ါရတွေဖြစ်အောင်အားထုတ်တယ်၊ အဲဒီ အရူပစျာန်သခ်ါရ ကြောင့် အရူပဘဝ၌ ပဋိသန္ဓေဝိညာဏ်ဖြစ်တယ်၊ အဲဒီဝိညာဏ် နှင့်အတူ နာမ်ရယ် အာယတနရယ် ဖဿရယ် ဝေဒနာရယ် ဒီအကျိုးတရားတွေ ဖြစ်တယ်၊ အဲဒီ အကျိုးတရားတွေကို အနိစ္စ စသည်ဖြင့် အမှန် အတိုင်းမသိတဲ့ အဝိဇ္ဇာဖြစ်လျှင် တဏှာ ဥပါဒါန် ကမ္မဘဝဆိုတဲ့ ပစ္စုပ္ပန်အကြောင်းတရားတွေလဲ ဖြစ်မယ်၊ အဲဒီ ပစ္စုပ္ပန်အကြောင်း ကြောင့် အနာဂတ် ဘဝ၌ ဇာတိ ဇရာ မရဏဆိုတဲ့ အကျိုးတရားတွေလဲ ဖြစ်သွားမယ်၊ အဲဒီအရူပဘဝ၌ အဝိဇ္ဇာစသည်ဖြစ်ပုံ အဠာရ ဥဒက စရိုသော သာသနာပရသေ့တို့၏ အကြောင်းအရာဖြင့် သိနိုင်ပါတယ်။

အာဠာရရသေ့က အာကိဉ္စညာဘုံကို အမြတ်ဆုံးဌာန အနေနဲ့ ထင်မှတ်တယ်၊ အဲဒီဘုံ ကိုရောက်စေတတ်တဲ့ အာကိဉ္စ ညာယတန စျာန်ကိုလဲ အမြတ်ဆုံးတရားအနေနဲ့ပဲ အသိအမှတ် ပြုထားတယ်၊ အဲဒါဟာ အဝိဇ္ဇာပဲ၊ အဲဒီအဝိဇ္ဇာကြောင့် အဲဒီ ဘုံနဲ့စျာန်ကို နှစ်သက် လိုချင်တဲ့ တဏှာ ဖြစ်တယ်၊ စွဲလမ်းတဲ့ ဥပါဒါန်ဖြစ်တယ်၊ အဲဒီ ဥပါဒါန်ကြောင့် အာကိဉ္စညာယတန စျာန်ကိုရအောင် အားထုတ်တယ်၊ အဲဒီ စျာန် သခ်ါရကြောင့် အာကိဉ္စညာဘုံမှာ ဝိညာဏ်အစရှိသော အကျိုးတရား ငါးပါး ဖြစ်ရတယ်၊ အဲဒီ အကျိုးငါးပါးရှေးဦးစွာ ဖြစ်တာက ဇာတိပဲ ကမ္ဘာပေါင်း ၆-သောင်းပတ်လုံး ရင့်ကျက် နေတာက ဇရာပဲ၊ နောက်ဆုံးသေပျက်မှာက မရဏပဲ၊ အဲဒါဟာ အဝိဇ္ဇာကစပြီး မရဏမှာ အဆုံးသတ်သွားမည့် သံသရာစက်လည်ပုံ ပါပဲ။ ဥဒက ရသေ့မှာလဲ အဝိဇ္ဇာ စသည် ဖြစ်ပုံ နည်းတူပါပဲ၊ နေဝသညာ ဘုံနဲ့နေဝသညာစျာန်ကို အမြတ်ဆုံးထင်တာရယ်၊ နေဝသညာ စျာန်ကို ရအောင် အားထုတ်တာရယ်၊ နေဝသညာဘုံ၌ ဝိညာဏ်စသည် ဖြစ်တာရယ်၊ ကမ္ဘာပေါင်း ရှစ်သောင်း လေးထောင် ပတ်လုံး ရင့်ကျက်နေတာရယ် ဒါတွေလောက်ပဲ ထူးပါတယ်။

http://www.dhammadownload.com

ယခု ပြောလာခဲ့တာဟာ ကာမဘဝ, ရူပဘဝ, အရူပဘဝ ဆိုတဲ့ ဘဝသုံးပါးမှာ မသိမှု, သိမှားမှု အဝိဇ္ဇာဖြစ်ရင် တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကမ္မဘဝဆိုတဲ့ အကြောင်းတရားတွေ ဖြစ်ပြီး အဲဒီ အကြောင်းတရားတွေကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ အကျိုးတရားတွေ ဖြစ်ပုံနဲ့ အဲဒီ အကျိုးတရားတွေဆိုတာလဲ အစပိုင်းက ဇာတိ, အလယ်ပိုင်းက ဇရာ, အဆုံးပိုင်းက မရဏာဆိုတဲ့ ဆင်းရဲအစုမျှသာ ဖြစ်ပုံတွေကို ပြောလာခဲ့တာပဲ၊ အတိုချုပ်အားဖြင့်ဆိုရင် အဝိဇ္ဇာကစပြီး ဇရာမရဏာမှာ အဆုံးသတ်တဲ့ သံသရာစက်ရဟတ် လည်ပုံပါပဲ။

ထောက်အကန့်တို့ကို ပယ်ဖျက်ပုံ နိဂုံးချုပ်

အဲဒီ သံသရာစက်မှာ ယနေ့တရားအစပိုင်းတုန်းက ပြောခဲ့တဲ့အတိုင်း အတိတ် အကြောင်း, ပစ္စုပ္ပန် အကျိုး၊ ပစ္စုပ္ပန် အကြောင်း, အနာဂတ်အကျိုးအားဖြင့် ၄-လွှာရှိတယ်၊ အတိတ် အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးအကြားတစ်စပ်၊ ပစ္စုပ္ပန်အကျိုး နှင့် ပစ္စုပ္ပန်အကြောင်းအကြားတစ်စပ်၊ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ် အကျိုးအကြား တစ်စပ်အားဖြင့် ၃-စပ် ရှိတယ်၊ အတိတ် ပစ္စုပ္ပန် အနာဂတ်အားဖြင့် အဖွဲ့ကာလက ၃-ပါး ရှိတယ်၊ အတိတ် အကြောင်း၈ါးပါး ပစ္စုပ္ပန်အကျိုး ၈ါးပါး စသည်ဖြင့် အခြင်းအရာ သရုပ် ၂၀ ရှိတယ်၊ အဲဒီလို ၄-လွှာ, ၃-စပ်, ကာလ ၃-ပါး, သရုပ် ၂၀-ရှိတဲ့ ပဋိစ္စသမုပ္ပာဒ် စက်ကို မြတ်စွာဘုရားဟာ ခပ်သိမ်းသော အခြင်းအရာအားဖြင့် သိတော်မူပါတယ်၊ အဲဒီလို သိတော်မူပြီးတော့ အဲဒီ သံသရာစက်၏ သင်္ခါရမှ ဇာတိကျအောင် အလယ်ကဆယ်တန့်ထောက်အကန့်တို့ကို ဖျက်ဆီးတော်မူခဲ့ပါတယ်၊ ဘယ်လို ဖျက်ဆီးသလဲဆိုလျှင် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်အရ သစ္စာ ၄-ပါးကို

http://www.dhammadownload.com

သိသောအားဖြင့် ဖျက်ဆီးတော်မူတာပါပဲ၊ တည့်တည့်ပြောရရင် သစ္စာ ၄-ပါးကို သိတော်မူတာနဲ့ အဲဒီ ထောက်အကန့်တွေကို ဖျက်ဆီးပြီး ဖြစ် သွားတာပါပဲ။ ဒါကြောင့် ဂုဏ်တော်ဖွင့် ဘုရားရှိခိုးမှာ-

ပုံတောင်းတူစွာ အဝိဇ္ဇာတစ်ရပ် အကွပ်ပမာ ဇရာမရဏ ပတ်လည်ခသည့် ပဋိစ္စသမုပ္ပဒ် ရဟတ်သံသရာ ဘီးစကြာ ဝယ် သခ်ါရမှ ဇာတိကျအောင် အလယ်က ဆယ်တန့် ထောက်အကန့်တို့ကို အရဟတ္တမဂ်ဉာဏ် သံန်လျက်ဖြင့် မဆက် မစပ် အကုန်လုံးပြတ်အောင် ခုတ်ဖြတ်ဖျက်ဆီးစွန့်ပယ်တော် မူပြီးသောကြောင့် ရတော်မူသော အရဟံ ဟူသော အမည်တော်နာမ ဝိသေသ ဂုဏ်တံခွန်ဖြင့် မိုးစွန် ဘဝဂ် မဆန့်တက်အောင် နှံ့လျက် ကျော်ဇောတော်မူပေသော မြတ်စွာဘုရား...လို့ ဆိုထားပါတယ်။

အဲဒါကို ရွတ်ဆိုပြီး ကြည်ညိုကြဦးစို့-

ပုံတောင်းတူစွာ အဝိဇ္ဇာတစ်ရပ်။ပ။ ကျော်ဇောတော်မူပေသော မြတ်စွာဘုရား...။

ဒီ ဂုဏ်တော်ဖွင့်အနက်ကို ဝိသုဒ္ဓိမဂ်မှာ ဂါထာတစ်ပုဒ်ဖြင့် အကျဉ်းချုပ်ပြီး ဒီလိုပြဆိုထားပါတယ်-

အရာ သံသာရစက္ကသ၊ ဟတာ ဉာဏာသိနာ ယတော။
လောကနာထေန တေနေသ၊ အရဟန္တိ ပဝုစ္စတိ-တဲ့။

လောကနာထေန၊ လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းဟူသော တစ်လောကလုံး၏ အားကိုးရာ အစစ် ဖြစ်တော်မူသော မြတ်စွာ ဘုရားသည်။ သံသာရ စက္ကသ၊ ပုံတောင်းတူစွာ အဝိဇ္ဇာတစ်ရပ် အကွပ်ပမာ ဇရာမရဏ ပတ်လည်ခသည့် ပဋိစ္စသမုပ္ပဒ် ရဟတ်

http://www.dhammadownload.com

သံသရာဘီးစက်ကြာ၏။ အရာ၊ သခ်ါရမှ ဇာတိကျအောင် အလယ်က ဆယ်တန့် ထောက်အကန့်တို့ကို။ ဉာဏာ သိနာ၊ အရဟတ္တမဂ် ဉာဏ်တည်း ဟူသော ဓား သန်လျက်ဖြင့်။ ယတော၊ အကြင်ကြောင့်။ ဟတာ၊ ခုတ်ဖြတ်ဖျက်ဆီးလျက် စွန့်ပယ်တော်မူအပ်လေပြီ။ တေန၊ ထိုသို့ သံသရာစက်၏ ထောက်အကန့်တို့ကို ခုတ်ဖြတ် ဖျက်ဆီး စွန့်ပယ်တော် မူပြီးသော အကြောင်း ဂုဏ်သကတ်ကြောင့်။ ဒေ၊ ဤမြတ်စွာဘုရားကို။ အရဟန္တော်၊ အရဟံ ဟူ၍။ ပဝုစ္စတိ၊ ရိုသေ လေးမြတ် ခေါ်ဆိုအပ်ပေသတည်း။

အဲဒီဂါထာထဲမှာ'ဉာဏာသိနာ၊ အရဟတ္တမဂ်ဉာဏ်သန်လျက်' ဆိုတာက သူတစ်ပါး ထဲနည်းမခံဘဲကိုယ်တိုင်မှန်ကန်စွာ သိတော်မူတဲ့ သမ္မာသမ္ဗောဓိ ဉာဏ်တော်ကို ဆိုလိုပါတယ်။ ဒါကြောင့် ဒီနေရာမှာ သမ္မာသမ္ဗုद्ध ဂုဏ်တော်ကိုလဲ ထည့်သွင်းပြီး ပြောဦးမယ်။

သမ္မာသမ္ဗုद्ध ဂုဏ်တော်

သမ္မာသမ္ဗုद्ध၊–ပုဒ်မှာ သမ္မာက–မှန်စွာလို့ အနက်ရှိတယ်၊ သံက ကိုယ်တိုင်လို့ အနက်ရှိတယ်၊ ဗုद्ध၊–က သိတယ်လို့ အနက်ရှိတယ်၊ ၃–ပုဒ် ပေါင်းလိုက်တော့ ကိုယ်တိုင်လဲ သိတယ်၊ မှန်စွာလဲ သိတယ်လို့ အနက်ရတယ်။ သာဝကတွေမှာ ကိုယ်တိုင်လဲ မသိနိုင်ဘူး၊ မြတ်စွာဘုရား ဟောတဲ့တရားကို ကြားနာရမှ သစ္စာ ၄–ပါးတရားကို သိနိုင်တယ်၊ အရှင်သာရိပုတ္တရာမထေရ်တောင် အရှင်အဿဇိထံမှ မြတ်စွာဘုရားဟောထားတဲ့တရားကို ကြားနာရမှ တရားထူးကို သိတယ်၊ ဒါကြောင့် သမ္မာသမ္ဗုद्ध မမည်ဘူး၊ ပစ္စေကဗုद्ध အရှင်မြတ်တွေဟာ သူတစ်ပါးထံမှ နည်း

http://www.dhammadownload.com

မခံရဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် သစ္စာ ၄-ပါးတရားကို သိတော်မူကြပါတယ်၊ ဒါပေမယ့် မြတ်စွာဘုရားလို အရာရာမှာ အပြည့်အစုံ မှန်ကန်စွာ မသိနိုင်ကြဘူး၊ မိမိတို့ သိထားတဲ့တရားကို သူတစ် ပါးနားလည်အောင် ဘယ်လိုဟောရမယ်ဆိုတာကို မသိနိုင်ကြဘူး၊ ဒါကြောင့် သမ္မာသမ္ဗုဒ္ဓ မမည်ကြဘူး၊ ဗုဒ္ဓမြတ်စွာဘုရား မှာတော့ သစ္စာ ၄-ပါး တရားတွေကို သူတစ်ပါးထံမှ နည်းမခံရဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် အပြည့်အစုံ မှန်ကန်စွာ သိတော်မူတယ်၊ ဒါကြောင့် သမ္မာသမ္ဗုဒ္ဓမည်တော်မူပါတယ်။

သိတော်မူတဲ့တရားတွေက ဘယ်ဟာတွေလဲဆိုရင် (၁)ထူးသော ဉာဏ်ဖြင့် သိသင့်ထိုက်တဲ့ သစ္စာ ၄-ပါး ဆိုတဲ့ အဘိညေယျတရား၊ (၂) ပိုင်းခြား၍ သိသင့် သိထိုက်တဲ့ ဒုက္ခသစ္စာဆိုတဲ့ ပရိညေယျတရား၊ (၃) ပယ်သင့် ပယ်ထိုက်တဲ့ သမုဒယ သစ္စာဆိုတဲ့ ပဟာတဗ္ဗတရား၊ (၄) မျက်မှောက် သိမြင်သင့်-သိမြင်ထိုက်တဲ့ နိရောဓသစ္စာ ဆိုတဲ့ သစ္ဆိကာတဗ္ဗ တရား၊ (၅) မိမိသန္တာန်၌ဖြစ်ပွားစေသင့် ဖြစ်ပွားစေထိုက်တဲ့ မဂ္ဂသစ္စာဆိုတဲ့ ဘာဝေတဗ္ဗတရား-ဒီတရားတွေပါပဲ၊ အဲဒီတရားတွေကို မြတ်စွာဘုရားဟာ ဗောဓိပင်အောက် ရတနာပလ္လင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် ပဋိစ္စသမုပ္ပာဒ် တရား တွေကို ရှေးဦးစွာ ဆင်ခြင်တော်မူပြီးတော့ ဥပါဒါနက္ခန္ဓာ ငါးပါးဆိုတဲ့ ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို ရှုရင်း အရဟတ္တမဂ်ဉာဏ်ဖြင့် အပြည့်အစုံ သိမြင်တော်မူလျက် သမ္မာသမ္ဗုဒ္ဓ ဘုရား အဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်၊ အဲဒါဟာ အာဠာရ, ဥဒကတို့ထံက ရခဲ့တဲ့နည်းနဲ့ သိတာမဟုတ်ဘူး၊ ဘယ်သူ့ထံက ရခဲ့တဲ့ နည်းနဲ့မှ သိတာ မဟုတ်ဘူး၊ အဲဒီ ခေတ်ကာလတုန်းက ပဋိစ္စသမုပ္ပာဒ် ဆိုတာ အသံတောင်မကြားရသေးဘူး၊ ဥပါဒါနက္ခန္ဓာငါးပါး အဖြစ်

http://www.dhammadownload.com

အပျက်ကို ရှုရတယ်ဆိုတာလဲ အသံတောင် မကြားရသေးဘူး, လူ. လောကမှာသာ မဟုတ်သေးဘူး၊ နတ် လောက, ဗြဟ္မာလောက တွေမှာလဲ အဲဒီရှုပ်ရှုနည်းတွေကို ဘယ်သူမှ မဟောပြောနိုင်ကြသေးဘူး။

ဘုရားအလောင်းတော်ဟာ အိုခြင်း, သေခြင်းဟာ ဘာကြောင့် ရှိသလဲ၊ ဘဝအသစ်ဖြစ်လို့ ရှိရတယ်၊ ဘဝအသစ်ဟာလဲ ဘာကြောင့် ဖြစ်ရသလဲ၊ ဖြစ်ကြောင်းကံရှိလို့ ဖြစ်ရတယ်၊ ကံဟာလဲ ဘာကြောင့် ဖြစ်ရသလဲ၊ စွဲလမ်းလို့ ဖြစ်ရတယ်၊ ဘာကြောင့် စွဲလမ်းရသလဲ၊ တပ်မက်တဏှာရှိလို့ စွဲလမ်းတယ်၊ ဘာကြောင့် တပ်မက်လိုချင်ရသလဲ၊ အကောင်းအဆိုးကို ခံစားရလို့ တပ်မက် လိုချင်တယ်" စသည်ဖြင့် ပဋိစ္စသမုပ္ပာဒ် အကြောင်းအကျိုး ဆက်စပ်ဖြစ်ပုံတွေကို မိမိ၏ ကိုယ်ပိုင် ဉာဏ်ဖြင့်ဆင်ခြင်ပြီး ခဏမစဲဖြစ်ပျက်နေတဲ့ ဥပါဒါနက္ခန္ဓာ ငါးပါး၏ အဖြစ် အပျက်ကို ရှုတော်မူတယ်၊ ဒီလိုရှုနေရင်း ဝိပဿနာဉာဏ် အရိယာမဂ်ဉာဏ် တွေ အစဉ်အတိုင်းတက်ပြီး အရဟတ္တမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် သစ္စာ ၄-ပါး၊ အမှန်တရားတွေကို ကိုယ်ပိုင် ဉာဏ်ဖြင့်ပင် အမှန်အတိုင်း သိတော်မူပါတယ်၊ ဒီလို သိသည်နှင့် တစ်ပြိုင်နက် အလုံးစုံကိုသိနိုင်တဲ့ သဗ္ဗညုတဉာဏ် အစရှိသော ဗုဒ္ဓမြတ်စွာဘုရားတို့၏ ဂုဏ်အလုံးစုံကိုလဲ ရတော်မူ ပါတယ်။ သမ္မာသမ္ဗုद्ध ဂုဏ်တော်က ဒီလိုကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိပြီး ဘုရားအဖြစ်သို့ ရောက်တော်မူပုံကို ဖော်ပြပါတယ်၊ အဲဒီ ဂုဏ်တော်ဖွင့်ကို ဒီလို စီထားပါတယ်။

ထူးသော ဉာဏ်ဖြင့် သိသင့် သိထိုက်တဲ့ သစ္စာ ၄ ပါး တည်းဟူသော အဘိညေယျတရား။ ပိုင်းခြား၍ သိသင့် သိထိုက်တဲ့ ဒုက္ခသစ္စာတည်းဟူသော ပရိညေယျ တရား၊ ပယ်သင့်ပယ်ထိုက်တဲ့ သမုဒယသစ္စာ တည်းဟူ သော ပဟာတဗ္ဗတရား၊ မျက်မှောက်

http://www.dhammadownload.com

ထင်ထင် ဆိုက် ရောက်၍ သိမြင်သင့် သိမြင်ထိုက်တဲ့ နိရောဓသစ္စာ တည်းဟူသော သစ္ဆိကာတဗ္ဗတရား၊ ပွားများသင့် ပွားများ ထိုက်တဲ့ မဂ္ဂသစ္စာ တည်းဟူသော ဘာဝေတဗ္ဗတရား အားဖြင့် သစ္စာ ၄-ပါး ခပ်သိမ်းသော တရားတို့ကို သူတစ်ပါးထံ နည်း မခံဘဲ ကိုယ်ပိုင်ဉာဏ်အဟုန်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူသောကြောင့် ရတော်မူသော သမ္မာသမ္ဗုद्ধဟူသော အမည်တော်နာမ ဝိသေသ ဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရားတဲ့။

ကဲ အဲဒီဂုဏ်တော်ဖွင့်ကို ရွတ်ဆိုပြီး ကြည်ညိုကြရမယ်...

ထူးသောဉာဏ်ဖြင့် သိသင့်သိထိုက်တဲ့။ပ။ ကျော်စောတော်မူပေသော မြတ်စွာဘုရား။

အဲဒီဂုဏ်ပုဒ်ထဲမှာ သစ္စာ ၄-ပါးကို သိတယ်ဆိုတာဟာ အရဟတ္တမဂ်ခဏမှာတော့ နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာကို မျက်မှောက်တွေ့ပြီး သိလိုက်တာနဲ့ ကျန်တဲ့သစ္စာ ၃-ပါးကို ပိုင်းခြားပြီး သိခြင်းကိစ္စ, ပယ်ခြင်းကိစ္စ, ပွားစေခြင်းကိစ္စတွေ ပြီးသွားတာကို ဆိုတာပါပဲ၊ အဲဒီလိုသိခြင်းကိစ္စပြီးပုံတွေကို ဝိသုဒ္ဓိမဂ် (ပ-၁၉၆)မှာ-

စက္ခု-မျက်စိရုပ်သည် ဒုက္ခသစ္စာ၊ ထိုရုပ်၏ အကြောင်း အဖြစ်ဖြင့် ရှေးဘဝက ပြီးခဲ့သောတဏှာသည် သမုဒယသစ္စာ၊ ထိုအကြောင်း အကျိုး ၂-ပါးတို့ မဖြစ်ပေါ်ဘဲ ချုပ်ခြင်းသည် နိရောဓသစ္စာ၊ ထို နိရောဓကို မျက်မှောက်သိခြင်းသည် မဂ္ဂသစ္စာ စသည်ဖြင့်-

မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဆိုတဲ့ ဒွါရ ၆-ပါး၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ သဘောဆိုတဲ့ အာရုံ ၆-

http://www.dhammadownload.com

ပါး၊ မြင်သိ၊ ကြားသိ၊ နံသိစားသိ၊ ထိသိ၊ ကြံသိ ဆိုတဲ့ ဝိညာဏ် ၆-ပါး၊ မြင်တွေ့မှုအစရှိသောဖဿ ၆-ပါး၊ မြင်ခံစား မှု အစရှိသော ဝေဒနာ ၆-ပါး၊ ထိုအတူ သညာ ၆-ပါး၊ စေတနာ ၆-ပါး၊ တဏှာ ၆-ပါး၊ ဝိတက် ၆-ပါး၊ ဝိစာရ ၆-ပါး၊ ခန္ဓာ ၅-ပါး၊ ကသိုဏ်းဈာန် ၁၀-ပါး၊ အနုဿတိ ၁၀-ပါး၊ အသုဘသညာ ၁၀-ပါး၊ ကေသာ စသည် ၃၂-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ ဘဝ ၉-ပါး၊ ရူပဈာန် ၄-ပါး၊ အပွမညာ ၄-ပါး၊ အရူပဈာန် ၄-ပါး၊ ပဋ္ဌာန်းမဟာပဋ္ဌာန်အင်္ဂါ ၁၂-ပါး ဆိုတဲ့ တရားတွေထဲမှာ တစ်ခု တစ်ခုကို ဒုက္ခသစ္စာအဖြစ်ဖြင့် မူတည်ပြီး သစ္စာ၄-ပါး တို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ခွဲခြမ်းဝေဖန်၍ မှန်ကန်စွာ သိတော်မူသော ကြောင့် သမ္မာသမ္ဗုဒ္ဓ မည်တော်မူပုံကို အသေးစိတ်ချ.၍ သိရန် ညွှန်ပြထားပါတယ်။

အင်္ဂါ ၁၂-ပါးကို သစ္စာ ၄-ပါးဖြင့် ပိုင်ခြားသိပုံ

အဲဒီတရားတွေထဲက ယခု ဒီမှာ ဟောနေတဲ့ ပဋ္ဌာန်းမဟာပဋ္ဌာန် တရားနှင့်စပ်ပြီး အင်္ဂါ ၁၂-ပါးကိုထုတ်ပြီး ပြောမယ်။ အဆုံး ဇရာ မရဏပုဒ်ကိုတော့ ဝိသုဒ္ဓိမဂ်မှာပဲ နည်းပြအနေနဲ့ ဒီလို ပြထားပါ တယ်။ အိုခြင်း သေခြင်းက အကျိုးဒုက္ခသစ္စာ၊ ဘဝ အသစ်ဖြစ်ခြင်း က အကြောင်း သမုဒယသစ္စာ၊ ထို အကြောင်း အကျိုး ၂-မျိုးလုံး ထွက်မြောက်ရာ မဖြစ်ရာက နိရောဓသစ္စာ၊ နိရောဓကိုသိတာက မဂ္ဂသစ္စာ-တဲ့။ အဲဒါကို ဆိုကြရမယ်-

> အိုခြင်း သေခြင်းက အကျိုးဒုက္ခသစ္စာ၊ ဘဝအသစ် ဖြစ်ခြင်းက အကြောင်း သမုဒယသစ္စာ၊ ထိုအကြောင်း အကျိုး ၂-မျိုးလုံး မဖြစ်ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

http://www.dhammadownload.com

ဘဝအသစ်ဖြစ်ခြင်းက ဒုက္ခသစ္စာ၊ ဖြစ်ကြောင်းကံ က သမုဒယသစ္စာ၊ ထို ၂-မျိုးလုံး မဖြစ်ရာက နိရောဓ သစ္စာ၊ နိရောဓကိုသိတာက မဂ္ဂသစ္စာ။

ဖြစ်ကြောင်းကံက ဒုက္ခသစ္စာ၊ စွဲလမ်းတာက သမုဒယသစ္စာ၊ ထို ၂-မျိုးလုံး မဖြစ်ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

စွဲလမ်းတာက ဒုက္ခသစ္စာ၊ တပ်မက်တာက သမုဒယ သစ္စာ၊ ထို ၂-မျိုးလုံးမဖြစ်ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

တပ်မက်တာက ဒုက္ခသစ္စာ၊ ခံစားတာက သမုဒယသစ္စာ၊ ထို ၂-မျိုးလုံးမဖြစ်ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

ဒီနေရာမှာ တပ်မက်တဲ့တဏှာကို ဒုက္ခသစ္စာလို့ ဆိုတဲ့စကား ကို သဘောမကျဘဲ ရှိတတ်ပါတယ်၊ ယခုဘဝက တဏှာဟာ နောင်ဘဝအကျိုးနဲ့ ဆက်စပ်ကြည့်တဲ့အခါမှာ သမုဒယသစ္စာ အကြောင်းသစ္စာဖြစ်တာ မှန်ပါတယ်၊ ရှေးဘဝက ပြီးခဲ့တဲ့ အကြောင်း တဏှာနဲ့ ဆက်စပ်ကြည့်ရင်တော့ ယခုဘဝအတွင်းမှာဖြစ်တဲ့ လောကီ ကုသိုလ် ကြီယာအကုသိုလ်တွေရော ရုပ်နာမ် တွေအားလုံးဟာ ဒုက္ခ သစ္စာမည်တာချည်းပါပဲ၊ ဘာကြောင့်လဲဆိုလျှင် ရှေးဘဝက ပြီးခဲ့တဲ့ တဏှာကြောင့်ဖြစ်တာလဲ ဟုတ်တယ်၊ ဖြစ်ခြင်းပျက်ခြင်းက နိပ်စက် အပ်တာလဲ ဟုတ်တယ်၊ ဒါကြောင့်ပါပဲ ပဋိစ္စသမုပ္ပဒါ အရာမှာတော့ အနီးကပ် အကြောင်းကို သမုဒယသစ္စာလို့ အဌကထာဆရာက ကောက်ယူ ပါတယ်၊ ဒါကြောင့် တဏှာ၏ ပဒဋ္ဌာန်ဖြစ်တဲ့ ဝေဒနာ

http://www.dhammadownload.com

ကိုပဲ ဒီနေရာမှာ သမုဒယသစ္စာလို့ ဆိုထားခြင်းဖြစ်ပါတယ်၊ ဒီနေရာ မှာ ဇာတိကို ဖရောမရဏ၏ သမုဒယသစ္စာလို့ ပြပြီး ဖဝ-ဏ္ဏိနည်း အတူပဲလို့ ညွှန်ပြတဲ့ အဋ္ဌကထာစကားကို အထူး သတိပြုသင့်ပါတယ်။

ခံစားတာက ဒုက္ခသစ္စာ၊ တွေ့တာကသမုဒယသစ္စာ၊ ထို ၂ မျိုးလုံး မဖြစ်ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

တွေ့တာကဒုက္ခသစ္စာ၊ အာယတနက သမုဒယသစ္စာ၊ ထို ၂ မျိုးလုံး မဖြစ်ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

အာယတန ခေါ်တဲ့ တွေ့ကြောင်း အင်္ဂါက ဒုက္ခ သစ္စာ၊ နာမ်ရုပ်က သမုဒယသစ္စာ၊ ထို ၂ မျိုးလုံး မဖြစ် ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

နာမ်ရုပ်က ဒုက္ခသစ္စာ၊ ဝိညာဏ်က သမုဒယသစ္စာ၊ ထို ၂ မျိုးလုံး မဖြစ်ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

ဝိညာဏ်က ဒုက္ခသစ္စာ၊ သင်္ခါရက သမုဒယသစ္စာ၊ ထို ၂ မျိုးလုံး မဖြစ် ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

အဝိဇ္ဇာကိုတော့ ဒုက္ခသစ္စာအဖြစ်နဲ့ ဋီကာမှာ ထုတ်ပြမထား ဘူး၊ ထုတ်ချင်ရင်လဲ ထုတ်နိုင်ပါတယ်၊ ဘယ်လိုလဲဆိုရင် အဝိဇ္ဇာ က ဒုက္ခသစ္စာ၊ အာသဝက သမုဒယသစ္စာ စသည်ဖြင့် ထုတ်နိုင် ပါတယ်၊ အာသဝဆိုတာ-ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ,

http://www.dhammadownload.com

အဝိဇ္ဇာသဝအားဖြင့် ၄-ပါးရှိပါတယ်၊ ကာမာသဝဆိုတာ လိုချင်နှစ်သက်ဖွယ် ကာမအာရုံတွေကို လိုချင်နှစ်သက်တဲ့ ကာမရာဂပါပဲ၊ အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော = အာသဝ၏ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာ ဖြစ်သည်လို့ ဟောထားတဲ့ ဒေသနာနှင့် အညီ အဲဒီ ကာမ အာရုံတွေကို လိုချင်နှစ်သက် မက်မောခြင်း ကြောင့်လည်း မသိမှု သိမှားမှု အဝိဇ္ဇာဖြစ်ပါတယ်၊ ဘဝါသဝ ဆိုတာ ဘဝကို သာယာနှစ်သက်တဲ့ ရာဂပါပဲ၊ အဲဒီ ဘဝကို သာယာနှစ်သက်မှု ကြောင့်လဲ မသိမှု သိမှားမှုဖြစ်တယ်၊ ဒိဋ္ဌာသဝဆိုတာ အယူ မှားပဲ၊ အဲဒီ အယူမှားကြောင့်လဲ မသိမှု သိမှားမှု ဖြစ်တယ်၊ အဝိဇ္ဇာသဝ ဆိုတာကတော့ အဝိဇ္ဇာမောဟပါပဲ၊ ရှေးရှေးကဖြစ်ခဲ့တဲ့ အဲဒီ အဝိဇ္ဇာ ကြောင့်လဲ နောက်နောက်အဝိဇ္ဇာဖြစ်တယ်၊ ဒါကြောင့် အဲဒီ အာသဝ တရား ၄- ပါးကိုပဲ ဒီနေရာမှာ အဝိဇ္ဇာ၏ အကြောင်းသစ္စာ အဖြစ် ဖြင့် ယူရပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း မြတ်စွာဘုရားဟာ အရဟတ္တမဂ်ဉာဏ် ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး သစ္စာ ၄-ပါး တရားအလုံးစုံကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူသောကြောင့် သမ္မာ-သမ္ဗုဒ္ဓဆိုတဲ့ ဂုဏ်ထူးဘွဲ့ထူး အမည်တော်ကြီးကို ရတော်မူပါတယ်၊ အဲဒီလို သစ္စာ ၄-ပါးကိုသိတော်မူရာမှာ ပဋိစ္စသမုပ္ပာဒ် တရားတွေကိုလဲ ဒုက္ခသစ္စာ = ဆင်းရဲအစစ်အမှန် အဖြစ်ဖြင့်လဲ သိတော်မူပါတယ်၊ သမုဒယသစ္စာ = ဆင်းရဲဖြစ်ပွားကြောင်း အစစ်အမှန် အဖြစ်ဖြင့်လဲ သိတော်မူပါတယ်၊ အဲဒီလို သိတော်မူတဲ့ အတွက် အဲဒီ ပဋိစ္စသမုပ္ပာဒ်တရားတွေမှာ မပျော်မမွေ့ ငြီးငွေ့တော်မူပါတယ်၊ ငြီးငွေ့တော့ သာယာတပ်မက်ခြင်း ကင်းတော်မူပါတယ်၊ တပ်မက်ခြင်းကင်းတော့ အဲဒီတရားတွေကို လွတ်လွတ်ကြီး

http://www.dhammadownload.com

စွန့်ပယ်နိုင်ပါတယ်၊ အဲဒီတရားတွေမှလဲ လွတ်မြောက် တော်မူပါတယ်။ ဒီပုံဒီနည်းဖြင့် သံသရာစက်၏ ထောက်အကန့်သဖွယ် ဖြစ်သော ပဋ္ဌာန်းမဟာဒ် အဂ်ါတရားတွေကို ပယ်ဖျက်တော်မူခဲ့ပါတယ်၊ ဒါကြောင့် ဝိသုဒ္ဓိမဂ် (ပ-၁၉၄)မှာ-

ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ တေ ဓမ္မေ၊ ပဋ္ဌာန်းမဟာဒ်တရားတို့ကို။ ယထာဘူတံ ဥတ္တာ၊ ဟုတ်တိုင်းမှန်စွာသိတော်မူပြီး၍။ တေသု၊ ထို ပဋ္ဌာန်းမဟာဒ်တရား တို့၌။ နိဗ္ဗိန္ဒန္တော၊ မပျော်မမွေ့ ငြီးငွေ့တော်မူလျက်။ ဝိရဇ္ဇန္တော၊ တပ်မက်သာယာ ကင်းကွာတော်မူလျက်။ ဝိမုစ္စန္တော၊ လွတ်မြောက်တော်မူလျက်။ ဝုတ္ထာပကာရသ၊ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော။ ဣမသ သံသာရစက္ကသ၊ ဤသံသရာ စက်ဘီး၏ ။ အရေ၊ ထောက်အကန့် တို့ကို။ ဟနိ ဝိဟနိ ဝိဒ္ဓံသေသိ၊ ခုတ်ဖြတ်ဖျက်ဆီးတော် မူခဲ့လေပြီ။ ဧဝံ၊ ဤပုံဤနည်းဖြင့်။ အရာနံ ဟတတ္တာပိ၊ သံသရာစက်ဘီး၏ ထောက်အကန့်တို့ကို ဖျက်ဆီးတော်မူပြီးသည်၏ အဖြစ်ကြောင့်လည်း။ အရဟံ၊ အရဟံ မည်တော်မူပေသည်-လို့ ဆိုထားပါတယ်။

ကဲ...အဲဒီ အရဟံ ဂုဏ်ပုဒ်နဲ့ သမ္မာသမ္မုဒ္ဓ ဂုဏ်ပုဒ်တွေကို အစဉ်အတိုင်းရွတ်ဆိုပြီး ကြည်ညိုကြဦးစို့။

အရဟံဂုဏ်တော်ဖွင့်များ

ကိလေသာရှိစဉ်က အလေ့အလာ အထုံဝါသနာနှင့် တကွ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ် တော်မူသော ကြောင့် ရတော်မူသော အရဟံ ဟူသော အမည်တော်နာမ ဝိသေသဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင်နှဲ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား...။ (၁)

http://www.dhammadownload.com

လောဘကိလေသာ၊ ဒေါသကိလေသာ၊ မောဟကိလေသာ၊ မာနကိလေသာ၊ ဒိဋ္ဌိကိလေသာ၊ ဝိစိကိစ္ဆာကိလေသာ၊ ထိန်းကိလေသာ၊ ဥဒ္ဓစ္စကိလေသာ၊ အဟိရိကကိလေသာ၊ အနောတ္တပ္ပကိလေသာတည်း ဟူသော သရုပ်အားဖြင့် ကိလေသာ ဆယ်ပါး၊ အကျယ်ပွားလျှင် တစ်ထောင့်ငါးရာ မျှားလှစွာသော ကိလေသာရန်သူတို့ကို အရဟတ္တမဂ် ဓားလက်နက်ဖြင့် အကြွင်းမဲ့ ခုတ်ဖြတ်ပယ်သတ်တော်မူပြီးသောကြောင့် ရတော်မူသော အရ-ဟံ ဟူသော အမည်တော်နာမ ဝိသေသ ဂုဏ်တံခွန်ဖြင့် မိုးစွန် ဘဝဂ် မဆုံတက်အောင်နှံ့လျက် ကျော်စောတော် မူပေသော မြတ်စွာဘုရား...။ (၂)

ပုံတောင်းတူစွာ အဝိဇ္ဇာတရပ် အကွပ်ပမာ ဇရာ မရဏာ ပတ်လည်ခသည့် ပဋိစ္စသမုပ္ပာဒ် ရဟတ်သံသရာ ဘီးစက်ကြာဝယ် သခ်ါရမှ ဇာတိကျအောင် အလယ်က ဆယ်တန့် ထောက်အကန့်တို့ကို အရဟတ္တမဂ် ဉာဏ်သန် လျှက်ဖြင့် မဆက်မစပ်အကုန်လုံးပြတ်အောင် ခုတ်ဖြတ် ဖျက်ဆီး စွန့်ပယ်တော်မူ ပြီးသောကြောင့် ရတော်မူသော အရ-ဟံ ဟူသော အမည်တော်နာမ ဝိသေသ ဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား...။ (၃)

လွန်ကဲ ထူးမြတ်သော သီလဂုဏ် သမာဓိဂုဏ် ပညာ ဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိညာဏဒဿန ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍, လူမင်း နတ်မင်း ဗြဟ္မာမင်းဟု ကမ္ဘာအတွင်း၌ သမ္ဘာရင်းထူ, ဂုဏ်လင်းသူတို့မှ, စ၍ အနန္တမသုံး လောကကြီး တစ်ခုလုံး၏, ညွှတ်ရုံး ဖူးမြော်, ပူဇော်ခြင်း ဝိသေသ ထူးမြတ်သော သက္ကာရတို့ကို, တောင့်တတဲ့ ချမ်းသာ, လိုရာရာ အကျိုးများဖြင့်,

http://www.dhammadownload.com

တိုးပွား မသွေ, ချမ်းသာစေ ရည်မှော်လျက်, ခံယူတော်မူထိုက်သောကြောင့်, ရတော်မူသော, အရဟံ ဟူသော အမည်တော်နာမ, ဝိသေသဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား...။ (၄)

မျက်မှောက်မျက်ကွယ် အချင်းခပ်သိမ်း စင်ကြယ်၍ ဆိတ်ကွယ်ရာ မရှိတော်မူသောကြောင့် ရတော်မူသော အ-ရဟံ ဟူသော အမည် နာမဝိသေသ ဂုဏ်တံခွန်ဖြင့် မိုးစွန် ဘဝဂ် မဆန့်တက်အောင် နှံ့လျက် ကျော်စောတော် မူပေသော မြတ်စွာဘုရား...။ (၅)

ဘဝဂ်တိုင်အောင် ကျော်စောပုံ

ဘဝဂ်တိုင်အောင် ပျံ့နှံ့ ကျော်စောပုံကတော့ (၁) လာရောက်နိုင်တဲ့ဘုံများမှ လာရောက်ပြီး တရားနာခြင်းဖြင့်လဲ မြတ်စွာ ဘုရား၏ ဂုဏ်သတင်းဟာ အဲဒီဘုံတွေအထိ ပျံ့နှံ့ ကျော်စောပါတယ်၊ (၂) မြတ်စွာဘုရား ကိုယ်တော်တိုင် ကြွရောက် ပြီး ဟောတော်မူခြင်းဖြင့်လဲ ပျံ့နှံ့ ကျော်စော တော်မူပါတယ်၊ (၃) မြတ်စွာဘုရား၏ အဆုံးအမဖြင့် တရားထူးရပြီး ထိုထိုဘုံ မှာ ရောက်နေကြတဲ့ တပည့်သာဝကတို့ အလိုအားဖြင့်လဲ ပျံ့နှံ့ ကျော်စောတော်မူပါတယ်။

အဲဒီသုံးမျိုးထဲမှာ ပဝေသအမျိုးအားဖြင့် ပျံ့နှံ့ကျော်စော ပုံတော့ အထူးပြောဖို့မလိုပါဘူး၊ ထင်ရှားနေပါပြီ။ ဒုတိယ အမျိုးအားဖြင့် ပျံ့နှံ့ ကျော်စောပုံကတော့ အခါတစ်ပါးဌ် မြတ်စွာဘုရားဟာ ဥက္ကဋ္ဌမြို့အနီး သုဘဂ မည်သော တောထဲက အင်ကြင်းပင်ကြီး အောက်မှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါ မြတ်စွာဘုရားမှာ ဒီလို အကြံ့ဖြစ်ပါတယ်။ အစမထင်အောင် ရှည်စွာသော သံသရာ

http://www.dhammadownload.com

လောကကြီးအတွင်းမှာ သုဒ္ဓဝါသ ဘုံမှတစ်ပါး ငါမရောက်ဖူး မဖြစ်ဖူးသော်းသောဘုံဌာနမည်သည် မရှိတော့ပေ၊ သုဒ္ဓဝါသ ဘုံများ ကိုကားမရောက်ဖူး မဖြစ်ဖူးသေးပေ၊ ထိုကြောင့် သုဒ္ဓဝါသ ဘုံများသို့ သွားရလျှင် ကောင်းပေလိမ့်မည်ဟု အကြံအစည် ဖြစ်ပါသတဲ့။

ဘုံ ၃၁–ရှိတဲ့အနက်က သုဒ္ဓါဝါသ ၅–ဘုံ ကိုပယ်ပြီး ကျန် တဲ့ ၂၆–ဘုံမှာ ဘုရားအလောင်းတော်ဘဝက မဖြစ်ဖူးတဲ့ ဘုံရယ်လို့ မရှိဘူး၊ ဖြစ်ခဲ့ဖူးတဲ့ဘုံ တွေချည်းပဲ။ သုဒ္ဓါဝါသ ၅–ဘုံ ဆိုတာကတော့ အနာဂါမ်ပုဂ္ဂိုလ်များသာ ဖြစ်နိုင်တယ်၊ ဘုရားအလောင်းတော် ဆိုတာ ဘုရားဖြစ်မည့် နောက်ဆုံးဘဝကျမှ ဗောဓိပင်အောက် အပရာဇိတပလ္လင် ထက်မှာမှ အရိယမဂ် ၄–ပါးကို တစ်ထိုင်အတွင်းမှာပဲ ရပြီး ဘုရားအဖြစ်သို့ ရောက်တော်မူရမ့် ဖြစ်တယ်၊ အဲဒီထက် ရှေးကျတဲ့ ဘဝတွေမှာ သောတာပန် သကဒါဂါမ် အနာဂါမ် မဖြစ်နိုင်ဘူး၊ ဒါကြောင့် မြတ်စွာ ဘုရားဟာ သုဒ္ဓါဝါသဘုံမှာ မဖြစ်ခဲ့ဘူး၊ ဘဝဟပ္ပါလ်ဘုံ ဆိုတာမှာ ဖြစ်ဖူးသော်လဲ အဲဒီအောက်ဘုံက အထက် ဖြစ်တဲ့ သုဒ္ဓါဝါသဘုံ တွေကို မသွားနိုင်ဘူး၊ လူတွေက နတ်ဘုံတွေ နတ်တွေကို မမြင်နိုင်တာကိုလဲ အောက်ဗြဟ္မာတွေကလဲ အဲဒီ သုဒ္ဓါဝါသ ဘုံတွေနဲ့ သုဒ္ဓါဝါသ ဗြဟ္မာတွေကို မမြင်နိုင်ဘူး၊ ဒါကြောင့် မြတ်စွာဘုရားမှာ အဲဒီ သုဒ္ဓါဝါသ ဘုံတွေကို မရောက်ဖူးဘဲ ရှိနေခဲ့ပါတယ်၊ မရောက်ဖူးတဲ့ အဲဒီဘုံတွေ ကြွသွားဖို့ အကြံအစည် ဖြစ်တာကလဲ ယခုလူတွေ အထူးအဆန်း ကြည့်ဖို့ အရပ်တစ်ပါး အလည်သွားကြတာမျိုး မဟုတ်ပါဘူး၊ အဲဒီ မရောက်ဖူးသေးတဲ့ ဘုံတွေကို ကိုယ်တိုင်ရောက်ပြီး အဲဒီ ဘုံက ဗြဟ္မာတွေရဲ့အကြောင်းအရာ တွေကို နတ်လူအများအား ဟောကြားဖို့ ရည်ရွယ်ပြီး အကြံအစည် ဖြစ်တာပါပဲ။

http://www.dhammadownload.com

အဲဒီလို ကြံစည်တော်မူပြီးတော့ မြတ်စွာဘုရားဟာ ကွေးထားတဲ့ လက်ကို ဆန့်လိုက်သလို ဆန့်ထားတဲ့လက်ကို ကွေးလိုက်သလို အဘိညာဉ် တန်ခိုးတော်ဖြင့် တစ်ခဏချင်းပင် အဝီဟာ ခေါ်တဲ့ အောက်ဆုံး သုဒ္ဓါဝါဒဘုံသို့ ကြွရောက်တော်မူပါ တယ်၊ အဲဒီဘုံ ရောက်တဲ့အခါ အဲဒီဘုံက ထောင် သောင်း သိန်း များစွာသော ဗြဟ္မာတွေက မြတ်စွာဘုရားထံလာရောက်ပြီး ရှိခိုးကန်တော့ကြပါ တယ်၊ ရှိခိုးကန်တော့ပြီးတော့ သူတို့၏ အကြောင်းအရာများကို လျှောက်ထားကြပါတယ်၊ လွန်ခဲ့တဲ့ ၆၁-ကမ္ဘာထက်က ဝိပဿီ အမည်ရှိသော သမ္မာသမ္ဗုद्ध မြတ်စွာ ဘုရား ပွင့်တော်မူခဲ့ကြောင်း၊ ထိုမြတ်စွာဘုရား၏ အမျိုးအနွယ် အသက်တမ်း ဗောဓိပင် အဂ္ဂ သာဝက စသည်တို့က မည်သို့ မည်ပုံ ဖြစ်ကြောင်းများကို လျှောက်ထား ကြပြီးတော့ သူတို့ဟာ အဲဒီဝိပဿီဘုရား သာသနာတော်မှာ မြတ်သောအကျင့် ကိုကျင့် သုံးပြီး အနာဂါမ်ဖြစ်လို့ အဲဒီအဝိဟာ ဘုံကို ရောက်နေကြကြောင်းကို လျှောက်ကြပါတယ်၊ အဲဒါက ဝိပဿီ မြတ်စွာ ဘုရား၏ တပည့်သာဝကဖြစ်တဲ့ အဝိဟာဗြဟ္မာတွေက လျှောက်ထားပုံပါပဲ။

ထို့အတူပင် သိခီမြတ်စွာဘုရား၏ တပည့်သာဝကဖြစ်တဲ့ ဗြဟ္မာတွေ၊ ဝေဿဘူ မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်တဲ့ ဗြဟ္မာတွေ၊ ကကုသန် မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်တဲ့ ဗြဟ္မာတွေ၊ ကောဏာဂုံ မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်တဲ့ ဗြဟ္မာတွေ၊ ကဿပ မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်တဲ့ ဗြဟ္မာတွေကလဲ၊ အကြောင်းအရာ အလုံးစုံကို (နည်းတူဘဲ) လျှောက်ထားကြပါတယ်။

နောက်ဆုံးမှာ ဘုန်းကြီးတို့ ကိုးကွယ်ရာဖြစ်တဲ့ ဂေါတမ မြတ်စွာဘုရား၏ တပည့်သာဝက ဗြဟ္မာတွေကလဲ ယခုအခါမှာ

http://www.dhammadownload.com

ဂေါတမ မည်သော မြတ်စွာဘုရား လောကဌ် ပွင့်တော်မူလျက် ရှိကြောင်းမှ အစပြုပြီး သူတို့ဟာ ဒီဘုရားသာသနာမှာဘဲ မြတ်သော အကျင့်ကို ကျင့်သုံးပြီး အနာဂါမ် ဖြစ်လို့ အဲဒီ အဝိဟာဘုံကို ရောက်နေကြကြောင်းအထိ အကြောင်းစုံကို လျှောက်ထားကြပါတယ်။

အဲဒီကနောက် မြတ်စွာဘုရားဟာ အတပ္ပာဘုံကို ကြွတော်မူပါတယ်၊ အဲဒီကနောက် သုဒဿာဘုံကို ကြွတော်မူပါတယ်၊ အဲဒီကနောက် သုဒဿီဘုံကို ကြွတော်မူပါတယ်၊ အဲဒီက နောက် အကနိဋ္ဌဘုံကို ကြွတော်မူပါတယ်၊ အဲဒီ ဘုံတွေမှာလဲ ဘုရား ခုနစ်ဆူတို့၏ တပည့်သာဝကဖြစ်ကြတဲ့ ထောင် သောင်း သိန်း များသော ဗြဟ္မာတွေက သူတို့၏ ဆရာ ဘုရား အကြောင်းနှင့် သူတို့၏ အကြောင်းအရာ အလုံးစုံကို နည်းတူဘဲ လျှောက်ထားကြပါတယ်။

အဲဒါဟာ မြတ်စွာဘုရားက ထိုထိုဘုံများသို့ကြွသွားခြင်းဖြင့် မြတ်စွာဘုရား၏ ဂုဏ်သတင်း ပျံ့နှံ့ကျော်စောပုံ သာဓကပါပဲ။ အဲဒီအထဲမှာ မြတ်စွာဘုရား၏ အဆုံးအမအတိုင်း ကျင့်သုံးပြီး အဲဒီ ဘုံတွေကို ရောက်နေကြတဲ့ တပည့် သာဝကတွေ အလိုအားဖြင့် ပျံ့နှံ့ကျော်စောပုံလဲ ပါသွားပါတယ်။

ဒါပေမယ့် အဲဒီလို ရုပ်ရှိတဲ့ဘုံတွေမှာ ကျော်စောပုံကတော့ သိလွယ်ပါတယ်၊ ရုပ်ကိုယ်မရှိတဲ့ အရူပဘုံတွေကိုတော့ ဘယ်လို ပျံ့နှံ့ကျော်စောသလဲလို့ စဉ်းစားစရာရှိပါတယ်။ ဘာကြောင့် လဲဆိုရင် အဲဒီဘုံတွေမှ ဗြဟ္မာတွေကလဲ ဘုရားထံကို မလာ နိုင်ကြဘူး၊ ဘုရားကလဲ အဲဒီဘုံတွေ သွားပြီး ဟောလို့ မဖြစ်ဘူး၊ ဒါကြောင့် အဲဒီ အရူပဘုံက ဗြဟ္မာတွေဟာ ဘုရားဂုဏ်တော်တွေကို ဘယ်လို လုပ်ပြီး သိနိုင်ပါမည်လဲလို့ စဉ်းစာစရာ ရှိပါတယ်၊ အဲဒါကို ရှင်းပြ ပါမယ်။ ကာမဘုံ ရူပဘုံမှာ မြတ်စွာဘုရား အဆုံးအမ အတိုင်း

http://www.dhammadownload.com

ကျင့်သုံးပြီး သောတာပန် သကဒါဂါမ် အနာဂါမ် ဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေ ဟာ အရှုပစျာန်ကို ရပြီး စုတေသွားလျှင်, အဲဒီဘုံတွေမှာ ဖြစ်လိုတဲ့ ဆန္ဒရှိလျှင် အဲဒီ အရှုပဘုံတွေမှာ ဖြစ်နိုင်ပါတယ်၊ အဲဒီလို ဖြစ်သွားတဲ့ အရိယာပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရား၏ အရဟံ-အစရှိသော ဂုဏ်တော်တွေကို တင်ရှား သိမြဲ သိနေကြပါတယ်၊ "မိမိတို့သန္တာန်မှာဖြစ်ပေါ်နေတဲ့ ဥ စေတသိက် နာမ်တရားတွေကို ဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်ပြီး သိခြင်းဖြင့် ဣန္ဒြေ ငါးပါး ရင့်ကျက်ပြီး မရသေးတဲ့ တရားထူးကို ရနိုင် တယ်"ဆိုတာလဲ ထင်ရှား သိနေကြပါတယ်၊ အဲဒီလို သိတဲ့ အတွက် မိမိတို့ သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ စိတ်စေတသိက် နာမ် တရားတွေကို အကြောင်းညီညွတ်တဲ့အခါမှာ ရှုမှတ်ကြပါတယ်၊ ဒီလို ရှုမှတ်ခြင်းဖြင့် ဣန္ဒြေရင့်ကျက်ပြီး အရဟတ္တမဂ် ဉာဏ် ရောက်ကြတယ်၊ ကိလေသာ အာသဝေါ ကုန်ခန်းပြီး ရဟန္တာ ဖြစ်ကြတယ်၊ အာကာသာနဉ္စာယတန ဘုံမှာ ဖြစ်နေတဲ့ အရိယာတွေဟာ အဲဒီဘုံမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် စံတာလဲ ရှိတယ်၊ အဲဒီမှာ ရဟန္တာ မဖြစ်သေးရင် ဝိညာဏဉ္စာ ယတန ဘုံမှာ ဖြစ်ပြီး ပရိနိဗ္ဗာန်စံတာလဲ ရှိတယ်၊ အဲဒီမှာ မဖြစ်သေးရင် အာကိဉ္စညာယတနဘုံမှာဖြစ်ပြီး ပရိနိဗ္ဗာန် စံတာလဲ ရှိတယ်၊ အဲဒီမှာ မဖြစ်သေးရင် နေဝသညာ နာသညာယတန ဆိုတဲ့ အထက်ဆုံး ဘဝဂ်ဘုံမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတယ်၊ ဒီ ဘုံမှာတော့ ဇကန်ပဲ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် ဝင်စံရတယ်။ အဲဒီလို အရှုပဘုံကို ရောက်နေတဲ့ အရိယာပုဂ္ဂိုလ်မှာ မြတ်စွာဘုရား၏ ဂုဏ်တော်တွေထင်ရှားနေတဲ့အတွက် မိုးစွန်ဘဝဂ် ထိအောင် ပျံ့နှံ့ တက်ပြီး ကျော်စောတော် မူတယ်လို့ ဆိုထားပါတယ်။ အင်း-မိုးစွန်ဘဝဂ်မဆန့် တက်ပုံတော့ ရှင်းလောက်ပါပြီ၊ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ဖွင့်ကို ရွတ်ဆိုပြီး အာရုံပြုကြဦးစို့။

http://www.dhammadownload.com

သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ဖွင့်

ထူးသော ဉာဏ်ဖြင့် သိသင့် သိထိုက်တဲ့ သစ္စာ ၄-ပါး တည်းဟူသော အဘိညေယျတရား၊ ပိုင်းခြား၍ သိသင့်သိထိုက်တဲ့ ဒုက္ခသစ္စာ တည်းဟူသော ပရိညေယျတရား၊ ပယ်သင့် ပယ်ထိုက်တဲ့ သမုဒယသစ္စာ တည်း ဟူသော ပဟာတဗ္ဗတရား၊ မျက်မှောက်ထင်ထင်ဆိုက်ရောက်၍ သိမြင်သင့် သိမြင်ထိုက်တဲ့ နိရောဓသစ္စာတည်း ဟူသော သစ္ဆိကာတဗ္ဗတရား၊ ပွားများသင့် ပွားများ ထိုက်တဲ့ မဂ္ဂသစ္စာတည်းဟူသော ဘာဝေတဗ္ဗ တရား အားဖြင့် သစ္စာ ၄-ပါး ခပ်သိမ်းသော တရားတို့ကို သူ တစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ် အဟုန်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူသောကြောင့် ရတော်မူသော သမ္မာသမ္ဗုဒ္ဓ-ဟူသော အမည်တော် နာမ ဝိသေသ ဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှံ့လျက် ကျော်စောတော် မူပေ သော မြတ်စွာဘုရား...။

သစ္စာ ၄-ပါး အကျဉ်းချုပ်

ဒီ ဂုဏ်ပုဒ်နှင့်စပ်ပြီး သစ္စာ ၄-ပါး သိတော်မူပုံကို အသေး စိတ်အားဖြင့် အကျယ်ပြန့်ပြီ၊ ယခု အကျဉ်းမှတ်ဖို့ ပြောဦးမယ်၊ ကျမ်းဂန်များ အဆိုအားဖြင့် ကာမ, ရူပ, အရူပ ဆိုတဲ့ ဘုံ သုံးပါး၌ ဖြစ်နေသော ရုပ်နာမ် တရားထဲက တဏှာကိုဖယ်ပြီး ကျန်တဲ့ တရား ဟူသမျှကို ဒုက္ခသစ္စာ ခေါ်တယ်၊ တဏှာကို သမုဒယသစ္စာ ခေါ်တယ်၊ နိဗ္ဗာန်ကို နိရောဓသစ္စာ ခေါ်တယ်။ အရိယာမဂ်ကို မဂ္ဂသစ္စာ ခေါ်တယ်။

ပုဂ္ဂိုလ် တစ်ဦးတစ်ဦးအတွက်ဆိုရင် တဏှာမှတစ်ပါး မိမိ သန္တာန်မှာ ဖြစ်နေသော လောကီရုပ်နာမ်အပေါင်းကို ဒုက္ခသစ္စာ

http://www.dhammadownload.com

ခေါ်တယ်၊ မိမိက အပါယ် ၄-ဘုံ၊ လူ့ဘုံ၊ နတ်ပြည် ၆-ဘုံ မှာ ဖြစ်နေခိုက်မှာဆိုရင် ကာမတရားတွေပေါ့၊ ရူပဗြဟ္မာဘုံမှာ ဖြစ်နေခိုက်ဆိုရင် ရူပတရားတွေပေါ့၊ အရူပဘုံမှာ ဖြစ်နေခိုက် ဆိုရင် အရူပတရားတွေပေါ့၊ အဲဒါကိုဘဲ 'တေဘူမက=ဘုံ သုံးပါး၌ ဖြစ်နေသော သဒ္ဓါရတရားလို့ ဆိုပါတယ်၊ အဲဒါကို အဘိဓမ္မတ္ထ သင်္ဂဟကျမ်းမှာ"ဒုက္ခ တေဘူမက် ဝဋ္ဋ"လို့ တိုတိုကလေး ပြဆို ထားပါတယ်။

တေဘူမက်၊ ဘုံသုံးပါး၌ဖြစ်သော။ ဝဋ္ဋ၊ ဝဋ်ဆင်းရဲတရားသည်။ ဒုက္ခ၊ ဒုက္ခသစ္စာ မည်ပါတယ်တဲ့။ တဏှာမှ တစ်ပါး အဝိဇ္ဇာ အစရှိသော ကိလေသာတွေက ကိလေသဝဋ်, ကုသိုလ် အကုသိုလ် ကံက ကမ္မဝဋ်, ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုးငါးပါးက ဝိပါကဝဋ်-ဒီ ဝဋ်သုံးပါးပဲ တလှည့် စီ ဖြစ်နေတယ်၊ အဲဒီ ဝဋ်သုံးပါးဟာ ခဏမစဲ ဖြစ်ပျက်မှုက နှိပ်စက်နေလို့ ဆင်းရဲအစစ် ဒုက္ခသစ္စာချည်းပါပဲ၊ ဆင်းရဲ အစု အဝေးမျှပါဘဲ-တဲ့ လူ. သန္တာန်မှာ ဖြစ်နေတာလဲ ဆင်းရဲပဲ နတ်, ဗြဟ္မာ သန္တာန်မှာ ဖြစ်နေတာလဲ ဆင်းရဲပဲ၊ အပါယ် သတ္တဝါ သန္တာန်မှာတော့ အထူး ပြောစရာမလိုပါဘူး။

အဲဒီ ဒုက္ခသစ္စာ ဆင်းရဲတရားတွေဟာ ဘာကြောင့် ဖြစ်ရ သလဲဆိုရင် ကိုယ့်ဘဝ ကိုယ့်အခြေအနေနှင့်စပ်ပြီး နှစ်သက်သာ ယာ တွယ်တာနေတဲ့ တဏှာရှိနေလို့ ဖြစ်ရတာပါပဲ၊ ဒါကြောင့် တဏှာဟာ ဝဋ်သုံးပါးဆင်းရဲ၏ ဖြစ်ကြောင်းအဖြစ် သမုဒယ သစ္စာ မည်ပါတယ်၊ အရိယမဂ်ဉာဏ်၏အစွမ်းကြောင့် အဲဒီတဏှာ မဖြစ်ပေါ်လာနိုင်တော့ဘဲ ငြိမ်းသွားရင် ဝဋ်သုံးပါး ဆင်းရဲလဲ မဖြစ်ပေါ်လာတော့ဘဲ အပြီးတိုင် ငြိမ်းသွားပါတယ်၊ အဲဒီလို တဏှာနှင့်

http://www.dhammadownload.com

ဝင့်သုံးပါးဆင်းရဲတွေ ငြိမ်းတာ နိဗ္ဗာန်သစ္စာမည်ပါတယ်၊ အဲဒါကို ဆင်းရဲငြိမ်းရာလို့လဲ ခေါ်ဝေါ်ပြောဆိုရ ပါတယ်။ ဒါကြောင့် တဏှာနဲ့ ဆင်းရဲအားလုံး ချုပ်ငြိမ်းရာ သဘော်ကို နိဗ္ဗာန်သစ္စာလို့ မှတ်ရမယ်၊ အဲဒီ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ဆိုက်ရောက်ပြီး မျက်မှောက်သိမြင်တဲ့ မဂ္ဂင်ရှစ်ပါးတရားက မဂ္ဂသစ္စာတဲ့။ ဘယ်လိုဆိုက်ရောက်ပြီး သိမြင်သလဲ ဆိုရင် ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံနေတဲ့ ယောဂိပုဂ္ဂိုလ်မှာ ခဏ မစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားတွေကို ရှုသိနေရင်း ဖြစ်ပျက်နေတဲ့ သင်္ခါရအာရုံတွေရော ရှုသိနေတဲ့ ဝိပဿနာ သင်္ခါရတွေရော အားလုံး ကုန်ဆုံးချုပ်ငြိမ်းတဲ့သဘောထဲကို အသိဉာဏ်က ရောက်သွားတယ်၊ အကုန်လုံး ချုပ်ငြိမ်းသွားတယ်လို့ တွေ့ရတယ်၊ အဲဒီလို ဆိုက်ရောက်ပြီး မျက်မှောက်တွေ့ရပါတယ်၊ အဲဒီလို မျက်မှောက်တွေ့မြင်တဲ့ သဘောဟာ မဂ္ဂသစ္စာပါပဲ။ ကဲ–ဆိုကြရမယ်–

> ဘုံသုံးပါးဌ်ပါဝင်သော ရုပ်နာမ်သင်္ခါရ တရားဟူ သမ္မာက ဒုက္ခသစ္စာ၊ တဏှာက သမုဒယသစ္စာ၊ ထိုဒုက္ခ, သမုဒယနှစ်ပါးလုံး ချုပ်ငြိမ်းရာက နိဗ္ဗာန်သစ္စာ၊ နိဗ္ဗာန်ကို မျက်မှောက်သိမြင်တာက မဂ္ဂသစ္စာ။

အဲဒါကို ကျမ်းဂန်တွေအရ ခွဲခြားပုံပဲ၊ ယောဂီ၏ အတွေ့အားဖြင့်ဆိုရင်တော့ ခဏမစဲဖြစ်ပျက်နေတဲ့ ရုပ်နာမ်သင်္ခါရတွေ က ဒုက္ခသစ္စာ၊ အဲဒီသင်္ခါရတွေကို အကောင်းတွေထင်ပြီး နှစ်သက်သာယာနေတာက သမုဒယသစ္စာ၊ အဲဒီ ဒုက္ခနှင့် သမုဒယ နှစ်ပါးလုံး ချုပ်ငြိမ်းတာက နိဗ္ဗာန်သစ္စာ၊ အဲဒီ ချုပ်ငြိမ်းတာ ကို ဆိုက်ရောက်ပြီး တွေ့မြင်တာက မဂ္ဂသစ္စာ–လို့ ဒီလို မှတ်ရမယ်၊ အဲဒါကိုလဲ ဆိုကြရမယ်–

http://www.dhammadownload.com

ခဏမစဲ ဖြစ်ပျက်နေတာတွေက ဒုက္ခသစ္စာ၊ အဲဒါ တွေကိုပင် နှစ်သက်သာယာတာက သမုဒယသစ္စာ၊ အဲဒီ နှစ်မျိုးလုံး ချုပ်ငြိမ်းတာက နိရောဓသစ္စာ၊ အဲဒီချုပ်ငြိမ်းရာကို ဆိုက်ရောက်သွားတာက မဂ္ဂသစ္စာ။

၁။ ဖြစ်ပျက်သမျှ၊ သခ်ါ၊ ဒုက္ခသစ္စာတည်း။

၂။ သခ်ါရတွင်၊ အကောင်းထင်၊ ခင်မင်သမုတည်း။

၃။ ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်တည်း။

၄။ ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင် မဂ်ပေ တည်း။

ပဋ္ဌိစ္စသမုပ္ပာဒ် တရားတော်နှင့်စပ်ပြီး အရဟံ ဂုဏ်တော်ကိုလဲ ပြောပြီးပြီ။ အရဟံ ဂုဏ်တော်မှာ ကိလေသာတွေ ထောက်အကန့်တွေကို ပယ်ဖျက်ပုံနှင့်စပ်ပြီး သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်မှ အရဟတ္တမဂ်ဖြင့် သစ္စာ ၄-ပါးကို သိပုံလဲပြောပြီးပြီ။ ဒါပေမယ့် သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ကလဲ သစ္စာ ၄-ပါးတရားအလုံးစုံကို အကုန်သိတယ်လို့ အနက်အဓိပ္ပာယ်ရှိတယ်။ ဗုဒ္ဓဆိုတဲ့ ဂုဏ် တော်ကလဲ တရားအလုံးစုံကို အကုန်သိတယ်-လို့ အနက် အဓိပ္ပာယ်ရှိတယ်၊ ဘယ်လိုထူးခြားပါသလဲလို့ မေးစရာရှိပါတယ်၊ အဲဒီအချက်တစ်ခုလောက်ပဲ ရှင်းစရာလိုပါတော့တယ်။

ဗုဒ္ဓဂုဏ်တော်

သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်က ကိုယ်ပိုင်ဉာဏ်ဖြင့် ကျင့်ကြံအားထုတ်ပြီး သစ္စာ ၄-ပါး တရားအလုံးစုံကို အရဟတ္တမဂ်ဉာဏ်ဖြင့် မှန်ကန်စွာသိတော်မူလျက် ဘုရားအဖြစ်သို့ ရောက်တော်မူပုံကို ပြပါတယ်၊ ဗုဒ္ဓဂုဏ်တော်ကတော့ သဗ္ဗညုတဉာဏ်တော် အစရှိတဲ့

http://www.dhammadownload.com

ဗုဒ္ဓဉာဏ်တော်တို့ဖြင့် သခ်ၧာနှင့် အသခ်ၧာတရား အလုံးစုံကို အကြွင်းမဲ့ သိဇတော်မူပုံကို ပြပါတယ်။ ဗုဒ္ဓဉာဏ်တော်ဆိုတာ သစ္စာ ၄-ပါးကို သိတဲ့ဉာဏ်က ၄-ပါး၊ ပဋိသမ္ဘိဒါဉာဏ်က ၄-ပါး၊ သာဝကတို့နှင့် မဆက်ဆံတဲ့ အသာဓာရဏ ဉာဏ်တော် ၆-ပါး၊ ဒီဉာဏ်တော် ၁၄-ပါးပါပဲ။ အဲဒီထဲမှာ အသာဓာရဏ ဉာဏ်တော် ၆-ဝါးဆိုတာက ၁-ဝေနေယျသတ္တဝါတို့၏ ဣန္ဒြေ အနုအရင့်ကို သိသော ဣန္ဒြိယပရောပရိယတ္တဉာဏ်၊ ၂-သတ္တဝါ တို့၏ အလိုအကြိုက် အာသယနှင့် ကိန်းဝပ်နေသော အနုသယ တို့ကို သိသော အာသယာ နုသယဉာဏ်၊ ၃-ရေ မီး အစရှိသော အစုံ အစုံသော တန်ခိုး ပြာဋိဟာတို့ကို ဖန်ဆင်းနိုင်သော ယမက-ပါဋိဟီရဉာဏ်၊ ၄-သတ္တဝါတို့အား သနားခြင်းနှင့် ယှဉ်သော မဟာကရုဏာသမာပတ္တိဉာဏ်၊ ၅-အလုံးစုံကိုသိသော သဗ္ဗညုတ ဉာဏ်၊ ၆-သိလိုရာကို ဆင်ခြင်လျှင် အပိတ်အပင် အကွယ်အခြား အဆီးအတားမရှိ သိနိုင်သော အနာဝရဏဉာဏ်ဆိုတဲ့ ဒီ ဉာဏ်တော် ၆-ပါးပါပဲ။

သခ်ၧာတရားဆိုတာ ဆိုင်ရာ ဆိုင်ရာ အကြောင်းတရားတို့က ပေါင်းစုညီညွတ်ပြီး ပြုအပ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေ ပါပဲ၊ တည့်တည့်ပြောရမယ်ဆိုရင် အကြောင်းညီညွတ်မှု ဖြစ်တဲ့ တရား တွေပါပဲ၊ ဥပမာ-တုတ်, သံချောင်း အစရှိသော မာသော အရာဝတ္ထု နှစ်ခု တိုက်ခိုက်တဲ့အခါ အသံမြည်လာတယ်၊ အဲဒါ မျိုးပါပဲ၊ အဲဒီ အသံလဲ သခ်ၧာတရားပါပဲ၊ အသခ်ၧာတရား ဆိုတာ အကြောင်းတရား နှင့် မဆိုင်တဲ့တရားပါပဲ၊ အဲဒါဟာ တကယ်ရှိတဲ့ ပရမတ္ထအားဖြင့်ဆိုရင် နိဗ္ဗာန်တရား တစ်ပါးတည်း သာရှိပါတယ်။ ပရမတ္ထမဟုတ်တဲ့ ပညတ်အနေအားဖြင့် ဆိုရင်တော့ အမည်ပညတ်, သန္ဌာနပညတ်,

http://www.dhammadownload.com

ပုံသဏ္ဌာန်ပညတ်စသည် ဖြင့် ပညတ်အမျိုးမျိုးတွေ များစွာ ရှိပါတယ်၊ အဲဒီတော့ သခ်ၤတတရားဆိုတာ အကြောင်းကြောင့်ဖြစ်တဲ့ ရုပ်နာမ် တရား၊ အသခ်ၤတ တရားဆိုတာနိဗ္ဗာန်နဲ့ ပညတ်တရားလို့ ဒီလို မှတ်ထား ကြရမယ်၊ သိစရာဟာ အကျဉ်းအားဖြင့်ဆိုရင် ဒီနှစ်မျိုးပဲရှိပါ တယ်၊ ဒါကြောင့် ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်မှာ သဗ္ဗညုတဉာဏ်ကို ဒီလို ပြထားပါတယ်။

သဗ္ဗံ၊ အလုံးစုံသော။ သခ်ၤတံ၊ သခ်ၤတတရားကို လည်း ကောင်း၊ အသခ်ၤတံ–အသခ်ၤတ တရားကို လည်းကောင်း၊ အနာ– ဝသေသံ ဇာနာတိတိ၊ အကြွင်းမဲ့ သိတတ်သောကြောင့်။ သဗ္ဗညုတ ဉာဏံ၊ သဗ္ဗညုတဉာဏ် မည်၏–လို့ အကျဉ်းချုပ် ပြထားပါတယ်။

အဲဒီလို အကျဉ်းပြပြီးတော့ အတိတ်, အနာဂတ်, ပစ္စုပ္ပန် တရားအလုံးစုံကို သိပုံ၊ စက္ခုနှင့် ရူပစသည်ဖြင့် ဒွါရ ၆–ပါးနှင့် အာရုံ ၆–ပါး အလုံးစုံကိုသိပုံ၊ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာ တို့ကို အကြွင်းမဲ့ သိပုံ၊ အဘိညာ ပရိညာ ပဟာန ဘာဝနာ သစ္ဆိကိရိယာတို့၏ သဘောကို အကြွင်းမဲ့သိပုံ ခန္ဓာ အာယတန ဓာတ်သခ်ၤတ အသခ်ၤတတို့၏သဘောကို အကြွင်းမဲ့သိပုံ၊ ကုသိုလ် အကုသိုလ် အဗျာကတ ကာမာဝစရ ရူပါဝစရ အရူပါဝစရ လောကုတ္တရာ တရားတို့ကို အကြွင်းမဲ့ သိပုံ၊ သစ္စာ ၄–ပါး၊ ပဋ္ဌိသမ္ဘိဒါ ၄–ပါး၊ အသာဓာရဏဉာဏ် ၆–ပါးဆိုင်ရာတရား တို့ကို အကြွင်းမဲ့သိပုံ၊ လူနတ်ဗြဟ္မာ သတ္တဝါ အားလုံးတို့ မြင်သမျှ ကြားသမျှ တွေ့သမျှ သိသမျှ ရှာကြံသမျှတို့ကို အကြွင်းမဲ့ သိပုံတို့ဖြင့် အကျယ်ဖွင့်ပြသွားပါတယ်။

ဧယျမံ ဝါးပါး

အဲဒီလို အကျဉ်း အကျယ် ပြထားတဲ့ တရားတွေကိုပင် ဧယျဓမ္မ=ဧယျမံတရားဝါးပါးလို့ ပြဆိုကြပါတယ်၊ အဲဒါတွေက

http://www.dhammadownload.com

ဘယ်ဟာတွေလဲဆိုရင်(၁) သခ်ါရ=အကြောင်းကြောင့် ဖြစ်တဲ့ နိပ္ပန္နရုပ် ၁၈-ပါးနဲ့ စိတ်စေတသိက် ၅၃-ပါး၊ ခုတင်က ပြခဲ့တဲ့ သခ်ံတ တရားတွေပါပဲ၊ (၂)ဝိကာရ=နိပ္ပန္နရုပ်တို့၏ အမူအရာအထူး၊ ကာယ ဝိညတ် ဝစီဝိညတ် လဟုတာ မုဒုတာ ကမ္မညတာဆိုတဲ့ ဒီအနိပ္ပန္နရုပ် ၈-ပါးပါပဲ၊ (၃) လက္ခဏာ = ရုပ် နာမ် တရားတို့၏ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာနှင့် ဥပါဒ်, ဌိ, ဘင်ဆိုတဲ့ သခ်ံတ လက္ခဏာတွေပါပဲ၊ (၄) နိဗ္ဗာန်=ခုတင်က ပြခဲ့တဲ့ အသခ်ံတ တရားထဲက နိဗ္ဗာန်ပါပဲ၊ (၅) ပညတ်=အမည် သဒ္ဒါပညတ်အမျိုးမျိုး ရုပ်နာမ်အစဉ် သန္တာန် ပညတ် အမျိုး မျိုး ပုံသဏ္ဌာန်ပညတ်အမျိုးမျိုး အရပ်မျက်နှာပညတ် ကာလ ပညတ် အခိုက်အတန့်ပညတ် ဘုံဌာနပညတ် ပုဂ္ဂိုလ်သတ္တဝါ ပညတ် စသည်ဖြင့် လူနတ်ဗြဟ္မာ သတ္တဝါတွေက အသိအမှတ် ပြုထားတဲ့ပညတ်အမျိုးမျိုးပါပဲ၊ အာကာသဓာတ်ဆိုတဲ့ အနိပ္ပန္န ရုပ်လဲ အဲဒီပညတ်ထဲမှာ ပါဝင်တယ်လို့ ယူရပါတယ်၊ အဲဒီ ဥယျာဉ် တရား ၈-ပါးဟာ သခ်ံတနှင့် အသခ်ံတ ၂-ပါးထဲ အတွင်းဝင်ပါတယ်၊ ဒါကြောင့် မဟာနိဒ္ဒေသ အဋ္ဌကထာ (၃၄၀)မှာ ဒီလို ပြဆိုထားပါတယ်။

ပဌေနေယျပထပွဘေဒ၊ ဥယျာဉ်၈-ပါး အပြားရှိသော။ သဗ္ဗံ၊ အလုံးစုံကို။ အညာသိ၊ သိတော်မူလေပြီ။ ကုတိ၊ ဤ အကြောင်းကြောင့် သဗ္ဗညု -သဗ္ဗညုမည်တော်မူ၏။ ဟိ၊ မှန်ပေ ၏။ သခ်ံတာ သခ်ံတာဒိဘေဒါ၊ သခ်ံတ အသခ်ံတစသည်အပြား ရှိကုန်သော။ သဗ္ဗမမ္မာ၊ အလုံးစုံသောတရားတို့သည်။ သခ်ါရော ဝိကာရော လက္ခဏံ နိဗ္ဗာနံ ပညတ္တိတိ၊ သခ်ါရတရား, ဝိကာရ တရား, လက္ခဏာတရား, နိဗ္ဗာန်တရား, ပညတ်တရားဟူ၍၊ ပဌေဝ နေယျပထာ၊ ဥယျာဉ်တရား၈-ပါးတို့သည်သာလျှင်။ ဟောန္တိ ဖြစ်ကုန်၏လို့၊ ပြဆိုထားပါတယ်။

http://www.dhammadownload.com

အဲဒီ ဥယျမံတရား ငါးပါးကို သိရာမှာ ဝေနေယျ သတ္တဝါတို့၏ သဒ္ဓါအစရှိသော ဣန္ဒြေအနု အရင့်ကို သိတာလဲ ပါတယ်၊ အလို အကြိုက်အာသယနှင့် အနုသယ ကိလေသာတို့ကို သိတာလဲပါတယ်၊ အဲဒီလိုသိတဲ့ ဣန္ဒြိယပရောပရိယတ္တဉာဏ်နဲ့ အာသယာနုသယဉာဏ် ဆိုတဲ့ ဒီဉာဏ် ၂-ပါးကို ဗုဒ္ဓစက္ခု-ဘုရား မျက်စိလို့ ခေါ်တယ်၊ အဲဒီဘုရားမျက်စိဖြင့် ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို ကြည့်ရှု ရွေးချယ်တော်မူပါတယ်၊ အဲဒီလို ရွေးချယ်ပြီး အဲဒီ ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို ဟောသင့်တဲ့ အချိန်မှာ ဟောသင့်တဲ့တရားကို ဟောတော်မူပါတယ်၊ ဒါကြောင့် "အနာနှင့်ဆေး၊ ကိုက်အောင်ပေး၊ ပျောက်ရေးမခက်ပါ" ဆို သလိုပင် မြတ်စွာဘုရား၏ တရားတော်ကို နာရတဲ့ ပုဂ္ဂိုလ်တွေဟာ အလျင်အမြန် တရားထူးကို ရသွားကြ ပါတယ်။

အဲဒီလို တရားဟောရာမှာ ဝေနေယျ သတ္တဝါတို့၏ အခြေ အနေကို သိတာရယ်၊ ဟောသင့်တဲ့တရားကို သိတာရယ်၊ ဘယ်လို ဟောရမယ်ဆိုတဲ့ ဟောသင့်တဲ့ အခြင်းအရာကို သိတာရယ်၊ ဒီသုံးပါးလဲ ဗုဒ္ဓဂုဏ်တော်ရဲ့ စွမ်းရည် သတ္တိတွေပါပဲ၊ ဒါကြောင့် "ပဇာယ၊ ဝေနေယျ သတ္တဝါအပေါင်းကို။ ဟောဒေတာ၊ သိစေတော်မူတတ်၏။ ဝါ၊ တရားထူးကို သိအောင် ဟောတော်မူတတ်၏၊ ဣတိ၊ ဤ အကြောင်းကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော် မူတယ်လို့လဲ ဖွင့်ပြတော်မူ ပါတယ်၊ ဒါကြောင့် ဂုဏ်တော်ဖွင့် ဘုရားရှိခိုးမှာ ဒီလို စိတ်ထားပါတယ်။

ဗုဒ္ဓဂုဏ်တော်ဖွင့်

စိတ် တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ၅၂-ပါး၊ နိပ္ပန္နရုပ် ၁၈-ပါး ဟူသော သခ်ါရတရား၊ ဝိကာရရုပ် ၈-ပါး ဟူသော ဝိကာရတရား၊ သခ်ံတလက္ခဏာ, သာမညလက္ခဏာ

http://www.dhammadownload.com

ဟူသော လက္ခဏာတရား၊ နိဗ္ဗာန်တရား၊ အမျိုးမျိုးသော ပညတ်တရားအားဖြင့် ပိုင်းခြား၍ သိသင့်သိထိုက်သော ဥယျမဲ့ တရား ငါးပါး၊ သခ်ၭတ, အသခ်ၭတ စသည် ပြားသော တရား အလုံးစုံကို ကိုယ်တော်တိုင် သိတော်မူပြီး၍ ဝေနေယျ များစွာ ဗြဟ္မာနတ်လူ သုံးဘုံ သူတို့အားလဲ ဟောကြားညွှန်ပြ လျက် သိသင့်သမျှ သိစေတော်မူတတ်သောကြောင့် ရတော် မူသော ဗုဒ္ဓဟူသော အမည်တော် နာမ ဝိသေသဂုဏ် တံခွန်ဖြင့် မိုးစွန် ဘဝဂ် မဆန့် တက်အောင် နှံ့လျက် ကျော်စောတော် မူပေသော မြတ်စွာဘုရား...တဲ့။

အဲဒါကိုရွတ်ဆိုပြီး ကြည်ညိုကြရမယ်။

စိတ် တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ၅၂-ပါး။။ပ။ ကျော်စောတော်မူပေသော မြတ်စွာဘုရား...။

အရဟံဂုဏ်တော်ဖြင့် နိုဝုံးချုပ်ခြင်း အကြောင်း

ပဋိစ္စသမုပ္ပာဒ် တရားတော်ကို အရဟံဂုဏ်တော်ဖွင့်ဖြင့် နိုဝုံးချုပ်ပြီး ဟောခြင်း၏ အကြောင်းကတော့ မြတ်စွာဘုရားမှာ အရဟံ ဂုဏ်တော်ကြီးနဲ့ အထူးဝိသေသ ပြည့်စုံတော်မူတယ် ဆိုတာကိုလဲ ကြည်ညိုကြစေလိုတယ်၊ နောက်ပြီးတော့ သာဝက ရဟန္တာတွေမှာလဲ ဒီအရဟံဂုဏ်နဲ့ သာမည အားဖြင့် ပြည့်စုံကြတယ်ဆိုတာကိုလဲ သိပြီး အဲဒီလိုပြည့်စုံအောင် အားထုတ်ရမယ် ဆိုတာကိုလဲ သိစေ လိုပါတယ်၊ ဒါကြောင့်ပါပဲ၊ ရဟန္တာအရှင် မြတ်တွေဟာ ကိလေသာ လုံးဝငြိမ်းပြီးချည်း ဖြစ်တော်မူကြ ပါတယ်၊ ဒါကြောင့် ကိလေသာတို့မှ ကင်းဝေးစင်ကြယ်တဲ့အရဟံ ဂုဏ်၊ ကိလေသာ ရန်သူကို ပယ်သတ်တဲ့ အရဟံဂုဏ်၊ သံသရာစက်၏ ထောက်အကန့်တို့ကို ဖျက်ဆီးတဲ့

http://www.dhammadownload.com

အရဟံဂုဏ်၊ ပူဇော်အထူးကို ခံထိုက်တဲ့ အရဟံဂုဏ်၊ ဆိတ်ကွယ်ရာ မရှိတဲ့ အရဟံဂုဏ်ဆိုတာ တွေကို သာဝက ရဟန္တာအရှင်မြတ်တွေလဲ သာမန်အနေအား ဖြင့် ရတော်မူကြပါတယ်၊ ရဟန္တာဆိုရင် အရဟံဆိုတဲ့ အမည် ကိုတော့ ရတာချည်းပဲ၊ ဒါကြောင့် ပါဠိတော်မှာ ရဟန္တာ ပုဂ္ဂိုလ်ကို "အရဟံ ခီဏာသဝေါ"လို့ ဌာနပေါင်းများစွာမှာ ဟောထားပါတယ်၊ အဲဒီ "အရဟံ=အရဟန္တ"ဆိုတဲ့ ပါဠိမှ ရဟန္တာလို့ မြန်မာပြန်ဆိုထားခြင်းဖြစ်ပါတယ်။

ဒါကြောင့် နောက်ဆုံးတစ်ချိန်မှာ အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်ပြီး အဲဒီ အရဟံဆိုတဲ့ ဘွဲ့အမည်ကို ခံယူကြရအောင် ဒွါရ ၆–ပါးမှ ထင်ရှားပါလာသော ရုပ်နာမ်တရားတို့ကို ရှုမှတ် သောအားဖြင့် ကိလေသာတွေကို ပယ်ကြရမယ်၊ ပဋိစ္စသမုပ္ပဒ် စက်ဘီးကြီး၏ ထောက်အကန့်တွေကိုလဲ ပယ်ဖျက်ကြရမယ်၊ မျက်မှောက် မျက်ကွယ် စင်ကြယ်နိုင်သမျှ စင်ကြယ်အောင်လဲ ကြိုးစားကြရမယ်။

ကဲ–ပဋိစ္စသမုပ္ပဒ် တရားတော်ကြီးကို ဆောင်ပုဒ်များ ဆိုပြီး နိဂုံးချုပ်ကြစို့။

မြန်မာပြန် ဆောင်ပုဒ်

အဝိဇ္ဇာကြောင့် အားထုတ်မှုသင်္ခါရတို့ ဖြစ်ကြသည်၊ သင်္ခါရ ကြောင့် ဘဝသစ် ဝိညာဏ်ဖြစ်သည်၊ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်သည်၊ နာမ်ရုပ်ကြောင့် အာယတန ၆–ပါးဖြစ်သည်၊ အာယတနကြောင့် အာရုံကို တွေ့မှု ဖဿ ဖြစ်သည်၊ ဖဿကြောင့် အကောင်းအဆိုး ခံစားမှု ဝေဒနာ ဖြစ်သည်။ ဝေဒနာကြောင့် တပ်မက်ဆာလောင်မှု တဏှာဖြစ်သည်၊ တဏှာကြောင့် စွဲလမ်းမှု ဥပါဒါန်ဖြစ်သည်။ ဥပါဒါန်ကြောင့် ဖြစ်ကြောင်းက ဘဝဖြစ်

http://www.dhammadownload.com

သည်၊ ဖြစ်ကြောင်းကံကြောင့် ဘဝအသစ်ဖြစ်မှု ဇာတိ ပေါ်လာသည်၊ ဇာတိကြောင့် အိုခြင်း, သေခြင်း ပေါ်လာသည်၊ စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ် ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း စိတ်နှလုံး၏ ပြင်းစွာ ပူပန်ခြင်းတို့ ဖြစ်ပေါ်လာကြသည်၊ ဤ အစဉ်ဖြင့် ချမ်းသာနှင့် မရောမယှက် သက်သက် ဆင်းရဲအစုသာလျှင် ဖြစ်ပေါ်လျက် ရှိချေသည်။

ရေါင်းစဉ် မူလဆောင်ပုဒ်ကြီး

အမှန်မသွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး၊ ရည်မှော်ကိုးလျက်၊ သုံးမျိုးမှက်၊ ပြုစီမံ၍၊ ဝိညာဏ်တွယ်စပ်၊ နာမ်ရုပ်ကပ်လျက်၊ ၆ ရပ် အာယတန၊ ဖဿ ၆ ဖြာ ဝေဒနာကြောင့်၊ တဏှာ ၆ တန်၊ ဥပါဒါန် နှင့်၊ ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍၊ ဆိုးကောင်း ဘဝ၊ ဖြစ်ရပြန်ရာ၊ အိုနာသေရေး၊ ပူအဆွေးနှင့်၊ ငိုကြွေး ကိုယ်နွမ်း၊ စိတ်မချမ်းမြေ၊ ပူပန်ရသည်၊ လုံးဝဆင်းရဲစုသာ တည်း။

အတိတ်ကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးပေါ်ပုံ

အမှန်မသွား, အမှားသိမြင်၊
အဝိဇ္ဇာဖုံး, ကောင်းလုံး မှတ်ထင်။
စိတ်-ကိုယ်-နှုတ်မှ, ကြံ-ပြု-ပြောလျှင်၊
ဝိညာဏ်စပ် နောက်ထပ် သန္ဓေရှင်။

ပစ္စုပ္ပန်အကျိုး ငါးပါး ပေါ်လာပုံ

ဝိညာဏ်မျိုးစေ့, စ၍ဖြစ်လျှင်၊
နာမ်နှင့်ရုပ်လဲ, ပူးတွဲပါဝင်။

http://www.dhammadownload.com

အာယတန, ဖဿပေါ်ထင်၊
ကောင်းဆိုးများ, ခံစားမိရိုးပင်။

ပစ္စုပ္ပန်အကျိုးနှင့်စပ်၍ အကြောင်းအသစ်ပေါ်လာပုံ

ခံစားသည့်တွက်, တပ်မက်ခင်မင်၊
မည်သို့ပြုကြား, ကောင်းစားမည်ထင်။
ဝင်စားစွဲလမ်း, ရော်ရမ်းပြုလျှင်၊
နောင်ဘဝ ဖြစ်ရ ဇာတိပင်။

အနာဂတ် အကျိုးများ ပေါ်လာပုံ

ဘဝဇာတိ, သူရှိပြန်လျှင်၊
အို-သေ-ပူဆွေး, ငိုကြွေး ထိုပြင်။
ကိုယ်-စိတ်ဆင်းရဲ, ထန်သဲပူပင်၊
သို့ဖြစ်ရ လုံးဝဆင်းရဲပင်။

နိဂုံးချုပ် အာသီသ ဆုတောင်းပတ္ထနာ

ဤပဋ္ဌာန်းမဟာဒီပတရားတော်ကြီးကို ရိုသေစွာနာယူမှတ်သားကြရသော ဓမ္မသဝန ဥက္ကဋ္ဌကုသုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် ရှပ်, နာမ် တရားတို့ကို ရှုမှတ် နှလုံးသွင်းသောအားဖြင့် အကြောင်းအကျိုး ဆက်စပ်လျက် မပြတ်ဖြစ်သော ပဋ္ဌာန်းမဟာဒီပတရားတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့်

http://www.dhammadownload.com

မှန်ကန်စွာ သိမြင်ကြ၍ ဝိပဿနာဉာဏ်အစဉ်, အရိယမဂ်ဉာဏ် အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု . . . ။

ကောဒသမဝိုင်း ပြီး၏ ။

ပဋိစ္စသမုပ္ပာဒ်တရားတော်ကြီး ပြီး၏ ။

http://www.dhammadownload.com

အမှတ်-၁ ပဋ္ဌာနပုပ္ပာဒ် စက်ဝိုင်းပုံ

ဤ အမှတ်-၁ ပုံသည် ဝိသုဒ္ဓိမဂ် ၁၂၈-စာပိုဒ်နှင့်အညီ ရေးဆွဲထားသောပုံဖြစ်သည်။ ယင်းစက်ဝိုင်းပုံ၌ အဝိဇ္ဇာကြောင့် ဖြစ်သော ပုညာဘိသင်္ခါရကို ကာမ,ရူပအားဖြင့် ၂-မျိုး ခွဲပြထား သည်၊ ထိုတွင် ကာမပုညာဘိသင်္ခါရမှ (၁) အပါယ် ဓရာ မရဏ၊ (၂) လူ-နတ် ဓရာမရဏ၊ (၃) ရူပ ဓရာမရဏ၊ (၄) အရူပ ဓရာမဏ-ဟူသော အကွပ် ၄-မျိုးသို့ ရောက်နိုင်သော ကြောင့် ယင်းကို ၄-ကန့် ပြထားသည်၊ ထိုနည်းဖြင့်ပင် ရူပ ပုညာဘိသင်္ခါရကို ၃-ကန့်၊

http://www.dhammadownload.com

အပုညာဘိသခ်ါရကို ၂-ကန့်၊ အာနေဉ္ဇာဘိသခ်ါရကို ၂-ကန့် ခွဲ၍ပြထားသည်။

အနု အနု အမတဂ္ဂ-ဟူသော ဋီကာအဖွင့်နှင့်အညီ အနုမတဂ္ဂ-အစမထင်ပုံမှာ-

(၁) အပင်တွေ.ဘီ, မျိုးစေ့ရှိ, ကြံ့သိနိုင်ပေသည်။

(၂) မျိုးစေ့ရှိက, သူ.ပင်မ, ရှိရပြန်ချေသည်။

(၃) ဤနည်းအရ, ရှာကြံက, အစမထင်ပြီ။

(၄) နည်းတူရှာက, သံသာရ, အစ မထင်ပြီ။

(၅) ယခုဘဝ, ကျိုးဖြစ်ရ, ရှေးက ကြောင်းရှိသည်။

(၆) ထိုကြောင်းမှီရာ, ကျိုးငါးဖြာ, ထိုခါရှိခဲ့သည်။

(၇) ထိုကျိုးဖြစ်ဖွယ်၊ ကြောင်းငါးသွယ်၊ ရှေးဝယ် ရှိခဲ့သည်။

(၈) ဤနည်းအရ, ရှာကြံက, အစ မထင်ပြီ။

http://www.dhammadownload.com

အမှတ် ၂-ပဋ္ဌာန်းသမုဗျူဟာ်စက်ဝိုင်းပုံ

ရှုပ်ပုံ
ဝင်ရောက်ခြင်းနှင့်ထွက်ခြင်း
ကိလေသာ ကင်း
ဝင်ရောက်ခြင်း
ကုန်ခန်း
ကုန်ခန်း
ကုန်ခန

http://www.dhammadownload.com

ဤရှစ်ဖြာဝယ်၊ အင်္ဂါငါးတန်၊ ပစ္စုပ္ပန်တရား၊ အကျိုးများကို၊ ထင်ရှား မိမိ၊ ရှုသိသူမှာ၊ ဝေဒနာကြောင့်၊ တဏှာဝင့်မြစ်၊ မဖြစ်လာပဲ၊ စက်ပြတ်စဲသည်၊ ဆင်းရဲ ချုပ်ငြိမ်း လေသတည်း။

ရှုသိသူမှာ တဏှာမှစ၍ ချုပ်ပုံရှင်းပြချက်

အထက်ပါ အကျဉ်းချုပ်လင်္ကာ၌ "အင်္ဂါငါးတန် ပစ္စုပ္ပန်တရား အကျိုးများကို ထင်ရှားမိမိ ရှုသိသူမှာ" ဟူရာဝယ် ဆိုလိုသည်မှာ- ယခု မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်း ဖြစ်ပေါ်နေသောမြင်သိဝိညာဏ် အစရှိသော ဝိညာဏ်နှင့် တကွ နာမ်ရုပ် အာယတန ဖဿ ဝေဒနာ ဟူသော ပစ္စုပ္ပန်အကျိုး ငါးပါးတို့ကို ဖြစ်တိုင်း ဖြစ်တိုင်း သဘာဝ လက္ခဏာ, အဖြစ်အပျက်, အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့ဖြင့် ထင်ထင် ရှားရှား ထိထိ မိမိ ရှုသိနေသောသူမှာဟု ဆိုလို၏။

"ဝေဒနာကြောင့် တဏှာဝင့်မြစ်လာပဲ"စသည်၌ ဆိုလို သည်မှာ- ထိုသို့ ထိထိမိမိ ရှုသိနေသူမှာ ရှုသိတိုင်း ရှုသိတိုင်း အနိစ္စအခြင်းအရာ စသည်ဖြင့် မှန်ကန်စွာသိရသော ရုပ်နာမ် အာရုံ၌ အာရမ္မဏာ နုသယခေါ် ဖြစ်ထိုက်သော တဏှာသည် တဒဂ်အားဖြင့် ချုပ်ငြိမ်း၏၊ ထိုကြောင့် ထိုတဏှာမှ ဆက်၍ ဖြစ်မည့် ဥပါဒါန်ဘဝ ဇာတိ ဇရာ မရဏ တို့သည်လည်း ချုပ် ငြိမ်း ကြလေသည်၊ ဤသို့ ဝိပဿနာဖြင့် ချုပ်ငြိမ်း ပြီးနောက် အရိယမဂ်ခဏ၌ သန္တာနနုသယ တဏှာ သည်လည်း သမုစ္ဆေဒ အားဖြင့် ချုပ်ငြိမ်း၍ ဥပါဒါန် စသည်တို့ သည်လည်း အပြီးတိုင် ချုပ်ငြိမ်းသွားကြလေသည်ဟု ဆိုလို၏။ ဤသို့ ချုပ်ငြိမ်းပုံကိုပင် ရည်၍ နိဒါနဝဂ္ဂသံယုတ် သမ္မသသုတ် (နာ ၃၃၃)၌-

http://www.dhammadownload.com

ယံ လောကေ ဝိယရူပံ သာတရူပံ၊ တံ အနိစ္စတော ပဿန္တိ၊ ဒုက္ခတော အနတ္တတော ပဿန္တိ၊ တေ တဏှံ ပဇဟန္တိ ဥပဓိ ပဇဟန္တိ ဒုက္ခံ ပဇဟန္တိ=ချစ်ဖွယ် သာယာဖွယ် သဘော ဟုဆိုအပ်သော မြင်မှု ကြားမှု စသည်ကို အနိစ္စ ဒုက္ခ အနတ္တ ဟု ရှုသိသောသူတို့သည် တဏှာကို ပယ်စွန့်ကုန်၏၊ ဥပဓိ မည်သော ခန္ဓာကိုယ်ကို ပယ်စွန့်ကုန်၏၊ ဆင်းရဲကို ပယ်စွန့်ကုန်၏–စသည်ဖြင့် ဟောတော်မူလေသည်။

ထိုနိဒါနဝဂ္ဂသံယုတ်(နာ–၃၀၀)ဒုက္ခသုတ်စသည်တို့၌လည်း– တဿာ ယေဝ တဏှာယ အသေသဝိရာဂနိရောဓော ဥပါဒါန နိရောဓော= (ဝေဒနာကြောင့် ဖြစ်ထိုက်သော) ထိုတဏှာ၏ ပင်လျှင် အကြွင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ခြင်းကြောင့် ဥပါဒါန်၏ ချုပ်ခြင်းဖြစ်မြောက် ပြီးစီးသည်–စသည်ဖြင့် ဟောတော်မူလေသည်။

ဝေဒနာနိရောဓ တဏှာနိရောဓော–ဟုဝေဒနာကစ၍ ချုပ်ပုံကို ဟောသော ဒေသနာကား မရှိပေ၊ ရှိရုန်လည်း မသင့်ပေ။ အဘယ့်ကြောင့်နည်းဟူမူ–အကျိုးတရားဖြစ်သော ဝေဒနာကို ချုပ်စေရန် ရဟန္တာများပင် မစွမ်းနိုင်၊ ရဟန္တာများ သန္တာန် ၌လည်း အကျိုးဝေဒနာဖြစ်လျက်ရှိသောကြောင့် ပေတည်း။

ထို ပဋိစ္စသမုပ္ပဒ်စက်၌ တဏှာ အစရှိသော ပစ္စုပ္ပန် အကြောင်းတရားနှင့် အနာဂတ် အကျိုးတရားတို့ကိုပယ်၍ ဆင်းရဲမှ လွတ်လိုလျှင် သမ္မသသုတ်၌ ပြထားသည့်အတိုင်း ဝိယရူပ သာတရူပ– ဟု ခေါ်သော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဟူသော အကျိုးတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တ ဟု မှန်ကန်စွာ ရှုသိရပေမည်၊ ထိုသို့ ရှုသိရမည့် အကျိုးတရား တို့တွင်–

http://www.dhammadownload.com

(၁) ဝိညာဏ် ဟူသည်မှာ မြင်သိဝိညာဏ် ကြားသိ ဝိညာဏ် နံ့သိဝိညာဏ် စားသိဝိညာဏ် ထိသိဝိညာဏ် ကြံ့သိ ဝိညာဏ် ဤ ၆-ပါးတို့ပင် ဖြစ်သည်။

(၂) နာမ်ဟူသည်မှာ ထို ဝိညာဏ်တို့နှင့် ယှဉ်သော တစ်ပေါင်း တည်းဖြစ်သော စေတသိက် တရားတို့ပင် ဖြစ်သည်၊ ရုပ် ဟူသည်မှာလည်း ထို ဝိညာဏ်နှင့်တကွ ထင်ရှား ဖြစ်ပေါ်လာသော ရုပ်များပင် ဖြစ်သည်။

(၃) သဠာယတန ဟူသည်မှာ မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဟူသော အတွင်း အာယတန ၆-ပါးနှင့် မြင်ရသည့် အဆင်း၊ ကြားရသည့်အသံ၊ နံ့ရသည့် အနံ့၊ စားရသည့် အရသာ၊ ထိသိရသည့် အတွေ့၊ ကြံ့သိရသည့် သဘောအာရုံ ဟူသော အပြင်အာယတန ၆-ပါး တို့ပင် ဖြစ်သည်။

(၄) ဖဿ ဟူသည်မှာ မြင်တွေ့မှု ကြားတွေ့မှု နံ့တွေ့မှု စားတွေ့မှု ထိတွေ့မှု ကြံ့တွေ့မှု ဟူသော အာရုံနှင့် ထင်ရှားတွေ့မှု ၆-ပါး တို့ပင် ဖြစ်သည်။

(၅) ဝေဒနာ ဟူသည်မှာ မြင်တွေ့၍ ကောင်းခြင်း ဆိုး ခြင်း မကောင်းမဆိုး ရိုးရိုးဖြစ်ခြင်း၊ ကြားတွေ့၍ ကောင်းခြင်း ဆိုးခြင်း မကောင်းမဆိုး ရိုးရိုးဖြစ် ခြင်း၊ နံ့တွေ့၍ ကောင်းခြင်း...၊ စားတွေ့၍ ကောင်း ခြင်း၊ ထိတွေ့၍ ကောင်းခြင်း၊ ကြံ့တွေ့၍ ကောင်းခြင်း ဆိုးခြင်း မကောင်း မဆိုး ရိုးရိုး ဖြစ်ခြင်း ဟူသော ဤ ၆-ပါးတို့ပင် ဖြစ်သည်။

http://www.dhammadownload.com

ဤမျှဖြင့် သံသရာစက်လည်ပုံ သံသရာစက်ပြတ်ပုံ သံသရာစက်ပြတ်အောင် ရှုပုံတို့ကို အကျဉ်းအားဖြင့် သိနားလည်လောက်ပေပြီ။

အသေးစိတ် ရှင်းပြချက်

၁။ မူလနှစ်ဖြာ ... အဝိဇ္ဇာနှင့် တဏှာ။

၂။ ဒွေးသစ္စာ ... သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ။

၃။ အလွှာလေးထပ် ... (၁) အတိတ်အကြောင်းလွှာ–အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ငါးပါး။

(၂) ပစ္စုပ္ပန် အကျိုးလွှာ – ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ငါးပါး။

(၃) ပစ္စုပ္ပန် အကြောင်းလွှာ – တဏှာ ဥပါဒါန် ကမ္မဘဝ အဝိဇ္ဇာ သင်္ခါရ ငါးပါး။

(၄) အနာဂတ် အကျိုးလွှာ–ဇာတိ ဇရာ မရဏ ဝိညာဏ် စသည် အကျိုး ငါးပါး။

၄။ ဝင်ဆုံးရပ် ... (၁) ကိလေသဝင်္ဂ–အဝိဇ္ဇာ, တဏှာ, ဥပါဒါန်။

(၂) ကမ္မဝင်္ဂ–သင်္ခါရ, ကမ္မဘဝ။

(၃) ဝိပါကဝင်္ဂ–ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာမရဏာ။

http://www.dhammadownload.com

၅။ အစပ်သုံးဖြာ ... အတိတ်အကြောင်း သခ်ါရ နှင့် ပစ္စုပ္ပန် အကျိုးဝိညာဏ် အကြား ၁-စပ်။
ပစ္စုပ္ပန်အကျိုး ဝေဒနာနှင့် ပစ္စုပ္ပန် အကြောင်း တဏှာအကြား ၁-စပ်။
ပစ္စုပ္ပန် အကြောင်းဘဝ နှင့် အနာဂတ် အကျိုး ဇာတိ အကြား ၁-စပ်။

၆။ အင်္ဂါဆယ်နှစ်ဝ ... (၁) အဝိဇ္ဇာ၊ (၂) သခ်ါရ၊ (၁၂) ဇရာ မရဏာ။

၇။ ကာလသုံးသွယ် ... (၁) အတိတ် အဓွန့်ကာလ - အဝိဇ္ဇာ သခ်ါရ။
(၂) ပစ္စုပ္ပန် အဓွန့်ကာလ-ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကမ္မဘဝ။
(၃) အနာဂတ် အဓွန့်ကာလ - ဇာတိ ဇရာမရဏာ။

၈။ နှစ်ဆယ်ခြင်းရာ ... အတိတ်အကြောင်းလွှာ ငါးပါး၊ ပစ္စုပ္ပန် အကျိုးလွှာ ငါးပါး၊ ပစ္စုပ္ပန်အကြောင်းလွှာ ငါးပါး၊ အနာဂတ် အကျိုးလွှာ ငါးပါး၊ ပေါင်း ၂၀-ဖြစ်သည်။

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး (ဒုတိယတွဲ)

ပုံနှိပ်ခြင်း

ပထမနှိပ်ခြင်း - ၁၃၃၀ ခုနှစ် - အုပ်ရေ ၁၀,၀၀၀။
ဒုတိယနှိပ်ခြင်း - ၁၃၃၇ ခုနှစ် - အုပ်ရေ ၃၀၀၀။
တတိယနှိပ်ခြင်း - ၁၃၄၁ ခုနှစ် - အုပ်ရေ ၂၀၀၀။
စတုတ္ထနှိပ်ခြင်း - ၁၃၅၁ ခုနှစ် - အုပ်ရေ ၁၀၀၀။
ပဉ္စမနှိပ်ခြင်း - ၁၃၅၄ ခုနှစ် - အုပ်ရေ ၁၀၀၀။
ဆဋ္ဌမနှိပ်ခြင်း - ၁၃၅၇ ခုနှစ် - အုပ်ရေ ၂၀၀၀။

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ် ဒုတိယတွဲ အမှားပြင်ဆင်ချက်

စာမျက်နှာ	ကြောင်းရေ	ရှိရင်းအမှား	အမှားပြင်ဆင်ချက်
၁၃	၈	သာသနာ့	သာသနာ
၁၄	၉	သိဂီတိ	သဂီတိ
၁၄	၁၃	သိဂီတိ	သဂီတိ
၂၄	၁၇	အဝဖွန်း	အာဝဖွန်း
၂၈	၃	ထင်ရား	ထင်ရှား
၄၁	၁၃	ဥပကွော	ဥပေကွာ
၆၉	၁၂	ဂုတ္ထိလ	ဂုတ္တိလ
၉၄	၂၃	ဝိတာ	ဝိတာ
၉၆	၂၄	ပြဟွာထာ	ပြဟွထာ
၁၀၀	၇	အန္ဆာရယ်	အန္ဆရယ်
၁၀၃	၂၄	ကထာ	ကတာ
၁၀၄	၅	ဝိတာ	ဝိတာ
၁၀၅	၇	တုံ့ပြန်	တုံ့ပြန်
၁၁၇	၇	မပြောတ်မစဲ	မပြတ်မစဲ
၁၁၈	၁၄	တကွသံ	ဘကွသံ
၁၃၁	၂၀	လေကျင့်	လေ့ကျင့်
၁၃၄	၂၂	ပရာမသန,	ပရာမသန
၁၅၃	၁၀	ပစ္ဆေကဗုဒ္ဓာ	ပစ္ဆေကဗုဒ္ဓါ
၁၆၁	၁၇	ပသေန	ဝသေန
၁၆၁	၁၈	ဒုစ္စရိတာဒိနိ	ဒုစ္စရိတာဒီနိ

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ် ဒုတိယတွဲ အမှားပြင်ဆင်ချက်

စာမျက်နှာ	ကြောင်းရေ	ရှိရင်းအမှား	အမှားပြင်ဆင်ချက်
၁၆၂	၇	ဥပ္ပဇ္ဇေတိ	ဥပ္ပဇ္ဇတိ
၁၆၅	၃	ချဉ်းပါပဲ	ချည်းပါပဲ
၁၆၅	၁၈	ဥပ္ပပဇ္ဇတိ	ဥပ္ပဇ္ဇတိ
၁၆၇	၂၄	တဲ့တွက်	တဲ့အတွက်
၁၆၉	၁၈	ဥပ္ပပဇ္ဇေတိ	ဥပပဇ္ဇတိ
၁၇၁	၇	တိရိစ္ဆာန်	တိရစ္ဆာန်
၁၇၁	၁၃	ကဋ္ဌတ္ထက်	ကဋ္ဌတ္ထာက်
၁၇၁	၁၄	လောဟိတုပ္ပာဒက	လောဟိတုပ္ပါဒက
၁၇၉	၂	ပညတ္ထ	ပညတ္ထ
၁၇၉	၈	နိဿန္ဓော	နိဿန္ဓော
၁၉၀	၁	ကဋ္ဌတ္ထက်	ကဋ္ဌတ္ထာက်
၁၉၀	၂	ကဋ္ဌတ္ထက်	ကဋ္ဌတ္ထာက်
၁၉၀	၅	ကဋ္ဌတ္ထက်	ကဋ္ဌတ္ထာက်
၁၉၀	၂၄	အဲဒီစိတ်နဲ့	အဲဒီစိတ်နဲ့
၁၉၂	၁၄	တောင်တ	တောင့်တ
၁၉၅	၂၁	ရှောင်းပြေး	ရှောင်ပြေး
၂၀၂	၁၁	တိရိစ္ဆာန်	တိရစ္ဆာန်
၂၁၁	၁၂	အနုပ္ပန္နေဟ	အနုပ္ပန္နေသ
၂၁၆	၁၉	ပုထုဇ္ဇ	ပုထုဇဉ်
၂၂၈	၈	ဖြစ်သော်ကြောင့်	ဖြစ်သောကြောင့်

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ် ခုတ်ယတဲ့ အမှားပြင်ဆင်ချက်

စာမျက်နှာ	ကြောင်းရေ	ရှိရင်းအမှား	အမှားပြင်ဆင်ချက်
၂၃၆	၂၀	သဟသာနိ	သဟဿာနိ
၂၃၇	၈	ဂန္ဓာ	ဂန္ဓာ
၂၃၈	၄	သံသရော	သံသာရော
၂၃၈	၆	ယောဇနံ	ယောဇနံ
၂၄၁	၉	အညတရသ္မိ	အညတရသ္မိ
၂၄၃	၁၈	လွတ်မြောက်	လွတ်မြောက်
၂၅၃	၆	ဗုဒ္ဓနုဿတိ	ဗုဒ္ဓါနုဿတိ
၂၅၃	၁၂	တောင်တတဲ့	တောင့်တတဲ့
၂၅၇	၁၂	ဥဒ္ဓုဘူတေသု	ဥဒုဘူတေသု
၂၆၁	၄	ကာမာဝစာရ	ကာမာဝစရ
၂၆၅	၁၅	ဆိုကောင်းဘဝ	ဆိုးကောင်းဘဝ
၂၆၅	၁၆	ပူအဆွေးနှင်	ပူအဆွေးနှင့်
၂၉၅	၁၅	ဝိဉ္ဇာဏ်	ဝိညာဏ်
၂၉၉	၁၀	ထင်စွာပြအံ	ထင်စွာပြအုံ
၃၀၁	၁၇	ပစ္ဆိုဟွာန်	ပစ္ဆိုပ္ပန်
၃၀၃	၁၇	ပစ္ဆိုဟွာန်	ပစ္ဆိုပ္ပန်
၃၀၇	၁၁	ဝိပင့်ကပ္ပဝတ္ထု	ဝိပါကပ္ပဝတ္ထု
၃၀၇	၁၆	ဝတ္ထုနှိ	ဝတ္ထုနှိ
၃၀၈	၃	ဝစနတ္ထ	ဝစနတ္ထ

http://www.dhammadownload.com

ဆောင်ပုဒ်လင်္ကာများ

အမှန် မသွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး၊ ရည်မျှော်ကိုးလျက်၊ သုံးမျိုးမှုကံ၊ ပြုစီမံ၍ ဝိညာဏ် တွယ်စပ်၊ နာမ် ရုပ် ကပ်လျက်၊ ခြောက်ရပ် အာယတန၊ ဖဿခြောက်ဖြာ၊ ဝေဒနာ ကြောင့်၊ တဏှာ ၆-တန်၊ ဥပါဒါန်နှင့်၊ ဖြစ်ရန် အကြောင်း၊ ကံဆင့်လောင်း၍၊ ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ၊ အိုကာသေရေး၊ ပူအဆွေးနှင့်၊ ဝိုကြွေး ကိုယ်နွမ်း၊ စိတ်မချမ်းမြ၊ ပူပန်ရသည်။ ။ လုံးဝ ဆင်းရဲစုသာတည်း။

မူလနှစ်ဖြာ၊ ဒွေးသစ္စာမှ၊ အလွာလေးထပ်၊ ဝင့်သုံးရပ်နှင့်၊ အစပ်သုံးဖြာ၊ အဂ်ါဆယ့်နှစ်ဝ၊ ကာလသုံးသွယ်၊ နှစ်ဆယ်ခြင်းရာ၊ ဤရှစ်ဖြာဝယ်၊ အဂ်ါငါးတန်၊ ပစ္စပ္ပန်တရား၊ အကျိုးများကို၊ ထင်ရှားမိမိ၊ ရှုသိသူမှာ၊ ဝေဒနာကြောင့်၊ တဏှာဝင့်မြစ်၊ မဖြစ်လာဘဲ၊ စက်ပြတ်စဲသည်။ ။ ဆင်းရဲချုပ်ငြိမ်းလေသတည်း။

ဦးပဉ္စင်တို့ [ကြီးမားကောင်းမွန်ကျေးဇူး] ကြီးပါပေ ဗုဒ္ဓဘာသာပရိယတ္တိဆရာတော် ဒွါဒသမဟာ ဂုဏ်ယှဉ်ကျေးဇူးပြုပါ